# ဒုတိယအကြိမ်
# ရှမ်းပြည်နယ်လွှတ်တော်
# (၁၄)ကြိမ်မြောက်ပုံမှန်
# အစည်းအဝေး
# မှတ်တမ်း

# ရှမ်းပြည်နယ်
# ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်
# (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး
# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| **(က)** | **(၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့ မှတ်တမ်း** | |
| (၁) | ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။ | ၁ |
| (၂) | ပြည်နယ်လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာခြင်း။ | ၂ |
| (၃) | ပြည်နယ်လွှတ်တော် အစည်းအဝေး ပထမနေ့ အစီအစဉ် ကြေညာခြင်း။ | ၂ |
| (၄) | အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။ | ၂ |
| (၅) | ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားခြင်း။ | ၅ |
| (၆) | ကြယ်ပွင့်ပြထားသည့် အောက်ပါ မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း- | ၇ |
| | (က) ဦးခင်မောင်ညွန့်၊ ကျေးသီးမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)၏ **"ကျေးသီးမြို့နယ်၊ မိုင်းနောင်မြို့တွင်စုပေါင်းဂိတ်ထားရှိပြီး ဂိတ်ပိတ်ချိန်/ဖွင့်ချိန် သတ်မှတ်ထားခြင်း၊ စစ်ဆေးရာဖွေမှုများ အချိန်ကြာမြင့်မှုမရှိစေရေး"** နှင့် စပ်လျဉ်းသည့်မေးခွန်း။ | ၈ |
| | (ခ) ဦးစဝ်အောင်မြတ်၊ ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"ရွာငံမြို့နယ်၊ ဆတ်ခြံကျေးရွာအုပ်စုအတွင်းရှိ ဆတ်ခြံ-ငွေးပင်- တောင်ဦးကျေးရွာတွင် သောက်သုံးရေ လုံလောက်စွာ ရရှိနိုင်ရန် မြသိန်းတန်ကျေးရွာ ရေထွက်မှရေပိုက်လိုင်း ရေသွယ်ယူစနစ်ဖြင့် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ"**နှင့် စပ်လျဉ်းသည့်မေးခွန်း။ | ၁၂ |

( ဂ) ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)၏

(၁) **“ရှမ်းပြည်နယ်အတွင်းရှိ မီးဖိုချောင်သုံး ဂက်(စ်)အိုး များ လက်လီ/လက်ကား ရောင်းချသောဆိုင်များတွင် သတ်မှတ်စံချိန်စံညွှန်းများနှင့် ညီ/မညီ၊ သံချေးတက်ခြင်း၊ ယိုဖိတ်ခြင်းများ ရှိ/ မရှိ စစ်ဆေးဆောင်ရွက် ပေးပြီး ပညာပေးအစီအစဉ်များ စီမံဆောင်ရွက်ပေးမှု”** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၄

(၂) **“ရှမ်းပြည်နယ်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီး ဌာနမှ(၂၀၁၈)ခုနှစ်မှ ယနေ့ထိမော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များအားမှတ်ပုံတင်ခြင်းနှင့် သက်တမ်းတိုးပေးသည့် ယာဉ်အမျိုးအစား၊ အရေအတွက်၊ ရရှိသည့်အခွန်အခများ”**နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၁၆

(ဃ) ဦးစိုင်းနောင့်၊ မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **“နိုင်ငံခြားမှ တင်သွင်းလာသည့် ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ အာလူးနှင့် ပဲအမျိုးမျိုးတို့မှာ နိုင်ငံတော်မှ ခွင့်ပြုထားခြင်း ရှိ/ မရှိ”**နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၉

( င) ဦးဆန်းဝင်းအောင်၊ မိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **“တာချီလိတ်မြို့ရှိ ထိုင်း- မြန်မာ အမှတ်(၁)၊ ချစ်ကြည်ရေးတံတားအောက်ဘက် နိုင်ငံကူးလက်မှတ်ပြုလုပ်ပေးသည့် နေရာ”** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၃

( စ) ဒေါ်ရီရီဝင်း၊မိုးမိတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏**“အားကစား ဖွံ့ဖြိုးတိုးတက်ရေးတွင် အခက်အခဲများကို ဖြေရှင်းနိုင်မည့် နည်းလမ်းများ၊ ရန်ပုံငွေများကို ကြီးကြပ်ထိန်းကျောင်းမှုနှင့် အားကစားနည်းအလိုက် လေ့ကျင့်ပြုစု ပျိုးထောင်မှု ရှိ/ မရှိ”** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၆

(ဆ) ဒေါ်နန်းကောင်ခမ်း၊ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **“မိုင်းရှူးမြို့နယ်ရှိ နမ့်ကတ်၊ ဖာယ၊ ဆုံခွမ်၊ ဝမ်ကျောင်း၊ နမ့်အုံနှင့် ဝမ်ပန်ကျေးရွာချင်းဆက် ကျောက်ခင်းလမ်း (၂)မိုင်အား ကတ္တရာခင်းခြင်း လုပ်ငန်းဆောင်ရွက် ပေးရန် အစီအစဉ် ရှိ/ မရှိ”**နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၃၀

(၂) **“မိုင်းရှူးမြို့နယ်၊ဖာယကျေးရွာအုပ်စုအတွင်းရှိ နမ့်ကတ်-ဖာယ-ဝမ်ပန်ကျေးရွာချင်းဆက်မြေသားလမ်းကို ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/ မရှိ”** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၃၀

(ဧ) ဦးစိုင်းလှဝင်း၊ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **“မိုင်းပျဉ်းမြို့နယ်၊ ပန်ပိုင်ကျေးရွာအုပ်စုအတွက် ကျန်းမာရေးဆေးပေးခန်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ/ မရှိ”**နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၃၂

(ဈ) ဦးစိုင်းအောင်ကျော်ဦး၊ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)၏ **“ကွန်ဟိန်းမြို့နယ်အတွင်း ရှမ်းပြည်နယ် အခြေခံပညာ ဦးစီးဌာနလက်အောက်ရှိ ကျောင်း(SANCTION) အမည်များနှင့်ကျောင်းတည်နေရာကွဲလွဲမှုကိစ္စ”**နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၃၄

(၇) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ ၂၀၁၉- ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အရအသုံးခန့်မှန်းခြေငွေစာရင်းအား ရှမ်းပြည်နယ် လွှတ်တော်သို့ တင်သွင်းခြင်း။ ၃၇

(၈) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသော ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ ၂၀၁၉- ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် စပ်လျဉ်း ၍ ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း။ ၃၉

(၉) ဦးအားမဲ၊ မိုင်းခတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **“ရှမ်းပြည်နယ်အတွင်း“ဘိန်း”စိုက်ပျိုးထုတ်လုပ်မှုလျော့နည်းပပျောက်ရေးအတွက်ထိရောက်သော စီမံကိန်းရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက် စေရန် ရှမ်းပြည်နယ် အစိုးရအဖွဲ့အား တိုက်တွန်းကြောင်း”** အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/ မသင့် အဆုံးအဖြတ်ရယူခြင်း။ ၄၀

(၁၀) အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။ (သို့မဟုတ်) အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။ ၄၂

(၁၁) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ ၄၂

**( ခ) (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ မှတ်တမ်း**

(၁) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။ ၄၄

(၂) ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၄၅

(၃) ပြည်နယ်လွှတ်တော် အစည်းအဝေး ဒုတိယနေ့ အစီအစဉ် ကြေညာခြင်း။ ၄၅

(၄) အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။ ၄၅

(၅) ကြယ်ပွင့်ပြထားသည့် အောက်ပါ မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်နယ် အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြား ခြင်း- ၄၇

(က) ဒေါ်နန်းကောင်ခမ်း၊ မိုင်းရှူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **“မိုင်းရှူးမြို့အခြေခံပညာအထက်တန်းကျောင်း ဘောလုံးကွင်း (၂၀၀‘×၁၀၀‘) ဖော်ထုတ်ပြုပြင်ခြင်း”**နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၄၇

(ခ) ဦးအားမဲ၊မိုင်းခတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"မိုင်းခတ်မြို့နယ်၊ မိုင်းခတ်- မိုင်းညှင်းလမ်းပေါ်ရှိ ပျက်စီးနေသော ဘေလီ တံတားအား ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ အထူးရန်ပုံငွေဖြင့် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/ မရှိ"**နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၅၁

(ဂ) ဒေါ်ရီရီဝင်း၊ မိုးမိတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏**"မိုးမိတ်ခရိုင်၊ မီးသတ်နယ်မြေစခန်းများမှ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများအတွက် "Fire Rescue Truck"(၁)စီးဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ"**နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၅၄

(ဃ) ဦးအေးမင်းစိုး၊ ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"ရွာငံမြို့နယ်၊ ကျောက်ငှက်ကျေးရွာတွင် လိုအပ်လျက်ရှိသည့် 400KV ဓာတ်အား လိုင်း(၃)မိုင်နှင့် ထရန်စဖော်မာ 200KVA (၁)လုံးကို ၂၀၁၉- ၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထားပေးရန် အစီအစဉ် ရှိ/ မရှိ"**နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၅၆

(င) ဦးညီညီ(ခ) ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **"အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနသို့ မည်သည့်အမှုမျိုးကို တိုင်ကြားနိုင်ကြောင်းနှင့် ရုံးဖွင့်လှစ်ထား ရှိမှု"**နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၅၈

(၂) **"ပြည်သူများအား ဥပဒေပညာပေးရေး၊ ဥပဒေအရာရှိများ ခန့်အပ်တာဝန်ပေးအပ်ထားမှုနှင့် ဥပဒေအရာရှိများ ဒေသမပြောင်းရွှေ့ရေး အစီအစဉ်သတ်မှတ်ထားမှု"**နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၆၁

(စ) ဦးသန်းထိုက်၊ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **"ရှမ်းပြည်နယ်အတွင်း မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ(၂၀၁၈)ခုနှစ် ပြဋ္ဌာန်းသည့်နေ့မှစ၍ (၆)လ အတွင်းသတ်မှတ်ချက်နှင့်အညီ လျှောက်ထားလာ သည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်းနှင့် မြေဧရိယာများစာရင်း ကိုသိရှိလိုပါသည်"**နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၆၄

(၂) **“သီဟဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီလီမိတက်မှ ဆောင်ရွက်နေသည့် တောင်ကြီး City Square စီမံကိန်း”နှင့် စပ်လျဉ်းသည့်မေးခွန်း။** ၆၉

(ဆ) ဦးစဝ်အောင်မြတ်၊ ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **“ရွာငံမြို့နယ်ရှိ ဟန်မြင့်မိုရ်- မြို့ကြီး- ရွာငံလမ်းစီမံကိန်း အား အမြန်ဆုံး ဆက်လက်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ ”**နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၇၄

(ဇ) ဒေါက်တာဝဏ္ဏစိုး၊ ကျိုင်းတုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **“ကျိုင်းတုံမြို့နယ်၊မိုင်းငွန်း-မိုင်းကိုင်ကျေးရွာအုပ်စုချင်းဆက် လမ်းပေါ်တွင် တံတား(၂)စင်း၊ (၅)ပေ Box Culvert (၇)စင်း၊ မြေသားလမ်းအား ကျောက်ရောမြေခင်းခြင်းနှင့် ဆက်သွယ် ရေးတာဝါတိုင်ထူထောင်ပေးရန် အစီအစဉ် ရှိ/ မရှိ”**နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၇၈

(ဈ) ဦးစိုင်းလှဝင်း၊ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **“မိုင်းပျဉ်းမြို့နယ်၊ မိုင်းပူးအွန်နှင့် မိုင်းရဲန်ကျေးရွာ အုပ်စုချင်းဆက် လမ်းပေါ်ရှိ နမ့်ပူးချောင်းသစ်သား တံတားအား သံကူကွန်ကရစ်တံတားအဖြစ် တည် ဆောက်ပေးရန် အစီအစဉ် ရှိ/ မရှိ”**နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၈၂

(၂) **“မိုင်းပျဉ်းမြို့နယ်၊ နောင်ခစ်ကျေးရွာအုပ်စုမှ မိုင်းပျဉ်း မြို့သို့သွားရောက်လိုပါက နမ့်ဟီးချောင်းကို ဖြတ်သန်း သွားလာ ရသည့်အတွက် ကွန်ကရစ်တံတား တည် ဆောက်ပေးရန် အစီအစဉ် ရှိ/ မရှိ”**နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၈၃

(၃) **“မိုင်းပျဉ်းမြို့နယ်၊ မိုင်းမန်းကျေးရွာအုပ်စုအတွင်းရှိ နောင်ခိုက်မှ အေးစံကျေးရွာအထိ မြေသားလမ်း(၂)မိုင် အား ကျောက်ခေ‌ျာလမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ”**နှင့်စပ်လျဉ်း သည့်မေးခွန်း။ ၈၃

(ည) ဦးစိုင်းကျောက်၊ မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"မိုင်းဖြတ်မြို့နယ်အတွင်း အရေးပေါ်ကိစ္စများရှိလာပါက လွယ်ကူစွာ ဆက်သွယ်နိုင်သော ဖုန်းလိုင်းများ ချိတ်ဆက်ပေးရန် အစီအစဉ် ရှိ/ မရှိ"**နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၈၇

(ဋ) ဦးအားမဲ၊ မိုင်းခတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"ရှမ်းပြည်နယ်အတွင်း "ဘိန်း"စိုက်ပျိုးထုတ်လုပ်မှု လျော့နည်းပပျောက်ရေးအတွက် ထိရောက်သော စီမံကိန်းရေးဆွဲပြီးအကောင်အထည်ဖော်ဆောင်ရွက်စေရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့အား တိုက်တွန်းကြောင်း"** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။ ၈၉

(ဋ) အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ ၉၄

(ဍ) ဦးစိုင်းလှဝင်း၊ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"ရှမ်းပြည်နယ် စည်ပင်သာယာရေးဌာန ဝန်ထမ်းများ၏ ပင်စင်လစာ၊ စရိတ်ချီးမြှင့်ငွေများကို ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၆၅ တွင် ဝန်ထမ်းအတွက်ကုန်ကျစရိတ်သည် ပြည်သူများမှ ထမ်းဆောင်သော အခွန်အခများဖြစ်သဖြင့် ပြည်သူများ၏ အကျိုး၊ မြို့ပြစနစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပိုမိုဆောင်ရွက်နိုင်ရန်အတွက် အဆိုပါ ဝန်ထမ်းများ၏ ပင်စင်၊ လစာ၊ စရိတ်ချီးမြှင့်ငွေများကို ပြည်နယ်အစိုးရအဖွဲ့၏ တိုက်ရိုက်ကွပ်ကဲသည့် ဝန်ထမ်းအဖွဲ့အစည်းဖြစ်ပြီး၊ စီမံခန့်ခွဲမှု၊ အုပ်ချုပ်မှုတာဝန်ယူထားသည့် ဌာနဖြစ်သည့်အတွက် ပြည်နယ်ဘတ်ဂျက်မှ နှစ်စဉ်ထည့်သွင်းရေးဆွဲ ကျခံသုံးစွဲပေးရန်အတွက် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း"** အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/ မသင့် အဆုံးအဖြတ်ရယူခြင်း။ ၉၇

(ဎ) အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါကယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။ (သို့မဟုတ်)အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။ ၁၀၁

(၁၀) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး တတိယနေ့ ဆက်လက် ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။ ၁၀၂

**( ဂ ) (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ မှတ်တမ်း**

(၁) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။ ၁၀၃

(၂) ပြည်နယ်လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၁၀၄

(၃) ပြည်နယ်လွှတ်တော် အစည်းအဝေး တတိယနေ့ အစီအစဉ် ကြေညာ ခြင်း။ ၁၀၄

(၄) အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။ ၁၀၄

(၅) ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြား ခြင်း- ၁၀၆

(က) ဒေါ်ရီရီဝင်း၊ မိုးမိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"ဘေးအန္တရာယ်ဖြစ်စေသည့် စားသုံးကုန်များကို စားသုံး သူများအား အသိပညာပေးခြင်း၊ ထုတ်လုပ်ရောင်းချ သူများအား အရေးယူခြင်းနှင့် ထိရောက်စွာ ဆောင်ရွက် မည့်လုပ်ငန်းစဉ်များ"**နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၀၆

( ခ ) ဦးစိုင်းစံထွန်း၊ ကွန်ဟိန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ကွန်ဟိန်းမြို့နယ်၊ လွိုင်ကျိုင်းနှင့် ကွန်ပုကျေးရွာအုပ်စု ချင်းဆက် ကိုယ်ထူကိုယ်ထ သစ်သားတံတားအား ပြန်လည်တည်ဆောက်ပေးရန်"**နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၁၂

( ဂ ) ဒေါ်နန်းခင်ထားရီ၊ သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်၌ အတည် ပြုပြီးသော အဆိုများနှင့် ပတ်သက်၍ သက်ဆိုင်ရာဌာန အလိုက် ညွှန်ကြားထားမှု"**နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၁၄

(ဃ) ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)၏

(၁) **"တောင်ကြီးမြို့ မြို့မဈေးကြီး၏ ပထမထပ်မှ ဒုတိယ ထပ်တက်သည့် လှေကားထောင့်ချိုး အကာအရံနှင့် အခြားပျက်စီးသော နေရာများကို ပြုပြင်ပေးရန် အစီအစဉ် ရှိ/ မရှိ"**နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၂၀

(၂) **"ပင်းတယမြို့၏ စည်ပင်သာယာဈေးကြီးအား အထပ်မြင့် တည်ဆောက်ပေးရန် စီမံဆောင်ရွက်မှု"**နှင့် စပ်လျဉ်း သည့်မေးခွန်း။ ၁၂၁

(၃) **"တောင်ကြီးမြို့၊ သစ်တောရပ်ကွက်ရှိ စိန်ဆေးရုံရှေ့မှ တောင်ကြီးတက္ကသိုလ်အထိ အရှေ့မြို့ပတ်လမ်း တစ် လျှောက်တွင်လျှပ်စစ်လမ်းမီးထွန်းပေးရန်စီမံဆောင်ရွက်မှု"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၂၁

(၄) **"ရှမ်းပြည်နယ်အတွင်း ကလေးငယ်များ ဝက်သက် ရောဂါ ဖြစ်ပွား ခြင်း ရှိ/မရှိနှင့် ကြိုတင်ကာကွယ်ခြင်းလုပ်ငန်းများ စီမံဆောင်ရွက်နေမှု"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၂၃

(င) ဦးခင်မောင်ညွန့်၊ ကျေးသီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"ကျေးသီးမြို့နယ်၊ ဝမ်စိမ်းကျေးရွာအုပ်စု၊ ဝမ်စိမ်းကျေးရွာတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲကင်းနှင့် ရဲတပ်ဖွဲ့ဝင်များအား ပြန်လည် တာဝန်ချထားပေးရန်"**နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၁၂၅

(စ) ဦးစဝ်အောင်မြတ်၊ ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"ရွာငံ မြို့နယ်၊ ညောင်အိုင်ကျေးရွာအုပ်စု၊ ညောင်အိုင်ကျေးရွာ အလယ်တန်းကျောင်းတွင် ကျောင်းဆောင်သစ်နှင့် စာသင်ခုံ များဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ"**နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၁၂၈

(ဆ) ဦးခွန်ဒီဂေါလ်၊ လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **လွိုင်လင်မြို့နယ်၊ တောင်နောက်ကျေးရွာအုပ်စုရှိ ဆိုင်းငိန်း ကျေးရွာအတွက်**

(၁) **"နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်မီးလင်းရေး စီမံ ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ်"**နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၁၃၀

(၂) **“စိမ့်စမ်းရေသွယ်ယူခြင်းနှင့် ဂါလန် (၅၀၀၀)ဆံ့ ရေလှောင်ကန်၊ ရေပိုက်များရရှိရေး စီမံဆောင်ရွက် ပေးနိုင်မည့် အစီအစဉ်များ”** နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၁၃၁

( ၉) ဦးသန်းထိုက်၊ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **“အစိုးရစီမံခန့်ခွဲခွင့်ရှိသောမြေ၌ သစ်တောစိုက်ခင်း များတည်ထောင်ရန် လျှောက်ထားရာတွင် ကြန့် ကြာမှုမရှိစေရေး”**နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၃၂

(၂) **“ပြည်နယ်အတွင်း ဓာတ်သတ္တုစမ်းသပ်ဖော်ထုတ် တိုင်းတာခြင်း၊ လုပ်ကိုင်လိုသူနှင့် လုပ်ကိုင်နေကြ သူများအတွက် လုပ်ကွက်ဧရိယာ/ ဧ သတ်မှတ် ချက်များကို မြန်မာ့သတ္တုတွင်း ဥပဒေကို ပြင်ဆင် သည့် ဥပဒေ၊ မြန်မာ့သတ္တုတွင်း နည်းဥပဒေများ နှင့်အညီ ပြင်ဆင်ပေးရန် အစီအစဉ် ရှိ/ မရှိ**”နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၁၃၄

(၆) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အရအသုံးခန့်မှန်းခြေ ငွေစာရင်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။ ၁၄၁

(၇) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အရအသုံးခန့်မှန်းခြေ ငွေစာရင်းနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ **(စတုတ္ထနေ့သို့ ရွှေ့ခြင်း)**

(၈) ဦးစိုင်းလှဝင်း၊ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **“ရှမ်း ပြည်နယ်စည်ပင်သာယာရေးဌာန ဝန်ထမ်းများ၏ ပင်စင်၊ လစာ၊ စရိတ်ချီးမြှင့်ငွေများကို ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ် စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၆၅ တွင် ဝန်ထမ်းအတွက် ကုန်ကျစရိတ်သည် ပြည်သူများမှ ထမ်းဆောင်သော အခွန်အခ များဖြစ်သဖြင့် ပြည်သူများ၏ အကျိုး၊ မြို့ပြစနစ်ဖွံ့ဖြိုးတိုးတက်** ၁၅၆

**ရေးလုပ်ငန်းများကို ပိုမိုဆောင်ရွက်နိုင်ရန်အတွက် အဆိုပါ ဝန်ထမ်းများ၏ ပင်စင်၊ လစာ၊ စရိတ်ချီးမြှင့်ငွေများကို ပြည်နယ် အစိုးရအဖွဲ့၏ တိုက်ရိုက်ကွပ်ကဲသည့် ဝန်ထမ်းအဖွဲ့အစည်း ဖြစ်ပြီး၊ စီမံခန့်ခွဲမှု၊ အုပ်ချုပ်မှုတာဝန်ယူထားသည့် ဌာနဖြစ်သည့် အတွက် ပြည်နယ်ဘတ်ဂျက်မှ နှစ်စဉ်ထည့်သွင်းရေးဆွဲ ကျခံ သုံးစွဲပေးရန်အတွက် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း”** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။

(၉) အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေး ရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။ ၁၆၃

(၁၀) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ပြည်နယ်လွှတ်တော်ရေးရာ ကော်မတီ ၁၀ ခု သက်တမ်းတိုးမြှင့်ခြင်းကို လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း။ ၁၆၇

(၁၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက အရေးတကြီး အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/ မသင့် အဆုံးအဖြတ်ရယူခြင်း။ ၁၆၈

(၁၂) အရေးတကြီးအဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေး ရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအရေးတကြီးအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။ (သို့မဟုတ်) အရေးတကြီး အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ် ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။ ၁၇၁

(၁၃) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး စတုတ္ထနေ့ ဆက်လက် ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။ ၁၇၂

**( ဃ )   (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ မှတ်တမ်း**

(၁) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။ ၁၇၃

(၂) ပြည်နယ်လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၁၇၄

(၃) ပြည်နယ်လွှတ်တော် အစည်းအဝေး စတုတ္ထနေ့ အစီအစဉ် ကြေညာခြင်း။ ၁၇၄

(၄) အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။ ၁၇၄

(၅) ကြယ်ပွင့်ပြထားသည့် အောက်ပါ မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ် အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း- ၁၇၆

(က) ဦးစိုင်းထွန်းဝင်း(ခ)စိုင်းနော်ခမ်း၊ ကျောက်မဲမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)၏

(၁) **“ပြည်နယ်အတွင်း မြို့နယ်များရှိ လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတွင် ခေတ်မီ မြေတိုင်းစက်ကိရိယာများ ဖြည့်ဆည်း ပေးရန်နှင့် ချို့ယွင်းစက်ပစ္စည်းများကို ပြုပြင် ပေးရန် အစီအစဉ် ရှိ/ မရှိ”** နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၁၇၆

(၂) **“ပြည်နယ်အတွင်းရှိ လယ်ယာမြေစီမံခန့်ခွဲရေး နှင့် စာရင်းအင်း ဦးစီးဌာနတွင် ရုံးဝန်ထမ်းများကို တိုးချဲ့ဖြည့်ဆည်းပေးရန် အစီအစဉ် ရှိ/ မရှိ”**နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၁၇၇

(ခ) ဦးဆန်းဝင်းအောင်(ခ) ဦးအောင်အောင်၊ မိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"တာချီလိတ်မြို့ရှိ ထိုင်း- မြန်မာ အမှတ် (၁)၊ ချစ်ကြည်ရေးတံတားနှင့် မယ်ယန်းစစ်ဆေးရေး ဂိတ်တို့၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေ တံတားဖြတ်သန်းခ (၃%) ကောက်ခံမှု"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၈၀

(ဂ) ဒေါ်မေရီချို၊ ဖယ်ခုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"မော်တော် ဆိုင်ကယ်/ မော်တော်ယာဉ်များနှင့် သက်ဆိုင်သော မှတ်ပုံတင် စာအုပ်၊ သက်သေခံလက်မှတ်၊ လုပ်ငန်းလိုင်စင်စာအုပ်၊ အာမခံ စာအုပ်များ ပျောက်ဆုံးပျက်စီးမှုဖြစ်ပါက မိတ္တူလျှောက်ထား ခြင်း"**နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၈၆

(ဃ) ဒေါ်နန်းကောင်ခမ်း၊ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"မိုင်းရှူးမြို့နယ်အတွင်းရှိ ရပ်ကွက်(၂)ခုနှင့် ကျေးရွာ(၃)ရွာရှိ ပြည်သူလူထုများ လျှပ်စစ်ဓာတ်အား ရယူသုံးစွဲနိုင်ရေး**"နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၁၉၂

(င) ဦးအားကို၊ မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"ဘိုရှီး- တာချီလိတ်လမ်းအပိုင်းနှင့် မိုင်းခုတ် - ဘိုရှီးလမ်းအပိုင်းအား အဆင့် မြှင့်တင်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ"**နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၉၅

(စ) ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **"ရှမ်းပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်တစ်ခုလုံး၏ လုပ်ငန်း စီမံကိန်းများအတွက် နှစ်အလိုက်သုံးစွဲခဲ့သော ငွေစုစုပေါင်းနှင့် ပင်းတယမြို့နယ်အတွက် ငွေစုစုပေါင်း မည်မျှသုံးစွဲခဲ့ကြောင်းကို သိရှိလိုပါသည်"** နှင့်စပ်လျဉ်း သည့်မေးခွန်း။ ၁၉၈

(၂) **"ရှမ်းပြည်နယ်တစ်ခုလုံးတွင် လုပ်ငန်းစီမံကိန်းများကို တင်ဒါ လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်ခဲ့ခြင်း ရှိ/ မရှိ"**နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၁၉၈

(ဆ) ဦးစိုင်းစံထွန်း၊ ကွန်ဟိန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏**"ကွန်ဟိန်း မြို့နယ်၊ ဝမ်လော၊ လွိုင်ကျိုင်း၊ ကွန်ပု၊ ငါးတိုင်နှင့် ကျိုင်းခမ်း ကျေးရွာအုပ်စုတို့ကို ဆက်သွယ်ထားသည့် မြေသားလမ်း(၈) မိုင်ကို ကျောက်ချောလမ်းခင်းပေးရန်"**နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၀၄

(၅) ဦးစိုင်းလှဝင်း၊ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"မိုင်းပျဉ်းမြို့နယ်၊ ယမ်းမိုင်၊ ယမ်းခမ်းနှင့် ဖာဝေါ်ကျေးရွာအုပ်စုများရှိ ရေခက်ခဲသည့်ကျေးရွာများတွင် စိမ့်စမ်းရေသွယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၂၀၆

(၆) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်လွှတ်တော်ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေးကော်မတီ၏ အစီရင်ခံစာအား လွှတ်တော်သို့ ဖတ်ကြားတင်ပြခြင်း။ ၂၀၈

(၇) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေ တွင် ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ ၂၀၁၉- ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အရအသုံးခန့်မှန်းခြေငွေ စာရင်းနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ ၂၁၅

(၈) ဦးသန်းဝင်း၊ မိုင်းဆတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ဥပဒေနှင့်အညီ တင်သွင်းထားသော ဒုတိယအကြိမ် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်သည့်ဥပဒေမူကြမ်းအား ဂုဏ်ယူဝမ်းမြောက်ကြိုဆိုကြောင်း"** အရေးတကြီး အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ ၂၂၀

(၉) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များအပါအဝင်လွှတ်တော်လုပ်ငန်းဆိုင်ရာများအား ရှင်းလင်းတင်ပြခြင်း။ ၂၃၈

(၁၀) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့အစီအစဉ် ပြီးစီးကြောင်းနှင့် ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပြီးမြောက် ကြောင်း ကြေညာခြင်း။ ၂၄၀

- ဆုံးဖြတ်ချက်များ ၂၄၂

# ရှမ်းပြည်နယ်
# ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်
# (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး
# (ပထမနေ့)မှတ်တမ်း
# ၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်
# ၂၀၁၉ ခုနှစ်၊ ဧပြီ လ ၂ ရက်
# [အင်္ဂါနေ့]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပထမနေ့) အစီအစဉ်ကို နံနက်(၁၀) နာရီအချိန်၌ စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ဒေါ်နန်းမိုခမ်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရှမ်းပြည်နယ်လွှတ်တော်ရုံးက လည်းကောင်း၊ တွဲဖက် အခမ်းအနားမှူးအဖြစ် ဒေါ်ဟန်သီဦး၊ ဒုတိယညွှန်ကြားရေးမှူးက လည်းကောင်း ဆောင်ရွက်ပါသည်။

## ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်
## (၁၄)ကြိမ်မြောက် ပုံမှန် အစည်းအဝေး စတင်ကျင်းပခြင်း။

**အခမ်းအနားမှူး။** အားလုံးမင်္ဂလာပါရှင်။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပထမနေ့)အား ကျင်းပပြုလုပ်မည် ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသောနေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ရှင်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီရှင်။

**(ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။)**

အားလုံးထိုင်နိုင်ပါပြီရှင်။

## ပြည်နယ်လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပထမနေ့)မှာ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးရေ (၁၄၇)ဦးရှိသည့်အနက် ဒီကနေ့ အစည်းအဝေးကို (၁၃၇)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက် ခွင့်ရှိသော လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ (၉၂.၈၆) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ ထက်ဝက်ကျော်လွန်တဲ့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ် လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၆ နှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၄(ခ) တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၅(ဂ) အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်အစည်းအဝေး (ပထမနေ့)အစီအစဉ်ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ခ)အရ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပထမနေ့) အစီအစဉ်များကို ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ် များအတိုင်း ဆက်လက်ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။

## အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၄၄(က)အရ ယနေ့အစည်းအဝေး မတက်ရောက်နိုင်တဲ့ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် တက်ရောက်လာကြတဲ့ ဧည့်သည်တော်များ

အားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပထမ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂-၄-၂၀၁၉ ရက် (ပထမနေ့)မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်း မရှိသော ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ ဥက္ကဋ္ဌဖြစ်သူ ကျွန်တော် ဦးလင်းအောင်ဆွေက ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှာ-

(၁) ဦးစိုင်းဆန်စိန်၊ တန့်ယန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၄)ရက်။

(၂) ဦးမြင့်လွင်၊ ကွတ်ခိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၄)ရက်။

(၃) ဦးကျော်တယ်ချန်၊ ကုန်းကြမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၄)ရက်။

(၄) ဦးခွန်ထွန်းလူ(ခ)ဦးဒီကီ၊ ဟိုပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၄)ရက်။

(၅) ဦးစိုင်းထွန်းဝင်း(ခ) စိုင်းနော်ခမ်း၊ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၃)ရက်။

(၆) ဦးအောင်သန်းထွဋ်၊ လောက်ကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၂)ရက်။

(၇) ဦးမြင့်ဆွေ၊ နောင်ချိုမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၈) ဦးဘေရင်နယ်(ခ)ဦးခင်မောင်လွင်၊ လောက်ကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကျန်းမာရေးမကောင်းပါသဖြင့် ခွင့်(၁)ရက်။

(၉) ဗိုလ်မှူးဇော်မိုးလွင်၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၄)ရက်။

(၁၀) ဗိုလ်မှူးအောင်သူခိုင်၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

ယနေ့ ခွင့်ပန်ကြားသူ (၁၀)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၀)ဦးအား ခွင့်အဖြစ် သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်လွှတ်တော်သို့ ရိုသေလေးစားစွာဖြင့် တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ခွင့်ပန်ကြားချက်များအားလုံးကို ခွင့်ပြုပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်(၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပထမနေ့)ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးရေမှာ (၁၄၀)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၀)ဦးရှိပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ဂ)၊ (၂)အရ ယခုလွှတ်တော်ကိုယ်စား လှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပထမနေ့)သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်)**

ပြည်နယ်လွှတ်တော်ကသဘောတူတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာ ပါတယ်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၅)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနဲ့ လေ့လာသူ ဧည့်သည်တော်များခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေးသို့ တက်ရောက်လာကြတဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အားလုံး လိုရာကောင်းကျိုး မင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံကြပြီး မိမိတို့အား ဆန္ဒမဲပေး၍ ရွေးချယ်ထားသည့် မဲဆန္ဒရှင်များအပါအဝင် မိမိတို့ မြို့နယ်ရှိ ပြည်သူတစ်ရပ်လုံး ၏ မျှော်လင့်ချက်နှင့် လိုအပ်ချက်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်နိုင်ကြ ပါစေလို့ ဦးစွာနှုတ်ခွန်း ဆက်သလိုက်ပါတယ်။

မိမိတို့ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံးဟာ ရှမ်းပြည်နယ်အတွင်း ရှိ တိုင်းရင်းသားလူမျိုးအသီးသီးက ရွေးကောက်တင်မြှောက်ထားသည့် လွှတ်တော်ကိုယ်စား လှယ်များနှင့် တပ်မတော်သားပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားခြင်း ဖြစ်ရာ ပြည်နယ်လွှတ်တော်က ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ လည်းကောင်း၊ တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်အရ လည်းကောင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊ အဆိုတင်သွင်းခြင်း၊ မေးခွန်းများ မေးမြန်းခြင်းတို့ကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌရဲ့ စိစစ်ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရတာ ဖြစ်ပါတယ်။ မိမိအနေနဲ့ ဒီလိုစိစစ်ဆောင်ရွက်ရတဲ့နေရာမှာ လွှတ်တော်ကိုယ်စားလှယ်များကို ကျောသားရင်သားမခွဲခြားဘဲ ထိန်းကျောင်းခြင်း တာဝန်များကို ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၁ ပုဒ်မခွဲ(က)နှင့်အညီ ဆောင်ရွက်လျက်ရှိသလို မေးခွန်းများမေးမြန်းခြင်း၊ အဆိုများ တင်သွင်းခြင်း ကိစ္စနှင့်စပ်လျဉ်းပြီး ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၉၈နှင့် ၁၀၃ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ မတိမ်းမစောင်းအောင် ဆောင်ရွက်လျက်ရှိပါတယ်။

တိုင်းဒေသကြီးနှင့် ပြည်နယ်ဘဏ္ဍာရန်ပုံငွေရေးဆွဲခြင်း၊ ရသုံးခန့်မှန်းခြေငွေစာရင်း လျာထားခြင်းနှင့် ဥပဒေပြဋ္ဌာန်းခြင်းတို့ အစီအစဉ်အရ ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေးမှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့က ၂၀၁၉ – ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/ အဖွဲ့အစည်း များ၏ မူလရသုံးခန့်မှန်းခြေငွေစာရင်း လျာထားချက်ကို ရှမ်းပြည်နယ်၏ ဒေသန္တရစီမံကိန်း လျာထားချက်များနှင့်အညီ လွှတ်တော်သို့ တင်သွင်းနိုင်ရန် ရည်ရွယ်ပြီး ဒီအစည်းအဝေးကို ခေါ်ယူရတာ ဖြစ်ပါတယ်။

၂၀၁၉–၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ရသုံးခန့်မှန်းခြေငွေစာရင်း ရေးဆွဲရာမှာ ပြည်ထောင်စုရန်ပုံငွေမှ ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေ၏ လိုငွေအတွက်

ထောက်ပံ့ငွေကျပ် **၂၂၅.၂၈၀** ဘီလီယံနှင့် ရှမ်းပြည်နယ်၏ ရသင့်ရထိုက်သော အခွန်အကောက်များကို ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား(၅)နှင့်အညီ အပြည့်အဝကောက်ခံရရှိ ငွေကျပ် **၄၄.၃၀၅** ဘီလီယံပေါ်မူတည်၍ ပြည်သူလူထုကို ချက်ချင်းလက်ငင်း အသုံးပြုနိုင်သည့် အသုံးစရိတ်ကျပ် **၂၆၉.၅၈၅** ဘီလီယံတို့ကို ဦးစားပေးသုံးစွဲရန် လျာထားကြောင်း တွေ့ရှိရပါတယ်။ အသုံးစရိတ်မှာ သာမန်အသုံးစရိတ် ကျပ် **၁၀၅.၁၈၃** ဘီလီယံ၊ ငွေလုံးငွေရင်း အသုံးစရိတ်ကျပ် **၁၆၄.၄၀၂** ဘီလီယံ ဖော်ပြထားတာကို တွေ့ရှိရပါတယ်။

သာမန်အသုံးစရိတ်လျာထားရာမှာ ဌာန၏ဖွဲ့စည်းပုံနှင့် ဝန်ထမ်းခန့်အပ်မှုများကို စနစ်တကျ စိစစ်ရေးဆွဲရန်နှင့် ငွေလုံးငွေရင်းအသုံးစရိတ်ကို ဒေသလိုအပ်ချက်အရ စီမံကိန်းလျာထားချက်များကို ဦးစားပေးအဆင့် ခွဲခြားပြီး အညီအမျှ လျာထားပေးရန် လိုအပ်ကြောင်း ပြောကြားလိုပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက မေးခွန်းများ မေးမြန်းတဲ့အခါမှာလည်းကောင်း၊ အဆိုများ တင်သွင်းတဲ့အခါမှာ လည်းကောင်း သက်ဆိုင်ရာ ဝန်ကြီးက မေးခွန်းကို ဖြေကြားခြင်း သို့မဟုတ် အဆိုကို အကောင်အထည်ဖော်ပေးရန် ဆွေးနွေးခြင်း၊ အထူးသဖြင့် လွှတ်တော်က အတည်ပြုလိုက်သော အဆိုများဟာ အစိုးရရဲ့ ကတိကဝတ်များအဖြစ် သတ်မှတ်ပါတယ်။ ကတိကဝတ်များကို အစိုးရအဖွဲ့က ပြည်နယ် ဘတ်ဂျက်ထဲမှာ ထည့်သွင်းရမှာဖြစ်ပြီး ဒေသန္တစီမံကိန်းရေးဆွဲစဉ် ပါဝင်ခြင်း မရှိပါက ရသုံးခန့်မှန်းခြေငွေစာရင်းဦးစီးဌာနက သီးခြားထည့်သွင်းပေးရန် လိုအပ်မှာ ဖြစ်ပါတယ်။ ဘတ်ဂျက်နှင့်စပ်လျဉ်းပြီး ဘတ်ဂျက်သည် ဥပဒေကြမ်းဖြစ်၍ ဥပဒေတွင်ပါမှ ဘတ်ဂျက်ကို အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် လွှတ်တော်ကိုယ်စားလှယ်များက ဘတ်ဂျက်များကို စနစ်တကျ စိစစ်ဆောင်ရွက်ဖို့ လိုအပ်ကြောင်း ပြောကြားလိုပါတယ်။

ရှမ်းပြည်နယ်လွှတ်တော်အတွက် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၂ အရ လွှတ်တော်ကော်မတီ **၁၀** ခုကို လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း **၈၄** ဦးဖြင့် ဖွဲ့စည်းထားပါတယ်။ ဒီလိုဖွဲ့စည်းတဲ့နေရာမှာ ပါတီအဖွဲ့အစည်းပေါင်းစုံပါဝင်အောင် (All Inclusive) ဖြစ်အောင် ဖွဲ့စည်းထားခဲ့ပါတယ်။ တာဝန်ကို စုပေါင်းခေါင်းဆောင်၊ စုပေါင်းဆောင်ရွက်နိုင်အောင်လည်း စီစဉ်ပေးနိုင်ခဲ့ပါတယ်။ လုပ်ငန်းများဆောင်ရွက်ရာမှာ တစ်ဦးချင်းဆောင်ရွက်သည်ထက် အများစုပေါင်းဆောင်ရွက်ပါက ပိုမိုထိရောက်အောင်မြင်ပြီး ပိုမို၍ ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားနိုင်တဲ့အတွက် အဖြေကောင်းများ ရရှိစေနိုင်မှာ ဖြစ်ပါတယ်။

ကော်မတီရဲ့ သက်တမ်းတစ်နှစ်ပြည့်မြောက်တဲ့အခါမှာ ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက သင့်လျော်သလို အစားထိုးလဲလှယ်ရန် တာဝန်ပေးအပ်နိုင်သည်ဟု လွှတ်တော်ဥက္ကဋ္ဌ

အား အပ်နှင်းထားသလို လိုအပ်ချက်အရ ထပ်မံ(ထပ်မံ)၍ သက်တမ်းကိုလည်း တိုးနိုင်တယ်လို့ မှတ်ယူပါတယ်။

ဒီကနေ့ထိ ကော်မတီဝင်များအနေနဲ့ မိမိတို့ လက်ရှိတာဝန်ယူနေတဲ့ ကော်မတီတာဝန်များကို တာဝန်ကျေပွန်စွာဖြင့် ညှိနှိုင်းဆောင်ရွက်နိုင်ခဲ့ကြပြီး လွှတ်တော်ကို ကိုယ်စားပြုနိုင်တဲ့အတွက် ကျွန်တော့်အနေနဲ့ ဖွဲ့စည်းထားတဲ့ ကော်မတီများကို မှတ်တမ်းတင်ပါကြောင်း ပြောကြားလိုပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီအစည်းအဝေးမှာ ယခင်လွှတ်တော်အစည်းအဝေးက ဖြေဆိုရန် ကျန်ခဲ့တဲ့ ကြယ်ပွင့်ပြမေးခွန်း (၃) ခုအပါအဝင် လွှတ်တော်ကိုယ်စားလှယ်ပေါင်း (၂၃)ဦးတို့က ကြယ်ပြပွင့် မေးခွန်းပေါင်း(၅၁)ခုကို မေးမြန်းခြင်း၊ ဖြေကြားခြင်းတို့ကို ဆောင်ရွက်ဖို့ စီစဉ်ထားပါတယ်။ အဆိုအနေနဲ့ လွှတ်တော်ကိုယ်စားလှယ် (၃)ဦးတို့က ပေးပို့ထားတဲ့ အဆိုကို သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းက ပြန်ကြားချက်အပေါ်မူတည်ပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ တင်သွင်းတဲ့ အဆိုများ၊ ဥပဒေကြမ်းများနှင့်စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စားလှယ်များက အကြံပြုဆွေးနွေးကြတဲ့အခါမှာ ပြည်နယ်လွှတ်တော် အကျိုးအတွက် မျှမျှတတဖြစ်စေဖို့ လိုအပ်ပါတယ်။ ပြည်သူများရဲ့ အကျိုးစီးပွားကင်းလွတ်ပြီး မိမိအကျိုးစီးပွားအတွက် ဝါဒစွဲ၊ ဆန္ဒစွဲ၊ အတ္တစွဲ၊ အာဃာတစွဲ မထားရှိဘဲ ဒီမိုကရေစီ အလေ့အကျင့်များနှင့်အညီ ဆောင်ရွက်နိုင်ကြပါစေ။ ယနေ့အချိန်အခါမှာ ပြည်သူလူထုအတွင်း အသံကြားနေရပြီး ပြည်ထောင်စုလွှတ်တော်မှာလည်း ဆွေးနွေးဆဲဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၁၂)မှာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်နိုင်တဲ့ အခွင့်အရေးလည်းပေးထား ပြီးဖြစ်ပါတယ်။ မတူညီတဲ့ သဘောထားအမြင်တွေရှိကြမှာ ဖြစ်သော်လည်းပဲ တိုင်းပြည်ရဲ့ အကျိုးစီးပွားအတွက် တူညီတဲ့ကိစ္စရပ်တွေမှာ ပူးပေါင်းဆောင်ရွက်နိုင်ကြပါစေလို့ ဆန္ဒပြု ပြောကြားရင်း နှုတ်ခွန်းဆက်သလိုက်ပါတယ်။ ကျေးဇူးတင်ပါတယ်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၆)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်နယ်လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းများကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်းအစီအစဉ် ဆောင်ရွက်မှာဖြစ်ပါတယ်။ ယခု

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၉)ဦးက မေးမြန်းထားသည့် မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားသွားဖို့ ဖြစ်ပါတယ်။

ပထမဦးစွာ ကျေးသီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခင်မောင်ညွန့်က မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်ညွန့်၊ ကျေးသီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** အားလုံးပဲ မင်္ဂလာပါ ခင်ဗျား။ ဒီကနေ့ (၂-၄-၂၀၁၉)ရက်နေ့မှာ စတင်ပြီးတော့ ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေးသို့ တက်ရောက်လာကြတဲ့ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့်အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်သို့ လာရောက်လေ့လာကြတဲ့ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဦးစွာဆုတောင်းမေတ္တာပို့အပ်ပါတယ်။ ကျွန်တော်ကတော့ ကျေးသီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ညွန့် ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ကို လွိုင်ခင်ခရိုင်၊ ကျေးသီးမြို့နယ် မိုင်းနောင်မြို့၌ စစ်ဆေးဂိတ်ထားရှိ စစ်ဆေးခြင်း၊ ဂိတ်ဖွင့်ချိန် ပိတ်ချိန်သတ်မှတ်ထားခြင်းနှင့် စပ်လျဉ်းသည့် ကြယ်ပွင့်ပြ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လွိုင်ခင်ခရိုင်၊ ကျေးသီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)အတွင်းမှာရှိတဲ့ မိုင်းနောင်မြို့မှာ မိုင်းနောင်ကနေပြီးတော့ မိုင်းစံ၊ မိုင်းရှူးသွားလမ်း၊ မိုင်းနောင်ကနေပြီးတော့ဝမ်စိမ်း၊ ခိုလမ်သွားလမ်းတွေဖြစ်တဲ့ မိုင်းနောင်မြို့ အထွေထွေအုပ်ချုပ်ရေးမှူးရုံးရှေ့ လမ်းဆုံမှာ ၂၀၁၇ ခုနှစ်၊ နှစ်လယ် (အနီးစပ်ဆုံးနေ့စွဲ (၂၇-၅-၂၀၁၇)တွင်ဖြစ်ပါတယ်။)ခန့်မှစ၍ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ညွှန်ကြားမှုဖြင့် မိုင်းနောင်မြို့မှာ အခြေစိုက်အမှတ်(၂)စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်၊ အမှတ်(၉)ခြေလျင်တပ်ရင်း၊ အမှတ်(၂၈၆)ခြေလျင်တပ်ရင်း၊ တပ်မတော်တပ်ထိန်း၊ စစ်ဘက်ရေးရာလုံခြုံရေး တပ်ဖွဲ့တို့မှ တပ်မတော်အင်အားများဖြင့် လုံခြုံရေးအရ ဂိတ်ဖွင့်လှစ်ပြီးတော့မှ ဖြတ်သန်းသွားလာသမျှသော ခရီးသည်တင်ယာဉ်၊ ကိုယ်ပိုင်ယာဉ်၊ ကုန်တင်ယာဉ်အမျိုးမျိုးနှင့် ဆိုင်ကယ်၊ ထော်လာဂျီများအား ရပ်တန့်စေပြီးတော့မှ သက်သေခံကတ်ပြား၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုင်စင်များ စစ်ဆေးခြင်း၊ နောက်ပြီးတော့မှ ယာဉ်/ လူစာရင်းကောက်ယူခြင်း၊ ဥပဒေမဲ့ တရားမဝင်ပစ္စည်းများကို ရှာဖွေစစ်ဆေးပြီးမှ တွေ့ရှိပြီဆိုရင် ဖမ်းဆီးပြီးတော့မှ သက်ဆိုင်ရာ ဌာနများသို့ လွှဲပြောင်းပေးအပ်ကာ အရေးယူစေခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရှိရပါတယ်။ ယာဉ်များဖြတ်သန်းသွားလာမှုများကိုလည်း လုံခြုံရေးအရ နံနက်(၀၆:၀၀)နာရီကနေပြီး

တော့မှ ညနေ(၁၈:၀၀)နာရီထိသာ ခွင့်ပြုပြီး၊ ညနေ(၁၈:၀၀)နာရီ နောက်ပိုင်းမှ စပြီးတော့မှ နောက်တစ်နေ့ နံနက်(၀၆:၀၀)နာရီထိ ဖြတ်သန်းသွားလာခွင့် ပိတ်ထားပြီးတော့ ယခုအချိန်ထိလည်း ပိတ်ထားဆဲ ဖြစ်ကြောင်း သိရှိရပါတယ်။

မူလတပ်မတော်အဖွဲ့အစည်းအနေဖြင့်သာ ပြုလုပ်ခဲ့ပေမဲ့ နောက်ပိုင်းမှာ တပ်နယ်(မိုင်းနောင်)အစီအစဉ်ဖြင့် မိုင်းနောင်မြို့မှာရှိတဲ့ သက်ဆိုင်ရာ ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် ညှိနှိုင်းပြီးတော့ လိုအပ်သလို ကိုယ်စားလှယ်များ ခေါ်ယူ ပူးပေါင်းပါဝင်စေပြီး စုပေါင်းဂိတ်အဖြစ်ဖြင့် လုပ်ငန်းများ ဆောင်ရွက်နေကြောင်း သိရှိရပါတယ်။

ပြီးခဲ့တဲ့ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၇)ရက်နေ့မှာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်(စစ်ဆင်ရေး)ဌာန၏ ညွှန်ကြားလာမှုအရ တပ်နယ်(မိုင်းနောင်)နေပြီးတော့မှ “တပ်နယ်(မိုင်းနောင်)နယ်မြေအတွင်း တရားမဝင်သစ်နှင့် မူးယစ်ဆေးဝါးများ ဖြတ်သန်း သယ်ဆောင်မှုမရှိစေရေး စစ်ဘက်/ နယ်ဘက် ဌာနဆိုင်ရာအဖွဲ့အစည်းများဖြင့် နေ့စဉ်ဖမ်းဆီး စစ်ဆေးမှုများ ပြုလုပ်သွားရန်”အတွက် ၂၀၁၉ခုနှစ်၊ ဖေဖော်ဝါရီလ (၂၈)ရက်နေ့မှစ၍ နေ့စဉ်(၀၆:၀၀)နာရီမှ (၁၈:၀၀)နာရီအထိ တပ်နယ်(မိုင်းနောင်)၊ မိုင်းနောင်မြို့ရဲတပ်ဖွဲ့၊ မိုင်းနောင်မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မိုင်းနောင်မြို့ သစ်တောဦးစီးဌာန၊ မိုင်းနောင်မြို့မီးသတ်တပ်ဖွဲ့များမှ ထုတ်နုတ်အင်အားများဖြင့် ဆောင်ရွက်သွားမှာဖြစ်တဲ့အတွက် ဌာနဆိုင်ရာအဖွဲ့များအနေဖြင့် ပူးပေါင်းဆောင်ရွက်ပေးနိုင်ရေး ညှိနှိုင်းအကြောင်းကြားလာကြောင်း ထပ်မံသိရှိရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ အခုကာလမှာဆိုလို့ရှိရင် ကျေးသီး၊မိုင်းနောင်ဒေသအတွင်းမှာ ငြိမ်းချမ်းသာယာလျက်ရှိပြီး အခြေခံပညာကျောင်းတွေ ကျောင်းများအလိုက် စာမေးပွဲများလည်း ပြီးဆုံး၍ နွေရာသီကျောင်းပိတ်ရက်ကာလကို ရောက်ရှိလာပြီဖြစ်ပါတယ်။ အဲ့ဒါကြောင့် ဒေသအသီးသီးမှ မိဘပြည်သူများသည် မိုင်းနောင်မြို့ကို ဖြတ်သန်းပြီးတော့မှ မိသားစုအလိုက်၊ အုပ်စုအလိုက် ဘုရားဖူးခရီးထွက်တာတွေ၊ အပန်းဖြေခရီးထွက်တာတွေ၊ ဒေသန္တရဗဟုသုတလေ့လာရေး ခရီးထွက်တာတွေ၊ မိဘဆွေမျိုးများထံအလည်အပတ် သွားရောက်ခြင်းတွေကို နေ့ချင်းပြန်(ခရီးတို) ညအိပ်(ခရီးရှည်) ခရီးသွားလာမှုမှာ အခုဆိုရင် အခြားရာသီ/ အခြားအချိန်များထက် များစွာများပြားလာနေပြီ ဖြစ်ပါတယ်။

အဲ့ဒါကြောင့် ပြည်သူများ၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးမှု ရှိစေရေးအတွက် မိုင်းနောင်မြို့ မှာ စုပေါင်းဂိတ်ထားရှိပြီးတော့မှ ဂိတ်ပိတ်ချိန်/ ဖွင့်ချိန် သတ်မှတ်ထားတာတွေ၊ လိုအပ်သလို စုံစမ်းမေးမြန်း စစ်ဆေးရှာဖွေဖမ်းဆီး အရေးယူမှုများ ဆောင်ရွက်ရတဲ့ နေရာမှာ

ခရီးသွားပြည်သူများ စိတ်အနှောင့်အယှက် မဖြစ်စေရေး၊ မလိုအပ်ဘဲနဲ့ အချိန်ကြာ မြင့်မှု မရှိစေရေး၊ မိမိတို့ သွားလိုရာသို့ အခက်အခဲမရှိ အဆင်ပြေစွာ သွားလာနိုင်ရေးနှင့် စပ်လျဉ်းပြီးတော့မှ –

(၁) လိုအပ်သလို စစ်ဆေးပြီးပါက ပြည်သူများ၏ မည်သည့်ယာဉ်မဆို အချိန်မရွေး ဖြတ်သန်းသွားလာနိုင်ရေး ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ/ မရှိ။

(၂) ရှိပါက မည်သည့်နေ့ရက်မှ စတင်၍ ခွင့်ပြုပေးမည်နှင့် မရှိပါက အဘယ် ကြောင့်နည်း။

(၃) အနီးအနားမြို့ရွာများမှ နေ့ချင်းပြန်ခရီးသွားပြည်သူများ နိုင်ငံသားစိစစ်ရေး ကဒ်ပြားနှင့် သက်သေခံ အထောက်အထားတစ်ခုခု မပါရှိပါက မည်ကဲ့သို့ အဆင်ပြေအောင် ဆောင်ရွက်ပေးနိုင်မည်။

စသည့်များကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများကိုယ်စား ရှမ်းပြည်နယ် အစိုးရအဖွဲ့သို့ ကြယ်ပွင့်ပြမေးခွန်းအဖြစ် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီး လှဦး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူများ အားလုံး ကျန်းမာရွှင်လန်းကြပါစေလို့ ပထမဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျေးသီးမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ညွန့်မှ မေးမြန်းလာတဲ့ လွိုင်လင်ခရိုင်၊ ကျေးသီးမြို့နယ်၊ မိုင်းနောင်မြို့ရှိ ပြည်သူများ လုံခြုံရေး၊ တရားဥပဒေ စိုးမိုးမှုရှိစေရန်အတွက် မိုင်းနောင်မြို့တွင် စုပေါင်းဂိတ်ထားရှိပြီး ဂိတ်ပိတ်ချိန်/ ဖွင့်ချိန် သတ်မှတ်ထားခြင်း၊ လိုအပ်သလို စုံစမ်းမေးမြန်းစစ်ဆေးရာဖွေ ဖမ်းဆီးအရေးယူမှုများ စိတ်အနှောင့်အယှက်မဖြစ်စေရေး၊မလိုအပ်ဘဲ အချိန်ကြာမြင့်မှု မရှိစေရေး၊ မိမိတို့ သွားလိုရာသို့ အခက်အခဲမရှိ အဆင်ပြေစွာ သွားလာနိုင်ရေးတို့နှင့် စပ်လျဉ်း၍–

(၁) လိုအပ်သလို စစ်ဆေးပြီးပါက ပြည်သူများ၏ မည်သည့် ယာဉ်မဆို အချိန်မရွေး ဖြတ်သန်း သွားလာနိုင်ရေး ဆောင်ရွက်ပေးနိုင်ပါရန် အစီအစဉ် ရှိ/ မရှိ။

(၂) ရှိပါက မည်သည့်နေ့ရက်မှ စတင်၍ ခွင့်ပြုပေးမည်နှင့် မရှိပါက အဘယ် ကြောင့်နည်း။

(၃) အနီးအနားမြို့ရွာများနှင့် နေ့ချင်းပြန်ခရီးသွား ပြည်သူများ နိုင်ငံသား စိစစ်ရေး ကတ်ပြားနှင့် သက်သေခံအထောက်အထားတစ်ခုခု မရှိပါက မည်ကဲ့သို့ အဆင်ပြေအောင် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါသည်ဆိုတဲ့ ကြယ်ပွင့်ပြ မေးခွန်းနှင့် ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးလှဦးမှ ရှင်းလင်း တင်ပြသွားမှာ ဖြစ်ပါတယ်။

လွိုင်လင်ခရိုင်၊ ကျေးသီးမြို့နယ်၊ မိုင်းနောင်မြို့မှာ လက်ရှိစစ်ဆေးရေးဂိတ် ဖွင့်လှစ်ထားသောနေရာဟာ မိုင်းနောင်– မိုင်းရှူး၊ မိုင်းနောင်– ဝမ်စိမ်း– ကွန်ဟိန်း၊ မိုင်းနောင်– ဝမ်စိမ်း– ခိုလမ်သွား ကားလမ်းများ ပေါင်းစုံရာ ကျေးသီးမြို့နယ်အုပ်ချုပ်ရေးရုံး အရှေ့ရှိ တြိဂံလမ်းဆုံနေရာမှာ တည်ရှိပါတယ်။

ဌာနဆိုင်ရာများအနေဖြင့်လည်း လုပ်ငန်း လိုအပ်ချက်ရှိပါက ရောင်တခင်ပေါင်းစပ်ဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါ ဂိတ်မှာ မိုင်းနောင်တပ်နယ်မှ တာဝန်ကျတပ်မတော်သားများနှင့် မိုင်းနောင်နယ်မြေရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များသာ နေ့စဉ်ပုံမှန်စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါ စစ်ဆေးရေးဂိတ်ဟာ မြို့အဝင်/ အထွက်နေရာ၌မဟုတ်ဘဲ မြို့တွင်းမှာ ကျရောက်နေပေမဲ့လည်း မြို့၏ တောင်ဘက်ခြမ်းတွင် တည်ရှိတဲ့ ဌာနဆိုင်ရာ ရုံးများနှင့်ဝန်ထမ်းများ၏ လုံခြုံရေးအပြင် အချက်အချာကျသော လမ်းဆုံဖြစ်ပြီး ဂိတ်မှာ ယာဉ်များအား ရှာဖွေစစ်ဆေးမှုများကြောင့် တရားမဝင် သစ်၊ ကျွဲ၊ နွားသယ်ဆောင်မှုများ၊ မူးယစ်ဆေးဝါး သယ်ဆောင်မှုများကိုလည်း ဖမ်းဆီးအရေးယူ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ စစ်ဆေးဂိတ်မှ စုံစမ်းမေးမြန်း စစ်ဆေးရှာဖွေ ဖမ်းဆီးအရေးယူမှုများ ဆောင်ရွက်ရာမှာ ခရီးသွားပြည်သူများ စိတ်အနှောင့်အယှက် မဖြစ်စေရေး မလိုအပ်ဘဲ အချိန်ကြာမြင့်မှုမရှိစေရေး၊ အခက်အခဲမရှိ သွားလာနိုင်ရေးတို့နှင့်စပ်လျဉ်းပြီးတော့ အောက်ပါအတိုင်း ဆောင်ရွက်လျက်ရှိပါတယ်–

(၁) အများပြည်သူ ခရီးသွားယာဉ်ငယ်များအား အချိန်မရွေး(၂၄)နာရီ ဖြတ်သန်းသွားလာခွင့်ပြုကြောင်း ယာဉ်ကြီးများအား တရားမဝင် သစ်၊ ကျွဲ၊ နွား၊ မူးယစ်ဆေးဝါးများ၊ တရားမဝင် နိုင်ငံခြားသားများနှင့် သောင်းကျန်းသူများ၊ လက်နက်/ ခဲယမ်းများ ဖြတ်သန်းသယ်ဆောင်မှု မရှိစေရေး၊ စနစ်တကျစစ်ဆေးကြပ်မတ်လျက်ရှိကြောင်း၊ ည(၆)နာရီမှ မနက်(၆) နာရီတွင် ယာဉ်ကြီးများ၏ လုံခြုံရေး စိတ်ချရမှု အခြေအနေအရ သွားလာမှု တားမြစ်ထားကြောင်း၊ အညိုရောင်စစ်ဆင်ရေး နယ်မြေဖြစ်သည့်အတွက် ၎င်းတို့၏ လုံခြုံရေးအခြေအနေအရ သွားလာခွင့် တားမြစ်ထားပါကြောင်း၊

(၂) ခရီးသည်တင်ယာဉ်များအား (၂၄)နာရီသွားလာခွင့်ပေးထားကြောင်း၊ ယာဉ်ကြီးများကိုသာ ၎င်းတို့၏ လုံခြုံရေးအရ ည(၆)နာရီမှ နောက်နေ့မနက် (၆)နာရီအတွင်း သွားလာခွင့် တားမြစ်ထားကြောင်း။

(၃) အနီးအနားရှိ မြို့/ ရွာများမှ နေ့ချင်းပြန်ခရီးသွား ပြည်သူများ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် သက်သေခံအထောက်အထား တစ်ခုခု မပါရှိပါက တိုင်းရင်းသား ဟုတ်/ မဟုတ်စစ်ဆေးပြီး အဆင်ပြေအောင် သွားလာခွင့်ပြုထားကြောင်း၊ တရားမဝင် နိုင်ငံခြားသားများ သွားလာမှု ရှိ/ မရှိ စစ်ဆေးမှုများသာ ပြုလုပ်လျက်ရှိပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစဝ်အောင်မြတ်က မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစဝ်အောင်မြတ်၊ ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** ဒီကနေ့ ရှမ်းပြည်နယ်လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို တက်ရောက်လာကြတဲ့ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာကြသူများ အားလုံး ကျန်းမာ၊ ချမ်းသာကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစဝ်အောင်မြတ် ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမယ့် မေးခွန်းကတော့ ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့နယ်၊ ဆတ်ခြံကျေးရွာအုပ်စုအတွင်းမှာရှိတဲ့ ဆတ်ခြံ၊ ဝွေးပင်၊ တောင်ဦးစတဲ့ ကျေးရွာတွေ စုစုပေါင်းအိမ်ခြေ ၃၁၁ အိမ်၊ အိမ်ထောင်စု ၃၁၁ စု၊ လူဦးရေ ၁၄၁၆ ဦးရှိပြီးတော့မှ တိုးတက်လာတဲ့ လူဦးရေနဲ့ ကျွဲ၊ နွား တိရစ္ဆာန်တွေအတွက်ကို နွေရာသီချိန် သောက်သုံးရေလုံလောက်မှုမရှိဘဲ အခက်ခဲများစွာ ကြုံတွေ့နေရပါတယ်။

ဒါကြောင့် မဲဆန္ဒရှင် ပြည်သူများအနေနဲ့ ဒီကျေးရွာတွေမှာ ရေလုံလောက်စွာ ရရှိနိုင်ဖို့အတွက်ကို ကျေးရွာကနေပြီးတော့မှ (၁၃)မိုင်ကွာဝေးတဲ့ ရွာငံမြို့နယ်၊ ကျန်တောကျေးရွာအုပ်စု၊ မြသိန်းတန်ကျေးရွာ ရေထွက်ကနေ ရေပိုက်လိုင်းတွေနဲ့ ရေသွယ်ယူစနစ်ဖြင့် သောက်သုံးရေရရှိရေး ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ/ မရှိနှင့် ရှိပါက မည်သည့်ကာလတွင် ဆောင်ရွက်ပေးမယ်ဆိုတာကို သိရှိလိုတဲ့အတွက် ကြယ်ပွင့်ပြမေးခွန်းကို

လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ မေးမြန်းတင်ပြအပ်ပါတယ်။ကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ။** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။** အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်နှင့်တကွ တက်ရောက်ကြတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ယနေ့လေ့လာကြသူ ပုဂ္ဂိုလ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်း ဆက်သအပ်ပါတယ်။ ရွာငံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစဝ်အောင်မြတ် မေးမြန်းတဲ့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ရွာငံမြို့နယ်၊ ဆတ်ခြံကျေးရွာအုပ်စုအတွင်းရှိ ဆတ်ခြံ၊ ငွေးပင်၊ တောင်ဦးကျေးရွာများမှာ သောက်သုံးရေ လုံလောက်စွာ ရရှိရန်အတွက် ကျန်တောကျေးရွာအုပ်စု၊ မြသိန်းတန်ရေထွက်မှ ရေသွယ်ယူ ပေးနိုင်ရန် အစီအစဉ် ရှိ/ မရှိဆိုတဲ့ မေးခွန်းနှင့်ပတ်သက်ပြီး ကျွန်တော် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး တာဝန်ယူထားတဲ့ ဦးစိုင်းလုံကျော်ကနေပြီးတော့ ပြန်လည်ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်ကြီးခရိုင်၊ ရွာငံမြို့နယ်၊ ဆတ်ခြံကျေးရွာအုပ်စု အတွင်းရှိ ကျေးရွာများအနက် ဆတ်ခြံကျေးရွာမှာ အိမ်ခြေ ၁၁၄ အိမ်၊ အိမ်ထောင်စု ၁၁၄ စု၊ လူဦးရေ ၅၀၃ ဦး၊ ငွေးပင်ကျေးရွာတွင် အိမ်ခြေ ၈၅ အိမ်၊ အိမ်ထောင်စု ၈၅ စု၊ လူဦးရေ ၃၆၃ ဦးနှင့် တောင်ဦးကျေးရွာတွင် အိမ်ခြေ ၁၁၂ အိမ်၊ အိမ်ထောင်စု ၁၁၂ စု၊ လူဦးရေ ၄၉၃ ဦး မှီတင်းနေထိုင်လျက်ရှိပါတယ်။ လက်ရှိရေရယူသုံးစွဲမှုအနေဖြင့် ဆတ်ခြံကျေးရွာမှာ ထန်းက ရောက်ရေထွက်နှင့် ငွေးပင်ကျေးရွာမှာ ခရအင်းရေထွက်ကနေ ရေရယူသုံးစွဲလျက်ရှိပြီး အဆိုပါရေထွက်များမှာ မိုးရာသီ၌သာ သုံးစွဲနိုင်ကြောင်း သိရပါတယ်။ တောင်ဦးကျေးရွာဟာ ၂၀၁၇- ၂၀၁၈ ခုနှစ်၊ ဘဏ္ဍာရေးနှစ်မှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နေပြီးမှ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ ကျပ် **၇.၆၅** သန်းဖြင့် ဆောင်ရွက်ထားသည့် မြေသား ရေကန်မှ ရေစုဆောင်းပြီး ရယူသုံးစွဲလျက်ရှိပါတယ်။

ဆတ်ခြံကျေးရွာ၊ တောင်ဦးကျေးရွာနှင့် ငွေးပင်ကျေးရွာမှာ ရေရရှိရေးအတွက် ကျန်တော ကျေးရွာအုပ်စု၊ မြသိန်းတန်ကျေးရွာရေထွက်မှ ရေရယူမည်ဆိုပါက ရေထွက် ကနေပြီးတော့ (၁၃/ ၀)မိုင်ကွာဝေးတဲ့ ငွေးပင်ကျေးရွာမှာ ဂါလန် **၁၀၀၀၀** ဆံ့တဲ့ ရေဖြန့်ကန် (၁)ကန် တည်ဆောက်ပြီး ကျေးရွာတွင်း ရေဖြန့်ဝေသုံးစွဲရန်နှင့် အဆိုပါ ရေဖြန့်ဝေကန်မှ

ဆတ်ခြံကျေးရွာ ရေရရှိရန်အတွက်(၄)ဖာလုံ၊ ဆတ်ခြံကျေးရွာမှ တောင်ဦးကျေးရွာအထိ(၁/ ၀) မိုင် ဒီရေပိုက်သွယ်တန်းပြီးတော့ ကျေးရွာ(၁)ရွာမှာ ဂါလန် (၅၀၀၀)ဆံ့ ရေစုကန် (၁)ကန်စီ တည်ဆောက်ပေးပါက ဒီကျေးရွာ(၃)ရွာလုံး ရေလုံလောက်စွာ ရရှိမှာဖြစ်ပါတယ်။ ရေသွယ်ယူမည့်ကျန်တောကျေးရွာအုပ်စု၊ မြသိန်းတန်ကျေးရွာရေထွက်မှ ရေသွယ်ယူရန်အတွက် မြသိန်းတန်ကျေးရွာနှင့်လည်း သဘောတူညီမှု ရရှိပြီးဖြစ်ပါတယ်။ အဆိုပါကျေးရွာ (၃)ရွာ ရေရရှိရေးလုပ်ငန်းအတွက် ခန့်မှန်းကုန်ကျငွေဟာ ကျပ်သန်းပေါင်း **၁၃၅.၆၇၅** သန်း ကုန်ကျမှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ရွာငံမြို့နယ်၊ ဆတ်ခြံကျေးရွာအုပ်စုအတွင်းရှိ ဆတ်ခြံ၊ ဝွေးပင်၊ တောင်ဦးကျေးရွာများမှာ သောက်သုံးရေလုံလောက်စွာ ရရှိရေးအတွက် ကျန်တောကျေးရွာအုပ်စု၊ မြသိန်းတန်ရေထွက်မှ ရေသွယ်ယူခြင်းလုပ်ငန်းကို ရွာငံမြို့နယ်ရဲ့ စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေးကော်မတီကနေ လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပြီး ရေးဆွဲတင်ပြလာပါက ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်ပြီး ပြည်နယ်အတွင်း ဦးစားပေး အစီအစဉ်များအရ လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကနေတစ်ဆင့် လေးစားစွာ ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညီညီ(ခ) ဦးညီလေးချမ်းက ပထမမေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်း ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အတွင်းရှိ အချို့သော မြို့နယ်များတွင် မီးဖိုချောင်သုံး ဂက်(စ်)အိုးများကို လက်လီ/ လက္ကားရောင်းချသော ဆိုင်များမှ ပြည်သူတစ်ချို့က ဝယ်ယူအသုံးပြုနေပါတယ်။ အဆိုပါ ရောင်းချသော ဂက်(စ်)အိုးများသည် သံချေးတက်ခြင်း၊ ယိုဖိတ်ခြင်းများ ဖြစ်ပေါ်လာပါက မီးဘေးအန္တရာယ်တွေ့ကြုံရခြင်း ပေါက်ကွဲမှုများ ဖြစ်ပေါ်လာနိုင်သည့်အတွက် လူ့အသက်အန္တရာယ်ကိုပါ ထိခိုက်နိုင်ပါတယ်။ သို့ဖြစ်ပါ၍ ဂက်(စ်)အိုးများကို လက်လီ/ လက္ကားရောင်းချသော ဆိုင်များတွင် ဂက်(စ်)အိုးများသည် သတ်မှတ်စံချိန်စံညွှန်းများ ညီ/ မညီအပြင် ဂက်(စ်)အိုးများသည် သံချေးတက်ခြင်း၊ ယိုဖိတ်ခြင်းများ ရှိ/ မရှိကို မည်သို့

စစ်ဆေးဆောင်ရွက်ပေးပြီး ပညာပေးအစီအစဉ်များကိုလည်း မည်သို့စီမံဆောင်ရွက်ပေးမည်ကို အများပြည်သူ သိရှိနိုင်ရန်အတွက် ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအား ကြယ်ပွင့်ပြမေးခွန်းမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းရှဲန်တစ်လုံ၊ လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ လေ့လာကြသူများအားလုံးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးချုပ်နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ဦးစွာပဏာမ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး တာဝန်ယူထားတဲ့ ကျွန်တော် ဦးစိုင်းရှဲန်တစ်လုံ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်းရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်ပြီးတော့ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ မီးဖိုချောင်သုံး ဂက်(စ်)အိုးများ (LPG) ဖြန့်ဖြူးရောင်းချခြင်းဆိုင်ရာ ထိန်းသိမ်းကြီးကြပ်ခြင်းဆိုင်ရာ လုပ်ငန်းများကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် ဓာတုဗေဒ လုပ်ငန်း(ရုံးချုပ်)၊ နေပြည်တော်ကနေ တိုက်ရိုက်ဆောင်ရွက်လျက်ရှိပါတယ်။ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်လိုသူများကိုလည်းပဲ လုပ်ငန်းလိုင်စင်များကို စိစစ်ထုတ်ပေးလျက်ရှိပါကြောင်း တင်ပြလိုပါတယ်။ ရှမ်းပြည်နယ်တစ်ခုလုံးမှာ (LPG) ဖြန့်ဖြူးရောင်းချခွင့်လိုင်စင်ထုတ်ပေးမှုအနေနဲ့ တင်ပြရမယ်ဆိုရင် ရှမ်းပြည်နယ်(တောင်ပိုင်း)မှာ လုပ်ငန်းရှင်(၃၇)ဦး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာဆိုရင် လိုင်စင်ရပြီးသူ (၁၉)ဦးနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှာလည်းပဲ (၁၉)ဦးရှိပါတယ်။ စုစုပေါင်း ရှမ်းပြည်နယ်မှာ လုပ်ငန်းရှင်(၇၀)ဦးကို ဖြန့်ဖြူးရောင်းချခွင့် လိုင်စင်များ ထုတ်ပေးပြီးဖြစ်ပါကြောင်း တင်ပြလိုပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မီးဘေးအန္တရာယ်နှင့် ပေါက်ကွဲမှုအန္တရာယ်များမှ ကင်းဝေးစေရေးအတွက် လက်ကားရောင်းချသော ကုမ္ပဏီများမှ ဝန်ထမ်းများကို (LPG) Safety Training သင်တန်းများ ဖွင့်လှစ်ပြီးတော့ ရေနံဓာတ်ငွေ့ရည်ဆိုင်ရာ အသိပညာပေးဗဟုသုတများ သင်ကြားပို့ချပေးလျက်ရှိပါကြောင်းနှင့် လက်လီရောင်းချသူများကိုလည်း ထပ်ဆင့်သင်တန်းများ ပို့ချပေးဖို့ ညွှန်ကြားထားရှိပါကြောင်း၊ လက်လီလုပ်ငန်းလိုင်စင်များ သက်တမ်းတိုးချိန်များတွင်လည်းပဲ ဘေးအန္တရာယ် ကင်းရှင်းစေရေးအတွက် ကွင်းဆင်း

စစ်ဆေးခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေပြီးတော့ အသိပညာပေး ရှင်းလင်းခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြလိုပါတယ်။

မကြာမီကာလမှာ ထုတ်ပြန်တော့မည့် ရေနံဓာတ်ငွေ့ရည်ဆိုင်ရာ စည်းမျဉ်း ဥပဒေမှာ ရေနံဓာတ်ငွေ့ရည်အိုးများ စံသတ်မှတ်ခြင်း၊ စစ်ဆေးခြင်းတို့ကို တိကျစွာထည့်သွင်းထားပြီး တော့ သတ်မှတ်ချိန်မှာ စစ်ဆေးခြင်းမပြုလုပ်သည့်အိုးများကိုလည်းပဲ အသုံးပြုသည့်ဆိုင်များ၊ ကုမ္ပဏီများကိုလည်းပဲ တိတိကျကျ အရေးယူဆောင်ရွက်သွားဖို့ ရှိပါတယ်ခင်ဗျား။ ဖြည့်တင်း ပြီးရေနံဓာတ်ငွေ့ရည်အိုးများကိုလည်းပဲ တိုက်ခန်း၊ ဆိုင်ခန်းများနှင့် သိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းနှင့်စပ်လျဉ်းပြီး သတ်မှတ်ထားသည့် မီးဘေးလုံခြုံရေးဆိုင်ရာ ပြဋ္ဌာန်းချက်များ လိုက်နာနိုင်ရေးအတွက် အောက်ပါအတိုင်း စစ်ဆေးကြပ်မတ်လျက်ရှိပါတယ်–

(က) သိုလှောင်၊ ဖြန့်ဖြူးသည့် အဆောက်အဦအမျိုးအစား၊ အကျယ်အဝန်း (မီးဒဏ် ခံနိုင်မှု၊ လေဝင်/ လေထွက်စနစ်၊

( ခ) သိုလှောင်သည့်ပမာဏ/ သိုလှောင်သည့်စနစ်၊

( ဂ) ရေနံဓါတ်ငွေ့ရည်ယိုစိမ့်ပြန့်နှံ့မှု၊ ဘေးကင်းလုံခြုံမှု အကွာအဝေး (Safety distance) သတ်မှတ်ချက် နှင့် ကိုက်ညီမှု ရှိ/မရှိ၊

(ဃ) မီးလုန့်အချက်ပေးစနစ်၊ အရေးပေါ်လွတ်မြောက်မှုစနစ်နှင့် မီးဘေးလုံခြုံရေး ဆိုင်ရာ မီးငြိမ်းသတ်ရေး ပစ္စည်းကိရိယာများ လုံလောက်စွာတပ်ဆင်ထားရှိမှု ရှိ/မရှိ၊

( င) မီးဘေးလုံခြုံရေးဆိုင်ရာအသိပညာပေးခြင်းဖြစ်ပါတယ်။

စည်ပင်သာယာရေးဌာန ပိုင်ဈေးများအတွင်း စား သောက်ဆိုင်တန်းများတွင်လည်းပဲ ဂက်( စ် )မီးဖို အသုံးပြုမှုများ နှင့်ပတ်သက်ပြီး မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့်ပူးပေါင်းပြီးတော့ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့် မီးလောင်မှု ဖြစ်ပေါ်လာပါက အလွယ်တကူ မီးငြိမ်းသတ်နိုင်ရေးအား သရုပ်ပြလေ့ကျင့်မှုများ ဆောင်ရွက်ပေးလျက်ရှိ ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညီညီ(ခ) ဦးညီလေးချမ်းက ဒုတိယမေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးညီညီ(ခ) ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** ဒုတိယမေးခွန်း အနေနဲ့ ဆက်လက်တင်ပြရမယ်ဆိုရင် ရှမ်းပြည်နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနမှ ၂၀၁၈ ခုနှစ်မှ ယနေ့အထိ မော်တော်ကား၊ မော်တော်ဆိုင်ကယ်များအား

မှတ်ပုံတင်ခြင်းနှင့် သက်တမ်းတိုးပေးသည့် ယာဉ်အမျိုးအစား၊ အရေအတွက်နှင့် ၎င်းယာဉ်များမှ အခွန်အခများမည်မျှရရှိကြောင်းနှင့် ယာဉ်မောင်းလိုင်စင်ပြုလုပ်ပေးခြင်း သက်တမ်းတိုးပေးခြင်းအရေအတွက်နှင့် အခွန်အခမည်မျှရရှိကြောင်းနှင့်အဆိုပါ အခွန်ငွေများကို မည်သို့စီမံဆောင်ရွက်ကြောင်းကို အများပြည်သူ သိရှိနိုင်ရန်အတွက် ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအား ကြယ်ပွင့်ပြမေးခွန်းမေးမြန်းအပ်ပါတယ်။

ရှမ်းပြည်နယ်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားရေးဦးစီးဌာနမှ ၂၀၁၈ ခုနှစ်မှ ယနေ့အထိ မော်တော်ကား၊ မော်တော်ဆိုင်ကယ်များအား မှတ်ပုံတင်ခြင်းနှင့် သက်တမ်းတိုးပေးသည့် ယာဉ်အမျိုးအစား၊ အရေအတွက်နှင့် ၎င်းယာဉ်များမှ အခွန်အခများမည်မျှရရှိကြောင်းနှင့် ယာဉ်မောင်းလိုင်စင်ပြုလုပ်ပေးခြင်း သက်တမ်းတိုးပေးခြင်း အရေအတွက်နှင့် အခွန်အခမည်မျှရရှိကြောင်းနှင့်အဆိုပါ အခွန်ငွေများကို မည့်သို့စီမံဆောင်ရွက်ကြောင်းကို အများပြည်သူသိရှိနိုင်ရန်အတွက် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအား ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာကြတဲ့ ဧည့်သည်တော်ကြီးများအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဦးစွာပဏာမနှုတ်ခွန်းဆက်သအပ်ပါတယ်။ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ)ဦးညီလေးချမ်းက မေးမြန်းထားတဲ့

ရှမ်းပြည်နယ်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ၂၀၁၈ ခုနှစ်မှ ယနေ့ထိ မော်တော်ကား၊ မော်တော်ဆိုင်ကယ်များအား မှတ်ပုံတင်ခြင်း၊ သက်တမ်းတိုးပေးသည့် ယာဉ်အမျိုးအစား၊ အရေအတွက်နှင့် ၎င်းယာဉ်များမှ အခွန်အခမည်မျှရရှိကြောင်းနှင့် ယာဉ်မောင်းလိုင်စင်ပြုလုပ်ပေးခြင်း၊ သက်တမ်းတိုးပေးခြင်းအရေအတွက်နှင့် အခွန်အခမည်မျှရရှိကြောင်းနှင့် အဆိုပါ အခွန်ငွေများကို မည်သို့ စီမံဆောင်ရွက်နေသည်ကို သိရှိလိုပါကြောင်း ကြယ်ပွင့်ပြမေးခွန်းနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခွန်ရဲထွေးမှ ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (ကညန)မှာ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလအထိ ရှိစာရင်းမှာ မော်တော်ယာဉ် **၅၀၅၈၃၇** စီး၊ ယာဉ်မောင်းလိုင်စင်ပေါင်း ၄၄၈၉၆၅ စောင် မှတ်ပုံတင်ထားရှိပြီး ဖြစ်ပါတယ်။ ၁-၁-၂၀၁၈ ရက်မှ ၁၁-၃-၂၀၁၉

ရက်နေ့အထိ မော်တော်ယာဉ်အမျိုးအစား (၅)မျိုးအား မှတ်ပုံတင်ခြင်းလုပ်ငန်းဆောင်ရွက်ပေးနိုင်မှုများကို တင်ပြပေးသွားမှာ ဖြစ်ပါတယ်။

ပထမအမျိုးအစားအနေနဲ့တော့ မော်တော်ယာဉ်မှတ်ပုံတင်ပေးခြင်းမှာ အသစ်ထုတ်ပေးခြင်း **၉၆** စောင်၊ သက်တမ်းတိုးခြင်း **၄၃၄၈၈**၊ အခြားမှတ်ပုံတင်ခြင်း **၆၃၇၁**၊ ဆိုင်ကယ်မှတ်ပုံတင်အသစ်ထုတ်ပေးခြင်း **၃၀၂၃၈**၊ သက်တမ်းတိုးခြင်း **၈၇၃၉၂**၊ အခြားမှတ်ပုံတင်ခြင်း **၆၉၃၅**၊ သုံးဘီး မှတ်ပုံတင်ခြင်း အသစ်ထုတ်ပေးခြင်းမှာ **၁၉၆**၊ သက်တမ်းတိုးခြင်း **၂၁၉၁** စီး၊ အခြားမှတ်ပုံတင်ခြင်းမှာ **၂၅၀** စီးဖြစ်ပါတယ်။ ထော်လာဂျီ မှတ်ပုံတင်ခြင်းများနှင့် ပတ်သက်၍ အသစ်ထုတ်ပေးခြင်း အစီး **၂၀**၊ သက်တမ်းတိုးခြင်း **၅၅၇** စီးနှင့် အခြားမှတ်ပုံတင်ခြင်း **၄၄** စီး ဖြစ်ပါတယ်။ ယန္တရားအနေနဲ့တော့ အခြားမှတ်ပုံတင်ခြင်း **၃၀** စီး ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ၁-၁-၂၀၁၈ ရက်မှ ၁၁-၃-၂၀၁၉ ရက်နေ့အထိ ယာဉ်မောင်းလိုင်စင် လုပ်ငန်းဆောင်ရွက်ပေးနိုင်မှုအခြေအနေများမှာ အောက်ပါအတိုင်း ဖြစ်ပါတယ်-

| | | | |
|---|---|---|---|
| (က) | အသစ်ထုတ်ပေးခြင်း | **၉၅၅၄၃** | စောင် |
| (ခ) | သက်တမ်းတိုးခြင်း | **၄၇၀၆၄** | စောင် |
| (ဂ) | မိတ္တူထုတ်ပေးခြင်း | **၇၂၅၇** | စောင် ဖြစ်ပါတယ်။ |

မော်တော်ယာဉ် မှတ်ပုံတင်ခြင်းလုပ်ငန်းနှင့် ယာဉ်မောင်းလိုင်စင်ထုတ်ပေးခြင်းလုပ်ငန်းတို့မှ ၁-၁-၂၀၁၈ ရက်မှ ၁၁-၃-၂၀၁၉ ရက်နေ့အထိ ကောက်ခံရရှိသည့် အခွန်ငွေများမှာ ယာဉ်မှတ်ပုံတင်ခြင်းအတွက် ကောက်ခံရရှိငွေ ကျပ်သန်းပေါင်း **၃၇၀၂.၉၆၉** သန်း၊ ယာဉ်မောင်းလိုင်စင် ကောက်ခံရရှိငွေ ကျပ်သန်းပေါင်း **၁၇၂၀.၀၄၀** သန်းနှင့် စုစုပေါင်း **၅၄၂၃.၀၀၉** သန်းဖြစ်ပါတယ်။ ရှမ်းပြည်နယ်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် မော်တော်ယာဉ် မှတ်ပုံတင်ခြင်းလုပ်ငန်းနှင့် ယာဉ်မောင်းလိုင်စင်ထုတ်ပေးခြင်းလုပ်ငန်းတို့မှ ကောက်ခံရရှိသည့် အခွန်ငွေများအားလုံးကို ဌာန၏ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ သတ်မှတ်ငွေစာရင်းခေါင်းစဉ်သို့ ပေးသွင်းရပါတယ်။ အခွန်နဲ့ပတ်သက်ရင်တော့ မော်တော်ယာဉ်ကိစ္စနှင့်စပ်လျဉ်း၍ အမည်လွှဲပြောင်းခြင်းမှ ပေးသွင်းရသော အခွန်ကိစ္စရပ်များကို ပြည်တွင်းအခွန်ဦးစီးဌာနမှ သတ်မှတ်သော နှုန်းထားဖြင့် ပေးသွင်းစေလျက် ပြည်တွင်းအခွန်ဦးစီးဌာန၏ အခွန်ရငွေအဖြစ် ပေးဆောင်စေ လျက်ရှိပါတယ်။

သို့ပါ၍ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ကောက်ခံရရှိသည့် အခွန်ငွေများနှင့်ပတ်သက်၍ ပြည်ထောင်စုအစိုးရအဖွဲ့မှ စီမံခန့်ခွဲဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားရှင်းလင်း တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းနောင့်က မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းနောင့်၊ မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ယနေ့ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော်(၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေးသို့ ကြွရောက်လာကြသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ တပ်မတော်သားပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူဧည့်သည်တော်များ အားလုံးကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းနောင့် ဖြစ်ပါတယ်။ နိုင်ငံခြားမှ တင်သွင်းလာသော ကြက်သွန်ဖြူ ကြက်သွန်နီနှင့် အာလူး၊ ပဲအမျိုးမျိုးတို့မှာ နိုင်ငံတော်မှ ခွင့်ပြုထားခြင်း ရှိ/ မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းများကို မေးမြန်း တင်ပြသွားမှာ ဖြစ်ပါတယ်။ ဒီမေးခွန်းဟာ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်နေ့ ရက်စွဲဖြင့် တင်ပြထားပြီး အခုလိုမေးခွင့်ရတဲ့အတွက် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ဦးစွာ တင်ပြပါရစေ။

လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ ရှမ်းပြည်နယ်မှာ စိုက်ပျိုးရေးကို အခြေခံသော ပြည်နယ်တစ်ခု ဖြစ်သည့်အလျောက် လယ်ယာထွက် စိုက်ပျိုးသီးနှံများမှာလည်း ပြည်နယ် တွင်းတင်မက တစ်ခြားတိုင်းနှင့် ပြည်နယ်များကိုပါ တင်ပို့ရောင်းချပေးနေသည်ကို မြင်တွေ့ ရပါတယ်။ သို့ပါသော်လည်း မည်သည့်စိုက်ပျိုးတောင်သူမှ ကြွယ်ဝချမ်းသာသော သူဋ္ဌေးဖြစ် မလာသည်ကို တွေ့မြင်ရပါတယ်။ ကုန်စည်ဒိုင်များ၊ အခြားပြည်တွင်း ပြည်ပသို့ တင်ပို့ ရောင်းချနိုင်သော သူများသာ ချမ်းသာကြသည်ကို လေ့လာတွေ့ရှိရပါတယ်။ နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁) အပိုဒ် ၂၃(စ)တွင်လည်း စိုက်ပျိုးထုတ်လုပ်သည့် ကောက်ပဲ သီးနှံများ သင့်တင့်မျှတသည့် တန်ဖိုးရရှိရန် နိုင်ငံတော်မှ ကူညီဆောင်ရွက်ရမည်ဟု ဖော်ပြ ထားပါသော်လည်း လက်ရှိယခုမှာ နိုင်ငံခြားမှ တင်သွင်းလာသော ကြက်သွန်ဖြူ ကြက်သွန်နီ၊ အာလူးနှင့် ပဲအမျိုးမျိုးတို့မှာ တိုင်းပြည်မှ အခွန်များရရှိပါသော်လည်း ပြည်တွင်းစိုက်ပျိုး တောင်သူများ ထိုက်တန်သည့် ဈေးနှုန်းမရရှိသည့်အပြင် ဈေးရောင်းရသည်မှာ ဈေးနှုန်းက အလွန်နိမ့်ကျပြီး စိုက်ပျိုးရေးအရင်းအနှီး ပြန်လည်ရရှိရန်အတွက် အခက်အခဲ ရှိနေသည်ကို တွေ့မြင်နေရပါတယ်။ ထိုသို့ နိုင်ငံခြားမှ တင်သွင်းလာသော ကြက်သွန်ဖြူ ကြက်သွန်နီ၊ အာလူးနှင့် ပဲအမျိုးမျိုးတို့ကြောင့် ပြည်တွင်းစိုက်ပျိုးတောင်သူများမှာ များစွာနစ်နာဆုံးရှုံး ရပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ပြည်ပမှ တင်သွင်းလာသော ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ အာလူး နှင့် ပဲအမျိုးမျိုးတို့မှာ နိုင်ငံတော်မှ ခွင့်ပြုထားသော သီးနှံ ဟုတ်/ မဟုတ်နှင့် ခွင့်ပြုထားသော သီးနှံဖြစ်ပါက ပြည်တွင်းမှာရှိပါလျှက်နှင့် အဘယ်ကြောင့် တင်သွင်းရခြင်း ဖြစ်ပါသနည်း။ ခွင့်ပြုထားခြင်းမရှိပါက အစိုးရမှ မည်သို့စီမံဆောင်ရွက်မည်ကို ရှမ်းပြည်နယ်အတွင်းမှာ ထွက်တဲ့ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ အာလူးနှင့် ပဲအမျိုးမျိုးနှင့် အစိုးရအဖွဲ့မှ ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ရှမ်းပြည်နယ် စိုက်ပျိုးရေး လုပ်ကိုင်စားသောက်နေသော ပြည်သူလူထုတို့၏ စိုက်ပျိုးသီးနှံများကို ထိုက်တန်သော ဈေးနှုန်းရရှိစေရန် မည်သို့ကူညီဆောင်ရွက်မည်ကို သိရှိလိုပါသဖြင့် ပြည်သူလူထုကိုယ်စား ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** **စီမံကိန်းနှင့် ဘဏ္ဍာရေး**ဝန်ကြီးက မေးခွန်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုးညွန့်လွင်(ခ)ဦးစိုးကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာပထမ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ယခု မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းနောင့်ရဲ့ နိုင်ငံခြားမှ တင်သွင်းလာတဲ့ ပြည်ပစိုက်ပျိုးသီးနှံများဖြစ်သော ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ အာလူးနှင့် ပဲအမျိုးမျိုးမှာနိုင်ငံတော်မှ ခွင့်ပြုထားသော သီးနှံ ဟုတ်/ မဟုတ် ခွင့်ပြုထားသော သီးနှံဖြစ်ပါက အဘယ်ကြောင့် ခွင့်ပြုထားကြောင်း၊ ခွင့်ပြုထားသော သီးနှံမဟုတ်ပါက အစိုးရက မည်သို့စီမံဆောင်ရွက်မည်ကို သိရှိလိုပါကြောင်းနှင့် ပြည်တွင်းထွက်သော ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ အာလူးနှင့် ပဲအမျိုးမျိုးတို့ကို အစိုးရမှ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အညီ စိုက်ပျိုးတောင်သူများ သင့်တင့်မျှတသော ဈေးနှုန်းရရှိရန် မည်သို့ကူညီဆောင်ရွက်မည်ကို သိရှိလိုပါသည်နှင့် စပ်လျဉ်းသည့် မေးခွန်းနှင့်ပတ်သက်ပြီး ကျွန်တော် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးညွန့်လွင်(ခ) ဦးစိုးကြီးမှ ပြန်လည် ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ပြည်တွင်းမှ ထွက်ရှိသည့် ကုန်စည်များကို ပြည်ပသို့ တင်ပို့ရောင်းချရာတွင် လည်းကောင်း၊ နိုင်ငံတော်နှင့် ပြည်သူများ၏ လိုအပ်ချက်အရ ပြည်ပမှ ကုန်ပစ္စည်းများ တင်သွင်းရောင်းချရာတွင် လည်းကောင်း ပို့ကုန်၊ သွင်းကုန်လိုင်စင်၊ ပါမစ်များကို စိစစ်ခွင့်ပြုထုတ်ပေးလျက်ရှိပါတယ်။ စိုက်ပျိုးရေး ထွက်ကုန်များအနက် ပြည်တွင်းစားသုံးကုန် မလုံလောက်သည့် ကုန်ပစ္စည်းများကိုသာ ဈေးကွက် လိုအပ်ချက်အရ ပြည်ပမှ တင်သွင်းခွင့်ပြုရာတွင် စိုက်ပျိုးရေးဦးစီးဌာန၏

တင်သွင်းခွင့် ထောက်ခံချက် (Import Certificate– IC)ကတ် ပါရှိမှသာ တင်သွင်းခွင့်ပြုပေးလျက်ရှိသော်လည်း ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ပဲအမျိုးမျိုးနှင့် အာလူးတို့ကိုတော့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေနဲ့ လက်တလော တင်သွင်းခွင့်ပြုပေးထားပေးခြင်းမရှိပါဘူး။ ကြက်သွန်ဖြူ ကြက်သွန်နီ၊ ပဲအမျိုးမျိုးနှင့် အာလူးသီးနှံများကို ပြည်တွင်း၌ စိုက်ပျိုးရန် မျိုးအဖြစ် လျှောက်ထားပါက စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မျိုးကောင်းမျိုးသန့်များ ဖြစ်/ မဖြစ်၊ စိုက်ပျိုးရန် သင့်/ မသင့်ဆိုသည်ကို စမ်းသပ်စစ်ဆေးပြီးမှသာ ဥပဒေနှင့်အညီ ထောက်ခံချက် ထုတ်ပေးပါတယ်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ပြည်တွင်းတွင် သဘာဝဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း၊ ဈေးကွက်သဘောအရ ကုန်ပစ္စည်းရှားပါးသည့်အချိန် (သို့မဟုတ်) ကုန်ဈေးနှုန်းကြီးမြင့်သည့်အချိန်တွင် လည်းကောင်း၊ စားသုံးသူ ပြည်သူများ၏ လိုအပ်ချက်အရ မလုံလောက်သည့် ကုန်ပစ္စည်းများကို လည်းကောင်း၊ ပြည်ပမှ တင်သွင်းခွင့်ပြုရာတွင် သက်ဆိုင်ရာ ဌာနများ၏ ထောက်ခံချက်နှင့် မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၊ ကြက်သွန်ဖြူ ကြက်သွန်နီနှင့် စားဖိုဆောင်သီးနှံစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းစသည့် အသင်းများ၏ သဘောထားမှတ်ချက်များအရ စိစစ်ပြီးမှ တင်သွင်းခွင့်ပြုပါတယ်။

တရားမဝင် ကုန်ပစ္စည်းများ တားဆီးထိန်းချုပ်ရေးလုပ်ငန်းများကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဦးဆောင်ပြီးတော့ သက်ဆိုင်ရာ ဌာနများ ပါဝင်သည့် ပူးပေါင်းအဖွဲ့များဖြင့် တားဆီးဆောင်ရွက်လျက်ရှိသည့်အပြင် နယ်စပ်ကုန်သွယ်ရေးစခန်းဝန်းကျင်တွင် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် တရားမဝင်ကုန်သွယ်မှုများကိုလည်း တားဆီးဆောင်ရွက်လျက်ရှိပါတယ်ခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့်လည်း နယ်စပ်ဒေသမှ ဖြတ်သန်း၍ တရားမဝင်ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်နေခြင်းကြောင့် ၎င်းတို့ကို စစ်ဆေးဖော်ထုတ်၍ ထိရောက်စွာအရေးယူ ဆောင်ရွက်နိုင်ရန်အတွက် "ပြည်နယ်တရားမဝင်ကုန်သွယ်မှုများ တားဆီးအရေးယူနိုင်ရေး အထူးအဖွဲ့"နှင့် "လုပ်ငန်းကော်မတီ"များ ဖွဲ့စည်းဆောင်ရွက်ထားရှိလျက်ရှိပြီး တရားမဝင်ကုန်သွယ်မှုများနှင့် တရားဝင် လမ်းကြောင်းများပေါ်မှ တရားမဝင် ကုန်စည်များတင်သွင်းနေမှုများကို အဖွဲ့စုံဖြင့် စစ်ဆေးအရေးယူ ဆောင်ရွက်ရန် စီစဉ်လျက်ရှိပါတယ်။

မြန်မာနိုင်ငံတွင် စိုက်ပျိုးသည့် အထက်ပါသီးနှံများအပါအဝင် အခြားသီးနှံများ အရည်အသွေး မှန်ကန်စွာ ထုတ်လုပ်မှုတိုးမြှင့်စေရေး၊ ဈေးကွက်/ ဈေးနှုန်းမှန်ကန်မှုရှိစေရေးအတွက် မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်သူများ

အသင်းနှင့်ပူးပေါင်း၍ ဆောင်ရွက်ပေးခြင်း၊ သီးနှံစိုက်ပျိုးသည့် တိုင်းဒေသကြီး/ ပြည်နယ်များသို့ ကွင်းဆင်းလေ့လာရေး အစီအစဉ်များဖြင့် အပြန်အလှန် သွားရောက်စေခြင်းများ ဆောင်ရွက်ပေးခြင်းအပြင် ဒေသအလိုက် သီးနှံဇုန်များ၊ သီးနှံအစုအဖွဲ့များ ဖွဲ့စည်းနိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။

(၂၅- ၁- ၂၀၁၉) ရက်နေ့တွင် ကိုးရီးယားသမ္မတနိုင်ငံ JROOT အဖွဲ့အစည်းနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များတွေ့ဆုံကာ ရှမ်းပြည်နယ်၊ ဟဲဟိုး၊ အောင်ပန်း၊ ပင်းတယဒေသထွက် ဂေါ်ဖီထုပ်များအား ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသခံပြည်သူများ အလုပ်အကိုင်ရရှိရေး၊ ဈေးကောင်းရရှိရေး၊ ဈေးကွက်တည်ငြိမ်ရေးတို့အတွက် ဂေါ်ဖီထုပ်ကို ကုန်ချောအထိ အမှုန့်ပြုလုပ်ပြီး စနစ်တကျထုတ်ပိုးကာ ပြည်ပပို့ကုန်အဖြစ် တင်ပို့နိုင်ရေးအတွက် မြေဧရိယာ (၄)ဧကပေါ်တွင် ကုန်ချောထုတ်စက်ရုံ၊ သီးနှံအခြောက်ခံစက်ရုံ၊ သီးနှံအအေးခန်းစက်ရုံများ တည်ဆောက်ပြီး တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး အမေရိကန်ဒေါ်လာ **၂.၅** သန်းဖြင့် ရင်းနှီးမြှုပ်နှံကာ **၂၀၂၀** ခုနှစ်တွင် လုပ်ငန်းစတင်လည်ပတ်နိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် နားလည်မှုစာချွန်လွှာ MoU သဘောတူညီမှုစာချုပ် MoA လက်မှတ်ရေးထိုးဆောင်ရွက်ပြီး ဖြစ်ပါတယ်။

အလားတူပဲ အခြားသီးနှံများဖြစ်တဲ့ ပြောင်း၊ အားလူး၊ ကြက်သွန်ဖြူ ကြက်သွန်နီ၊ ပဲအမျိုးမျိုး၊ လက်ဖက်၊ သရက်၊ ကော်ဖီ၊ ထောပတ်၊ မက်ကေတေးနီးယား အစရှိသည်တို့ကိုလည်း ကျွန်တော်တို့ စိုက်ပျိုးထွက်သီးနှံတွေက ဈေးကွက်မရရှိသေးတဲ့အကြောင်းက ကုန်ချောအဖြစ် ပြောင်းလဲပြီးတော့ ဈေးကွက်ဝေစုရရှိအောင် မစွမ်းဆောင်နိုင်တဲ့အတွက် ကျွန်တော်တို့ တောင်သူတွေဟာ ဘာသီးနှံစိုက်စိုက် အရှုံးပေါ်ပြီးတော့ ဈေးကွက်ကို မယှဉ်နိုင်တာပဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ရှမ်းပြည်နယ်အစိုးရအနေနဲ့ ရှမ်းပြည်နယ်ဒေသထွက်ကုန်သီးနှံအားလုံးကို ဈေးကွက်ဝေစုရအောင် ကုန်ချောအဖြစ် ပြောင်းလဲပြီးမှသာ ပြောင်းလဲနိုင်ရန်အတွက် ပြင်ပပညာရှင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် အစိုးရတို့ ပူးပေါင်းပြီးတော့ ဆောင်ရွက်လျက် စီမံကိန်းများ မဟာဗျူဟာကျသည့်စီမံကိန်များ ရေးဆွဲလျက်ရှိပါတယ်။ အမျိုးသားပို့ကုန်မဟာဗျူဟာ(National Export Strategy NES)ကို ဦးစားပေးကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး အမျိုးသားပို့ကုန်မဟာဗျူဟာတွင် ထပ်မံထည့်သွင်း ဆောင်ရွက်မည့် ကဏ္ဍသစ်များအနေဖြင့် လယ်ယာထွက်ကုန် အခြေခံအစားအသောက် ထုတ်လုပ်ခြင်းကဏ္ဍ (Agro– Food Processing)နှင့် ဟင်းသီးဟင်းရွက်ကဏ္ဍ(Fruits and Vegetable)တို့ကိုလည်း အမယ်လိုက် ရွေးချယ်ပြီးတော့ အကောင်အထည်ဖော်သင့်သည့် လုပ်ငန်းစီမံချက်များ ပေါ်ထွက်လာအောင် သက်ဆိုင်ရာ ပြင်ပပညာရှင်

အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ အားလုံးပူးပေါင်းပြီးတော့ ဆောင်ရွက်လျက်ရှိပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဆန်းဝင်းအောင်က မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဆန်းဝင်းအောင်၊ မိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** အားလုံးမင်္ဂလာပါ။ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးများ၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူဧည့်ပရိတ်သတ်များ မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်အပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်ခရိုင်၊ မိုင်းတုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဆန်းဝင်းအောင် ဖြစ်ပါတယ်။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့ရှိ ထိုင်း-မြန်မာအမှတ်(၁)ချစ်ကြည်ရေး တံတားအောက်ဘက် နိုင်ငံကူးလက်မှတ်ပြုလုပ်ပေးသည့်နေရာ၌ ပြည်သူအများ အဆင်မပြေ ဖြစ်နေမှုများအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်သို့စီမံဆောင်ရွက်ပေးမည်ကို သိရှိလို ပါသောကြောင့် ကြယ်ပွင့်ပြမေးခွန်းဖြင့် မေးမြန်းသွားမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံတာချီလိတ်မြို့မှ ထိုင်းနိုင်ငံ မယ်ဆိုင်မြို့သို့ အကြောင်းအမျိုးမျိုးကြောင့် သွားလာနေကြသော ပြည်သူများကို နယ်စပ်ကူးသန်းသွားလာခွင့် လက်မှတ်ပြုလုပ်ပေးသည့် ထိုင်း- မြန်မာချစ်ကြည်ရေးတံတားအောက်ရှိ နိုင်ငံကူးလက်မှတ်ထုတ်ပေးသောနေရာသည် ပြည်သူများ တန်းစီစောင့်ဆိုင်းနေရပြီး တန်းစီရသည့်နေရာများ၌လည်း လွန်စွာကျဉ်းမြောင်း ကျပ်တည်းလွန်းခြင်း၊ နေပူမိုးရွာချိန်၌ စောင့်ဆိုင်းလုပ်ဆောင်နေရသည့်အတွက် ပြည်သူ အများမှာ အမိုးအကာမရှိခြင်း၊ စောင့်ဆိုင်းနားနေရန်အတွက် ထိုင်ခုံတစ်လုံးတစ်လေမှ မရှိခြင်း၊ ယာဉ်ငယ်တစ်စီးခန့်သာ မောင်းနှင်နိုင်သည့် ကားလမ်းပေါ်တွင် တန်းစီတိုးဝှေ့ စောင့်ဆိုင်းနေရခြင်းကြောင့် ယာဉ်အန္တရာယ် ထိခိုက်နိုင်ခြင်း၊ နိုင်ငံကူးလက်မှတ်ထုတ်ပေး သောနေရာ၌ ကောင်တာ(၄)ခုရှိသော်လည်း ကောင်တာ(၂)ခုသာ လက်မှတ်ထုတ်ပေးခြင်း ကြောင့် အချိန်ကြာမြင့်စွာ စောင့်ဆိုင်းနေရခြင်း၊ မိုးတွင်းကာလ၌ အဆိုပါနေရာသည် မကြာခဏရေကြီးနစ်မြုပ်မှုရှိခြင်း၊ ဝန်ထမ်းများနိုင်ငံကူးလက်မှတ်ပြုလုပ်ပေးရာ၌ နှောင့်နှေး ကြန့်ကြာမှုရှိခြင်းတို့ကို အစိုးရအဆက်ဆက်မှ ယနေ့အချိန်ထိ အချိန်ကာလကြာမြင့်စွာ ပြည်သူများဒုက္ခခံ လုပ်ကိုင်ဆောင်ရွက်နေရသည်ကို သိရှိရပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။

ထိုင်းနိုင်ငံမယ်ဆိုင်မြို့ရှိ နယ်စပ်ကူးသန်းသွားလာခွင့် လက်မှတ်ပြုလုပ်ပေးနေသော နေရာသည် လာရောက်လုပ်ကိုင်သော ပြည်သူများမှာ လုံလောက်ကျယ်ဝန်းသည့်အဆောက်အဦ

ဆောက်လုပ်ပေးထားခြင်း၊ ယာဉ်ရပ်နားရန်အတွက် ကားပါကင်များရှိခြင်း၊ နိုင်ငံကူးလက်မှတ် လုပ်ဆောင်ပေးသော ကောင်တာ(၁၄)ခု ဖွင့်လှစ်ထားရှိခြင်း အချိန်ကုန်တန်းစီမစောင့်ဆိုင်းရအောင် စီစဉ်ပေးခြင်း၊ အများသောက်သုံးရန် ရေသန့်ဗူးနှင့် တစ်ခါသုံးသောက်ရေခွက်များ ထားရှိပေးခြင်း၊ သန့်ရှင်းသောရေအိမ်သာများနှင့် ရုံးလုပ်ငန်းဆိုင်ရာ လုပ်ဆောင်ရမည့် အချက်များနှင့် အခြားပညာပေးမှုများ၊ ကြော်ငြာဆိုင်းဘုတ်များ ပြုလုပ်ပေးခြင်းတို့ကြောင့် နိုင်ငံကူးလက်မှတ် လာရောက်ပြုလုပ်သည့် အများပြည်သူများမှာ စိတ်အေးချမ်းသာစွာ လုပ်ကိုင်ဆောင်ရွက်နေတာကို တွေ့ရှိရပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။ တာချီလိတ်မြို့ရှိ ထိုင်း-မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးသည့်နေရာနှင့် ကပ်လျက်ရှိသည့် (မကဖ)ခြံဝန်း၊ (မကဖ) ဝန်ထမ်းများနေရန်အတွက် နှစ်ထပ်တိုက်(၅)ခန်းတွဲ ဝန်ထမ်းအိမ်ယာ(၁)ခုကိုသာ ခြံဝန်းအကျယ်၏ (၂၀)ရာခိုင်နှုန်းခန့် မြေနေရာကို အသုံးပြုထားပြီး ခြံမြေဧရိယာ (၈၀) ရာခိုင်နှုန်းကို အသုံးမပြုပဲထားရှိသည်ကို တွေ့ရပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။ (မကဖ)ခြံဝင်းကဟာဆိုရင် နှစ်စဉ်တိုင်း ရေတက်တာရှိပါတယ်။ ရေတက်တဲ့ အချိန်တိုင်းမှာ နုန်းတွေ၊ ရွံ့ဗွက်တွေနဲ့ ပြည့်ညပ်နေတာကို ဒီနေ့အချိန်ထိလည်း မဖယ်ရှားပဲ တွေ့ရှိရပါတယ်။ ကျွန်တော် ပထမတော့ ပါဝါပွိုင့်နဲ့ ထိုးပြမို့ပါပဲ ဒါပေမဲ့ တော်တော်လေးကို ရုပ်ဆိုးအကြည်း တန်နေတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကို ငဲ့ညာသောအားဖြင့် ပါဝါပွိုင့်နဲ့ မထိုးပြပါဘူး ခင်ဗျား။ ကျွန်တော် အကြံပြုချင်တာကတော့ သက်ဆိုင်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးတစ်ဦးကနေပြီးတော့ (မကဖ)ခြံဝန်းကြီးကို ကွင်းဆင်းကြည့်ပေးပါလို့ ကျွန်တော် အကြံပြုပါရစေ။

အဆိုပါ(မကဖ)ခြံဝန်းအတွင်း အသုံးပြုခြင်းမရှိသည့် ခြံမြေဧရိယာ(၈၀)ရာခိုင်နှုန်း နေရာ၌ နိုင်ငံကူးလက်မှတ် လာရောက်လုပ်ဆောင်ပေးနေသူများ စိတ်အေးချမ်းသာစွာ လုပ်ဆောင်နိုင်ရန်အတွက် လုံလောက်မှုတသော အဆောက်အဦ၊ ကားပါကင်များ၊ နိုင်ငံကူးလက်မှတ်ထုတ်ပေးနေသော နေရာများ၊ သောက်ရေသန့်ဗူးများ၊ နားနေရန် ထိုင်ခုံများ၊ သန့်ရှင်းသော ရေအိမ်သာများနှင့် အခြားလိုအပ်ချက်များကို ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေနှင့် အလျင်အမြန်တည်ဆောက်ပေးစေလိုပါကြောင်း ပြည်သူများကိုယ်စား မေးမြန်းအပ်ပါတယ်။ သို့ပါသောကြောင့် (မကဖ)ခြံဝန်းနေရာ၌ လုပ်ဆောင်ပေးနိုင်ခြင်း ရှိ/ မရှိ၊ လုပ်ဆောင်ပေးမည်ဆိုပါက မည်သည့်အချိန်၌ စတင်လုပ်ဆောင်မည် မည်သို့လုပ်ဆောင်သွားမည်ကိုလည်းကောင်း ပြည်သူများကိုယ်စား သိရှိလိုပါတယ်။ လုပ်ဆောင်ပေးနိုင်ခြင်း မရှိပါက မည်သို့အကြောင်းကြောင့် မဆောင်ရွက်ပေးနိုင်သည်ကို သိရှိလိုပါသောကြောင့် ကြယ်ပွင့်ပြမေးခွန်းဖြင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** **လုံခြုံရေးနှင့် နယ်စပ်ရေးရာ**ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီး လှဦး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ပထမဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ မိုင်းတုံ မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဆန်းဝင်းအောင်မှ မေးမြန်းလာတဲ့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့နယ်ရှိ ထိုင်း- မြန်မာ အမှတ်(၁) ချစ်ကြည်ရေးတံတား အောက်ဘက်နိုင်ငံကူးလက်မှတ်ပြုလုပ်ပေးသည့်နေရာနှင့် ကပ်လျက် တည်ရှိတဲ့ (မကဖ) ခြံဝန်းအတွင်း အသုံးပြုခြင်းမရှိသော ခြံမြေဧရိယာ(၈၀) ရာခိုင်နှုန်း နေရာအား အဆောက်အဦ၊ ကားပါကင်များ၊ နိုင်ငံကူးလက်မှတ်ထုတ်ပေးသော နေရာများ၊ ရေသန့်ဗူးများ၊ နားနေရန်ထိုင်ခုံများ၊ သန့်ရှင်းသော ရေအိမ်သာများနှင့် အခြားလိုအပ်ချက် များကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဖြင့် အောက်ပါအတိုင်း အလျင်အမြန်တည်ဆောက်ပေး နိုင်ခြင်း အစီအစဉ် ရှိ/ မရှိ သိရှိလိုပါသည်-

(က) (မကဖ)ခြံဝန်းနေရာ၌ လုပ်ဆောင်ပေးနိုင်ခြင်း ရှိ/ မရှိ၊ လုပ်ဆောင်ပေးမည် ဆိုပါက မည်သည့် အချိန်တွင် စတင်လုပ်ဆောင်မည်၊ မည်သို့လုပ်ဆောင် မည်ကို သိရှိလိုပါကြောင်း။

( ခ) လုပ်ဆောင်ပေးနိုင်ခြင်း မရှိပါက မည်သည့်အကြောင်းကြောင့် မဆောင်ရွက် ပေးနိုင်သည်ကို သိရှိလိုကြောင်းဆိုတဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး လှဦးမှ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့ရှိ ထိုင်း- မြန်မာအမှတ်(၁) ချစ်ကြည်ရေး တံတားအောက်ဖက် နယ်စပ်ဖြတ်သန်းခွင့်လက်မှတ် ပြုလုပ်ပေးသည့်နေရာနှင့် ကပ်လျက် တည်ရှိတဲ့ တာချီလိတ်ခရိုင်ဦးစီးမှူးရုံး (မကဖ)ခြံဝန်းဟာ ပုန်းထွန်ရပ်ကွက်၊ ကွင်းအမှတ်(၆)၊ ဗိုလ်တဲကုန်းရပ်၊ ဦးပိုင်အမှတ်(၄၁)မှာ တည်ရှိပြီး မြေဧရိယာ (၀.၈၈၄)ဧက ကျယ်ဝန်းပါတယ်။ အဆိုပါ မြေကွက်မှာ တာချီလိတ်ခရိုင်အပါအဝင် ဝန်ထမ်းအိမ်ရာအဆောက်အဦ (၁၀)လုံး၊ ယခင်ဝန်ထမ်းသက်သာအဖြစ် ဆောက်လုပ်ခဲ့တဲ့ အဆောက်အဦ (၂)လုံး၊ စုစုပေါင်း (၁၂)လုံး ရှိပါတယ်။

အဆိုပါ မြေကွက်မှာ လက်ရှိအသုံးမပြုသည့် ဧရိယာမှာ ခရိုင်ဦးစီးမှူးရုံးအတွင်း ဝန်ထမ်းသက်သာအဖြစ် ဆောက်လုပ်ထားရှိပြီး အသုံးမပြုသည့် ဝဲဘက်မှာရှိတဲ့ အလျား ၅၅ ပေ× အနံ ၁၆ ပေ အကျယ် မြေကွက်မှ အခန်းတွဲ (၅)ခန်းနှင့် ယာဘက်မှာရှိတဲ့ အလျား ၄၃

ပေ× အနံ ၃၃ ပေ အကျယ် မြေကွက်မှ အခန်းတွဲ(၃)ခန်း၊ စုစုပေါင်း အသုံးမပြုတဲ့ ဆိုင်ခန်းအလွတ် (၈)ခန်း ကျန်ရှိပါတယ်။ ၎င်းဆိုင်ခန်း (၈)ခန်းပါ အဆောက်အဦ (၂)လုံးကို အကြီးစားပြုပြင်၍ ကားပါကင်များ၊ နိုင်ငံကူးလက်မှတ်ထုတ်ပေးသော နေရာများ၊ ရေသန့်ဗူး များ၊ နားနေရန်ထိုင်ခုံများ၊ သန့်ရှင်းသော ရေအိမ်သာများနှင့် အခြားလိုအပ်ချက်များကို ဆောင်ရွက်ပေးနိုင်သော်လည်း မိုးတွင်းကာလမှာ ရေကြီးနစ်မြုပ်မှု မကြာခဏ ဖြစ်ပေါ်သည့် နေရာများဖြစ်တဲ့အတွက် သာမန်ရေကြီးသည့်အခါမှာ ကင်းလွတ်တဲ့ လက်ရှိဆောင်ရွက် လျက်ရှိသော တံတားအောက်ဘက်ရှိ နယ်စပ်ဖြတ်သန်းခွင့် လက်မှတ်ထုတ်ပေးသည့် အဆောက်အဦများမှာ ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ (မကဖ)ခြံဝန်းအတွင်း အသုံးပြုခြင်း မရှိသော ခြံမြေဧရိယာ(၈၀)ရာခိုင်နှုန်း မြေနေရာရှိ အဆောက်အဦများအား အကြီးစားပြုပြင် ခြင်းဆောင်ရွက်မည်ဆိုပါက အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ နေပြည်တော်သို့ တင်ပြဆောင်ရွက်ရမည် ဖြစ်ပါ၍ တာချီလိတ်ခရိုင်စီမံခန့်ခွဲမှု ကော်မတီနှင့် တာချီလိတ်ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံးမှ မြေပြင်ကွင်းဆင်းစိစစ်ပြီး အမှန်တကယ် လိုအပ်လျက်ရှိကြောင်း တင်ပြလာပါက ပြည်ထောင်စုအစိုးရအဖွဲ့သို့ ဆက်လက်တင်ပြ၍ ခွင့်ပြုချက်ရရှိပါက ရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဖြေကြား တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုးမိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ရီရီဝင်းက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်ရီရီဝင်း၊ မိုးမိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားရပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ နှင့် လွှတ်တော်သို့ လာရောက်လေ့လာတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်း ဆက်သဂါရဝပြုအပ်ပါတယ်ရှင်။ ကျွန်မကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုးမိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီဝင်း ဖြစ်ပါတယ်ရှင်။ ကျွန်မအနေနဲ့ အားကစားဖွံ့ဖြိုးတိုးတက်ရေး အခက်အခဲတွေကို ဖြေရှင်းနိုင်မယ့် နည်းလမ်း များ၊ ရန်ပုံငွေများကို ကြီးကြပ်ထိန်းကျောင်းမှုနဲ့ အားကစားနည်းအလိုက် လေ့ကျင့်ပြုစု ပျိုးထောင်မှု ရှိ/ မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ ရှမ်းပြည်နယ်အတွင်း မြို့နယ်အသီးသီးရှိ အားကစားနှင့်ပတ်သက်၍ မည်သည့်မူဝါဒများနှင့်အညီ ဆောင်ရွက်နေသည်ကို ပြည်သူလူထု များမသိရှိကြရပါဘူးရှင်။ အဲ့လိုမသိရှိရတဲ့အတွက် အားကစားဖွံ့ဖြိုးတိုးတက်ရေးတွင်

အခက်အခဲများ ရှိနေပါတယ်ရှင်။ ၎င်းအခက်အခဲများကို ဖြေရှင်းနိုင်မည့် နည်းလမ်းများ ရှိ/ မရှိ၊ နိုင်ငံတော်မှ ချပေးသည့် ရန်ပုံငွေများကို နိုင်ငံအကျိုးနှင့် ပြည်သူ့အကျိုးအတွက် ထိရောက်စွာ အကောင်အထည်ဖော်ဆောင်နိုင်ရန် ကြီးကြပ်ထိန်းကျောင်းမှု ရှိ/ မရှိနှင့် အားကစားနည်းအလိုက် လေ့ကျင့်ပြုစုပျိုးထောင်မှု ရှိ/ မရှိ သိရှိလိုပါ၍ ပြည်သူလူထု၏ ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်းနဲ့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ မိုးမိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီဝင်းရဲ့ ရှမ်းပြည်နယ်အတွင်း မြို့နယ်အသီးသီးရှိ အားကစားနှင့်ပတ်သက်၍ မည်သည့်မူဝါဒများနှင့်အညီ ဆောင်ရွက်နေသည်၊ အားကစားနည်းအလိုက် လေ့ကျင့်ပြုစု ပျိုးထောင်မှု ရှိ/ မရှိ သိရှိလိုပါသည်ဟူသော မေးခွန်းနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းမှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အတွင်း မြို့နယ်အသီးသီးရှိ အားကစားနှင့် ပတ်သက်၍ အားကစားနှင့်ကာယပညာဦးစီးဌာန(ရုံးချုပ်)မှ အောက်ပါအတိုင်း မူဝါဒ၊ ရည်မှန်းချက်(Mission)၊ ရှေ့လုပ်ငန်းစဉ်များ ချမှတ်ထားပါတယ်-

**မူဝါဒများအနေဖြင့်**

- မြန်မာ့အားကစားမှ ကမ္ဘာ့အားကစားသို့ ရောက်ရှိစေရန်။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် အမျိုးသား အားကစားလှုပ်ရှားမှုကို တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံး စိတ်ပါဝင်စားစွာ ပါဝင်လှုပ်ရှားရန်။(Mass Sport)
- နိုင်ငံတကာအလယ်၌ နိုင်ငံတော်၏ ဂုဏ်သိက္ခာကို အားကစားနည်းဖြင့် မြင့်တင်နိုင်မည့် ထူးချွန်ထက်မြက်တဲ့ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမား လူရည်ချွန်များ မွေးထုတ်ရန်။ (Excellent Sport)
- နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ အထောက်အကူပြုစေရေးအတွက် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်လာစေရန်။
  အမျိုးသားအားကစားလှုပ်ရှားမှုကိုအဆင့်ဆင့် နှစ်အလိုက် တိုးမြင့်ဆောင်ရွက်သွားရန်။

- အနီးကပ်ရည်မှန်းချက်အဖြစ် အနီးကပ်ဆုံး အချိန်ကာလများအတွင်း ကျင်းပပြုလုပ်မည့် အာရှအားကစားပြိုင်ပွဲ၊ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများနှင့် အခြားနိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် အောင်မြင်မှု ရရှိစေရန်။

**ရည်မှန်းချက်(Mission)များအနေဖြင့်**

မြန်မာ့အားကစားလောက၏ ရည်မှန်းချက်များဖြစ်သည့် မြန်မာ့အားကစားအဆင့်အတန်းမြင့်မားရေး၊ စံချိန်စံညွှန်း ကောင်းများရရှိရေးတို့ကို ထိရောက်လျော်ညီစွာ ဆောင်ရွက်ပြီး အဓိကရည်မှန်းချက်ဖြစ်သည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများ၊ အာရှအားကစားပြိုင်ပွဲများမှာ အောင်မြင်မှုရရှိရေး အတွက် ရည်ရွယ်ပါတယ်။

**ရှေ့လုပ်ငန်းစဉ်( ၁၂ ) ရပ်အနေဖြင့်**

- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် အားကစား ပညာရေး။
- တိုင်းဒေသကြီး/ ပြည်နယ်အားလုံးတွင် အားကစားဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရေး။
- နယ်မြေအနှံ့ လူငယ်မျိုးဆက်သစ် အားကစားသမားများရှာဖွေရွေးချယ်ဖော်ထုတ်ရေး။
- နိုင်ငံ့ဂုဏ်ဆောင် ထူးချွန်ထက်မြက်သော အားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် ပြုစုပျိုးထောင်လေ့ကျင့်ရေး။
- နိုင်ငံတကာ ပြိုင်ပွဲများသို့ အဆင့်ဆင့်တက်လှမ်း ယှဉ်ပြိုင်အောင်မြင်မှုရရှိရန် ခေတ်မီအားကစားပစ္စည်းများ အသုံးပြု၍ နိုင်ငံတကာအဆင့်မီ လေ့ကျင့်ရေးနည်းစနစ်များဖြင့် လေ့ကျင့်ရေး။
- အားကစားကွင်း/ အားကစား ခန်းမများကို ရေရှည်အသုံးပြုနိုင်အောင် ပြုပြင်ထိန်းသိမ်းရေးနှင့် အခြေခံဒေသများဖြစ်သည့် ရပ်ကွက်/ ကျေးရွာအုပ်စုများ အပါအဝင်လိုအပ်တဲ့ ဒေသများမှာ တိုးချဲ့တည်ဆောက်ရေး။
- နိုင်ငံတကာအဆင့်မီ အားကစားပစ္စည်းများ၊ ဝတ်စုံများကို ပြည်သူများဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူအသုံးပြု နိုင်အောင် ပြည်တွင်းတွင် ထုတ်လုပ်ဖြန့်ဖြူးရေး။
- အားကစားတက္ကသိုလ်၊အားကစားဒီပလိုမာနှင့် အားကစား နှင့် ကာယပညာသိပ္ပံများမှ အရည်အချင်းမီ ထူးချွန်သည့် အားကစားစီမံခန့်ခွဲသူများ၊ အုပ်ချုပ်သူများ၊ နည်းပြများ၊ ထူးချွန်အားကစားသမားများ မွေးထုတ်ပေးရေး။
- အားကစားစီမံကိန်းနှင့် အားကစားသုတေသန၊ အားကစား ဆေးပညာလုပ်ငန်း။
- အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီအပါအဝင် နိုင်ငံတကာအားကစားအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆက်ဆံ ပူးပေါင်းဆောင်ရွက်ရေး။

– အားကစားအဖွဲ့ချုပ်အလိုက် အားကစားအဆင့်အတန်း တိုးတက်မြင့်မားအောင် ဆောင်ရွက်ရေးလုပ်ငန်းများ။

– အားကစားနှင့် ကာယပညာဦးစီးဌာန အောက်တွင် လုပ်ငန်းလိုအပ်ချက်အရ ဦးစီးဌာနများ ဖွဲ့စည်းပုံ တိုးချဲ့ဖွဲ့စည်းရေးတို့ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ရှမ်းပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာနအနေဖြင့် မြို့နယ်အသီးသီးတွင် အားကစားကွင်း(၃၂) ကွင်း၊ အားကစားရုံ (၂၄) ရုံ၊ မီတာ(၄၀၀) ပြေးလမ်းပါဘောလုံးကွင်း (၂၆) ကွင်း၊ တင်းနစ်ကွင်း (၁၂) ကွင်း၊ ဘတ်စကက်ဘောကွင်း (၄) ကွင်း၊ ဘော်လီဘောကွင်း (၄) ကွင်း၊ ကာယဗလ/အလေးမရုံ (၅)ရုံ၊ လက်ဝှေ့ရုံ (၁)ရုံ၊ ရုံးနှင့် လေ့ကျင့်ရေး ခန်းမ(၅) ခု၊ ကြက်တောင်ရုံ (၂) ရုံ၊ ခြင်းအလှခတ်ကွင်း (၂)ကွင်း၊ ပိုက်ကျော်ခြင်းကွင်း (၆) ကွင်း၊ ကျေးရွာဘောလုံးကွင်း (၁၈)ကွင်း၊ ကျောင်းဘောလုံးကွင်း (၆၃) ကွင်း၊ ရုံးနှင့်နေအိမ် (၂၆) ခု၊ ဝန်ထမ်းအိမ်ရာ (၇)ခု တည်ဆောက်ပြုပြင်ခြင်း လုပ်ငန်းများကို ဦးစားပေးအဆင့်အလိုက်၊ ဘဏ္ဍာနှစ်အလိုက် တင်ပြတောင်းခံပြီးတော့ ဆောင်ရွက်ပေးခဲ့ပါတယ်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားပြိုင်ပွဲများတွေမှာ ရှမ်းပြည်နယ်မှ အားကစားနည်း(၂၂)နည်းဖြင့် ဝင်ရောက် ယှဉ်ပြိုင်ခဲ့ရာမှာ ရွှေတံဆိပ် (၃၃)ခု၊ ငွေတံဆိပ်(၃၆)ခု၊ ကြေးတံဆိပ်(၄၀)ခုနှင့် နိုင်ငံတကာပြိုင်ပွဲများမှာ ရွှေတံဆိပ်(၈)ခု၊ ငွေတံဆိပ်(၁)ခု၊ ကြေးတံဆိပ် (၁)ခု ရရှိခဲ့ရာ ဆုရအားကစားသမားများကို ရှမ်းပြည်နယ် အစိုးရအဖွဲ့မှလည်း ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ခဲ့ပါတယ်။ အခြေခံပညာကျောင်းများနှင့် ပူးပေါင်းပြီးတော့ ဆေးလိပ်ငွေ့ ကင်းစင် ရှမ်းပြည်တစ်ခွင် ကျောင်းအခြေပြု မီနီမာရသွန်ပြိုင်ပွဲများ၊ စက်ဘီးစီးနင်းခြင်းများ ကျင်းပပြုလုပ်ခဲ့ပါတယ်။ အဆင့်မြင့်ပညာဦးစီးဌာနနှင့် ပူးပေါင်း၍ တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲများ ကျင်းပပြုလုပ်ပေးခဲ့ပါတယ်။ ပုဂ္ဂလိက အဖွဲ့အစည်းများမှ ဖူဆယ် ဘောလုံးကွင်းများ၊ ဘိလိယက်/ စနူကာ ကလပ်များအား မြို့နယ်တိုင်းတွင် ဖွင့်လှစ်ပြီးတော့ အားကစားလှုပ်ရှားမှုများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ မြို့နယ်အားကစားဖွံ့ဖြိုး တိုးတက်ရေးအတွက် အားကစားပြိုင်ပွဲများကျင်းပခြင်း၊ ပြိုင်ပွဲများဝင်ရောက်ယှဉ်ပြိုင်စေခြင်းအတွက် အသုံးပြုရန် ခွင့်ပြုရန်ပုံငွေများ ချထားဆောင်ရွက်စေလျက်ရှိပြီး မြို့နယ်အလိုက် ထူးချွန်နိုင်မည့် အားကစားနည်းများကို နှစ်စဉ်နွေရာသီသင်တန်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နန်းကောင်ခမ်းက မေးခွန်း(၁၊ ၂)ကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းကောင်ခမ်း၊ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** အားလုံးပဲ မင်္ဂလာပါရှင်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်(၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ တက်ရောက်လာကြတဲ့ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းချမ်းမြေ့ပါစေကြောင်း ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်မကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)က ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းကောင်ခမ်းဖြစ်ပါတယ်။ ကျွန်မမေးမြန်းမဲ့ မေးခွန်းကတော့ ပြည်သူလူထုကိုယ်စား မိုင်းရှူးမြို့နယ်ရှိ နမ့်ကတ်၊ ဖာယ၊ ဆံခွမ်၊ ဝမ်ကျောင်း၊ နမ့်အုံ၊ ဝမ်ပန်ကျေးရွာချင်းဆက် ကျောက်ခင်းလမ်း (၂/၀)မိုင်အား ကတ္တရာခင်းခြင်း လုပ်ငန်းဆောင်ရွက်ပေးနိုင်ရန်အတွက် နီးစပ်ရာဘဏ္ဍာရေးနှစ်တွင် ဘတ်ဂျက်ထည့်သွင်း လျာထားပေးပါရန် အစီအစဉ် ရှိ/ မရှိ သိလိုပါသဖြင့် ပြည်သူလူထုကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။

ဒုတိယမေးခွန်းအနေဖြင့် မိုင်းရှူးမြို့နယ် ဖာယကျေးရွာအုပ်စုအတွင်းရှိ နမ့်ကတ်- ဖာယ- ဝမ်ပန်ကျေးရွာချင်းဆက် မြေသားလမ်းကို ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုတဲ့ ကြယ်ပွင့်ပြမေးခွန်း တစ်ခုဖြစ်ပါတယ်။ အကျိုးအကြောင်းဖော်ပြချက်မှာ အောက်ပါအတိုင်း ဖြစ်ပါတယ်-

မိုင်းရှူးမြို့နယ် ဖာယကျေးရွာအုပ်စုတွင် ယင်းနက်တိုင်းရင်းသားလူမျိုးအများစု နေထိုင်လျက်ရှိပြီး စိုက်ပျိုးရေးကိုသာ အဓိကအားထား လုပ်ကိုင်ကြပါတယ်။ မိုးရာသီကာလတွင် သွားလာရန်အတွက် မလွယ်ကူသည့်အပြင် ဒေသစိုက်ပျိုးရေးထွက်ကုန် ဖြစ်သော ဆန်စပါး၊ မြေပဲ၊ ပြောင်းတို့ကို တင်ပို့ရောင်းချရာတွင် အခက်အခဲများစွာ တွေ့ကြုံနေရပါတယ်။ ၎င်းလမ်းပိုင်းအရှည်ဟာ **၁၃** မိုင်ခန့် ရှည်လျားပြီး ကျေးရွာပေါင်း **၆** ရွာရှိ အိမ်ထောင်စုပေါင်း **၄၂၄** စု၊ လူဦးရေပေါင်း **၂၂၆၀** တို့အတွက် နေ့စဉ်နှင့်အမျှ အသုံးပြုသွားလာနေကြသော ကုန်ထုတ်လမ်းတစ်ခုလည်း ဖြစ်ပါတယ်။ သို့သော်လည်း လက်ရှိလမ်းမှာ ရာသီဥတု၊ မိုးရာသီဆိုလို့ရှိရင် ရာသီမရွေးသွားလာနိုင်သော လမ်းမဟုတ်သည့်အတွက် ရဟန်းရှင်လူပြည်သူများသွားလာရာမှာ အခက်အခဲ ရှိပါတယ်။ နောက်ပြီးတော့ ကျောင်းသူ/ ကျောင်းသားများအဖို့ ကျောင်းတက်/ ကျောင်းဆင်း သွားလာရေးမှာလည်း အခက်အခဲများစွာ ဖြစ်နေပါတယ်။

ဒါကြောင့်မို့လို့ မိုင်းရှူးမြို့နယ် ဖာယကျေးရွာအုပ်စုအတွင်းရှိ နမ့်ကတ်- ဖာယ- ဝမ်ပန်ကျေးရွာချင်းဆက် ကုန်ထုတ်လမ်းပိုင်းဖြစ်သော အရှည် **၅** မိုင် **၄** ဖာလုံအား

မြေသားလမ်းချဲ့၍ ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင် ဖောက်လုပ်ပေးနိုင်ရေးအတွက် နီးစပ်ရာ ဘဏ္ဍာရေးနှစ်တွင် ဘတ်ဂျက်လျာထားပေးသွားနိုင်ရန် အစီအစဉ် ရှိ/ မရှိ၊ ရှိပါက မည်သည့်အချိန်ကာလတွင် ထည့်သွင်းလျာထားပေးနိုင်မည်ကို သိလိုပါသဖြင့် ပြည်သူလူထု များကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက မေးခွန်း(၁၊ ၂)ကို တစ်ဆက် တည်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးလှဦး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက် လေ့လာသူ ဧည့်သည်တော်များအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းများနှင့် ပြည့်စုံကြပါစေကြောင်း ပဏာမဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းကောင်ခမ်း မေးမြန်း လာတဲ့ မေးခွန်းနှစ်ခုကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးလှဦးမှ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ပထမမေးခွန်းဖြစ်တဲ့ မိုင်းရှူးမြို့နယ်၊ နမ့်ကတ်ကျေးရွာ၊ ဖာယကျေးရွာ၊ ဝမ်ကျောင်း ကျေးရွာ၊ နမ့်အုံကျေးရွာနှင့် ဝမ်ပန်ကျေးရွာချင်းဆက်လမ်းအရှည် (၁၃/၀)မိုင်အနက် (၂)မိုင် (၄)ဖာလုံကို ကတ္တရာခင်းပြီး ကျန်တဲ့(၁၁)မိုင် (၄)ဖာလုံအနက်မှ (၂)မိုင်ကျောက်ခင်းပြီး လမ်းပိုင်းအား ကတ္တရာခင်းခြင်းလုပ်ငန်းကို အဆင့်မြှင့်တင် ဆောင်ရွက်ရန်အတွက် နီးစပ်ရာ ဘဏ္ဍာရေးနှစ်တွင် ဘတ်ဂျက်ထည့်သွင်းလျာထားပေးသွားရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုပါ သည်ဆိုတဲ့ မေးခွန်းနဲ့ပတ်သက်ပြီး မိုင်းရှူးမြို့နယ်၊ နမ့်ကတ်– ဖာယ– ဝမ်ပန်လမ်းဟာ အရှည်(၁၃/၀)မိုင်ရှိသည့် လမ်းပိုင်းဖြစ်ပြီး အဆိုပါဒေသမှ ကျေးရွာ **၆** ရွာ၊ အိမ်ခြေ **၄၂၄** အိမ်နှင့် လူဦးရေ **၂၂၆၁** ဦးခန့် အသုံးပြုလျက်ရှိတဲ့ လမ်းပိုင်းဖြစ်ရာ ၂၀၁၄ – ၂၀၁၅ ခု၊ ဘဏ္ဍာရေးမှာ နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ (ပြည်နယ်ရန်ပုံငွေ)ဖြင့် ကတ္တရာ(၂)မိုင် (၄) ဖာလုံ ဆောင်ရွက်ပေးခဲ့ပြီးတော့ ၂၀၁၈–၂၀၁၉ ခု၊ ယခုဘဏ္ဍာရေးနှစ်မှာလည်း ကျောက် ချောလမ်း(၂/၀)မိုင်ကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

၂၀၁၉– ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများကို သက်ဆိုင်ရာ မြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီ၏ တင်ပြချက် အပေါ်မူတည်ပြီး အဆိုပြုရေးဆွဲ တင်ပြထားပြီးဖြစ်တဲ့အတွက် အဆိုပါကျောက်လမ်းပိုင်း (၂/၀)မိုင်ကို ကတ္တရာခင်းခြင်းလုပ်ငန်းမှာ ပါဝင်ခြင်းမရှိသေးပါ။ နယ်စပ်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစီမံကိန်းများ အဆိုပြုရေးဆွဲတင်ပြရာမှာ ရန်ပုံငွေအချိုးကျ ခွဲဝေရရှိမှုအပေါ်မူတည်၍

ဒေသအလိုက် ဆောင်ရွက်လိုသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ဦးစားပေး အစီအစဉ်အလိုက် လျာထားတင်ပြရမည်ဖြစ်ပါသဖြင့် လက်ရှိဆောင်ရွက်လျက်ရှိသော မိုင်းရှူးမြို့နယ်၊ နမ့်ကတ်– ဖာယ– ဝမ်ပန်လမ်းပိုင်းမှ ကျောက်ချောလမ်း(၂/၀)မိုင်အား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းလိုအပ်ချက်အပေါ်မူတည်ပြီး မြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီမှ ဦးစားပေး အစီအစဉ်ဖြင့် ဆောင်ရွက်ပေးပါရန် တင်ပြလာပါက အနီးစပ်ဆုံး ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေထည့်သွင်းလျာထား ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး ဒုတိယမေးခွန်းဖြစ်တဲ့ မိုင်းရှူးမြို့နယ် ဖာယကျေးရွာအုပ်စုအတွင်းရှိ နမ့်ကတ်– ဖာယ– ဝမ်ပန်ကျေးရွာချင်းဆက် ကုန်ထုတ်လမ်းပိုင်းဖြစ်သော အရှည် **၅** မိုင် **၄** ဖာလုံအား မြေသားလမ်းချဲ့၍ ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင် ဖောက်လုပ်ပေးနိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် နီးစပ်ရာ ဘဏ္ဍာရေးနှစ်တွင် ဘတ်ဂျက်လျာထားပေးသွားရန် အစီအစဉ် ရှိ/ မရှိ၊ ရှိပါက မည်သည့်အချိန်ကာလတွင် ထည့်သွင်းလျာထားပေးနိုင်မည်ကို သိလိုပါသည်ဆိုတဲ့မေးခွန်းကို ဆက်လက်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

မိုင်းရှူးမြို့နယ်၊ ဖာယကျေးရွာအုပ်စုအတွင်းရှိ နမ့်ကတ်– ဖာယ– ဝမ်ပန်ကျေးရွာချင်းဆက် ကုန်ထုတ်လမ်းပိုင်းဟာ နမ့်ကတ်– ဖာယ– ဝမ်ပန်– ဆုံခွမ်– ဝမ်ကျောင်း– နမ့်အုံ– ဝမ်ပန်ကျေးရွာချင်းဆက်လမ်းနှင့် ဆက်သွယ်ထားတဲ့ ကုန်ထုတ်လမ်းဖြစ်ပြီး ဒေသမှ ကိုယ်ထူကိုယ်ထဖောက်လုပ်ထားသော အကျယ် **၃၀** ပေခန့်ရှိသည့် မြေသားလမ်းဖြစ်ပါတယ်။ အဆိုပါလမ်းပိုင်းအား ၎င်းဒေသရှိ ကျေးရွ **၆** ရွာ၊ အိမ်ခြေ **၄၂၄** အိမ်နှင့် လူဦးရေ **၂၆၁** ဦးခန့် အသုံးပြုလျက်ရှိသည့်လမ်းပိုင်းဖြစ်ရာ နမ့်ကတ်– ဖာယ– ဝမ်ပန်ကျေးရွာချင်းဆက်လမ်းပိုင်း (၅)မိုင်(၄)ဖာလုံအား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းလိုအပ်ချက်အပေါ် မူတည်ပြီး မြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီမှ ဦးစားပေး အစီအစဉ်ဖြင့် ဆောင်ရွက်ပေးရန် တင်ပြလာပါက အနီးစပ်ဆုံး ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေထည့်သွင်းလျာထား ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလှဝင်းက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလှဝင်း၊ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေ့လာသူဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ခညောင်းပါစေလို့ ဆုမွန်ကောင်းတောင်းပေးအပ်ပါတယ်။ ကျွန်တော်ကတော့ ကျိုင်းတုံခရိုင်၊ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်

လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဝင်း ဖြစ်ပါတယ်။ အခု ကျွန်တော်မေးမြန်းမဲ့ မေးခွန်းကတော့ ဥက္ကဋ္ဌကြီးခင်ဗျား။ မေးခွန်းထဲမှာကြတော့ ဘာဖြစ်နေလဲဆိုတော့ မိုင်းပျဉ်းမြို့နယ်၊ ပန်ဝိုင်ကျေးအုပ်စုအတွက် ဆေးပေးခန်း အစီအစဉ် ရှိ/ မရှိ မေးခွန်းက ဖြစ်နေတဲ့အတွက် ဒါပေမဲ့ ကျွန်တော် မူလကတင်ပြတဲ့ မေးခွန်းကတော့ မိုင်းပျဉ်းမြို့နယ်၊ ဝမ်ဖြစ်ကျေးရွာအုပ်စု အဖြစ် တင်ပြခြင်း ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဝမ်ဖြစ်ကျေးရွာအုပ်စုနှင့် ပတ်သက်တဲ့ မေးခွန်းကိုပဲ တင်ပြဆွေးနွေးသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မိုင်းပျဉ်းမြို့နယ် ဝမ်ဖြစ်ကျေးရွာအုပ်စုသည် မိုင်းပျဉ်းမြို့မြောက်ဘက် (၇)မိုင် အကွာတွင် တည်ရှိပြီး ဝမ်ဖြစ်၊ ဝမ်ဖျဉ်း၊ နောင်ခိုက်၊ နားထွမ်နှင့် နမ့်လီ ကျေးရွာ(၅)ရွာ၊ အိမ်ခြေ ၁၅၇ အိမ်၊ လူဦးရေ ၉၆၆ ဦးရှိသည့်အပြင် တောင်ယာစိုက်ခင်းများတွင် အခြေချပြီးနေထိုင်သည့် တောင်သူမိသားစုအပါအဝင် လူဦးရေ(၁၀၀၀)ကျော် မှီတင်းနေထိုင်ကြပါတယ်။

ထို့အပြင် ဝမ်ဖြစ်ကျေးရွာအုပ်စုနှင့် ဆက်စပ်လျက်ရှိသည့် ပန်ဝိုင်ကျေးရွာအုပ်စု၊ ဝမ်ကောင်း(ရှမ်း)၊ ဝမ်ကောင်း(လားဟူ)၊ နားဖာ(လွယ်လ)ကျေးရွာများ၌ အိမ်ခြေ ၇၃ အိမ်၊ လူဦးရေ ၅၃၀ ဦးရှိပါတယ်။ ထို့အတူ ဖာခမ်းကျေးရွာအုပ်စုနှင့် ဆက်စပ်သည့် လားဟူ တောင်သူလယ်သမားများအပါအဝင် စုစုပေါင်းလူဦးရေ **၁၅၀၀** ကျော်သည့်အတွက် ကျန်းမာရေး ဆရာမတစ်ဦးကို ဝမ်ဖြစ်ကျေးရွာတွင် အခြေစိုက်ပြီး၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိနေသည်ကို လေ့လာတွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျန်းမာရေးဆရာမသည် ဆေးကုခန်းနှင့် နေထိုင်ရေးအတွက် ဝမ်ဖြစ်ကျေးရွာမှ ကူညီစောင့်ရှောက်ဖွင့်လှစ်ပေးထားသည်ကို တွေ့ရှိရပါတယ်။ ဒါပေမဲ့လည်း ကျေးရွာပိုင်အိမ်ဖြစ်သည်နှင့်အညီ ဆေးကုခန်းကျဉ်းခြင်း၊ လူနာအရေအတွက်များသဖြင့် နေရာထိုင်ခင်းမရှိခြင်း၊ သန့်ရှင်းသပ်ရပ်မှုမရှိခြင်း စသည့်အခက်အခဲများ နေ့စဉ်နှင့်အမျှ ကြုံတွေ့နေရပါသဖြင့် ကျန်းမာရေးစောင့်ရှောက်မှု စံချိန်စံညွှန်းပြည့်စုံသည့် ဆေးပေးခန်းကို အစိုးရမှ တည်ဆောက်ပေးရန်၊ ကျေးလက်ပြည်သူများက အလွန်လိုလားတောင့်တလျက်ရှိနေကြပါတယ်။ အဆိုပါ ကျန်းမာရေးဆေးပေးခန်း တည်ဆောက်ပေးရန် မြေနေရာလည်း အဆင်သင့် သတ်မှတ်လျာထားပြီးဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

သို့ပါ၍ မိုင်းပျဉ်းမြို့နယ်၊ ဝမ်ဖြစ်ကျေးရွာအုပ်စု ကျေးလက်ပြည်သူများနှင့်အတူ ဆက်စပ်လျက်ရှိသည့် အခြားကျေးရွာအုပ်စု၊ ကျေးလက်ပြည်သူအိမ်ခြေ **၂၃၀**၊ လူဦးရေ **၁၅၀၀** ကျော်တို့အတွက် ကျန်းမာရေးဆေးပေးခန်း ဆောက်လုပ်ပေးနိုင်ရေး အစီအစဉ် ရှိ/ မရှိ

ကိစ္စနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဝင်းရဲ့ မိုင်းပျဉ်းမြို့နယ်၊ ဝမ်ဖြစ်ကျေးရွာအုပ်စုနှင့် ဆက်စပ်လျက်ရှိသည့် ပန်ဝိုင်ကျေးရွာအုပ်စု၊ ဝမ်ကောင်း (ရှမ်း)ကျေးရွာ၊ ဝမ်ကောင်း (လားဟူ)ကျေးရွာ၊ နားဖာ(လွယ်လ)ကျေးရွာများရှိ ကျေးလက်နေပြည်သူများ၏ ကျန်းမာရေးပိုမိုစောင့်ရှောက် ဆောင်ရွက်ပေးနိုင်ရန်အတွက် ကျန်းမာရေးဆေးပေးခန်း တည်ဆောက်ပေးပါရန် အစီအစဉ် ရှိ/မရှိ မေးခွန်းကို ဆက်လက်ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

မိုင်းပျဉ်းမြို့နယ်၊ ဝမ်ဖြစ်ကျေးရွာသည် ဟောင်ကန်ကျေးလက် ကျန်းမာရေးဌာနခွဲနှင့် (၄)မိုင်ခန့်သာကွာဝေးပြီး မိုင်းပျဉ်းမြို့နယ် ပြည်သူ့ဆေးရုံမှ (၁၀)မိုင်ခန့်ကွာဝေးပါတယ်။ ဝမ်ဖြစ်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲအသစ် ဖွင့်လှစ်ပေးမည်ဆိုပါက ဝမ်ဖြစ်ကျေးရွာအုပ်စုအတွင်းမှာရှိတဲ့ ကျေးရွာပေါင်း ၅ ရွာ၊ လူဦးရေ ၉၇၄ ဦးနှင့် အိမ်ခြေပေါင်း ၁၅၇ အိမ်သာ လွှမ်းခြုံနိုင်မှာဖြစ်သဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ မူဝါဒနှင့် ကိုက်ညီမှု မရှိပါ။ မိုင်းပျဉ်းမြို့နယ်၊ ဝမ်ဖြစ်ကျေးရွာအုပ်စုနှင့် ဆက်စပ်လျက်ရှိသည့် ပန်ဝိုင်ကျေးရွာအုပ်စု၊ ဝမ်းကောင်း(ရှမ်း)ကျေးရွာ၊ ဝမ်ကောင်း(လားဟူ)ကျေးရွာ၊ နားဖာ (လွယ်လ)ကျေးရွာများရှိ ကျေးလက်နေပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုဆောင်ရွက်ပေးနိုင်ရန်အတွက် ပန်ဝိုင်ကျေးရွာအုပ်စုအတွင်းရှိ ဝမ်ကောင်း(ရှမ်း)ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲအသစ် တိုးချဲ့ဖွင့်လှစ်ပါက ကျေးရွာ ၁၃ ရွာ၊ လူဦးရေ ၁၁၈၃ ဦးကို လွှမ်းခြုံနိုင်မည်ဖြစ်ပါသဖြင့် ကျေးလက်ကျန်းမာရေးဌာနခွဲအသစ် တိုးချဲ့ဖွင့်လှစ်ခွင့်ရရှိရေးအတွက် လိုအပ်သည့်အခြေခံအချက်အလက်များ စုစည်းပြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော်သို့ ဆက်လက်တင်ပြပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းအောင်ကျော်ဦးက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းအောင်ကျော်ဦး၊ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ယနေ့ဒုယတိအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး

ကို တက်ရောက်လာကြသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူများအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကွန်ဟိန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ကျော်ဦး ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကွန်ဟိန်းမြို့နယ်တွင်း ရှမ်းပြည်နယ် အခြေခံပညာရေးဦးစီးဌာန လက်အောက်မှာရှိတဲ့ ကျောင်းရဲ့တည်နေရာကွဲလွဲမှုနဲ့ကိစ္စနှင့် ပတ်သက်ပြီး ကြယ်ပွင့်ပြမေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်ပါအကြောင်းအရာပါကိစ္စနှင့်ပတ်သက်ပြီးတော့ ကွန်ဟိန်းမြို့နယ်အတွင်းမှာရှိတဲ့ ကျောင်းအားလုံးပေါင်း ၅၂ ကျောင်းရှိပြီး အထက်တန်းကျောင်း ၂ ကျောင်း၊ အလယ်တန်းကျောင်း ၁ ကျောင်း၊ မူလတန်းကျောင်း ၄၉ ကျောင်းရှိတယ်လို့ မြို့နယ်ပညာရေးဌာနမှ သိရှိရပါတယ်။ ယခုအခါ အဲ့ဒီကျောင်းတွေအမည်နဲ့ ကျောင်း၏တည်နေရာဟာ ကွဲလွဲမှုရှိနေတာကို စိစစ်တွေ့ရှိရပါတယ်။ အဲ့ဒီကွဲလွဲမှုရဲ့အဓိကပြဿနာဟာ ယခင်က နယ်မြေအေးချမ်း တည်ငြိမ်မှုမရှိခြင်းကြောင့် မြို့နယ်တွင်းရွာစုစည်းမှုတွေ ပြုလုပ်ခဲ့ရသည့်အတွက် ကျောင်းရဲ့တည်နေရာနှင့် အမည်တွေဟာ ကွဲလွဲတဲ့အကြောင်းအရင်း ဖြစ်ပါတယ်။ အခုချိန်မှာ အဲ့ဒီရွာ စုစည်းရွာတွေဟာ နဂိုမူလရွာတွေကိုပြန်လည်နေထိုင်ကြတဲ့ အခြေအနေမှာ ရှိနေတဲ့အတွက်ကြောင့် လက်ရှိကျောင်းရဲ့အခြေအနေအမျိုးမျိုးကြောင့် လက်ရှိကျောင်းရဲ့တည်နေရာနဲ့ အခုရွာကျောင်းရဲ့တည်နေရာနဲ့ မြေနဲ့က ကွဲလွဲမှုတွေ ရှိနေပါတယ်။ အဲ့ဒီအကျိုးဆက်ကတော့ ပညာရေးဌာန၏ စီမံကိန်းလုပ်ငန်းတွေမှာ အကောင်အထည်ဖော်တဲ့နေရာတွေမှာ အခက်အခဲတွေ တွေ့ကြုံရပါတယ်။ နဂိုမူလကျောင်းရဲ့အမည်နှင့် ကျောင်းရဲ့တည်နေရာ မှန်ကန်မှုရှိမှသာလျှင် ရှေ့လုပ်ငန်းပညာရေးစီမံကိန်းတွေ လုပ်ဆောင်တဲ့နေရာ၊ အကောင်အထည်ဖော်တဲ့ နေရာတွေမှာ အဆင်ပြေချောမွေ့ပြီး အကျိုးသက်ရောက်မှု များစွာရှိလိမ့်မည်ဖြစ်ပါတယ်။

သို့အတွက်ကြောင့် သိရှိလိုသည်မှာ ကွဲလွဲမှုရှိနေသည့် တည်နေရာနှင့် အမည်ကွဲလွဲမှုရှိနေတဲ့ ကျောင်းရဲ့တည်နေရာတွေကို နဂိုမူလအတိုင်း ပြန်လည်မှန်ကန်မှုရှိရန်အတွက် မည်ကဲ့သို့ စီမံဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါသဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ ကြယ်ပွင့်ပြမေးခွန်းမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ကျော်ဦးရဲ့ ကွန်ဟိန်းမြို့နယ် အတွင်း အခြေခံပညာဦးစီးဌာန လက်အောက်ရှိ ကွဲလွဲမှုရှိနေသည့် ကျောင်း(Sanction) အမည်နှင့် ကျောင်းတည်နေရာကို နဂိုမူလအတိုင်း ပြန်လည်မှန်ကန်စေရန်အတွက် မည်ကဲ့သို့ စီမံဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါသည်ဟူသော မေးခွန်းကို ဆက်လက်ဖြေကြားပေး သွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင်၊ ကွန်ဟိန်းမြို့နယ်တွင် အခြေခံပညာ အထက်တန်းကျောင်း (၂)ကျောင်း၊ အလယ်တန်းကျောင်း (၁)ကျောင်း၊ အလယ်တန်း ကျောင်း(ခွဲ) (၄)ကျောင်း၊ မူလတန်း(လွန်) ကျောင်း (၃)ကျောင်းနှင့် မူလတန်းကျောင်း (၄၂)ကျောင်း၊ စုစုပေါင်း အခြေခံပညာကျောင်းပေါင်း (၅၂)ကျောင်း ဖွင့်လှစ်ထားရှိပါတယ်။ ယခင်ဖွင့်လှစ်ခဲ့တဲ့ ကျောင်း (Sanction)အမည်နှင့် ကျောင်းတည်နေရာ ကျေးရွာအမည်ကွဲလွဲ နေတဲ့ ကျောင်း(၁၀)ကျောင်း ရှိပါတယ်။ ၎င်းကျောင်းများမှာ ကာလိမြို့၊ ရပ်ကွက်(၁)ရှိ အ.မ.က(လွိုင်ချို)၊ ရပ်ကွက်(၂)ရှိ အ.မ.က (မိုင်းယိုင်း)၊ ရပ်ကွက်(၂)ရှိ အ.လ.က(ခွဲ) ကျိုင်းလွန်း၊ ကုန်းပေါင်းကျေးရွာရှိ မူလွန်နမ့်တွတ်၊ ဟိုကျယ်ကျေးရွာရှိ အ.မ.က(နမ့်ကုန်)၊ နမ့်ခမ်းကျေးရွာရှိ အ.မ.က(ဟိုနား)၊ ပန်မုံကျေးရွာရှိ အ.မ.က(နားဝမ်)၊ ဖန်လန်းကျေးရွာရှိ အ.မ.က(တာကော်)၊ ဆိုင်းလင်ကျေးရွာရှိ အ.မ.က (ဝမ်ဖိုင်)၊ ကျိုင်းလွန်းကျေးရွာရှိ အ.မ.က(ကွတ်ပုံ) တို့ဖြစ်ပါတယ်။

ယခင်က လွိုင်ချိုကျေးရွာသည် ဝမ်ဖိုင်ကျေးရွာအုပ်စုတွင်လည်းကောင်း၊ မိုင်းယိုင်း ကျေးရွာသည် မြို့မကျေးရွာအုပ်စုတွင်လည်းကောင်း၊ ကျိုင်းလွန်းကျေးရွာသည် ကျိုင်းလွန်း ကျေးရွာအုပ်စုတွင်လည်းကောင်း တည်ရှိပြီး ဒေသအခြေအနေအရ ကာလိကျေးရွာသို့ ပြောင်းရွှေ့ခဲ့ရာမှ ပြည်ထဲရေး ဝန်ကြီးဌာန၏ ၁၂-၁-၂၀၁၁ ရက်စွဲပါစာအမှတ်၊ ၂၀၀/ ၂၄ -ဂ၀/ ဦး ၁ အရ ကာလိမြို့အဖြစ် ဖွဲ့စည်းခဲ့သည့်အတွက် အ.မ.က(လွိုင်ချို)၊ အ.မ.က (မိုင်းယိုင်း)နှင့် အ.လ.က(ခွဲ)ကျိုင်းလွန်း ကျောင်း(၃)ကျောင်းသည် ယခုလက်ရှိ ကာလိမြို့ပေါ် ရပ်ကွက်များ အတွင်းသို့ ရောက်ရှိခဲ့ခြင်း ဖြစ်ပါတယ်။ ကျန်ရှိသည့် (၇)ကျောင်းမှာ ဒေသအခြေအနေအရ ယခုလက်ရှိကျေးရွာများသို့ ပြောင်းရွှေ့နေထိုင်ကြရာမှ ကျောင်းများကိုလည်း ပြောင်းရွှေ့ခဲ့ ရခြင်းကြောင့် ကျောင်း(Sanction)အမည်နှင့် ကျေးရွာအမည်များ ကွဲလွဲနေခြင်းဖြစ်ပါတယ်။

ဒေသအခြေအနေအရ (Sanction)အမည်ပေါက် ကျောင်းများတည်ရှိရာ ကျေးရွာများ မရှိတော့ပါက ၎င်းကျောင်းများကို ပိတ်သိမ်းပြီး ပြည်ထဲရေးဝန်ကြီးဌာနမှ ဖွဲ့စည်းခွင့်ပြု

ထားသည့် ယခင်ဖွင့်လှစ်ထားတဲ့ ကျေးရွာများ၌ ကျောင်း(Sanction) ပြောင်းလဲဖွင့်လှစ်ခွင့်ပြု နိုင်ရေးအတွက် ရှမ်းပြည်နယ်ပညာရေးမှူးရုံး၊ တောင်ကြီးမြို့၏ ၂၆- ၃- ၂၀၁၉ ရက်စွဲပါစာ အမှတ်၊ ဌာနခွဲ(၁-ခ)/ ၁၂၄၇/ အခ- မြဲ (ကျောင်းတည်နေရာ) (၂၀၁၉)ဖြင့် ကွန်ဟိန်း မြို့နယ်ပညာရေးမှူးရုံးသို့ အမှုတွဲများ တောင်းခံထားပြီးဖြစ်ပါတယ်။ အမှုတွဲများရရှိပါက အခြေခံပညာဦးစီးဌာန၊ နေပြည်တော်သို့ ဆက်လက်တင်ပြသွားမည်ဖြစ်ကြောင်း ဖြေကြား အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယနေ့အတွက် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ပြီးဆုံးပါပြီ။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ ၂၀၁၉ - ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အရအသုံးခန့်မှန်းခြေ ငွေစာရင်းအား ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းခြင်း။

**ဥက္ကဋ္ဌ။** ယခု အစီအစဉ်(၇) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် များ ခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ ၂၀၁၉ - ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အရအသုံးခန့်မှန်းခြေ ငွေစာရင်းအား ရှမ်းပြည်နယ်လွှတ်တော်သို့ ပေးပို့လာပါတယ်။ ဒါကြောင့် ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးက တင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးစိုးညွန့်လွင်(ခ)ဦးစိုးကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး။** ယနေ့ကျင်းပသော ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးသို့ ကြွရောက်လာကြတဲ့ ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်၊ ရှမ်းပြည်နယ် ဥပဒေချုပ်၊ ရှမ်းပြည်နယ် စာရင်းစစ်ချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စား လှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့သ အပ်ပါတယ်။ ယနေ့အစည်းအဝေးမှာ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/ အဖွဲ့အစည်းများရဲ့ ၂၀၁၉ - ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းများကို ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြု ပြဋ္ဌာန်းပေးရေးအတွက် တင်ပြလိုပါတယ်။

ပြည်ထောင်စု အစိုးရအဖွဲ့ရုံးရဲ့ အကြောင်းကြားချက်အရ ပြည်ထောင်စုမှ တိုင်းဒေသ ကြီးများသို့ ထောက်ပံ့ငွေ ကျပ်(၂၂၅.၂၈) ဘီလီယံ ရရှိပြီးတော့ အခွန်ဝေစု ခွဲဝေရငွေကတော့

ကျပ်(၁၂.၂၅၅)ဘီလီယံ ဖြစ်ပါတယ်။ အဲ့ဒီဘောင်အတွင်းမှာ စီမံကိန်းကို ဝင်အောင်ရေးဆွဲရမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေနဲ့ (၁– ၃– ၂၀၁၉ မှ ၁၂– ၃– ၂၀၁၉) ရက်နေ့များမှာ ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/ အဖွဲ့အစည်းများရဲ့ သာမန်အသုံးစရိတ်များကို စိစစ်ဖြတ်တောက်ခဲ့ပါတယ်။ အဲ့ဒီနောက်မှာတော့ ၁၃– ၃– ၂၀၁၉ ရက်နေ့တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများနဲ့ ဌာနဆိုင်ရာ အကြီးအကဲများတွေ့ဆုံပြီး ဝန်ကြီးဌာန အလိုက် ငွေလုံးငွေရင်းအသုံးစရိတ်ဘောင် သတ်မှတ်ရေးနဲ့ပတ်သက်ပြီးတော့ ညှိနှိုင်း ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါတယ်။

ယခုရေးဆွဲထားတဲ့ ၂၀၁၉– ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အရအသုံးခန့်မှန်းခြေငွေ စာရင်းများအရ အခွန်အကောက်ရငွေကတော့ ကျပ် ၃၄၃၃.၉၅၇ သန်း၊ အခွန်ဝေစုခွဲဝေရငွေ ကျပ် ၁၂၂၅၅.၆၅၉ သန်း၊ အခြားသာမန်ရငွေ ကျပ် ၂၈၆၁၆.၀၇၃ သန်း၊ ငွေလုံးငွေရင်းရငွေ ကျပ် ၀.၀၂ သန်းနဲ့ ပြည်ထောင်စုထောက်ပံ့ငွေမှ ရငွေ ကျပ် ၂၂၅၂၈၀.၇၈၂သန်း၊ စုစုပေါင်းရငွေ ကျပ် ၂၆၉၅၈၆.၄၉၁ သန်း ရရှိမှာ ဖြစ်ပါတယ်။ သာမန်အသုံးစရိတ်ကိုတော့ ကျပ် ၁၀၅၁၈၃.၉၄၉ သန်းနဲ့ ငွေလုံးငွေရင်းအသုံးစရိတ် ကျပ် ၁၆၄၄၀၂.၅၄၂ သန်း၊ စုစုပေါင်းကျပ်၂၆၉၅၈၆.၄၉၁ သန်း သုံးစွဲရန် လျာထားပါတယ်။ သာမန်အသုံးစရိတ်မှာတော့ လစာနှင့် စရိတ်ချီးမြှင့် ငွေ ၃၇.၇၂ ရာခိုင်နှုန်း၊ ထောက်ပံ့ငွေ အသုံးစရိတ် ၄.၇၇ ရာခိုင်နှုန်း၊ အခြားအုပ်ချုပ်မှုဆိုင်ရာ အသုံးစရိတ် ၅၇.၅၁ ရာခိုင်နှုန်း သုံးစွဲရန်လျာထားပြီး ငွေလုံးငွေရင်းအသုံးစရိတ်တွင် ဆောက်လုပ်ရေး လုပ်ငန်းများအတွက် (ဒေသဖွံ့ဖြိုးရေးအပါအဝင်) ၉၇.၃၃ ရာခိုင်နှုန်း၊ စက်ကိရိယာ၊ ပရိဘောဂနဲ့ ယာဉ် ၁.၈၀ ရာခိုင်နှုန်း၊ အခြားလုပ်ငန်းများသုံးစွဲရန် ၀.၈၇ ရာခိုင်နှုန်းစသည်ဖြင့် အသီးသီး လျာထားပါတယ်။

ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ လစာစရိတ်နှင့် အခြားအုပ်ချုပ်မှုဆိုင်ရာ အသုံးစရိတ်များပါဝင်သော သာမန်အသုံးစရိတ်ကို ဦးစားပေးစိစစ် တွက်ချက်ရေးဆွဲပြီး ကျန်ငွေများကို ပြည်သူကို တိုက်ရိုက်အကျိုးပြုစေမည့် ဥပမာ– လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေရရှိရေး၊ ဆည်မြောင်းတာတမံ၊ ရေကန်၊ ရေနုတ်မြောင်းများ တူးဖော်ရေး၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး၊ လမ်းတံတားလုပ်ငန်းများ၊ မြို့ပြဖွံ့ဖြိုးမှု လုပ်ငန်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနဲ့ မြို့ရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် စည်ပင်သာယာရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ထားတာကို တွေ့ရှိရမှာ ဖြစ်ပါ တယ်။

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်တဲ့ ဌာန/ အဖွဲ့အစည်းများ ဖြစ်ကြသော ကုန်းမြင့်ဒေသလယ်ယာမြေဖော်ထုတ်ရေးရုံး၊ ရှမ်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ရှမ်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ရေအရင်းမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ ညောင်ရွှေပြတိုက်၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ လမ်းဦးစီးဌာန၊ ကျေးလက်လမ်းဦးစီးဌာနနဲ့ စည်ပင်သာယာရေးဌာန စတဲ့အဖွဲ့များရဲ့ငွေလုံးငွေရင်းအသုံးစရိတ်များ အသေးစိတ်များကိုလည်း လွှတ်တော်ကိုယ်စားလှယ်ကြီးများထံ ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒါကြောင့် ယခုတင်ပြတဲ့ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ ၂၀၁၉- ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အရအသုံးခန့်မှန်းခြေငွေစာရင်းများကို ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် လေးစားစွာဖြင့် တင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသော ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/အဖွဲ့အစည်းများ၏ ၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ်အတွက် အရအသုံးခန့်မှန်းခြေ ငွေစာရင်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်းကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသော ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ ၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ်အတွက် အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့်စပ်လျဉ်း၍ ၂၀၁၉ ခုနှစ်၊ ဧပြီ လ ၄ ရက်(ကြာသပတေးနေ့)မှာ ဆွေးနွေးမှာဖြစ်ပါတယ်။ ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များအနေနဲ့ အစည်းအဝေးရပ်နားတဲ့အခါ ဒီကနေ့ ညနေ (၅)နာရီ နောက်ဆုံးထားပြီး ပြည်နယ်လွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးသွင်းဖို့ ဖြစ်ပါတယ်။

**ဦးအားမဲ၊ မိုင်းခတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ “ရှမ်းပြည်နယ်အတွင်း “ဘိန်း” စိုက်ပျိုးထုတ်လုပ်မှုလျော့နည်းပပျောက်ရေးအတွက် ထိရောက်သောစီမံကိန်းရေးဆွဲပြီး အကောင် အထည်ဖော်ဆောင်ရွက်စေရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့အား တိုက်တွန်းကြောင်း”အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။**

**ဥက္ကဋ္ဌ။** ယခုအစီအစဉ် (၉)ဖြစ်ပါတယ်။ မိုင်းခတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအားမဲကအဆိုတစ်ရပ်အား လွှတ်တော်သို့ပေးပို့လာပါတယ်။ အဆိုမှာ**“ရှမ်းပြည်နယ်အတွင်း “ဘိန်း” စိုက်ပျိုးထုတ်လုပ်မှု လျော့နည်းပပျောက်ရေးအတွက် ထိရောက်သောစီမံကိန်း ရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်စေရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့အား တိုက်တွန်း ကြောင်း”** အဆိုဖြစ်ပါတယ်။ ယခု ဦးအားမဲက အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**ဦးအားမဲ၊ မိုင်းခတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** အားလုံးမင်္ဂလာပါ။ ဒီကနေ့ ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သို့ တက်ရောက်လာကြသည့် ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဥပဒေချုပ်၊ တရားသူကြီးချုပ်၊ စာရင်းစစ်ချုပ်၊ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား ကိုယ်စားလှယ်များနှင့် လွှတ်တော်သို့ လေ့လာကြသည့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံ ကြပါစေလို့ ရေးဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးအားမဲ ဖြစ်ပါတယ်။

ဒီကနေ့ ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေးသို့ **“ရှမ်းပြည်နယ်အတွင်း “ဘိန်း”စိုက်ပျိုးထုတ်လုပ်မှုလျော့နည်းပပျောက် ရေးအတွက် ထိရောက်သောစီမံကိန်းရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်စေရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့အား တိုက်တွန်းကြောင်း”** အဆိုတစ်ရပ်ကို တင်သွင်းသွားမှာ ဖြစ်ပါ တယ်။

ဒီအဆိုကိုတင်သွင်းရခြင်းရဲ့ အဓိကအကြောင်းအရင်းကတော့ ကျွန်တော်တို့ မွေးဖွားပြီး လူရယ်လို့ စသိစဉ်ကတည်းက ငယ်စဉ်ဘဝကစလို့ ဘိန်း(သို့မဟုတ်) မူးယစ် ဆေးဝါး ပပျောက်ရေးအတွက် မြို့နယ်အတွင်းရှိ ကျောင်းများတွင် အသိပညာပေး အခမ်း အနားပွဲ ကျင်းပခြင်း၊ ဘိန်းအစားထိုး သီးနှံပေးအပ်ပွဲများစွာ ကျင်းပလာခဲ့သည်မှာ ယနေ့

တိုင်မြင်တွေ့ရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ပြီး မြို့နယ်တွင်းရှိ ဌာနဆိုင်ရာအသီးသီးထဲမှ မူးယစ်တပ်ဖွဲ့၊ ရဲတပ်ဖွဲ့၊ ကျန်တဲ့ဌာနဆိုင်ရာများနှင့် ပူးပေါင်းပြီး ဘိန်းစိုက်ရာသီဖြစ်စေ ဘိန်းခြစ်ရာသီဖြစ်စေ၊ ဘိန်းစိုက်တောင်သူများ စိုက်ပျိုးထားသော ဘိန်းခင်းများအား လုံခြုံရေးရယူကာ သွားရောက်ဖျက်ဆီးနေခဲ့တာ ယနေ့တိုင်မြင်တွေ့ရမှာ ဖြစ်ပါတယ်။ သို့ပေမဲ့လည်း ယနေ့တိုင် ဘိန်းစိုက်ပျိုးမှု အနည်းကျဉ်းသာလျော့နည်းလာပြီး ကျေးလက်နေဘိန်းစိုက် တောင်သူများမှာ အလုပ်အကိုင်အခွင့်အလမ်း ကင်းမဲ့လာပြီး ယခင်ထက်ပိုမို ဆင်းရဲနွံ့ချာနေတာကို တွေ့ရှိရပါတယ်။ ကျေးလက်နေတောင်သူများမှာလည်း အသိပညာနည်းပါးမှုကြောင့် မိသားစုစားဝတ်နေရေး ဝင်ငွေရှာဖွေရာမှာ ဘိန်းစိုက်ပျိုးမှုက ပိုမိုလွယ်ကူကြောင်း ယူဆထားပြီး ဘိန်းစိုက်ပျိုးမှုမှာ တရားမဝင်မှုကို သိရှိသော်လည်း မဖြစ်မနေ စိုက်ပျိုးလုပ်ကိုင်နေပြီး ကျီးလန့်စာစားနေရသော ကျေးလက်နေ တောင်သူများသာ ဖြစ်ပါတယ်။

ဒီဘိန်းစိုက်ပျိုးမှုဖြင့် အသက်မွေးဝမ်းကျောင်းပြုနေရတဲ့ ဘဝမှာ ရုန်းထွက်လွတ်မြောက်ချင်ခဲ့သော်လည်း ယနေ့တိုင် ရုန်းလေနစ်လေဘဝဖြင့် ဆက်လက်ရပ်တည်နေကြရပါတယ်။ ဒီလို ကျီးလန့်စာစားနေရတဲ့ ကျေးလက်နေတောင်သူများ၏ ဘဝလွတ်မြောက်ရန် ထွက်ပေါက်မှာ နိုင်ငံတော်၏ အမျိုးသားတာဝန်တစ်ရပ်ဖြစ်သလို အစိုးရ၏ ကြီးမားသော တာဝန်တစ်ရပ်ဖြစ်ကြောင်းကိုလည်း မြင်နိုင်ပါတယ်။ ဒါ့ကြောင့် ဒီကနေ့ ကျွန်တော်တင်သွင်းခဲ့သော **"ရှမ်းပြည်နယ်အတွင်း"ဘိန်း" စိုက်ပျိုးထုတ်လုပ်မှု လျော့နည်းပပျောက်ရေးအတွက် ထိရောက်သောစီမံကိန်းရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်စေရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့အား တိုက်တွန်းကြောင်း"** အဆိုတစ်ရပ်ကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှိသေလေးစားစွာ တင်ပြရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** အဆိုကို ထောက်ခံမည့်ကိုယ်စားလှယ် တင်ပြဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းစမ်းစမ်းအေး၊ သီနီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌနှင့်တကွတက်ရောက်လာတဲ့ လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့များ အားလုံးနဲ့ လေ့လာသူဧည့်ပရိတ်သတ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်မကတော့ သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေး ဖြစ်ပါတယ်။

ယနေ့အစည်းအဝေးမှာ မိုင်းခတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးအားမဲတင်သွင်းသည့် **"ရှမ်းပြည်နယ်အတွင်း "ဘိန်း" စိုက်ပျိုး**

**ထုတ်လုပ်မှုလျှော့နည်းပပျောက်ရေးအတွက် ထိရောက်သောစီမံကိန်းရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်စေရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့အား တိုက်တွန်းကြောင်း"** အဆိုကို လက်ခံဆွေးနွေးသင့်ပါကြောင်း မိမိအနေနဲ့ ထောက်ခံအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း (သို့မဟုတ်) အဆိုကို လက်ခံဆွေးနွေးရန်ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။**

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးအားမဲ တင်သွင်းသော အဆိုကို လွှတ်တော်ကိုယ်စားလှယ်(၁)ဦးက ထောက်ခံသွားပါတယ်။ ယခု အဆိုကို လက်ခံဆွေးနွေးရန် သင့်/ မသင့် လွှတ်တော်၏ ဆန္ဒရယူပါမယ်။ ၎င်းအဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်)**

အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူသည့် ကိုယ်စားလှယ်ရှိပါသလား ခင်ဗျား။ အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူတဲ့ ကိုယ်စားလှယ်မရှိတဲ့အတွက် ဦးအားမဲရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။

မိုင်းခတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအားမဲက တင်သွင်းတဲ့ အဆိုကို ၂၀၁၉ ခုနှစ်၊ ဧပြီ လ ၃ ရက် (ဗုဒ္ဓဟူးနေ့)မှာ ဆွေးနွေးမှာဖြစ်ပါတယ်။ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ အစည်းအဝေးရပ်နားတဲ့အခါ ဒီကနေ့ ညနေ (၅)နာရီ နောက်ဆုံးထားပြီး ပြည်နယ်လွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးသွင်းဖို့ ဖြစ်ပါတယ်။

**ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(ပထမနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး (ဒုတိယနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။**

**ဥက္ကဋ္ဌ။** အစီအစဉ် (၁၁)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး

(ပထမနေ့)ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဒုတိယနေ့)ကို ၂၀၁၉ခုနှစ်၊ ဧပြီ လ ၃ ရက် (ဗုဒ္ဓဟူးနေ့) နံနက် (၁၀)နာရီအချိန်မှာ ဆက်လက်ကျင်းပသွားမှာဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီရှင်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံးပြန်လည်ထွက်ခွာနိုင်ပါပြီရှင်။ အားလုံး ကျေးဇူးတင်ပါတယ်ရှင်။

# ရှမ်းပြည်နယ်
# ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်
# (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (ဒုတိယနေ့)မှတ်တမ်း
# ၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက်
# ၂၀၁၉ ခုနှစ်၊ ဧပြီ လ ၃ ရက်
## [ ဗုဒ္ဓဟူးနေ့ ]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယ အကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဒုတိယနေ့) အစီအစဉ်ကို နံနက်(၁၀) နာရီအချိန်၌ စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ဒေါ်နန်းမိုခမ်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရှမ်းပြည်နယ်လွှတ်တော်ရုံးကလည်းကောင်း၊ တွဲဖက် အခမ်းအနားမှူးအဖြစ် ဒေါ်ဟန်သီဦး၊ ဒုတိယညွှန်ကြားရေးမှူးကလည်းကောင်း ဆောင်ရွက် ပါသည်။

## ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတင်ကျင်းပခြင်း။

**အခမ်းအနားမှူး။** အားလုံးမင်္ဂလာပါရှင်။ လေးစားအပ်ပါသော ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များရှင်။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဒုတိယနေ့)အား ကျင်းပပြုလုပ်မည် ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသောနေရာများတွင် နေရာယူ ပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ရှင်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီရှင်။

**(ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။)**

အားလုံးထိုင်နိုင်ပါပြီရှင်။

## ပြည်နယ်လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ရှမ်းပြည်နယ်လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဒုတိယနေ့)မှာ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၄၀)ဦးရှိသည့်အနက် ဒီကနေ့ အစည်းအဝေးကို (၁၃၂)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် စုစုပေါင်း၏ (၉၄.၂၉) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံ ထက်ကျော်လွန်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၀ (က)နှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၄ (ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်အစည်းအဝေး (ဒုတိယနေ့)အစီအစဉ်ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ခ)အရ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဒုတိယနေ့) အစီအစဉ်များကို ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။

## အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(က)အရ ယနေ့အစည်းအဝေး မတက်ရောက်နိုင်တဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေး ကော်မတီက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များနှင့် တက်ရောက်လာကြသော ဧည့်သည်တော်များအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာပဏာမ

ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၃- ၄- ၂၀၁၉ ရက်နေ့ (ဒုတိယနေ့)မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ ဥက္ကဋ္ဌ ဖြစ်သူ ကျွန်တော် ဦးလင်းအောင်ဆွေက ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှာ-

(၁) ဦးစိုးညွှန့်လွင် (ခ) ဦးစိုးကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

ယခင်ကခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၇)ဦးရှိပြီး ယနေ့ ခွင့်ပန်ကြားသူ (၁)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၈)ဦးအား ခွင့်အဖြစ် သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်လွှတ်တော်သို့ ရိုသေလေးစားစွာဖြင့် တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ခွင့်ပန်ကြားချက်များအားလုံးကို ခွင့်ပြုပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ဒီကနေ့ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဒုတိယနေ့)ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးရေမှာ (၁၄၀)ဦး၊ ယခင်ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၇)ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁)ဦးဖြစ်ပါတယ်။ စုစုပေါင်း ခွင့်ပြုထားသူ(၈)ဦးရှိပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ဂ)၊ နည်းဥပဒေခွဲငယ် (၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဒုတိယနေ့)သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်က သဘောတူပါသည်)**

ပြည်နယ်လွှတ်တော်က သဘောတူတဲ့အတွက် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ် (၅) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်နယ်လွှတ်တော်သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်းအစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ယခု ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၀)ဦးက မေးမြန်းထားတဲ့ မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားသွားဖို့ ဖြစ်ပါတယ်။

ပထမဦးစွာ မိုင်းရှူးမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂)မှ ဒေါ်နန်းကောင်ခမ်းက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းကောင်ခမ်း၊ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)။** အားလုံးပဲ မင်္ဂလာပါရှင်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေးသို့ တက်ရာက်လာကြတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် လေ့လာသူများအားလုံး ကိုယ်စိတ်နှစ်ဖြာရွှင်လန်းချမ်းမြေ့ပါစေကြောင်း ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်မကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)က ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် နန်းကောင်ခမ်း ဖြစ်ပါတယ်။ ပြည်သူလူထုရဲ့ကိုယ်စား ကျွန်မမေးမြန်းသွားမဲ့ မေးခွန်းကတော့ ရှမ်းပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန၏ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ မီနီဘတ်ဂျက်အတွင်း မိုင်းရှူးမြို့ အခြေခံပညာအထက်တန်းကျောင်း ဘောလုံးကွင်း (၂၀၀×၁၀၀)ပေ ဖော်ထုတ်ပြုပြင်ခြင်းနှင့်ပတ်သက်၍ ပြီးစီးအောင် မည်သို့စီမံဆောင်ရွက်ပေးသွားမည်ကို သိရှိလိုပါသဖြင့် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းရခြင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးရှင်– ရှမ်းပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန၏ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ မီနီဘတ်ဂျက်အတွင်း မိုင်းရှူးမြို့ အခြေခံပညာအထက်တန်းကျောင်း ဘောလုံးကွင်း (၂၀၀×၁၀၀)ပေ ဖော်ထုတ်ပြုပြင်ခြင်းအတွက် ရန်ပုံငွေကျပ်သိန်း **၂၀၀** ချထားပေးခဲ့ပြီး မိုင်းရှူးသရဖူဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်ခဲ့ပါတယ်။ မိုင်းရှူး အ.ထ.က ကျောင်း ဘောလုံးကွင်း ပြင်ဆင်ခြင်းလုပ်ငန်းကို အဆိုပါကုမ္ပဏီမှ (၈. ၅. ၂၀၁၈) ရက်နေ့မှာ လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ပြီး (၃၀.၉.၂၀၁၈)ရက်နေ့မှာ လုပ်ငန်းအဆုံးသတ်ခဲ့ပါတယ်။ ၎င်းတို့ လုပ်ငန်းဆောင်ရွက်သည့်အချိန်သည် မိုးတွင်းကာလဖြစ်သဖြင့် မိုးရေတိုက်စားမှုကြောင့် လည်းကောင်း၊ ရေစီးရေလာကောင်းစေရန် ရေမြောင်းဖောက်လုပ်ထားခြင်းမရှိသည့်အတွက်ကြောင့် လည်းကောင်း ကျောင်းအုတ်တံတိုင်း ၄ ခန်းမှာ ပြိုလဲခဲ့သဖြင့် မိုင်းရှူးသရဖူဆောက်လုပ်ရေးကုမ္ပဏီမှ ပြန်လည်၍ ပြုပြင်ပေးခဲ့ပြီးဖြစ်သော်လည်း (၆. ၁၁. ၂၀၁၈) ရက်နေ့မှာ လွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်အရည်အသွေးစစ်ဆေးရေးအဖွဲ့ ဥက္ကဋ္ဌ လုပ်ငန်းလက်ခံသူနှင့် ကော်မတီတို့ ပူးပေါင်းကွင်းဆင်းစစ်ဆေးခဲ့ကြရာမှာ ကုမ္ပဏီမှ တာဝန်ရှိသူက Estimate အားပေးခဲ့ပြီး ယင်းလုပ်ငန်းရဲ့ Estimate ကို ကြည့်ရှုစစ်ဆေးရာခဲ့ရာမှာ မြေတူးစက်အသုံးပြုခ တစ်နာရီ လျှင် ကျပ်တစ်သိန်း၊ မြေညှိစက်အသုံးပြုခ တစ်နာရီလျှင် **၉၅၀၀၀** ကျပ်၊ မြေသိပ်သည်းစက် အသုံးပြုခ တစ်နာရီလျှင် **၉၅၀၀၀** ကျပ်၊ ဒီဇယ်ဆီ တစ်ဂါလန် **၉၃၀၀** ကျပ်၊ လမ်းကြိတ်စက်အသုံးပြုခ တစ်နာရီလျှင် **၉၅၀၀၀** ကျပ်ဟု ဖော်ပြထားပြီး အင်မတန်ကို ကာလ ပေါက်စျေးနဲ့ ကွာဟမှု ရှိနေတာကို တွေ့ရှိရပါတယ်။ ဂိုးတိုင်ကိုလည်း **၅၈** သိန်းကျပ်ကုန်ကျကြောင်း စစ်ဆေးတွေ့ရှိခဲ့ရပါတယ်။ ဒီဘောလုံးကွင်းကို ကြည့်ခြင်းအားဖြင့် မြေသိပ်သည်းစက် အသုံးပြုတာကိုလည်း မတွေ့ရဘူး။ ရေသယ်ယာဥ်နဲ့ ရေဖြန်းခြင်းကိုလည်း တစ်ကြိမ်တစ်ခါမျှ ပြုလုပ်တာကို မတွေ့ခဲ့ရပါဘူး။ ဒါကြောင့် မန်နေဂျင်းဒါရိုက်တာက ပြောပါတယ်။ သူတွက်ချက်ထားတဲ့ Estimate က မှားယွင်းမှု ရှိနေပါကြောင်း ဝန်ခံခဲ့ပြီး၊ နောက်ပြီးတော့ ထပ်မံပြီးအသစ်တစ်စုံ တွက်ချက်၍ လာပေးမည်ဟု ပြောပါတယ်။ တည်ဆောက်ရေးလုပ်ငန်းကုမ္ပဏီကြီးတစ်ခုဟာ သူတည်ထောင်ထားတဲ့လုပ်ငန်းကုမ္ပဏီကြီးတစ်ခုဖြစ်ပြီးတော့ သူ့လုပ်ရပ်က မှားယွင်းတွက်ချက်တယ်ဆိုပြီးတော့ ဒီတစ်ခွန်းထဲဖြင့် ပြောခြင်းအားဖြင့် ပြည်သူလူထုအတွက်ကတော့ ထိခိုက်နစ်နာမှုများ၊ မလိုလားအပ်သည့်ဆုံးရှုံးမှုများ ဖြစ်ပေါ်စေပါတယ်။ အဲ့ဒါကြောင့် ဒီကုမ္ပဏီသည် အကျိုးအမြတ်တစ်ခုတည်းကိုသာကြည့်သော တာဝန်မဲ့သည့်လုပ်ရပ်ဖြစ်ပြီး ယခုချိန်အထိ အသစ်ထပ်မံတွက်ချက်ထားသော လုပ်ငန်း Estimate ကိုလည်း မိုင်းရှူးလွှတ်တော်ကိုယ်စားလှယ်များရုံးနှင့် အခြားသက်ဆိုင်ရာဌာနများသို့ ပေးပို့ခဲ့ခြင်းမရှိသေးကြောင်း သိရှိရပါတယ်။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးရှင်။

ကျွန်မကို ပါဝါပွိုင့် အသုံးပြုခွင့်ပြုပါရှင်။ ဒါက (၆-၁၀-၂၀၁၈)ရက်နေ့မှာ ဌာနဆိုင်ရာများနဲ့ ကွင်းဆင်းစစ်ဆေးခဲ့ပါတယ်။ မြို့နယ်အရည်အသွေးစစ်ဆေးမှုကော်မတီ ဥက္ကဋ္ဌ၊ စည်ပင်၊ လမ်းဦးစီးနှင့် မိုင်းရှူးသရဖူဆောက်လုပ်ရေးကုမ္ပဏီတို့ပါ ပါတယ်။ မြေတူးစက် (၅၂)နာရီ (၅၂.၇၀)နာရီ တွက်ထားတာ (၁)နာရီကို **(၁)သိန်း** ဆိုပြီးတော့ ကျပ်**(၅,၂၆၉,၈၂၀)** ဖြစ်ပါတယ်။ ဒါကျွန်မတို့ဆီမှာ(၁)နာရီကိုကျပ်(၃၇,၅၀၀)ပဲရှိပါတယ်။ နောက်မြေသိပ်သည်းစက်ဆိုတာကတော့ (၁)နာရီကို ကျပ်(၉၅,၀၀၀)တွက်ထားတာ ရှိပါတယ်။ (၆.၇၅)နာရီဆိုပြီးတော့ တွက်ထားတာ ရှိပါတယ်။ ကျွန်မတို့ဆီမှာကတော့ ပေါက်ဈေး(၁)နာရီမှာ ကျပ်(၄၀,၀၀၀)ပဲ ရှိပါတယ်။ မြေညှိစက်ကတော့ (၁၂.၈၁)နာရီကို (၁)နာရီ ကျပ်(၉၅,၀၀၀) တွက်ထားပါတယ်။ဒါကကျပ်(၁,၂၁၆,၉၁၈) ဖြစ်ပြီး၊ ကျွန်မတို့ဆီမှာ (၁)နာရီကိုကျပ်(၃၂,၀၀၀)ပဲ ရှိပါတယ်။ လမ်းကြိတ်စက်ကလည်း (၁၀.၇၉)နာရီ တွက်ထားတာက (၁)နာရီ ကျပ်(၉၅,၀၀၀)နဲ့ တွက်ထားတာ ဖြစ်ပါတယ်။ ကျွန်မတို့ဆီမှာကတော့ (၁)နာရီကို ကျပ်(၂၅,၀၀၀)ပဲ ရှိပါတယ်။ နောက်ပြီးတော့ ဒီဇယ်ဆီ (၁)ဂါလန်ကျပ်(၉,၃၀၀)နဲ့တွက်ထားရှိပါတယ်။ဂါလန်ပေါင်း(၃၇၁.၄)ဂါလန်ဖြစ်ပြီးကျပ်(၃,၄၅၄,၁၃၃) ကျသင့်ငွေ တွက်ထားတယ်။ ကျွန်မတို့ဆီမှာ ဒီဇယ်ဆီက(၁)ဂါလန်ကိုကျပ်(၄၅၀၀)ပဲရှိပါတယ်။ ဂိုးတိုင်က (၂၃၂)ပေ၊ (၁)ပေကို ကျပ်(၂၅,၀၀၀)နဲ့တွက်ထားပါတယ်။ အဲ့ဒါက ကျပ်(၅၈) သိန်းနဲ့ သွားကျပါတယ်။ ဒါကိုကြည့်ခြင်းအားဖြင့် ဒီကုမ္ပဏီရဲ့ လုပ်ရပ်က တာဝန်မဲ့တဲ့ လုပ်ရပ်လို့ မြင်ပါတယ်။ ကိုယ်အကျိုးအတွက်ပဲ ကြည့်တဲ့ ကုမ္ပဏီလို့ပဲ မြင်ပါတယ်။ အဲ့ဒါကြောင့် လွှတ်တော်ကိုယ်စားလှယ်များဘက်ကလည်း ပြည်သူ့အကျိုးအတွက် မှန်မှန်ကန်ကန် ပူးပေါင်းဆောင်ရွက်နေသည့်အလျောက် ကုမ္ပဏီမှ တာဝန်ရှိသူများက အောက်ဖော်ပြပါ လုပ်ငန်းကို ပြန်လုပ်ပေးမယ်လို့ လက်မှတ်ထိုးထားတာလည်း ရှိပါတယ်။ လုပ်ငန်းဆိုင်ရာ သဘောတူစာချုပ်ထဲမှာ နိုဝင်ဘာလကုန်အထိ အပြီးဆောင်ရွက်မည်ဟု သဘောတူညီခဲ့သော်လည်း လက်ရှိအချိန်အထိ မည်သို့မျှ ဆက်သွယ်ဆောင်ရွက်ခြင်း မရှိခဲ့ပါဘူး။ ညွှန်ကြားခဲ့သော တာဝန်ရှိသူများကိုလည်း မထီမဲ့မြင်ပြုကာ တာဝန်ယူမှု၊ တာဝန်ခံမှု လုံးဝမရှိဘဲ ဘောလုံးကွင်းအား ပစ်ထားပြီး လာရောက်ပြုပြင်ပေးခြင်းမရှိသေးကြောင်း တွေ့ရှိရပါတယ်။ အမှန်ဆိုရင် လုပ်ငန်း စာချုပ်အရဆိုရင် ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ (၃၀)ရက်နေ့ အပြီးသတ် လုပ်ရမှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူလူထုများကိုယ်စား ကျွန်မမေးမြန်းလိုသည်မှာ -

(က) မိုင်းရှူး အထကကျောင်း ဘောလုံးကွင်းအား သတ်မှတ်ထားသည့် စံချိန်စံညွှန်းနှင့် စာချုပ်ပါအတိုင်း ကိုက်ညီသော ဘောလုံးကွင်းအဖြစ် ပြန်လည် ပြင်ဆင်ပေးရန် အစီအစဉ် ရှိ/ မရှိ။

( ခ) တာဝန်ယူတည်ဆောက်ခဲ့သော မိုင်းရှူးသရဖူ ဆောက်လုပ်ရေးကုမ္ပဏီ၏ တာဝန်မဲ့ လုပ်ရပ်များအပေါ် မည်သို့ အရေးယူ ဆောင်ရွက်သွားမည်နှင့်

( ဂ) ယင်းကုမ္ပဏီမှ ယခု ၂၀၁၈- ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင်လည်း တင်ဒါ အောင်မြင်ထားပြီး ဆောင်ရွက်ရန်ရှိသည့် လုပ်ငန်းအသစ်(၅)ခုအတွက် မည်သို့ ဆက်လက် ဆောင်ရွက်စေမည်ကို သိရှိလိုပါသဖြင့် ပြည်သူလူထုများ၏ ကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်းမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူဧည့်သည်တော်များ အားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်းနဲ့ နှုတ်ခွန်း ဆက်သအပ်ပါတယ်။ မိုင်းရှူးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဒေါ်နန်းကောင်ခမ်းရဲ့ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ မီနီ ဘတ်ဂျက်အတွင်း မိုင်းရှူးမြို့ အခြေခံပညာအထက်တန်းကျောင်း ဘောလုံးကွင်း(၂၀၀×၁၀၀) ပေ ဖော်ထုတ်ပြုပြင်ခြင်းနှင့်ပတ်သက်၍ မည်သို့ပြီးစီးအောင် စီမံဆောင်ရွက် ပေးသွားမည်ကို သိရှိလိုပါသည်ဟူသော မေးခွန်းအား ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် ဒေါက်တာ မျိုးထွန်းမှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန၏ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆)လ ဘတ်ဂျက်အတွင်း မိုင်းရှူးမြို့ အခြေခံပညာအထက်တန်း ကျောင်းဘောလုံးကွင်း (၂၀၀×၁၀၀)ပေ ဖော်ထုတ်ခြင်းလုပ်ငန်း ကျပ်သန်း(၂၀)ဖြင့် မိုင်းရှူး သရဖူကုမ္ပဏီမှ ၂၄- ၄- ၂၀၁၈ ရက်နေ့တွင် စာချုပ်ချုပ်ဆိုပြီး စာချုပ်ပါလုပ်ငန်းများဖြစ်တဲ့ အားကစားကွင်း မြေညှိခြင်း၊ သဲ၊ နုန်းဖို့၍ မြေကြိတ်ခြင်း၊ ဂိုးတိုင်ပြုလုပ်ခြင်း၊ ရေမြောင်း ဖောက်လုပ်ခြင်းများအား ၁၀- ၅- ၂၀၁၈ ရက်နေ့တွင် လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ပါတယ်။ ထပ်ဆောင်းလုပ်ငန်းများဖြစ်တဲ့ သန့်စင်ခန်းသုံး ဗိုလ်ထိုင်(၁)လုံး၊ (၄)ခန်းတွဲ သန့်စင်ခန်း (၁)လုံး၊ ပြိုကျပျက်စီးနေတဲ့ ကျောင်းအုတ်တံတိုင်းအား ပြန်လည်ပြင်ဆင်ခြင်း လုပ်ငန်းများကို လည်း ၂၄- ၈- ၂၀၁၈ ရက်နေ့တွင် ဆောင်ရွက်ပြီးစီးပြီးဖြစ်ပါသဖြင့် မြို့နယ်ကြီးကြပ် စစ်ဆေးရေးကော်မတီ၏ (၁၀၀%) ဆောင်ရွက်ပြီးစီးမှုထောက်ခံချက်နှင့်အတူ ၃၀- ၉-၂၀၁၈ ရက်နေ့တွင် လုပ်ငန်းများ လွှဲပြောင်းအပ်နှံ ဆောင်ရွက်ခဲ့ပါတယ်။

(၆– ၁၀– ၂၀၁၈) ရက်နေ့တွင် မြို့နယ်အရည်အသွေး စစ်ဆေးရေးနှင့် လက်ခံရေး ကော်မတီ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တို့ ကွင်းဆင်းစစ်ဆေးခဲ့ရာ ထပ်မံပြင်ဆင် ဖြည့်စွက် ဆောင်ရွက်ပေးရန် လိုအပ်သော လုပ်ငန်းများကို မိုင်းရှူးသရဖူ ဆောက်လုပ်ရေး ကုမ္ပဏီနှင့် နိုဝင်ဘာလကုန်အပြီး ဆောင်ရွက်မည်ဟု သဘောတူညီချက် ရယူခဲ့ပါတယ်။ ကုမ္ပဏီမှ သဘောတူညီချက်ရယူခဲ့သည့် လုပ်ငန်းဖြစ်သော ဘောလုံးကွင်း အကျယ်(၂၀၀×၁၀၀) ပေအား မြေပြင်အနိမ့်အမြင့်ညှိ၍ သဲဖြန့်ကြိတ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးပြီးဖြစ် ပါတယ်။

ဘောလုံးကွင်းအတွင်း ဂိုးတိုင်များ ပြန်လည်ပြင်ဆင်ခြင်း၊ ဘောလုံးကွင်း မြောက် ဘက်တွင် လိုအပ်သော မြေထိန်းနံရံဆောင်ရွက်ခြင်း၊ ကျောင်းမုန့်ဈေးတန်းဘေးမှ ဘောလုံး ကွင်းသို့အဆင်း အုတ်လှေကားထစ်ပြုလုပ်ခြင်းလုပ်ငန်း (၃)ခုအား ၂၀၁၉ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့တွင် အပြီးဆောင်ရွက်သွားပြီးဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါ တယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းခတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအားမဲက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအားမဲ၊ မိုင်းခတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** အားလုံးမင်္ဂလာပါ။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန် အစည်းအဝေးသို့ တက်ရောက်လာကြတဲ့ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဥပဒေချုပ်၊ တရားသူကြီးချုပ်၊ စာရင်းစစ်ချုပ်နဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်သို့လာရောက်လေ့လာတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံ ကြပါစေလို့ ရှေးဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးအားမဲ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းခတ် မြို့နယ်၊ မိုင်းခတ်– မိုင်းညှင်းလမ်းပေါ်ရှိ ပျက်စီးနေသော ဘေလီတံတားအား ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ အထူးရန်ပုံငွေဖြင့် **၂၀၁၈ – ၂၀၁၉** ဘဏ္ဍာရေးနှစ်အတွင်း တည်ဆောက် ပေးနိုင်မှု အစီအစဉ် ရှိ/ မရှိ ဆိုတဲ့ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မိုင်းခတ်မြို့နယ်အတွင်းရှိ မိုင်းခတ်– မိုင်းညှင်းသွားကျေးရွာ အုပ်စုချင်းဆက် မြေသားလမ်းသည် မိုင်အားဖြင့် (၂၀)မိုင် ကွာဝေးလျက်ရှိပါတယ်။ ၎င်း

လမ်းအား မိုင်းခတ်မြို့နယ်အတွင်း နေထိုင်လျက်ရှိသော လူဦးရေ (၂၀၀၀၀)ကျော် နေ့စဉ်နှင့် အမျှ အသုံးပြုလျက်ရှိနေသော လမ်းဖြစ်ပါတယ်။ မိုင်းခတ်– မိုင်းညှင်းသွားလမ်းသည် ယခင်က မြေသားလမ်းသာဖြစ်ခဲ့ပြီး ယခုချိန်မှာ ကျောက်ချောလမ်းအဖြစ် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးဦးစီးဌာနမှ **၂၀၁၇ – ၂၀၁၈** ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုဘတ်ဂျက်(၅)မိုင်နှင့် ပြည်နယ်ဘတ်ဂျက် (၅)မိုင်၊ စုစုပေါင်း (၁၀)မိုင်အား ဆောင်ရွက်ပြီးစီးခဲ့ပါတယ်။ ကျန် (၁၀) မိုင်အတွင်းမှ (၄)ဖာလုံအား ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ယခုဘဏ္ဍာရေးနှစ် **၂၀၁၈– ၂၀၁၉** ခုနှစ်တွင် ကျောက်ချောလမ်းအဖြစ် ပြည်ထောင်စုဘတ်ဂျက်ဖြင့် ဆောင်ရွက်လျက် ရှိနေပါတယ်။ မြေသားလမ်းဖြစ်သည့်အားလျော်စွာ ပွင့်လင်းရာသီမှာ သွားလာနိုင်သော် လည်း မိုးတွင်းကာလတွင် သွားလာရေးမှာ အင်မတန်ခက်ခဲလျက်ရှိပါတယ်။ ဒ့ါအပြင် လက်ရှိအချိန်တွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအပိုင်းထဲမှ ကျိုင်းခေါင်ရွာနားမှာ တည်ရှိနေတဲ့ ဘေလီတံတားဟာ ယိုယွင်းပျက်စီးပြိုကျနေလျက်ရှိနေပါတယ်။ (၁၄.၂.၂၀၁၉) ရက်နေ့တွင် ရှမ်းပြည်နယ်လွှတ်တော်မှ တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီနှင့် တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီများမှ မိုင်းခတ်မြို့နယ်၊ နောင်လုံးကျေးရွာအုပ်စု၊ အင်လုံကျေးရွာသို့**“အင်”**တိုင်းရင်းသားများနေထိုင်ရာသို့ လာရောက် ကွင်းဆင်းစဉ် အဆိုပါကျိုင်းခေါင်တံတားမှ ဖြတ်သန်းသွားလာခဲ့ရပါတယ်။ အဲဒီနေ့မှာလည်း တံတားပေါ် ကားဖြတ်မောင်းနိုင်မှုအခြေအနေမရှိဘဲ တံတားဘေးဘက်မှ ချောင်းကို ခက်ခက် ခဲခဲမောင်းနှင်ခဲ့ရပါတယ်။ ယခုပွင့်လင်းရာသီဆိုတော့ သွားလာလို့ရပေမဲ့ မိုးတွင်းကာလမှာ ဖြတ်သန်းသွားလာဖို့ အင်မတန်ခက်ခဲလျက်ရှိနေပါတယ်။ ဘေလီတံတားပျက်စီးမှု မှတ်တမ်း ဓာတ်ပုံအား ပါဝါပွိုင့်ဖြင့် တင်ပြခွင့်ပြုပါခင်ဗျား။

ဒါကမိုင်းခတ်မြို့နယ်ရဲ့ အခြေပြမြေပုံပါခင်ဗျား။ ယခုကျွန်တော်တို့ လမ်းအနေအထား အနေနဲ့ တံတားပျက်စီးမှုနေရာကို အစိမ်းရောင်အနုအနေနဲ့ အမှတ်အသားလုပ်ထားပါတယ်။ နောက်တစ်ချက်က မိုင်းညှင်းကအစိမ်းရောင်နုဖြစ်ပြီး၊ မိုင်းခတ်မြို့ကျတော့ အနီရောင် ဖြစ်ပါတယ်။ လက်ရှိအနေအထားရဲ့ မိုင်းခတ်မြို့နယ်၏ အခြေပြမြေပုံဖြစ်ပါတယ်။ ဒါကတော့ တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီက တိုင်းရင်းသားများရဲ့ ကျေးရွာကို သွားရောက် ပြီးကွင်းဆင်းတဲ့အခါမှာ အပြန်မှာတံတားရဲ့ ပျက်စီးနေမှုကို ရေးရာကော်မတီ ဥက္ကဋ္ဌကိုယ်တိုင် ကွင်းဆင်းကြည့်ရှု စစ်ဆေးနေတဲ့ မှတ်တမ်းဓာတ်ပုံ ဖြစ်ပါတယ်။ ဒါကတိုင်းရင်းသားလူမျိုးများ အရေးဆိုင်ရာကော်မတီက မိုင်းခတ်မြို့နယ်ကို လာရောက်ပြီးမှ “အင်”လူမျိုးတွေရဲ့ တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကို လာရောက်ကွင်းဆင်းတဲ့ အချိန်မှာ မှတ်တမ်းဓာတ်ပုံ

ရိုက်ကူးထားခြင်း ဖြစ်ပါတယ်။ တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီကိုလည်း မိုင်းခတ်လူထုကိုယ်စား အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။

ထို့ကြောင့် မိုင်းခတ်-မိုင်းညှင်းလမ်းပေါ်ရှိ ပျက်စီးနေသော ဘေလီတံတားအား ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ အထူး ရန်ပုံငွေဖြင့် **၂၀၁၈ - ၂၀၁၉** ဘဏ္ဍာရေးနှစ်အတွင်း အမြန်ဆုံး တည်ဆောက်ပေးနိုင်ရန် အစီအစဉ် ရှိ/ မရှိ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှ တစ်ဆင့် သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ ပြည်သူလူထုကိုယ်စား ရိုသေလေးစားစွာဖြင့် ကြယ်ပွင့်ပြ မေးခွန်းမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ကြွရောက်လာသော ဧည့်သည်တော်ကြီးများအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ဦးစွာနှုတ်ခွန်း ဆက်သဂါရဝပြုအပ်ပါတယ်။ မိုင်းခတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးအားမဲ မေးမြန်းထားတဲ့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းခတ် မြို့နယ်၊ မိုင်းခတ်- မိုင်းညှင်းလမ်းပေါ်မှာရှိတဲ့ ပျက်စီးနေတဲ့ ဘေလီတံတားအား ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ အထူးရန်ပုံငွေဖြင့် **၂၀၁၈-၂၀၁၉** ဘဏ္ဍာရေးနှစ်အတွင်း အမြန်ဆုံးတည်ဆောက် ပေးနိုင်ပါရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုပါကြောင်း ကြယ်ပွင့်ပြမေးခွန်းနဲ့ စပ်လျဉ်းပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် ဦးခွန်ရဲထွေးမှ ဖြေကြားတင်ပြသွားမှာဖြစ်ပါတယ်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့နယ်၊ မိုင်းခတ်- မိုင်းညှင်း လမ်းသည် ကျေးလက်လမ်းအဆင့်အတန်း သတ်မှတ်ချက်အရ Class (A) တတိယ ဦးစား ပေးလမ်းဖြစ်ပြီး ကျေးရွာ ၃၅ ရွာ၊ အိမ်ခြေ ၁၅၈၀၊ လူဦးရေ ၆၃၂၂ ဦးအား အကျိုးပြု လျက်ရှိတဲ့ လမ်း(၁)လမ်း ဖြစ်ပါတယ်။ အဆိုပါလမ်းပေါ်မှာရှိတဲ့ သစ်သားကြမ်းခင်း ဘေလီတံတား အရှည်ပေ(၂၀)၊ အကျယ်(၁၄)ပေ၊ အမြင့်(၁၀)ပေအား ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန (DRD)မှ **၂၀၁၃-၂၀၁၄** ဘဏ္ဍာနှစ်မှာ တည်ဆောက်ခဲ့ခြင်း ဖြစ်ပါတယ်။ လက်ရှိမှာတော့ တံတားကမ်းကပ်ခုံများ ရေတိုက်စားပြီး ကြမ်းခင်းသစ်သားများလည်း ကျိုးပဲ့ချို့ယွင်းလျက်ရှိပါတယ်။ မိုင်းခတ်မြို့နယ်ရဲ့ ၁၃ နှစ် စီမံကိန်းအရ ၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာရေးနှစ်များမှာ မိုင်းခတ်- မိုင်းညှင်း ကျောက်လမ်း(၁)မိုင် ခင်းခြင်းလုပ်ငန်းကို ကျပ် ၁၄၅.၀၀ သန်း၊ Box Culvert ၁ စင်း တည်ဆောက်ခြင်းလုပ်ငန်းကို ကျပ် ၆.၅၀ သန်းဖြင့် ပြည်နယ်ဘဏ္ဍာရန်ပုံငွေစာရင်းမှာ လျာထားတင်ပြ တောင်းခံထားရှိပြီး ဖြစ်ပါတယ်။

လက်ရှိတံတားနဲ့ပတ်သက်လို့ကတော့ ချို့ယွင်းနေသော ဘေလီတံတားအစား ပေ(၂၀)သံကူကွန်ကရစ်တံတားအဖြစ် အသစ်ပြန်လည်တည်ဆောက်မည်ဆိုပါက ခန့်မှန်းကုန်ကျငွေကျပ် ၃၂.၀၀ သန်းခန့်ကုန်ကျမှာ ဖြစ်ပါတယ်။ ကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်တည်ဆောက်နိုင်ဖို့အတွက်ကို ၂၀၁၈- ၂၀၁၉ ခုနှစ်၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေမှာ တင်ပြတောင်းခံ ထားရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုးမိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ရီရီဝင်းက မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်ရီရီဝင်း ၊ မိုးမိတ်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁)။** အားလုံး မင်္ဂလာပါရှင်။ ဒီနေ့ကြွရောက်လာခဲ့တဲ့ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံးကို လေးစားပါကြောင်း ပဏာမပြောကြားလိုပါတယ်။ ကျွန်မကတော့ မိုးမိတ်ခရိုင်၊ မိုးမိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)က ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီဝင်း ဖြစ်ပါတယ်ရှင်။ ကျွန်မအနေနဲ့ မိုးမိတ်ခရိုင်၊ မီးသတ်နယ်မြေစခန်းမှာ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းအတွက် လိုအပ်နေတဲ့အခြေအနေနဲ့ပတ်သက်ပြီးတော့ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်ရှင်။

လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ မိုးမိတ်ခရိုင်ဟာ မိုးမိတ်မြို့နယ်နှင့် မဘိမ်းမြို့နယ် (၂) မြို့နယ်ဖြင့် ဖွဲ့စည်းထားပြီးတော့ ရှမ်းပြည်နယ်မြောက်ပိုင်းမှာ သီးခြားတည်ရှိတဲ့မြို့နယ်ဖြစ်ပါတယ်။ မိုးမိတ်ခရိုင် မီးသတ်နယ်မြေစခန်းများမှာဆိုရင် ခရိုင်မီးသတ်၊ မြို့နယ်မီးသတ်၊ မိုးလိုနယ်မြေစခန်း၊ မန်ကျည်းပင်နယ်မြေစခန်း၊ မဘိမ်းမြို့နယ်မီးသတ်တို့ပါဝင်ပြီးတော့မှ သဘာဝဘေးအန္တရာယ်နှင့် ယာဉ်မတော်တဆမှု ဖြစ်ပွားသည့်အခါမှာ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် “ရှာဖွေကယ်ဆယ်ရေးယာဉ်” “Fire Rescue Truck” (၁)စီး လိုအပ်နေပါတယ်။ ယခုလောလောဆယ်မှာ အကယ်၍ သဘာဝဘေးအန္တရာယ်နှင့် ယာဉ်မတော်တဆမှုများ ဖြစ်ပွားခဲ့မယ်ဆိုလို့ရှိရင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ရန် ရဲဒင်းနဲ့ (၁၀)ပေါင်တူများသာရှိကြောင်း တွေ့ရှိရပါတယ်ရှင်။ ဒါကြောင့်မို့ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရန် ဟိုက်ဒရောလစ်ပစ္စည်းများပါဝင်တဲ့ “ရှာဖွေကယ်ဆယ်ရေးယာဉ်” “FIRE RESCUE TRUCK” (၁)စီးကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် စီစဉ်ချထားပေးနိုင်ခြင်း အစီအစဉ်

ရှိ/ မရှိ သိရှိလိုပါကြောင်း ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်းမေးမြန်းအပ်ပါတယ်ရှင်။ အားလုံးကိုကျေးဇူးတင် ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးလှဦး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာတက်ရောက်ပါသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ပထမဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ မိုးမိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီဝင်းမှ မေးမြန်းလာတဲ့ မိုးမိတ်ခရိုင် မီးသတ်နယ်မြေစခန်းများမှာ ခရိုင်မီးသတ်၊ မြို့နယ်မီးသတ်၊ မိုးလိုနယ်မြေစခန်း၊ မန်ကျည်းပင်နယ်မြေစခန်း၊ မဘိမ်းမြို့နယ် မီးသတ်တို့ပါဝင်ပြီး သဘာဝဘေးအန္တရာယ်နှင့် ယာဉ်မတော်တဆမှုဖြစ်ပွားသည့်အခါ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရန် ဟိုက်ဒရောလစ်ပစ္စည်းများပါဝင်တဲ့ “ရှာဖွေကယ်ဆယ်ရေးယာဉ်” “FIRE RESCUE TRUCK” (၁)စီးကို ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်တွင် စီစဉ်ချထားနိုင်ခြင်း အစီအစဉ် ရှိ/ မရှိ သိရှိလိုပါတယ်ဆိုတဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးဝန်ကြီး ကျွန်တော် ဗိုလ်မှူးကြီးလှဦးမှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်မီးသတ်ဦးစီးဌာနအနေနဲ့ ရည်မှန်းချက် တာဝန် (၄)ရပ်နှင့်အညီ ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ရှမ်းပြည်နယ်မီးသတ်ဦးစီးဌာန ဖွဲ့စည်းပုံကို ၂၀၁၄ ခုနှစ်မှ စတင်၍ ပြည်နယ်မီးသတ်ဦးစီးမှူးရုံး ၁ ရုံးမှာ ညွှန်ကြားရေးမှူး ဦးစီးပြီးတော့ အင်အား ၃၀ ဦး ၊ ခရိုင်မီးသတ်ဦးစီးမှူးရုံး ၁၃ ရုံးမှာ မီးသတ်ရုံး ၁ ရုံးမှာ လက်ထောက်ညွှန်ကြားရေးမှူး ဦးစီး၍ အင်အား ၁၁ ဦးစီဖြင့် ၁၄၃ ဦး၊ ခရိုင်မီးသတ်စခန်း ၁၃ ခုမှာ မီးသတ်စခန်း ၁ ခုတွင် ဦးစီးအရာရှိ ဦးစီး၍ အင်အား ၃၉ ဦး၊ မီးသတ်ယာဉ် ၆ စီး၊ ရှာဖွေကယ်ဆယ်ရေးယာဉ် ၁ စီး၊ လူနာတင်ယာဉ် ၁ စီး၊ စုစုပေါင်း ၈ စီးဖြင့် အင်အား ၆၃၇ ဦး၊ ယာဉ် ၁၀၄ စီးဖြင့် လည်းကောင်း၊ မြို့နယ်မီးသတ်ဦးစီးမှူးရုံး ၅၅ ရုံးမှာ မီးသတ်ရုံး ၁ ရုံးတွင် ဦးစီးအရာရှိ ဦးစီး၍ အင်အား ၉ ဦးဖြင့် လည်းကောင်း၊ မြို့နယ်မီးသတ်စခန်း ၅၅ ခု၌ ဒုတိယဦးစီးမှူး ဦးစီး၍ အင်အား ၂၈ ဦး၊ မီးသတ်ယာဉ် ၄ စီးဖြင့် အင်အား ၁၅၄၀ ဦး၊ ယာဉ် ၂၂၀ စီးဖြင့် လည်းကောင်း၊ နယ်မြေမီးသတ်စခန်း ၇၀ ခု၌ နယ်မြေမီးသတ်စခန်း ၁ ခုမှာ လက်ထောက်ဦးစီးမှူး ဦးစီး၍ အင်အား ၉ ဦး၊ မီးသတ်ယာဉ် ၂ စီးဖြင့် အင်အား ၆၃၀ ဦး၊ ယာဉ် ၁၄၀ စီးဖြင့် လည်းကောင်း ပြင်ဆင်တိုးချဲ့ ဖွဲ့စည်းခဲ့၍ ဖွဲ့စည်းပုံအရ ခရိုင်/ မြို့နယ်နှင့် နယ်မြေမီးသတ်ဦးစီးမှူးရုံးနှင့် မီးသတ်စခန်း ၁၃၈ ခု တိုးချဲ့/ အသစ်ဆောက်လုပ်ခြင်း၊

မီးသတ်ယာဉ်၊ မီးငြိမ်းသတ်ရေးပစ္စည်းနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံးပစ္စည်း ကိရိယာများ ဖြည့်ဆည်းခြင်းများကို ၂၀၁၄ – ၂၀၁၅ ဘဏ္ဍာရေးနှစ်မှ ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာရေးနှစ်အထိ နှစ်စဉ်ဘဏ္ဍာရေးရန်ပုံငွေ (ငွေလုံးငွေရင်း)ဖြင့် စုစုပေါင်း ဘီလီယံ (၃၄.၆၈၃) ဖြင့် ဆောင်ရွက်ပေးခဲ့ပါတယ်။

ရှမ်းပြည်နယ်အတွင်း ခရိုင်/ မြို့နယ်နှင့် နယ်မြေမီးသတ်စခန်းပေါင်း ၁၃၈ ခု ဖွင့်လှစ်ထားပါသဖြင့် နှစ်စဉ်ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ခရိုင်မီးသတ်စခန်းအဆောက်အဦများ ဆောက်လုပ်ခြင်း၊ မီးငြိမ်းသတ်ရေးယာဉ်များ၊ အဆင့်မြင့် မီးငြိမ်းသတ်ရေးယာဉ်များ၊ ရှာဖွေကယ်ဆယ်ရေးယာဉ်များ၊ လူနာတင်ယာဉ်များနှင့် ရေပြင်/ မြေပြင်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံးပစ္စည်းကိရိယာများကို ဖြည့်ဆည်းပေးလျက်ရှိရာမှာ မိုးမိတ်ခရိုင်အတွင်း သဘာဝဘေးအန္တရာယ်နှင့် ယာဉ်မတော်တဆမှု ဖြစ်ပွားသည့်အခါ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရန် ဟိုက်ဒရောလစ်ပစ္စည်းများ ပါဝင်သည့် "ရှာဖွေကယ်ဆယ်ရေးယာဉ်" "FIRE RESCUE TRUCK" (၁)စီး စီစဉ်ချထားပေးရေးနှင့် ပတ်သက်၍ ၂၀၁၉–၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်ရန်ပုံငွေ ရေးဆွဲအတည်ပြုပြီးဖြစ်တဲ့အတွက် ၂၀၂၀–၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထားပေးသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအေးမင်းစိုးက မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအေးမင်းစိုး၊ ရွာငံမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ် ဝန်ကြီးချုပ်၊ ဥပဒေချုပ်၊ စာရင်းစစ်ချုပ်၊ လွှတ်တော်ဒုဥက္ကဋ္ဌနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ တပ်မတော်သားကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ လေ့လာသူဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအေးမင်းစိုး ဖြစ်ပါတယ်။ ယနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့မှာ ကျွန်တော့်အနေနဲ့ ရွာငံမြို့နယ်၊ ကျောက်ငှက်ကျေးရွာ လျှပ်စစ်မီးရရှိရေးနဲ့ ပတ်သက်၍ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ခနေကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှာင်မြို့နယ်အတွင်းတွင် ပါဝင်သော ကျောက်ငုက်ကျေးရွာဟာ အိမ်ခြေ (၂၀၇)၊ လူဦးရေ (၁၀၆၁)ဦး နေထိုင်ပြီး ဒေသခံတိုင်းရင်းသားများဟာ ကော်ဖီ၊ လက်ဖက်၊ လိမ္မော်၊ ထောပတ် စသည့်နှစ်ရှည်ပင်များအပြင် ခရမ်းချဥ်၊ ပန်းမုံလာ၊ ဂေါ်ဖီထုပ် စသည့် နှစ်တိုသီးနှံများကိုလည်း စိုက်ပျိုးကာ အသက်မွေးဝမ်းကြောင်း ပြုနေထိုင်ကြရပါတယ်။ ထိုသို့ ရိုးသားစွာ အသက်မွေးဝမ်းကြောင်းပြုနေထိုင်ကြသော ဒေသခံတိုင်းရင်းသားများဟာ လျှပ်စစ်မီးရရှိရန် စိတ်အားထက်သန်နေကြပါတယ်။ ဤကဲ့သို့ စိတ်အားထက်သန်မှုဖြင့် အနာဂတ်ကိုရှေးရှုပြီး ဒေသခံများဟာ ကျောက်ငုက်ကျေးရွာနှင့် (၂.၅) မိုင်ခန့် ဝေးကွာသော အုတ်တွင်းကျေးရွာမှ 11 KV ဓါတ်အားလိုင်း (၂.၅)မိုင်ကို ကိုယ်ထူကိုယ်ထသွယ်တန်းမည်ဟု ဆုံးဖြတ်ကာ တစ်အိမ်ထောင်လျှင် ကျပ် (၂၅၀၀၀၀/-) ထည့်ဝင်ကာ သွယ်တန်းခဲ့ကြရပါတယ်။ ထိုသို့ သွယ်တန်းပြီးသော်လည်း ရွာတွင်းသွယ်တန်းရန် 400 KVA ဓါတ်အားလိုင်း (၃) မိုင်နှင့် ထရန်စဖော်မာ 200 KVA (၁) လုံး လိုအပ်လျက်ရှိပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒီမိုကရေစီအသွင်ကူးပြောင်း ကာလတွင် ပြည်သူလူထုပူးပေါင်းပါဝင်မှုဟာ အင်မတန်အရေးကြီးပါတယ်။ စီမံကိန်း များရေးဆွဲရာတွင် ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်ထားသော မည်သည့်လုပ်ငန်းမဆို ဦးစားပေးအသိအနေဖြင့် ထည့်သွင်းပေးဖို့ကိုလည်း အကြံပြုပြောကြားလိုပါတယ်။ ယခု ကျောက်ငုက်ကျေးရွာ ဒေသခံပြည်သူများဟာ စားဝတ်နေရေး၊ စီးပွားရေး ကျပ်တည်း သော်လည်း မိမိတို့ကျေးရွာ မိမိတို့ အနာဂတ်ကလေးများအတွက် ရေရှည်အကျိုးကို ရှေးရှုပြီး လျှပ်စစ်မီးရရှိရန် ကိုယ်ထူကိုယ်ထ 11 KV ဓာတ်အားလိုင်းကို ကြိုးစားဆောင်ရွက်ခဲ့သလို နိုင်ငံတော်ကိုလည်း တစ်စိတ်တစ်ပိုင်း ပူးပေါင်းပါဝင်ခဲ့ပါတယ်။ ထိုသို့ အခက်အခဲများကြား တွင် ကိုယ်ထူကိုယ်ထပြုလုပ်နိုင်သလို နိုင်ငံတော်ကိုလည်း ပူးပေါင်းပါဝင်ပေးသော ကျောက် ငုက်ကျေးရွာအတွက် ထပ်မံလိုအပ်လျက်ရှိသော 400 KVA ဓာတ်အားလိုင်း (၃)မိုင်နှင့် ထရန် စဖော်မာ 200 KVA ထရန်စဖော်မာ (၁)လုံးကို ၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်း လျာထားပေးနိုင်ပါရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းရှဲန်တစ်လုံ၊ လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အနယ်နယ်အရပ်ရပ်မှ တက်ရောက်လာကြတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တက်ရောက်လေ့လာကြသော အနယ်နယ်အရပ်ရပ်က ဌာနဆိုင်ရာများနှင့် လေ့လာသူများအားလုံး မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ ပြည်နယ်လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး စိုင်းရှဲန်တစ်လုံ ဖြစ်ပါတယ်။ ယခုကျွန်တော်တို့ ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအေးမင်းစိုးရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ ပတ်သက်ပြီးတော့ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့နယ်၊ ကျောက်ငှက်ကျေးရွာလျှပ်စစ်ဓာတ်အားရရှိရေးအတွက် ၁၁/ ၀.၄ ကေဗွီ ၁၀၀ ကေဗွီအေ ထရန်စဖော်မာ (၂)လုံးနှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်း(၃)မိုင် တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှာ ရှမ်းပြည်နယ်အစိုးရရန်ပုံငွေမှာ ထည့်သွင်းလျာထား တင်ပြထားပြီး ဖြစ်ပါတယ်။ ရန်ပုံခွဲဝေငွေရရှိမှုပေါ်မူတည်ပြီးတော့ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညီညီ(ခ) ဦးညီလေးချမ်းက ပထမမေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးညီညီ (ခ) ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ)ဦးညီလေးချမ်း ဖြစ်ပါတယ်။ ယနေ့ကျွန်တော်မေးခွန်းကိုပဲ တိုက်ရိုက်မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနသို့ မည်သည့်အမှုမျိုးကို တိုင်ကြားနိုင်ကြောင်းကို ရှမ်းပြည်နယ် ပြည်သူအများအနေနဲ့ မသိရှိကြပါ။ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနရုံးခွဲများလည်း မည်သည့်မြို့နယ်များတွင် ဖွင့်ထားသည်လည်း မသိရှိကြပါ။ သို့ဖြစ်ပါ၍ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနရုံးသို့ မည်သည့်အမှုများကို တိုင်ကြားနိုင်ကြောင်းနှင့် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနရုံးများ မည်သည့်မြို့နယ်များတွင်ရုံးဖွင့်ထားကြောင်းကို အများပြည်သူသိရှိနိုင်ရန်အတွက် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအား ကြယ်ပွင့်ပြမေးခွန်းမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးလှဦး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာတက်ရောက်ပါသော ဧည့်သည်တော်များအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းများနဲ့ ပြည့်စုံကြ ပါစေကြောင်း ပထမဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ)ဦးညီလေးချမ်းမှ မေးမြန်းလာတဲ့ ရှမ်းပြည်နယ်၌ တရားဥပဒေစိုးမိုးရေးအတွက် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနသို့ မည်သည့်အမှုမျိုးကို တိုင်ကြားနိုင်ကြောင်းနှင့် မည်သည့်မြို့နယ်များတွင် ရုံးဖွင့်လှစ်ထားကြောင်းကို သိရှိလိုပါကြောင်းဆိုတဲ့ မေးခွန်းနှင့်ပတ်သက်၍ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ကျွန်တော် ဗိုလ်မှူးကြီးလှဦးမှ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနသည် ၁၉၅၁ ခုနှစ်တွင် အထူးစုံစမ်းစစ်ဆေးမှု အုပ်ချုပ်ရေးအဖွဲ့နှင့် အထူးစုံစမ်းစစ်ဆေးရေးဌာန အက်ဥပဒေအရ စတင်ဖွဲ့စည်းဆောင်ရွက်ခဲ့သော ဌာနတစ်ခုဖြစ်ပြီး တရားဥပဒေစိုးမိုးရေးအတွက် အောက်ပါ ဦးစီးဌာန၏ ရည်မှန်းချက်တာဝန်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်–

(က) စီးပွားရေးဆိုင်ရာပြစ်မှုများကို စုံစမ်းဖော်ထုတ်အရေးယူရေး။
(ခ) ဝန်ထမ်းမသမာမှုများကို စုံစမ်းဖော်ထုတ်အရေးယူရေး။
(ဂ) နိုင်ငံတော်လုံခြုံရေးသတင်းများ စုဆောင်းတင်ပြရေး။
(ဃ) ပြည်သူ့အကျိုးပြုဆောင်ရွက်ရေး။

ရည်မှန်းချက်များအကောင်အထည်ဖော်ရာတွင် အောက်ပါ အဓိကလုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိပါတယ်–

(က) စိစစ်ခြင်းလုပ်ငန်း။
(ခ) စုံစမ်းစစ်ဆေးခြင်းလုပ်ငန်း။
(ဂ) ဥပဒေအကြံပေးခြင်းလုပ်ငန်း။
(ဃ) တရားစွဲတင်ပို့ခြင်း၊ တရားရုံးအမှုလိုက်ပါဆောင်ရွက်ခြင်းလုပ်ငန်း။
(င) သတင်းထောက်လှမ်းစုဆောင်းတင်ပြခြင်းလုပ်ငန်း။
(စ) နိုင်ငံတော်တည်ငြိမ်ရေး၊ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး ပူးပေါင်းဆောင်ရွက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနအနေဖြင့် ပုဂ္ဂလိကနစ်နာမှုများနှင့် ပတ်သက်၍ အရေးယူဆောင်ရွက်မှုမရှိဘဲ စီးပွားရေးဆိုင်ရာ ပြစ်မှုများ၊ ဝန်ထမ်းမသမာမှုများ၊ နိုင်ငံတော်နှင့် အများပြည်သူဆိုင်ရာဆုံးရှုံးနစ်နာမှုများနှင့်ပတ်သက်၍ အဓိကစုံစမ်းစစ်ဆေးကာ အများနှင့် သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေ၊ ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးအက် ဥပဒေ၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ၊ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေ၊ ငွေရေးကြေးရေး အဖွဲ့အစည်းဥပဒေ၊ ရာဇသတ်ကြီးဥပဒေတို့နှင့် အရေးယူလျက်ရှိပါတယ်။

နိုင်ငံတော်၏ရသင့်သည့် အခွန်ငွေများမဆုံးရှုံးစေရေးနှင့် အများပြည်သူဆုံးရှုံးနစ်နာမှု မရှိစေရေးတို့အတွက် စီးပွားရေးဆိုင်ရာမသမာမှုများကို ဦးစီးဌာနက ဦးဆောင်စစ်ဆေးကာ တည်ဆဲဥပဒေနှင့် အမိန့်၊ ညွှန်ကြားချက်များကို ဖောက်ဖျက်သည့် ကုမ္ပဏီ/ လူပုဂ္ဂိုလ်များကို အရေးယူလျက်ရှိပြီး သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့များ အနေဖြင့် တိုင်ကြားချက်/ တွေ့ရှိချက်များအပေါ် အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနကို စုံစမ်း စစ်ဆေးရန် တာဝန်ပေးအပ်မည်ဆိုပါက နိုင်ငံတော်သမ္မတရုံး၏ ၂၁-၇-၂၀၁၆ ရက်စွဲပါစာအမှတ်၊ ၅၀၆ (၂၀၄)/ ၁၂ / သမ္မတရုံးဖြင့် ညွှန်ကြားချက်အရ ပြည်နယ်/ တိုင်းဒေသကြီးအစိုးရအဖွဲ့များ အနေဖြင့် နိုင်ငံတော်သမ္မတရုံးသို့ ဦးစွာတင်ပြပြီး နိုင်ငံတော်သမ္မတရုံးက အထူးစုံစမ်း စစ်ဆေးရေးဦးစီးဌာနသို့ တာဝန်ပေးရန် လိုအပ်ကြောင်း စိစစ်တွေ့ရှိပါက ပြည်ထဲရေးဝန်ကြီး ဌာနမှတစ်ဆင့် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနသို့ ပြန်လည်တာဝန်ပေးအပ်သွားမည် ဖြစ်ကြောင်း ညွှန်ကြားထားပါတယ်။

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ရှမ်းပြည်နယ်ရုံးကို တောင်ကြီးမြို့၊ ရေအေးကွင်း ရပ်ကွက်၊ ကြံ့တိုင်းအောင်လမ်း၊ အမှတ်(၆၃-က)၌ ၁၉၈၄ ခုနှစ်မှ စတင်ဖွင့်လှစ်ထားရှိပါ တယ်။ ရှမ်းပြည်နယ်ရုံး၏လက်အောက်မှာ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ရှမ်းပြည်နယ်ရုံး၊ လွိုင်လင်ခရိုင်ရုံး၊ လင်းခေးခရိုင်ရုံး၊ နမ့်စန်မြို့နယ်ရုံး၊ ခိုလမ်မြို့နယ်ရုံး၊ ကလောမြို့နယ်ရုံးတို့ကို လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှာ ကျိုင်းတုံခရိုင်ရုံး၊ တာချီလိတ်ခရိုင်ရုံး၊ မိုင်းဆတ် ခရိုင်ရုံး၊ မိုင်းဖြတ်မြို့နယ်ရုံးတို့ကိုလည်းကောင်း၊ ရှမ်း ပြည်နယ်(မြောက်ပိုင်း)မှာ လားရှိုးခရိုင်ရုံး၊ မူဆယ်ခရိုင်ရုံး၊ ကျောက်မဲခရိုင်ရုံး၊ လောက်ကိုင်ခရိုင်ရုံးတို့ကိုလည်းကောင်းစသည်ဖြင့် စုစုပေါင်း ရုံး (၁၄)ရုံးမှာ အသီးသီးဖွင့်လှစ်ထားရှိပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညီညီ(ခ) ဦးညီလေးချမ်းက ဒုတိယမေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးညီညီ (ခ) ဦးညီလေးချမ်း၊ ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ဒုတိယမေးခွန်းကို ဆက်လက်တင်ပြဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ အခန်း(၁) နိုင်ငံတော်၏ အခြေခံမူများ ပုဒ်မ-၆ (င)၌ နိုင်ငံတော်၏ တရားမျှတခြင်း (Justice)၊ လွတ်လပ်ခြင်း(Liberty)နှင့်ညီမျှခြင်း (Equality)တည်း ဟူသော လောကပါလတရားများ ပိုမိုထွန်းကားလာရေး၊ ပြည်ထောင်စုတရားစီရင်ရေး ဥပဒေ အခန်း(၂) တရားစီရင်ရေးဆိုင်ရာမူများ၌ တရားစီရင်ရေးဥပဒေ ပုဒ်မ ၃(င)တွင် ဥပဒေကို ပြည်သူများ လိုက်နာကျင့်သုံးလာစေရန် ပညာပေးရေးနှင့် ပြည်သူများက ဥပဒေကို လိုက်နာသော အလေ့အကျင့် ပျိုးထောင်ပေးရေးဟူ၍ ပြဋ္ဌာန်းပါရှိပါတယ်။ အဲ့ဒီ ပြဋ္ဌာန်းချက်များအရ မေးခွန်း(၃)ခု မေးမြန်းရန် ပေါ်ပေါက်လာပါတယ်။

ပထမမေးခွန်းအနေဖြင့် တရားစီရင်ရေး အခြေခံမူအဖြစ် အထက်၌ ဖော်ပြခဲ့သည့် ပြည်သူများ ဥပဒေလိုက်နာကျင့်သုံးလာစေရန် ဥပဒေပညာပေးရေးကို ပြည်နယ်ဥပဒေချုပ်အနေဖြင့် ဆောင်ရွက်နိုင်ခြင်း ရှိ/ မရှိ၊ ရှိပါက ပြည်ထောင်စုရှေ့နေချုပ်ဥပဒေ ပုဒ်မ ၂၆၊ ပုဒ်မခွဲ (ည)ပါ မိမိအား အပ်နှင်းထားသော တာဝန်နှင့် လုပ်ပိုင်ခွင့်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်သော အမိန့်၊ ညွှန်ကြားချက်များ ထုတ်ပြန်ဆောင်ရွက်ပိုင်ခွင့်အရ ရှမ်းပြည်နယ်အတွင်းရှိ ဥပဒေရုံးအဆင့်ဆင့်၌ တာဝန်ထမ်းဆောင်လျက်ရှိသော ဥပဒေအရာရှိများအား “ပြည်သူများဥပဒေကို သိရှိနားလည်ပြီး လိုက်နာဆောင်ရွက်လာစေရန် ပြည်သူများကို ဥပဒေပညာပေးရေး” အစီအစဉ်များ လုပ်ထားခြင်း ရှိ/ မရှိ သိရှိလိုပါတယ်။

ဒုတိယမေးခွန်းအနေဖြင့် တင်ပြရမယ်ဆိုရင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း (၁)ခုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (၄)ခုရှိသဖြင့် ရှမ်းပြည်နယ်အတွင်း ပြည်နယ်ဥပဒေချုပ်ရုံးကြီးကြပ်ကွပ်ကဲရသည့် ဥပဒေရုံးများ၌ သက်ဆိုင်ရာ အုပ်ချုပ်ရေးဦးစီးအဖွဲ့များကို ပြည်ထောင်စုရှေ့နေချုပ်ဥပဒေ အခန်း(၂)၊ ပုဒ်မ ၃ပါ အဆင့်ဆင့်သော ဥပဒေရုံးများ ဖွဲ့စည်းထားရှိရာ၌ အဆိုပါ ဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲ ငယ် (ကက) ပါ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဥပဒေရုံး၊ (ခခ)ပါ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥပဒေရုံးများ ဖွဲ့စည်းဆောင်ရွက်တာဝန်ပေးအပ်ထားရှိမှုနှင့် အဆိုပါအဆင့်ဆင့်သောရုံးများတွင် သက်ဆိုင်ရာ ဦးစီးအဖွဲ့များ၏ ဥပဒေရေးရာကိစ္စများအပေါ် အထောက်အကူပြုနိုင်သည့် ဥပဒေအရာရှိများ ခန့်အပ်တာဝန်ပေးအပ်ထားမှု ရှိ/ မရှိကိုလည်း သိရှိလိုပါတယ်။

တတိယမေးခွန်းအနေဖြင့် အဆင့်ဆင့်သော ဥပဒေရုံးများ၌ တာဝန်ထမ်းဆောင်လျက်ရှိသော ဥပဒေအရာရှိများ၏ သက်ဆိုင်ရာဒေသ ဥပဒေရေးရာတာဝန်များ ထမ်းဆောင်ရာ၌ ကာလသက်တမ်း မည်သို့သတ်မှတ်ထားရှိပြီး၊ ဒေသအကျိုးပြု တာဝန်များကို

ဖြည့်ဆည်းကြိုးပမ်းနိုင်သူ ဥပဒေအရာရှိအား ဒေသမှ ပြောင်းရွှေ့ရေးအစီအစဉ် သတ်မှတ်ချက်ကို ပြည်နယ်ဥပဒေချုပ်မှ မည်ကဲ့သို့ ကြီးကြပ်ဆောင်ရွက်ထားရှိသည်ကို အများပြည်သူသိရှိနိုင်ရန်အတွက် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအား ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်ဥပဒေချုပ်က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးတင်ဦး၊ ပြည်နယ်ဥပဒေချုပ်။** အားလုံးမင်္ဂလာပါ။ ရှမ်းပြည်နယ်လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် ရှမ်းပြည်နယ်ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညီညီ(ခ)ဦးညီလေးချမ်း မေးမြန်းထားတဲ့ မေးခွန်း(၃)ခုနဲ့ ဆက်စပ်ပြီးတော့ ကျွန်တော် ရှမ်းပြည်နယ်ဥပဒေချုပ်၊ ဦးတင်ဦးမှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်အားလုံး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ကြီးနဲ့တကွ အစိုးရအဖွဲ့ဝင် ဝန်ကြီးများအားလုံး၊ ဖိတ်ကြားထားသော ဧည့်သည်များအားလုံး၊ ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ရှမ်းပြည်နယ်စာရင်းစစ်ချုပ်နဲ့တကွ တက်ရောက်လေ့လာသော ပုဂ္ဂိုလ်များအားလုံး စိတ်၏ ချမ်းသာမှု၊ ကိုယ်၏ ကျန်းမာမှုနဲ့ ပြည့်စုံကြပါစေကြောင်း ပဏာမ နှုတ်ခွန်းဆက်သအပ်ပါတယ်။

လေးစားအပ်သော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားတဲ့ ပထမမေးခွန်းနဲ့ ပတ်သက်ပြီးတော့ ဖြေကြားရမယ်ဆိုလို့ရှိရင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အခြေခံမူများမှာပါရှိတဲ့ ပုဒ်မ ၆(င)တွင် ''နိုင်ငံတော်၌ တရားမျှတခြင်း (Justice)၊ လွတ်လပ်ခြင်း (Liberty)နှင့် ညီမျှခြင်း(Equality)တည်းဟူသော လောကပါလ တရားများ ပိုမိုထွန်းကားလာရေး'' ပြည်ထောင်စုတရားစီရင်ရေး ပုဒ်မ ၃(င)မှာပါတဲ့ ပြည်သူများက ဥပဒေကိုလိုက်နာကျင့်သုံးလာစေရန် ပညာပေးရေးနှင့် ပြည်သူများက ဥပဒေကိုလိုက်နာသော အလေ့အကျင့် ပျိုးထောင်ပေးရေးကို ပြည်နယ်ဥပဒေချုပ်အနေနဲ့ ပြည်ထောင်စုရှေ့နေချုပ် ဥပဒေပုဒ်မ ၁၃၊ ပုဒ်မခွဲ (ခ)နှင့် ပုဒ်မ ၂၆၊ ပုဒ်မခွဲ (ဥ)တွင် ပြဋ္ဌာန်းထားရှိသည်နှင့်အညီ ''ပြည်ထောင်စုရှေ့နေချုပ်က ဖြစ်စေ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်ကဖြစ်စေ၊ ဥပဒေနှင့်အညီ ပေးအပ်သော လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း၊''ဟု ပြဋ္ဌာန်းထားရှိတဲ့အချက်အရ ပုဒ်မခွဲ(ည)မှာ '' မိမိအား အပ်နှင်းထားသော တာဝန်နှင့်လုပ်ပိုင်ခွင့်များ အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်တဲ့ အမိန့်နှင့် ညွှန်ကြားချက်များကို ပြည်ထောင်စုရှေ့နေချုပ်၏ အတည်ပြုချက်ရယူပြီး ထုတ်ပြန်ခြင်း''ဟု ပြဋ္ဌာန်းချက်တို့အရ ပြည်ထောင်စုရှေ့နေချုပ် ဥပဒေပုဒ်မ ၃၆တွင် ဥပဒေရုံး အဆင့်ဆင့်၌ ဥပဒေအရာရှိများဟာ လုပ်ငန်းတာဝန်၊ ပုဒ်မခွဲ (က)မှ (တ)အထိ တာဝန်ကြီး (၁၆)ရပ်ကို

ထမ်းဆောင်လျက်ရှိရာ ပုဒ်မ ၃၆ (တ)မှာ ပါရှိတဲ့ တာဝန်အရ တာဝန် ပေးအပ်ဆောင်ရွက်စေနိုင်ပါတယ်။

အဲ့ဒီလိုဆောင်ရွက်တဲ့အခါမှာ အများပြည်သူတွေ ဥပဒေပညာပေးရေး၊ အကူအညီပေးရေးကို ဆောင်ရွက်နိုင်ဖို့ ရှမ်းပြည်နယ်ဥပဒေချုပ်ရုံးမှာ ''တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာ လုပ်ငန်းပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ခွဲ''ကို ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ၁၅-၅-၂၀၁၇ ရက်စွဲပါအမိန့်စာအမှတ် (၃/၂၀၁၇)ဖြင့် မိမိတို့ ဥပဒေရုံး၊ တရားရုံး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရဲတပ်ဖွဲ့၊ ရှေ့နေ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းမှ အဖွဲ့ဝင်(၉)ဦး ပါဝင်သောအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိသလို တစ်ဘက်တွင် တရားရုံးဌာနမှာလည်းပဲ ၂၀၁၆ ခုနှစ်၊ ဥပဒေအမှတ် ၁၀ အရ ဥပဒေအထောက်အကူပြုရေး ဥပဒေကို ပြဋ္ဌာန်းပြီး တရားစွဲဆိုထားသော မှုခင်းများမှာ ပြည်သူများအတွက် ဥပဒေရေးရာအထောက်အကူဖြစ်စေရန် လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။

ပြည်နယ်ဥပဒေချုပ်ရုံးအနေနဲ့ ကွပ်ကဲမှုအောက်မှာရှိတဲ့ ဥပဒေရုံးအဆင့်ဆင့်မှ ပြည်သူများကို ဥပဒေပညာပေးရေးကိစ္စဆောင်ရွက်ရာမှာ ပြည်ထောင်စုရှေ့နေချုပ် ဥပဒေ ပုဒ်မ ၂၆ (ည)အရ ပြည်ထောင်စုရှေ့နေချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်မှ တာဝန်ပေးအပ်လာလျှင် ပြည်ထောင်စုရှေ့နေချုပ် ဥပဒေပုဒ်မ ၂၆(၃)အရ ပြည်ထောင်စုရှေ့နေချုပ်၏ အတည်ပြုချက်ဖြင့် အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်ပြီးတော့မှ ဆောင်ရွက်နိုင်ကြောင်း ပထမမေးခွန်းကို ဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်းဖြစ်တဲ့ ရှမ်းပြည်နယ်အတွင်းမှာရှိတဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥပဒေရုံးများဖွင့်လှစ်မှုအခြေအနေကို ဆက်လက်ပြီးတော့ ဥက္ကဋ္ဌကြီးထံမှတစ်ဆင့် လေးစားစွာ တင်ပြဖြေကြားပါမယ်။

ရှမ်းပြည်နယ်အတွင်းမှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း(၁)ခုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (၄)ခုရှိပါတယ်။ ပထမဦးစွာ ''ဝ''ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဥပဒေရုံးမှာ လက်ထောက်ညွှန်ကြားရေးမှူးအဆင့် တာဝန်ပေးအပ်ထားပြီး၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥပဒေရုံးမှာဆိုလို့ရှိရင် ဒုတိယညွှန်ကြားရေးမှူးအဆင့် ဥပဒေအရာရှိ (၁) ဦး၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥပဒေရုံးတွင် ဒုတိယညွှန်ကြားရေးမှူးအဆင့် ဥပဒေအရာရှိ (၁)ဦး၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥပဒေရုံးတွင် လက်ထောက်ညွှန်ကြားရေးမှူးအဆင့်ရှိ ဥပဒေအရာရှိများကို ခန့်အပ်ထားပြီးတော့ သက်ဆိုင်ရာ အုပ်ချုပ်ရေးဦးစီးအဖွဲ့များ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၏ ဥပဒေရေးရာကိစ္စများကို အထောက်အကူပြုနိုင်ရန် ခန့်အပ်တာဝန်ပေးထားပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဥပဒေရုံး

အတွက်ဆိုလို့ရှိရင်တော့ ရုံးမြေနေရာအခက်အခဲရှိတဲ့အတွက် ရုံးခန်းအခက်အခဲလည်း ရှိသောကြောင့် ဒေသဥပဒေရုံးဖွင့်လှစ်နိုင်ခြင်း မရှိသေးသော်လည်း နမ့်ဆန်မြို့နယ်ဥပဒေ ရုံးကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၏ ရုံးခန်း(၁)ခုမှာ မြို့နယ်အဆင့် လုပ်ငန်း တာဝန်များကို ဆောင်ရွက်လျက်ရှိပြီး ကိုယ်ပိုင်အုပ်ချုပ်ရေးဦးစီးအဖွဲ့ထံ ဒေသဥပဒေရုံး ဖွင့်လှစ်နိုင်ရေး ယာယီရုံးခန်း(၁)နေရာ စီစဉ်ပေးပါရန်နှင့် ဒေသဥပဒေရုံး၊ မြို့နယ်ဥပဒေရုံး (၂)ထပ် အဆောက်အဦဆောက်လုပ်နိုင်ရေးအတွက် မြေနေရာရရှိရေးကိုလည်း ညှိနှိုင်း ဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

တတိယမေးခွန်းဖြစ်တဲ့ ဥပဒေအရာရှိများ အဆင့်ဆင့်တာဝန်ပေးအပ်ထားတဲ့ကိစ္စနှင့် စပ်လျဉ်းပြီးတော့ မေးခွန်းကို လွှတ်တော်ဥက္ကဋ္ဌကြီးထံမှတစ်ဆင့် တင်ပြရမယ်ဆိုလို့ရှိရင် ပြည်ထောင်စုရှေ့နေချုပ်သည် ပြည်ထောင်စုရှေ့နေချုပ် ဥပဒေ ပုဒ်မ ၁၂၊ ပုဒ်မခွဲ (ဃ)ပါ ''ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ဥပဒေရုံးအဆင့်ဆင့်ရှိ ဥပဒေအရာရှိများအား လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း''ဟု ပြဋ္ဌာန်းချက်နှင့်အညီ ဥပဒေအရာရှိများ တာဝန်ချထားခြင်း၊ ပြောင်း ရွှေ့ခြင်းကိစ္စရပ်များကို တိုက်ရိုက်ကိုင်တွယ် ဆောင်ရွက်နေရပါတယ်။ ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသ ဥပဒေရုံးများအနေဖြင့် ဒေသအကျိုးပြုတာဝန်ဆောင်ရွက်ခြင်း၊ ထူးခြားသော အခြေအနေကာလများနှင့် ပတ်သက်ပြီးတော့ အပြောင်းအရွှေ့ကိစ္စများကို လိုအပ်သလို ဆောင်ရွက်နိုင်ရန်အတွက် ပြည်နယ်ဥပဒေချုပ်အနေဖြင့် ပြည်ထောင်စုရှေ့နေချုပ်ထံတင်ပြ ပြီး လိုအပ်သလို ညှိနှိုင်းဆောင်ရွက်ပြီး တာဝန်ပေးအပ်သွားနိုင်ပါကြောင်းကို ဖြေကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ကလောမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးသန်းထိုက်က ပထမမေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသန်းထိုက်၊ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)။** လေးစားအပ်ပါသော ရှမ်း ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီး များ၊ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ယနေ့လွှတ်တော်သို့ လေ့လာရေး လာရောက်ကြသော ဧည့်သည်တော်များအားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်အတွင်း မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ ၂၀၁၈ ခုနှစ်ကို ပြန်လည်ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်းသည့်နေ့မှစ၍ ၆ လအတွင်း သတ်မှတ်ချက်နှင့်အညီ လျှောက်ထားလာသည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်းနှင့်

မြေဧရိယာများစာရင်းကို သိရှိလိုခြင်းကိစ္စနှင့် ပတ်သက်ပြီးတော့ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ ၂၀၁၈ ခုနှစ်ကို ပြန်လည်ပြင်ဆင်သည့် မေးခွန်းရဲ့ အဓိက ပုဒ်မမှာ ဥပဒေ ပုဒ်မ ၂၂၊ ပုဒ်မခွဲ(ခ)ပါ ပြဋ္ဌာန်းချက်ကို တင်ပြရမယ်ဆိုရင် ဗဟိုကော်မတီ၏ ခွင့်ပြုမိန့်မရဘဲ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို ရယူလုပ်ကိုင်အသုံးပြုလျက်ရှိသော ပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများသည် အပိုဒ်ခွဲ(၁) မိမိ၏ ရယူလုပ်ကိုင်အသုံးပြုလျက်ရှိသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများဧရိယာနှင့် ၎င်းတို့နှင့်စပ်လျဉ်းသော အသေးစိတ်အချက်အလက်များကို ပြည့်စုံစွာဖော်ပြပြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ ၂၀၁၈ ခုနှစ် ပြဋ္ဌာန်းသည့် နေ့မှစ၍ ၆ လအတွင်း သတ်မှတ်ချက်နှင့်အညီ ဗဟိုကော်မတီ သို့မဟုတ် သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီသို့ လျှောက်ထားရမည်ဟု ပြဋ္ဌာန်းပါရှိပါတယ်။ အဆိုပါ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကို ပြဋ္ဌာန်းသည့်နေ့မှစ၍ နိုင်ငံပိုင်သတင်းစာများမှာ တရားဝင်ကြေညာခဲ့တာကိုလည်း အားလုံးအသိပဲ ဖြစ်ပါတယ်။ အဆိုပါပြင်ဆင်သည့်ဥပဒေ ကြေညာချက်ကြောင့်ပဲ ဒေသခံတိုင်းရင်းသားများဟာ ယခုပြင်ဆင်ပြဋ္ဌာန်းလိုက်သည့်ဥပဒေဟာ ခွင့်ပြုမိန့်မရရှိဘဲ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို ရယူလုပ်ကိုင်အသုံးပြုနေသူများအတွက် တရားဝင်ခွင့်ပြုမိန့်ရရှိအောင် ပြဋ္ဌာန်းတဲ့ဥပဒေလို့ ထင်မြင်ခဲ့ကြပါတယ်။ အမှန်က အများပြည်သူများနှင့် ဒေသခံပြည်သူများမှ နောက်ဆက်တွဲ ပုဒ်မခွဲငယ် (၂)ကိုလည်း သတိမထားမိကြလို့လည်း ဖြစ်ပါတယ်။ ပြန်လည်ပြင်ဆင်သည့်ဥပဒေ ပုဒ်မ ၂၂၊ ပုဒ်မခွဲငယ် (၂)မှာ ဘာပြဋ္ဌာန်းထားလဲဆိုရင် ပုဒ်မခွဲငယ်(၁)ပါအတိုင်း လျှောက်ထားဆောင်ရွက်ခြင်းမရှိလျှင် ဖြစ်စေ၊ လျှောက်ထားသော်လည်း ခွင့်ပြုမိန့်မရရှိလျှင်ဖြစ်စေ၊ အဆိုပါ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ သိမ်းယူခြင်း၊ ဖယ်ရှားခြင်း ခံရမည်ဟု ပြဋ္ဌာန်းပါရှိပါတယ်။ သတ်မှတ်ကာလ(၆)လအတွင်း လျှောက်ထားလာမည့်ဧရိယာစာရင်းများကိုလည်း အများပြည်သူများမှ သိရှိကြဖို့လည်း လိုအပ်မှာပဲ ဖြစ်ပါတယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးမှာ ကျွန်တော့်အနေနဲ့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ ပုဒ်မ ၂၂ (ဂ)၊ ၂၂ (ဃ)အတိုင်း ဆောင်ရွက်နေမှုကို မေးမြန်းခဲ့ရာမှာ သက်ဆိုင်ရာပြည်နယ်ဝန်ကြီးမှ ရှမ်းပြည်နယ်တစ်ခုလုံးမှာ လုပ်ကိုင်ခွင့်ရရှိသည့်ဦးရေ (၉၁၄)ဦး၊ ခွင့်ပြုသည့်ဧရိယာ (၄၃၀၀၀၀)ကေပေါ်မှာ အကောင်အထည်ဖော်ဆောင်ရွက်တဲ့ကေဟာ (၁၃၀၀၀၀) ကျော်ရှိပြီး၊ အကောင်အထည်ဖော်

ဆောင်ရွက်ရန်ကျန်တဲ့ ဧကပေါင်း (၃)သိန်းအနက်မှ ဥပဒေ ပုဒ်မ ၂၂ (ဂ)၊ (ဃ)အကျုံးဝင်ပြီးမှ ပြန်လည်သိမ်းယူမည့်ဧကပေါင်း (၂)သိန်းကျော်ရှိတယ်လို့ ဖြေကြားသွားတဲ့အပေါ်မှာ ဧက(၁) သိန်းကျော်ဟာ ဆောင်ရွက်ထားမှုမရှိသည့်အခြေအနေကို ပေါ်လွင်နေတာကိုလည်း တွေ့ရှိရပါတယ်။ ဒါနဲ့တစ်ဆက်တည်းပဲ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေမှာ ပြင်ဆင်ပြဋ္ဌာန်းတဲ့ ဥပဒေပုဒ်မ ၅(ဃ)အရ မြေယာမဲ့ နိုင်ငံသားများ၊ လုပ်ကွက်ငယ်တောင်သူများအတွက်လည်း မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ကိုင်ခွင့် လျှောက်ထားနိုင်သည့် အခွင့်အရေးများ ရရှိလာခြင်းကြောင့်လည်း မေးမြန်းရခြင်း ဖြစ်ပါတယ်။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့မှာ အတည်ပြုပြဋ္ဌာန်းခဲ့ပြီးဖြစ်ရာ ယခုပြဋ္ဌာန်းခဲ့သည့်နေ့မှစ၍ ၆ လအတွင်း ကာလသတ်မှတ်ချက်ကျော်လွန်သွားပြီဖြစ်တဲ့အတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ ပုဒ်မ ၂၂၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၁)အရ ပြန်လည်လျှောက်ထားလာသည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်းနှင့် မြေဧရိယာစာရင်းများကို သက်ဆိုင်ရာ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အလိုက် သိရှိလိုခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။** အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်တကွ တက်ရောက်လာကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူ ပုဂ္ဂိုလ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက် မေးမြန်းတဲ့ ရှမ်းပြည်နယ်အတွင်း မြေလွတ်၊မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေး ဥပဒေကို ပြင်ဆင်သည့်ဥပဒေ(၂၀၁၈)ခုနှစ် ပြဋ္ဌာန်းသည့်နေ့မှစ၍ (၆)လအတွင်း သတ်မှတ်ချက်နှင့်အညီ လျှောက်ထားလာသည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်းနှင့် မြေဧရိယာစာရင်းကို သက်ဆိုင်ရာ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အလိုက် သိရှိလိုပါသည်မေးခွန်းနှင့် စပ်လျဉ်းပြီး ကျွန်တော် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး တာဝန်ယူထားတဲ့ ဦးစိုင်းလုံကျော်မှ ပြန်လည်ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ Power Point ဖြင့် တင်ပြခွင့်ပြုပါခင်ဗျား။

ရှမ်းပြည်နယ်အတွင်း မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်ပြဋ္ဌာန်းသည့်နေ့မှစ၍ (၆)လအတွင်း သတ်မှတ်ချက်နှင့်အညီ လျှောက်ထားလာသည့် ပုဂ္ဂိုလ်၊ ကုမ္ပဏီ၊ အဖွဲ့အစည်းနှင့် မြေဧရိယာစာရင်းများကို တင်ပြရမယ်ဆိုရင် တောင်ကြီး ခရိုင်မှာ လူပုဂ္ဂိုလ်အနေဖြင့် လူပုဂ္ဂိုလ် (၂၅၃)ဦး၊ ဧရိယာ (၃၃၆၇)ဧက၊ ကုမ္ပဏီအနေနဲ့ဆိုရင် ကုမ္ပဏီ(၁၂)ခု၊ ဧရိယာ (၂၇၂၅၁)ဧက၊ စုစုပေါင်း လူဦးရေ (၂၆၅)ဦး၊ ဧကပေါင်း(၃၀၆၁၈) ဧကကို ပြန်လည်လျှောက်ထားလာတာ ဖြစ်ပါတယ်။ လျှောက်လာတဲ့မြို့တွေထဲမှာတော့ တောင်ကြီး၊ ဟိုပုံး၊ ဆီဆိုင်၊ ရွာငံ၊ ပင်လောင်းမြို့နယ်များ ဖြစ်ပါတယ်။ ဆက်လက်ပြီး လွိုင်လင်ခရိုင်အနေနဲ့ တင်ပြရမယ်ဆိုရင် လွိုင်လင်ခရိုင်မှာ လူပုဂ္ဂိုလ်အနေဖြင့် လျှောက်ထား လာတာ (၇၆)ဦးရှိပြီး၊ မြေဧရိယာအားဖြင့် (၁၈၂၄.၂၄)ဧက ဖြစ်ပါတယ်။ ကုမ္ပဏီအနေဖြင့် (၁၄)ခု၊ မြေဧရိယာပေါင်း(၂၅၈၇.၃၀)ဧက ဖြစ်ပြီးတော့ အဖွဲ့အစည်း(၂)ခုကတော့ မြေဧရိယာ ပေါင်း (၇၂.၅၂)ဧက၊ လွိုင်လင်ခရိုင်တစ်ခုလုံးအနေဖြင့် စုစုပေါင်းလူဦးရေဟာ (၉၂)ဦး ဖြစ်ပြီး၊ ဧရိယာပေါင်း (၄၄၈၄.၀၇)ဧကဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ လျှောက်ထားတဲ့မြို့များ ကတော့ လွိုင်လင်၊ လဲချား၊ နမ့်စန်၊ မိုင်းကိုင်၊ မိုင်းရှူးမြို့နယ်များ ဖြစ်ပါတယ်။ ဆက်လက်ပြီး လင်းခေးခရိုင်အနေနဲ့ တင်ပြရမယ်ဆိုရင် လင်းခေးခရိုင်မှာ လူပုဂ္ဂိုလ်အနေနဲ့ (၂၀၂၈)ဦးရှိပြီး တော့မြေဧရိယာပေါင်း (၁၄၉၈.၉၃)ဧက ဖြစ်ပါတယ်။ အဖွဲ့အစည်းအနေဖြင့် (၄)ခု ရှိပြီးတော့ ဧရိယာပေါင်း (၃၇၄)ဧက၊ ဒါကြောင့် လင်းခေးခရိုင်အနေနဲ့ စုစုပေါင်းလျှောက်ထားလူဦးရေ ဟာ (၂၀၃၂)ဦးဖြစ်ပြီး၊ ဧရိယာအားဖြင့် (၁၈၇၂.၉၃)ဧကဖြစ်ပါတယ်။ လျှောက်ထားတဲ့ မြို့နယ် အများစုကတော့ လင်းခေးမြို့နယ်၊ မိုးနဲမြို့နယ်နှင့် မိုင်းပန်မြို့နယ်ဖြစ်ပါကြောင်း တင်ပြ အပ်ပါတယ်။ ဆက်လက်ပြီး လားရှိုးခရိုင်အနေနဲ့ တင်ပြရမယ်ဆိုရင် လားရှိုးခရိုင်မှာ လူပုဂ္ဂိုလ် လူဦးရေအနေနဲ့ (၂၇၉)ဦး၊ ဧရိယာပေါင်း (၁၀၀၂.၇၉)ဧက လျှောက်ထားတာ ရှိပါတယ်။ စုစုပေါင်း လျှောက်ထားလူဦးရေ (၂၇၉)ဦးဖြစ်ပြီး၊ မြေဧရိယာပေါင်း (၁၀၀၂.၇၉)ဧကဖြစ်ပါ ကြောင်း တင်ပြအပ်ပါတယ်။ လျှောက်ထားတဲ့ မြို့နယ်များကတော့ လားရှိုး၊ သိန္နီ၊ တန့်ယန်း၊ မိုင်းရယ်မြို့နယ်များဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ဆက်လက်ပြီး မူဆယ်ခရိုင်အနေနဲ့ တင်ပြပေးရမယ်ဆိုရင် မူဆယ်ခရိုင်မှာ လူပုဂ္ဂိုလ်အနေဖြင့် (၂၄)ဦးရှိပြီးတော့ မြေဧရိယာပေါင်း ဟာ (၁၆၄၃.၀၀)ဧကဖြစ်ပါတယ်။ ဒါကြောင့် လျှောက်ထားတဲ့လူဦးရေ (၂၄)ဦးဖြစ်ပြီး၊ မြေ ဧရိယာပေါင်း (၁၆၄၃)ဧကဖြစ်ပါကြောင်းနှင့် လျှောက်ထားတဲ့မြို့နယ်ကတော့ မူဆယ်မြို့နယ် ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ဆက်လက်ပြီး ကျောက်မဲခရိုင်အနေနဲ့ တင်ပြရမယ်ဆိုရင် လူပုဂ္ဂိုလ်အနေဖြင့် (၆၆၅)ဦးရှိပြီး၊ ဧရိယာအားဖြင့် (၁၆၄၁၇.၁၂)ဧက ရှိပါတယ်။ စုစုပေါင်း လျှောက်ထားလူဦးရေဟာ (၆၆၅)ဦးဖြစ်ပြီး၊ မြေဧရိယာပေါင်းအားဖြင့် (၁၆၄၁၇.၁၂)ဧက ဖြစ်ပါတယ်။ ကျောက်မဲခရိုင်မှာ အများဆုံးလျှောက်ထားတဲ့ မြို့နယ်များကတော့ သီပေါ၊

နောင်ချို၊ နမ္မတူမြို့နယ်များဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ဆက်လက်ပြီး မိုးမိတ်ခရိုင်အနေနဲ့ တင်ပြရမယ်ဆိုရင် လူပုဂ္ဂိုလ်အနေဖြင့် (၂၈၈)ဦးရှိပြီး၊ ကေပေါင်းဟာ (၂၈၉.၀၀) ကေဖြစ်ပါတယ်။ ကုမ္ပဏီ (၄)ခုက ဧရိယာပေါင်း (၃၄၃၆)ကေရှိပြီးတော့ အဖွဲ့အစည်း(၄)ခုက ဧရိယာပေါင်း (၅၀၆)ကေရှိပါတယ်။ စုစုပေါင်းလူဦးရေအားဖြင့် (၂၉၆)ဦးဖြစ်ပြီးတော့ မြေဧရိယာပေါင်း (၄၂၃၁)ကေဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ အများဆုံးလျှောက်ထားတဲ့ မြို့နယ်များကတော့ မိုးမိတ်၊ မဘိမ်းမြို့နယ်များဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ဟိုပန်ခရိုင်အနေနဲ့ တင်ပြရမယ်ဆိုရင် ဟိုပန်ခရိုင်မှာ လူပုဂ္ဂိုလ်အနေဖြင့် (၅)ဦးရှိပြီးတော့ ဧရိယာအားဖြင့် (၄၅၅) ကေရှိပါတယ်။ စုစုပေါင်းလူဦးရေ (၅)ဦး၊ ဧရိယာ(၄၅၅)ကေ ဖြစ်ပြီးတော့ လျှောက်ထားတဲ့ မြို့နယ်ဟာ ဟိုပန်မြို့နယ်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ လောက်ကိုင်ခရိုင်နဲ့ မက်မန်းခရိုင်မှာ လျှောက်ထားခြင်းမရှိပါကြောင်း တင်ပြအပ်ပါတယ်။ ဆက်လက်ပြီး ကျိုင်းတုံခရိုင်အနေနဲ့ တင်ပြရမယ်ဆိုရင် ကျိုင်းတုံခရိုင်မှာ လူပုဂ္ဂိုလ်အနေဖြင့် (၁၁)ဦးရှိပြီး၊ ဧရိယာအားဖြင့် (၆၅.၉၉)ကေဖြစ်ပါတယ်။ ဒါကြောင့် လျှောက်ထားတဲ့ လူဦးရေပေါင်း (၁၁)ဦးဖြစ်ပြီးတော့ ဧရိယာအားဖြင့်(၆၅.၉၉)ကေဖြစ်ပါတယ်။ လျှောက်ထားတဲ့မြို့နယ်ဟာ ကျိုင်းတုံမြို့နယ်ဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ ဆက်လက်ပြီး မိုင်းဆတ်ခရိုင်အနေနဲ့ တင်ပြရမယ်ဆိုရင် မိုင်းဆတ်ခရိုင်မှာ လူပုဂ္ဂိုလ်အရေအတွက် (၂၃)ဦးဖြစ်ပြီး၊ ဧရိယာအားဖြင့် (၁၇၀၃)ကေဖြစ်ပါတယ်။ ဒါကြောင့် မိုင်းဆတ်ခရိုင်မှာ လျှောက်ထားတဲ့လူဦးရေမှာ (၂၃)ဦးဖြစ်ပြီး၊ ဧရိယာပေါင်း(၁၇၀၃)ကေဖြစ်ပါကြောင်းနှင့် လျှောက်ထားတဲ့ မြို့နယ်ဟာ မိုင်းဆတ်မြို့နယ်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ဆက်လက်ပြီး တာချီလိတ်ခရိုင်အနေနဲ့ တင်ပြရမယ်ဆိုရင် လူပုဂ္ဂိုလ်ဦးရေ (၆၇)ဦး၊ ဧရိယာပေါင်း(၉၇၂၃.၆၀)ကေဖြစ်ပြီး စုစုပေါင်းလူဦးရေ (၆၇)ဦး၊ ဧရိယာပေါင်း (၉၇၂၃.၆၀)ကေ ဖြစ်ပါတယ်။ လျှောက်ထားတဲ့ မြို့နယ်များဟာ တာချီလိတ်၊ မိုင်းဖြတ်၊ မိုင်းယောင်းမြို့နယ်များဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်တစ်ခုလုံးအနေဖြင့် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်ပြီးတဲ့နောက်ပိုင်း ၂၀၁၈ ခုနှစ်၊ ပြဋ္ဌာန်းပြီးတဲ့နေ့မှစ၍ ၆ လအတွင်း လျှောက်ထားလာမှုအနေနဲ့ လူပုဂ္ဂိုလ်ပေါင်းမှာ (၃၇၁၉)ဦးဖြစ်ပြီးတော့ ဧရိယာပေါင်းဟာ (၃၇၉၈၉.၆၇) ကေဖြစ်ပါတယ်။ ကုမ္ပဏီများအနေဖြင့် ဦးရေပေါင်း(၃၀)ဦးဖြစ်ပြီးတော့ ဧရိယာအားဖြင့် (၃၃၂၇၄.၃၀)ကေဖြစ်ပါတယ်။ အဖွဲ့အစည်းအနေဖြင့် ဦးရေပေါင်း (၁၀)ဦးဖြစ်ပြီးတော့ ဧရိယာအားဖြင့် (၉၅၂.၅၃)ကေဖြစ်ပါကြောင်းနှင့် စုစုပေါင်းရှမ်းပြည်နယ်တစ်ခုလုံးအနေဖြင့် လျှောက်ထားလာသူလူဦးရေပေါင်းဟာ(၃၇၅၉)ဦးဖြစ်ပြီး ဧရိယာပေါင်း(၇၂၂၁၆.၅၀)ကေ လျှောက်ထားလာကြောင်း ဖြစ်ပါတယ်။ လျှောက်ထားရာမှာလည်း ပါဝင်ရမည့်အချက်အလက်တွေ၊ အထောက်အထားတွေ၊ စာရွက်စာတမ်းတွေ ပြည့်စုံအောင်ဆောင်ရွက်ဆဲဖြစ်ပါကြောင်းနှင့်

မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေး ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ စိစစ်လျက်ရှိပါကြောင်း၊ ဒါ့အပြင် နောက်ထပ် လူပုဂ္ဂိုလ်၊ ကုမ္ပဏီ၊ အဖွဲ့အစည်းများ အနေနဲ့လည်း ဆက်လက်လျှောက်ထားမှုရှိပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ကလောမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးသန်းထိုက်က ဒုတိယမေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသန်းထိုက်၊ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** ဒုတိယမေးခွန်းအနေဖြင့် သီဟ ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီလီမိတက်မှ ဆောင်ရွက်နေသည့် Taunggyi City Square စီမံကိန်းနှင့် စပ်လျဉ်းပြီး မေးမြန်းသွားမှာ ဖြစ်ပါတယ်။ မေးခွန်းမှာပါတဲ့ စီမံကိန်းရဲ့ တည်နေရာကတော့ ရှမ်းပြည်နယ်ရဲ့မြို့တော် တောင်ကြီးမြို့၊ လမ်းမတော်ရပ်ကွက်မှာရှိတဲ့ မြို့နယ်စည်ပင်သာယာရေးဌာနပိုင် ဈေးမြေပေါ်မှာ မြို့မဈေးနဲ့ မျက်နှာချင်းဆိုင်တွင်ရှိပြီး အများကသိတဲ့ Ocean Center ဖွင့်လှစ်ထားတဲ့ အဆောက်အဦလည်းဖြစ်ပြီး၊ ယခင် ပြည်နယ်အစိုးရခွင့်ပြုချက်ဖြင့် တောင်ကြီးမြို့နယ်စည်ပင်သာယာရေး ကော်မတီနှင့် သီဟ ဖွံ့ဖြိုး တိုးတက်ရေးကုမ္ပဏီတို့ ခွဲဝေခံစားသည့်စနစ်ဖြင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်နေတဲ့ ကိစ္စပဲဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မိမိတို့ ရှမ်းပြည်နယ် လွှတ်တော်ရဲ့ ရည်မှန်းချက်ဖြစ်တဲ့ ပြည်နယ်သူ၊ ပြည်နယ်သားတို့၏ တရားဥပဒေစိုးမိုးရေး၊ တန်းတူညီ မျှရေး၊ လူမှုဘဝစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပွင့်လင်းမြင်သာစွာဖြင့် ဖော်ဆောင်ပေးနိုင်မည့် လွှတ်တော်တစ်ရပ်ဖြစ်လာစေရန် မျှော်မှန်းထားရှိပြီး ဆောင်ရွက် နေသလို ပြည်နယ်အစိုးရမှ ဆောင်ရွက်နေသောလုပ်ငန်းများကိုလည်း စောင့်ကြည့်ရမည့် တာဝန်ဟာ လွှတ်တော်ကိုယ်စားလှယ်များရဲ့ တာဝန်ဖြစ်သလို လုပ်ငန်းတည်ဆောက် ရေးများ အခက်အခဲများနှင့် ကြုံတွေ့လာပါက ညှိနှိုင်းဖြေရှင်းပေးရမည်လို့လည်း ခံယူထား ကြရ ပါတယ်။ အစိုးရနှင့် ပြည်သူကြား ညှိနှိုင်းပေါင်းစပ်ပေးကြရမဲ့ ကိုယ်စားလှယ်များလည်း ဖြစ်ကြပါတယ်။ ယခုအခါ ပြည်နယ်ရဲ့မြို့တော်မှာ ဖွံ့ဖြိုးတိုးတက်လာမှုများနှင့်အညီ ယခုလိုပဲ မြို့ရဲ့ လိုအပ်ချက်အရ၊ ဈေးဆိုင်ခန်းရဲ့အနေအထားအရ သက်ဆိုင်ရာမြို့နယ်များမှာ ယခုလို ဈေးအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ စီစဉ်ဆောင်ရွက်နေတဲ့ မြို့များရှိသလို၊ အကောင် အထည်ဖော် ဆောင်ရွက်ဖို့လုပ်တဲ့နေရာမှာလည်း တောင်ကြီးမြို့မှာ ခုနက တင်ပြသလို စီမံကိန်းကြန့်ကြာနေမှုများအပေါ် ဈေးသူ၊ ဈေးသားများမှလည်း စိုးရိမ်မှုများ၊ ကြန့်ကြာမှု များပေါ်မှာလည်း မေးခွန်းထုတ်လာစရာ ဖြစ်လာပါတယ်။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ မကြာသေးမီကာလမှလည်း နိုင်ငံပိုင်သတင်းစာများမှာ (၄.၂.၂၀၁၉)ရက်နေ့ နောက်ဆုံးထားပြီးမှ တောင်ကြီးမြို့၊ စဝ်စံထွန်းရပ်ကွက်မှာရှိတဲ့ စည်ပင်သာယာရေးဌာနပိုင်မြေပေါ်မှာ စဝ်စံထွန်းဈေးကို အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်ဆိုပြီးမှ ကုမ္ပဏီများကို လျှောက်လွှာများ ခေါ်ယူထားတာကိုလည်းသိရှိရပါတယ်။ ဒါကြောင့် ယခုစီမံကိန်းလိုပဲ အခြားမြို့တွေမှာလည်း ယခုလို လိုအပ်ချက်အရ ဈေးအဆင့်မြှင့်တင်ခြင်းစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်မယ့်ဟာတွေမှာ မပြီးပြတ်သေးတဲ့ စီမံကိန်းကြန့်ကြာမှုများအပေါ်မှာလည်း ပွင့်လင်းမြင်သာစွာဖြင့် သိချင်နေကြသလို ဈေးသူ၊ ဈေးသားများ၊ ဈေးကော်မတီများ၊ ဈေးအကျိုးတော်ဆောင်များမှလည်း သက်ဆိုင်ရာ မြို့နယ်မှ ဈေးကော်မတီများ မှလည်း သိရှိလိုတာကြောင့် ယခုလို ဒီစီမံကိန်းနှင့် ပတ်သက်ပြီးမှ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကြယ်ပွင့်ပြမေးခွန်းမှာ –

(၁) တောင်ကြီးမြို့နယ်စည်ပင်သာယာရေးကော်မတီနှင့်သီဟဖွံ့ဖြိုး တိုးတက်ရေးကုမ္ပဏီလိမိတက်တို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ခွင့်ပြုချက်အရခွဲဝေခံစားသည့်စနစ်ဖြင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်း လုပ်ငန်းသဘောတူစာချုပ်ကို (၇–၁၀–၂၀၁၄)ရက်နေ့တွင် ချုပ်ဆိုခဲ့သည့်အတွက် စာချုပ်သက်တမ်း။

(၂) လုပ်ငန်းသဘောတူစာချုပ်အတိုင်း ဆောင်ရွက်နေမှုအခြေအနေ ရှိ/ မရှိ။

(၃) ယနေ့အချိန်ထိတည်ဆောက်ရေးလုပ်ငန်း ပြီးစီးမှုမရှိခြင်းကိစ္စနှင့်စပ်လျဉ်းပြီးမှ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** စည်ပင်သာယာရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းစွံဆိုင်း၊ စည်ပင်သာယာရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ လေ့လာသူဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း မေတ္တာပို့သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွံဆိုင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက် မေးမြန်းထားတဲ့ ကြယ်ပွင့်ပြ မေးခွန်းနဲ့ ပတ်သက်ပြီး ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်၏မြို့တော် တောင်ကြီးမြို့ပေါ်တွင် ယခင်ရှမ်းပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြု ချက်ဖြင့် သီဟဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီလီမိတက်မှ ဆောင်ရွက်နေသည့် တောင်ကြီး City Square စီမံကိန်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း သိရှိလိုပါတယ်-

(က) တောင်ကြီးမြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် သီဟဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီလီမိတက်တို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ခွင့်ပြုချက်အရ ခွဲဝေခံစား သည့်စနစ်ဖြင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်း လုပ်ငန်းသဘောတူ စာချုပ် (၇-၁၀-၂၀၁၄)ရက်နေ့တွင် ချုပ်ဆိုခဲ့သည့်စာချုပ်သက်တမ်း။

( ခ) လုပ်ငန်းသဘောတူစာချုပ်အတိုင်း ဆောင်ရွက်နေမှု ရှိ/ မရှိ။

( ဂ) ယနေ့အချိန်ထိတည်ဆောက်ရေးလုပ်ငန်း ပြီးစီးမှုမရှိခြင်းကိစ္စ။

ရှမ်းပြည်နယ်၏မြို့တော် တောင်ကြီးမြို့ ယခင်ရှမ်းပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုချက် ဖြင့် သီဟဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီလီမိတက်မှ ဆောင်ရွက်နေသည့် Taunggyi Shopping Center စီမံကိန်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဖြေကြားအပ်ပါတယ်-

တောင်ကြီးမြို့နယ် စည်ပင်သာယာရေးကော်မတီနှင့် သီဟဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီ လီမိတက်တို့မှ Taunggyi Shopping Center တည်ဆောက်ရေးလုပ်ငန်းအတွက် ရှမ်း ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုချက်အရ ခွဲဝေခံစားသည့်စနစ်ဖြင့် အကျိုးတူ ပူးပေါင်း ဆောင်ရွက်ခြင်း လုပ်ငန်းသဘောတူစာချုပ်အား (၇- ၁၀- ၂၀၁၄)ရက်နေ့တွင် ချုပ်ဆိုခဲ့ရာ အဆိုပါစာချုပ်တွင် တည်ဆောက်ရေးသက်တမ်းကာလမှာ (၃)နှစ်ဖြစ်ပြီး အပိုင်း(၁) တည်ဆောက်ရေးလုပ်ငန်းများအား (၇- ၁၀- ၂၀၁၄)ရက်နေ့မှ (၃၁- ၁၂- ၂၀၁၅) ရက်နေ့ အထိသော်လည်းကောင်း၊ အပိုင်း(၂) တည်ဆောက်ရေးလုပ်ငန်းများအား (၁-၁-၂၀၁၆) ရက်နေ့မှ (၇- ၁၀-၂၀၁၇) ရက်နေ့အထိသော်လည်းကောင်း ဆောင်ရွက်သည့် သတ်မှတ် စာချုပ်ချုပ်ဆိုခဲ့ပါတယ်။

အဆိုပါ လုပ်ငန်းအတွက် ပြင်ဆင်ချက်စာချုပ်အား (၂၅-၃-၂၀၁၆)ရက်နေ့တွင် ချုပ်ဆို ခဲ့ရာ တည်ဆောက်ရေးသက်တမ်းကာလမှာ အပိုင်း(၁) တည်ဆောက်ရေးလုပ်ငန်းများအား (၇-၁၀-၂၀၁၄)ရက်နေ့မှ(၃၁-၃-၂၀၁၆)ရက်နေ့အထိလည်းကောင်း၊ အပိုင်း(၂) တည်ဆောက်ရေး လုပ်ငန်းများအား(၁-၄-၂၀၁၆)ရက်နေ့မှ(၇-၁၀-၂၀၁၇)ရက်နေ့အထိလည်းကောင်း အပိုင်း(၁) တည်ဆောက်ရေးကာလ၏ သက်တမ်းကိုသာ ပြင်ဆင်ခဲ့ပြီး လုပ်ငန်းတစ်ခုလုံး၏ ပြီးစီးရ

မည့်ရက် ပြောင်းလဲမှုမရှိဘဲ ပြင်ဆင်ချုပ်ဆို ခဲ့ပါတယ်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ထုတ်ပေးခဲ့သော (၂၈-၉-၂၀၁၆)ရက်စွဲပါခွင့်ပြုမိန့်အမှတ်၊ မနသ- ၁၂၁၄/ ၂၀၁၆တွင် တည်ဆောက်ရေးကာလအား (၂၈- ၉- ၂၀၁၆) မှစတင်၍ (၂၇- ၁၂- ၂၀၁၈)ရက်နေ့အထိ (၂၇) လတိတိကို တိုးမြှင့်ပြောင်းလဲပြင်ဆင်ပေးခဲ့ပါတယ်။ တည်ဆောက်ရေးလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိရာတွင် မြေပြင်အခြေအနေအပေါ်မူတည်၍ အဆောက်အဦပုံစံပြောင်းလဲ တည်ဆောက်ခြင်း၊ ပုံစံနှင့်စံချိန်စံညွှန်း ပြောင်းလဲခြင်းများကြောင့် စာချုပ်ပြင်ဆင်ချုပ်ဆို နိုင်ရေး ကုမ္ပဏီနှင့် ညှိနှိုင်း ဆောင်ရွက်လျက်ရှိပါတယ်။

တည်ဆောက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ အပိုင်း(၁) တည်ဆောက်ရေး လုပ်ငန်းများအား မြေအောက်ထပ်(၁)၊ မြေအောက်ထပ်(၂)၊ မြေညီထပ်မှ စတုတ္ထထပ်အထိ လုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီးဖြစ်ပါ၍ မြေအောက်ထပ်(၁)တွင် သားငါး ဆိုင်ခန်းများနေရာချထားခြင်း၊ ကားပါကင်အဖြစ်အသုံးပြုခြင်း၊ မြေအောက်ထပ်(၂)တွင် ဆိုင်ကယ်/ ကားပါကင်အဖြစ် အသုံးပြုခြင်းတို့ကို ဆောင်ရွက်လျက်ရှိပြီး မြေညီထပ်တွင် မူလကုန်ခြောက်သားငါးဈေးဆိုင်ခန်းပိုင်ရှင်များအား ပြန်လည်နေရာချထားပေးပြီးဖြစ်ပါ၍ ဈေးသူ/ ဈေးသားများ ဈေးရောင်းချလျက်ရှိပါတယ်။ ပထမထပ်တွင်မှာလည်း ကော်ဖီဆိုင်၊ Ocean Super Center၊ လူသုံးကုန်၊ အထည်စသည့် ဈေးဝယ်စင်တာနှင့် ဆိုင်ခန်းများလည်း ဖွင့်လှစ်ရောင်းချလျက်ရှိပါတယ်။

အပိုင်း(၂) တည်ဆောက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ တည်ဆောက်ရေးကာလအား (၃၁- ၃- ၂၀၁၉)ရက်နေ့အထိ သက်တမ်းတိုးမြှင့်ခွင့်ပြုပါရန် သီဟဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီလီမိတက်မှ တင်ပြလာမှုအပေါ် ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန၏(၁၇- ၁၂- ၂၀၁၈) ရက်စွဲပါစာအမှတ်၊ ၆၇၇၃ / ဂ- ၄/ ရပစ(၀၂၀)ဖြင့် တင်ပြလာပါသဖြင့် သက်တမ်းတိုးပေးမည့် ကာလအတွင်း လုပ်ငန်းဆောင်ရွက် ပြီး/ မပြီး စိစစ်၍ ပြန်လည်တင်ပြရန် ညွှန်ကြားဆောင်ရွက်ခဲ့ကြောင်း၊ စိစစ်ချက်များအရ ယနေ့ထိလုပ်ငန်းပြီးစီးအပ်နှံနိုင်မည့် အခြေအနေမရှိသည်ကို စစ်ဆေးတွေ့ရှိရပါကြောင်း၊ တည်ဆောက်ရေးကာလသက်တမ်း တိုးမြှင့်ခွင့်မရရှိပါက ကုမ္ပဏီအနေဖြင့် စာချုပ်ပါစည်းကမ်းချက်အရ လုပ်ငန်းပြီးစီးရမည့်ရက်၏ နောက်တစ်ရက်မှစ၍ တစ်ရက်လျှင် ဒဏ်ငွေကျပ်(၅၀၀၀၀/-)ပေးဆောင်ရမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဦးသန်းထိုက်၊ ကလောမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဝန်ကြီးဖြေကြားသွားတဲ့ အဖြေပေါ်မှာမူတည်ပြီးမှ ကျွန်တော့်ကို တစ်ဆက်တစ်စပ်တည်း မေးခွန်းမေးမြန်းခွင့်ပြုပါခင်ဗျား။ ဝန်ကြီးဖြေကြားသွားတဲ့အထဲမှာ စီမံကိန်းတည်ဆောက်ရေး

လုပ်ငန်းနဲ့ပတ်သက်ပြီး အပိုင်း(၁)၊ အပိုင်း(၂)ဆိုပြီး ဖြေကြားသွားတာလည်း တွေ့ရှိရပါတယ်။ (၂၇– ၁၂– ၂၀၁၈)ရက်နေ့မှာ တည်ဆောက်ရေးလုပ်ငန်းစာချုပ် သက်တမ်းဟာ ကုန်ဆုံးသွားပြီလို့ ဝန်ကြီးဖြေကြားသွားတာကို သိရှိရပါတယ်။ ဒါပေမယ့်လည်း ယခုမြေပြင်အခြေအနေပေါ်မှာ တည်ဆောက်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နေ တယ်ဆိုတာလည်း အားလုံးအသိပဲ ဖြစ်ပါတယ်။ ဒါကြောင့်(၂၇– ၁၂– ၂၀၁၈)ရက်နေ့မှာ စာချုပ်သက်တမ်းကုန်ဆုံးသွားပြီးမှ ယခုလိုစီမံကိန်းကို ဆက်လက်ဆောင်ရွက်နေတဲ့အပေါ်မှာ မည်သူ့ရဲ့ခွင့်ပြုချက်ဖြင့် ဆောင်ရွက်နေတာကိုလည်း သိရှိလိုပါတယ်။ နောက်တစ်ချက်အနေနဲ့ စီမံကိန်းတစ်ခုကို စတော့မယ်ဆိုရင် မစတင်မီမှာ ဆောင်ရွက်ရမယ့်မြေနေရာ၊ ပတ်ဝန်းကျင်အနေအထားနဲ့ အဆောက်အဦပုံစံ၊ စံချိန်စံညွှန်းများနှင့်အညီ ဦးစွာတင်ပြပြီးမှ ခွင့်ပြုချက်ရရှိဆောင်ရွက်ရတယ်လို့ ကျွန်တော်တို့ သိရှိထားပါတယ်။ အပိုင်း(၂)မှာ ပြန်လည်ပြီးမှ မြေပြင်အနေအထားပေါ်မှာ မူတည်ပြီးမှ ပြန်လည်ပြင်ဆင်ဖို့ ကုမ္ပဏီနဲ့ ညှိနှိုင်းတယ်ဆိုတဲ့ကိစ္စဟာလည်းစာချုပ်ပါ စည်းမျဉ်းစည်းကမ်းအတိုင်းကော ကိုက်ညီမှုရှိပါရဲ့လား။ နောက်တစ်ခုအနေနဲ့ စာချုပ်သက်တမ်းကုန်ဆုံးသွားပြီးမှ အပိုင်း(၁)မှာ ဝန်ကြီးဖြေသွားတဲ့အထဲမှာ သားငါးဈေးတန်းတွေ မူလဈေးဆိုင်ခန်း၊ ဈေးသူဈေးသားများနဲ့ ရောင်းချတဲ့နေရာတွေနဲ့ Ocean Super Center တွေ ဖွင့်ထားတဲ့ နေရာတွေမှာ ဖွင့်လှစ်ရောင်းချမှုများနှင့်အတူ နေ့စဉ်နှင့်အမျှ လူတွေဟာလည်း စည်ကားလျက်ရှိတာကို တွေ့ရှိရပါတယ်။ သို့ပါသောကြောင့် စာချုပ်သက်တမ်းကုန်ရက်မှစတင်ပြီးတော့မှ အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ကိစ္စမှာ နေ့စဉ်နှင့်အမျှ လာရောက်ဈေးဝယ်နေကြတဲ့ ပြည်သူများအပေါ်မှာ ဒီစီမံကိန်းတည်ဆောက်ရေးလုပ်ငန်းနှင့်ပတ်သက်ပြီး တစ်စုံတစ်ရာများ ဖြစ်ပွားခဲ့မယ်ဆိုပါက မည်သူမှ တာဝန်ယူ၊ တာဝန်ခံဆောင်ရွက်ပေးမှာလည်းဆိုတာကို သိရှိလို၍ ပြည်သူများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ထပ်ဆင့်မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ထပ်ဆင့်မေးခွန်းနှင့် စပ်လျဉ်းပြီးတော့မှ သက်ဆိုင်ရာ ဝန်ကြီးက ဖြေကြားပေးနိုင်ဖို့ ဖြေကြားဖို့ အစီအစဉ်ရှိရင်လည်းပဲ ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းစွံဆိုင်း၊ စည်ပင်သာယာရေးဝန်ကြီး။** ဒီမေးခွန်းနဲ့ပတ်သက်ပြီး ကျွန်တော်တို့ဖြေကြားရမဲ့ နောက်ဆက်တွဲကို လွှတ်တော်ကို တင်ပြပေးသွားမှာ ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ထပ်ဆင့်မေးခွန်းကို သက်ဆိုင်ရာ ဝန်ကြီးကနေပြီးတော့မှ လွှတ်တော်ကနေတစ်ဆင့် စာနဲ့ဖြေကြားပေးဖို့ အစီအစဉ်ရှိကြောင်း သိရှိရပါတယ်။ အဲ့ဒါကြောင့် ဒီတိုင်းပဲ ဆက်လက် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ရွှင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစဝ်အောင်မြတ်က မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစဝ်အောင်မြတ်၊ ရွှင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** အားလုံး မင်္ဂလာပါ။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေးသို့ တက်ရောက်လာတဲ့ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်နဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူများအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရွှင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစဝ်အောင်မြတ် ဖြစ်ပါတယ်။

ကျွန်တော်မေးမဲ့ မေးခွန်းကတော့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာရှိတဲ့ ဟန်မြင့်မိုရ်-မြို့ကြီး- ရွှင်လမ်းမှာ ၂၀၁၆ ခုနှစ်ကစပြီး လမ်းပြုပြင်ခြင်းလုပ်ငန်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်။ ယခု ၂၀၁၉ ခုနှစ်အထိ လုပ်ငန်းပြီးစီးအောင် ဆောင်ရွက်နိုင်ခြင်း မရှိသေးဘဲ မြို့ကြီးကျေးရွာနဲ့ ရွှင်မြို့နယ်အကြားမှာတော့ လမ်းမိုင်(၂၀)ကျော်ရဲ့ အခြေအနေဟာ ကတ္တရာလမ်းကနေပြီးတော့ မြေသားလမ်းအဖြစ် ဆိုးရွားစွာပျက်စီးလျက်ရှိတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ ပွင့်လင်းရာသီအလွန် မိုးတွင်းကာလမှာ ပိုမိုဆိုးရွားပြီး ပျက်စီးလာနိုင်တဲ့အတွက် ဒေသခံပြည်သူများမှ လမ်းအခြေအနေနဲ့ ပတ်သက်ပြီးတော့ အခြေအနေ သိရှိလိုတာကို တင်ပြလာတာဖြစ်တဲ့အတွက် လမ်းမှတ်တမ်းဓါတ်ပုံတွေကိုလည်း Power Point ဖြင့် တင်ပြခွင့်ပြုပါ။

ဖော်ပြပါ ရွှင်-မြို့ကြီးလမ်း မှတ်တမ်းဓာတ်ပုံ ဖြစ်ပါတယ်။ လမ်းတိုးချဲ့လိုက်တဲ့အချိန်မှာ လမ်းကတော့ ကျယ်လာပါတယ်။ မူလကတ္တရာခင်းထားတဲ့ (၁၂)ပေလမ်း တစ်ချို့ပျက်စီးသွားတဲ့ အနေအထား ဖြစ်ပါတယ်။ ဒါက မိုးအခါမဲ့ ရွာသွန်းတဲ့အခါကျလို့ရှိရင် ဗွက်တန်းတွေရဲ့ အခြေအနေ ဖြစ်ပါတယ်။ ဒါကလက်ရှိသွားလာနေတဲ့အခြေအနေကို ဖော်ပြထားတာ ဖြစ်ပါတယ်။ ဒါဟာလက်ရှိ ရွှင်-မြို့ကြီးလမ်းမှတ်တမ်းဓာတ်ပုံ ဖြစ်ပါတယ်။

ရွှင်- မြို့ကြီးလမ်းဟာ အဓိကကတော့ မန္တလေးတိုင်းကနေပြီးတော့ ရှမ်းပြည်နယ်ကိုဝင်ရောက်ဖို့အတွက် အဓိကလမ်းမကြီးတစ်ခု ဖြစ်ပါတယ်။ ကျွန်တော်တို့ ယခင် JICA နဲ့ ပြည်ထောင်စုဆောက်လုပ်ရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြီးတော့မှ ဂျပန်နိုင်ငံ နိုင်ငံတကာအကူအညီပေးရေးအဖွဲ့တွေနဲ့ ပူးပေါင်းပြီး စတင်ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ အဲ့လိုဆောင်ရွက်တဲ့အနေမှာ JICA ကနေပြီးတော့မှ ထည့်ဝင်ငွေ ကျပ်သန်းပေါင်း ၄၀၀၀ ကျော်နဲ့

ပြည်ထောင်စုဆောက်လုပ်ရေးဝန်ကြီးဌာနမှ ကျပ်သန်းပေါင်း ၃၀၀၀ ကျော်လောက် စတင်ပြီး တော့မှ ကျပ်သန်းပေါင်း ၇၀၀၀ ကျော်နဲ့ စတင်ဆောင်ရွက်ခဲ့တဲ့ လုပ်ငန်းဖြစ်ပါတယ်။ ဒီလို ဆောင်ရွက်တဲ့နေရာမှာလုပ်ငန်းတစ်ခုလုံးပြီးစီးနိုင်ဖို့အတွက် အခက်အခဲများ ရှိကောင်း ရှိနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့ ရွှေဘင်မြို့နယ်ရဲ့ အဓိကဆက်သွယ်ရေး လမ်းမကြီးလည်း ဖြစ်တဲ့ မန္တလေးတိုင်းဒေသကြီးနဲ့ ရှမ်းပြည်နယ်ကို ဆက်သွယ်ထားတဲ့ ပြည်ထောင်စု လမ်းလည်းဖြစ်တဲ့ ဟန်မြင့်မိုရ်- မြို့ကြီး- ရွာငံလမ်းမှာ ပိုမိုပျက်စီးယိုယွင်းနေပြီး လမ်းဆက် လက်ပြုပြင်ခြင်းလုပ်ငန်းများ ရပ်ဆိုင်းထားရတဲ့ အခြေအနေရှိတဲ့အတွက် လာမည့်မိုးတွင်း ကာလများမှာ လမ်းပိတ်ဆို့မှုတွေ၊ မော်တော်ယာဉ်တိမ်းမှောက်မှုတွေ ပိုမိုဖြစ်လာနိုင်တာ ဖြစ်တဲ့အတွက် ဟန်မြင့်မိုရ်- မြို့ကြီး- ရွာငံလမ်း စီမံကိန်းကိုအမြန်ဆုံး ဆက်လက်ဆောင်ရွက် ပေးရန် အစီအစဉ် ရှိ/ မရှိနဲ့ ရှိပါက မည်သည့်ကာလမှာ ဆောင်ရွက်ပေးမယ်ဆိုတာကို သိရှိလို တဲ့အတွက် ကြယ်ပွင့်ပြမေးခွန်းအား လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရကို မေးမြန်းတင်ပြလိုပါတယ်။ ကျွန်တော်တို့ လွှတ်တော်အနေနဲ့ကတော့ လွှတ်တော်ရဲ့ Agenda တွေအရ မေးခွန်းတွေ မေးမြန်းတဲ့အခါမှာ မေးခွန်းများစနစ်တကျပြုစုပြီး မေးခွန်းနဲ့ ပတ်သက်ပြီးတော့မှ လွှတ်တော်ဥက္ကဋ္ဌကိုတင်ပြပြီးတော့မှ မေးမြန်းတာဖြစ်ပါတယ်။ လွှတ်တော်ထဲရောက်မှ ကျွန်တော်တို့ မေးချင်တာမေးတဲ့အနေအထားမျိုး မဟုတ်ပါဘူး။ မေးတဲ့အခါမှာလည်း လွှတ်တော်ရဲ့ ဂုဏ်၊ လွှတ်တော်ရဲ့ ယဉ်ကျေးမှု၊ လွှတ်တော်ရဲ့ စည်းကမ်း လိုက်နာပြီးတော့မှ စနစ်တကျမေးမြန်း တင်ပြပေးတဲ့အပေါ်မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ အနေနဲ့လည်း စနစ်တကျ ပြန်လည်ဖြေကြားပေးဖို့နဲ့ ဖြေကြားမှုများမှာလည်း ဆောင်ရွက် ပေးမဲ့အခြေအနေတွေဟာ လွှတ်တော်ရဲ့ ကတိကဝတ်များဖြစ်တဲ့အတွက် ကတိကဝတ်များ အတိုင်း ဆက်လက်ဆောင်ရွက်ပေးနိုင်ဖို့ တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်း ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ ရွှေဘင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစဝ်အောင်မြတ် မေးမြန်းထားတဲ့ ဓနုကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသရှိ ရွှေဘင်မြို့နယ်၏ အဓိကဆက်သွယ်ရာလမ်းမကြီး ဖြစ်သည့် ဟန်မြင့်မိုရ်- မြို့ကြီး- ရွာငံလမ်းမှာ ပိုမိုပျက်ယွင်းနေပြီး လမ်းဆက်လက်ပြုပြင်မှုလုပ်ငန်းများကို ရပ်ဆိုင်းထားသည့် အခြေအနေရှိနေသောကြောင့်လာမည့်မိုးတွင်းကာလများတွင် လမ်းပိတ်ဆို့မှုများ၊ မော်တော် ယာဉ်တိမ်းမှောက်မှုများ ပိုမိုဖြစ်လာဖွယ်ရှိပါသဖြင့် ဟန်မြင့်မိုရ်- မြို့ကြီး- ရွာငံလမ်း စီမံကိန်းအား အမြန်ဆုံး ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် အစီအစဉ်

ရှိ/ မရှိ သိရှိလိုပါကြောင်း  ကြယ်ပွင့်ပြမေးခွန်းနဲ့ပတ်သက်ပြီး ဆက်လက်ဖြေကြား တင်ပြသွားမှာ ဖြစ်ပါတယ်။ ကျေးဇူးပြု၍ Power Point အသုံးပြုခွင့်ပြုဖို့ တင်ပြအပ်ပါတယ်ခင်ဗျား။

ဟန်မြင့်မိုရ်– မြို့ကြီး– ရွာငံ– အောင်ပန်းလမ်းဟာ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့နယ်ကို ဆက်သွယ်ထားတဲ့ ပြည်ထောင်စုလမ်းမကြီးဖြစ်ပါတယ်ခင်ဗျား။ လမ်းရဲ့အမည်အနေနဲ့  ဟန်မြင့်မိုရ်– မြို့ကြီး– ရွာငံ– အောင်ပန်းလို့ဆိုပေမဲ့ လမ်းအရှည်သတ်မှတ်ချက်ကတော့ ပုံမှာဖော်ပြထားတဲ့အတိုင်း ကျုံးရွာအထိသာ ဖြစ်တဲ့အတွက်ကြောင့် လမ်းမိုင်အရှည် စုစုပေါင်းသည် ၇၈ မိုင် ၇ ဖာလုံ ရှိပြီးတော့ ၁၀ မိုင် ၆ ဖာလုံကိုတော့ မန္တလေးတိုင်းဒေသကြီး အပိုင်းဖြစ်ပြီးတော့ ကျန်တဲ့ ၆၈မိုင် ၁ ဖာလုံမှာ ရှမ်းပြည်နယ်(တောင်ပိုင်း)ရဲ့ အပိုင်းဖြစ်ပါတယ်။ ရှမ်းပြည်နယ် (တောင်ပိုင်း) အပိုင်း၏ ၃၀– ၉– ၂၀၁၈ လမ်းအခြေအနေကတော့ (၁၂)ပေအကျယ် ကတ္တရာလမ်း ၉ မိုင် ၂ ဖာလုံ၊ ၁၈ ပေ အကျယ် ကတ္တရာလမ်း  ၄၆ မိုင် ၅ ဖာလုံ၊ အမာခံလမ်း ၁၂ မိုင် ၂ ဖာလုံ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်(တောင်ပိုင်း) အပိုင်းမှာ မိုင် (၁၀/၆–၄၀/၀)အထိ ၂၉ မိုင် ၂ ဖာလုံ မြေပြင်မှာဆိုရင်တော့ (ကင်းရွာနှင့်ကျောက်ဂူပြင်ရွာ)အတွင်းကို FCGC Co., Ltd မှ ဆင်းရဲမှုလျော့ချရေးဆိုင်ရာဒေသဖွံ့ဖြိုးမှုစီမံကိန်း Regional Development Project For Poverty Reduction JICA Phase (I), Phase (II) ဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိပြီး ကျန်တဲ့ မိုင် (၄၀/၀–၇၈/၇)ကျုံးရွာအထိ  စုစုပေါင်း ၃၈ မိုင် ၇ ဖာလုံကိုတော့ လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၄)မှ တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

လမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိတဲ့ အပိုင်းမှာ ၂၀၁၇ – ၂၀၁၈ ဘဏ္ဍာရေးနှစ်မှ စပြီးတော့ ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာရေးနှစ်အထိ ရွာငံမြို့တွင်း ၂၃ ပေ အကျယ် ကတ္တရာလမ်းချဲ့ခြင်း၊ ရွာငံမြို့ပြင်မှာ ၁၈ ပေ အကျယ် ကတ္တရာလမ်းချဲ့ခြင်း၊ လမ်းတာဘောင်ချဲ့ခြင်း၊ လမ်းအနိမ့်အမြင့်ညှိပြီးတော့ ရေပိတ်လွှာလောင်းခြင်း၊ တောင်ပြိုမြေဖယ်ရှားခြင်း၊ လမ်းပုခုံးနိမ့်ကျမှုများအား ပြုပြင်ခြင်း၊ တံတားနှင့် ရေပြွန်တည်ဆောက်ခြင်းစသည့် တိုးတက်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သလို ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများကိုလည်း ရန်ပုံငွေ ရရှိမှုအပေါ်မှာမူတည်ပြီး တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။

ဆက်လက်ပြီးတော့ ကုမ္ပဏီကဆောင်ရွက်လျက်ရှိတဲ့အပိုင်းကို ဆက်လက်တင်ပြပါ့မယ်။ FCGC Co., Ltd မှ တာဝန်ယူဆောင်ရွက်လျက်ရှိတဲ့ (ကင်းရွာနှင့် ကျောက်ဂူပြင်ရွာ)အပိုင်းမှာ JICA ODA Loan Phase(I) ဖြင့် ၂၀၁၅ ခုနှစ် စက်တင်ဘာလမှစပြီးတော့ မြေသားတာ

ဘောင်ချဲ့ခြင်း ၂၁ မိုင် ၇ ဖာလုံ၊ ၁၈ ပေ အကျယ် ကတ္တရာလမ်းချဲ့ခြင်း ၉ မိုင် ၅ ဖာလုံ၊ ၁၈ ပေ အကျယ်ကတ္တရာ လမ်းချဲ့ခြင်းမဆောင်ရွက်မီ ဒုတိယအခြေခံလွှာ Service ၁၂ မိုင် ၂ ဖာလုံ၊ ၅၀ ပေအောက် သံကူကွန်ကရစ်တံတားနှင့် Box Culvert ၃၁ စင်း တည်ဆောက်ခြင်း၊ ကျောက်စီရေမြောင်း ၁၃၈၈၅ပေ တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာမှာ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလမှာ လုပ်ငန်းများ ပြီးစီးခဲ့ပေမဲ့ မိုင် (၂၀/၃-၃၂/၅)အထိ ၁၂ မိုင် ၂ ဖာလုံမှာတော့ စောစောက မေးခွန်းမှာပါတဲ့ ပါဝါပွိုင့်ထဲမှာရှိတဲ့အတိုင်းပဲ ဖြစ်ပါတယ်။ နိုင်ငံတကာချေးငွေရရှိမှု အခြေအနေအရ ဒုတိယအခြေခံလွှာ (Service)ခင်းခြင်းဖြင့်သာ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အဲ့ဒီလို ဆောင်ရွက်တဲ့နေရာမှာလည်း လမ်းအနိမ့်အမြင့် ဘရိတ်ကို ဖြည်တဲ့အခါမှာ ခဓာတ်ပုံပါအတိုင်းပဲ မူလရှိတဲ့ ကတ္တရာလမ်းလွှာများကို ထိုးညှိခဲ့ရတဲ့အနေအထား လေးပဲ ဖြစ်ပါတယ်။

JICA ODA Loan Phase(II) ဖြင့် မြို့ကြီးနှင့် ယုန်တောင်ရွာအတွင်း ၁၂ မိုင် ၂ ဖာလုံ ကို ၁၈ပေ အကျယ် ကတ္တရာလမ်းခင်းခြင်း၊ ယုန်တောင်နှင့် ကျောက်ဂူပြင်ရွာအတွင်း လမ်းတာဘောင်ချဲ့ခြင်းနှင့် ၁၈ ပေအကျယ် ကတ္တရာလမ်းခင်းခြင်း၊ လိုအပ်သောနေရာတွေမှာ Box Culvert တည်ဆောက်ခြင်းလုပ်ငန်းများဆောင်ရွက်ရန်အတွက် လျာထားချက်ရေးဆွဲ ထားပြီး Oriental Consultant အဖွဲ့မှ ဒီဇိုင်းစစ်ဆေး၍ လုပ်ငန်းပမာဏတွက်ချက်ခြင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ခန့်မှန်းခြေစာရင်းတွက်ချက်ခြင်းများ ဆောင်ရွက်လျက်ရှိပါ တယ်။

တောင်ကြီး- မန္တလေးခရီးအတွက် ယခင်သာစည်လမ်းကြောင်းထက်စာလို့ရှိရင် ၂၄ မိုင် ၆ ဖာလုံ၊ နာရီအားဖြင့် (၄၅ မိနစ်ခန့်) လျော့နည်းသည့်အပြင် မူလကွေ့ကောက် ကျဉ်းမြောင်းတဲ့ ကျောက်ဆောင်ကမ်းပါးများပြားလှတဲ့ တောင်ပေါ်လမ်းကို အဆင့်မြှင့်ချဲ့ထွင် တည်ဆောက်ခဲ့ရာမှာ များစွာကျယ်ဝန်းပြေပြစ်လာတဲ့အတွက်ကြောင့်မို့လို့ ခရီးသည်တင်ယာဉ် များသာမက ၂၂ ဘီး ယာဉ်များအပါအဝင် ကုန်တင်ယာဉ်များ ပိုမိုအသုံးပြုသွားလာလျက်ရှိတဲ့ အတွက်ကြောင့် မိုးတွင်းကာလများမှာ လမ်းပိတ်ဆို့မှုမရှိစေရေး၊ လမ်းပျက်စီးမှုလျော့နည်း စေရေး၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရေးတို့အတွက် လမ်းညွှန်သတိပေး ဆိုင်း ဘုတ်များ၊ အသိပေး၊ သတိပေးဆိုင်းဘုတ်များတပ်ဆင်ခြင်း၊ ကျောက်စီရေမြောင်းနှင့် မြေကာ နံရံတည်ဆောက်ခြင်းလုပ်ငန်းတွေကို ဆောင်ရွက်ထားရှိပြီး လမ်းအဆင့်မြှင့်တင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းတို့ကို ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်ပြီးတော့ ဆက်လက် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

JICA ODA Loan Phase(II) ဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများအတွက် တင်ဒါ စိစစ်ရွေးချယ်ခြင်းတွေကို Oriental Consultant နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တင်ဒါ စိစစ်ရွေးချယ်ရေးကော်မတီတို့ ပူးပေါင်းပြီးတော့ ၂၀၁၉ ခုနှစ်၊ ဇွန်လမှာ ဆောင်ရွက်ရန် လျာထားပြီးတော့ ပွင့်လင်းကာလဖြစ်တဲ့ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလမှာ လုပ်ငန်းများ စတင်ဆောင်ရွက်နိုင်မှာဖြစ်ပြီး ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှာ လုပ်ငန်းများပြီးစီးအောင် စီမံလျာထားဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါက်တာ ဝဏ္ဏစိုးက မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာဝဏ္ဏစိုး၊ ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** အားလုံး မင်္ဂလာပါ။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ဥပဒေချုပ်၊ စာရင်းစစ်ချုပ်နဲ့ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်များ၊ လွှတ်တော်သို့ လေ့လာရေးလာရောက်ကြသော ဧည့်သည်တော်ကြီးများအားလုံး ကိုယ်စိတ်နှစ်ပါး ရွှင်လန်း ချမ်းမြေ့ကြပါစေလို့ ဆုမွန်ကောင်းတောင်း ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝဏ္ဏစိုး ဖြစ်ပါတယ်ခင်ဗျား။

ကျွန်တော့်အနေနဲ့ ဒီနေ့ပြည်သူလူထုရဲ့ တင်ပြမှုအရ လွိုင်မွေ– မိုင်းငွန်း –မိုင်းကိုင် လမ်းပေါ်မှာရှိတဲ့ တံတားနဲ့လမ်းများ ပြင်ဆင်ဖောက်လုပ်နိုင်ရေးနှင့် ဆက်သွယ်ရေးတာဝါတိုင် တည်ဆောက်ပေးနိုင်ခြင်းနဲ့ ပတ်သက်ပြီးတော့ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါ တယ်ခင်ဗျား။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့ တင်ပြမှုကို Power Point ဖြင့် ပူးတွဲတင်ပြခွင့်ပြုပါရန် မေတ္တာရပ်ခံအပ်ပါတယ်ခင်ဗျား။

ကျွန်တော်တို့ (၁၀.၃.၂၀၁၉) ရက်နေ့မှာ ကျိုင်းတုံမြို့နယ် ၊ လွိုင်မွေ၊ မိုင်းငွန်းကျေးရွာ အုပ်စုနဲ့ မိုင်းကိုင်အုပ်စုများရှိ ကျေးရွာများသို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက် ပေးနိုင်ဖို့အတွက် ကျွန်တော်နှင့်အတူ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး၊ မြို့နယ်ဒုတိယ အုပ်ချုပ်ရေးမှူး၊ မြို့နယ်စီမံကိန်းမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန၊ လက်ထောက် ညွှန်ကြားရေးမှူး၊ နတလမှ ဦးစီးအရာရှိနဲ့ အငယ်တန်းအင်ဂျင်နီယာ၊ ဒုမြို့နယ်ပညာရေးမှူး၊ ကြီးကြပ်–၂ ကျန်းမာရေး ဦးစီးတို့နဲ့တကွ ပါဝင်သောအဖွဲ့က ကွင်းဆင်းခဲ့ရာမှာ မိုင်းငွန်းနဲ့

မိုင်းကိုင်ကျေးရွာများမှာရှိတဲ့ ဒေသခံတိုင်းရင်းသားများ၊ ကျေးရွာတာဝန်ခံများနဲ့ တွေ့ဆုံခဲ့ရာမှာ ၎င်းတို့၏ တင်ပြတောင်းဆိုမှုအရ ကျိုင်းတုံမြို့နယ်၊ လွိုင်မွေ၊ မိုင်းငွန်း၊ မိုင်းကိုင် ကျေးရွာအုပ်စုများသို့ ဆက်သွယ်ထားတဲ့လမ်းမှာ အရှည်ပေ(၄၀)မိုင်ရှိပြီးတော့ လမ်းအကျဉ်းဆုံးနေရာမှာ (၁၂)ပေနဲ့ အကျယ်ဆုံးနေရာမှာ(၁၈)ပေကြားရှိသော မြေသားလမ်း ဖြစ်ပါတယ်။ မိုးရာသီမှာ သွားလာရခက်ခဲကြောင်းသိရှိရပြီး၊ ပွင့်လင်းရာသီမှာ ခ.လ.ရ(၂၂၆)မှ တစ်ကြောင်းထိုးမြေလမ်း ပြုပြင်ပေးထားကြောင်း သိရှိရပါတယ်။ ရေမြောင်းမပါရှိခြင်း၊ တောင်တက်တောင်ဆင်းပေါ်များခြင်းကြောင့် လမ်းပျက်စီးမှုများ များပြားလျက်ရှိပါတယ်။ ရေစီးရေလာကောင်းမွန်ရေးနဲ့ မြေသားလမ်းပြုပြင်ပေးရန်အတွက် လိုအပ်လျက်ရှိပါတယ်။ လွိုင်မွေကျေးရွာမှ (၁၉)မိုင်ထိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန နယ်မြေတွင် ပါဝင်ပြီး၊ မိုင်းကိုင်ကျေးရွာထိ (၂၁)မိုင်မှာ နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန နယ်မြေမှာ ပါဝင်ပါတယ်။ မိုင်းငွန်း– မိုင်းကိုင်ကျေးရွာ အုပ်စုချင်းဆက်လမ်းပေါ်တွင် မိုင်းငွန်းရွာအထွက် မိုင်းငွန်းချောင်း ၈၀ ပေ တံတား ၁ စင်း၊ မိုင်းကိုင်ရွာအဝင် ၁၅ ပေ တံတား ၁ စင်း၊ ၅ ပေ Box Culvert ၇ စင်း ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိပါတယ်။ မြေသားလမ်းအား ၃၀ ပေ အကျယ်လမ်းတာချဲ့ပြီး ကျောက်ရော မြေ/ ဂျင်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပေးပါက ရာသီမရွေးသွားလာရန် ရရှိနိုင်မည်ဖြစ်ပါတယ်။ ကျေးရွာအုပ်စု (၂)အုပ်စု၊ ကျေးရွာ(၁၉)ရွာ၊ အိမ်ခြေ(၄၂၄)အိမ်၊ လူဦးရေ (၂၁၇၇)ဦးအား အကျိုးပြုနိုင်မည် ဖြစ်ပါတယ်။ ဆက်သွယ်ရေးအတွက် ဒေသခံတိုင်းရင်းသားများက ဘယ်လိုပြောလဲဆိုတော့ "လူမရောက်ပေမဲ့ အသံလေးတော့ ရောက်နိုင်သေးတာပေါ့"လို့ ပြောကြားချက်အရ ၎င်းအုပ်စုမှာ ဆက်သွယ်ရေးကောင်းမွန်ရေးအတွက် ဆက်သွယ်ရေးတာဝါတိုင်လည်း လိုအပ်လျက်ရှိပါတယ်။ ဒါ့အပြင် နိုင်ငံတော်မှ အကုန်အကျခံဆောက်လုပ်ပေးထားတဲ့ မိုင်းကိုင်တိုက်နယ်ဆေးရုံရှိပါသော်လည်း လမ်းခရီးဆက်သွယ်ရေး ခက်ခဲမှုကြောင့် တစ်နှစ်လျှင် (၇)လသာ ဤတစ်ကြောင်းထိုးလမ်းကို အသုံးပြုပြီး မိုးတွင်းကာလတွင် သွားလာရေးခက်ခဲပါသဖြင့် နိုင်ငံတော်မှ ခန့်အပ်ထားသော တိုက်နယ်ဆရာဝန်နှင့် ဝန်ထမ်းများမှာလည်း လမ်းပန်းဆက်သွယ်မှု ခက်ခဲခြင်းကြောင့် ရေရှည်မနေလိုကြပါဘူး။ ၎င်းအပြင် မိုင်းငွန်း– မိုင်းကိုင်ဒေသတွေဟာ ဧရိယာကျယ်ဝန်းပြီးတော့ လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းကြောင့် တရားဥပဒေနဲ့မလွတ်ကင်းတဲ့ စိုက်ပျိုးရေးများမှာလည်း အထူးဖြစ်ထွန်းလျက်ရှိပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်တင်ပြပါ အကြောင်းအရာများအရ ၎င်းဒေသခံ တိုင်းရင်းသားများရဲ့ ဆန္ဒကိုဖြည့်ဆည်းပေးနိုင်ရန် ကျွန်တော်လွှတ်တော်ကိုယ်စားလှယ် တစ်ဦးအနေဖြင့် တာဝန်ရှိပါသဖြင့် ဤဒုတိယအကြိမ်သက်တမ်းမှာ ဆောင်ရွက်ပေးနိုင်ဖို့အတွက်

ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့အား ကြယ်ပွင့်ပြမေးခွန်းမေးမြန်းအပ်ပါတယ်။ အားလုံးကို လေးစားကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါက်တာဝဏ္ဏစိုး မေးမြန်းထားတဲ့ ကျိုင်းတုံမြို့နယ်၊ လွိုင်မွေ- မိုင်းငွန်း- မိုင်းကိုင်အုပ်စုများသို့ ဆက်သွယ်ထားသည့် လမ်းမှာ အရှည် ၄၀/၀ မိုင်ရှိသော မြေသားလမ်းဖြစ်ပြီး မိုးရာသီတွင် သွားလာရခက်ခဲခြင်း၊ လမ်းဘေးရေမြောင်း မပါရှိခြင်း၊ တောင်တက်တောင်ဆင်းပေါ်များခြင်းကြောင့် လမ်းမပျက်စီးစေရေး၊ ရေစီးရေလာကောင်းမွန်စေရေးအတွက် မြေသားလမ်းပြုပြင်ပေးရန် လိုအပ်လျက်ရှိပြီး၊ မိုင်းငွန်း- မိုင်းကိုင်ကျေးရွာအုပ်စုချင်းဆက်လမ်းပေါ်မှာ မိုင်းငွန်းရွာအထွက် မိုင်းငွန်းချောင်း ၈၀ ပေ တံတား ၁ စင်း၊ မိုင်းကိုင်ရွာအဝင် ၁၅ ပေ တံတား ၁ စင်း၊ ၅ ပေ Box Culvert ၇ စင်း ဆောင်ရွက်ပေးရန်၊ မြေသားလမ်းအား ၃၀ ပေ အကျယ်လမ်းတာချဲ့ပြီး ကျောက်ရောမြေ/ဂျင်း ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပေးရန်နှင့် ဆက်သွယ်ရေးကောင်းမွန်စေရန် ဆက်သွယ်ရေးတာဝါတိုင်ထူထောင်ပေးရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုကြောင်း ကြယ်ပွင့်ပြမေးခွန်းနဲ့ စပ်လျဉ်းပြီး ဆက်လက်ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

ကျိုင်းတုံမြို့နယ်၊ လွိုင်မွေ- မိုင်းငွန်း- မိုင်းကိုင်အုပ်စုဆက်သွယ်သည့် လမ်းကြောင်းဟာ ၄၀/၀ မိုင်ခန့်ရှိပြီးတော့ ကျေးလက်လမ်းအဆင့်အတန်း သတ်မှတ်ချက်အရ Class A ပထမဦးစားပေးအဆင့်လမ်းတစ်လမ်း ဖြစ်ပါတယ်။ ဒေသမှ ကိုယ်ထူကိုယ်ထ ဖောက်လုပ်ထားခဲ့တဲ့ မြေသားလမ်းဖြစ်ပြီးတော့ ကျေးရွာအုပ်စု ၂ အုပ်စု၊ ကျေးရွာ ၁၉ ရွာမှ အိမ်ခြေ ၄၂၄ အိမ်နှင့် လူဦးရေ ၂၁၇၇ ဦးတို့အသုံးပြုလျက်ရှိသည့် လမ်းပိုင်းဖြစ်ပါတယ်။ နယ်မြေခံတပ်ရင်းအနေဖြင့် နှစ်စဉ်လမ်းပြုပြင်ပေမဲ့ ပွင့်လင်းရာသီသုံးတဲ့ ရိက္ခာပို့လမ်းကြောင်းသာဖြစ်တဲ့အတွက်ကြောင့် အဆင့်မြှင့်တင်ဖောက်လုပ်ပေးရန် လိုအပ်လျက်ရှိသည်မှာ အမှန်ဖြစ်ပါတယ်။

လွိုင်မွေ- မိုင်းငွန်း- မိုင်းကိုင်လမ်း ၄၀/ ၀ မိုင်အနက်မှာ လွိုင်မွေမှ ၁၉/ ၀ မိုင်အထိလမ်းပိုင်းသည် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ရမည့် ဧရိယာတွင်ပါဝင်ပြီး မိုင်းကိုင်ကျေးရွာအထိ ကျန်ရှိတဲ့ ၂၁/ ၀ မိုင်သည် ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ တာဝန်ယူဆောင်ရွက်ရမည့် ဧရိယာတွင် ပါဝင်ပါတယ်။

ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ရသည့် လမ်းပိုင်း ၁၉ မိုင်ကို မြို့နယ်စီမံခန့်ခွဲရေးကော်မတီဝင်တွေ၊ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်တွေ၊ သက်ဆိုင်ရာဌာနတွေ ပူးပေါင်းရေးဆွဲထားတဲ့ ကျေးလက်လမ်း (၁၃)နှစ် စီမံကိန်း အရ ၂၀၁၉-၂၀၂၀ ခုဘဏ္ဍာရေးနှစ်တွင် လွိုင်မွေမှ ကျောက်လမ်း ၃ မိုင် × ၁၆'×၆" ခင်းခြင်းလုပ်ငန်း ကျပ် ၂၈၅.၀၀ သန်းနှင့် Box Culvert ၃ စင်း တည်ဆောက်ခြင်းလုပ်ငန်းကျပ် ၁၉.၅ သန်းဖြင့် ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှာ လျာထားတင်ပြ တောင်းခံထားပြီးဖြစ်ပါတယ်။ ကျန်ရှိတဲ့ လမ်းပိုင်း ၁၆/ ၀ မိုင်အား အဆင့်မြှင့်တင် ဆောင်ရွက်ရန်အတွက် ကျိုင်းတုံမြို့နယ်၏ မြို့နယ်စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေးကော်မတီက မြို့နယ်အတွင်းမှာ ဦးစားပေး လိုအပ်ချက်အလိုက် ထည့်သွင်းလျာထားတင်ပြလာပါက သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေတင်ပြတောင်းခံသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ တာဝန်ယူဆောင်ရွက်ရသည့် လမ်းပိုင်း ၂၁/ ၀ မိုင်သည် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူထားသည့် ၁၉/ ၀ မိုင်မှ မေးခွန်းပါ ပေ ၈၀ တံတား၊ ၁၅ ပေ တံတား၊ Box Culvert ၇ စင်းနှင့် ပေ ၃၀ လမ်းတာချဲ့ ကျောက်ရောမြေခင်းလုပ်ငန်းတို့ကို ဦးစွာအဆင့်မြှင့်တင် ဆောင်ရွက်ပြီးမှသာ ဆောင်ရွက်ပေးနိုင်မည့် အနေအထားဖြစ်ပါတယ်။ ဒါကြောင့်မို့ လတ်တလောမှာ ရန်ပုံငွေလျာထား ဆောင်ရွက်ရန် အစီအစဉ် မရှိသေးပါကြောင်းနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ရမည့် လမ်းပိုင်း ၁၉/ ၀ မိုင်ကို အဆင့်မြှင့်တင်ဆောင်ရွက်ပြီးချိန်တွင် ကျိုင်းတုံမြို့နယ်၏ မြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီက ဦးစားပေး ဆောင်ရွက်ပေးရန် တင်ပြလာပါက ရန်ပုံငွေထည့်သွင်း လျာထားနိုင်ရေးဆောင်ရွက်သွားမှာ ဖြစ်ကြောင်း သိရှိရပါတယ်။

မေးခွန်းပါ ဆက်သွယ်ရေးနဲ့ပတ်သက်တဲ့ အပိုင်းကို ဆက်လက်တင်ပြလိုပါတယ်။ ကျိုင်းတုံမြို့နယ်၊ လွိုင်မွေ- မိုင်းငွန်း- မိုင်းကိုင်ကျေးရွာအုပ်စု ၂ အုပ်စု၊ ကျေးရွာ ၁၉ ရွာ၊ အိမ်ခြေ ၄၂၄ အိမ်၊ လူဦးရေ ၂၁၇၇ ဦး တည်ရှိသည့်ဒေသများမှာ ဆက်သွယ်ရေး တာဝါတိုင်စိုက်ထူပေးရန် ကိစ္စနှင့်စပ်လျဉ်း၍ GSM(BTS) စခန်းတစ်ခု တည်ဆောက်မည်ဆိုပါက ပထမအချက်ကတော့ တည်ဆောက်မည့်နေရာ၏ အိမ်ခြေ၊ လူဦးရေ၊ မြေနေရာရရှိမှု၊ လျှပ်စစ်မီးရရှိမှုနှင့် အဝေးဆက်သွယ်မှုလိုင်းရရှိမှု စသည့်အခြေအနေများပေါ်မူတည်ပြီးတော့ တည်ဆောက်ရတာဖြစ်တဲ့အတွက်ကြောင့်မို့လို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ကွင်းဆင်း စစ်ဆေးချက်အရ Fiber cable ဆက်ကြောင်း တည်ဆောက်ထားမှု မရှိသေးခြင်း၊ မိုက္ကရိုဝေ့ဗ်ဆက်ကြောင်းဖြင့် တည်ဆောက်ရန် မရရှိနိုင်သေးခြင်းနှင့် ဂြိုလ်တုစနစ်ဖြင့် အသုံးပြုမည်

ဆိုပါက ဂြိုလ်တုငှားရမ်းခလစဉ် ကုန်ကျစရိတ် အလွန်များပြားပြီး လူဦးရေနှင့်မျှတမှုမရှိခြင်းတို့ကြောင့် လက်ရှိအခြေအနေမှာ အဝေးဆက်သွယ်မှုလမ်းကြောင်း မရရှိသေးပါသဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း တည်ဆောက်ပေးရန် လျာထားမှုမရှိသေးပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးစိုင်းလှဝင်းက မေးခွန်း (၁၊ ၂၊ ၃) ကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလှဝင်း၊ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ လေ့လာတဲ့ပုဂ္ဂိုလ်များအားလုံး မင်္ဂလာအပေါင်းနှင့် ခညောင်းပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဝင်း ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းကတော့ မိုင်းပျဉ်းမြို့နယ်၊ မိုင်းပူးအွန်ကျေးရွာအုပ်စုနှင့် မိုင်းရဲန်ကျေးရွာအုပ်စု၊ ကျေးရွာအုပ်စုချင်းဆက်လမ်းပေါ်တွင် နမ့်ပူးချောင်းအား သံကူကွန်ကရစ်တံတား တည်ဆောက်ပေးနိုင်မည့် အစီအစဉ် ရှိ/ မရှိ စပ်လျဉ်းသည့် မေးခွန်း ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မိုင်းပျဉ်းမြို့နယ်၊ မိုင်းပူးအွန်ကျေးရွာအုပ်စုသည် အိမ်ခြေ (၅၅၂)အိမ်၊ လူဦးရေ (၂၇၀၀)ဦးကျော်ရှိပြီး မိုင်းရဲန်ကျေးရွာအုပ်စုသည် အိမ်ခြေ (၂၉၂)အိမ်၊ လူဦးရေ (၁၇၀၂)ဦး ရှိပါတယ်။ မိုင်းပူးအွန်ကျေးရွာအုပ်စုနှင့် မိုင်းရဲန်ကျေးရွာအုပ်စု နယ်မြေဆက်စပ်လျက်ရှိပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအပြင် မိုင်းပျဉ်းမြို့မှတစ်ဆင့် မိုင်းပူးအွန်၊ မိုင်းရဲန်သို့ ကုန်စည်ကူးသန်း ရောင်းဝယ်ရေးဆောင်ရွက်ကြသလို လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စရပ်များလည်း ကူးလူးဆက်ဆံသွားလာကြရသည်ကို လေ့လာတွေ့ရှိရပါတယ်။

အဆိုပါ မိုင်းပူးအွန်နှင့် မိုင်းရဲန်နယ်မြေချင်းဆက်လမ်းပေါ်တွင် နမ့်ပူးချောင်းအားကိုယ်ထူကိုယ်ထဖြင့် သစ်သားတံတားတည်ဆောက်ပြီး ဖြတ်သန်းသွားလာကြရပါတယ်။ သို့သော် အဆိုပါတံတားသည် သဘာဝဘေးအန္တရာယ်ဖြစ်ကြသည့် မိုးဒဏ်၊ လေဒဏ်ကြောင့် ယခုအခါ ဆွေးမြေ့ပျက်စီးလာပြီဖြစ်ပါသဖြင့် ကြာရှည်ခိုင်ခံ့ပြီး လုံခြုံချောမွေ့စွာ ဖြတ်သန်းသွားလာနိုင်မည့် စံချိန်စံနှုန်းနှင့်အညီ သံကူကွန်ကရစ်တံတားအား အစိုးရမှ ကူညီတည်ဆောက်နိုင်ပါရန် လိုလားပြီး တောင်းဆိုတင်ပြလာခြင်း ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ မိုင်းပျဉ်းမြို့နယ်၊ မိုင်းပူးအွန်ကျေးရွာအုပ်စုနှင့် မိုင်းရဲန်ကျေးရွာအုပ်စုချင်းဆက်လမ်းပေါ်ရှိ နမ့်ပူးချောင်းတံတားအရှည် (၃၀)ပေ၊ အကျယ်(၁၅)ပေ၊ အမြင့်(၁၀)ပေ သံကူကွန်ကရစ်တံတား တည်ဆောက်ပေးနိုင်ပါရန် အစီအစဉ် ရှိ/ မရှိနှင့် စပ်လျဉ်းပြီး ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။

ဆက်လက်ပြီး မေးခွန်း(၂)ကို ဆက်လက်မေးမြန်းသွားမှာ ဖြစ်ပါတယ်။ မေးမြန်းမယ့်မေးခွန်းကတော့ မိုင်းပျဉ်း မြို့နယ်၊ နောင်ခစ်ကျေးရွာအုပ်စုမှ မိုင်းပျဉ်းမြို့သို့ သွားရောက်လိုပါက တံတားမရှိသည့် နမ့်ဟီးချောင်းကို ဖြတ်သန်းသွားလာရသည့်အတွက် ကွန်ကရစ်တံတား တည်ဆောက်ပေးနိုင်ပါရန် အစီအစဉ် ရှိ/ မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ် ခင်ဗျား။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မိုင်းပျဉ်းမြို့နယ်၊ နောင်ခစ်ကျေးရွာအုပ်စုသည် မိုင်းပျဉ်းမြို့နှင့် မိုင်(၃၀)ကွာဝေးပြီး ရှမ်း၊ လားဟူ၊ ပလောင်တိုင်းရင်းသားများ ကျေးရွာ(၈)ရွာ၊ အိမ်ခြေ(၂၃၆)အိမ်၊ လူဦးရေ (၆၆၄)ဦးတို့သည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဖြင့် စုပေါင်းနေထိုင်ကြသည်ကို လေ့လာတွေ့ရှိရပါတယ်။ နောင်ခစ်ကျေးရွာပြည်သူများသည် မိုင်းပျဉ်းမြို့သို့ စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေး၊ လူမှုရေး၊ ကျန်းမာရေးစသည့် ကိစ္စရပ်များကူးလူးဆက်ဆံကြရာတွင် မိုင်းမန်း၊ မိုင်းပုအွန်၊ ယမ်းခမ်း၊ ယမ်းမိုင်ကျေးရွာအုပ်စုများကို ဖြတ်သန်းသွားလာကြရပါတယ်။ အဆိုပါလမ်းများအနက် နောင်ခစ်ကျေးရွာအုပ်စု၊ ဝမ်ချန်ကျေးရွာမှ မိုင်းမန်းကျေးရွာအုပ်စု၊ ဝမ်လုံကျေးရွာသို့ သွားရာလမ်းခရီးတွင် တံတားမရှိသည့် အကျယ်(၆၀)ပေရှိ နမ့်ဟီးချောင်းကို ဖြတ်သန်းသွားလာကြရပါတယ်။ နမ့်ဟီးချောင်းဟာဆိုလို့ရှိရင် နွေရာသီဥတုသာအဆင်ပြေချောမွေ့စွာ အလွယ်တကူသွားလာနိုင်ပြီး၊ မိုးရာသီတွင် တောင်ကျရေများကြောင့် အန္တရာယ်များစွာဖြင့် ခက်ခက်ခဲခဲဖြတ်သန်းသွားလာနေကြသည်မှာ နှစ်စဉ်နှင့်အမျှ ကြုံတွေ့နေကြရပါတယ်။

သို့ဖြစ်ပါ၍ မိုင်းပျဉ်းမြို့နယ်၊ နောင်ခစ်ကျေးရွာအုပ်စုသည် မိုင်းပျဉ်းမြို့သို့ သွားသည့်လမ်းပေါ်တွင် တံတားမရှိသေးသည့် နမ့်ဟီးချောင်းကို အရှည် (၇၀)ပေ၊ အကျယ် (၁၂)ပေ၊ အမြင့်(၁၀)ပေရှိ ကွန်ကရစ်တံတား တည်ဆောက်ပေးနိုင်မည့် အစီအစဉ် ရှိ/ မရှိနှင့် စပ်လျဉ်းပြီး ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။

ဆက်လက်ပြီးတော့ မေးခွန်း(၃)ဖြစ်တဲ့ မိုင်းပျဉ်းမြို့နယ်၊ မိုင်းမန်းကျေးရွာအုပ်စုအတွင်းရှိ နောင်ခိုက်ကျေးရွာမှ အေးစံကျေးရွာအထိ မြေလမ်း(၂)မိုင်အား ကျောက်ချော

လမ်းအဖြစ် ဆောက်လုပ်ပေးနိုင်မည့် အစီအစဉ် ရှိ/ မရှိနှင့်စပ်လျဉ်းသည့် ကြယ်ပွင့်ပြ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မိုင်းပျဉ်းမြို့နယ်၊ မိုင်းမန်း ကျေးရွာအုပ်စုအတွင်းရှိ နောင်ခိုက်ကျေးရွာသည် တောင်ပေါ်တွင်ရှိပြီး လားဟူတိုင်းရင်းသားများ အိမ်ခြေ(၁၂၀)၊ လူဦးရေ(၅၇၂)ဦးမှာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဖြင့်အသက်မွေးဝမ်းကျောင်းပြု၍ စုပေါင်း နေထိုင်ကြရပါတယ်။ စိုက်ပျိုးလုပ်ကိုင်သည့်မြေယာများဟာဆိုလို့ရှိရင် တောင်ခြေချိုင့်ဝှမ်းမှာ တည်ရှိရာ ကိုယ်ထူကိုယ်ထမြေသားလမ်း (၂)မိုင် ဖောက်လုပ်ပြီး အေးစံကျေးရွာအထိ ရောက်ရှိရာ ထိုမှတစ်ဆင့်(၂၆)မိုင်ကွာဝေးသည့် မိုင်းပျဉ်းမြို့သို့ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးလုပ်ငန်းများ ကူးလူးဆက်ဆံသွားလာကြသည်ကို တွေ့ရှိလေ့လာရပါတယ်။ အဆိုပါ တောင်တက်၊ တောင်ဆင်း(၂)မိုင်သည် မြေသားလမ်းဖြစ်တဲ့အညီ မိုးတွင်းအခါတွင် ကား၊ ဆိုင်ကယ်များသည် အန္တရာယ်များစွာဖြင့် ရုန်းကန်လှုပ်ရှား သွားလာကြရသည်ကို နှစ်စဉ်အမျှ ကြုံတွေ့နေရပါတယ်။

သို့ဖြစ်ပါ၍ မိုင်းပျဉ်းမြို့နယ်၊ မိုင်းမန်းကျေးရွာအုပ်စုအတွင်းရှိ နောင်ခိုက်ကျေးရွာ တောင်တက်၊ တောင်ဆင်းလမ်း (၂)မိုင်အား ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေး နိုင်ပါရန် အစီအစဉ် ရှိ/ မရှိနှင့်စပ်လျဉ်းပြီး ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက မေးခွန်း(၁၊ ၂၊ ၃)ကို တစ်ဆက်တည်း ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးလှဦး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူ ဧည့်သည်တော်များအားလုံး ကျန်းမာရွှင်လန်းကြပါစေကြောင်း ပထမဦးစွာ နှုတ်ခွန်းဆက်သ အပ်ပါတယ်။ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဝင်းမှ မေးမြန်းလာတဲ့ ကြယ်ပွင့်ပြမေးခွန်း (၃)ခုနဲ့ပတ်သက်ပြီး ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ကျွန်တော် ဗိုလ်မှူးကြီးလှဦးမှ ရှင်းလင်းဖြေကြား သွားမှာ ဖြစ်ပါတယ်။

ပထမမေးခွန်းဖြစ်တဲ့ မိုင်းပျဉ်းမြို့နယ်၊ မိုင်းပူးအွန်းကျေးရွာအုပ်စုနှင့် မိုင်းရဲန်ကျေးရွာ အုပ်စု၊ အုပ်စုချင်းဆက်လမ်းပေါ်ရှိ နမ့်ပူးချောင်းသစ်သားတံတားအား အရှည်(၃၀)ပေ၊

အကျယ်(၁၅)ပေ၊ အမြင့် (၁၀)ပေရှိ သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါတယ်ဆိုတဲ့ ကြယ်ပွင့်ပြမေးခွန်းကို ဖြေကြားသွားမှာ ဖြစ်ပါတယ်။

မိုင်းပျဉ်းမြို့နယ်၊ နမ့်ပူးချောင်းကူး သစ်သားတံတားဟာ မိုင်းပုအွန်ကျေးရွာအုပ်စု၊ မိုင်းပုအွန်ကျေးရွာမှ မိုင်းရဲန်အုပ်စု၊ ဝမ်မတ်လုံကျေးရွာသို့ ဆက်သွယ်သည့်လမ်းပေါ်မှာ တည်ရှိပါတယ်။ နမ့်ပူးချောင်းသည် အကျယ်(၃၀)ပေရှိပြီး ရေအနက်(၁)ပေခွဲခန့်ရှိကာ လက်ရှိတွင် ယာယီသစ်သားတံတားအဖြစ် တည်ဆောက်ကာ အသုံးပြုလျက်ရှိပြီး ရာသီမရွေး ဖြတ်သန်းသွားလာနိုင်ရေးအတွက် (၃၀×၁၈×၁၀)ပေ ကွန်ကရစ်တံတား တည်ဆောက်ပေးရန် လိုအပ်ပါတယ်။ အဆိုပါ ချောင်းကူးတံတားကို ကျေးရွာအုပ်စု(၂)ခုမှ အိမ်ခြေ (၈၄၄)အိမ်နှင့် လူဦးရေ(၄၀၀၀)ကျော် အသုံးပြုလျက်ရှိပါတယ်။

၂၀၁၉- ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း စီမံကိန်းကို အဆိုပြုတင်ပြထားရှိပြီးဖြစ်တဲ့တွက် နမ့်ပူးချောင်းကူး ကွန်ကရစ်တံတားမှာ ပါဝင်ခြင်းမရှိသေးပါသဖြင့် အဆိုပါနမ့်ပူးချောင်းကူး (၃၀)ပေ ကွန်ကရစ်တံတားတည်ဆောက် ပေးနိုင်ရေးအတွက် လုပ်ငန်းလိုအပ်ချက်အပေါ်မူတည်၍ မြို့နယ်စီမံကိန်းရေးဆွဲ အကောင် အထည်ဖော်ရေးကော်မတီမှ ဦးစားပေး အစီအစဉ်ဖြင့် ဆောင်ရွက်ပေးရန်တင်ပြလာပါက အနီးစပ်ဆုံးဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေထည့်သွင်းလျာထားနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွား မည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

မေးခွန်း(၂)ဖြစ်တဲ့ မိုင်းပျဉ်းမြို့နယ်၊ နောင်ခစ်ကျေးရွာအုပ်စုမှ မိုင်းပျဉ်းမြို့သို့ သွားရောက်လိုပါက ဝမ်ချန်ကျေးရွာ၊ မိုင်းမန်းကျေးရွာအုပ်စု၊ ဝမ်လုံကျေးရွာများသို့ ဖြတ်သန်း သွားလာရာ လမ်းခရီးမှာ တံတားမရှိသည့် အကျယ်(၆၀)ပေရှိ နမ့်ဟီးချောင်းကို ဖြတ်သန်း သွားလာရသည့်အတွက် အဆိုပါ နမ့်ဟီးချောင်းအား အရှည် (၇၀)ပေ၊ အကျယ်(၁၂)ပေ၊ အမြင့် (၁၀)ပေရှိ ကွန်ကရစ်တံတားတည်ဆောက်ပေးနိုင်မည့် အစီအစဉ် ရှိ/ မရှိ သိရှိလိုပါသည် ဆိုတဲ့ ကြယ်ပွင့်ပြမေးခွန်းကို ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

မိုင်းပျဉ်းမြို့နယ်၊ နောင်ခစ်ကျေးရွာအုပ်စု၊ ဝမ်ချန်ရွာအဝင်မှာရှိတဲ့ နမ့်ဟီးချောင်းသည် အကျယ် (၅၀)ပေနှင့် ရေအနက်(၂)ပေရှိသည့်ချောင်းဖြစ်ပြီး တစ်နှစ်ပတ်လုံး ရေအမြဲစီးဆင်း လျက်ရှိသည့်ချောင်း ဖြစ်ပါတယ်။ အဆိုပါချောင်းကို ဖြတ်သန်းပြီးတော့ (၅၀×၁၈×၁၂)ပေ ကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးမည်ဆိုပါက ရာသီမရွေးသွားနိုင်မည်ဖြစ်ပြီး ၎င်း ဒေသမှာရှိတဲ့ ကျေးရွာ(၅)ရွာမှ အိမ်ခြေ(၂၁၆)အိမ်နှင့် လူဦးရေ (၁၁၆၁)ဦးတို့အား အကျိုးပြု နိုင်မှာ ဖြစ်ပါတယ်။

၂၀၁၉- ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း စီမံကိန်းအား အဆိုပြု တင်ပြထားရှိပြီးဖြစ်တဲ့အတွက် ဒီစီမံကိန်းမှာ နမ့်ဟီးချောင်းကူး တံတားဟာ လျာထားချက်တွင် ပါဝင်ခြင်းမရှိသေးပါသဖြင့် အဆိုပါ နမ့်ဟီးချောင်းကူး (၅၀)ပေ ကွန်ကရစ်တံတား တည်ဆောက်နိုင်ရေးအတွက် လုပ်ငန်းလိုအပ်ချက်အပေါ်မူတည်ပြီး မြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီမှ ဦးစားပေး အစီအစဉ်ဖြင့် ဆောင်ရွက်ပေးရန် တင်ပြပါဝင်လာပါက အနီးစပ်ဆုံးဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေထည့်သွင်း လျာနိုင်ရေး တင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

မေးခွန်း(၃)ဖြစ်တဲ့ မိုင်းပျဉ်းမြို့နယ်၊ မိုင်းမန်းကျေးရွာအုပ်စုအတွင်းရှိ နောင်ခိုက် ကျေးရွာမှ အေးစံကျေးရွာအထိ တောင်တက်/ တောင်ဆင်း မြေသားလမ်း(၂/၀)မိုင်မှာ မိုးတွင်း အခါတွင် ကား၊ ဆိုင်ကယ်များသည် အန္တရာယ်များစွာဖြင့် ရုန်းကန်လှုပ်ရှားသွားလာနေရ သည်ကို နှစ်စဉ်ကြုံတွေ့နေရပါသောကြောင့် အဆိုပါလမ်းအား ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးနိုင်ပါရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုပါသည်ဆိုသည့် ကြယ်ပွင့်ပြမေးခွန်းကို ဆက်လက်ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

မိုင်းပျဉ်းမြို့နယ်၊ မိုင်းမန်းရွာ- နောင်ခတ်ရွာလမ်းမှ နောင်ခိုက်- အေးစံရွာအထိ လမ်းပိုင်းသည် (၂/၀)မိုင်ရှိပါတယ်။ ဒေသမှ ကိုယ်ထူကိုယ်ထ ဖောက်လုပ်ထားသည့် တစ် ကြောင်းထိုး မြေသားလမ်းဖြစ်ပြီး အကျဉ်းဆုံးနေရာမှာ (၁၂)ပေနှင့် အကျယ်ဆုံးနေရာမှာ (၁၅)ပေခန့် ရှိပါတယ်။ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အဆိုပြုလျာထားရာတွင် ဒေသမှ ဦးစားပေး တင်ပြချက်အပေါ်မူတည်၍ လည်းကောင်း၊ ဘဏ္ဍာငွေခွဲဝေရရှိမှုအပေါ်မူတည်၍ လည်းကောင်း လျာထားဆောင်ရွက်ပေးလျက်ရှိပါတယ်။ ၂၀၁၉- ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက်မည့်ဒေသဖွံ့ဖြိုးရေးစီမံကိန်းအား လျာထားတင်ပြထားရှိပြီးဖြစ်တဲ့အတွက် အဆိုပါ ကျောက်ချောလမ်း(၂/၀)မိုင် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဟာ ပါဝင်ခြင်းမရှိသေးပါဘူး။

အဆိုပါ ကျောက်ချောလမ်း (၂/၀)မိုင် အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ဖို့ အတွက် လုပ်ငန်းလိုအပ်ချက်အပေါ်မူတည်ပြီး မြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေး ကော်မတီမှ ဦးစားပေးအစီအစဉ်ဖြင့် ဆောင်ရွက်ပေးရန် တင်ပြပါဝင်လာပါက အနီးစပ်ဆုံး ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေထည့်သွင်းလျာထားနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါ ကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းကျောက်က မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းကျော့ာက်၊ မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လေ့လာသော ဧည့်သည်တော်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော့ာက် ဖြစ်ပါတယ်။ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မိုင်းဖြတ်မြို့နယ်ရှိ ဒေသခံပြည်သူများ၏ ဖုန်းလိုင်းဆက်သွယ်ရေးနှင့်ပတ်သက်သော မေးခွန်းတစ်ခုကို တင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မိုင်းဖြတ်မြို့သည် ကျိုင်းတုံမြို့မှ တာချီလိတ်မြို့အသွား ပြည်ထောင်စုလမ်းမပေါ်တွင် တည်ရှိပါတယ်။ နေ့စဉ်နှင့်အမျှ ဖြတ်သန်းသွားလာသော ယာဉ်ကြီး၊ ယာဉ်ငယ်စုစုပေါင်း အစီးရေ (၅၀၀) မကရှိပါတယ်။ လမ်းပိုင်းအနေဖြင့်လည်း သော်တာဝင်းကုမ္ပဏီမှ B.O.T စနစ်ဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။ ပြည်သူများအနေဖြင့် သွားရေးလာရေးအားလုံး အဆင်ပြေပါတယ်။ သို့ပါသော်လည်း ကျိုင်းတုံမြို့နှင့် မိုင်းဖြတ်မြို့သည် လမ်းခရီး အကွာအဝေးအရ (၅၁)မိုင်ရှိသည်ဟု သိရှိရပါတယ်။ ၎င်းလမ်းပိုင်းရှိ မိုင်(၃၀)ရွာမှ မိုင်းဖြတ်မြို့အဝင်ထိ ဖုန်းလိုင်းဆက်သွယ်မှုများ ယနေ့အထိ မရရှိသေးပါ။ လမ်းပိုင်းမိုင် အားဖြင့် (၂၅)မိုင်နီးပါးရှိမည်ဟု ခန့်မှန်းသိရှိရပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါ ဖုန်းလိုင်းဆက်သွယ်မှု မရရှိသေးသဖြင့် ကျေးရွာပြည်သူများအချင်းချင်း သာရေး၊ နာရေးဆက်သွယ်မှုအခက်အခဲများ၊ လမ်းတွင် မမျှော်လင့်ဘဲ ကြုံတွေ့ရတတ်သော သဘာဝဘေးအန္တရာယ်များ၊ အခြားအန္တရာယ်များ၊ အရေးပေါ်ကိစ္စများရှိလာပါက အလွယ်တကူဆက်သွယ်နိုင်ခြင်းမရှိပါ။ သို့ဖြစ်ပါ၍ လွယ်ကူစွာဆက်သွယ်နိုင်သော ဖုန်းလိုင်းများချိတ်ဆက်ပေးရန် အစီအစဉ် ရှိ/ မရှိ သိရှိ လိုပါသဖြင့် ပြည်သူများ၏ကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် တင်ပြမေးမြန်းအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာအောင်သန်းမောင်၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူဧည့်သည်တော်များကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျောက်၏ ကြယ်ပွင့်ပြမေးခွန်းဖြစ်သော ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ မိုင်းဖြတ်မြို့နယ်အတွင်းရှိ ကျေးရွာပြည်သူ အချင်းချင်း သာရေး၊ နာရေးဆက်သွယ်မှုအခက်အခဲများ၊ လမ်းတွင်မမျှော်လင့်ဘဲတွေ့ကြုံရသော သဘာဝဘေးအန္တရာယ်များ၊ အခြားအန္တရာယ်များ၊ အရေးပေါ်ကိစ္စများရှိလာပါက လွယ်ကူစွာဆက်သွယ်နိုင်သော ဖုန်းလိုင်းများ ချိတ်ဆက်ပေးနိုင်ပါရန် အစီအစဉ် ရှိ/ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

ကျေးရွာပြည်သူများအချင်းချင်း၊ သာရေး၊ နာရေးဆက်သွယ်မှု အခက်အခဲများ၊ လမ်းတွင် မမျှော်လင့်ဘဲကြုံတွေ့ရတတ်သော သဘာဝဘေးအန္တရာယ်များ၊ အခြားဘေးအန္တရာယ်များ၊ အရေးပေါ်ကိစ္စများ ဖြစ်ပေါ်လာပါက ဆက်သွယ်မှုလွယ်ကူနိုင်စေရေးအတွက် မိုင်းဖြတ်မြို့နယ်အတွင်း မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာအုပ်စုများတွင် ဆက်သွယ်ရေးတာဝါတိုင် (၁၅)တိုင် စိုက်ထူထားရှိပြီး ဖြစ်ပါတယ်။ ဆက်သွယ်မှုလွန်စွာ ခက်ခဲနေသည့် ကျိုင်းတုံ-မိုင်းဖြတ်သွားလမ်း၊ တာကျောက်ကျေးရွာ၊ ဆွပ်ပလောင်းကျေးရွာ၊ ဆိုင်းလေကျေးရွာတို့တွင် ဆက်သွယ်မှုရရှိနိုင်ရေးအတွက် MPT မှ ဆောင်ရွက်လျက်ရှိသည့်အပြင် နမ့်ယွန်းကျေးရွာ တောင်ပေါ်၌ MPT တာဝါတိုင်တည်ဆောက်ပြီးစီးပါက ဆိုင်းလေကျေးရွာ၊ (၅၇၀)တပ်၊ ဆွပ်ပလောင်းကျေးရွာ၊ နမ့်ယွန်းကျေးရွာအုပ်စုနှင့် နမ့်ပန်ကျေးရွာအုပ်စုတို့တွင် ဖုန်းလိုင်းဆက်သွယ်မှုများရရှိမှာ ဖြစ်ပါတယ်။ ထို့အပြင် မြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာပါက ဆက်သွယ်အသုံးပြုနိုင်ရန် ကြိုးမဲ့ဆက်သွယ်ရေးစနစ် Single Side Band (SSB)စက်အား မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနတွင် တပ်ဆင်ထားရှိပြီးဖြစ်ပါ၍ ဆက်သွယ်ရေးလိုင်းများ ပြတ်တောက်ပါက အဆိုပါလိုင်းများဖြင့် ဆက်သွယ်အသုံးပြုနိုင်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ယနေ့အတွက် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် လေ့လာသူဧည့်သည်တော်များခင်ဗျား။ ယခု အစည်းအဝေးကို (၁)နာရီ မိနစ်(၃၀)ရပ်နားမှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီရှင်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်။ နေ့လယ်ပိုင်းအစည်းအဝေးကို နေ့လယ်(၁၃:၃၀)နာရီအချိန်မှာ ပြန်လည်စတင်မှာ ဖြစ်ပါတယ်ရှင်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

# ရှမ်းပြည်နယ်

## ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်

## (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

## (ဒုတိယနေ့)မှတ်တမ်း

## ၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက်

## ၂၀၁၉ ခုနှစ်၊ ဧပြီလ ၃ ရက်

## [ ဗုဒ္ဓဟူးနေ့ ]

## နေ့လယ်ပိုင်း

**အခမ်းအနားမှူး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး(ဒုတိယနေ့) နေ့လယ်ပိုင်းအစီအစဉ်အား ဆက်လက်ကျင်းပပြုလုပ်မည် ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသော နေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ရှင်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီရှင်။

**(ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။)**

အားလုံးထိုင်နိုင်ပါပြီရှင်။

**ဦးအားမဲ၊ မိုင်းခတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ "ရှမ်းပြည်နယ်အတွင်း "ဘိန်း" စိုက်ပျိုးထုတ်လုပ်မှု လျော့နည်းပပျောက်ရေးအတွက် ထိရောက်သော စီမံကိန်းရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်စေရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့အား တိုက်တွန်းကြောင်း"အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။**

**ဥက္ကဋ္ဌ။** အစီအစဉ် (၆)ဖြစ်ပါတယ်။ ဦးအားမဲ၊ မိုင်းခတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"ရှမ်းပြည်နယ်အတွင်း "ဘိန်း" စိုက်ပျိုးထုတ်လုပ်မှု လျော့နည်းပပျောက်ရေးအတွက် ထိရောက်သော စီမံကိန်းရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်စေရန်**

**ရှမ်းပြည်နယ်အစိုးရအဖွဲ့အား တိုက်တွန်းကြောင်း”** အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် လွှတ်တော် ကိုယ်စားလှယ်(၂)ဦးက အမည်စာရင်းပေးသွင်းထားပါတယ်။

ပထမဦးစွာ ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါက်တာဝဏ္ဏစိုးက အဆိုကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာဝဏ္ဏစိုး၊ ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** ကျက်သရေ မင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံတဲ့ နေ့လယ်ခင်းအချိန်အခါပါလို့ ဦးစွာနူတ်ခွန်းဆက်သအပ်ပါတယ် ခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ရှမ်းပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်၊ ရှမ်းပြည်နယ်ဥပဒေချုပ်၊ ရှမ်းပြည်နယ်စာရင်းစစ်ချုပ်၊ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်သို့ လေ့လာရေးလာကြသော ဖိတ်ကြားထားသောဧည့်သည်တော်ကြီးများအားလုံး ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုနူတ်ခွန်း ဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ဝဏ္ဏစိုး ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် မိုင်းခတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအားမဲ၏ အဆိုဖြစ်သည့် **“ရှမ်းပြည်နယ်အတွင်း “ဘိန်း” စိုက်ပျိုး ထုတ်လုပ်မှု လျှော့နည်းပပျောက်ရေးအတွက် ထိရောက်သော စီမံကိန်းရေးဆွဲပြီး အကောင် အထည်ဖော်ဆောင်ရွက်စေရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့အားတိုက်တွန်းကြောင်း”** အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ယနေ့ ရှမ်းပြည်နယ်ရဲ့အဓိကပြဿနာများတွင် ဒီဘိန်းနှင့် မူးယစ်ဆေးဝါးပြဿနာ ဟာ ထိပ်ဆုံးရောက်နေတဲ့ ပြဿနာတစ်ရပ်ဖြစ်ပါတယ်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကို လှည့်လည်စဉ် ရောက်ရှိရာ မြို့နယ်တိုင်းရဲ့ အဓိကပြဿနာ ဖြေရှင်းပေးရန် တင်ပြမှုမှာလည်း ဒီမူးယစ်ဆေးဝါးနှင့် ဘိန်းပြဿနာပဲဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်အနေဖြင့် အဆိုရှင်ရဲ့ တင်ပြချက်အရ ဘိန်းပြဿနာကိုသာ အဓိက မီးမောင်းထိုး တင်ပြသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့တင်ပြမှုကို Power Point အသုံးပြု၍ ပူးတွဲတင်ပြ ခွင့်ပြုပါရန် မေတ္တာရပ်ခံအပ်ပါတယ်ခင်ဗျား။ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုအခြေအနေကို တင်ပြရ မည်ဆိုလျှင် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့ UNODC ၏ report အရ ဘိန်းစိုက်

ဧရိယာမှာ ရှမ်းပြည်နယ် (တောင်ပိုင်း)တွင် (၃၈%)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)တွင် (၂၇%)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် (၂၃%)၊ ကချင်ပြည်နယ်တွင် (၉%)၊ ချင်းပြည်နယ်နှင့် ကယား ပြည်နယ်တွင် (၃%)ရှိကြောင်း သိရှိရပါတယ်။

ဘိန်းစိုက်ပျိုးထုတ်လုပ်မှု အထိုက်အလျောက်ကျဆင်းသွားပေမဲ့ UNODC ၏ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့ report အရ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာ (၇%)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် (၈%)၊ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် (၁၇%)၊ ကချင် ပြည်နယ်တွင် (၁၅%)ကျဆင်းသွားကြောင်းနှင့် ချင်းပြည်နယ်နှင့် ကယားပြည်နယ်မှာတော့ SURVEY ကောက်ထားခြင်းမရှိကြောင်း သိရှိရပါတယ်။

မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဗဟိုနှင့် UNODC တို့၏ ရှမ်းပြည်နယ်တွင် ပြုလုပ်သည့် Evidence for Enchancing Resillence to Poppy Cultivation in Shan State Myanmar ဆိုတဲ့ သုတေသနစာတမ်းအရ ဘိန်းစိုက်ဧရိယာမှာရှိတဲ့ တောင်သူတွေနဲ့ ဘိန်းမစိုက်တဲ့ ဧရိယာမှာရှိတဲ့ တောင်သူတွေနှင့် နယ်မြေအခြေအနေမှာ သူတို့ရဲ့ဘဝတို့ကို နှိုင်းယှဉ် ကြည့်တဲ့အခါမှာ ဘိန်းစိုက်တောင်သူတို့မှာ –

(၁) အသိဉာဏ်နည်းပါးခြင်း၊

(၂) မိသားစုစားဝတ်နေရေး ငွေရှာဖွေရာမှာ ဘိန်းစိုက်ပျိုးမှုက ပိုမိုလွယ်ကူကြောင်း လက်ခံထားခြင်း၊

(၃) ခရီးလမ်းပန်းဆက်သွယ်ရေးနှင့် ဆက်သွယ်ရေးလမ်းကြောင်းခက်ခဲခြင်း၊

(၄) သန့်ရှင်းသော သောက်သုံးရေရရှိခြင်းမှု မရှိခြင်း၊

(၅) အခြားသီးနှံများ စိုက်ပျိုးသော်လည်း သွားရောက်ရောင်းချရန်ခက်ခဲခြင်းစသည့် အချက်အလက်များကို တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်ပါအချက်အလက်များကို ဖြေရှင်းပေးခြင်းဖြင့်ဘိန်းစိုက်ပျိုး ဧရိယာ(၀%)ထိ ကျဆင်းသွားခြင်းကို လက်တွေ့သာဓကအနေဖြင့် ထုတ်နုတ်ပြရမယ်ဆိုရင် ကျွန်တော်တို့ရဲ့ ကျိုင်းတုံဒေသ တောင်ပေါ်(၅)အုပ်စုဟာ ဝေးလံခေါင်သီပြီးတော့ ဘိန်းစိုက်ပျိုးမှု အများဆုံးဖြစ်ခဲ့ပါတယ်။ ဒီဒေသမှာ ဒီဇင်ဘာ (၁၇)ရက်နေ့မှစပြီးတော့ လူးဇင်းပတ်နိုင်ငံနှင့် ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနတို့ MOU ထိုးပြီး Eastern Shan Rural Development and inclusion Project ဆိုပြီးတော့ လုပ်ငန်းတစ်ခုကို (၅)နှစ် စီမံကိန်းဖြင့် တောင်ပေါ် (၅)အုပ်စု၊ ကျေးရွာ (၇၁)ရွာ၊ လူဦးရေ (၁၁၀၀၀)အတွက် ယူရို(၁၀)သန်း၊ မြန်မာငွေကျပ်သန်းပေါင်း (၁၇၀၀၀)တိတိကို ကုန်ကျခံလုပ်ဆောင်ပေးတဲ့နေရာမှာ အဓိကကတော့ ကျေးရွာချင်းဆက်

လမ်းများ (၄၂)ကီလိုကို ဖောက်ပေးဖို့ အစီအစဉ်ရှိပါတယ်။ နောက်တစ်ဖန် ကျေးရွာရေကောင်းရေသန့်ရရှိဖို့နှင့် ရေလှောင်ကန် တည်ဆောက်ပေးတယ်။ ကျောင်းများတွင် တစ်ကိုယ်ရေသန့်ရှင်းဖို့ လက်ဆေးစင်များတည်ဆောက်ပေးတယ်။ မွေးမြူရေးအတွက်သော်လည်းကောင်း၊ စိုက်ပျိုးရေးအတွက်သော်လည်းကောင်း၊ ပန်းရံအလုပ်၊ ရေပိုက်သွယ်ခြင်းအလုပ်၊ အသိပညာနည်းပါးခြင်းကိုလျော့ချရန် ကျောင်းပြင်ပပညာရေးကို လုပ်ဆောင်ပေးလျက်ရှိရာ တစ်နှစ်အတွင်းမှာ ဘိန်းအထူးစိုက်ပျိုးရေး ဇုန်မှ ဘိန်းကင်းစင်ဇုန်အဖြစ် ရောက်ရှိသွားပြီဖြစ်ပါတယ်။ ဒါကြောင့် ရှမ်းပြည်နယ်အစိုးရအနေဖြင့်လည်း Community Development လုပ်ဆောင်ပေးနေသော ပြင်ပမှ Grant များရယူပေးနိုင်ပါရန် ကြိုးစားပေးဖို့လည်း မေတ္တာရပ်ခံအပ်ပါတယ်။

ယနေ့ ကျွန်တော်တင်ပြသွားတဲ့ မိုင်းငွန်း- မိုင်းကိုင်လမ်းလေးပါ။ အဲ့ဒီဒေသမှာဆိုရင်လည်း ခရီးလမ်းပန်းဆက်သွယ်ရေး လူသူအရောက်အပေါက်နည်းတဲ့နေရာဖြစ်လို့ ဘိန်းစိုက်ပျိုးမှုမှာ အထူးဖြစ်ထွန်းနေတဲ့အတွက် မိုင်းငွန်း- မိုင်းကိုင်လမ်းကို ကျွန်တော့်အနေနဲ့တောင်းရခြင်း ဖြစ်ပါတယ်။ အဆိုရှင်နဲ့ ကျွန်တော်တို့ ဒီမှာထိုင်နေတဲ့ တစ်တန်းလုံးဟာ Golden Triangle ဆိုတဲ့ နာမည်ဆိုးနဲ့ကျော်ကြားခဲ့ရတဲ့ အရပ်ဒေသမှလာကြတဲ့ ကိုယ်စားလှယ်တော်ကြီးများ ဖြစ်ကြပါတယ်။ ဘိန်းစိုက်တောင်သူများ၏ ဘဝတွေမှာ အဆိုရှင်တင်ပြသလို ရှန်းလေနစ်လေဘဝမှာသာရှိနေပြီး လုံးပါးပါးလျက်ရှိပါတယ်။ ဒါကြောင့် သူတို့ဘဝတွေ စိုစိုပြေပြေနဲ့ သာယာလှပဖို့အတွက် အဆိုရှင် ဦးအားမဲရဲ့ အဆိုကို လှိုက်လှိုက်လှဲလှဲထောက်ခံကြောင်းတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလှဝင်းက အဆိုကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလှဝင်း၊ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး နေ့လယ်ခင်း မင်္ဂလာအပေါင်းနှင့်ခညောင်းပါစေလို့ ဆုမွန်ကောင်းတောင်းပေးအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဝင်း ဖြစ်ပါတယ်။ မိုင်းခတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအားမဲ၏ **"ရှမ်းပြည်နယ်အတွင်း"ဘိန်း"စိုက်ပျိုးထုတ်လုပ်မှု လျော့နည်းပပျောက်ရေးအတွက် ထိရောက်သောစီမံကိန်းရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်စေရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့အား တိုက်တွန်းကြောင်း"** အဆိုအား ထောက်ခံဆွေးနွေး တင်ပြသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံမပေါ် ပေါက်မီ အင်္ဂလိပ်ကိုလိုနီအုပ်ချုပ်သည့် ခေတ်ကာလအချိန်တွင် ရှမ်းပြည်နယ်အတွင်း "ဘိန်း" အား တရားဝင် စိုက်ပျိုးထုတ်လုပ်ရောင်းချခွင့်ပြုခဲ့ကြောင်း လေ့လာတွေ့ရှိခဲ့ရပါတယ်။ လူနေမြို့၊ ရွာများတွင် ဘိန်းရုံခန်းများ လိုင်စင်ဖြင့် တရားဝင်ဖွင့်လှစ်ခွင့်ပြုခဲ့ကြောင်းကိုလည်း လေ့လာသိရှိခဲ့ရပါတယ်။ အဆိုပါစနစ်ဆိုးအကျိုးဆက်များကြောင့် ရှမ်းပြည်နယ်တစ်ခွင်လုံး အထူးသဖြင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)သည် မြေပြန့်နည်းပါးပြီး တောင်ကုန်း၊ တောင်တန်းများသည့်ဒေသဖြစ်ရာ အခြားသီးနှံစိုက်ပျိုးမှု၊ ဝမ်းစာဖူလုံမှုအခြေအနေများထက် ပိုမိုအကျိုးပြသည့် ဘိန်းစိုက်ပျိုးခြင်းလုပ်ငန်းကို ဦးစားပေးစိုက်ပျိုးကြသည်ကို လေ့လာတွေ့ရှိရပါတယ်။

ယခုအခါ နိုင်ငံတော်အစိုးရသည် နိုင်ငံသားများကို လူ့ဥ္စနှံ့တုံးအန္တရာယ်ဖြစ်စေသည့် မူးယစ်ဆေးဝါးအမျိုးမျိုး စိုက်ပျိုး၊ ထုတ်လုပ်၊ ရောင်းဝယ်ခြင်းလုပ်ငန်းများကို အမျိုးသားရေးကိစ္စတစ်ရပ်အဖြစ် ဥပဒေပြဋ္ဌာန်းပြီး လုံးဝပပျောက်စေရန် နည်းလမ်းမျိုးစုံဖြင့် ကာကွယ်တားဆီး ဆောင်ရွက်နေသည်ကို တွေ့ရှိရမှာဖြစ်ပါတယ်။ သို့ပါသော်လည်း ဘိန်းစိုက်ပျိုးထုတ်လုပ်သည့် တောင်သူများတို့သည် မိမိတို့မိသားစုနေရေးအတွက် အလုပ်အကိုင်အခွင့်အလမ်း ရှာဖွေလုပ်ကိုင်ခွင့် ရှားပါးသဖြင့် ဘဝလုံခြုံမှု လုံးဝမရှိဘဲ ခိုးကြောင်ခိုးဝှက်ဘဝဖြင့် ဘိန်းစိုက်ပျိုးရေးများကိုသာ မှီခိုအားထားလျက်ရှိနေတာကိုလည်း ယခုထက်တိုင်ရှိနေပြီးတော့ လေ့လာတွေ့ရှိရပါတယ်။

နိုင်ငံတော်အစိုးရမှာလည်း ဘိန်းစိုက်ပျိုးထုတ်လုပ်မှု လုံးဝပပျောက်ရန် နိုင်ငံတကာနှင့် ပူးပေါင်းပြီး ဘိန်းအစားထိုး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ ဘိန်းစိုက်တောင်သူများအား ကူညီပံ့ပိုးပေးနေသည်ကိုလည်း လေ့လာတွေ့ရှိရပါတယ်။ သို့သော် နိုင်ငံတော်၏ ကူညီပံ့ပိုးမှုများရရှိသည့် ဘိန်းစိုက်တောင်သူများ၊ စားဝတ်နေရေးပြေလည်ကြသော်လည်း ကူညီမှုမရရှိကြသေးသည့် ဘိန်းစိုက်တောင်သူအများကြီး ကျန်ရှိနေပါတယ်။ အခြားအလုပ်အကိုင်အခွင့်အလမ်းမရှိသေးသဖြင့် ဘိန်းကိုသာ စိုက်ပျိုးထုတ်လုပ်ရောင်းချနေသည်ကိုလည်း လေ့လာတွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါ နိုင်ငံတော်အတွင်း ဘိန်းစိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်း လုံးဝပပျောက်သွားစေရန် ဘိန်းစိုက်တောင်သူတစ်ရပ်လုံးအား အလုပ်အကိုင်အခွင့်အလမ်းတစ်ရပ်ဖြင့် ဘိန်းအစားထိုးလုပ်ငန်းများနှင့် အခြားလိုအပ်မှုများ အပြည့်အဝပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်ရန် အထူးလိုအပ်ပါကြောင်း လေ့လာသုံးသပ် အကြံပြုအပ်ပါတယ်။ သို့ဖြစ်ပါ၍ မိုင်းခတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဦးအားမဲ၏ **"ရှမ်းပြည်နယ်အတွင်း"ဘိန်း"စိုက်ပျိုးထုတ်လုပ်မှု လျော့နည်းပပျောက်ရေးအတွက် ထိရောက်သော စီမံကိန်းရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်စေရန် ရှမ်းပြည်နယ်အစိုးရ**

**အဖွဲ့အား တိုက်တွန်းကြောင်း"** အဆိုအား ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မိုင်းခတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအားမဲ တင်သွင်းသောအဆိုနှင့် စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စားလှယ် (၂)ဦးက ထောက်ခံဆွေးနွေးသွားပါတယ်။ ယခု ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၂၅ နည်းဥပဒေခွဲ(င)အရ သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးလှဦး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာတက်ရောက်ပါသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာပါစေကြောင်း ပထမဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ မိုင်းခတ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအားမဲတင်သွင်းတဲ့ **"ရှမ်းပြည်နယ်အတွင်း "ဘိန်း" စိုက်ပျိုးထုတ်လုပ်မှု လျော့နည်းပပျောက်ရေးအတွက် ထိရောက်သော စီမံကိန်း ရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်စေရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့အား တိုက်တွန်း ကြောင်း"** အဆိုကို တင်သွင်းလာမှုနှင့် ပတ်သက်၍ ၎င်းအဆိုဟာ ပြည်ထောင်စုအစိုးရ အဖွဲ့ရုံး၏ ၃- ၁- ၂၀၁၉ ရက်စွဲပါစာအမှတ်၊ ၂၀ / ၃၆၆ (၁- ပသ)/ အဖရ(၂၀၁၉) ဖြင့်ပေးပို့ ထားသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်နှင်းသစ်၏ အဆိုဖြစ်သည့် **"မြန်မာနိုင်ငံရှိ ဘိန်းအများဆုံးစိုက်ပျိုးရေးဒေသများတွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးရန်အတွက် အစိုးရပူးပေါင်းဆောင်ရွက်မှုဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်များအား ဖိတ်ခေါ်ပြီး ဘိန်းအစားထိုးစီမံကိန်းများ စနစ်တကျဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်း ကြောင်း"** အဆိုနှင့် အဓိပ္ပါယ်တူညီမှုရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။ ပန်းတောင်းမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်နှင်းသစ်၏ အဆိုနှင့်ပတ်သက်၍ ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ ၁၆- ၁- ၂၀၁၉ ရက်စွဲပါ စာအမှတ်၊ ၆၀၅/ ၆-၃၆၂/ အစရ(ရှမ်း)ဖြင့် နယ်စပ် ရေးရာဝန်ကြီးဌာနသို့ အဆိုရှင်းလင်းဖြေကြားချက် ပေးပို့ထားပြီးဖြစ်ပြီး သက်ဆိုင်ရာ ဝန်ကြီး

ဌာနမှလည်း ပြည်ထောင်စုလွှတ်တော်သို့ ဆက်လက်ရှင်းလင်းပြောကြားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ (၁၁၆)၊ နည်းဥပဒေခွဲ (ခ)တွင် **“ရှမ်းပြည်နယ်အဆင့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်းများနှင့် စပ်လျဉ်းသောကိစ္စ”**ဟု ပြဋ္ဌာန်းထားပြီးဖြစ်ရာ ယခု မိုင်းခတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအားမဲမှတင်သွင်းသည့် **“ရှမ်းပြည်နယ်အတွင်း “ဘိန်း” စိုက်ပျိုးထုတ်လုပ်မှု လျော့နည်းပပျောက်ရေးအတွက် ထိရောက်သော စီမံကိန်းရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်စေရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့အား တိုက်တွန်းကြောင်း”** အဆိုဟာ ပြည်ထောင်စုအဆင့်တွင် ရှင်းလင်းဆွေးနွေးရန် ဆောင်ရွက်နေပါသောကြောင့် အဆိုအား မှတ်တမ်းတင်ပေးနိုင်ပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးတဲ့နေရာမှာ ဒီအဆိုဟာ ပြည်ထောင်စုအဆင့်မှာ ဆောင်ရွက်နေတဲ့ အဆိုဖြစ်တယ်လို့ အကြောင်းပြပြီးတော့မှ ဒီအဆိုဟာ မှတ်တမ်းတင်အဆင့်လောက်ပဲထားသင့်တယ်လို့ ပြန်လည်ဖြေကြားသွားတာကို တွေ့ရှိရပါတယ်။ ဒါကြောင့် ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၂၅၊ နည်းဥပဒေခွဲ (စ)နဲ့ (ဆ)အရ အဆိုတင်သွင်းသော လွှတ်တော်ကိုယ်စားလှယ်က နောက်တစ်ကြိမ် ပြန်လည်ဆွေးနွေးနိုင်ပါတယ်။

**ဦးအားမဲ၊ မိုင်းခတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** ဒီနေ့ ကျွန်တော် တင်သွင်းသော အဆိုကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးက ရှင်းလင်းဖြေကြားပေးတာကို အထူးပဲ ကျေးဇူးတင်ရှိပါတယ်။ ဒ့ါအပြင် ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါက်တာဝဏ္ဏစိုးကိုလည်း အချက်အလက်ပြည့်ပြည့်စုံစုံနဲ့ ထောက်ခံဆွေးနွေးသွားတာကိုလည်း ကျေးဇူးတင်ပါတယ်။ ထို့အပြင် မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလှဝင်းကလည်း တတ်နိုင်သလောက် ထောက်ခံဆွေးနွေးပေးတဲ့အတွက် ကျေးဇူးအထူးတင်ရှိကြောင်း ဒီကနေ ဂါရဝပြုအပ်ပါတယ်။ ကျန်တဲ့ကိစ္စကိုတော့ ကျွန်တော်အထွေအထူးမပြောတော့ပါဘူး။ အားလုံးသိတဲ့အတိုင်းပါပဲ။ ကျွန်တော်တို့ ရှမ်းပြည်နယ်ရဲ့ အနေအထားဟာ ခုနက ဒေါက်တာဝဏ္ဏစိုးဆွေးနွေးသွားသလိုပါပဲ။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ နေရာအနှံ့အပြားမှာ ဘိန်းကို စိုက်ပျိုးထုတ်လုပ်နေတာမဟုတ်ပါဘူး။ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်နှင့် ကယားပြည်နယ်တို့မှာပဲ အဓိကစိုက်ပျိုးထုတ်လုပ်နေပြီး ဒါကိုကမ္ဘာ့အလယ်မှာ ဘိန်းစိုက်ပျိုးထုတ်လုပ်မှု ဒုတိယအများ

ဆုံးနိုင်ငံဆိုပြီး နာမည်ဆိုးနဲ့ ကျော်ကြားနေတဲ့ နိုင်ငံဖြစ်ပါတယ်။ ဒါ့အပြင် ဒီမှာရောက်ရှိနေတဲ့ ကိုယ်စားလှယ်များလည်း ကိုယ့်ရှမ်းပြည်နယ်အတွင်းမှာ ဒီလိုနာမည်ဆိုးနဲ့ ကျော်ကြားနေတဲ့ ဟာတွေကို ရှမ်းပြည်နယ်မှာရှိတဲ့ မြို့နယ်အသီးသီးကရောက်ရှိတဲ့ ကိုယ်စားလှယ်အားလုံး အသိပဲဖြစ်ပါတယ်။ အခု ဒီအဆိုနဲ့ပတ်သက်ပြီးတော့ ရှမ်းပြည်နယ်လွှတ်တော်ရဲ့ သဘော ဆန္ဒကို ကျွန်တော်ရိုသေလေးစားစွာဖြင့် ခံယူလိုပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ဆန္ဒကို ကျွန်တော်မကြားလိုက်ဘူး။ နောက်တစ်ခါ ပြန်လည်ပြီးတော့မှ တင်ပြပေး စေလိုပါတယ်။

**ဦးအားမဲ၊ မိုင်းခတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော် ကိုယ်စားလှယ်တွေရဲ့ အဆုံးအဖြတ်ကိုပဲ ခံယူပါ့မယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အဆိုတင်သွင်းသည့် လွှတ်တော်ကိုယ်စားလှယ်က ၎င်းရဲ့ အဆိုကို အတည်ပြုဖို့အတွက် လွှတ်တော်ရဲ့ ဆန္ဒခံယူ လိုပါကြောင်း တင်ပြလာပါတယ်။ ဒါကြောင့် လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ရယူမှာ ဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၇၊ နည်းဥပဒေခွဲ(က) အရ အစည်းအဝေးသို့ တက်ရောက်၍ ဆန္ဒမဲပေးသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ များရာဆန္ဒမဲဖြင့်သာ ဆုံးဖြတ်ရမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ စက်ခလုတ်အသုံးပြုပြီး ဆန္ဒမဲပေးတဲ့စနစ်ကို ကျင့်သုံးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော် ပြောနေကျအတိုင်းပါပဲ။ ကျွန်တော့်အနေနဲ့ ဆန္ဒမဲပေးနိုင်ကြပါပြီလို့ ပြောတဲ့အခါကျမှ ဆန္ဒမဲပေးကြဖို့ သတိပြုစေလိုပါတယ်။ မိုင်းခတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအားမဲ တင်သွင်းသော အဆိုကို အတည်ပြုရန် သဘောတူပါက ထောက်ခံဆန္ဒမဲပေး၍ အဆိုကို အတည်ပြုရန် သဘောမတူပါက ကန့်ကွက်ဆန္ဒမဲပေးရန် ဖြစ်ပါတယ်။ ထောက်ခံမဲများပါက အဆိုသည် အတည်ဖြစ်ပြီး ကန့်ကွက်မဲများပါက အဆိုသည် ပြည်နယ်အဖွဲ့အစည်းဝင် မှတ်ချက်ပြုသည့် အတိုင်း အဆိုကို မှတ်တမ်းတင်မှာ ဖြစ်ပါတယ်။ ယခု ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံဆန္ဒမဲ (၁၀၂)မဲ၊ ကြားနေမဲ(၇)မဲ၊ ကန့်ကွက်မဲ (၂၀)မဲ၊ မဲမပေးသူမရှိဘူး။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ထောက်ခံဆန္ဒမဲများသည့်အတွက် ဦးအားမဲ တင်သွင်းသော အဆိုကို အတည်ပြုကြောင်း ကြေညာပါတယ်။

**ဦးစိုင်းလှဝင်း၊ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ “ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန ဝန်ထမ်းများ၏ ပင်စင်လစာ၊ စရိတ်ချီးမြှင့်ငွေများကို ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်စည်ပင်သာယာရေး ဥပဒေ ပုဒ်မ ၆၅ တွင် ဝန်ထမ်းအတွက် ကုန်ကျစရိတ်သည် ပြည်သူများမှ ထမ်းဆောင်သော အခွန်အခများဖြစ်သဖြင့် ပြည်သူများ၏ အကျိုး၊ မြို့ပြစနစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပိုမိုဆောင်ရွက်နိုင်ရန်အတွက် အဆိုပါဝန်ထမ်းများ၏ ပင်စင်၊ လစာ၊ စရိတ်ချီးမြှင့်ငွေများကို ပြည်နယ်အစိုးရအဖွဲ့၏ တိုက်ရိုက်ကွပ်ကဲသည့် ဝန်ထမ်းအဖွဲ့အစည်း ဖြစ်ပြီး၊ စီမံခန့်ခွဲမှု၊ အုပ်ချုပ်မှု တာဝန်ယူထားသည့် ဌာနဖြစ်သည့်အတွက် ပြည်နယ်ဘတ်ဂျက်မှ နှစ်စဉ်ထည့်သွင်းရေးဆွဲကျခံသုံးစွဲပေးရန်အတွက် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း” အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/ မသင့် အဆုံးအဖြတ်ရယူခြင်း။**

**ဥက္ကဋ္ဌ။** အစီအစဉ်(၈)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလှဝင်းက အဆိုတစ်ရပ်အား လွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုမှာ **“ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန ဝန်ထမ်းများ၏ ပင်စင်လစာ၊ စရိတ်ချီးမြှင့်ငွေများကို ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၆၅ တွင် ဝန်ထမ်းအတွက် ကုန်ကျစရိတ်သည် ပြည်သူများမှ ထမ်းဆောင်သော အခွန်အခများဖြစ်သဖြင့် ပြည်သူများ၏အကျိုး၊ မြို့ပြစနစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပိုမိုဆောင်ရွက်နိုင်ရန်အတွက် အဆိုပါဝန်ထမ်းများ၏ ပင်စင်၊ လစာ၊ စရိတ်ချီးမြှင့်ငွေများကို ပြည်နယ်အစိုးရအဖွဲ့၏ တိုက်ရိုက်ကွပ်ကဲသည့် ဝန်ထမ်းအဖွဲ့အစည်းဖြစ်ပြီး၊ စီမံခန့်ခွဲမှု၊ အုပ်ချုပ်မှုတာဝန်ယူထားသည့် ဌာနဖြစ်သည့်အတွက် ပြည်နယ်ဘတ်ဂျက်မှ နှစ်စဉ်ထည့်သွင်းရေးဆွဲကျခံသုံးစွဲပေးရန်အတွက် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း”** အဆို ဖြစ်ပါတယ်။ ယခု ဦးစိုင်းလှဝင်းက အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလှဝင်း၊ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** အားလုံးမင်္ဂလာအပေါင်းနှင့် ခညောင်းပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဝင်းကနေပြီးတော့ ကျွန်တော့်တို့အဆိုဖြစ်တဲ့ **“ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန ဝန်ထမ်းများ၏ ပင်စင်လစာ၊ စရိတ်ချီးမြှင့်ငွေများကို ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၆၅ တွင် ဝန်ထမ်းအတွက် ကုန်ကျစရိတ်သည် ပြည်သူများမှ ထမ်းဆောင်သော အခွန်အခများဖြစ်သဖြင့် ပြည်သူများ၏အကျိုး၊ မြို့ပြစနစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပိုမိုဆောင်ရွက်**

**နိုင်ရန်အတွက် အဆိုပါဝန်ထမ်းများ၏ ပင်စင်၊ လစာ၊ စရိတ်ချီးမြှင့်ငွေများကို ပြည်နယ်အစိုးရအဖွဲ့၏ တိုက်ရိုက်ကွပ်ကဲသည့် ဝန်ထမ်းအဖွဲ့အစည်းဖြစ်ပြီး၊ စီမံခန့်ခွဲမှု၊ အုပ်ချုပ်မှုတာဝန်ယူထားသည့် ဌာနဖြစ်သည့်အတွက် ပြည်နယ်ဘတ်ဂျက်မှ နှစ်စဉ်ထည့်သွင်းရေးဆွဲကျခံသုံးစွဲပေးရန်အတွက် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း”** အဆိုကို တင်သွင်းရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာနဟာဆိုလို့ရှိရင် ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေတွင် ပါဝင်သော အခွန်အခများကို ကောက်ခံသည့်ဌာနဖြစ်ပြီး၊ ကောက်ခံရရှိသော အခွန်အခများဖြင့် မြို့ပြဖွံ့ဖြိုးရေးစီမံကိန်း၊ ရေရရှိရေး၊ မြို့သန့်ရှင်းသာယာလှပရေးစသည့် ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များအပြင် ပြည်နယ်စည်ပင်သာယာရေးဌာနတွင် တာဝန်ထမ်းဆောင်နေသော အရာထမ်း၊ အမှုထမ်းများ၏ လစာ၊ စရိတ်၊ ပင်စင်ချီးမြှင့်ငွေများကိုပါ ကျခံသုံးစွဲနေရသည့်ဌာနဖြစ်ပါတယ်။

ရှမ်းပြည်နယ်သည် လူဦးရေ(၅၈)သိန်းကျော် မှီတင်းနေထိုင်သည့် ပြည်နယ်ကြီးတစ်ခုဖြစ်ပြီး၊ လူဦးရေ (၁၄)သိန်းခန့်သည် မြို့ပြ(၇၇)မြို့တို့တွင် နေထိုင်ကြသည်ကို လေ့လာတွေ့ရှိရပါတယ်။ ရှမ်းပြည်နယ်အတွင်းရှိ မြို့ပြများတွင် မှီတင်းနေထိုင်ကြသည့် ပြည်သူလူထုများ၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးစသည့်ကိစ္စရပ်များကို အထောက်အကူပြုမည့် လုပ်ငန်းများဖြစ်သည့် မြို့ပြအင်္ဂါရပ်များနှင့်အညီ ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန်၊ စည်ပင်သာယာရေးဌာနသည် လူအင်အား၊ ယန္တရားအင်အား၊ ငွေအင်အားများဖြင့် နေ့စဉ်နှင့်အမျှ လုပ်ကိုင်ဆောင်ရွက်ကြရသည်ကို လေ့လာတွေ့ရှိရမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာနသည် ၂၀၁၈– ၂၀၁၉ ဘဏ္ဍာရေးနှစ် ဘတ်ဂျက်ငွေ ကျပ်သန်းပေါင်း ၁၉၆၂၆.၈၃၇ သန်း အခွန်အခကောက်ခံရရှိမည်ဖြစ်ပြီး၊ သာမန်အသုံးစရိတ် ကျပ်သန်းပေါင်း ၈၇၃၂.၂၇၂ သန်း၊ ငွေလုံးငွေရင်းအသုံးစရိတ် ကျပ်သန်းပေါင်း ၁၂၁၃၈.၀၆၅ သန်းဖြစ်ပါတယ်။

သာမန်အသုံးစရိတ် ကျပ်သန်းပေါင်း ၈၇၃၂.၂၇၂ သန်းအနက် ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာနမှ အရာထမ်း၊ အမှုထမ်းနှင့် ကော်မတီတို့၏ လစာစရိတ်၊ ပင်စင်အသုံးစရိတ် ကျပ်သန်းပေါင်း ၃၆၆၂.၉၃ သန်းပါဝင်နေသည်ကို လေ့လာတွေ့ရှိရပါတယ်။ ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာနသည် ကောက်ခံရရှိသည့် အခွန်အခငွေကျပ်သန်းပေါင်း ၁၉၆၂၉.၈၃၇ သန်းတွင် ကျပ်သန်းပေါင်း ၁၂၁၃၈.၀၆၅ သန်းသာ မြို့ပြပြည်သူ အကျိုးပြုလုပ်ငန်းများဆောင်ရွက်ပေးနိုင်သည်ကို တွေ့ရှိရပြီး၊ မြို့ပြပြည်သူတစ်ဦးလျှင် ပျမ်းမျှ ကျပ် ၁၄၀၀၀ အခွန်ထမ်းဆောင်ပြီး ကျပ် ၈၆၇၀ သာ အကျိုးပြုပေးနိုင်သည်ကို လေ့လာသုံးသပ်တွေ့ရှိရပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်အစိုးရသည် တိုက်ရိုက်ကွပ်ကဲအုပ်ချုပ်သည့်အဖွဲ့အစည်း၊ ဌာနတို့၏ လစာ၊ ပင်စင်၊ စရိတ်ချီးမြှင့်ငွေ အသုံးစရိတ်များအတွက် ပြည်နယ်ဘတ်ဂျက်မှ နှစ်စဉ်ထည့်သွင်းရေးဆွဲကျခံသုံးစွဲနေသလို၊ ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာနသည်လည်း ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ တိုက်ရိုက်ကွပ်ကဲအုပ်ချုပ်စီမံခန့်ခွဲမှုတာဝန်ယူထားသည့်ဌာနဖြစ်သည့်အတွက် ပြည်နယ်ဘတ်ဂျက်မှာ နှစ်စဉ်ထည့်သွင်းရေးဆွဲကျခံသုံးစွဲပေးသွားရန် လိုအပ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။

သို့မှသာ ပြည်နယ်စည်ပင်သာယာရေးဌာနဝန်ထမ်းများ၏ လစာ၊ ပင်စင်၊ စရိတ်ချီးမြှင့်ငွေ အသုံးစရိတ်ကျပ်သန်းပေါင်း ၃၆၆၂.၉၃ သန်းသည် ငွေလုံးငွေရင်းအသုံးစရိတ်ဘတ်ဂျက်အဖြစ် ထည့်သွင်းပြီး ဝင်ငွေနည်းပါးသည့် မြို့ငယ်များအတွက် ရေရရှိရေး၊ မြို့တွင်းလမ်းပြုပြင်ထိန်းသိမ်းရေး၊ မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများဖြစ်သည့် မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းများ ပိုမိုအကျိုးပြုလာနိုင်မည်ဟု ယုံကြည်မိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို အနည်းငယ်ဖြည့်စွက် တင်ပြခွင့်ပြုပါ ခင်ဗျား။ ကျွန်တော်တို့ ရှမ်းပြည်နယ်မှာ စည်ပင်သာယာရေးဌာနက တာဝန်ယူဆောင်ရွက်နေတဲ့ မြို့ပေါင်းဟာ (၇၇)မြို့ ရှိပါတယ်။ အဲ့ဒီ (၇၇)မြို့ထဲမှာ မြို့အတန်းအစား အမျိုးမျိုးပါဝင်ပါတယ်။ ဥပမာ– မြို့ကြီးဆိုရင် ရှမ်းပြည်နယ်မှာ ကျွန်တော်သိသလောက်ဆိုရင် ရှမ်း (တောင်)မှာ တောင်ကြီး၊ ကလော၊ အောင်ပန်း၊ ရှမ်း(မြောက်)မှာဆိုရင် လားရှိုး၊ မူဆယ်၊ ရှမ်း(ရှေ့)မှာဆို ကျိုင်းတုံ၊ တာချီလိတ်ရှိပါတယ်။ ကျန်တဲ့ အလယ်အလတ်တန်းစား မြို့များမှာ ဥပမာ– သီပေါ၊ ကျောက်မဲမြို့လတ်များဖြစ်သလို ရှမ်း(တောင်ပိုင်း)မှာလည်း ပင်းတယ၊ ရွှေညောင်စသည်ဖြင့် သူ့အတိုင်း အတာနဲ့သူ မြို့လတ်များရှိပါတယ်။ အဲ့ဒီမှာပြန်ပြီးတော့ သေချာလေ့လာမယ်ဆိုရင် ဝင်ငွေလုံးဝမရှိတဲ့ မြို့လေးများ ဥပမာ– ကျောက်တလုံးမြို့နယ်၊ မိုးထော်၊ မိုးထ စသည်ဖြင့် အခွန်အခ လုံးဝမရတဲ့ မြို့(၄)မြို့ ရှိပါတယ်။ ထို့အတူ(၁၀၀)အောက်လောက်ပဲ အခွန်အခကောက်ခံရနေတဲ့ မြို့(၁၁)မြို့လောက်ရှိပါတယ်။ ထိုနည်းတူ သိန်း(၂၀၀)အောက်၊ သိန်း(၃၀၀)အောက်စသည်ဖြင့် စုစည်းပြီးစုပေါင်းလိုက်မယ်ဆိုရင် (၇၇)မြို့ထဲတွင် မြို့ပေါင်း (၄၄)မြို့ဟာ သိန်း(၄၀၀)အောက်၊ သိန်း(၅၀၀) အောက်ပတ်ဝန်းကျင်လောက်သာ ကောက်ခံရရှိပြီး ကိုယ့်မြို့အတွက် တိုးတက်ဖွံ့ဖြိုးဖို့ဆိုတာ လုံးဝလုပ်ဆောင်နိုင်စွမ်းမရှိတဲ့၊ အင်မတန်မှ သနားစရာကောင်းလောက်တဲ့ မြို့ကလေးတွေဖြစ်တယ်ဆိုတာ လေ့လာတွေ့ရှိရပါတယ်။ ဒါကြောင့်လည်းပဲ သူတို့လေးတွေအတွက် သက်ဆိုင်ရာကနေပြီးတော့ ကျွန်တော်ဆွေးနွေးတင်ပြခဲ့သလို မြို့ကြီးတွေကနေ ကောက်ခံရရှိတဲ့ မြို့ကြီးများအပြင် မြို့လတ်များ ဥပမာ– ကျောက်မဲ၊ သီပေါတို့လို့ စီးပွားရေး အချက်အချာကျတဲ့မြို့တွေ၊ ပင်းတယ၊ ရွာငံ၊ ရွှေညောင်

တို့လို ခရီးသွားလုပ်ငန်းများအပြင် စီးပွားရေး အချက်အချာ ကျတဲ့မြို့များမှ ကောက်ခံရရှိတဲ့ အခွန်အခများဖြင့် တစ်ပိုင်တစ်နိုင် ထုတ်နုတ်ပြီးတော့ သက်ဆိုင်ရာ မြို့ငယ်လေးများကို ပံ့ပိုး နေရတဲ့အခြေအနေကို လေ့လာတွေ့ရှိရပါတယ်။ အဲ့ဒီရရှိတဲ့ မပို့မစို့ငွေကလေးနဲ့ မြို့တွင်း သန့်ရှင်းသာယာလှပရေးကိုတောင် အနိုင်နိုင် လုပ်ဆောင်နေရပြီး၊ နောက်ပြီးတော့ မြို့တွင်း လမ်းများကိုလည်း မြေလမ်းမှ ကျောက်လမ်း၊ ကျောက်လမ်းမှ ကတ္တရာလမ်းများအဖြစ် လုံးဝ ဆောင်ရွက်နိုင်စွမ်းမရှိတဲ့မြို့ငယ်လေး အင်မတန်မှ ဆင်းရဲတဲ့မြို့ငယ်လေးများ ဖြစ်သည်နှင့် အညီ၊ ယခုအခါတွင် ခေတ်နှင့်အညီ မြို့တိုင်းမြို့တိုင်း ကားတို့၊ ဆိုင်ကယ်တို့ရှိနေကြပြီး အဲ့ဒီ လမ်းများတွင် ချောမွေ့စွာ သွားနိုင်မဲ့ အနေအထားလည်းမရှိသဖြင့် အင်မတန်မှ ဝမ်းနည်းဖွယ် ရာကောင်းတဲ့ မြို့ငယ်လေးတွေဖြစ်တဲ့အတွက်ကြောင့် အကယ်၍များ အဓိကအနေနဲ့ မြို့ သန့်ရှင်းသာယာလှပရေးက အင်မတန်မှ အရေးကြီးပါတယ်။ အမှိုက်သရိုက်သိမ်းတာတောင်မှ အတိုင်းအတာတစ်ခုအထိ သိမ်းဆည်းနိုင်ခြင်းမရှိတဲ့အတွက် ခရီးစဉ်သွားမယ်ဆိုလို့ရှိရင် မြို့အဝင်၊ အထွက်လမ်းမှာ အကုန်အမှိုက်ပုံတွေပဲ မြို့တိုင်းမြို့တိုင်းမှာ လေ့လာတွေ့ရှိရသလို တစ်ချို့မြို့တွေမှာလည်းဆိုလို့ရှိရင် ချောင်း၊ မြောင်းတွေထဲမှာ အမှိုက်တွေစွန့်ပစ်ပြီးတော့ ဘာအန္တရာယ်ရှိလည်းဆိုတော့ ရေမျက်နှာပြင် မြင့်တက်လာကာ မိုးတွင်းအခါများတွင် တောင်ကျရေများကြောင့် အမှိုက်များပိတ်ဆို့၍ ရေလျှံမှုများဖြစ်ကာ ရေလွှမ်းမိုးမှုများကဲ့သို့ ပြဿနာတွေအမျိုးမျိုးတွေ့ရှိနေရပါတယ်။ ဒီဟာတွေက ဘာကြောင့်လည်းဆိုတော့ အခွန်အခတွေက မလောက်မငနဲ့ မစို့မပို့လေး ဆောင်ရွက်နေတဲ့ အင်မတန်မှ သနားစရာ မြို့ငယ်လေး ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ကျွန်တော်တင်ပြတဲ့အတိုင်းပဲ အကယ်၍များ ကျွန်တော်တို့ ရရှိတဲ့ငွေက လစာ၊ စရိတ်တွေကို အစိုးရကပံ့ပိုးပေးမယ်ဆိုရင်ထွက်လာမဲ့ လစာ၊ စရိတ် ကျပ်သန်းပေါင်း ၃၆၆၂.၉၃ သန်းဆိုလို့ရှိရင် မြို့ငယ်များအတွက် အင်မတန်မှ လိုအပ်တဲ့ ဖြည့်ဆည်းဆောင်ရွက်သွားမည်ဆိုပါက သူတို့ရဲ့ ပုံရိပ်ကလေးတွေ၊ လှပသာယာပြီး မြို့ရဲ့ အနေအထားတွေ သန့်ရှင်းပြီး ရှမ်းပြည်နယ်အတွင်းမှာရှိတဲ့ သူ့ဟာနဲ့သူ အကောင်းဆုံး မြို့လေးတွေ စည်ပင်သာယာမယ့် မြို့လေးတွေဖြစ်လာလိမ့်မယ်လို့ ကျွန်တော်ယုံကြည် မိပါတယ်။

သို့ဖြစ်ပါ၍ ပြည်နယ်စည်ပင်သာယာရေးဝန်ထမ်းများ၏ လစာ၊ ပင်စင်၊ စရိတ်ချီးမြှင့် ငွေများကို ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေပုဒ်မ ၆၅ တွင် "ဝန်ထမ်း အတွက် ကုန်ကျစရိတ်သည် နှစ်စဉ်ရနိုင်သောဝင်ငွေ၏ ၃၀ ရာခိုင်နှုန်းထက် ကျော်လွန်ခြင်း မရှိစေရ"ဟု ဖော်ပြထားသော်လည်း ပြည်သူများမှ ထမ်းဆောင်ထားသော အခွန်များဖြစ် သဖြင့် ပြည်သူများ၏ အကျိုး၊ မြို့ပြစနစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပိုမိုဆောင်ရွက်နိုင်

ရန်အတွက် အဆိုပါဝန်ထမ်းများ၏ ပင်စင်၊ လစာ၊ စရိတ်ချီးမြှင့်ငွေများကို ပြည်နယ်အစိုးရအဖွဲ့၏ တိုက်ရိုက်ကွပ်ကဲသည့် ဝန်ထမ်းအဖွဲ့အစည်းဖြစ်ပြီး၊ စီမံခန့်ခွဲမှု၊ အုပ်ချုပ်မှုတာဝန်ယူထားသည့်ဌာနဖြစ်သည့်အတွက် ပြည်နယ်ဘတ်ဂျက်မှ နှစ်စဉ်ထည့်သွင်း ရေးဆွဲကျခံ သုံးစွဲပေးသွားရန်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ကို တိုက်တွန်းကြောင်း အဆိုအား လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လေးစားစွာတင်သွင်းအဆို တင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** အဆိုကို ထောက်ခံမည့်ကိုယ်စားလှယ် တင်ပြဖို့ဖြစ်ပါတယ်။

**ဦးတင်ဝင်း၊ မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** အားလုံးပဲမင်္ဂလာပါ ခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးတင်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းပျဉ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဝင်း တင်သွင်းတဲ့အဆိုအား ထောက်ခံအပ်ပါတယ်ခင်ဗျား။

**အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း (သို့မဟုတ်) အဆိုကို လက်ခံဆွေးနွေးရန်ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့်လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။**

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဦးစိုင်းလှဝင်း တင်သွင်းသော အဆိုကို လွှတ်တော်ကိုယ်စားလှယ်(၁)ဦးက ထောက်ခံသွားပါတယ်။ အဆိုကို လက်ခံဆွေးနွေးရန် သင့်/ မသင့် လွှတ်တော်၏ ဆန္ဒရယူပါမယ်။ ၎င်းအဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်)**

အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူသည့်ကိုယ်စားလှယ် ရှိပါသလား ခင်ဗျား။ အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူတဲ့ ကိုယ်စားလှယ်မရှိတဲ့အတွက် ဦးစိုင်းလှဝင်းရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။

မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလှဝင်းက တင်သွင်းတဲ့အဆိုကို ၂၀၁၉ ခုနှစ်၊ ဧပြီလ ၄ ရက် (ကြာသပတေးနေ့)မှာ ဆွေးနွေးမှာ ဖြစ်ပါတယ်။ ဆွေးနွေးမဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ အစည်းအဝေးရပ်နားတဲ့အခါ ဒီကနေ့ ညနေ(၅)နာရီ နောက်ဆုံးထားပြီး ပြည်နယ်လွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးသွင်းဖို့ ဖြစ်ပါတယ်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဒုတိယနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး (တတိယနေ့) ဆက်လက်ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဒုတိယနေ့)ကို ရပ်နား ပါမယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (တတိယနေ့)ကို ၂၀၁၉ ခုနှစ်၊ ဧပြီလ ၄ ရက် (ကြာသပတေးနေ့) နံနက်(၁၀)နာရီ အချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီရှင်။ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များရှင်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည် ထွက်ခွာနိုင်ပါပြီရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**ရှမ်းပြည်နယ်**

**ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်**

**(၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

**(တတိယနေ့)မှတ်တမ်း**

**၁၃၈၀ ပြည့်နှစ်၊ တပေါင်းလကွယ်နေ့**

**၂၀၁၉ ခုနှစ်၊ ဧပြီလ ၄ ရက်**

**[ ကြာသပတေးနေ့ ]**

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (တတိယနေ့) အစီအစဉ်ကို နံနက်(၁၀) နာရီအချိန်၌ စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ဒေါ်နန်းမိုခမ်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရှမ်းပြည်နယ်လွှတ်တော်ရုံးကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် ဒေါ်ဟန်သီဦး၊ ဒုတိယညွှန်ကြားရေးမှူးကလည်းကောင်း ဆောင်ရွက်ပါသည်။

## ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတင်ကျင်းပခြင်း။

**အခမ်းအနားမှူး။** အားလုံးမင်္ဂလာပါရှင်။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်(၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (တတိယနေ့)အား ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသောနေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ရှင်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီရှင်။

**(ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။)**

အားလုံးထိုင်နိုင်ပါပြီရှင်။

## ပြည်နယ်လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနဲ့ လေ့လာသူဧည့်သည်တော်များ ခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (တတိယနေ့)မှာ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်စုစုပေါင်း (၁၄၀)ဦးရှိသည့်အနက် ဒီကနေ့ အစည်းအဝေးကို (၁၃၁)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ ( ၉၃.၅၇% )ရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၀(က)နှင့် ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၄(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်အစည်းအဝေး (တတိယနေ့)အစီအစဉ်ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ)အရ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (တတိယနေ့) အစီအစဉ်များကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်အတိုင်း ဆက်လက်ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။

## အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄(က)အရ ယနေ့အစည်းအဝေး မတက်ရောက်နိုင်တဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တစ်ကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား ပြည်နယ်လွှတ်ကိုယ်စားလှယ်

များ၊ လေ့လာသူဧည့်သည်တော်များအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပထမ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန် အစည်းအဝေး (၄-၄-၂၀၁၉) ရက်နေ့ (တတိယနေ့)မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်း မရှိသော ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ ဥက္ကဋ္ဌဖြစ်သူ ကျွန်တော် ဦးလင်းအောင်ဆွေက ခွင့်ပန်ကြားသွားမှာ ဖြစ်ပါ တယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များမှာ-

(၁) ဦးဂူဆာ၊ လီဆူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန် အတွက် ခွင့်(၁)ရက်။

(၂) ဦးဘေရင်နယ်(ခ)ဦးခင်မောင်လွင်၊ လောက်ကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကျန်းမာရေးမကောင်းပါသဖြင့် ခွင့် (၁)ရက်။

(၃) ဦးခွန်မောင်ပယ်၊ ဆီဆိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ (၆)ဦးရှိပြီး ယနေ့ခွင့်ပန် ကြားသူ (၃)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ခွင့်ပန်ကြားသူ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၉)ဦးအား ခွင့်အဖြစ်သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်လွှတ်တော်သို့ ရိုသေလေးစားစွာ ဖြင့် တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ခွင့်ပန်ကြားချက်အားလုံးကို ခွင့်ပြုပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်(၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (တတိယနေ့)ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးရေမှာ (၁၄၀)ဦး၊ ယခင်ကခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၆)ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃)ဦး ဖြစ်ပါတယ်။ စုစုပေါင်း ခွင့်ပြုထားသူ(၉)ဦးရှိပြီး ခွင့်မဲ့ပျက်ကွက်မရှိပါ။

ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (တတိယနေ့)သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်က သဘောတူပါသည်)**

ပြည်နယ်လွှတ်တော်က သဘောတူတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာ ပါတယ်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၅)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်နယ်လွှတ်တော်သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်းအစီအစဉ် ဖြစ်ပါတယ်။ ယခုပြည်နယ် လွှတ်တော်ကိုယ်စားလှယ်(၈)ဦးက မေးမြန်းထားသည့် မေးခွန်းများကို သက်ဆိုင်ရာပြည်နယ် အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားသွားဖို့ဖြစ်ပါတယ်။

ပထမဦးစွာ မိုးမိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ရီရီဝင်းက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်ရီရီဝင်း၊ မိုးမိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** အားလုံးမင်္ဂလာပါရှင်။ ဒီကနေ့ ကျင်းပပြုလုပ်တဲ့ ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေးကြီးကို တက်ရောက်လာခဲ့ကြတဲ့ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်သို့လာရောက်လေ့လာတဲ့ ဧည့်သည်တော်များ အားလုံး ကျန်းမာ၊ ချမ်းသာကြပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်မကတော့

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုးမိတ်ခရိုင်၊ မိုးမိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီဝင်း ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ဘေးအန္တရာယ်ဖြစ်စေမယ့် စားသုံးကုန်တွေနဲ့ပတ်သက်ပြီးတော့မှ မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်ရှင်။

လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ ရှမ်းပြည်နယ်အတွင်း မြို့နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူလူထုအားလုံးတို့အတွက် အစားအသောက်နှင့်ပတ်သက်၍ ဘေးအန္တရာယ်ဖြစ်စေတဲ့ စားသုံးကုန်များကို စားသုံးသူများအား အသိပညာပေးခြင်း၊ ထုတ်လုပ်ရောင်းချသူများအား အရေးယူခြင်း အစီအစဉ်များနှင့် ထိရောက်စွာဆောင်ရွက်ထားရှိမည့် ရှေ့လုပ်ငန်းစဉ်များကို သိရှိလိုပါ၍ ပြည်သူလူထုကိုယ်စား ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူဧည့်သည်တော်များအားလုံး ကိုယ်၊စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်းနှုတ်ခွန်းဆက်သအပ်ပါတယ်။ မိုးမိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီဝင်းရဲ့ ဘေးအန္တရာယ်ဖြစ်စေသည့် စားသုံးကုန်များကို စားသုံးသူများအား အသိပညာပေးခြင်း၊ ထုတ်လုပ်ရောင်းချသူများအား အရေးယူခြင်း အစီအစဉ်များနှင့် ထိရောက်စွာ ဆောင်ရွက်ထားရှိမည့် လုပ်ငန်းစဉ်များကို သိရှိလိုပါသည်ဟူသော မေးခွန်းကို ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် လူမှုရေးဝန်ကြီး ကျွန်တော် ဒေါက်တာမျိုးထွန်းမှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ဒီမေးခွန်းနှင့် ပတ်သက်ပြီးတော့ **စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်သည့် အပိုင်းနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်တဲ့အပိုင်း** (၂)ပိုင်းခွဲပြီး ဖြေကြားသွားမှာဖြစ်ပါတယ်။

**စားသုံးသူရေးရာဦးစီးဌာနအနေဖြင့်** မြန်မာနိုင်ငံတွင် ကုန်စည်နှင့် ဝန်ဆောင်မှုများ အရည်အသွေး မပြည့်ဝမှုကြောင့် စားသုံးသူအခွင့်အရေးများ ထိခိုက်နစ်နာလျက်ရှိပြီး ကျန်းမာရေးတွင်လည်း ကင်ဆာကဲ့သို့သော ကူးစက်ရောဂါမဟုတ်သည့် အခြားရောဂါများကြောင့် ကုသစရိတ်၊ လူ့စွမ်းအားအရင်းအမြစ်များ ထိခိုက်မှုကြောင့် ရောဂါခံစားရတဲ့လူနာနှင့် လူနာမိသားစု၏ စီးပွားရေး၊ လူမှုရေးများ ထိခိုက်လျက်ရှိသဖြင့် ရှမ်းပြည်နယ်အတွင်းရှိ စားသုံးသူများအပေါ် အကာအကွယ်ပေးနိုင်ရန် စီမံချက်အဆင့်(၃)ဆင့်ဖြင့်

ရှမ်းပြည်နယ်အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၊ လုပ်ငန်းကော်မတီ (၂)ရပ်တို့မှ အဖွဲ့ဝင်များနှင့် အောက်ပါအတိုင်း ဆောင်ရွက်ရန် ညှိနှိုင်းဆွေးနွေးခဲ့ပါတယ်-

(က) အသိပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်း၊

( ခ ) ကုန်စည်နှင့်ဝန်ဆောင်မှုကို စိစစ်ခြင်း၊

( ဂ ) ဥပဒေအကြောင်းအရ အရေးယူဆောင်ရွက်ခြင်း။

အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကုလသမဂ္ဂအဖွဲ့ကြီး၏ မူဝါဒဆိုင်ရာ လမ်းညွှန်ချက် နယ်ပယ်များဖြစ်တဲ့ စားသုံးသူများ၏ အခြေခံလိုအပ်ချက်များ ပြည့်ဝစေနိုင်မှု၊ လုံခြုံစိတ်ချစွာဖြင့် ဘေးအန္တရာယ်ကင်းရှင်းစေနိုင်မှု၊ ထိခိုက်နစ်နာမှုအတွက် ပြောဆိုတင်ပြ ကြားနာနိုင်စေမှု၊ နစ်နာမှုအတွက် လျော်ကြေးရပိုင်စေမှု၊ စားသုံးသူကိစ္စရပ်များနှင့် ပတ်သက်၍ သင်ယူလေ့လာစေနိုင်မှု၊ သန့်ရှင်းကောင်းမွန်သော ပတ်ဝန်းကျင်ရရှိစေနိုင်မှု၊ ပြည်သူများ၊ လုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသား/ ကျောင်းသူများအပါအဝင် လူတန်း စားအလွှာအသီးသီး သိရှိစေရန် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါတယ်။ အသိ ပညာပေးလုပ်ငန်းများကို ရှမ်းပြည်နယ်အတွင်း ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလမှ ၂၀၁၈ခုနှစ် ဒီဇင်ဘာလအထိ (၃)နှစ်တာကာလအတွင်း အသိပညာပေးခြင်း (၁၁၂၇)ကြိမ်၊ မြေပြင် ကွင်းဆင်းစိစစ်ခြင်း (၁၀၈၄)ကြိမ်၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံခြင်း (၃၂၈)ကြိမ် ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။

ကုန်စည်နှင့်ဝန်ဆောင်မှုများကို စိစစ်ရာတွင် လုပ်ငန်းရှင်များအနေဖြင့် စားသုံးသူများ အပေါ် လိမ်လည်လှည့်ဖြားမှုမခံရစေရန်နှင့် တာဝန်ယူမှုရှိစေရန်၊ ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးနှင့် စိတ်ကျေနပ်မှုရှိစေရေးတို့အတွက် စီးပွားရေးလုပ်ငန်းရှင်များမှလည်း စီးပွားရေးကျင့်ဝတ်စည်းကမ်းနှင့်အညီ လုပ်ကိုင်ခြင်း၊ စားသုံးသူသို့ ရှင်းလင်းမှန်ကန်သော သတင်း အချက်အလက်များပေးခြင်း၊ သတ်မှတ်ထားသော စံချိန်စံညွှန်း အရည်အသွေးကို အခြေခံ၍ အာမခံချက် ပေးခြင်းစသည့် လုပ်ငန်းစဉ်များကို တိကျစွာလိုက်နာဆောင်ရွက် လာနိုင်ရန် အောက်ပါအတိုင်း ဆောင်ရွက်လျက်ရှိပါတယ်-

(က) ကုန်စည်များကို ဈေးကွက်မရောက်မီစိစစ်ခြင်း၊

( ခ) ကုန်စည်များကို ဈေးကွက်ရောက်ပြီး စိစစ်ခြင်း၊

( ဂ) ဝန်ဆောင်မှုကို စိစစ်ခြင်း၊ ထိုသို့စိစစ်ခြင်းပိုင်းတွင် ထုတ်ကုန်လုံခြုံစိတ်ချရမှု ဆိုင်ရာလုပ်ငန်းကော်မတီတွင် အောက်ပါဌာနဆိုင်ရာများဖြင့် ဖွဲ့စည်းဆောင်ရွက် လျက်ရှိပါတယ်–

(၁) စားသုံးသူရေးရာဦးစီးဌာန၊

(၂) စည်ပင်သာယာရေးကော်မတီ၊

(၃) ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊

(၄) စိုက်ပျိုးရေးဦးစီးဌာန၊

(၅) ကျောင်းကျန်းမာရေးအဖွဲ့၊

(၆) မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊

(၇) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊

(၈) မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။

ကုန်စည်များကို ဈေးကွက်မရောက်မီ စိစစ်ရာတွင် ရှမ်းပြည်နယ်အတွင်း နယ်စပ် ကုန်သွယ်ရေးစခန်း (၄)ခုရှိပြီး နယ်စပ်မှ တရားမဝင်တင်သွင်းလာမှုများနှင့် တရားဝင် တင်သွင်းလာသည့် ကုန်စည်များတွင် စံချိန်စံညွှန်း မပြည့်မီမှုများကြောင့် စားသုံးသူများ ထိခိုက်နစ်နာမှုမရှိစေရန် နယ်စပ်ဝင်ပေါက်များ၊ ကုန်စည်သယ်ယူရေးလမ်းကြောင်းများတွင် စိစစ်မှုများ ဆောင်ရွက်ပါတယ်။ ပြည်တွင်း၌လည်း ကုန်စည်ထုတ်လုပ်ရာ လုပ်ငန်း၊ စက်ရုံ များသို့ သွားရောက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထောက်ခံချက်၊ သက်ဆိုင်ရာ ဌာနများဖြစ်သည့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ စည်ပင်သာယာရေးဌာန၊ စက်မှု ကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတို့မှ ထောက်ခံချက်၊ တင်သွင်းခွင့်၊ ထုတ်လုပ်ခွင့်ပြုချက် များ ပြည့်စုံမှု ရှိ/ မရှိ စစ်ဆေး၍ ပြည့်စုံမှုမရှိပါက ကာလအကန့်အသတ်ဖြင့် ပိတ်သိမ်း ထားခြင်းများ ဆောင်ရွက်ခဲ့ပါတယ်။

ကုန်စည်များကို ဈေးကွက်မရောက်မီ စိစစ်ရာတွင် ကျောင်းမုန့်ဈေးတန်း၊ စည်ပင်သာယာရေးဈေး၊ ရပ်ကွက်/ ကျေးရွာများရှိ ကုန်စုံဆိုင်များ၊ စတိုးဆိုင်များတွင် ရောင်းချနေသော သက်တမ်းလွန် အစားအသောက်များ၊ အလှကုန်များ၊ ဆေးဝါးများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (F.D.A)မှ ထုတ်ပြန်ထားသော စားသုံးရန် မသင့်သည့် စားသောက်ကုန်များကို ပြည်နယ်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏

ဆုံးဖြတ်ချက်ဖြင့် သိမ်းဆည်းခြင်း (၂၇၆)ကြိမ်၊ ခန့်မှန်းတန်ဖိုး (၅၉၄၀.၁၁)သိန်းခန့် သိမ်းဆည်းဖျက်ဆီး ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ဝန်ဆောင်မှုကိုစိစစ်ရာတွင် စားသုံးသူများ ဝန်ဆောင်မှုကြောင့် နစ်နာဆုံးရှုံးမှုမရှိစေရေးနှင့် လုပ်ငန်းရှင်များ အသိပညာ တိုးပွားစေရန်အတွက် ဥပဒေရေးရာ ကိစ္စရပ်များ၊ စားသုံးသူတို့၏ အခွင့်အရေးများနှင့် စီးပွားရေးလုပ်ငန်းရှင်များ၏ တာဝန်နှင့် တားမြစ်ချက်များကို သိရှိလိုက်နာစေရန် အသိပညာပေးဆွေးနွေးခြင်းတို့ ဆောင်ရွက်ပြီး အရေးယူခြင်းကိစ္စရပ်များ သိရှိစေရန် ရှင်းလင်းဆွေးနွေးခဲ့ပါတယ်။ ဥပဒေကြောင်းအရ အရေးယူဆောင်ရွက်ရာတွင် စားသုံးသူများ ထိခိုက်နစ်နာမှုမရှိစေရေးအတွက် ပြည်နယ်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် အရေးယူဆောင်ရွက်မှုများကို အောက်ပါအတိုင်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်–

(က) တိုင်ကြားမှုကို လက်ခံညှိနှိုင်းဖြေရှင်းဆောင်ရွက်ခြင်း၊

( ခ) ပြစ်မှုကြောင်းအရ အရေးယူဆောင်ရွက်ခြင်း၊

( ဂ) တရားမကြောင်းအရ အရေးယူဆောင်ရွက်ခြင်း၊

(ဃ) ကုန်စည်များကို ဈေးကွက်အတွင်းမှ ပြန်လည်သိမ်းဆည်းခြင်း၊ ရောင်းချခြင်း ဖြန့်ဖြူးခြင်းကို တားမြစ်ခြင်းတို့ဖြစ်ပါတယ်။

အသိပညာပေးလုပ်ငန်းများကို ပြည်နယ်အနှံ့ ပုံမှန်ဆောင်ရွက်သကဲ့သို့ စိစစ်ခြင်းလုပ်ငန်းများကို စည်ပင်သာယာဈေးများ၊ စတိုးဆိုင်များ၊ လက်လီ/ လက်ကား အရောင်းဆိုင်များ၊ နယ်စပ်ဝင်ပေါက်များနှင့် ကုန်စည်သယ်ယူပို့ဆောင်ရာ လမ်းကြောင်းများတွင် စောင့်ကြည့်ဆောင်ရွက်သွားမည်ဖြစ်ပြီး၊ ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ် ရှမ်းပြည်နယ်အတွင်း စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို အောက်ပါအတိုင်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်–

အသိပညာပေးခြင်း (၂၀၀)ကြိမ်၊ ကွင်းဆင်းစိစစ်ခြင်း (၃၅၀) ကြိမ်၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံခြင်း (၉၁) ကြိမ်၊ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်း (၂)ကြိမ်၊ သင်တန်းပို့ချခြင်း (၂)ကြိမ်၊ ပြည်နယ်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့်လုပ်ငန်းကော်မတီ(၂)ရပ်တို့ အစည်းအဝေးကျင်းပခြင်း (၁၂)ကြိမ်၊ ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အစည်းအဝေးကျင်းပခြင်း (၃၆)ကြိမ်၊ ပြခန်းများခင်းကျင်းပြသခြင်း (၁)ကြိမ်တို့ ဖြစ်ပါတယ်။

**အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနအနေဖြင့်** ရှမ်းပြည်နယ်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ တောင်ကြီးရုံးအား ၂၀၁၃ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်နေ့မှ စတင်ဖွင့်လှစ်၍ အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းရေး လုပ်ငန်းစဉ်များကို ဒေသအတွင်းရှိ သက်ဆိုင်ရာ နီးနွယ်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် အဓိကလုပ်ငန်းစဉ် (၂)ခုဖြစ်သော ဈေးကွက်မတင်မီ စစ်ဆေးခြင်း (Pre–Market Surveillance)နှင့် ဈေးကွက်ထောက်လှမ်း စောင့်ကြည့်ခြင်း (Post Market Surveillance)တို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည့်အပြင် အသိပညာပေးဟောပြောခြင်း၊ သံသယရှိဈေးကွက် နမူနာများအား ဝယ်ယူခြင်းနှင့် ဓာတ်ခွဲစစ်ဆေးခြင်း၊ အစားအသောက် ထုတ်လုပ်ရောင်းချတဲ့ လုပ်ငန်းများအား ကွင်းဆင်းစစ်ဆေးခြင်းနှင့် ထောက်ခံချက်ပေးခြင်း လုပ်ငန်းစဉ်များကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ အသိပညာပေးခြင်းလုပ်ငန်းကို (၂၀၁၈–၂၀၁၉)ခုနှစ်အတွင်း ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်များတွင် (၅၃)ကြိမ် ဆောင်ရွက်ခဲ့ပြီး (၂၂၃၅)ဦး တက်ရောက်ခဲ့ပါတယ်။

ဘေးအန္တရာယ်ရှိသည့် အစားအသောက်များကို ဖော်ထုတ်ရန်အတွက် ဈေးကွက်ထောက်လှမ်းခြင်းကိစ္စများကို ဆောင်ရွက်ပြီး (၂၀၁၈–၂၀၁၉) ခုနှစ်အတွင်း အစားအသောက်နမူနာ(၅၇၇)မျိုး ကောက်ယူခဲ့ပါတယ်။ အထက်ပါကောက်ယူခဲ့သော နမူနာများထဲမှ စားသုံးရန်မသင့်သော အစားအသောက်အမျိုးအစား(၃၅)မျိုးကို မြို့နယ်အစားအသောက်နှင့် ဆေးဝါးကော်မတီအဖွဲ့၏ ဆုံးဖြတ်ချက်အရ ဖျက်ဆီးခဲ့ပါတယ်။

အစားအသောက်လုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးခဲ့ရာ၌ သောက်ရေသန့်လုပ်ငန်း (၁၄)ခုနှင့် အစားအသောက်လုပ်ငန်း(၁၂)ခုတို့အား စစ်ဆေးခဲ့ပြီး အစားအသောက် ထုတ်လုပ်မှုထောက်ခံချက် ထုတ်ပေးနိုင်ခဲ့ပါတယ်။ ၂၀၁၈ ခုနှစ်တွင် စံချိန်မမီသော သောက်ရေသန့်စက်ရုံ(၁)ရုံကို အစားအသောက်နှင့်ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီအနေဖြင့် ပိတ်သိမ်းခဲ့ပါတယ်။

ရှေ့လုပ်ငန်းစဉ်အနေဖြင့် ဘေးအန္တရာယ်ဖြစ်စေသည့် စားသုံးကုန်များကို စားသုံးသူများအား အသိပညာပေးလုပ်ငန်းများကိုလည်း ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အားလုံးကို လွှမ်းခြုံနိုင်ရန်အတွက် ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ၂၀၁၉ခုနှစ်၊ ဖေဖော်ဝါရီလတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ ရွေ့လျားဓာတ်ခွဲယာဉ်များအား ရှမ်းပြည်နယ်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့တဲ့အတွက်ကြောင့် သံသယရှိဈေးကွက်နမူနာများကို ဓာတ်ခွဲစစ်ဆေးခြင်းနှင့် သိမ်းဆည်းဖျက်ဆီးခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်းကိစ္စများကို မြို့နယ်အစား

အသောက်နှင့်ဆေးဝါးကြီးကြပ်ကွပ်ကဲရေး ကော်မတီအနေဖြင့် ထိရောက်စွာ ဆောင်ရွက်သွားနိုင်ပါတယ်။ ရှမ်းပြည်နယ်ရှိ ပြည်သူများ နေ့စဉ်စားသောက်နေသော အစားအသောက်များ ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း လားရှိုးခရိုင်၊ ကျိုင်းတုံခရိုင်၊ တာချီလိတ်ခရိုင်နှင့် မူဆယ်ခရိုင်တို့တွင် ခေတ်မီ ဓာတ်ခွဲခန်းပါတဲ့ ခရိုင်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးရုံးများ ဆောက်လုပ်လျက်ရှိပါတယ်။ မူဆယ်ခရိုင်ရုံးကတော့ အခုမှ တင်ဒါခေါ်ယူထားဆဲ ဖြစ်ပါတယ်။ အဲဒီဓာတ်ခွဲခန်းပါ ခရိုင်ရုံးများပြီးစီးပါက အစားအသောက် စစ်ဆေးခြင်းလုပ်ငန်းများကို ပိုမိုဆောင်ရွက်သွားနိုင်မှာ ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းစံထွန်းက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းစံထွန်း၊ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** အားလုံးပဲ မင်္ဂလာပါ။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေးသို့ တက်ရောက်လာကြသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် လေ့လာသူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစံထွန်းဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမဲ့မေးခွန်းကတော့ ကွန်ဟိန်းမြို့နယ် လွိုင်ကျိုင်းအုပ်စုနှင့် ကွန်ပုကျေးရွာအုပ်စု၊ ရွာချင်းဆက် သစ်သားတံတား ပေ(၁၅၀)နှင့် စပ်လျဉ်းသည့် မေးခွန်းဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါ လွိုင်ကျိုင်းအုပ်စုနှင့် ကွန်ပုကျေးရွာအုပ်စုသို့ ဆက်သွယ်ထားသော တံတားသည် ပေ(၁၅၀)ခန့်ရှိပြီး ၂၀၁၈ခုနှစ်၊ စက်တင်ဘာလခန့်တွင် ရေအဆမတန်ကြီးပြီး အနှစ်နှစ်အလလ ကိုယ်ထူကိုယ်ထ ပြုလုပ်ထားခဲ့တဲ့ သစ်သားတံတား ကျိုးကျပျက်စီးခဲ့ရပါတယ်။

ယခုအချိန်မှာ ၎င်းတံတားမရှိတဲ့အတွက် ဝါးဖောင်ဖြင့်ကူးဖြတ်နေရပြီး အလွန်ခက်ခဲကြမ်းတမ်းသည့် ချောင်းရေကြောင့် ကျေးရွာလူထုများ အတိဒုက္ခရောက်ကြရပါတယ်။ ၎င်းတံတားသည် နတလ လမ်းပိုင်းတွင်ပါရှိပြီး ကျေးရွာအုပ်စု(၅)အုပ်စုဖြစ်တဲ့ လွိုင်ကျိုင်းအုပ်စု၊ ကွန်ပုကျေးရွာအုပ်စု၊ ငါးတိုင်ကျေးရွာအုပ်စု၊ ကျိုင်းခမ်းကျေးရွာအုပ်စုနှင့် နားပွဲကျေးရွာအုပ်စုတို့ရဲ့ အဓိကဆက်သွယ်ဖြတ်သန်းသွားလာနေရတဲ့ တံတားလည်း ဖြစ်ပါတယ်။ ကျေးရွာ

အုပ်စု(၅)အုပ်စု၊ ကျေးရွာပေါင်း(၂၄)ရွာ၊ အိမ်ထောင်စုပေါင်း(၂၁၂)အုပ်စုနှင့် လူဦးရေပေါင်း (၁၃၅၀)ဦးခန့်အား အကျိုးပြုနိုင်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းအနေနဲ့ ၎င်းတံတားအား ပြန်လည်တည်ဆောက်ပေးနိုင်ရန်အတွက် မည်သည့်ဘတ်ဂျက်တွင် ထည့်သွင်းပေးနိုင်ခြင်း အစီအစဉ် ရှိ/ မရှိနှင့် ရှိမည်ဆိုပါက မည်သည့်အနီးဆုံးဘတ်ဂျက်တွင် ထည့်သွင်းပေးမည်နှင့် မရှိပါက အဘယ်ကြောင့်မရှိသည်ကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနအား မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးလှဦး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ပထမဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစံထွန်းမှ မေးမြန်းလာတဲ့ ကွန်ဟိန်းမြို့နယ်၊ လွိုင်ကျိုင်းကျေးရွာအုပ်စု၊ ကွန်ပုကျေးရွာအုပ်စု၊ နားပွဲကျေးရွာအုပ်စု၊ ငါးတိုင်ကျေးရွာအုပ်စုနှင့် ကျိုင်းခမ်းကျေးရွာအုပ်စုသို့ ဆက်သွယ်ထားသောအုပ်စုချင်းဆက် ကိုယ်ထူကိုယ်ထပြုလုပ်ထားသော သစ်သားတံတား (၁၅၀)ပေမှာ ကျိုးကျပျက်စီးခဲ့ပါသဖြင့် ပြန်လည်တည်ဆောက်ပေးရန်ကိစ္စနှင့်စပ်လျဉ်း၍ ၎င်းတံတားအားပြန်လည်တည်ဆောက်ပေးနိုင်ပါရန်အတွက် မည်သည့်ဘတ်ဂျက်တွင် ထည့်သွင်းပေးနိုင်ခြင်း အစီအစဉ် ရှိ/ မရှိ၊ ရှိမည်ဆိုပါက မည်သည့်အနီးဆုံးဘတ်ဂျက်တွင် ထည့်သွင်းပေးမည်နှင့် မရှိပါက အဘယ်ကြောင့် မရှိသည်ကို သိရှိလိုပါသည်ဆိုတဲ့ မေးခွန်းနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ကျွန်တော် ဗိုလ်မှူးကြီးလှဦးက ဖြေကြားသွားမှာ ဖြစ်ပါတယ်။

နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ကွန်ကရစ်တံတားများ တည်ဆောက်ပေးလျက်ရှိရာမှာ ပေ(၁၅၀)အောက် တံတားများကိုသာ ဦးစားပေး တည်ဆောက်ပေးလျက်ရှိရာ လွှတ်တော်ကိုယ်စားလှယ်မေးမြန်းသည့် ကွန်ဟိန်းမြို့နယ်၊ လွိုင်ကျိုင်းကျေးရွာအုပ်စု၊ ကွန်ပုကျေးရွာအုပ်စု၊ နားပွဲကျေးရွာအုပ်စု၊ ငါးတိုင်ကျေးရွာအုပ်စုနှင့် ကျိုင်းခမ်းကျေးရွာအုပ်စုသို့ ဆက်သွယ်ထားသည့် အုပ်စုချင်းဆက် ကိုယ်ထူကိုယ်ထ ပြုလုပ်ထားသော ပေ(၁၅၀)ရှိ သစ်သားတံတားကို ပြန်လည်တည်ဆောက်ပေးရန် လုံခြုံရေးကန့်သတ်ချက်ရှိသဖြင့် မြေပြင်အခြေအနေအား ကွင်းဆင်းဆောင်ရွက်ပြီးမှသာ လုပ်ငန်းလိုအပ်ချက်အပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းခင်ထားရီက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းခင်ထားရီ၊ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို တက်ရောက်လာကြသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ဥပဒေချုပ်၊ စာရင်းစစ်ချုပ်နှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ လေ့လာသူများအားလုံး စိတ္တသုခ၊ ကာယသုခနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်မကတော့ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီ ဖြစ်ပါတယ်ရှင်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်၌ အတည်ပြုပြီးသော အဆိုများနှင့် ပတ်သက်၍ သက်ဆိုင်ရာဌာနအလိုက် ညွှန်ကြားထားရှိမှုနှင့်စပ်လျဉ်း၍ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးရှင်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေးတွင် ဦးစိုင်းအောင်ခမ်း၊ မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ "ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ BE/ RE နှင့် ပြည်နယ်ဘဏ္ဍာရန်ပုံငွေ BE/ RE Budget ငွေလုံးငွေရင်းဖြင့် ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးသို့ သက်ဆိုင်ရာ ဘဏ္ဍာနှစ်အလိုက် လုပ်ငန်းများဆောင်ရွက်ရာတွင် ကုမ္ပဏီများအနေဖြင့် အစိုးရနှင့်ချုပ်ဆိုသော စာချုပ်မိတ္တူများ၊ BP,BQ မိတ္တူများကို မြို့နယ်များရှိ လွှတ်တော်ကိုယ်စားလှယ်များထံ ပေးပို့ရန်" အဆိုကိုလွှတ်တော်တွင် မဲခွဲဆုံးဖြတ်ပြီး ထောက်ခံမဲများသောကြောင့် ၂၀၁၆ခုနှစ်၊ စက်တင်ဘာလ (၂၁)ရက်တွင် အတည်ပြုထားပြီး ဖြစ်ပါတယ်။

ထိုနည်းတူ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် ကျွန်မ ဒေါ်နန်းခင်ထားရီ၊ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"ရှမ်းပြည်နယ်အတွင်းရှိ လောင်းကစားဝိုင်းများ လျော့နည်းကျဆင်းရေးနှင့် တင်းကြပ်စွာ တားဆီးပိတ်ပင်အရေးယူပေးနိုင်ပါရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်း"** အဆိုကိုလည်း ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ (၂၀)ရက်နေ့တွင် လွှတ်တော်က အတည်ပြုပြီး ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ဦးစိုင်းအောင်ခမ်း၏ အဆိုနှင့်စပ်လျဉ်း၍ ၂၀၁၆- ၂၀၁၇ Budget၊ ၂၀၁၇- ၂၀၁၈ Budget၊ ၂၀၁၈- ၂၀၁၉ Budget နှစ်များကို ပြန်လည်သုံးသပ်ရလျှင် သက်ဆိုင်ရာလွှတ်တော် ကိုယ်စားလှယ်များထံ BP, BQ မိတ္တူများ ပေးပို့ရမည်ဆိုသော်လည်း

ပေးပို့သည့် ကုမ္ပဏီရှိသလို မပေးသည့်ကုမ္ပဏီ အများအပြားရှိပါတယ်။ ကျွန်မရဲ့မြို့နယ်လိုပဲ အခြားသောမြို့နယ်များလည်း ယခုကဲ့သို့ ဖြစ်နေပါတယ်လို့ ကြားသိနေရပါတယ်။ ဒီနေရာမှာ ညွှန်ကြားတဲ့သူရဲ့ လိုအပ်ချက်လား၊ လိုက်နာရမည့်သူရဲ့ လိုအပ်ချက်လားဆိုတာကို မေးခွန်း ထုတ်စရာဖြစ်နေပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ပါဝါပွိုင့်ဖြင့် တင်သွင်းခွင့်ပြုပါရန် လေးစားစွာ တောင်းခံအပ်ပါရှင်။

အခုကျွန်မ ပါဝါပွိုင့်ပြခြင်းဟာ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ထိခိုက်စေလိုခြင်း အလျဉ်းမရှိပါကြောင်း အစီရင်ခံတင်ပြအပ်ပါတယ်ရှင်။ မီဒီယာကနေ ကျွန်မကို ပေးပို့တဲ့ ပါဝါပွိုင့်တွေ ဖြစ်ပါတယ်ရှင်။ ဒါကတော့ တန့်ယန်းမြို့မှာ ကျင်းပတဲ့ လောင်းကစားဝိုင်းများ ဖြစ်ပါတယ်။ တန့်ယန်းမြို့ ဝဏ်ပါဘုရားပွဲမှာကျင်းပတဲ့ လောင်းကစားဝိုင်းပဲ ဖြစ်ပါတယ်။ ဒါကတော့ ဟိုပန်မြို့ စုပေါင်းရှင်ပြုပွဲ အသံမစဲမဟာပဋ္ဌာန်းပွဲမှာ ကျင်းပပြုလုပ်တဲ့ လောင်း ကစားဝိုင်းများရဲ့ ဓာတ်ပုံများ ဖြစ်ပါတယ်။ ဒါကတော့ လားရှိုးမြို့ စိတ္တသုခဘုန်းတော်ကြီး ကျောင်းမှာ (၂၅)ရက်နေ့က ကျင်းပတဲ့လောင်းကစားဝိုင်းများ ဖြစ်ပါတယ်။ ဒီဘုန်းကြီးကျောင်း တွေမှာ လောင်းကစားဝိုင်းတွေ ဖွင့်နေခြင်းဟာ ကျွန်မတို့ ဗုဒ္ဓဘာသာရဲ့ ဂုဏ်သိက္ခာကို ညှိုးနွမ်း စေသလို ဘာသာရေးပွဲတွေကိုလည်း ခုတုံးလုပ်နေတာ ဖြစ်ပါတယ်။

ဒါကြောင့်မို့ ကျွန်မ၏အဆိုနှင့် စပ်လျဉ်းပြီးတော့ လောင်းကစားဝိုင်းများလျှော့နည်း သွားရမည့်အပြင် ကျွန်မမြို့နှင့် ဆက်စပ်လျက်ရှိသော လားရှိုး-တန့်ယန်း- ကွမ်းလုံ၊ ဟိုပန်နှင့် မူဆယ်မြို့များဆိုရင် ပိုပြီးတော့မှ ပေါ်ပေါ်တင်တင် လုပ်ဆောင်လာသည်ကို တွေ့ရှိရပါတယ်။ လောင်းကစားဝိုင်းနှင့်ပတ်သက်လို့ အဓိကတာဝန်ရှိသူများဖြစ်တဲ့ မြို့နယ်ရဲမှူး၊ မြို့နယ် အုပ်ချုပ်ရေးမှူး၊ ခရိုင်ဆိုရင်လည်း ခရိုင်ရဲမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး၊ ဟိုပန်ဆိုရင် လည်း “ဝ”တိုင်းဦးစီးအဖွဲ့နှင့် “ဝ”တိုင်းရဲမှူးတို့ရဲ့ တာဝန်သာဖြစ်ပါတယ်။ အဓိကတာဝန်ရှိသူ တွေက ထိရောက်စွာအရေးယူမယ်၊ ခွင့်မပြုဘူးဆိုရင် ဒီလောင်းကစားဝိုင်းတွေက ဖွင့်ရဲမှာ မဟုတ်ပါဘူး။ ပြည်သူတွေပြောနေတဲ့ လိုင်းကြေးယူထားလို့သာ မျက်စိမှိတ်၊ နားပိတ်နေ ခြင်းဖြစ်တယ်လို့ ယူဆမိပါတယ်။ ဒါကြောင့် ရှမ်းပြည်နယ်ရဲ့ အမြင့်ဆုံးအစည်းအဝေးလည်း ဖြစ်သလို နိုင်ငံတော်၏ မဏ္ဍိုင်ကြီး (၃)ရပ်လုံး စုံနေတဲ့ ရှမ်းပြည်နယ်လွှတ်တော်က အတည် ပြုပြီးသော ကိစ္စများကို မထီမဲ့မြင် ပြုနေခြင်းလော၊ သို့မဟုတ် ဂရုမစိုက်ဘဲနေခြင်းလောဟု သံသယဝင်နေမိပါတယ်။ ကိုယ်စားလှယ်တွေက အချိန်ကုန်၊ လူပမ်းသလို နိုင်ငံတော်မှလည်း ငွေကုန်ကြေးကျခံပြီး လွှတ်တော်အစည်းအဝေးကို ကျင်းပပြီး ပြည်သူတို့ရဲ့ လိုအပ်ချက် တွေကို ဖော်ဆောင်နေခြင်း ဖြစ်ပါတယ်။ အကောင်အထည်ဖော်မှုကဏ္ဍမှာ တာဝန်ရှိတဲ့ ပုဂ္ဂိုလ်တွေက လိုက်နာခြင်းမရှိဘဲ ကျွန်မတို့သွားချင်တဲ့ ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံဟာ

ဝေးနေဦးမှာ ဖြစ်သလို အကျင့်ပျက်ခြစား၊ အဂတိလိုက်စားနေတဲ့ ဝန်ထမ်းတွေလည်း ရှိနေအုံးမှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ မေးမြန်းလိုသည်မှာ–

(က) လွှတ်တော်တွင် အတည်ပြုပြီးသော အဆိုများနှင့် ပတ်သက်၍ သက်ဆိုင်ရာ ဌာနအလိုက် မည်ကဲ့သို့ ညွှန်ကြားထားသနည်း။

(ခ) လွှတ်တော်တွင် အဆိုအတည်ဖြစ်ပြီး ကာလမည်မျှအကြာတွင် ညွှန်ကြားချက် များကို ထုတ်ပြန်သနည်း။

(ဂ) လောင်းကစားနှင့် ပတ်သက်သော အဆိုကို ရှမ်းပြည်နယ်အစိုးရအနေဖြင့် မည်ကဲ့သို့ ညွှန်ကြားထားသနည်း။

(ဃ) ညွှန်ကြားချက်ကို မည်သည့်နေ့တွင် ထုတ်ပြန်သနည်း။

(င) ညွှန်ကြားချက်များကို မလိုက်နာပါက မည်ကဲ့သို့ အရေးယူမည်နည်း။ စသည် တို့ကို သိရှိလိုပါသဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်း အပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ကဏ္ဍအလိုက် ဖြေကြား သွားဖို့ ဖြစ်ပါတယ်။

**ဦးစိုးညွန့်လွင်(ခ)ဦးစိုးကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ သိန္နီ မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းခင်ထားရီရဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်၌ အတည်ပြုပြီးသော တတိယပုံမှန်အစည်းအဝေးတွင် ဦးစိုင်းအောင်ခမ်း၊ မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **“ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ BE/ RE နှင့် ပြည်နယ်ဘဏ္ဍာရန်ပုံငွေ BE/ RE Budget ငွေလုံးငွေရင်းဖြင့် ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးသို့ သက်ဆိုင်ရာ ဘဏ္ဍာနှစ်အလိုက် လုပ်ငန်းများဆောင်ရွက်ရာတွင် ကုမ္ပဏီများအနေဖြင့် အစိုးရနှင့်ချုပ် ဆိုသော စာချုပ်မိတ္တူများ၊ BP,BQ မိတ္တူများကို မြို့နယ်များရှိ လွှတ်တော်ကိုယ်စားလှယ် များထံ ပေးပို့ရန်”** အဆိုနှင့်ပတ်သက်၍–

(က) လွှတ်တော်တွင် အတည်ပြုပြီးသော အဆိုများနှင့် ပတ်သက်၍ သက်ဆိုင်ရာ ဌာနအလိုက် မည်ကဲ့သို့ ညွှန်ကြားထားသနည်း။

( ခ) လွှတ်တော်တွင် အဆိုအတည်ဖြစ်ပြီးကာလ မည်မျှအကြာတွင် ညွှန်ကြားချက်များကို ထုတ်ပြန်သနည်းဆိုတဲ့ မေးခွန်း(၂)ခုနဲ့ ပတ်သက်ပြီးတော့ ကျွန်တော် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးညွှန့်လွင်(ခ)ဦးစိုးကြီးမှ ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

(က)မေးခွန်းနှင့်ပတ်သက်ပြီး **"ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ BE/ RE နှင့် ပြည်နယ်ဘဏ္ဍာရန်ပုံငွေ BE/ RE Budget ငွေလုံးငွေရင်းဖြင့် ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးသို့ သက်ဆိုင်ရာဘဏ္ဍာနှစ်အလိုက် လုပ်ငန်းများဆောင်ရွက်ရာတွင် အစိုးရနှင့် ကုမ္ပဏီများ စာချုပ်ချုပ်ဆိုသော စာချုပ်စာတမ်း၊ BP,BQ မိတ္တူများကို သက်ဆိုင်ရာ မြို့နယ်များရှိ လွှတ်တော်ကိုယ်စားလှယ်များထံ ပေးပို့ရန်"** အဆိုအား ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၁- ၉- ၂၀၁၆ ရက်၊ တတိယနေ့တွင် အတည်ပြုပြီးဖြစ်၍ သက်ဆိုင်ရာဌာနများအလိုက် ဌာနဆိုင်ရာများနှင့် ကုမ္ပဏီများ ချုပ်ဆိုသော စာချုပ်မိတ္တူများနှင့် BP/ BQ မိတ္တူများကို မြို့နယ်များရှိ လွှတ်တော်ကိုယ်စားလှယ်များထံ ပေးပို့ရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၃၀- ၉- ၂၀၁၆ ရက်စွဲပါစာအမှတ်၊ ၁၁၁၇၂/ ၆-၂၃၃/ အစရ (ရှမ်း)ဖြင့် လည်းကောင်း၊ ၉- ၁- ၂၀၁၇ ရက်စွဲပါစာအမှတ်၊ ၂၂၈/ ၆-၂၃၃/ အစရ (ရှမ်း)ဖြင့် လည်းကောင်း၊ ၁၃- ၁၀- ၂၀၁၇ ရက်စွဲပါစာအမှတ်၊ ၁၂၅၄၀/၆-၂၂၀/အစရ (ရှမ်း)ဖြင့် လည်းကောင်း ပြည်နယ်အဆင့် ဌာနဆိုင်ရာအားလုံးသို့ အကြောင်းကြားထားရှိပြီး ဖြစ်ပါတယ်။ ထို့အပြင် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၁၉- ၄- ၂၀၁၈ ရက်စွဲပါ စာအမှတ်၊ ၄၆၁၇/ ၆-၂၂၀/ အစရ(ရှမ်း)ဖြင့်လည်းကောင်း၊ ၉- ၅- ၂၀၁၈ ရက်စွဲပါစာအမှတ်၊ ၅၅၇၉/ ၆-၂၂၀/ အစရ(ရှမ်း)ဖြင့်လည်းကောင်း သက်ဆိုင်ရာ ဌာနအလိုက် ဌာနများနှင့် ကုမ္ပဏီများ ချုပ်ဆိုသော စာချုပ်မိတ္တူများ၊ BP/ BQ မိတ္တူများအား လုပ်ငန်းဆောင်ရွက်မှုရှိပါက မြို့နယ်များ၏ လွှတ်တော်ကိုယ်စားလှယ်များထံ ဘဏ္ဍာရေးနှစ်တိုင်း ပေးပို့ဆောင်ရွက်ရန် ပြည်နယ်အဆင့် ဌာနဆိုင်ရာအားလုံးသို့ ထပ်မံညွှန်ကြားဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

(ခ)မေးခွန်းနှင့်ပတ်သက်ပြီးတော့ **"ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ BE/ RE နှင့် ပြည်နယ်ဘဏ္ဍာရန်ပုံငွေ BE/ RE ဖြင့် ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးသို့ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် လုပ်ငန်းများဆောင်ရွက်ရာတွင် အစိုးရနှင့် ကုမ္ပဏီများ စာချုပ်ချုပ်ဆိုသော စာချုပ်မိတ္တူများ၊ BP,BQ မိတ္တူများကို မြို့နယ်များရှိ လွှတ်တော်ကိုယ်စားလှယ်များထံ ပေးပို့ရန်"**အဆိုအား ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၂၁. ၉. ၂၀၁၆) တတိယနေ့တွင် အတည်ပြုပြီးဖြစ်ကြောင်း ရှမ်းပြည်နယ်လွှတ်တော်ရုံး၏

၂၁- ၉- ၂၀၁၆ ရက်စွဲပါစာအမှတ်၊ ၁၀/ ၂၂-၂/ လွှတ်တော်(ရှမ်း) ဖြင့် အကြောင်းကြားစာအား လက်ခံရရှိသည့် ၂၂- ၉- ၂၀၁၆ ရက်နေ့တွင် ရုံးလုပ်ထုံးလုပ်နည်းအတိုင်း ဝင်စာမှတ်ပုံတင်ခြင်း ဆောင်ရွက်ပြီး သက်ဆိုင်ရာဦးစီးအရာရှိမှစ၍ ပြည်နယ်ဝန်ကြီးချုပ်ထံ အဆင့်ဆင့်တင်ပြလမ်းညွှန်မှုခံယူပြီး ပြည်နယ်ဝန်ကြီးချုပ်မှတစ်ဆင့် သက်ဆိုင်ရာ ဦးစီးအရာရှိရုံးအဖွဲ့သို့ ပြန်လည်ရောက်ရှိသည့်အချိန်၌ ရုံးလုပ်ထုံးလုပ်နည်းအတိုင်း ညွှန်ကြားစာထွက်ရှိရန်အတွက် သက်ဆိုင်ရာ ဦးစီးအရာရှိမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်ကိုယ်စား လက်မှတ်ရေးထိုးမည့် ပြည်နယ်ဘဏ္ဍာရေးဝန်ကြီးထံ တင်ပြပြီး ၃၀- ၉- ၂၀၁၆ ရက်နေ့တွင် လက်မှတ်ရေးထိုးကာ ယင်းနေ့စွဲပါစာအမှတ်၊ ၁၁၁၇၂/ ၆-၂၃၃/ အစရ (ရှမ်း)ဖြင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာ အားလုံးသို့ ညွှန်ကြားဆောင်ရွက်ခဲ့ပါတယ်။ သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်၏ အဆိုအား အတည်ပြုကြောင်း အကြောင်းကြားစာအား ၂၂- ၉- ၂၀၁၆ ရက်တွင် လက်ခံရရှိပြီး ၃၀-၉-၂၀၁၆ ရက်နေ့တွင် ညွှန်ကြားချက်အား ထုတ်ပြန်နိုင်ခဲ့ခြင်းကြောင့် ရုံးပိတ်ရက်အပါ (၇)ရက်အတွင်း ဆောင်ရွက်နိုင်ခဲ့ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဗိုလ်မှူးကြီးလှဦး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်များ၊ လေ့လာတက်ရောက်ပါသော ဧည့်သည်တော်များအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းများနှင့် ပြည့်စုံကြပါစေကြောင်း ပထမဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီမှ မေးမြန်းလာတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် **"ရှမ်းပြည်နယ်အတွင်းရှိ လောင်းကစားဝိုင်းများ ပပျောက်ရေးနှင့်တင်းကြပ်စွာ တားဆီးပိတ်ပင်အရေးယူပေးနိုင်ပါရန် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း"** အဆိုနှင့် ပတ်သက်၍ လွှတ်တော်တွင် အတည်ပြုပြီးသော အဆိုများနှင့် ပတ်သက်၍ သက်ဆိုင်ရာ ဌာနအလိုက် မည်ကဲ့သို့ ညွှန်ကြားထားသနည်း၊ လွှတ်တော်တွင် အဆိုအတည်ဖြစ်ပြီး ကာလမည်မျှအကြာတွင် ညွှန်ကြားချက်များကို ထုတ်ပြန်သနည်း၊ လောင်းကစားနှင့် ပတ်သက်သောအဆိုကို ရှမ်းပြည်နယ်အစိုးရအနေဖြင့် မည်ကဲ့သို့ ညွှန်ကြားထားသနည်း၊ ညွှန်ကြားချက်ကို မည်သည့်နေ့တွင် ထုတ်ပြန်သနည်း၊ ညွှန်ကြားချက်များကို မလိုက်နာပါက မည်ကဲ့သို့ အရေးယူမည်နည်း၊ ကြယ်ပွင့်ပြမေးခွန်းနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရ

အဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးလှဦးမှ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ ၁၉- ၉- ၂၀၁၈ ရက်နေ့မှာ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီမှ **"ရှမ်းပြည်နယ်အတွင်းရှိ လောင်းကစားဝိုင်းများလျော့နည်းကျဆင်းရေးနှင့် တင်းကြပ်စွာ တားဆီးပိတ်ပင်အရေးယူပေးနိုင်ပါရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်း"** အဆိုကို ၂၀- ၉- ၂၀၁၈ ရက် ရှမ်းပြည်နယ် လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးစတုတ္ထနေ့တွင် လွှတ်တော်၏ သဘောဆန္ဒနှင့် အညီအတည်ပြုခဲ့သည်နှင့်အညီ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၁-၂-၂၀၁၉ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပုံမှန်အစည်းအဝေးအမှတ်စဉ်(၁-၂/၂၀၁၉) ဆုံးဖြတ်ချက်အပိုဒ် ၄(စ)အရ လောင်းကစားဝိုင်းများ လျော့နည်းပပျောက်စေရေးအတွက် အောက်ပါအတိုင်း ညွှန်ကြားချက်များ ထုတ်ပြန်ခဲ့ပါတယ်-

ရှမ်းပြည်နယ်အတွင်း လောင်းကစားဝိုင်းများ လျော့နည်းပပျောက်ရေးအတွက် သက်ဆိုင်ရာ ခရိုင်အလိုက် ကော်မတီများဖွဲ့စည်း ဆောင်ရွက်သွားရန်၊ ခရိုင်/ မြို့နယ်အလိုက် လောင်းကစားဝိုင်းများ လျော့နည်းပပျောက်သည်အထိ ထိရောက်စွာ တားဆီးပိတ်ပင် အရေးယူဆောင်ရွက်သွားရန်၊ ပြည်သူလူထုမှ သတင်းပေးနိုင်ရေးတို့အတွက် လစဉ်အသိပညာ ပေးဟောပြောခြင်းများ ဆောင်ရွက်ရန်၊ သတင်းပေးဆက်သွယ်နိုင်မည့် တာဝန်ခံများ၏ ဖုန်းနံပါတ်များအား လူထုအတွင်း သိရှိအောင်ဖြန့်ဝေထားရှိရန်၊ လောင်းကစားဝိုင်းများ လျော့နည်းပပျောက်စေရေးနှင့် ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့် အညီအရေးယူ ဆောင်ရွက်သွားရန်၊ ခရိုင်/ မြို့နယ်အလိုက် စီမံချက်ရေးဆွဲ ဆောင်ရွက်တင်ပြရန်ဖြစ်ပါတယ်။

ထို့အပြင် လောင်းကစားဝိုင်းများ လျော့နည်းပပျောက်စေရေးအတွက် စီမံချက် ရေးဆွဲဆောင်ရွက်၍ ဆောင်ရွက်ထားရှိမှုအခြေအနေများအား လစဉ်ပေးပို့တင်ပြဆောင်ရွက် ရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၁၃- ၁၀- ၂၀၁၈ ရက်နေ့၊ ရက်စွဲပါစာဖြင့် ရှမ်းပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးသို့ အကြောင်းကြားထားရှိခဲ့ပြီးဖြစ်ရာ လောင်းကစားဝိုင်းများအား ဖမ်းဆီး အရေးယူဆောင်ရွက်မှုများအနေဖြင့် ၂၀၁၈ခုနှစ်၊ အောက်တိုဘာလမှ ၂၀၁၉ ခုနှစ်၊ မတ်လ အထိ လောင်းကစားမှု (၅၄)မှုတွင် တရားခံကျား (၈၉)ဦး၊ မ (၄၂)ဦး၊ ပေါင်း (၁၃၁)ဦး၊ တန်ဖိုးငွေကျပ်(၈,၈၆၂,၆၀၀/-)နှင့် ထိုင်းဘတ်ငွေ(၃၂၃၀၀)ဘတ်တို့ကိုလည်း ဖမ်းဆီးအရေးယူ ဆောင်ရွက်နိုင်ခဲ့ပါတယ်။

လောင်းကစားဝိုင်းများ ပြည်နယ်အတွင်း လျော့နည်းပပျောက်စေရေးတို့အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ပုံမှန်အစည်းအဝေးအမှတ်စဉ်(၁-၂/ ၂၀၁၉) ဆုံးဖြတ်ချက်အပိုဒ် ၄(စ) ဆုံးဖြတ်ချက်အရ လောင်းကစားဝိုင်းများနှင့်ပတ်သက်၍ အထက်အပိုဒ်(၁)ပါ ညွှန်ကြားချက်များအား လိုက်နာမှုမရှိပါက သက်ဆိုင်ရာ တာဝန်ရှိသူများအား ထိရောက်သည့်အရေးယူဆောင်ရွက်မှုများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညီညီ(ခ) ဦးညီလေးချမ်းက မေးခွန်း (၁၊ ၂၊ ၃) ကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးညီညီ(ခ) ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ရှမ်းပြည်နယ်ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်း ဖြစ်ပါတယ်။ ကျွန်တော် ပထမဦးစွာ တင်ပြမေးမြန်းမဲ့ မေးခွန်းကတော့ တောင်ကြီးမြို့ စည်ပင်သာယာ မြို့မဈေးနှင့်ပတ်သက်ပြီးတော့ မေးမြန်းသွားမှာဖြစ်ပါတယ်။ ပထမဦးစွာ ပါဝါပွိုင့်ဖြင့် အသုံးပြုခွင့်ပေးပါရန် တင်ပြအပ်ပါတယ်။

တောင်ကြီးမြို့ မြို့မဈေး၏ ဆိုင်ခန်းအမှတ်(F-59)နှင့် (E34-35) ကြားမှာ လစ်လပ်နေတဲ့ သံစကာပေါက် ဖြစ်ပါတယ်။ အဲ့ဒါချော်လဲတတ်ပါသည်ဆိုတာ ဖော်ပြထားပါတယ်။ အဲ့ဒါကို ပြင်ဆင်ခြင်း မရှိပါဘူး။ ဒီလိုပြင်ဆင်ရန်အတွက်လည်းပဲ လစဉ် ကျပ်(၁၀၀၀) ကောက်ခံပါတယ်။ အရင်ကတော့ ကျပ်(၅၀၀)ကောက်ခံပါတယ်။ ဒီလိုကောက်ခံပေမယ့် ပျက်စီးယိုယွင်းနေတဲ့ လှေကားအတက်အဆင်းတွေကို ပြင်ဆင်ခြင်းမရှိတဲ့အတွက် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းရခြင်းဖြစ်ပါတယ်။

ရှမ်းပြည်နယ်၏မြို့တော် တောင်ကြီးမြို့ စည်ပင်သာယာ မြို့မဈေးကြီး၏ ပထမထပ်မှ ဒုတိယအထပ်တက်သည့် ဈေးဆိုင်ခန်းအမှတ် (F-59)နှင့် (E34-35)ကြားရှိ လှေကား၏ ထောင့်ချိုးသည် အကာအရံမရှိ နိုင်လွန်ကြိုးများဖြင့် ချည်ထား ကာရံထားသည်မှာလည်း မရေမရာဖြစ်၍ လူ့အသက်အန္တရာယ်ကို ထိခိုက်နိုင်သည်ကို တွေ့မြင်ရသောကြောင့် ပြုပြင်ပေးရန်နှင့် အခြားနေရာများတွင်လည်း ပျက်စီးနေသော နေရာများကို ပြုပြင်ပေးရန် အစီအစဉ် ရှိ/ မရှိကို အများပြည်သူသိရှိနိုင်ရန်အတွက် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအား ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။

ဒုတိယမေးခွန်းအနေဖြင့် ဆက်လက်တင်ပြရမည်ဆိုလျှင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှုံးစိုက်ရာမြို့ဖြစ်သည့်ပင်းတယမြို့မှာ ရပ်ဝေးရပ်နီးမှ ဈေးသည်များ တစ်နှစ်ထက်တစ်နှစ်ပိုမို များပြားလာသဖြင့် ပင်းတယမြို့ စည်ပင်သာယာဈေးအတွင်းမှာ ဈေးဆိုင်ခန်းများအား မလုံလောက်၍ ဈေးအတွင်း လမ်းဘေးများတွင် ရောင်းချရသည့်အပြင် ဈေးအပြင်ဘက်ကားလမ်းများတွင်လည်းကောင်း၊ ဈေးအနီးရှိ ရပ်ကွက်လမ်းများတွင်လည်းကောင်း ဈေးရောင်းချတဲ့အတွက်ယာဉ်သွားယာဉ်လာများမကြာခဏပိတ်ဆို့မှုဖြစ်ပါတယ်။ ပင်းတယမြို့မှာယာဉ်ထိန်းရဲများ အမြဲမရှိသဖြင့် ဖြေရှင်းရန် အခက်အခဲများရှိပါသောကြောင့် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းရခြင်းဖြစ်ပါတယ်။ ဒါကြောင့်မေးခွန်းအနေနဲ့ တင်ပြရမယ်ဆိုရင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှုံးစိုက်သည့် ပင်းတယမြို့ရှိ စည်ပင်သာယာဈေးကြီးအား အထပ်မြင့်အဆင့်မြင့်ဈေးကြီးတည်ဆောက်ပေးရန် မည်သို့စီမံဆောင်ရွက်ပေးမည်ကို အများပြည်သူသိရှိနိုင်ရန်အတွက် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအားကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။

တတိယမေးခွန်းအနေဖြင့် တင်ပြရမယ်ဆိုလျှင် ရှမ်းပြည်နယ်မြို့တော်၊ တောင်ကြီးမြို့၊ သစ်တောရပ်ကွက်ရှိ စိန်ဆေးရုံမှ တောင်ကြီးတက္ကသိုလ်ထိ အရှေ့မြို့ပတ်လမ်းတစ်လျှောက်ဝဲယာတို့တွင် လူနေအိမ်များ၊ ဌာနဆိုင်ရာရုံးများ၊ ရှမ်းပြည်နယ်အစိုးရရုံးများရှိသော်လည်း လျှပ်စစ်လမ်းမီးမရှိသဖြင့် အမှောင်ထုဖုံးလွှမ်းလျက်ရှိသောကြောင့် ဒုစရိုက်သမားများအတွက် အခွင့်ကြောင်းတစ်ရပ်ဖြစ်နေ၍ အောက်ပါအတိုင်း ကြယ်ပွင့်ပြမေးခွန်းမေးမြန်းအပ်ပါတယ်-

တောင်ကြီးမြို့၊ သစ်တောရပ်ကွက်ရှိ စိန်ဆေးရုံရှေ့မှ တောင်ကြီးတက္ကသိုလ်အထိ အရှေ့မြို့ပတ်လမ်းတစ်လျှောက်တွင် မြို့တော်အင်္ဂါရပ်နှင့်အညီ လျှပ်စစ်လမ်းမီးထွန်းရန် လိုအပ်နေပါ၍ မည်သို့စီမံဆောင်ရွက်ပေးမည်ကို အများပြည်သူ သိရှိနိုင်ရန်အတွက် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအား ကြယ်ပွင့်ပြမေးခွန်းမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** စည်ပင်သာယာရေးဝန်ကြီးက မေးခွန်း(၁၊ ၂၊ ၃)ကို တစ်ဆက်တည်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းစွံဆိုင်း၊ စည်ပင်သာယာရေးဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွံဆိုင်း

ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပင်းတယမြို့နယ် မဲဆနန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ (ခ)ဦးညီလေးချမ်း၏ ကြယ်ပွင့်ပြ မေးခွန်းနှင့်ပတ်သက်ပြီး ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်၏မြို့တော် တောင်ကြီးမြို့၊ စည်ပင်သာယာ မြို့မဈေးကြီး၏ ပထမ ထပ်မှ ဒုတိယအထပ်တက်သည့်ဈေးဆိုင်ခန်းအမှတ် (F-59) နှင့် (E34-35)ကြားရှိ လှေကား၏ ထောင့်ချိုးသည် အကာအရံမရှိနိုင်လွန်ကြိုးများဖြင့် ချည်ထားကာရံထားသည်မှာလည်း မရေမရာဖြစ်၍ လူ့အသက်အန္တရာယ်ကို ထိခိုက်နိုင်သည်ကို တွေ့မြင်ရသောကြောင့် ပြုပြင် ပေးရန်နှင့် အခြားနေရာများတွင်လည်း ပျက်စီးနေသော နေရာများကို ပြုပြင်ပေးရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုခြင်းနှင့် ပတ်သက်၍ အောက်ပါအတိုင်း တင်ပြလိုပါတယ်-

တောင်ကြီးမြို့၊ မြို့မဈေးကြီး၏ ပထမထပ်မှ ဒုတိယအထပ်တက်သည့် ဈေးဆိုင် ခန်းအမှတ်(F-59)နှင့်(E-34/35)ကြားရှိ လှေကား၏ထောင့်ချိုး အကာအရံမရှိသည့်နေရာမှာ မြို့မဈေး အပိုင်း(၃) ဒုတိယထပ်မှ တတိယထပ်သို့ တက်ရောက်သည့်လှေကားဖြစ်ပြီး အဆိုပါနေရာမှာ အများပြည်သူ ဈေးသွားဈေးလာများသွားရောက်မှု နည်းပါးသည့်အတွက် ဈေးဆိုင်ခန်းများ ဖွင့်လှစ်မှုမရှိဘဲ ဆိုင်ခန်းရှင်များမှ ပစ္စည်းများကိုသာ ထားရှိအသုံးပြု ကြသော နေရာဖြစ်ပါတယ်။ အဆိုပါ လှေကားအား ၂၀၁၈-၂၀၁၉ခု ဘဏ္ဍာရေးနှစ်၊ ဒုတိယ(၆) လပတ်တွင် ပြုပြင်ဆောင်ရွက်သွားရန် လျာထားပြီးဖြစ်ပါတယ်။ အခြားပျက်စီးနေသော နေရာများအား ဆက်လက်ပြုပြင်နိုင်ရေး လာမည့်ဘဏ္ဍာရေးနှစ်များတွင် ထည့်သွင်းလျာထား ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။

အဖြေ(၂)အနေနဲ့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရုံးစိုက်သည့်ပင်းတယမြို့၏ စည်ပင် သာယာဈေးကြီးအား အထပ်မြင့် အဆင့်မြင့် ဈေးကြီးတည်ဆောက်ပေးရန် မည်သို့စီမံ ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းကိစ္စနှင့်ပတ်သက်ပြီး အောက်ပါအတိုင်းတင်ပြလိုပါတယ် -

ပင်းတယမြို့ မြို့မဈေးကြီးသည် ဈေးအပြင်ဘက် ဆိုင်ခန်း(၉၉)ခန်း၊ ဈေးအတွင်း ဆိုင်ခန်း(၇၂၃)ခန်း၊ စုစုပေါင်းဆိုင်ခန်း(၈၂၂)ခန်းရှိပြီး (၅)ရက်တစ်ဈေး နေ့ဈေးများသာ အနီးအနားပတ်ဝန်းကျင်ဒေသများမှ ပုံကျဈေးသည် (၁၄၀)ဦးခန့်၊ ကျန်(၄)ရက်တွင် နေ့စဉ် ပုံမှန်ရောင်းချသည့် ဈေးသည်(၂၂ )ဦးခန့်သာရှိပါတယ်။ ပင်းတယမြို့နယ်စည်ပင်သာယာရေး ဌာန၏ ၂၀၁၈ - ၂၀၁၉ခု ဘဏ္ဍာရေးနှစ်အတွက် ဝင်ငွေလျာထားချက်မှာ ကျပ် (၁၆၀၀)သိန်း ဖြစ်ရာ ဝင်ငွေနည်းပါးသည့် မြို့ဖြစ်ပါ၍ အထပ်မြင့် အဆင့်မြင့်ဈေး တည်ဆောက်ရန် အခက်အခဲရှိသည့်အပြင် ဒေသအခြေအနေနှင့် လက်ရှိဈေးအနေအထားမှာ သင့်တင့်သည့် အနေအထားဖြစ်ခြင်း၊ ကိုယ်ထူကိုယ်ထ ဆောက်လုပ်ရန်မှာလည်း အများပြည်သူ ဝန်ထုတ်

ဝန်ပိုး ဖြစ်ပေါ်နိုင်ခြင်း၊ အထပ်မြင့် ဈေးတည်ဆောက်ရန် ဈေးသူဈေးသားများအနေဖြင့်လည်း တင်ပြတောင်းဆိုမှုမရှိခြင်းတို့ကြောင့် လတ်တလောအခြေအနေတွင် အထပ်မြင့်အဆင့်မြင့် ဈေးတည်ဆောက်နိုင်ခြင်းမရှိသေးပါကြောင်းနှင့် ယခုထက်ပိုမို၍ မြို့ဖွံ့ဖြိုးတိုးတက်လာပြီး လက်ရှိဈေးအနေအထားဖြင့် လုံလောက်မှုမရှိပါက ရင်းနှီးမြှုပ်နှံလိုသူပုဂ္ဂလိကလုပ်ငန်းရှင်များအား တင်ဒါစနစ်ဖြင့် ခေါ်ယူ၍ အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။

အဖြေ(၃)အနေဖြင့် တောင်ကြီးမြို့ သစ်တောရပ်ကွက်ရှိ စိန်ဆေးရုံမှ တောင်ကြီးတက္ကသိုလ်အထိ အရှေ့မြို့ပတ်လမ်းတစ်လျှောက်တွင် မြို့တော်အင်္ဂါရပ်နှင့်အညီ လျှပ်စစ်လမ်းမီးထွန်းရန် လိုအပ်နေပါ၍ မည်သို့စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုသည့် မေးခွန်းနှင့်ပတ်သက်ပြီး အောက်ပါအတိုင်း တင်ပြလိုပါတယ်-

တောင်ကြီးမြို့၊ သစ်တောရပ်ကွက်ရှိ စိန်ဆေးရုံမှ တောင်ကြီးတက္ကသိုလ်အထိ အရှေ့မြို့ပတ်လမ်းတစ်လျှောက်တွင် မြို့တော်အင်္ဂါရပ်နှင့်အညီ လျှပ်စစ်လမ်းမီးထွန်းညှိနိုင်ရေးနှင့် ပတ်သက်၍ အဆိုပါလမ်းအပိုင်းသည် အရှေ့မြို့ပတ်လမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းစီမံချက်၏ အပိုင်း(၃)တွင်ပါဝင်ပြီး ယင်းလမ်းအပိုင်းအား လမ်းမီးထွန်းညှိနိုင်ရေးအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် (အပိုင်း-၂) ဘတ်ဂျက်တွင် ဆောင်ရွက်ရန် လျာထားနိုင်မှုမရှိသေးပါကြောင်းနှင့် အရှေ့မြို့ပတ်လမ်းအဆင့်မြှင့်တင်ခြင်း (အပိုင်း-၃)လုပ်ငန်းများဆောင်ရွက်ချိန်တွင် ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညီညီ(ခ) ဦးညီလေးချမ်းက စတုတ္ထမေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးညီညီ(ခ) ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** စတုတ္ထမေးခွန်းကိုလည်း ဆက်လက်၍ မေးခွန်းအတိုင်းမေးမြန်းသွားမှာဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးတွင် ကလေးငယ်များ ဝက်သက်ရောဂါဖြစ်ပွားနေကြောင်း သိရှိရသည့်အတွက် ရှမ်းပြည်နယ်တွင် ကလေးငယ်များ ဝက်သက်ရောဂါ ဖြစ်ပွားခြင်း ရှိ/ မရှိနှင့် ရှိပါက မည်သည့်မြို့နယ်များတွင် ဖြစ်ကြောင်းနှင့် ကြိုတင်ကာကွယ်ခြင်းလုပ်ငန်းများကို မည်သို့စီမံဆောင်ရွက်နေသည်ကို အများပြည်သူသိရှိနိုင်ရန်အတွက် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအား ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စာလှယ်များခင်ဗျား။ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်းရဲ့ မေးမြန်းထားတဲ့ ရှမ်းပြည်နယ်တွင် ကလေးငယ်များ ဝက်သက်ရောဂါ ဖြစ်ပွားခြင်း ရှိ/ မရှိနှင့် ရှိပါက မည်သည့်မြို့နယ်များတွင် ဖြစ်ကြောင်းနှင့် ကြိုတင်ကာကွယ်ခြင်း လုပ်ငန်းများကို မည်သို့စီမံဆောင်ရွက်နေသည်ကို သိရှိလိုပါသည်ဟူသော မေးခွန်းကို ဆက်လက်ဖြေကြားပေးသွားမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံအတွင်းရှိ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များနည်းတူ ရှမ်းပြည်နယ် အတွင်းမှာလည်း ဝက်သက်ရောဂါများ ဖြစ်ပွားပျံ့နှံ့လျက်ရှိပါတယ်။ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလမှ မတ်လအထိ ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီး၊ မိုင်းရှူး၊ မိုးနဲ၊ လဲချား၊ နမ့်စန်နှင့် ရပ်စောက်မြို့နယ်များ၌ အတည်ပြုပြီး ဝက်သက်ရောဂါ လူနာဦးရေ (၂၆)ဦး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် လားရှိုးမြို့နယ်နှင့် ပန်ဆန်းမြို့နယ်များ၌ အတည်ပြုပြီး ဝက်သက်လူနာ ဦးရေ(၁၁)ဦးနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်၌ အတည် ပြုပြီး ဝက်သက်လူနာ ဦးရေ(၄၆)ဦး တွေ့ရှိခဲ့ပါတယ်။ ဝက်သက်ရောဂါဟာ ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသော ရောဂါဖြစ်ပြီး၊ ပုံမှန်တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း အနေဖြင့် အသက် (၉)လနှင့် (၁၈)လတို့တွင် ဝက်သက်- ဂျိုက်သိုးရောဂါကာကွယ်ဆေးကို နှစ်ကြိမ်ထိုးနှံပေး လျက်ရှိပါတယ်။ ထိုကာကွယ်ဆေးသည် အသက်(၉)လ ပထမအကြိမ် ထိုးနှံရာတွင်(၈၅%) သာရောဂါကာကွယ်မှုပေးနိုင်ပြီး ဒုတိယအကြိမ် အသက်(၁၈)လတွင် ထပ်မံထိုးနှံပါက(၉၈%) အထိ ရောဂါကာကွယ်မှု ပေးနိုင်ပါတယ်။ ကာကွယ်ဆေး အကြိမ်ရေပြည့်မရရှိသည့် ကလေးများ စုပုံလာခြင်းဖြင့် (၄)နှစ်အတွင်း ဝက်သက်ရောဂါအစုလိုက် ဖြစ်ပွားခြင်းများရှိ၍ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းအနေဖြင့် (၄)နှစ်လျှင်(၁)ကြိမ် ဝက်သက်ရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းကို ဆောင်ရွက်ခဲ့ကြပြီး၊ (၂၀၁၅) ခုနှစ်၊ ဒီဇင်ဘာလတွင်နောက်ဆုံးအနေဖြင့် ဆောင်ရွက်ခဲ့ပေးပါတယ်။ (၂၀၁၈)ခုနှစ် အတွက် ဝက်သက်- ဂျိုက်သိုးရောဂါ ကာကွယ်ဆေး အကြိမ်ရေပြည့် လွှမ်းခြုံရရှိမှုနှုန်းမှာ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် (၈၉%)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် (၆၅%)နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် (၆၃%)သာ ရရှိပါတယ်။ ဖြစ်ပွားခဲ့တဲ့ ဝက်သက်ရောဂါဖြစ်စဉ်များမှာ ပုံမှန်ကာကွယ်ဆေးထိုး လုပ်ငန်းလွှမ်းခြုံမှု အားနည်းသော သွားလာရခက်ခဲသောဒေသများ၊ လုံခြုံရေးအရ ခက်ခဲသောဒေသများ ကာကွယ်ဆေးထိုးနှံမှုအား လက်မခံငြင်းဆန်သော၊ ကျန်းမာရေး အသိပညာ အားနည်းသော ဒေသများတွင် အဖြစ်များကြောင်းတွေ့ရှိရပါတယ်။ (၂၀၁၈) ခုနှစ်နှင့် (၂၀၁၉)ခုနှစ်အတွင်း နိုင်ငံတစ်ဝန်း ဝက်သက်ရောဂါ ဖြစ်ပွားမှုများကြောင့် ရှမ်းပြည်နယ်တစ်ခုလုံးတွင် အမီလိုက်

ကာကွယ်ဆေးထိုးခြင်း (Catch–up Immunization) နည်းဗျူဟာဖြင့် ကာကွယ်ဆေး အပြည့်အဝမရရှိသေးသော ကလေးငယ်များအား အသက်အရွယ်အလိုက် ရရှိသင့်သည့် ကာကွယ်ဆေးများအား ထိုးနှံတိုက်ကျွေး ပေးလျက်ရှိပါတယ်။ ကာကွယ်ဆေးအပြည့်အဝ မရရှိခဲ့သော ကလေးငယ်များစုစည်းရာ နေရာများဖြစ်သည့် ဘုန်းကြီးကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၊ ပရဟိတဂေဟာများတွင် ကာကွယ်ဆေးရရှိမှု ဆန်းစစ်ခြင်း (BCG scar survey) ပြုလုပ်၍ အသက်အရွယ်အလိုက်ရရှိသင့်သည့် ကာကွယ်ဆေးများအား အစုလိုက် အကြိမ်ရေအပြည့် ထိုးနှံခြင်းများကို ၂၀၁၈ ခုနှစ်မှ ၂၀၁၉ ခုနှစ်အတွင်းတွင် မြို့နယ်အလိုက် ဆောင်ရွက်ခဲ့ပါတယ်။ တောင်ကြီးမြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက်နှင့် ပရဟိတ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း စုစုပေါင်း(၇၇)ကျောင်းရှိ လူဦးရေ(၅၄၂၇)ဦးအား အသက်အရွယ်အလိုက်ရရှိသင့်သည့် ကာကွယ်ဆေးများအား အကြိမ်ရေပြည့်ထိုးနှံပေးနိုင်ခဲ့ပါတယ်။ ဆေးရုံများနှင့် မြို့နယ်များရှိ ကျေးလက်ကျန်းမာရေးဌာနများမှ ကူးစက်ရောဂါ ရက်သတ္တပတ် စောင့်ကြပ်ကြည့်ရှုခြင်းဆိုင်ရာ အစီရင်ခံဖြင့် ကူးစက်ရောဂါ ဖြစ်ပွားခြင်း ရှိ/ မရှိကို အချိန်နှင့်တပြေးညီ အပတ်စဉ် ပေးပို့ဆောင်ရွက်လျက်ရှိပြီး သံသယဝက်သက်ရောဂါများ ဖြစ်ပွားလာပါကလည်း အချိန်နှင့်တပြေးညီ သတင်းပေးပို့ခြင်း၊ ရောဂါတားဆီးကာကွယ်ထိန်းချုပ်ခြင်း၊ ထပ်မံမဖြစ်ပွားအောင် ကာကွယ်ဆောင်ရွက်ခြင်း၊ ကာကွယ်ဆေးထိုးနှံပေးခြင်း၊ ဆေးကုသပေးခြင်းနှင့် ပြည်သူလူထုအား ကျန်းမာရေး အသိပညာပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အထူးသဖြင့် ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်း အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန်အတွက် အနုစိတ်လုပ်ငန်းစီမံချက်များရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိပါတယ်။ ဗဟိုတိုးချဲ့ ကာကွယ်ဆေးထိုးလုပ်ငန်းအနေဖြင့် ၂၀၁၉ ခုနှစ်၊ နှစ်ကုန်ကာလတွင် နိုင်ငံတစ်ဝန်း အသက် (၅)နှစ်အောက် ကလေးများအား ဝက်သက်– ဂျိုက်သိုးရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်းအား ဆောင်ရွက်ရန်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ကျေးသီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခင်မောင်ညွှန့်က မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်ညွှန့်၊ ကျေးသီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** အားလုံးပဲ မင်္ဂလာပါ။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ကိုတက်ရောက်လာကြပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌတကွ ရှမ်းပြည်နယ် ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ကို လာရောက်လေ့လာကြတဲ့ ဧည့်သည်တော်များအားလုံး ကျက်သရေ

မင်္ဂလာ အဖြာဖြာနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ကျေးသီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ညွှန့် ဖြစ်ပါတယ်။

ကျွန်တော်မေးမြန်းသွားမဲ့ ကြယ်ပွင့်ပြမေးခွန်းကတော့ ကျေးသီးမြို့နယ်၊ ဝမ်စိမ်းကျေးရွာအုပ်စု၊ ဝမ်စိမ်းကျေးရွာမှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲကင်းနှင့် ရဲတပ်ဖွဲ့ဝင်များ ပြန်လည်တာဝန်ချထားပေးရန်နှင့် စပ်လျဉ်းတဲ့ မေးခွန်းဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လွိုင်လင်ခရိုင်၊ ကျေးသီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)အတွင်းမှာရှိတဲ့ ဝမ်စိမ်းကျေးရွာအုပ်စုတွင် ကျေးရွာပေါင်း (၆)ရွာ၊ အိမ်ခြေနှင့် အိမ်ထောင်စု (၁၀၈၈)၊ လူဦးရေ (၆၃၆၇)ဦး မှီတင်းနေထိုင်လျက်ရှိပြီးတော့မှ မိုင်းယန်း၊ မိုင်းလင်း၊ မိုင်းဆောင်၊ နောင်တောင်း၊ လုံယန်းစသည့်ကျေးရွာအုပ်စုများနှင့် တစ်ဆက်တည်းရှိနေပြီး (ရှမ်း၊ ဗမာ၊ လားဟူ၊ လီဆူ၊ ပလောင်၊ ပအိုဝ်း၊ မြောင်ဇီး)အစရှိသည့် တိုင်းရင်းသားလူမျိုးပေါင်းစုံ စုပေါင်းနေထိုင်လျက်ရှိပါတယ်။

ဝမ်စိမ်းကျေးရွာမှာ ကျေးရွာအဆင့်ဆိုပေမယ့် လူနေအိမ်ခြေနှင့် လူဦးရေထူထပ်ပြီးတော့မှ စည်ကားတဲ့ လမ်းဆုံဒေသဖြစ်ကာ တပ်မတော်တပ်ရင်းတစ်ရင်း၊ အခြေခံပညာအထက်တန်းကျောင်းတစ်ကျောင်း၊ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံ တစ်ရုံနှင့် အစိုးရရုံးဌာနအချို့တည်ရှိပြီး ဒေသခံတွေမှာလည်း စိုက်ပျိုးရေးနှင့် ပွဲရုံလုပ်ငန်း၊ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကြောင်း ပြုလုပ်လျက်ရှိပါတယ်။

ယခင်အစိုးရလက်ထက်က ဝမ်းစိမ်းကျေးရွာတွင် ရဲကင်းတစ်ခုနှင့် ရဲတပ်ဖွဲ့ဝင်များထားရှိကာ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို ဆောင်ရွက်နေခဲ့ကြောင်း သိခဲ့ရပြီးမှ ယခုအခါ ၁-၁-၂၀၁၄ မှ ရဲတပ်ဖွဲ့ဝင်များ ရုပ်သိမ်းသွားသည့်နောက်ပိုင်း ရဲကင်းအဆောက်အဦပါမက ရဲကင်းခြံစည်းရိုးများပါ ပြိုကျပျက်စီးနေပြီး မြင်မကောင်းအောင်ဖြစ်နေကြောင်းတွေ့ရှိရပါတယ်။ လက်ရှိဝမ်စိမ်းကျေးရွာမှာ အခုချိန်မှာ မြို့ငယ်တစ်မြို့နီးပါး လူနေအိမ်ခြေနှင့် လူဦးရေ များစွာတိုးတက်လာပေမယ့် ပြည်သူများ၏ အေးချမ်းစွာနေထိုင်နိုင်ရေး၊ မှုခင်းများလျော့နည်းကျဆင်းရေး၊ တရားဥပဒေစိုးမိုးရေးတို့အတွက် တာဝန်ယူထိန်းသိမ်းစောင့်ရှောက်ပေးမည့် ရဲကင်းနှင့် ရဲတပ်ဖွဲ့ဝင်များ မရှိတော့ခြင်းကြောင့် များစွာအခက်အခဲကြုံတွေ့နေကြရကြောင်း ပြည်သူများတင်ပြချက်အရ သိရှိရပါတယ်။

ဝမ်စိမ်းကျေးရွာအုပ်စုတင်မက ဆက်စပ်နေသော အခြားကျေးရွာအုပ်စုများမှာ မှုခင်းကိစ္စများ၊ ရာဇဝတ်မှုကိစ္စများနှင့်တရားဥပဒေစိုးမိုးရေးကိစ္စများမှာ အများအတွက်ဆောင်ရွက်

မယ်ဆိုရင် အနီးဆုံးဖြစ်တဲ့ မိုင်းနောင်ပြည်သူ့ရဲတပ်ဖွဲ့စခန်းဟာ (၂၂)မိုင် ဝေးကွာပြီးတော့မှ အရေးပေါ်လတ်တလော ဖြေရှင်းဖို့ကိစ္စတွေ ကြုံလာမယ်ဆိုလို့ရှိရင် အဲ့ဒီမှာရှိတဲ့ ကျေးရွာ အုပ်ချုပ်ရေးမှူးတွေဟာ ဝမ်စိမ်းအခြေစိုက် တပ်မတော်တပ်ရင်း တာဝန်ရှိသူများထံ သွားရောက် အကူအညီတောင်းခံ ဆောင်ရွက်နေကြရကြောင်း တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အမှန်တကယ်လိုအပ်နေသော ဝမ်စိမ်းကျေးရွာအုပ်စု၊ ဝမ်စိမ်း ကျေးရွာ၌ ယခင်ကာလများအတိုင်း ရဲကင်းနှင့် ရဲတပ်ဖွဲ့ဝင်များ ပြန်လည်တာဝန်ချထား ဖွင့်လှစ်ပေးရန်နှင့် စပ်လျဉ်းပြီးတော့မှ –

(၁) ဝမ်စိမ်းကျေးရွာရှိ ရဲကင်းနှင့် ရဲကင်းပရဝဏ်များ ပြင်ဆင်ပေးပြီး ရဲတပ်ဖွဲ့ဝင်များ တာဝန်ချထားပေးရန် အစီအစဉ် ရှိ/ မရှိ၊

(၂) ရှိပါကမည်သည့်အချိန်၊ မည်သည့်ကာလတွင် ဆောင်ရွက် ပေးမည်၊

(၃) မရှိပါက အဘယ်ကြောင့်နည်းဆိုတဲ့ ကိစ္စများကိုဒေသခံ ပြည်သူလူထု ကိုယ်စား ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရ အဖွဲ့သို့ ကြယ်ပွင့်ပြမေးခွန်းမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးလှဦး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာတက် ရောက်ပါသော ဧည့်သည်တော်များအားလုံး ကျန်းမာရွှင်လန်းကြပါစေကြောင်း ပထမဦးစွာ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျေးသီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခင်မောင်ညွန့်မှ မေးမြန်းလာတဲ့ လွိုင်လင်ခရိုင်၊ ကျေးသီးမြို့နယ် ဝမ်စိမ်းကျေးရွာအုပ်စု၊ ဝမ်စိမ်းကျေးရွာတွင် အမှန်တကယ်လိုအပ်နေသော မြန်မာနိုင်ငံရဲကင်းနှင့် ရဲတပ်ဖွဲ့ဝင်များအား ယခင်ကာလ များအတိုင်း ပြန်လည်တာဝန်ချထား ဖွင့်လှစ်ပေးရန်နှင့် စပ်လျဉ်း၍ ဝမ်စိမ်းကျေးရွာရှိ ရဲကင်းနှင့် ရဲကင်းပရဝဏ်များ ပြင်ဆင်ပေးပြီး ရဲတပ်ဖွဲ့ဝင်များ တာဝန်ချထားပေးရန် အစီအစဉ် ရှိ/ မရှိ၊ ရှိပါကမည်သည့်အချိန်၊ မည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်နှင့် မရှိပါက အဘယ်ကြောင့်နည်းဆိုတဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးလှဦးမှ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဝမ်စိမ်းရဲကင်းစခန်းဟာ မိုင်းနောင်မြို့နှင့် ၂၂ မိုင်အကွာ ကျေးသီးမြို့နယ်၊ ဝမ်စိမ်းကျေးရွာအုပ်စု၊ ဝမ်စိမ်းကျေးရွာမှာတည်ရှိပြီး အဆိုပါ ရဲကင်းစခန်းအား ယခင်ကမိုင်းနောင်နယ်မြေရဲစခန်း လက်အောက်ခံအဖြစ် ဖွင့်လှစ်ထားရှိခဲ့သော်လည်း နယ်မြေလုံခြုံရေး အခြေအနေအရသော်လည်းကောင်း၊ တပ်ဖွဲ့ဝင်အင်အား အခြေအနေအရသော်လည်းကောင်း ၁- ၁၀- ၂၀၁၄ ရက်မှစတင်၍ ပြန်လည်ရုပ်သိမ်းထားရှိခဲ့ပါတယ်။ မိုင်းနောင်နယ်မြေရဲခစန်း၏ ဖွဲ့စည်းပုံအင်အားသည် အရာရှိနှင့် အခြားအဆင့်အင်အား မှာ ၄၅ ဦးရှိသော်လည်း လက်ရှိအင်အားမှာဆိုရင် ၂၂ ဦးသာရှိအတွက် ၂၃ ဦး လိုအပ်လျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ ဝမ်စိမ်းရဲကင်းဖွင့်လှစ်ရန် တပ်ဖွဲ့ဝင်အင်အား လုံလောက်မှုမရှိခြင်း၊ မိုင်းနောင်နယ်မြေရဲစခန်းနှင့် ၂၂မိုင် ကွာဝေးသည့်နေရာတွင် တည်ရှိသဖြင့် ဝမ်စိမ်းရဲကင်းတွင် အရေးပေါ်အခြေအနေ ဖြစ်ပေါ်လာပါက ချက်ချင်းမသွားရောက်နိုင်ခြင်း၊ နယ်မြေလုံခြုံမှု မရှိခြင်းနှင့်တပ်ဖွဲ့ဝင် အင်အားနည်းပါးခြင်းတို့ကြောင့် လတ်တလော ဝမ်စိမ်းရဲကင်းစခန်းအား ပြင်ဆင်ပြီး ဖွင့်လှစ်ရန် အစီအစဉ်မရှိသေးပါကြောင်းနှင့် ဖွဲ့စည်းပုံနှင့်အညီ တပ်ဖွဲ့ဝင်အင်အား များခန့်ထားဆောင်ရွက်နိုင်ပါက စီစဉ်ဆောင်ရွက်ပေးသွား မည်ဖြစ်ပါကြောင်းဖြေကြားတင်ပြ အပ်ပါ တယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစဝ်အောင်မြတ်က မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစဝ်အောင်မြတ်၊ ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** အားလုံးမင်္ဂလာပါ ခင်ဗျား။ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၄ ရက် ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် (၁၄) ကြိမ်မြောက် ပုံမှန် အစည်းအဝေးသို့ တက်ရောက်လာကြတဲ့ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူများအားလုံး ကျန်းမာ၊ ချမ်းသာကြပါ စေလို့ ဦးစွာဂါရဝပြုနှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစဝ်အောင်မြတ် ဖြစ်ပါတယ်။

ကျွန်တော်မေးမဲ့မေးခွန်းကတော့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့နယ်၊ ညောင်အိုင်ကျေးရွာအုပ်စု၊ ညောင်အိုင်ကျေးရွာ အလယ်တန်းကျောင်းဟာ ၂၀၁၈ ခုနှစ်တွင် အလယ်တန်းကျောင်းအဆင့်အဖြစ် တိုးမြှင့်ရရှိခဲ့ပါတယ်။ အနီးရှိကျေးရွာများမှ ကျောင်းသူ/ ကျောင်းသား (၂၀၀)ကျော်လည်း ပညာသင်ကြားလျက်ရှိတဲ့ကျောင်းဖြစ်ပါတယ်။ အဆိုပါ ညောင်အိုင်ကျေးရွာအလယ်တန်းကျောင်းဟာ အလယ်တန်း ကျောင်းအဆင့် တိုးမြှင့်ထား

သော်လည်း ယခင်စာသင်ဆောင်ဟောင်းများဖြစ်တဲ့ (၁၉၈၅) ခုနှစ်မှာ တည်ဆောက်ခဲ့တဲ့ ၅၄ ပေ၊ ၂၄ ပေ သွပ်မိုး အုတ်ကာတစ်ထပ်ကျောင်းဆောင်၊ ၂၀၀၂ ခုနှစ်မှာတည်ဆောက်တဲ့ ၂၇ ပေ၊ ၁၅ ပေ သွပ်မိုး၊ အုတ်ကာတစ်ထပ်ကျောင်းဆောင်၊ ၂၀၁၂ခုနှစ်မှာ တည်ဆောက်ခဲ့တဲ့ ၂၂ ပေ၊ ၁၅ ပေ သွပ်မိုး၊ အုတ်ကာ တစ်ထပ်ကျောင်းဆောင်နှင့် ၂၀၁၀ ခုနှစ်မှာ တည်ဆောက်ခဲ့တဲ့ ၂၇ ပေ၊ ၁၅ ပေ သွပ်မိုး၊ အုတ်ကာတစ်ထပ်ကျောင်းဆောင် ကျောင်းဆောင်ဟောင်း (၄)ခုနှင့် ယိုယွင်းပျက်စီးနေသော စာသင်ခုံတွေနဲ့ ပညာသင်ကြားနေရတာဖြစ်တဲ့အတွက် ကျောင်းဆောင်သစ်နှင့် စာသင်ခုံများ လုံလောက်စွာရရှိအောင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိနှင့် ရှိပါကမည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုတဲ့အတွက် ကြယ်ပွင့်ပြ မေးခွန်းကို လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ကို မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစဝ်အောင်မြတ်ရဲ့ ရွာငံမြို့နယ်၊ ညောင်အိုင်ကျေးရွာ အုပ်စု၊ ညောင်အိုင်ကျေးရွာအလယ်တန်းကျောင်း ကျောင်းဆောင်သစ်နှင့် စာသင်ခုံများ လုံလောက်စွာဆောင်ရွက်ပေးနိုင်ပါရန် အစီအစဉ် ရှိ/ မရှိနှင့် ဆောင်ရွက်ပေးနိုင်မည်ဆိုပါက မည်သည့်ကာလတွင် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါသည်ဟူသော မေးခွန်းအား ဆက်လက်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ရွာငံမြို့နယ်၊ ညောင်အိုင်ကျေးရွာအုပ်စု၊ ညောင်အိုင်ကျေးရွာ အလယ်တန်းကျောင်း သည် ကျောင်းပိုင်မြေ (၃.၈၁)ဧကရှိပြီး ကျောင်းမြေ ပိုင်ဆိုင်မှု ပုံစံ(၁၀၅)လည်း ရှိပါတယ်။ စာသင်ဆောင်များအနေဖြင့် အဆောင်(၁) (၅၄x၂၄)ပေသွပ်မိုး၊ အုတ်ညှပ်တစ်ထပ်စာသင်ခန်း (၂)ခန်း၊ အဆောင်(၂) (၂၇x၁၅)ပေ သွပ်မိုး၊ အုတ်ညှပ်တစ်ထပ်စာသင်ခန်း (၁)ခန်း၊ အဆောင် (၃) (၂၂x၁၅)ပေ သွပ်မိုး၊ အုတ်ညှပ်တစ်ထပ်စာသင်ခန်း (၁)ခန်း၊ အဆောင်(၄) (၂၇x၁၅)ပေ သွပ်မိုး၊ အုတ်ညှပ်တစ်ထပ်စာသင်ခန်း (၂)ခန်း၊ အဆောင်(၅) သွပ်မိုး၊ အုတ်ညှပ်တစ်ထပ် စာသင်ခန်း(၁)ခန်း၊ အဆောင်(၆)(၅၀x၂၀)ပေ သွပ်မိုး၊ အုတ်ညှပ် တစ်ထပ် စာသင်ခန်း(၂)ခန်း၊ စုစုပေါင်းစာသင်ဆောင်(၆)ဆောင်ရှိပြီး စာသင်ခန်း(၉)ခန်းရှိပါတယ်။

ကျောင်းသားဦးရေအနေဖြင့် KG ၄ ဦး၊ ပထမတန်း ၈ ဦး၊ ဒုတိယတန်း ၁၁ ဦး၊ တတိယတန်း ၅ ဦး၊ စတုတ္ထတန်း ၉ ဦး၊ မူလတန်းအဆင့် ကျောင်းသား(၃၇)ဦးနှင့် တန်းခွဲ(၅)ခု ရှိပါတယ်။ ပဉ္စမတန်း ၃၆ ဦး၊ ဆဋ္ဌမတန်း ၃၅ ဦး၊ သတ္တမတန်း ၃၁ ဦး၊ အဋ္ဌမတန်း ၃၈ ဦး၊

အလယ်တန်းအဆင့်တွင် ကျောင်းသား စုစုပေါင်း(၁၄၀)ဦးရှိပြီး တန်းခွဲ(၄)ခု ရှိပါတယ်။ မူလတန်း၊ အလယ်တန်း စုစုပေါင်းကျောင်းသား၊ ကျောင်းသူ (၁၇၇)ဦးနှင့် တန်းခွဲ စုစုပေါင်း (၉)ခုရှိပါတယ်။ ညောင်အိုင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းတွင် စာသင်ဆောင် (၆)ဆောင် စာသင်ခန်းပေါင်း(၉)ခန်းရှိပြီး စုစုပေါင်း ကျောင်းသားဦးရေ(၁၇၇)ဦး တန်းခွဲ(၉)ခုသာ ရှိသဖြင့် စာသင်ဆောင်နှင့် ကျောင်းသားဦးရေမှာ လွန်စွာကြပ်တည်းမှု မရှိသေးကြောင်းနှင့် လိုအပ်လျက်ရှိသော စာသင်ခုံကို မြို့နယ်ပညာရေးမှူးရုံးမှ ယခုလောလောဆယ်တွင် Single Desk(၁၀)စုံကို ဦးစွာထုတ်ပေးမည်ဖြစ်ပြီး ကျောင်းဆောင်သစ်ကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း စီမံကိန်းများလျာထားချက်တွင် မရရှိသေးပါသဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း စီမံကိန်းလျာထားချက်တွင် ဦးစားပေး လျာထားပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခွန်ဒီဂေါလ်က မေးခွန်း (၁၊ ၂) ကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခွန်ဒီဂေါလ်၊ လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** ယနေ့ ပြုလုပ်ကျင်းပသော ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် ကြွရောက်လာကြသောလေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကိုယ်စားလှယ်များအားလုံး၊ တာဝန်ရှိသူများအားလုံးနှင့် လာရောက်လေ့လာသူ ညီအစ်ကိုမောင်နှမများ အားလုံး မင်္ဂလာပါလို့ လေးစားစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးခွန်ဒီဂေါလ် ဖြစ်ပါတယ်။ ယနေ့ပြုလုပ်တဲ့ အစည်းအဝေးမှာ ကျွန်တော်တို့ လွိုင်လင်မြို့နယ်ရဲ့ ကျေးလက်မီးလင်းရေးနှင့် သောက်သုံးရေရရှိရေးအတွက် မေးခွန်းကို မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လွိုင်လင်မြို့နယ်၊ တောင်နောက်ကျေးရွာအုပ်စုရှိ ဆိုင်းငိန်းကျေးရွာသည် အိမ်ထောင်စု(၇၅)စုရှိပြီး လူဦးရေ(၃၀၀)ဦးခန့် နေထိုင်သည့်ကျေးရွာ(၁)ရွာဖြစ်ပါတယ်။ လွိုင်လင်မြို့နှင့် အတန်အသင့်ကွာဝေးပြီး ဖွံ့ဖြိုးမှု နောက်ကျသော ကျေးရွာဖြစ်ပါတယ်။ ကျေးရွာနေ ပြည်သူလူထုများ၏ လူမှုစီးပွားရေး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်အစိုးရ၏ ကူညီဆောင်မမှုများကို အထူး လိုလားတောင့်တလျက်ရှိပါတယ်။

ထို့ကြောင့် ဆိုင်းငိန်းကျေးရွာလူထု၏ လူမှုစီးပွားရေး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ပေးနိုင်မည့် နေရောင်ခြည်သုံး လျှပ်စစ်စွမ်းအင်ရရှိရေးနှင့် အရှည်(၃/၀) မိုင်ရှိ စိမ့်စမ်းရေသွယ်ယူခြင်း၊ ဂါလန်(၅၀၀၀)ဆံ့ ရေလှောင်ကန်နှင့် ရေဖြန့်ဝေရေးပိုက်များ ရရှိရေးအတွက် ပြည်နယ်အစိုးရအနေနဲ့ အနီးစပ်ဆုံးဘဏ္ဍာရေးနှစ်တွင် မည်ကဲ့သို့စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာသို့ မေးမြန်းတင်ပြအပ်ပါတယ်။ အထူးကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ။** လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက မေးခွန်း(၁၊ ၂)ကို တစ်ဆက်တည်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးလှဦး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာတက်ရောက်ပါသော ဧည့်သည်တော်များအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ပထမဦးစွာ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်ဒီဂေါလ် မေးမြန်းလာတဲ့ လွိုင်လင်မြို့နယ်၊ တောင်နောက်ကျေးရွာအုပ်စုရှိ ဆိုင်းငိန်းကျေးရွာနေ ပြည်သူများ၏ လူမှုစီးပွားရေး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် (၁) နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်မီးလင်းရေး၊ (၂) အရှည်(၃/၀)မိုင်ရှိ စိမ့်စမ်းရေသွယ်ယူခြင်းနှင့် ဂါလန် (၅၀၀၀)ဆံ့ ရေလှောင်ကန်၊ ရေပိုက်များရရှိရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ အနီးစပ်ဆုံးဘဏ္ဍာရေးနှစ်တွင် စီမံဆောင်ရွက်ပေးနိုင်မည့် အစီအစဉ်များ မည်သို့ရှိသည်ကို သိရှိလိုပါတယ်ဆိုတဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ကျွန်တော် ဗိုလ်မှူးကြီးလှဦးမှ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအား အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိရာတွင် ဒေသလိုအပ်ချက်နှင့် ဦးစားပေးအစီအစဉ်ဖြင့် တင်ပြမှုအပေါ် မူတည်၍ လမ်းတံတား၊ ပညာရေး၊ ကျန်းမာရေး၊ ရေ/ မီးရရှိရေး စတဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို နှစ်စဉ်စီမံကိန်းများရေးဆွဲ၍ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ လွိုင်လင်မြို့နယ်၊ တောင်နောက်ကျေးရွာအုပ်စု၊ ဆိုင်ငိန်းကျေးရွာရှိ အိမ်ခြေ(၇၅)အိမ်ဆိုလာမီးရရှိရေးနှင့် စိမ့်စမ်းရေ(၃/၀)မိုင် သွယ်ယူခြင်းလုပ်ငန်းအား ဒေသမှတင်ပြချက်အရ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေးစီမံကိန်းတွင် ထည့်သွင်းလျာထားခဲ့ပေးသော်လည်း ရန်ပုံငွေခွဲဝေရရှိမှုအရသော်လည်းကောင်း၊ ဦးစားပေး အစီအစဉ်အရသော်လည်းကောင်း ပါဝင်ခဲ့ခြင်းမရှိသေးပါ။

သို့ဖြစ်ပါ၍ လွိုင်လင်မြို့နယ်၊ တောင်နောက်ကျေးရွာအုပ်စု၊ ဆိုင်ငိန်းကျေးရွာ ဆိုလာမီးလင်းရေးနှင့် စိမ့်စိမ်းရေသွယ်ယူခြင်းလုပ်ငန်းအတွက် လုပ်ငန်းလိုအပ်ချက်အပေါ်မူတည်ပြီး မြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီမှ ဦးစားပေး အစီအစဉ်ဖြင့် ဆောင်ရွက်ပေးရန် တင်ပြပါဝင်လာပါက အနီးစပ်ဆုံးဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေထည့်သွင်းလျာထားနိုင်ရေး တင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသန်းထိုက်က မေးခွန်း (၁၊ ၂)ကို တစ်ဆက်တည်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသန်းထိုက်၊ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက် ဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ အစိုးရစီမံခန့်ခွဲခွင့်ရှိသော မြေများပေါ်တွင် သစ်တောစိုက်ခင်းများ တည်ထောင်ရာတွင် ကြန့်ကြာမှုမရှိစေရေးအတွက် မည်သို့စီမံထားသည်ကို သိရှိလို၍ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိတဲ့မြေဆိုရာမှာ ၂၀၁၈ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့မှာ ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းထားလိုက်တဲ့ ၂၀၁၈ ခုနှစ်၊ သစ်တောဥပဒေကို ဆိုလိုတာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါ ကမ္ဘာကြီးရဲ့ ပူနွေးလာမှုများနှင့်အတူ ရာသီဥတုဖောက်ပြန်ခြင်း ရေအရင်းအမြစ်များ ယုတ်လျော့လာပြီး၊ မကြုံစဖူးသဘာဝဘေးအန္တရာယ်များပါ ကျရောက်လာခြင်းများကို ပြီးခဲ့တဲ့နှစ်များက ဖြစ်ပွားခဲ့တဲ့ ဖြစ်စဉ်များကိုကြည့်လျှင်လည်း သိရှိနိုင်မှာ ဖြစ်ပါတယ်။ အဆိုပါဖြစ်စဉ်များအပေါ် ပြည်သူများမှ သတိပြုမိလာပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောများ ထိန်းသိမ်းကာကွယ်၊ တည်ထောင်ရန် အရေးကြီးလုပ်ငန်းများအဖြစ် နားလည်လာကြပြီး ဒေသခံများကိုယ်ပိုင်သစ်တောစိုက်ခင်းများ တည်ထောင်နိုင်ရန်အတွက်လည်း ပြန်လည်ပြင်ဆင်သည့် ၂၀၁၈ ခုနှစ်၊ သစ်တောဥပဒေအရလည်း အခွင့်အရေးများလည်းရှိလာပြီ ဖြစ်ပါတယ်။

၂၀၁၈ ခုနှစ်၊ သစ်တောဥပဒေ ပုဒ်မခွဲ(ဃ)အရ ဒေသခံများသည် ၎င်းတို့၏ ဓလေ့ထုံးတမ်းအရ ထိန်းသိမ်းထားသည့် သဘာဝသစ်တောများနှင့် ဒီရေတောများကို အသိအမှတ်ပြုနိုင်သည်ဟု ပါရှိတာဖြစ်ပါတယ်။

ဒီနေရာမှာ ၂၀၁၈ ခုနှစ်၊ သစ်တောဥပဒေပါပြဋ္ဌာန်းချက်အရ အစိုးရကစီမံခန့်ခွဲခွင့်ရှိသော မြေဆိုသည်မှာ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အစိုးရဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးက စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့်သို့မဟုတ် လွှဲပြောင်းပိုင်ခွင့်ရှိသော မြေမှအပ အခြားမြေများကိုဆိုလိုသည်လို့ ပြဋ္ဌာန်းပါရှိပါတယ်။ ၂၀၁၈ ခုနှစ်၊ သစ်တောဥပဒေ၊ အခန်း(၅) သစ်တောစိုက်ခင်းတည်ထောင်ခြင်းကဏ္ဍမှာ ပုဒ်မ ၁၃ ညွှန်ကြားရေးမှူးချုပ်သည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် သစ်တောနယ်မြေ (သို့မဟုတ်) အစိုးရကစီမံခန့်ခွဲခွင့်ရှိသော မြေနှင့် အောက်ပါ သစ်တော စိုက်ခင်းများကို တည်ထောင်နိုင်သည်ဟုဆိုပြီး–

(က) စီးပွားရေးစိုက်ခင်း၊

( ခ) စက်မှုကုန်ကြမ်းစိုက်ခင်း၊

( ဂ) ရေဝေရေလဲစိုက်ခင်း၊

(ဃ) ဒီရေတောစိုက်ခင်း၊

( င) ကျေးရွာထင်းစိုက်ခင်း၊

( စ) အခြားစိုက်ခင်းများဆိုပြီး ပါရှိပါတယ်။

အဆိုပါပြဋ္ဌာန်းထားတဲ့ သစ်တောဥပဒေပြဋ္ဌာန်းချက်အတိုင်း အစိုးရစီမံခန့်ခွဲခွင့်ရှိတဲ့ မြေပေါ်မှာ ဒေသခံပြည်သူများ၏ ၎င်းတို့၏ ဓလေ့ထုံးတမ်းအရ ထိန်းသိမ်းထားသည့် သဘာဝသစ်တောများနှင့် ရေဝေရေလဲဧရိယာများ၊ ဇီဝမျိုးကွဲဧရိယာများကို သစ်တောစိုက်ခင်း အမျိုးအစားအလိုက် တည်ထောင်ရန်လျှောက်ထားလာခြင်းကို အသိအမှတ်ပြု ခွင့်ပြုပေးနိုင်ရန်လည်း ဖြစ်ပါတယ်။ ဒေသခံပြည်သူများမှ ၂၀၁၈ ခုနှစ်၊ သစ်တောဥပဒေနှင့်အညီ စိုက်ခင်း တည်ထောင်ခြင်းများကို လျှောက်ထားရာတွင် သက်ဆိုင်ရာမြို့နယ်များမှ လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ပြထားသော်လည်း အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေဟုဆိုပြီး သစ်တော စိုက်ခင်းတည်ထောင်ခွင့်များ မရရှိသေးဘဲ ကြန့်ကြာမှုများ ရှိနေတာကို ဒေသခံများမှလည်း တင်ပြလာတာကိုလည်း သိရှိရပါတယ်။ ထို့အတူ ဒေသခံပြည်သူများမှ နှစ်ကာလရှည်စွာ

ထိန်းသိမ်းထားသော ရေဝေရေလဲစိုက်ခင်းများနှင့် ဇီဝမျိုးကွဲများရှိရာ ဧရိယာများဟာ မြေပြင်ပေါ်မှာ အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိတဲ့ မြေလွတ်၊ မြေလတ်ပုံစံမျိုးလည်း ဖြစ်ပေါ်နေပြီး စီးပွားရေးလုပ်ငန်းရှင်ကြီးများမှ ရိုးသားသော တိုင်းရင်းသားဒေသခံများကို အမည်များအသုံးချပြီး ဝယ်ယူရောင်းချခြင်း၊ ပုံစံ(၁၀၅) မြေအသုံးချပိုင်ခွင့်များ လျှောက်ထားရယူပြီးမှ ကျေးရွာများမှ ထိန်းသိမ်းလာသော သဘာဝအရင်းအမြစ်များကို စီးပွားရေးလုပ်ငန်းဖြင့် အမြတ်ထုတ်ရယူခြင်းများကိုလည်း ခံနေရပြီး အလားတူပဲ ဥပဒေအရ လက်ဦးမှုရယူပြီး လုပ်ပိုင်ခွင့်ရရှိသွားမှာကိုလည်း စိုးရိမ်နေကြပါတယ်။ သို့ပါသောကြောင့် ဒေသခံတိုင်းရင်းသားများမှ ၂၀၁၈ ခုနှစ် သစ်တောဥပဒေမှ ပြန်လည်ပြင်ဆင်သည့် ဥပဒေ ပုဒ်မ ၁၃ အရ အစိုးရက စီမံခန့်ခွဲခွင့်ရှိတဲ့မြေတွေမှာ သစ်တောစိုက်ခင်းများ တည်ထောင်ရန်နှင့် လျှောက်ထားရာတွင် ကြန့်ကြာမှုမရှိစေရေးအတွက် မည်သို့စီမံထားရှိသည်ကို သိရှိလို၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဒုတိယမေးခွန်းအနေနဲ့ ရှမ်းပြည်နယ်အတွင်း ဓာတ်သတ္တုစမ်းသပ် ထုတ်ဖော်တိုင်းတာခြင်း၊ လုပ်ငန်းလုပ်ကိုင်လိုသူနှင့် လုပ်ကိုင်နေကြသူများအတွက် လုပ်ကွက်ဧရိယာများ/ ကေသတ်မှတ်ချက်များကို မြန်မာ့သတ္တုတွင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ၊ မြန်မာ့သတ္တုတွင်းနည်းဥပဒေများနှင့်အညီ ပြင်ဆင်ပေးရန် အစီအစဉ် ရှိ/ မရှိ သိရှိလို၍ ကြယ်ပွင့်ပြမေးခွန်းမေးမြန်းသွားမှာလည်းဖြစ်ပါတယ်။

ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေးမှာ အတည်ပြုခဲ့တဲ့ ပြည်နယ်အတွင်းဓာတ်သတ္တု စမ်းသပ်ရှာဖွေထုတ်လုပ် လုပ်ကိုင်သူများ၏ တစ်နိုင်တစ်ပိုင် အသေးစားထုတ်လုပ်လိုမှုများအား သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့မှ လိုအပ်သလိုစိစစ်၍ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုနိုင်ရန် စိစစ်ဆောင်ရွက်သင့်ပါကြောင်း အဆိုနှင့်စပ်လျဉ်းပြီးမှ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးမှာ ဖယ်ခုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်မေရီချို့မှ ဆောင်ရွက်နေမှုအခြေအနေကို မေးမြန်းခဲ့မှုအပေါ်သက်ဆိုင်ရာ ပြည်နယ်ဝန်ကြီးမှ ပြန်လည်ဖြေကြားရာတွင် ယခင်ရှမ်းပြည်နယ် အစိုးရအဖွဲ့သက်တမ်းတုန်းက အသေးစားသတ္တုလုပ်ကွက်ဆိုရာမှာ ရွှေမှအပ အခြားသတ္တုများကိုအသေးစားလုပ်ကွက်တစ်ကွက်လျှင် ဧက(၅၀)အောက် သတ်မှတ်ပြီး ရွှေလုပ်ကွက်အသေးစားလုပ်ကွက်တစ်ကွက်လျှင် ဧက(၂၀)ဟု သတ်မှတ်ထားသည်ဟု ဖြေကြားထားတာကိုလည်း သိရှိရပါတယ်။ ထို့ပြင် ပြည်ထောင်စုလွှတ်တော်မှ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့မှာ ပြဋ္ဌာန်းလိုက်တဲ့ မြန်မာ့သတ္တုတွင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေပါပြဋ္ဌာန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မြန်မာ့သတ္တုတွင်း ဥပဒေမူကြမ်း အတည်ပြု

ပြဋ္ဌာန်းပြီးမှသာ လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရမည်လို့ ဖြေကြားသွားတာ တွေ့ရှိရပါတယ်။ ယခုအခါ မြန်မာ့သတ္တုတွင်း နည်းဥပဒေအသစ်ကို ဝန်ကြီးဌာန၏ ၁၃- ၂- ၂၀၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၃/ ၂၀၁၈ ဖြင့် ထုတ်ပြန်ခဲ့ပြီးဖြစ်သလို သတ္တုတွင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေရဲ့ ရည်ရွယ်ချက်များတစ်ခုဖြစ်တဲ့ ဒေသခံပြည်သူများရဲ့ စားဝတ်နေရေး အလို့ငှာ လက်လုပ်လက်စားလုပ်ကွက်အဖြစ် ချမှတ်ပေးနိုင်ရေးဆိုတဲ့ အချက်နဲ့အညီ မူလ အတည်ပြုပြီးသော အဆိုဖြစ်တဲ့ ရည်ရွယ်ချက်မှာလည်း ကျေးလက်နေပြည်သူများဟာ မိမိတို့ဒေသမှာရှိတဲ့ ရွှေနှင့် အခြားအဖိုးတန်သတ္တုများကို တစ်နိုင်တစ်ပိုင်၊ လက်လုပ်လက်စား၊ အသေးစား တူးဖော်လုပ်ပိုင်ခွင့်များလည်း ရရှိလာပြီလည်း ဖြစ်ပါတယ်။ ၈- ၇- ၂၀၁၅ ရက်နေ့ ၂၀၁၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်သည့် ဥပဒေ အရ ၂၀၁၅ခုနှစ် မြန်မာ့သတ္တု တွင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေပါ ပြဋ္ဌာန်းချက်များအရ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် ဓာတ်သတ္တု များအဖြစ် သတ္တုကဏ္ဍ၊ စက်မှုတွင်းထွက် ကုန်ကြမ်းကဏ္ဍနှင့် ကျောက်နှင့် ဆက်စပ်ကဏ္ဍ များကို ခွဲခြားဖော်ပြပါရှိလာပြီလည်းဖြစ်ပါတယ်။ မြန်မာ့သတ္တုတွင်း နည်းဥပဒေပါ ပြဋ္ဌာန်းချက်များအရ ယခင်ကခွင့်ပြုထားတဲ့ လုပ်ကွက်ဧရိယာများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များက ဆောင်ရွက်ခွင့်ရှိတဲ့ အသေးစားနှင့် လက်လုပ်လက်စားလုပ်ငန်းများရဲ့ လုပ်ကွက်ဧရိယာ သတ်မှတ်များခြင်းကို နှိုင်းယှဉ်ကြည့်လျှင် များစွာကွာခြားနေတာကိုလည်း တွေ့ရှိရမှာ ဖြစ်ပါတယ်။ ယခင်က အသေးစားလုပ်ကွက်တစ်ကွက်လျှင် ရွှေမှအပ အခြား သတ္တုကို ဧက(၅၀)အောက်၊ ယခုနည်းဥပဒေအသစ်မှာ အသေးစားလုပ်ကွက်တစ်ကွက်လျှင် ရွှေမှအပ အခြားသတ္တုများကို ဧက(၁၀)အထိ ယခင်ရွှေလုပ်ကွက်တစ်ကွက်လျှင် ဧက(၂၀) အောက်မှာ နည်းဥပဒေအသစ်မှာ ရွှေနှင့် အဖိုးတန်သတ္တုကို (၄)ဧကအထိလို့ များစွာကွာခြား သွားတာကို တွေ့ရှိရပါတယ်။ ယခုမြန်မာ့သတ္တုတွင်းနည်းဥပဒေပါပြဋ္ဌာန်းချက်အရ လုပ်ကွက်နှင့် ဧရိယာသတ်မှတ်ချက်များဟာ အသေးစား လက်လုပ်လက်စားများရဲ့ လုပ်ကိုင်နိုင်စွမ်းကို မူတည်ပြီးမှ သတ်မှတ်ထားတယ်လို့သိရှိရပြီး ယခင်က ခွင့်ပြုထားသည့် အသေးစားလုပ်ကွက် (၅၀)ဧကဟု သတ်မှတ်ခြင်းများဟာ လုပ်ငန်းရှင်များမှ လုပ်ငန်းလျှောက်ထားရာတွင် (၄၉.၅) ဧက၊ (၄၈) ဧက၊ (၄၇) ဧကစသည်ဖြင့် ဥပဒေနှင့်အညီ ခွင့်ပြုမိန့်များ ရယူလျှောက်ထားခဲ့ တာကို တွေ့ရှိရပြီး အဆိုပါရယူထားတဲ့ ဧရိယာအတိုင်းလည်း အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းများလည်း မရှိတာကိုလည်းတွေ့ရှိရမှာဖြစ်ပါတယ်။ အဆိုပါခွင့်ပြုမိန့် များကို ရယူလျှောက်ထားစဉ်ကပင်လည်း မြေပြင်စစ်ဆေးမှု အားနည်းခြင်း၊ EIA လို့ခေါ်တဲ့ သဘာဝပတ်ဝန်းကျင် အကျိုးသက်ရောက်မှု၊ SIA လို့ခေါ်တဲ့ လူမှုအကျိုးသက်ရောက်မှု စသည့်လုပ်ငန်းစဉ်များကို စနစ်တကျလေ့လာဆန်းစစ်မှု အားနည်းချက်များအပြင် ခွင့်ပြုမိန့်

ရရှိထားသူများမှာလည်း လိုက်နာရမည့် စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်မှု အားနည်းခြင်းများကြောင့် ဒေသခံတိုင်းရင်းသားများ၏ ဓားမဦးချ လုပ်ကိုင်လာတဲ့ မြေယာများဆုံးရှုံးသွားပြီး ခွင့်ပြုမိန့်ရသူနှင့် ဓားမဦးချ တိုင်းရင်းသားတောင်သူများ မြေယာအငြင်းပွားမှုများဖြစ်ပေါ်လာပြီး ဖမ်းဆီးအရေးယူခြင်းခံနေရမှုများလည်းတွေ့ရှိရပြီး ဒေသခံများရဲ့ ဓလေ့ထုံးတမ်းအရ ထိန်းသိမ်းထားတဲ့ သဘာဝအရင်းအမြစ်များ၊ ရေထွက်ရေကန်များနှင့် သဘာဝပတ်ဝန်းကျင် ဆိုင်ရာကိစ္စများဟာလည်း များစွာထိခိုက်ခံစား နေရတာလည်း ယနေ့အချိန်ထိပဲဖြစ်ပါတယ်။ သို့ပါသောကြောင့် ရှမ်းပြည်နယ်အတွင်း ယခင်ကသတ်မှတ်ခွင့်ပြုပေးထားသောလုပ်ကွက်ဧရိယာသတ်မှတ်ချက်များကို သက်တမ်းတိုးမည့် ကေများပေါ်တွင်လည်း ပြဋ္ဌာန်းထားသည့် မြန်မာ့သတ္တုတွင်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ သေချာစိစစ်ဖို့လည်း လိုအပ်မှာဖြစ်ပါတယ်။ စိစစ်ပြီးလိုအပ်ပါက ကေများစွာပေါ်ထွက်လာမှာဖြစ်သလို ဒေသခံပြည်သူများ၏ ဒေသခံများ၏ အသေးစား၊ အလတ်စား လုပ်ကိုင်ခွင့်များရရှိလာမှာဖြစ်သလို လူမှုဘဝများလည်းဖွံ့ဖြိုးတိုးတက်လာပြီး ပြည်နယ်အတွက်လည်း အခွန်အခများလည်း တိုးပွားလာမှာဖြစ်ပါတယ်။ သို့ပါသောကြောင့် ပြည်နယ်အတွင်း ဓာတ်သတ္တုစမ်းသပ်ဖော်ထုတ်ခြင်း၊ တိုင်းတာခြင်းများအတွက် ဧရိယာသတ်မှတ်ချက်များကို မြန်မာ့သတ္တုတွင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေ၊ မြန်မာ့သတ္တုတွင်း နည်းဥပဒေများနှင့်အညီ ပြင်ဆင်ပေးရန် အစီအစဉ် ရှိ/ မရှိကို သိရှိလို၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာညီညီအောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး။** လေးစားအပ်တဲ့ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြတဲ့သူအားလုံးကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီးတော့ မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေ။ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်ရဲ့ မေးခွန်းတွေကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ကျွန်တော် ဒေါက်တာညီညီအောင်မှ ဖြေကြားပေးသွားမှာဖြစ်ပါတယ်။ ပထမမေးခွန်းဖြစ်ပါတယ်။ ပထမမေးခွန်းကတော့ သစ်တောဥပဒေ(၂၀၁၈)ခုနှစ်အရ အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေများပေါ်တွင် သစ်တောစိုက်ခင်းများ တည်ထောင်ဖို့ လျှောက်ထားတဲ့နေရာမှာ ကြန့်ကြာမှုမရှိစေရေးအတွက် မေးတဲ့မေးခွန်းဖြစ်ပါတယ်။ ဒါက လုပ်ထုံးလုပ်နည်းနဲ့ အဓိကသက်ဆိုင်တဲ့ မေးခွန်းဖြစ်ပါတယ်။

၂၀၁၈ ခုနှစ်၊ သစ်တောဥပဒေ အခန်း(၅) သစ်တောစိုက်ခင်းတည်ထောင်ခြင်း ပုဒ်မ ၁၃ တွင် ညွှန်ကြားရေးမှူးချုပ်သည် ပြည်ထောင်စုဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် သစ်တောနယ်မြေ သို့မဟုတ် အစိုးရကစီမံခန့်ခွဲခွင့်ရှိတဲ့ နယ်မြေမှာ အောက်ဖော်ပြပါ သစ်တောစိုက်ခင်းတွေကို တည်ထောင်နိုင်သည်ဟု ဖော်ပြထားပါတယ်။ စိုက်ခင်းအမျိုးအစားများတွေကတော့ စီးပွားရေးစိုက်ခင်း၊ စက်မှုကုန်ကြမ်းစိုက်ခင်း၊ ရေဝေရေလဲစိုက်ခင်း၊ ဒီရေတောစိုက်ခင်း၊ ကျေးရွာထင်းစိုက်ခင်းနှင့် အခြားစိုက်ခင်းတွေပဲ ဖြစ်ပါတယ်။ အထက်ဖော်ပြပါ စိုက်ခင်းတွေထဲမှာ ကျေးရွာထင်းစိုက်ခင်းတည်ထောင်ခြင်းနှင့် ပတ်သက်ပြီးတော့ ရှမ်းပြည်နယ်ထင်းစိုက်ခင်း ဥပဒေ(၂၀၁၂ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေအမှတ်(၅)၊ ပုဒ်မ ၄ အရ စိုက်ခင်းတည်ထောင်လိုတဲ့သူဟာ ညွှန်ကြားရေးမှူးထံသို့ လျှောက်ထားရတာ ဖြစ်ပါတယ်။ ထင်းစိုက်ခင်း (သို့မဟုတ်) ကျေးရွာထင်းစိုက်ခင်းတည်ထောင်လိုသော နယ်မြေသည်အစိုးရက စီမံခန့်ခွဲပိုင်ခွင့်ရှိတဲ့မြေမှာ ဖြစ်နေမယ်ဆိုလို့ရှိရင် ကော်မတီ၏ စိစစ်ချက်၊ သဘောထားမှတ်ချက်နှင့်အတူ ရှမ်းပြည်နယ်ဥပဒေပုဒ်မ(၆) ပုဒ်မခွဲ(ခ)အရ ညွှန်ကြားရေးမှူးသည် ပြည်နယ်ဝန်ကြီးထံသို့ တင်ပြရတာ ဖြစ်ပါတယ်။

အဆိုပါ ဥပဒေ ပုဒ်မ ၇ ပုဒ်မခွဲ(ခ)အရ ပြည်နယ်ဝန်ကြီးကနေပြီးတော့ သဘောထားမှတ်ချက်ဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ထံသို့ တင်ပြ၍ ခွင့်ပြုချက်ရယူရမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ဥပဒေ ပုဒ်မ ၈ အရ ခွင့်ပြုသည့်(သို့မဟုတ်) ခွင့်မပြုသည့်ဆိုတဲ့ အမိန့်ကို ချမှတ်ပြီးတော့ ဥပဒေ ပုဒ်မ ၉ အရ ညွှန်ကြားရေးမှူးသည် အစိုးရအဖွဲ့၏ ခွင့်ပြုခြင်း (သို့မဟုတ်) ခွင့်မပြုခြင်း အမိန့်ကိုရရှိတဲ့ ရက်ပေါင်း(၃၀)အတွင်းမှာ ထင်းစိုက်ခင်း (သို့မဟုတ်) ကျေးရွာထင်းစိုက်ခင်း တည်ထောင်ခွင့် လျှောက်ထားသူနှင့် သက်ဆိုင်ရာ ကော်မတီသို့ အကြောင်းကြားပေးရမှာ ဖြစ်ပါတယ်။ ပုဒ်မ ၁၀(က)အရ ပြည်နယ်ဝန်ကြီးအနေနဲ့ ပြည်နယ်အတွင်းမှာရှိတဲ့ သက်ဆိုင်ရာ ခရိုင် (သို့မဟုတ်) မြို့နယ်တွေထဲမှာ ကျေးရွာထင်းစိုက်ခင်း ကြီးကြပ်ရေးကော်မတီကို အဖွဲ့ဝင်(၇)ဦးမှ (၉)ဦးဖြင့် ဖွဲ့စည်းရမည်ဖြစ်ပြီး အဆိုပါကော်မတီဝင် ပုဂ္ဂိုလ်များထဲမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ကိုရွေးချယ် သတ်မှတ်ပေးရမည်ဖြစ်ပါတယ်။ ပါဝင်တဲ့ အဖွဲ့အစည်း ပုဂ္ဂိုလ်တွေကတော့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီး၊ သစ်တောဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် မြို့မိ/ မြို့ဖ (သို့မဟုတ်) ကျေးရွာဒေသခံတိုင်းရင်းသား ကိုယ်စားလှယ်(၃)ဦးကနေ(၅)ဦးထိ ပါဝင်ကြတာဖြစ်ပါတယ်။ ထို့အပြင် ၂၀၁၈ ခုနှစ်တွင် ပြည်ထောင်စုအဆင့်တွင် ထုတ်ပြန်ခဲ့သည့် တည်ဆဲသစ်တောဥပဒေ ပုဒ်မ ၁၄ မှာ "ညွှန်ကြားရေးမှူးချုပ်သည် ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်ကို သစ်တောနယ်မြေတွင် သတ်မှတ်ထားသော နည်းလမ်း

နှင့်အညီ ပုဂ္ဂလိက သစ်တောစိုက်ခင်း စိုက်ပျိုးပြုစုထိန်းသိမ်းခြင်းလုပ်ငန်းကို အောက်ပါအတိုင်း ဆောင်ရွက်ခွင့်ပြုနိုင်ပါတယ်–

- ပြည်ထောင်စုဝန်ကြီးမှတစ်ဆင့် ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အိတ်ဖွင့်တင်ဒါ စနစ်အရ ပုဂ္ဂလိက သစ်တောစိုက်ခင်းတည်ထောင်ခြင်း၊
- ပြည်ထောင်စုဝန်ကြီးမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပုဂ္ဂလိက ကျွန်းစိုက်ခင်းတည်ထောင်ခြင်း၊
- ပြည်ထောင်စုဝန်ကြီး၏ သဘောတူညီချက်ဖြင့် နှစ်ရှည် (သို့မဟုတ်) စက်မှုကုန်ကြမ်း စိုက်ခင်းတည်ထောင်ခြင်း ပုဂ္ဂလိက သစ်တောစိုက်ခင်း တည်ထောင်ခြင်းဟု ဖော်ပြပါရှိပါတယ်။

၎င်းအပြင် အဆိုပါဥပဒေ ပုဒ်မ ၁၅ တွင် ပြည်ထောင်စုနယ်မြေအတွင်း ကျေးရွာအနီးပတ်ဝန်းကျင်မှာရှိတဲ့ ကြိုးဝိုင်းတောတွင် ဖြစ်စေ၊ ကြိုးပြင်ကာကွယ်တောတွင် ဖြစ်စေ၊ အစိုးရက စီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေတွင်ဖြစ်စေ ညွှန်ကြားရေးမှူးချုပ်သည်အောက်ပါ ကျေးရွာပိုင်ထင်းစိုက်ခင်းများကို စည်းကမ်း သတ်မှတ်ချက်ဖြင့် တည်ထောင်ခွင့်ပြုနိုင်တယ်–

(၁) သစ်တောဦးစီးဌာနက နှစ်အကန့်အသတ်အလိုက် စိုက်ပျိုးပေးပြီးနောက် ကျေးရွာပိုင်အဖြစ် ဆက်လက်ထိန်းသိမ်းသုံးစွဲရန် လွှဲပြောင်းပေးသည့် ကျေးရွာထင်းစိုက်ခင်း၊

(၂) ကျေးရွာလူထုက စုပေါင်းလုပ်အားဖြင့် စိုက်ပျိုးပြီး ထိန်းသိမ်းသုံးစွဲသော ကျေးရွာထင်းစိုက်ခင်း၊

ဒ့ါအပြင် အဆိုပါ တည်ဆဲသစ်တော ဥပဒေ (၂၀၁၈)အရ သစ်တောဦးစီးဌာနသည် သစ်တောနယ်မြေများဖြစ်သည့် ကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တောများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်နေစဉ်မှာပဲ သစ်တောနယ်မြေအတွင်းမှာ သစ်တောစိုက်ခင်းတည်ထောင်ရန် လျှောက်ထားလာခြင်းများကို တည်ဆဲဥပဒေ၊ ဌာနဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ စိစစ်ခွင့်ပြုပေးပြီး ဌာနပိုင်စိုက်ခင်းတွေကိုလည်း တည်ထောင်စိုက်ပျိုးလျက်ရှိနေတာ ဖြစ်ပါတယ်။ သစ်တောမြေပြင်ပမှာ စိုက်ပျိုးထားသည့် ပုဂ္ဂလိကအဖွဲ့အစည်းများမှ တည်ထောင်ထားသည့် ပုဂ္ဂလိကသစ်တောစိုက်ခင်းများအား ဌာနဆိုင်ရာ ညွှန်ကြားချက်နှင့်အညီ လုပ်ထုံးလုပ်နည်းအတိုင်း သက်ဆိုင်ရာ မြို့နယ်များတွင် မှတ်ပုံတင်ထားရှိခြင်းကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အဆိုပါ ဥပဒေပုဒ်မ(၁၃) အရ အစိုးရက စီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေမှာ သစ်တောစိုက်ခင်းတည်ထောင်ဖို့ လျှောက်ထားခြင်းနှင့်ပတ်သက်ပြီးတော့ ကြန့်ကြာမှု

မရှိစေရေး မိမိလျှောက်ထားသည့် အစိုးရစီမံခန့်ခွဲခွင့်ရှိသော မြေဟာ အခြားမြေအသုံးချမှု ရှိ/ မရှိကို သက်ဆိုင်ရာ မြို့နယ်/ ခရိုင် လယ်ယာမြေ စီမံခန့်ခွဲရေးကော်မတီထံမှာ တင်ပြပြီး တော့ အတည်ပြုချက်ရယူရမှာ ဖြစ်ပါတယ်။ အခြားမြေ အသုံးချမှုမရှိဘူးဆိုလို့ရှိရင် အဆိုပါ ထောက်ခံချက်နှင့်အတူ သစ်တောဦးစီးဌာနထံမှာ စိုက်ခင်းတည်ထောင်ဖို့ လျှောက်ထား လာပါက သစ်တောသစ်ပင် ပါဝင်ပေါက်ရောက်မှုအခြေအနေကို ကွင်းဆင်းစစ်ဆေးပြီး စိစစ် ခွင့်ပြုပေးလျက်ရှိနေတာဖြစ်ပါတယ်။

သစ်တောနယ်မြေ (ကြိုးဝိုင်း/ ကြိုးပြင် ကာကွယ်တော)အတွင်းမှာ သစ်တောစိုက်ခင်း တည်ထောင်ဖို့ လျှောက်ထားလာမယ်ဆိုလို့ရှိရင် သစ်တောဦးစီးဌာနအနေဖြင့် တည်ဆဲ သစ်တောဥပဒေ၊ ဌာနဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ကွင်းဆင်း စစ်ဆေးပြီး စိစစ်ခွင့်ပြုလျက်ရှိသဖြင့် ကြန့်ကြာမှုမရှိနိုင်ပါကြောင်းနှင့် အစိုးရစီမံခန့်ခွဲပိုင်ခွင့် ရှိတဲ့ မြေတွေထဲမှာ မြေလွတ်၊ မြေရိုင်းများဖြစ်ပါက အတည်ပြုပြဋ္ဌာန်းပြီးဖြစ်သည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြား ချက်နှင့်အညီ ကြန့်ကြာမှုမရှိစေရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည် ဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်း ဖြစ်ပါတယ်။ ဒုတိယမေးခွန်းကတော့ တည်ဆဲသတ္တုတွင်းဥပဒေ၊ နည်းဥပဒေတွေထဲမှာ ဖော်ပြပါရှိတဲ့ ဓာတ်သတ္တုဧရိယာကေသတ်မှတ်ချက်များနှင့် ပြီးခဲ့တဲ့ သတ္တုတွင်းဥပဒေ၊ နည်းဥပဒေအဟောင်းမှာပါရှိတဲ့ ဧရိယာသတ်မှတ်ချက်များ ကွာခြားနေတဲ့ အတွက်မေးခွန်းမေးမြန်းခြင်းဖြစ်ပါတယ်။ ၁၉၉၄ခုနှစ်၊ စက်တင်ဘာလ(၆)ရက်နေ့မှ ထုတ်ပြန် ခဲ့တဲ့ ယခင်မြန်မာ့သတ္တုတွင်းဥပဒေနဲ့ ၁၉၉၆ခုနှစ်၊ ဒီဇင်ဘာလ(၃၀)ရက်နေ့မှာ ထုတ်ပြန်ခဲ့တဲ့ မြန်မာ့သတ္တုတွင်းဥပဒေ၊ နည်းဥပဒေများမှာ ဓာတ်သတ္တုလုပ်ငန်းဆောင်ရွက်ဖို့ ဧရိယာ သီးခြားဖော်ပြထားမှုမရှိဘဲ မြန်မာ့သတ္တုတွင်း နည်းဥပဒေများ အခန်း(၅) အပိုဒ် ၃၇(ခ) မှာတော့ အသေးစားထုတ်လုပ်ရန် (၁)စတုရန်း ကီလိုမီတာထက်မပိုသော မြေဧရိယာကို သတ်မှတ်ပေးနိုင်သည်ဆိုတဲ့ ယေဘုယျဖော်ပြချက်သာပါရှိတာတွေ့ရပါတယ်။ ယခင်သတ္တုတွင်း ဝန်ကြီးဌာနအနေဖြင့် ခွင့်ပြုမိန့်တွေကိုတော့ ဖော်ပြပါဇယားမှာအတိုင်း သတ်မှတ်ခွင့်ပြုပေး ခဲ့တာဖြစ်ပါတယ်။ အကြီးစားအနေနဲ့ ရွှေသတ္တု ၂၀ ဧက (၀.၀၈၁–စတုရန်းကီလိုမီတာ) အထက် အခြားသတ္တုများ ၅၀ ဧက (၀.၂၀၂ – စတုရန်းကီလိုမီတာအထက်၊ စက်မှုတွင်းထွက် ကုန်ကြမ်း ၂၄၇.၁ ဧက (၁ – စတုရန်းကီလိုမီတာ)အထက် ကျောက် ၂၄၇.၁ ဧက (၁ – စတုရန်းကီလိုမီတာ)အထက် ယခင်ကတော့ အလတ်စားဆိုတဲ့ သတ်မှတ်ချက်မရှိတာကို တွေ့ရမှာ ဖြစ်ပါတယ်။

အသေးစားအနေနဲ့ကတော့ ရွှေသတ္တု ၂၀ ကေ (၀.၀၈၁ – စတုရန်းကီလိုမီတာ)အထိ၊ သတ္တု ၅၀ ကေ (၀.၂၀၂ – စတုရန်းကီလိုမီတာ)အထိ၊ စက်မှုတွင်းထွက်ကုန်ကြမ်း ၂၄၇.၁ ကေ (၁ – စတုရန်းကီလိုမီတာ)အထိ၊ ကျောက် ၂၄၇.၁ ကေ (၁ – စတုရန်းကီလိုမီတာ) အထိခွင့်ပြုပေးခဲ့တာတွေ့ရပါတယ်။ လက်လုပ်လက်စားအနေနဲ့ ယခင်ကရွှေ လက်လုပ်လက်စားခွင့်ပြုခြင်း မရှိဘဲနဲ့ သတ္တု – ၁ ကေ (၀.၀၀၄ – စတုရန်းကီလိုမီတာ)အထိ၊ စက်မှုတွင်းထွက်ကုန်ကြမ်း ၂၄၇.၁ ကေ (၀.၀၁၂ – စတုရန်းကီလိုမီတာ)အထိ၊ ကျောက် ၂၄၇.၁ ကေ (၀.၀၁၂ – စတုရန်းကီလိုမီတာ)အထိ ခွင့်ပြုပေးခဲ့တာတွေ့ရပါတယ်။ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် မြန်မာ့သတ္တုတွင်းဥပဒေကို အသစ်ထုတ်ပြန် ပြဋ္ဌာန်းခဲ့သော ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် မြန်မာ့သတ္တုတွင်း နည်းဥပဒေကို အသစ်ထုတ်ပြန်ပြဋ္ဌာန်း ခဲ့တာဖြစ်ပါတယ်။ အသစ်ထုတ်ပြန်တဲ့ ဥပဒေ၊ နည်းဥပဒေများအရ ဧရိယာသတ်မှတ်ချက် တွေကတော့ အကြီးစားသတ္တုများအားလုံး ၂၄၇.၁ ကေ(၁–စ တုရန်းကီလိုမီတာ)အထက်မှ ၅၁၈၉၁၀ကေ(၂၁၀၀ စတုရန်းကီလိုမီတာ)အထိ၊ အလတ်စားသတ္တုများအားလုံး ၂၄၇.၁ ကေ(၁ စတုရန်း ကီလိုမီတာ)အထိ၊ အသေးစားစက်မှုတွင်းထွက်ကုန်ကြမ်း၊ ကျောက် (၂၀) ကေအထိ၊ ရွှေနှင့်အဖိုးတန် သတ္တုမှအပ အခြားသတ္တု (၁၀) ကေ အထိ၊ ရွှေနှင့် အဖိုးတန်သတ္တု (၄)ကေအထိ၊ လက်လုပ်လက်စားစက်မှုတွင်းထွက်ကုန်ကြမ်း(၅)ကေအထိ၊ ရွှေနှင့် အဖိုးတန် သတ္တုမှအပ (၃)ကေအထိ၊ ရွှေနှင့် အဖိုးတန်သတ္တု (၁) ကေအထိခွင့်ပြုပေးခဲ့တာ တွေ့ရပါ တယ်။ လက်ရှိမှာတော့ အကြီးစားနဲ့ အလတ်စားတွေကို ပြည်ထောင်စုအဆင့်ကနေခွင့်ပြု ပေးနေတာဖြစ်ပြီးတော့ အသေးစားနှင့် လက်လုပ်လက်စားတွေကို ပြည်နယ်အဆင့်ကနေ ခွင့်ပြုပေးနေပြီ ဖြစ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား(၁)၊ ပြည်ထောင်စု ဥပဒေ ပြုစာရင်း ပုဒ်မ ၉၆ တွင် အပိုဒ် (ဖ)မှာ စွမ်းအင် ၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍ အပိုဒ်ခွဲ(ဂ) သတ္တုများ၊ သတ္တုတွင်းများ၊ သတ္တုတွင်း အလုပ်သမားများဘေးကင်းရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြန်လည်ပြုပြင်တည်ဆောက်ရေးတို့ ပြဋ္ဌာန်းထား တဲ့အတွက် ဒီဧရိယာသတ်မှတ်ချက်တွေကို ပြင်ဆင်ချင်တယ်ဆိုရင်တော့ ပြည်ထောင်စု အဆင့်မှာ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းတွေကို ဆောင်ရွက်နိုင်တာ ဖြစ်ပါတယ်။

၂၀၁၈ နည်းဥပဒေသစ်နှင့်အညီ ရှမ်းပြည်နယ်အတွင်း အသေးစား၊ လက်လုပ်လက်စား လုပ်ကွက် လျှောက်ထားမှုများနှင့်ပတ်သက်၍ ပြည်နယ်လုပ်ကွက် စိစစ်ချထားပေးရေး အဖွဲ့ကနေပြီးတော့ လျှောက်လွှာလက်ခံခြင်း၊ ကွင်းဆင်းစစ်ဆေးခြင်း၊ ခွင့်ပြုမိန့်ထုတ်ပေး ခြင်းများ ဆောင်ရွက်ပေးလျက်ရှိရာမှာ (၃၁– ၃– ၂၀၁၉)ရက်နေ့အထိ အသေးစားစမ်းသပ် တိုင်းတာဖို့ (၁၈)ခု၊ လက်လုပ်လက်စား တူးဖော်ထုတ်လုပ်ခြင်း(၄၈)ခု ခွင့်ပြုပေးခဲ့ပြီး ဖြစ်ပါ

တယ်။ ရရှိငွေစာရင်းကတော့ အာမခံစပေါ်ငွေပေါင်း ကျပ်–သိန်းလေးရာငါးဆယ်တိတိ၊ အဆိုပြုငွေပေါင်း ကျပ်–နှစ်ရာရှစ်ဆယ်ခြောက်သိန်းတိတိ၊ ခွင့်ပြုမိန့်ကြေး ကျပ်– ငါးဆယ်ရှစ်သိန်းတိတိ၊ ပုံသေမြေငှားရမ်းခ ကျပ်–လေးသိန်း ရှစ်သောင်းကိုးထောင်ကိုးရာလေးဆယ့်ခုနစ်တိတိ၊ ဒဏ်ကြေး ကျပ်– တစ်ရာတစ်ဆယ့်လေးသိန်းခြောက်သောင်းနှစ်ထောင့်ငါးရာတိတိ ဖြစ်ပါတယ်။ စုစုပေါင်း ကျပ်–ကိုးရာတစ်ဆယ်သုံးသိန်းငါးသောင်းနှစ်ထောင်လေးရာခုနစ်ဆယ်တိတိ ရရှိခဲ့ပြီးတော့ ငွေတွေကိုတော့ တောင်ကြီးမြို့ မြန်မာ့စီးပွားရေးဘဏ်မှာဖွင့်လှစ်ထားရှိသော CF–003659 သို့ အာမခံစပေါ်ငွေ (ကျပ်–သိန်းလေးရာငါးဆယ်တိတိ) အားလည်းကောင်း၊ ကျန်ရငွေ (ကျပ်–လေးရာ ခြောက်ဆယ်သုံးသိန်းငါးသောင်းနှစ်ထောင်လေးရာလေးဆယ်ခုနစ်တိတိ)ကိုတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ငွေစာရင်းအမှတ် MD–021932 သို့ ပေးသွင်းထားပြီး ဖြစ်ပါတယ်။

၂၀၁၈ခုနှစ်၊ မြန်မာ့သတ္တုတွင်း နည်းဥပဒေသစ်နှင့်အညီ ရှမ်းပြည်နယ်အတွင်းမှာရှိတဲ့ အသေးစား/ စမ်းသပ်တိုင်းတာ လုပ်ကွက်(၂၇၆)ကွက်ကို အလတ်စားကူးပြောင်းနိုင်ဖို့အတွက် သက်ဆိုင်ရာ ကုမ္ပဏီများမှ သတ္တုသိုက်ပမာဏ သ–၂ အစီရင်ခံစာများ ရေးသားခြင်း၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် (EMP)များရေးဆွဲခြင်းတို့ကို (၃၁– ၅– ၂၀၁၉)ရက်နေ့ နောက်ဆုံးထားပြီး ဆောင်ရွက်စေလျက်ရှိကြောင်း သိရှိရပါတယ်။ ပြည်ထောင်စုဝန်ကြီးဌာနကနေပြီးတော့ ဆောင်ရွက်လျက်ရှိတဲ့ ဓာတ်သတ္တုလျှောက်ထားမှု လက်ခံခြင်း၊ စိစစ်ခြင်း၊ ခွင့်ပြုပေးခြင်းနဲ့ပတ်သက်တဲ့ လုပ်ကွက်စာရင်းတွေကိုတော့ ဝန်ကြီးဌာနရဲ့ အင်တာနက်စာမျက်နှာ Website – www.mining.gov.mm အတွင်းမှာလည်း ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း အသိပေးပြောကြားရင်း ပြန်လည်ဖြေကြားအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ယနေ့အတွက် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ ၂၀၁၉–၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။

**ဥက္ကဋ္ဌ။** ယခုအစီအစဉ် (၆)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပထမနေ့)မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင်

ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ ၂၀၁၉ – ၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ်အတွက် အရအသုံး ခန့်မှန်းခြေငွေစာရင်းနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ် (၅)ဦးက အမည်စာရင်းပေးပို့ထားပါတယ်။

ပထမဦးစွာ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းခင်ထားရီက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းခင်ထားရီ၊ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို တက်ရောက်လာကြသော လွှတ်တော် ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်မကတော့ သိန္နီမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/ အဖွဲ့အစည်း များ၏ ၂၀၁၉–၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ်အတွက် အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် စပ်လျဉ်း၍ ဆွေးနွေးသုံးသပ်ဝေဖန်အကြံပြုသွားမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ ဘယ်သူပဲရရ ကျွန်မတို့ ပြည်သူတွေကသာ အကျိုးခံစားရတာ ဖြစ်ပါတယ်။ မနာလိုစိတ်မရှိပါဘူး။ ဒါပေမယ့် GDP ညွှန်းကိန်းအရ ခွဲဝေပေးလိုကြောင်း ဦးစွာတင်ပြလိုပါတယ်။ ကျွန်မတို့ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဟာ ရှမ်းပြည်နယ်ပြည်သူလူထုမှ ရွေးကောက်တင်မြောက်ထားတဲ့ အရပ်သား အစိုးရများဖြစ်ကြောင်း အားလုံးအသိပင်ဖြစ်ပါတယ်။ မိဘပြည်သူမှ ရွေးကောက်တင်မြောက် ထားတဲ့ အစိုးရဖြစ်တဲ့ အားလျော်စွာ ရှမ်းပြည်နယ်အတွင်း မှီတင်းနေထိုင်သော ပြည်သူလူထု များသည် အစိုးရအဖွဲ့၏ သားသမီးများဖြစ်တယ်ဆိုရင် မမှားပါဘူး။ ဒါကြောင့် သားသမီးများ အားကိုးထိုက်တဲ့ မိဘများဖြစ်ရန် တာဝန်ရှိပြီး မိဘများဟာ သားသမီးများကို ကျောသား၊ ရင်သားမခွဲခြားရန်လည်း အထူးလိုအပ်လှပါတယ်။ ကျွန်မတို့ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဟာ ပါတီကြီး(၂)ခုမှ ရွေးကောက်ခံ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖွဲ့စည်း ထားတဲ့ အစိုးရပင်ဖြစ်ပါတယ်။ မည်သည့်ပါတီမှ ကိုယ်စားလှယ်ဖြစ်စေကာမူ အစိုးရအဖွဲ့ဝင် ဖြစ်လာပါက ပါတီစွဲ၊ ဒေသစွဲ၊ လူမျိုးစွဲမရှိရန်လည်း အထူးလိုအပ်လှပါကြောင်း ပြောကြားလို ပါတယ်။ လေးစားရပါသော ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်ဟာ နှစ်စဉ်အမျိုးသားစီမံကိန်းနှင့် အရအသုံးခန့်မှန်းခြေငွေစာရင်းများကို ရေးဆွဲရာမှာ မြန်မာ နိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း Myanmar Substainable Development Plan(MSDP) ကို အခြေခံရမည်ကို ၂၀၁၈ ခုနှစ်၊ August တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါတယ်။ ကျွန်မတို့ ရှမ်းပြည်နယ်မှာ ရှမ်း(တောင်)၊ ရှမ်း(မြောက်)၊

ရှမ်း(ရှေ့)ဆိုပြီး အပိုင်း(၃)ပိုင်းခွဲထားပါတယ်။ ရှမ်း(တောင်)မှာ (၂၁)မြို့နယ်၊ ရှမ်း(မြောက်)မှာ (၁၉)မြို့နယ်၊ ရှမ်း(ရှေ့)မှာ (၁၀)မြို့နယ် ရှိတယ်ဆိုတာကို သိရှိရပါတယ်။ ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၄)ကြိမ်မြောက် (ပထမနေ့)မှာ တင်သွင်းလာတဲ့ အရအသုံးခန့်မှန်းခြေငွေစာရင်းကို ဌာနအဖွဲ့အစည်းအားလုံး ၏အသေးစိတ် စိစစ်နိုင်ခြင်းမရှိသော်လည်း လက်လှမ်းမီသလောက်နှင့် မိမိမြို့နယ်ကို အခြေခံ၍ လျှပ်စစ်နှင့် ဆည်မြောင်းကဏ္ဍကို သုံးသပ်တင်ပြရလျှင် လျှပ်စစ်ကဏ္ဍအနေဖြင့် လုပ်ငန်း(၄)ခု ရှိပါတယ်။ (၁) တိုးချဲ့ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းမှာ ရှမ်း(တောင်) လုပ်ငန်း(၆၈)ခု၊ ခန့်မှန်းကုန်ကျငွေ ကျပ် ၂,၀၂၇.၂၀၁ သန်း၊ ရှမ်း(မြောက်) လုပ်ငန်း (၄၁)ခု၊ ခန့်မှန်းကုန်ကျငွေ ကျပ် ၁,၁၆၅.၂၄၇၇ သန်း၊ ရှမ်း(ရှေ့) လုပ်ငန်း (၃၁)ခု၊ ခန့်မှန်းကုန်ကျငွေ ကျပ် ၁,၁၃၉.၈၇၄ သန်း၊ (၂) တိုးချဲ့ကျေးရွာ မီးလင်းရေးတွင်လည်း ရှမ်း(တောင်)တွင် လုပ်ငန်း(၁၃၈)ခု၊ ခန့်မှန်းကုန်ကျငွေ ကျပ် ၁၁,၆၁၂.၅၃၃ သန်း၊ ရှမ်း(မြောက်)မှာ လုပ်ငန်း(၇၃)ခု၊ ခန့်မှန်းကုန်ကျငွေ ကျပ် ၆,၂၈၇.၆၇၃၆ သန်း၊ ရှမ်း(ရှေ့)မှာ လုပ်ငန်း(၃၄)ခု၊ ခန့်မှန်းကုန်ကျငွေ ကျပ် ၄,၅၆၇.၀၁၀ သန်း၊ (၃) မြို့ပြ လုပ်ငန်းမှာ ရှမ်း(တောင်) လုပ်ငန်း(၁၄)ခု၊ ခန့်မှန်းကုန်ကျငွေ ကျပ် ၁၃၀.၅၅၀ သန်း၊ ရှမ်း(မြောက်) မှာ လုပ်ငန်း(၃)ခု၊ ခန့်မှန်းကုန်ကျငွေ ကျပ် ၂၈.၇၅၀ သန်း၊ ရှမ်း(ရှေ့)မှာ လုပ်ငန်း(၃)ခု၊ ခန့်မှန်းကုန်ကျငွေ ကျပ် ၂၇.၂၀၀ သန်း၊ (၄) အစားထိုးရင်းနှီးမြှုပ်နှံမှုလုပ်ငန်းမှာ ရှမ်း(တောင်) လုပ်ငန်း(၈၄)ခု၊ ခန့်မှန်း ကုန်ကျစရိတ် ကျပ် ၁,၈၉၃.၆၆၁ သန်း၊ ရှမ်း(မြောက်) လုပ်ငန်း(၂၃)ခု၊ ခန့်မှန်းကုန်ကျစရိတ် ကျပ် ၅၈၁.၅၀၀ သန်း၊ ရှမ်း(ရှေ့) လုပ်ငန်း(၇)ခု၊ ခန့်မှန်းကုန်ကျစရိတ် ကျပ် ၅၃၈.၈၀၀ သန်းဆိုပြီး တော့မှ စီမံကိန်းရေးဆွဲထားတာကို တွေ့ရှိရပါတယ်။ ဒီနေရာမှာ ရှမ်း(တောင်)က ဘတ်ဂျက် အများဆုံးရတာကို ကဏ္ဍအားလုံးမှာတွေ့ရပါတယ်။ ရှမ်း(တောင်)က အများဆုံးရမှာ ဆိုတာကိုလည်း နားလည်ပါတယ်။ GDP ညွှန်းကိန်းအရ နယ်နိမိတ်ရော၊ လူဦးရေရော များတာဖြစ်တဲ့အတွက်ကြောင့် လက်ခံပါတယ်။ ဒါပေမယ့် တစ်ဝက်ကျော်ကျော်ကွာစရာ အကြောင်း မရှိပါဘူး။ ခရိုင်အနေနဲ့ ဥပမာပေးရရင် လွိုင်လင်ခရိုင်မှာ တိုးချဲ့နဲ့ အစားထိုး လုပ်ငန်း(၂)ခုကို သုံးသပ်ရရင် နမ့်စန်မြို့မှာ ၁,၃၆၀.၈၄၄ သန်းရပြီးတော့ ကွန်ဟိန်း မြို့နယ်မှာကျတော့ ၁၆၅.၇၇သန်းပဲရပါတယ်။ လုံးဝညီမျှမှုမရှိပါဘူး။ လားရှိုးခရိုင်မှာဆိုရင် တိုးချဲ့ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကို သုံးသပ်ရမည်ဆိုရင် လားရှိုးမြို့မှာ လုပ်ငန်း(၇)ခု ကျပ် ၄၀၉.၄၉၅ သန်း၊ တန့်ယန်းမှာလုပ်ငန်း(၁၇)ခုကျပ်၂၁၀.၆၇၅သန်း၊ မိုင်းရယ်မှာလုပ်ငန်း(၃)ခုကျပ်၆၉.၉၃၄ သန်း၊ လားရှိုးခရိုင်မှာ မြို့နယ်(၄)မြို့နယ်ရှိပါတယ်။ လားရှိုး၊ တန့်ယန်း၊ မိုင်းရယ်၊ သိန္နီဖြစ်ပြီး သိန္နီမြို့မှာ ကျတော့လုပ်ငန်းတစ်ခုမှ မပါတာကို ဝမ်းနည်းစွာ တွေ့ရှိရပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ဒီနေရာမှာ တင်ပြလိုတာက ကျွန်မက ဖွံ့ဖြိုးရေးလုပ်ငန်းနဲ့ပတ်သက်လို့ လွှတ်တော်ထဲမှာ တစ်ခါမှ မေးခွန်းမမေးပါဘူး။ ဘာကြောင့်မမေးလည်းဆိုရင် ဝန်ကြီးတွေဖြေမယ့်အဖြေကို

ကျွန်မအလွတ်ရနေပါပြီ။ မြို့နယ်စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေးကော်မတီမှ ရေးဆွဲတင်ပြလာပါက ရရှိသည့်ရန်ပုံငွေအပေါ် ခွဲဝေသွားမှာ ဖြစ်ပါတယ်လို့ဖြေမှာ ဖြစ်ပါတယ်။ ဒါပေမယ့် စီမံကိန်းထဲမှာ ရေးဆွဲလာပေမယ့်လည်း လုပ်ငန်းတစ်ခုမှ ကျွန်မမရပါဘူး။ ဒါပေမယ့် မဆိုင်တဲ့သူတွေတောင်းခံရင်တော့ ချထားပေးပါတယ်။ ဥပမာ– ရပ်စောက်မှာဆိုရင် ဦးမောင်မောင်စိန်၏ တောင်းခံချက်အရ လုပ်ငန်း(၃)ခု၊ ဒေါက်တာဂျွန်နီမှ (၁၃.၂.၂၀၁၉)ရက်စွဲပါစာဖြင့် တောင်းခံချက်အရ လုပ်ငန်း(၃)ခု၊ အင်တောမှာ လူငယ်ခေါင်းဆောင် ဦးကျော်စိုးမိုး၏ တောင်းခံချက်အရ လုပ်ငန်း(၃)ခု၊ ပြီးတော့ သိန္နီ NLD ရုံးမှာလည်းပဲ ဝန်ကြီးခရီးစဉ်မှာ တက်ရောက်လာတဲ့ ပြည်သူတွေကနေ တောင်းခံလာတာကိုလည်း ဝန်ကြီးကိုယ်တိုင်ပေးခဲ့ပါတယ်။ NLDပါတီက တောင်းခံတာကိုကျတော့ပေးပြီးတော့မှ အခြားနိုင်ငံရေးပါတီတွေ တောင်းခံလာရင်ကော ပေးမှာလား။ ဒါပေမယ့် ကျွန်မနားလည်ထားတာက နိုင်ငံရေးပါတီတွေဟာ နိုင်ငံတော်ရဲ့ဘတ်ဂျက်ကို တရားဝင်တောင်းခံခွင့်မရှိပါဘူး။ အဲ့ဒီလိုသာ မဆိုင်တဲ့သူတွေတောင်းခံနေမယ်ဆိုရင် ကျွန်မတို့ လွှတ်တော်ကိုယ်စားလှယ်တွေ အရေးမပါတော့ဘူးလားလို့ ကျွန်မမေးခွန်းထုတ်ချင်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ဆက်လက်ပြီးတော့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဌာနကို သုံးသပ်ရရင် ကျွန်မတို့ သိန္နီမှာ နမ့်မင်ဆည်နှင့် ခိုင်ခမ်းဆည်ဆိုပြီးတော့ ရှိပါတယ်။ ရှမ်းပြည်နယ်(မြောက်ပိုင်း) ဌာနထိန်းလုပ်ငန်း ဆည်ကန်(၁၃)ခုထဲမှာပါဝင်ပါတယ်။ နေ့စား(၈၇)ဦး လုပ်သားများ ခန့်ထားတယ်ဆိုပြီးတော့မှ ဘတ်ဂျက်ရေးဆွဲထားပါတယ်။ ခိုင်ခမ်းဆည်မှာ (၁၃၄၂)ရက်နှင့် တစ်နေ့ကို လုပ်သား လုပ်အားခ ကျပ်(၄၈၀၀)နှင့် နမ့်မင်ဆည်ကိုကျတော့ (၇၁၈)ရက် တစ်ရက်ကို ကျပ်(၄၈၀၀)ဆိုပြီးတော့မှ လစာပေးချေရန် ဒီနှစ်ဘတ်ဂျက်မှာ ကျပ်(၉,၈၈၈,၀၀၀) ရေးဆွဲထားပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၈–၂၀၁၉ ဘတ်ဂျက်နှစ်မှာလည်းပဲ နေ့စား(၈၇)ဦးအတွက် ကျပ်သန်းပေါင်း (၁၃၂.၅၀) သန်းကို ရေးဆွဲတောင်းခံထားပြီး ဖြစ်ပါတယ်။ လုပ်သား (၈၇)ဦးချင်းအတူတူ (၅)သန်းပိုလာတာရှိပါတယ်။ အဲ့ဒါက ဘာကြောင့် ပိုလာသလဲဆိုတာကိုမေးရမှာ ဖြစ်ပါတယ်။ ပြီးရင် ကျွန်မတို့မြို့နယ်မှာ နေ့စား၊ လပေးလုပ်သားခန့်ထားခြင်း မရှိပါဘူး။ ကျွန်မ ဘတ်ဂျက်စိစစ်တဲ့နေ့မှာပဲ ဆည်မြောင်းကိုဖုန်းဆက်ပြီးတော့မေးတယ်။ အဲ့ဒီမှာနေ့စားတစ်ရက်ကို ကျပ်(၄၈၀၀)နှင့် ဘယ်နှစ်ဦးခန့်ထားလည်းလို့မေးတဲ့အခါမှာ ဆည်မြောင်းက မရှိပါဘူး။ ကျွန်တော်တို့က ရန်ပုံငွေရတဲ့အပေါ်မှာ မူတည်ပြီးတော့မှ ၃လ ၁ဖြတ် အဲ့လောက်ပဲ ခန့်ပါတယ်လို့ ကျွန်မကို ပြန်ဖြေပေးပါတယ်။ ဒီလိုမြေပြင်အခြေအနေမှာ မရှိဘဲ ဝန်ထမ်းလစာ ပေးဖို့ဆိုပြီးတော့ ဘတ်ဂျက်လိမ်လည်တောင်းခံနေတာကို ဘယ်လိုအရေးယူမလဲဆိုတာကို သိချင်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ဆွေးနွေးမည်ဆိုလျှင် ဌာနအလိုက်အများကြီးပါ။ အချိန်ကိုငဲ့ညာသောအားဖြင့် ကျွန်မတို့ရဲ့လွှတ်တော်သက်တမ်း(၅)နှစ်မှာ (၂)နှစ်ကတော့ ကျွန်မတို့ ဘာမှဝင်ပြီး ဆွေးနွေး

ခြင်းမရှိခဲ့ပါဘူး။ ဒါပေမယ့် ဝန်ကြီးကိုယ်တိုင်က ကျောသား ရင်သားမခွဲခြားပါဘူးလို့ ပြီးခဲ့တဲ့ (၁၃)ကြိမ်လွှတ်တော်မှာပဲ ပြောကြားခဲ့ပါတယ်။ ဒါပေမယ့် အခုဘတ်ဂျက်ကိုလေ့လာကြည့်တော့ ပိုပြီးတော့မှ ခွဲခြားဆက်ဆံနေတယ်လို့ ကျွန်မကိုယ်တိုင်က ခံစားနေခဲ့ရပါတယ်။ ဒါကြောင့် နောင်လာမယ့်ဘတ်ဂျက်ရေးဆွဲတဲ့အခါမှာ GDP ညွှန်းကိန်းအရ မျှမျှတတ ခွဲဝေပေးဖို့တောင်းဆိုရင်း ကျွန်မဆွေးနွေးခဲ့တာ အမှားပါခဲ့ရင်လည်း ခွင့်လွှတ်ပေးဖို့ တောင်းဆိုရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို လေးစားပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းထွန်းညဏ် က ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းထွန်းညဏ်၊ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံးနှင့် လေ့လာသူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာပါစေကြောင်း ပထမဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ၂၀၁၉-၂၀၂၀ ရှမ်းပြည်နယ်အစိုးရရဲ့ ဘဏ္ဍာရေးရသုံးမှန်းခြေငွေစာရင်းကိစ္စမှာ Agenda တွေ အများကြီးပါတဲ့အထဲကပဲ အနည်းငယ် ဆွေးနွေးတင်ပြလိုပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်နယ်အစိုးရအနေနဲ့ ညီညွတ်မျှတသော ရှမ်းပြည်နယ်အားလုံး တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်စေမယ့် ရှမ်းပြည်နယ်အစိုးရ၏ မူဝါဒများအတိုင်း ထောက်ပြဝေဖန်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ကဏ္ဍအလိုက်လျာထားတဲ့ လျာထားချက်များကိုဆွေးနွေးမှာမဟုတ်ဘဲနဲ့ မြို့နယ်အလိုက်ခွဲဝေတဲ့နေရာမှာပဲ အဓိကထားပြီးတော့မှ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ လိုအပ်ချက်နှင့် ဖြည့်ဆည်းပေးနိုင်တာ ကွာဟမှုရှိနေတာကို ကျွန်တော်တို့ လေ့လာတွေ့ရှိရပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့်မို့ လိုအပ်ချက်နှင့် ဖြည့်ဆည်းပေးရမည့် လုပ်ငန်းတွေ ကွာဟနေတဲ့အချိန်မှာ မှန်မှန်ကန်ကန်ဖြင့် မူဝါဒတစ်ရပ်ချမှတ်ပြီးတော့မှ ခွဲဝေလျာထားပေးဖို့ အင်မတန်မှ အရေးကြီးပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုအစိုးရ၏ အခြေခံကျောင်းများကို မြို့နယ်အလိုက်ခွဲဝေပြီးတော့မှ အခြေခံကျောင်းများ တည်ဆောက်တဲ့နေရာမှာ သူတို့မူဘောင်အဖြစ်ရေးဆွဲမှုတည်ပြီးတော့မှ ခွဲဝေချထားခဲ့တာကို ကျွန်တော်လေ့လာတွေ့ရှိခဲ့ရပါတယ်။ မြို့နယ်တစ်မြို့နယ်ချင်းမှာရှိတဲ့ ကျောင်းပေါင်း၊ ကျောင်းသားဦးရေ စသဖြင့် GDP ၏ ညွှန်းကိန်း

ပေါ်မှာ မူတည်ပြီးတော့ ရေးဆွဲတာ ဒီလွှတ်တော်ကိုယ်စားလှယ် သက်တမ်း(၃)နှစ်ကာလမှာ အခြေခံပညာကျောင်းများ ခွဲဝေချထားသည့်နေရာမှာ ကျွန်တော်တို့ဘာမှ ပြောစရာမရှိရ လောက်အောင် နှစ်သက်မိပါတယ်။ ဒါပေမယ့် ရှမ်းပြည်နယ်အစိုးရ၏ ဆောင်ရွက်ချက်များနှင့် ပတ်သက်ပြီးတော့မှ ယခင်ကာလမှာလည်းပဲ ဘတ်ဂျက်တွေခွဲဝေတဲ့အခါမှာ ကျွန်တော်တစ်ခါမျှ မဆွေးနွေးခဲ့ပါဘူး။ ဒီတစ်ကြိမ်ကတော့ ကျွန်တော်အနည်းငယ်ဆွေးနွေးဖို့ စိတ်ကူးရလာတာ ဖြစ်ပါတယ်။ ယခင် ၂၀၁၈-၂၀၁၉ မှာလည်း ဘတ်ဂျက်စီမံကိန်းနှင့် ပတ်သက်ပြီးတော့မှ လွှတ်တော်ဥက္ကဋ္ဌမှာကြားခဲ့တာရှိပါတယ်။ကျောသားရင်သားမခွဲခြားဘဲနဲ့ တစ်ပြေးညီ ဆောင်ရွက်ပေးဖို့မှာကြားတာကို ကျွန်တော်တို့တွေ့ရှိရပါတယ်။ ယခု (၁၄)ကြိမ်မြောက် လွှတ်တော်အစည်းအဝေးရဲ့ အဖွင့်မိန့်ခွန်းမှာလည်း မှတ်မှတ်ရရ လွှတ်တော်ဥက္ကဋ္ဌက နောက်ထပ်တစ်ဖန်မှာကြားတာကိုလည်း ကျွန်တော်တို့ လေ့လာတွေ့ရှိရပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ရှမ်းပြည်နယ်ဟာဆိုလို့ရှိရင် အစိုးရက ငွေလုံးငွေရင်းလျာထားတဲ့နေရာမှာ လုပ်ပိုင်ခွင့်ရှိပါတယ်။ လျာထားပိုင်ခွင့်ရှိပါတယ်။ ရှင်းရှင်းပြောရမည်ဆိုလျှင် ဘတ်ဂျက်ခွဲဝေပေးပိုင်ခွင့်ရှိပါတယ်။ လက်ရှိကျွန်တော်တို့ ဒီထဲမှာ ဥပမာ - လျှပ်စစ်ကဏ္ဍရဲ့ ခွဲဝေပေးမှုနှင့် သက်သေအထောက်အထားတင်ပြီးတော့မှကျွန်တော် အနည်းငယ်ဆွေးနွေးလိုပါတယ်။ ရှမ်းပြည်နယ်အစိုးရ၏ ရည်မှန်းချက်မူဝါဒမှာဆိုလို့ရှိရင် တစ်တန်းတည်း ကျောသားရင်သားမခွဲခြားဘဲ တစ်တန်းညီဖွံ့ဖြိုးတိုးတက်ဖို့ ကြွေးကြော်ထားတာရှိပါတယ်။ ဒါပေမယ့် ဘတ်ဂျက်ခွဲဝေတဲ့နေရာမှာ ပြောင်းပြန်ဖြစ်နေပါတယ်။ ဒါကို အထောက်အထားအချက်အလက်နဲ့ ဆွေးနွေးတင်ပြသွားဖို့ ရှိပါတယ်။

လေးစားရသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်မှာဆိုလို့ရှိရင် ကိုယ့်ဒေသရဲ့လိုအပ်ချက်တွေကို ကွင်းဆင်းလေ့လာပြီးတော့မှ မြင်သည့်အတိုင်းပဲ လွှတ်တော်ထဲမှာ လမ်းကိစ္စတွေ၊ မီးကိစ္စတွေ၊ ကျောင်းကိစ္စတွေတောင်းဆို တဲ့နေရာမှာ မြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီမှာ ရေးဆွဲကြပါလို့ ရာခိုင်နှုန်း (၈၀)ကျော်လောက် တင်ဖို့အဖြေတွေ ဝန်ကြီးကပေးပါတယ်။ ဒါကြောင့်မို့ ၂၀၁၉-၂၀၂၀မှာဆိုရင် ကျွန်တော့်အနေနဲ့ မြို့ရဲ့ မြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီမှာကော ကျောက်မဲခရိုင်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်တဲ့ကော်မတီမှာကော ကျွန်တော်တက်တက်ကြွကြွပါဝင်ရေးဆွဲခဲ့တာ ဖြစ်ပါတယ်။ ဒီအပေါ်မှာရောက်တဲ့ အချိန်ကျတော့ လုပ်ငန်းခပ်များများဟာ ဖြတ်ချပစ်လိုက်တယ်။ ကျွန်တော်နားလည်တာက ပြည်ထောင်စုက ပံ့ပိုးပေးလာမည့် ငွေပေါ်မူတည်ပြီးတော့ ဘတ်ဂျက်ရေးဆွဲရတဲ့အနေအထား ဖြစ်တဲ့အတွက်ကြောင့် ဖြတ်တောက်တဲ့နေရာမှာ ဘယ်မြို့နယ်ကိုဖြင့် ဘယ်လောက်ထားပေးသင့်လည်း၊

သူတို့ရဲ့ အဆင့်အတန်းဘယ်လိုရှိလည်း ဝန်ကြီးအနေဖြင့် လုပ်ပိုင်ခွင့်ရှိတဲ့အပေါ်မှာမူတည် ပြီးတော့ ဒါတွေထည့်သွင်းစဉ်းစားဖို့လိုပါတယ်။ အခုဖြတ်ချလိုက်တာက အချို့မြို့နယ်တွေမှာ ဘာမှမပါဘူး။ ကျွန်တော်တို့ဆိုရင် ထိုင်တောင်ငိုချင်တယ်။ အချို့မြို့နယ်ကျတော့ ခပ်ရိုင်းရိုင်း ပြောမယ်ဆိုရင်တော့ ဝန်ကြီးရှိတဲ့မြို့နယ်တွေဆိုရင်တော့ ပိုပြီးတော့ မဖြတ်ချသလောက်ရှိပါ တယ်။ ဒါကို ကျွန်တော်မီးမောင်းထိုးပြချင်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ လျှပ်စစ်ကဏ္ဍမှာဆိုလို့ရှိရင် ကျွန်တော်တို့နှင့် လူဦးရေအရကော၊ ဖွံ့ဖြိုးမှုအဆင့်အတန်းကော ပြည်ထဲရေးရဲ့ သတ်မှတ်ချက်မှာ တစ်တန်း တည်းဖြစ်နေတဲ့ ကျွန်တော်တို့ ကျောက်မဲ၊ နောင်ချို၊ ကလောမြို့နယ်ကို လေ့လာကြည့်ရ အောင်။ ဒ့ါအပြင် အပေါင်းရပ်စောက်ပေ့ါ။ ကျောက်မဲမြို့နယ်မှာ ၂၀၁၉-၂၀၂၀ လျှပ်စစ်ကဏ္ဍ ရင်းနှီးမြှုပ်နှံမှုမှာဆိုလို့ရှိရင် ကျောက်မဲမြို့နယ်မှာက ရင်းနှီးမြှုပ်နှံဖို့(၂)ခုရှိပါတယ်။ အစားထိုးက (၃)ခု၊ လုပ်ငန်း(၅)ခုမှာဆိုရင်ကျပ် (၆၆.၀၅၅)သန်း လျာထားတာကို လေ့လာတွေ့ရှိရပါတယ်။ ကျွန်တော်တို့နှင့် တစ်တန်းတည်းရှိနေတဲ့ နောင်ချိုကျတော့ ရင်းနှီးမြှုပ်နှံမည့်လုပ်ငန်းက (၁၀)ခု၊ အစားထိုးက(၁)ခု၊ သုံးမည့်ငွေက ကျပ် (၁၂၀,၀၅၅.၈၀၅)သန်း ဖြစ်ပါတယ်။ ကျွန်တော်တို့ ကျောက်မဲမြို့နယ်နှင့်ဆိုလို့ရှိရင်တော့ (၁၉.၁၀)ဆရှိပါတယ်။ အဲ့ဒီအပြင် ကလောမြို့နယ်မှာ ဆိုလို့ရှိရင် လုပ်ငန်း(၁၆)ခု ဆောင်ရွက်မှာ ဖြစ်ပါတယ်။ အစားထိုး အောင်ပန်း၊ ကလော၊ ဟဲဟိုးအပါ လုပ်ငန်း(၁၆)ခုမှာဆိုရင် သုံးမည့်ငွေက ကျပ် (၁၂၀,၀၆၁.၁၈)သန်းဖြစ်ပါတယ်။ ကျွန်တော်တို့ ကျောက်မဲမြို့နယ်နှင့်ဆိုရင် (**၁၉**)ဆကွာပါတယ်။ မေတ္တာရပ်ခံလိုတာကတော့ ကျွန်တော်တို့လည်း လိုအပ်ချက်ရှိတယ်။ ကျွန်တော်တို့ကို (၁ကျပ်)ပေးမယ်ဆိုရင် ခင်ဗျား တို့လည်း ဝန်ကြီးဖြစ်လို့ ၂ကျပ် ၃ကျပ် ယူပါ။ အခုက ကျွန်တော်တို့ကို **၁** ကျပ်ပေးတယ်။ ခင်ဗျားတို့က **၁၉** ကျပ်ယူတယ်။ ၂၀၁၆ - ၂၀၁၇မှာလည်း နောင်ချိုမှာ ကျွန်တော်ပြောသလိုပဲ ကျွန်တော်တို့ကို(**၁ဆ**)ပေးတယ်။ သူတို့က(**၁၆ဆ**)ယူလိုက်တယ်။ ဆိုလိုရင်းကတော့ ကျွန်တော့် အနေနဲ့ လွှတ်တော်ဥက္ကဋ္ဌကနေတစ်ဆင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ်ကို မေတ္တာရပ်ခံလိုတာ ကတော့ စီမံကိန်းရေးဆွဲတဲ့နေရာမှာ လုပ်ပိုင်ခွင့်ရှိသလို ဝန်ကြီးချုပ်အနေဖြင့် လမ်းညွှန် ချက်တွေ မျှမျှတတဖြစ်အောင် ဦးဆောင်သင့်တယ်လို့ ကျွန်တော်က ယူဆတယ်။ ဒါဆိုရင် လေ့လာခြင်းအားဖြင့် တော်တော်လေးကို ရင်နာစရာကောင်းတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဝန်ကြီးရှိတဲ့မြို့နယ်က ကြိုက်သလိုလုပ်ပြီးတော့မှ ကျန်တဲ့မြို့နယ်ကို ဒီတိုင်းပစ်ထားတဲ့ အနေအထား ကျွန်တော်တို့ ခံစားရတယ်။ ဒီထဲမှာ ကလောမြို့နယ်မှာဆိုရင် ဥက္ကဋ္ဌကြီးရှေ့မှာပဲ လွှတ်တော်ကိုယ်စားလှယ်များက ဖွံ့ဖြိုးရေးကိစ္စ တင်တောင်းတဲ့အချိန်မှာ မြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီမှာ တင်ကြ

ဆိုပြီးတော့မှ ကလောမြို့နယ်က လုပ်ငန်း(၁၆)ခုထဲမှာ (၁၀)ခုလောက်က ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်ရဲ့ လမ်းညွှန်ချက်အရ (၁၀)ခုချလိုက်တယ်။

ကျွန်တော့်အနေနဲ့ နောက်ဆုံးတိုက်တွန်းလိုတာကတော့ ရှမ်းပြည်နယ်ဘတ်ဂျက် ဘယ်ကာလမဆို ညီညွတ်မျှတသော တစ်တန်းညီဖွံ့ဖြိုးတိုးတက်စေမည့် ဘတ်ဂျက်လျာထားချက်မျိုးပုံစံကို ပြုပြင်ရေးဆွဲပြီးတော့မှပဲ အတည်ပြုသင့်တယ်လို့ အကြံပြုရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းလှိုင်ခမ်းက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလှိုင်ခမ်း၊ မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** အားလုံးမင်္ဂလာပါခင်ဗျား။ ယနေ့ကျင်းပသော ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေးသို့ တက်ရောက်လာကြသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ဥပဒေချုပ်နှင့် စာရင်းစစ်ချုပ်၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

ကျွန်တော်ကတော့ မိုင်းယန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှိုင်ခမ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသော **"ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဌာန/အဖွဲ့အစည်းများ၏ ၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ်အတွက် အရအသုံးခန့်မှန်းခြေငွေစာရင်း"**နှင့် ပတ်သက်၍ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ်အတွက် အရအသုံးခန့်မှန်းခြေငွေစာရင်းကို လေ့လာသည့်အခါတွင် ဌာနဆိုင်ရာအဆောက်အဦ တည်ဆောက်ရေးလုပ်ငန်းများထက် ပြည်သူလူထုများ၏ လိုအပ်ချက်များဖြစ်သော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ပိုမိုလျာထားရန် လိုအပ်ကြောင်း တွေ့ရှိရပါတယ်။

မြို့ကြီးလျှင် ကြီးသလို ဘတ်ဂျက်သုံးစွဲမှုများပြီး မြို့သေးလျှင် သေးသလို ဘတ်ဂျက်သုံးစွဲမှုနည်းပါးကြောင်းကို တွေ့ရှိရပါတယ်။ အစွန်အဖျားရောက်လေလေ ဘတ်ဂျက်လွှင့်ပါးသွားလေလေကိုလည်း ထပ်မံလေ့လာတွေ့ရှိရပါတယ်။

ရှမ်းပြည်နယ်၏ ဘတ်ဂျက်အားလုံးကို ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အရေအတွက်နှင့်စားပြီး အညီအမျှခွဲဝေချထားပေးဖို့ဆိုလိုခြင်း မဟုတ်ပါ။ ကျွန်တော်တို့ ရှမ်းပြည်နယ်ဘတ်ဂျက်ကို ပြည်ထောင်စုမှ ဘတ်ဂျက်စံနှုန်းများနှင့် တိုင်းတာပြီး ဘတ်ဂျက်ခွဲဝေချထားပေးပြီး ထောက်ပံ့သလို ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်များ၏ ထူးခြားသော ပထဝီတည်နေရာအနေအထား၊ လူဦးရေ၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်မှုအတိုင်းအတာများနှင့်အညီ ဘတ်ဂျက်ခွဲဝေချထားပေးသင့်ပါတယ်။ ရှမ်းပြည်နယ်ဘတ်ဂျက်အားလုံး၏ **၁%**ဖြစ်သောကျပ်သန်း (၂၆၉၅) ပမာဏသည်မြို့ကြီးများအတွက် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မပြောပလောက်သောပမာဏဖြစ်သော်လည်း မြို့ငယ်များအတွက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းနှင့်လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် ထိရောက်စွာ လုပ်ငန်းဖော်ဆောင်နိုင်သော ပမာဏဖြစ်ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဘတ်ဂျက်ရေးဆွဲရေးစီမံကိန်း ပြက္ခဒိန်နှင့်အညီ အောက်ခြေမြို့နယ်အဆင့်ဆင့်မှ ဘတ်ဂျက်နှစ်အလိုက် လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်၊ ဌာနဆိုင်ရာများတို့ ညှိနှိုင်းပြီး ပြည်သူလူထုလိုအပ်ချက်များကို ရေးဆွဲတင်ပြထားသော်လည်း အကြောင်းအမျိုးမျိုးကြောင့် ဘတ်ဂျက်တွင်ရေးဆွဲတင်ပြထားသော လုပ်ငန်းအများစုပါဝင်လာခြင်းမရှိသည်ကိုလည်း လေ့လာတွေ့ရှိရပါသည်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်၏ ဘဏ္ဍာရေးနှစ်အလိုက် ဘတ်ဂျက်အရအသုံးခန့်မှန်းခြေငွေစာရင်းရေးဆွဲရာတွင် ရှမ်းပြည်နယ်ဘက်ပေါင်းစုံဖွံ့ဖြိုးတိုးတက်ရန်နှင့် ပြည်သူများအတွက် ထိရောက်မှုရှိပြီး အမှန်တကယ် လိုအပ်လျက်ရှိသော လုပ်ငန်းများပိုမိုပါဝင်လာနိုင်ရန်အတွက် ဘတ်ဂျက်ရေးဆွဲရာတွင် လုံလောက်သော အချိန်ကာလအတိုင်းအတာနှင့် အပြန်အလှန် ညှိနှိုင်းတိုင်ပင်မှုများ ယခုထက်ပိုမိုလုပ်ဆောင်ရန် လိုအပ်ကြောင်း ဆွေးနွေးတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် လေ့လာသူဧည့်သည်တော်များခင်ဗျား။ ယခု အစည်းအဝေးကို (၁)နာရီ မိနစ်(၃၀)ရပ်နားမှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီရှင်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်။ နေ့လယ်ပိုင်းအစည်းအဝေးကို နေ့လယ်(၁၃:၃၀)နာရီအချိန်မှာ ပြန်လည်စတင်မှာ ဖြစ်ပါတယ်ရှင်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**ရှမ်းပြည်နယ်**

**ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်**

**(၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး**

**(တတိယနေ့)မှတ်တမ်း**

**၁၃၈၀ပြည့်နှစ်၊ တပေါင်းလကွယ်နေ့**

**၂၀၁၉ ခုနှစ်၊ ဧပြီလ ၄ ရက်**

**[ ကြာသပတေးနေ့ ]**

**နေ့လယ်ပိုင်း**

**အခမ်းအနားမှူး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(တတိယနေ့) နေ့လယ်ပိုင်းအစီအစဉ်အား ဆက်လက်ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသော နေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ရှင်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီရှင်။

**(ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။)**

အားလုံးထိုင်နိုင်ပါပြီရှင်။

**ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။**

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အစီအစဉ်(၆)ကို ဆက်လက်ဆောင်ရွက်မှာ ဖြစ်ပါတယ်။ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလှဝင်းက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလှဝင်း၊ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ခညောင်းပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဝင်း ဖြစ်ပါတယ်။ အခုကျွန်တော် ဆွေးနွေးအကြံပြုမဲ့ အခန်းကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသော ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အရအသုံးခန့်မှန်းခြေငွေစာရင်းအပေါ် ဆွေးနွေးသုံးသပ်အကြံပြုသွားမှာ ဖြစ်ပါတယ်။

ဦးစွာမဆွေးနွေးခင် ရှမ်းပြည်နယ်ရန်ပုံငွေမှာဆိုရင် (၂၇)ရက်နေ့မှပဲ ရရှိပြီးတွေ့ရှိတဲ့အတွက်ကြောင့် အချိန်အသေးစိတ်စိစစ်နိုင်တဲ့အနေအထားမရှိတဲ့အတွက်ကြောင့် ကျွန်တော် လွှမ်းခြုံပြီးတော့ သာမန်ဘတ်ဂျက်တွေ၊ ငွေလုံးငွေရင်းအခြေအနေအရပ်ရပ်ကို လွှမ်းခြုံတင်ပြသုံးသပ်ဆွေးနွေးမှာ ဖြစ်တဲ့အကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပထမနေ့)ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှုတ်ဆက်အမှာစကားပြောကြားခဲ့ရာတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အရအသုံးခန့်မှန်းခြေငွေစာရင်းအား ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးသို့ တင်သွင်းလာခဲ့ပါကြောင်း၊ အဆိုပါဘဏ္ဍာရန်ပုံငွေခွဲဝေသုံးစွဲရာတွင် ရှမ်းပြည်နယ်တစ်ခုလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ချက်မျှော်မှန်းချက်ဖြင့်ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဟု ယုံကြည်မိပါကြောင်း အမျိုးမျိုးသော အခွန်အခကောက်ခံရမှု၊ သာမန်အသုံးစရိတ်နှင့် ငွေလုံးငွေရင်းအသုံးစရိတ်များကို ဖော်ပြရှင်းလင်းသွားပြီး အဆိုပါဘတ်ဂျက်ရန်ပုံငွေ ရေးဆွဲတင်ပြထားသည့် အသုံးစရိတ်များကို ဒေသန္တရစီမံကိန်းနှင့် ရသုံးခန့်မှန်းခြေငွေစာရင်း စိစစ်ရေးကော်မတီမှ ပါတီစုံဖြင့်ဖွဲ့စည်းထားပြီး အားလုံးပါဝင်စိစစ်လျက်သုံးသပ်သွားရန်နှင့် လွှတ်တော်ကိုယ်စားလှယ်များလည်း စိတ်ဝင်စားစွာဖြင့် လေ့လာစိစစ်ဆွေးနွေးကြပါရန်လည်း တိုက်တွန်းပြောကြားခဲ့ရာ ဝမ်းမြောက်စွာကြိုဆိုပါကြောင်း ပြောကြားအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ကျွန်တော် ရသုံးမှန်းခြေအပေါ် လွှမ်းခြုံပြီးတော့ဆွေးနွေးတင်ပြသွားမှာဖြစ်တာနဲ့အညီ လေ့လာတွေ့ရှိချက်များမှာ ရငွေစုစုပေါင်း ပြည်နယ်တစ်ခုလုံးအခွန်အခအမျိုးမျိုးရတဲ့ ကျပ်သန်းပေါင်းက ၄၄,၃၀၅.၆၈၉ သန်း ဖြစ်ပါတယ်။ ပြည်ထောင်စုထောက်ပံ့ငွေက ကျပ်သန်းပေါင်း ၂၂၅,၂၈၀.၇၈၂ သန်း စုစုပေါင်း ရှမ်းပြည်နယ်

တစ်ခုလုံးသုံးစွဲမယ့် ဘတ်ဂျက်ရန်ပုံငွေ စုစုပေါင်းကျပ် ၂၆၉,၅၈၆.၄၇၁ သန်း ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ဆက်လက်ပြီးတော့ သာမန်အသုံးစရိတ် ကျပ်သန်းပေါင်း ၁၀၅,၁၈၃.၉၄၉ သန်းအားဖြင့် ဘတ်ဂျက်ရဲ့ (၃၉.၀၂%) ရှိပါတယ်။ သာမန်အသုံးစရိတ်ကို ရှမ်းပြည်နယ် ဗဟိုအဖွဲ့အစည်း ဝန်ကြီးဌာန၊ ဦးစီးဌာနများ၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထဲရေး၊ စိုက်ပျိုးရေးမွေးမြူရေးနှင့် ဆည်မြောင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လျှပ်စစ်နှင့် စွမ်းအင်၊ ကျန်းမာရေးနှင့် အားကစား၊ ဘဏ္ဍာရေးရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး၊ ဆောက်လုပ်ရေး၊ ကုန်တင်ကုန်ချကော်မတီရုံးနှင့် စည်ပင်သာယာရေးအဖွဲ့၊ စုစုပေါင်းအဖွဲ့ (၂၇)ခုတို့၏ သာမန် အသုံးစရိတ်များဖြစ်ကြောင်း တွေ့ရှိရပါတယ်။

ငွေလုံးငွေရင်းအသုံးစရိတ်လေ့လာခြင်းအနေနဲ့ ငွေလုံးငွေရင်းအသုံးစရိတ်ကျပ်သန်းပေါင်း ၁၆၄,၄၀၂.၅၄၂ သန်း၊ ရာခိုင်နှုန်းအားဖြင့် (၆၀.၉၈%) ဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၏ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေ၏ ငွေလုံးငွေရင်းအသုံးစရိတ်စာရင်း(အသေးစိတ်)ကို လေ့လာစိစစ်ရာတွင် အောက်ပါအတိုင်း တွေ့ရှိရပါတယ်။

ရှမ်းပြည်နယ်အတွင်းမှီတင်းနေထိုင်ကြသည့် ပြည်သူလူထု (၅၈)သိန်းအား တိုက်ရိုက် အကျိုးပြုသည်ဟုယူဆနိုင်သည့်ငွေလုံးငွေရင်းအသုံးပြုသည့်အဖွဲ့အစည်း ဌာန၏အသုံးစရိတ် များမှာ ကျွန်တော့်ရဲ့အမြင်သုံးသပ်ခြင်းဖြစ်ပါတယ်။ တိုက်ရိုက်အကျိုးပြုမယ့် ဒေသဌာန များမှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကျပ် ၃၀၀၀ သန်း၊ မြစ်ချောင်းဖြိုး ကျပ် ၂၀၀၀ သန်း၊ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး (နတလ) ကျပ်သန်း ၈၀၀၀၊ ရေအရင်း အမြစ်အသုံးချရေးဦးစီးဌာန ကျပ် ၁,၂၂၇.၃၇၈ သန်း၊ ကုန်းမြင့်လယ်ယာ ကျပ် ၆၉၁ သန်း၊ ဆည်မြောင်းဦးစီးဌာန ကျပ်သန်း ၇၀၀၀၊ အားကစားနှင့်ကာယပညာဦးစီးဌာန ကျပ်သန်း ၃၀၀၀၊ လျှပ်စစ် ကျပ်သန်း ၃၀၀၀၀၊ လမ်းဦးစီး ကျပ်သန်း ၅၀,၇၃၄.၅ သန်း၊ ကျေးလက် လမ်းဦးစီး ကျပ်သန်း ၁၂,၁၀၀ သန်း၊ စည်ပင်သာယာရေးအဖွဲ့ ကျပ် ၁၄၀၈၉.၉၆၁ သန်း၊ ရှမ်းပြည်နယ်အတွင်း မှီတင်းနေထိုင်တဲ့ (၅၈)သိန်းသော ပြည်သူလူထုအား တိုက်ရိုက် အကျိုးပြုမယ့် စုစုပေါင်းက ကျပ် ၁၂၃,၈၄၂.၈၃၉ သန်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူလူထုများကို တစ်ဖက်တစ်လမ်းမှ သွယ်ဝိုက်၍ အကျိုးပြု မည်ဟု ယူဆရသည့် ကျန်ငွေလုံးငွေရင်းအသုံးစရိတ် ကျပ် ၄၀၅၅၉.၆၈၃ သန်းသည် ဗဟို

အစိုးရအဖွဲ့အစည်းအပါအဝင် ဌာနများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ အသီးသီးတို့၏ ရုံးများ၊ နေအိမ်များ၊ အိမ်အသုံးအဆောင်များ၊ ပရိဘောဂများ၊ စက်ကိရိယာများ၊ ရုံးအသုံးအဆောင်များ၊ လုပ်ငန်းသုံးပစ္စည်းများ၊ အိမ်အဝင်/ အထွက် လမ်းကတ္တရာခင်းခြင်း၊ မော်တော်ယာဉ်ပြင်ဆင်ထိန်းသိမ်းခြင်းစရိတ်၊ ရုံးသုံးဓာတ်ခွဲခန်းပစ္စည်းများ၊ ခြံစည်းရိုးကာရံခြင်း အစရှိသည့်လုပ်ငန်းများဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ သုံးသပ်အကြံပြုလိုသည်မှာ သာမန်အသုံးစရိတ်အား ကျွန်တော်တင်ပြသလို (၃၉.၀၂% ) ရှိတဲ့အတွက်ကြောင့် သာမန်အသုံးစရိတ်အား (၃၀%)အထိ အသုံးပြုရန် အကြံပြုခြင်း၊ အဖွဲ့အစည်းဌာနများ၏ ငွေလုံးငွေရင်းမှ ရုံး၊ နေအိမ်စသည့်အမျိုးမျိုးသောလုပ်ငန်းများသည် ငွေလုံးငွေရင်းအားလုံး၏ (၂၄.၆၇%)ရှိပါသဖြင့် (၂၀%)အထိလျှော့ချပြီး သုံးစွဲရန် အကြံပြုခြင်း၊ နိဂုံးအနေနဲ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အရအသုံးခန့်မှန်းခြေငွေ ကျပ် ၂၆၉,၅၈၆.၄၇၁ သန်းအနက် အမှန်တကယ် ပြည်သူလူထုအတွက် တိုက်ရိုက်အမှန်အကျိုးပြုသည့် ရန်ပုံငွေမှာ ကျပ် ၁၂၃,၈၄၂.၈၃၉ သန်း (၄၅.၉၃%)ရှိသည်ကို လေ့လာတွေ့ရှိရပါသဖြင့် လူထုအတွက် ပိုမိုပြီးကျခံသုံးစွဲသွားနိုင်ရန် သာမန်အသုံးစရိတ်နှင့် သွယ်ဝိုက်အကျိုးပြုသည့် စီမံကိန်းလုပ်ငန်းများလျှော့ချပြီး ရှမ်းပြည်နယ်ရသုံးမှန်းခြေငွေစာရင်းစာစောင် (Shan State Citizen’s Budget)တွင် ရှမ်းပြည်နယ်၏ မူဝါဒ(၄)ချက် ရှမ်းပြည်နယ်၏ ရည်မှန်းချက်(၆)ချက်ဖော်ပြထားသည့်အတိုင်း ဆောင်ရွက်သွားမည်ဆိုပါက ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ (Shan State Citizen’s Budget) (2019–2020 Fiscal Year) သည် ပြည်သူလူထုအတွက် အကောင်းဆုံးပြည်သူ့ Budget မှတ်တမ်းဝင်သွားမည်ဟု ယုံကြည်အပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အနည်းငယ်ဖြည့်စွက်တင်ပြခွင့်ပြုပါ။ ခုနက ကျွန်တော်တင်ပြတဲ့ ဘတ်ဂျက်များမှာ အကယ်၍သာမန်အသုံးစရိတ်ကနေ (၉.၀၂) ဖြတ်မယ်ဆိုရင် လျှော့ချပါဆိုရင် ကျွန်တော်တင်ပြတဲ့အတိုင်း (၃၉.၀၂%)မှ (၃၀)ဘဲသုံးပါဆိုရင် (၉.၀၂)ငွေက စုစုပေါင်း ကျပ် ၉,၄၈၃.၅၉၂ သန်း၊ သွယ်ဝိုက်သောနည်းဆိုသည့် သက်ဆိုင်ရာအဖွဲ့အသီးသီးရဲ့ သွယ်ဝိုက်ဆိုတဲ့ အိမ်ရာ အကုန်စသည်ဖြင့်ဒါကို (၄.၈၇%)ဖြတ်မယ်ဆိုရင် ကျပ်သန်းပေါင်း ၁,၄၉၄.၁၃၇သန်း၊ စုစုပေါင်း ကျပ်သန်းပေါင်း၁၁,၃၇၇.၄၂၀ သန်းဖြစ်ပါတယ်။ အကယ်၍ ဒီငွေကို လျှော့ချပြီး ထွက်လာတဲ့ငွေကို သက်ဆိုင်ရာ တိုက်ရိုက်ကျေးလက်ဒေသဆိုတာ ရှမ်းပြည်နယ်မှာ ကျေးရွာပေါင်း (၁၆၀၀၀) နီးပါးရှိတာနဲ့အညီ လက်တွေ့မှာကျခံသုံးစွဲနေရာအင်မတန်နည်းပါတယ်။ အဲ့ငွေတွေလျှော့ချပြီး သက်ဆိုင်ရာ အရေးကြီးတဲ့ဒေသများဖြစ်တဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကိုလည်းကောင်း၊ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကို လည်းကောင်း၊ ကျေးလက်လမ်းဦးစီးကိုဖြည့်စွက်ပြီးတော့ ငွေလုံး

ငွေရင်းအဖြစ် ဖြည့်စွက်ပြီးတော့ ပါဝင်ပြီးဆောင်ရွက်သွားမယ်ဆိုရင် တိုးလာမယ့် ငွေကျပ်သန်းပေါင်း ၁၁,၀၀၀ ကျော်ဟာ အင်မတန်မှ ကျေးလက်ဒေသများကို တိုက်ရိုက်ရာနှုန်းပြည့်အပုံ့အပိုး ဖြစ်သွားလိမ့်မယ်လို့ ယုံကြည်မိပါတယ်။ သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ (Shan State Citizen's Budget) (2019–2020 Fiscal Year)သည် ပြည်သူလူထုအတွက် အကောင်းဆုံးပြည်သူ့ Budget မှတ်တမ်းဝင်သွားမည်ဟု ယုံကြည်ရင်း လွှတ်တော်ဥက္ကဋ္ဌမှ တစ်ဆင့်လေးစားစွာ တိုက်တွန်းအကြံပြုတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ကွန်ဟိန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းအောင်ကျော်ဦးက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းအောင်ကျော်ဦး၊ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** အားလုံးပဲ မင်္ဂလာပါ။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်(၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေးကို တက်ရောက်လာကြတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ လေ့လာသူများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ကျော်ဦး ဖြစ်ပါတယ်။

လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၉–၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်ရန်ပုံငွေလျာထားစာရင်းကို သုံးသပ်အကြံပြုသွားမှာ ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ၂၀၁၉–၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေ (သာမန်၊ ငွေလုံး) လျာထားချက်များကို ကျွန်တော့်အနေနဲ့ ခြုံငုံပြီးတော့ သုံးသပ်အကြံပြုသွားမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်ရန်ပုံငွေဟာဆိုလို့ရှိရင် မည်သည့်ဘဏ္ဍာရေးမူဘောင်၊ ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်းတွေနဲ့ အခြေခံပြီးရေးဆွဲနေသည်ဆိုစေကာမူ ခရိုင်၊ မြို့နယ်အလိုက် စီမံကိန်းလုပ်ငန်းများ ခွဲဝေချထားတဲ့နေရာမှာ အားနည်းချက်ပေါင်းများစွာရှိနေတာကို လေ့လာစိစစ် တွေ့ရှိရပါတယ်။ မြို့နယ်အလိုက် ဘဏ္ဍာရန်ပုံငွေလျာထားမှုတွေမှာ ဥပမာအားဖြင့် တင်ပြရမည်ဆိုလျှင် ခုနက သိန္နီလွှတ်တော်ကိုယ်စားလှယ်၊ ကျောက်မဲလွှတ်တော်ကိုယ်စားလှယ်စသည်ဖြင့် လွှတ်တော်ကိုယ်စားလှယ်အားလုံး ရှေ့က နှိုင်းယှဉ်ပြသွားသလိုပါပဲ ဥပမာတစ်ခုအနေနဲ့လည်း တင်ပြလိုပါတယ်။ ကျွန်တော်တို့မြို့နယ်အလိုက် အချိုးကျခွဲဝေထားတဲ့ ဘဏ္ဍာရန်ပုံငွေရဲ့ အခြေအနေမှာ ဥပမာတစ်ခုအနေနဲ့ ဝန်ကြီးဌာနတစ်ခုကို ဥပမာထားပြီး တင်ပြလိုပါတယ်။ လျှပ်စစ်ဝန်ကြီးဌာနအနေနဲ့ လျာထားစာရင်းအရမှာ ကျွန်တော်ရှမ်းပြည်တောင်ပိုင်းအနေနဲ့ နှိုင်းယှဉ်ပြီးဖော်ပြရမည်ဆိုလျှင် ကျွန်တော့ကို Power Point အသုံးပြုခွင့်ပြုပါ။ ဇယားအရ တောင်ကြီး

ခရိုင်မှာ သုံးစွဲထားတဲ့ငွေ လုပ်ငန်းနဲ့ လျာထားစာရင်းကို တွေ့ရမှာပါ။ လေ့လာကြည့်မည်ဆိုရင် လွှတ်တော်ကိုယ်စားလှယ်များ အားလုံးအနေနဲ့ရော သိရှိပြီးဇယားအတိုင်း တွေ့ရှိရမှာပါ။ လင်းခေးခရိုင်အတွက် လျာထားစာရင်းမှာ စိတ်မကောင်းစရာတစ်ခုကတော့ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နေတဲ့ ကျိုင်းတောင်းမှာဆိုရင် လုပ်ငန်းပေါင်း(၂)ခုပါ။ လျာထားငွေကျပ်သန်းပေါင်းက ၃၆ သန်းပါ။ လျှပ်စစ်ဓာတ်အား ထုတ်လုပ်တဲ့နေရာမှာ အသုံးပြုတဲ့ လျာထားစာရင်းဟာ အနည်းဆုံးဖြစ်နေပါတယ်။ ဒါကိုဥပမာပြခြင်းအားဖြင့် လွိုင်လင်ခရိုင်မှာဆိုလို့ရှိရင်လည်း ဇယားမှာ တွေ့ရှိရမှာပါ။ အသုံးပြုရမယ့် ရန်ပုံငွေလျာထားစာရင်းမှာ သိန္နီလွှတ်တော်ကိုယ်စားလှယ်ပြောသွားသလိုပါဘဲ ကျွန်တော်တို့ရဲ့ ကွန်ဟိန်းမြို့နယ်မှာဆိုလို့ရှိရင် အနည်းဆုံးပါ။ ကျပ်သန်းပေါင်း ၁၆၅.၇၇ သန်း ဖြစ်ပါတယ်။ ဒါကြောင့် ကွာဟမှုတွေပိုမိုပြီးကျဉ်းမြောင်းအောင် စီစဉ်ဆောင်ရွက်မယ်ဆိုရင် ပိုမိုပြီးမှာ ပြိုင်တူဘက်စုံဖွံ့ဖြိုးတိုးတက်တဲ့ မြို့နယ်အလိုက် ဘဏ္ဍာရေးစီမံခန့်ခွဲမှုတွေ ဖြစ်လာမှာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဝန်ကြီးဌာနများမှစီမံကိန်းရေးဆွဲရာ၌လည်း လွှတ်တော်ကိုယ်စားလှယ်များ၏ တင်ပြတောင်းဆိုမှုများ လွှတ်တော်၏ကတိကဝတ်များကို ထည့်သွင်းရေးဆွဲရာမှာလည်း အားနည်းလှတာကို တွေ့ရှိရပါတယ်။ မဖြစ်သင့်သည်မှာ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ တောင်းဆိုမှုကို အလေးထားထည့်သွင်းရေးဆွဲနေတာကိုလည်း စိစစ်တွေ့ရှိရပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များအပေါ်မှာ ပြည်သူတွေရဲ့ ယုံကြည်အားကိုးမှုတွေကို ထိခိုက်စေမှာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များသည် မိမိတို့၏မြို့နယ်အတွက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် လွှတ်တော်သို့ မေးခွန်း မေးမြန်းခြင်း၊ မြို့နယ်၏စီမံကိန်းတွင်မှာလည်း စီမံကိန်းကော်မတီတွေနဲ့ ပူးပေါင်းညှိနှိုင်း ရေးဆွဲခြင်းများဆောင်ရွက်ပါတယ်။ သို့ပါသော်လည်း မြို့နယ်စီမံကိန်းတွေနဲ့ လွှတ်တော်အစည်းအဝေးတွင်သက်ဆိုင်ရာဝန်ကြီးဌာနမှဝန်ကြီးများ၏ ဖြေကြားချက်အကြားမှာ လွှတ်တော်ကိုယ်စားလှယ်တွေဟာ ဘော်လီဘောပုတ်သကဲ့သို့သော အဖြစ်မျိုးရောက်ရှိနေတာ ဖြစ်ပါတယ်။ ထို့အပြင်သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ဘဏ္ဍာနှစ်အလိုက် သာမန်အသုံးစရိတ်တွေကို စနစ်တကျမူဘောင်များချမှတ်ပြီးရေးဆွဲရာမှာ အလွန်ပဲအရေးကြီးလှပါတယ်။ သို့မှသာ နိုင်ငံတော်၏ဘဏ္ဍာရန်ပုံငွေဆုံးရှုံးမှုလျော့နည်းပြီး အကျိုးဖြစ်ထွန်းမှုရှိမှာ ဖြစ်ပါတယ်။ ဥပမာအားဖြင့်တင်ပြရမယ်ဆိုရင် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ ဥပမာအသုံးစရိတ်အနေနဲ့ မော်တော်ယာဉ်ပြင်ဆင်စရိတ်များ၊ အခြားရုံးသုံးစရိတ်များစသည့် ကိစ္စရပ်များတွေကို မူဘောင်တစ်ခုချမှတ်ပြီး ရေးဆွဲသင့်ပါကြောင်း အကြံပြုတိုက်တွန်းအပ်ပါတယ်။ သက်ဆိုင်ရာ ဒေသ၏ဥပဒေရေးဆွဲခြင်းအတွက် ရန်ပုံငွေတင်တောင်းခြင်းဆိုတဲ့ကိစ္စမျိုးတွေမှာ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းနှင့် ကိုက်ညီမှု ရှိ/ မရှိ ပြန်လည်စိစစ်ရန် လိုအပ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီး

ခင်ဗျား။ တိုင်းပြည်တစ်ပြည်၊ နိုင်ငံတစ်နိုင်ငံတွင် ဘတ်ဂျက်ညီမျှစွာ ခွဲဝေသုံးစွဲရေးအတွက် အလွန်ပဲ အရေးကြီးလှပါတယ်။ ဖက်ဒရယ်ဒီမိုကရေစီကို ဦးတည်နေသည်နှင့်အညီ မိမိတို့၏ ဒေသ၊ မြို့နယ်တစ်ခုတည်းအတွက် မကြည့်ဘဲ နေရာဒေသမရွေး ပြိုင်တူဖွံ့ဖြိုးတိုးတက်ရေးအတွက် အတ္တစိတ်များ ဖယ်ရှားပြီး ပွင့်လင်းမြင်သာတဲ့ ညီမျှမျှတသည့် ဘဏ္ဍာရေးမူဘောင်စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စနစ်တကျ ဘဏ္ဍာရေးရန်ပုံငွေခွဲဝေသုံးစွဲရေးနှင့် ပြည်သူအတွက်တိုက်ရိုက် အကျိုးသက်ရောက်စေတဲ့ စီးပွားရေး၊ စီမံကိန်းလုပ်ငန်းများ ပိုမိုပြီး ရေးဆွဲအကောင်အထည်ဖော်ရန် ပြန်လည်သုံးသပ်သင့်ပါကြောင်း အကြံပြုတိုက်တွန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ်အတွက် အရအသုံးခန့်မှန်းခြေငွေစာရင်းနဲ့စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စားလှယ် (၅)ဦးက အကြံပြုသုံးသပ်ဆွေးနွေးသွားတာ ဖြစ်ပါတယ်။ ဒီနေရာမှာ ရှမ်းပြည်နယ်ဒေသန္တရ စီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာနဲ့ ရှမ်းပြည်နယ် အစိုးရအဖွဲ့ရဲ့ ပြန်လည်ရှင်းလင်းဆွေးနွေးခြင်း အစီအစဉ်ကို ကျွန်တော်တို့မနက်ဖြန် အစည်းအဝေးရဲ့ (စတုတ္ထနေ့)မှာ ဆက်လက် ဆောင်ရွက်ဖို့ ရှိပါတယ်။ ဒါကြောင့် ဒီကနေ့ အစီအစဉ်(၈)ကို သွားလိုက်ပါမယ်။

## ဦးစိုင်းလှဝင်း၊ မိုင်းပျဉ်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၂) ၏ "ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန ဝန်ထမ်းများ၏ ပင်စင်၊ လစာ၊ စရိတ်ချီးမြှင့်ငွေများကို ၂၀၁၃ခုနှစ်၊ ရှမ်းပြည်နယ်စည်ပင်သာယာရေး ဥပဒေပုဒ်မ ၆၅တွင် ဝန်ထမ်းအတွက်ကုန်ကျစရိတ်သည် ပြည်သူများမှ ထမ်းဆောင်သော အခွန်အခများဖြစ်သဖြင့် ပြည်သူများ၏ အကျိုး၊ မြို့ပြစနစ်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ပိုမိုဆောင်ရွက်နိုင်ရန်အတွက် အဆိုပါဝန်ထမ်းများ၏ပင်စင်၊ လစာ၊ စရိတ်ချီးမြှင့်ငွေများကို ပြည်နယ်အစိုးရအဖွဲ့၏ တိုက်ရိုက်ကွပ်ကဲသည့် ဝန်ထမ်းအဖွဲ့အစည်းဖြစ်ပြီး ၊ စီမံခန့်ခွဲမှု ၊ အုပ်ချုပ်မှု တာဝန်ယူထားသည့် ဌာနဖြစ်သည့်အတွက် ပြည်နယ်ဘတ်ဂျက်မှ နှစ်စဉ်ထည့်သွင်းရေးဆွဲ ကျခံသုံးစွဲပေးရန်အတွက် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း" အဆိုကို လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၈) ဖြစ်ပါတယ်။ ဦးစိုင်းလှဝင်း၊ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)၏ **"ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန ဝန်ထမ်းများ၏ ပင်စင်၊ လစာ၊ စရိတ်**

**ချီးမြှင့်ငွေများကို ၂၀၁၃ခုနှစ်၊ ရှမ်းပြည်နယ်စည်ပင်သာယာရေး ဥပဒေပုဒ်မ ၆၅တွင် ဝန်ထမ်းအတွက်ကုန်ကျစရိတ်သည် ပြည်သူများမှ ထမ်းဆောင်သော အခွန်အခများသဖြင့် ပြည်သူများ၏ အကျိုး၊ မြို့ပြစနစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပိုမိုဆောင်ရွက်နိုင်ရန်အတွက် အဆိုပါဝန်ထမ်းများ၏ ပင်စင်၊ လစာ၊ စရိတ်ချီးမြှင့်ငွေများကို ပြည်နယ်အစိုးရအဖွဲ့၏ တိုက်ရိုက်ကွပ်ကဲသည့် ဝန်ထမ်းအဖွဲ့အစည်းဖြစ်ပြီး၊ စီမံခန့်ခွဲမှု၊ အုပ်ချုပ်မှုတာဝန်ယူထားသည့်ဌာနဖြစ်သည့်အတွက် ပြည်နယ်ဘတ်ဂျက်မှ နှစ်စဉ်ထည့်သွင်းရေးဆွဲ ကျခံသုံးစွဲပေးရန်အတွက် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း”** အဆိုနှင့်စပ်လျဥ်း၍ လွှတ်တော်ကိုယ်စားလှယ်(၃)ဦးက ဆွေးနွေးဖို့ စာရင်းပေးထားပါတယ်။ ပထမဦးစွာ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ထွဏ်းက အဆိုကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ဒီကနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို ကြွရောက်ချီးမြှင့်ပေးပါသော လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းကျန်းမာကြပါစေလို့ ဆုတောင်းမေတ္တာပို့သပါတယ်။ ကျွန်တော်ကတော့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)က ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မနေ့က (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဒုတိယနေ့)မှာ တင်သွင်းသွားတဲ့ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဝင်း၏**“ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန ဝန်ထမ်းများ၏ ပင်စင်လစာ၊ စရိတ်ချီးမြှင့်ငွေများကို ၂၀၁၃ခုနှစ်၊ ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၆၅ တွင် ဝန်ထမ်းအတွက် ကုန်ကျစရိတ်သည် ပြည်သူများမှ ထမ်းဆောင်သော အခွန်အခများဖြစ်သဖြင့် ပြည်သူများ၏ အကျိုး၊ မြို့ပြစနစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပိုမိုဆောင်ရွက်နိုင်ရန်အတွက် အဆိုပါ ဝန်ထမ်းများ၏ ပင်စင်၊ လစာ၊ စရိတ်ချီးမြှင့်ငွေများကို ပြည်နယ်အစိုးရအဖွဲ့၏ တိုက်ရိုက်ကွပ်ကဲသည့် ဝန်ထမ်းအဖွဲ့အစည်းဖြစ်ပြီး၊ စီမံခန့်ခွဲမှု၊ အုပ်ချုပ်မှုတာဝန်ယူထားသည့် ဌာနဖြစ်သည့်အတွက် ပြည်နယ်ဘတ်ဂျက်မှ နှစ်စဉ်ထည့်သွင်းရေးဆွဲ ကျခံသုံးစွဲပေးရန်အတွက် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း”** အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ရဲ့ စာတမ်းမှာ ဖော်ပြထားချက်အရ ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာနသည် (၂၀၁၈-၂၀၁၉) ဘဏ္ဍာ

ရေးနှစ် (Budget)တွင် ငွေကျပ်(၁၉,၆၂၉.၈၃၇)သန်း ကောက်ခံရရှိမှာဖြစ်ပြီး သာမန်အသုံး စရိတ်ငွေကျပ် (၈,၇၃၂.၂၇၂)သန်း၊ ငွေလုံးငွေရင်းအသုံးစရိတ်ကျပ် (၁၂,၁၃၈.၆၅)သန်းဖြစ် ကြောင်း၊ သာမန်အသုံးစရိတ်ကျပ်(၈,၇၃၂.၂၇၂)သန်းအနက် ရှမ်းပြည်နယ်စည်ပင်သာယာရေး ဌာန ဝန်ထမ်းများ နှင့် ကော်မတီများ၏ ပင်စင်၊ လစာ၊ စရိတ်ချီးမြှင့်ငွေသည် ကျပ်သန်းပေါင်း (၃,၆၆၂.၉၃)သန်း ပါဝင်နေသည်ကို တွေ့ရှိရပါကြောင်း၊ ကောက်ခံရရှိငွေ ကျပ်(၁၉,၆၂၉.၈၃၇) သန်းအနက် ပြည်သူ့အတွက်အကျိုးပြုလုပ်ငန်းတွင်ငွေကျပ်(၁၂,၁၃၈.၀၆)သန်းသာ သုံးစွဲနေရ သည်ကို တွေ့ရှိရကြောင်း ဖော်ပြထားတာကို တွေ့ရှိရပါတယ်။

ယင်းကဲ့သို့ ဝန်ထမ်းများရဲ့ ပင်စင်၊ လစာ၊ စရိတ်ချီးမြှင့်ငွေကို ပြည်သူ့ထံမှ ကောက်ခံ ရရှိတဲ့ အခွန်အခငွေထဲကနေ ထုတ်ယူသုံးစွဲခြင်းသည် မြို့ပြကြီးတွေမှာ ပြဿနာမရှိသော်လည်း မြို့ငယ်လေးတွေမှာ ကြီးမားတဲ့ ပြဿနာတစ်ခုဖြစ်ပါတယ်။ ဥပမာ– ကျွန်တော်တို့ နမ့်ဆန်မြို့ဟာ အင်မတန်သေးငယ်တဲ့ မြို့လေးတစ်မြို့ ဖြစ်ပါတယ်။ လွန်ခဲ့တဲ့(၂၀၁၇– ၂၀၁၈) ဘဏ္ဍာရေးနှစ်မှာ မြို့နယ်စည်ပင်သာယာရေးဌာနက ကောက်ခံရရှိတဲ့ဝင်ငွေက ကျပ်(၄၇၀) သိန်းဖြစ်ပြီး သာမန်အသုံးစရိတ်က ငွေကျပ်(၃၀၂)သိန်း ဖြစ်ပါတယ်။ အဲ့ဒီထဲက ဝန်ထမ်းလစာ ငွေကျပ် (၁၅၇)သိန်း၊ အခြားသာမန်အသုံးစရိတ်ကငွေကျပ်(၂၄၇)သိန်း၊ အဲ့ဒါတွေနုတ်လိုက်တဲ့ အခါမှာ မြို့သာယာသန့်ရှင်းလှပရေးအတွက် တစ်နှစ်မှာ ငွေကျပ်(၂၄)သိန်း(၇)သောင်းဘဲ ကျန်ရှိ ပါတယ်။

နမ့်ဆန်မြို့နယ်မှာ စည်ပင်သာယာရေးဌာနက စီမံခန့်ခွဲခွင့်ရှိတဲ့ လမ်း(၇)လမ်းရှိပါ တယ်။ အဲ့ဒီလမ်းတွေကတော့ ကတ္တရာလမ်းနဲ့ ကွန်ကရစ်လမ်းတွေပဲ ဖြစ်ပါတယ်။ ကွန်ကရစ် လမ်း အဆင့်မြှင့်ဆောင်ရွက်ဖို့ (၀.၁၀၈)မိုင်ကျန်ရှိပြီး ပြုပြင်ဆောင်ရွက်မည်ဆိုပါက ငွေကျပ် (၁၄၅.၂၅) သိန်း ကုန်ကျမှာ ဖြစ်ပါတယ်။ ကတ္တရာလမ်းအဆင့်မြှင့်ဆောင်ရွက်ရန် (၁.၃၁)မိုင် ကျန်ရှိပြီး အဲ့ဒီလုပ်ငန်းတွေ ဆောင်ရွက်မည်ဆိုပါက ငွေကျပ်(၁,၁၂၆.၁၁)သိန်း ကုန်ကျမှာ ဖြစ်ပါတယ်။ ဒါကြောင့် ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွဲဆိုင်း ကိုယ်တိုင် နမ့်ဆန်ကို (၄)ကြိမ်တိတိ လာရောက်ခဲ့လို့ ဒီပြဿနာကို တွေ့ကြုံခဲ့လို့၊ မျက်မြင်တွေ့ရှိခဲ့ ရလို့ပဲ ကတ္တရာတွေ ပံ့ပိုးငွေကျပ် သိန်း(၈၀) ပြည်နယ်ကနေပြီးတော့ ပေးခဲ့လို့ ဒီလောက်အထိ ဆောင်ရွက်နိုင်တဲ့ အနေအထား ဖြစ်ရတာပါ။ စည်ပင်ဝန်ကြီးကို အထူးကျေးဇူးတင်ပါတယ်။ ကျန်ရှိတဲ့ စည်ပင်ငွေ(၂၄)သိန်းနဲ့ဆိုရင် ဘာမှလုပ်လို့ရမှာ မဟုတ်ပါဘူး။

ဒါတောင် အလျား(၂၀၂)ပေ အနံ(၄၈)ပေရှိပြီး ဧရိယာ(၀.၂၂၃)ဧက ကျယ်ဝန်းတဲ့ ပန်းချယ်ရီပန်းခြံတစ်ခုကို အဆင့်မြှင့်တင်ဖို့အတွက် လုပ်ကိုင်ရန်ကျန်ရှိပါသေးတယ်။ အဲ့ဒီပန်း ခြံကို ပြုပြင်ဆောင်ရွက်မည်ဆိုရင် ငွေကျပ်သိန်း (၂၀၀၀)လိုအပ်မှာ ဖြစ်ပါတယ်။ နောက်ပြီး

ဟင်းသီးဟင်းရွက်၊ အသားငါးဈေးလည်း မရှိသေးပါဘူး။ ကားလမ်း၏ ဘေးမှာပဲဖြစ်သလို ခင်းကျင်းရောင်းချနေရပါတယ်။

ကျွန်တော်တို့ နမ့်ဆန်မြို့လို လိုအပ်ချက်အများကြီးရှိနေသေးတဲ့ တစ်ခြားမြို့ငယ်လေးတွေ အများကြီးရှိနေလိမ့်မယ်လို့ ယူဆပါတယ်။ အခွန်အခ သိမ်း(၁၀၀)အောက်ရရှိတဲ့ မြို့နယ်ပေါင်း (၁၀)မြို့နယ်ရှိကြောင်း သိရှိရပါတယ်။ ဒါကြောင့် ပြည်သူလူထုထံမှ ကောက်ခံရရှိတဲ့ အခွန်အခငွေတွေကို ပြည်သူ့အကျိုးပြုလုပ်ငန်းမှာပဲ အသုံးပြုပြီး စည်ပင်သာယာဝန်ထမ်းနဲ့ ကော်မတီများရဲ့ ပင်စင်၊ လစာ၊ စရိတ်ချီးမြှင့်ငွေများကို နှစ်စဉ် ရှမ်းပြည်နယ်အစိုးရရဲ့ (Budget) ထဲမှာ ထည့်သွင်းရေးဆွဲ ကျခံသုံးစွဲသင့်ကြောင်း အဆိုကို ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလင်းအောင်ဆွေက အဆိုကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လေ့လာကြသော ဧည့်သည်တော်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပထမ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။

ကျွန်တော်ကတော့ နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)က ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးလင်းအောင်ဆွေ ဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဝင်း၏ **“ရှမ်းပြည်နယ်စည်ပင်သာယာရေးဝန်ထမ်းများ၏ ပင်စင်၊ လစာ၊ စရိတ်၊ ချီးမြှင့်ငွေများကို ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၆၅ တွင် ဝန်ထမ်းအတွက် ကုန်ကျစရိတ်သည် ပြည်သူများမှ ထမ်းဆောင်သော အခွန်အခများဖြစ်သဖြင့် ပြည်သူများ၏ အကျိုး၊ မြို့ပြစနစ်ဖွံ့ဖြိုးတိုတက်ရေးလုပ်ငန်းများကို ပိုမိုဆောင်ရွက်နိုင်ရန်အတွက် အဆိုပါဝန်ထမ်းများ၏ ပင်စင်၊ လစာ၊ စရိတ်ချီးမြှင့်ငွေများကို ပြည်နယ်အစိုးရအဖွဲ့၏ တိုက်ရိုက်ကွပ်ကဲသည့် ဝန်ထမ်းအဖွဲ့အစည်းဖြစ်ပြီး စီမံခန့်ခွဲမှု၊ အုပ်ချုပ်မှုတာဝန်ယူထားသည့် ဌာနဖြစ်သည့်အတွက် ပြည်နယ်ဘတ်ဂျက်မှ နှစ်စဉ်ထည့်သွင်းရေးဆွဲ ကျခံသုံးစွဲပေးရန်အတွက် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း”** အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကြီး၏ ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရဲ့ မြို့နယ်၊ မြို့ပြအသီးသီးမှာ အဓိကကျပြီးအရေးပါဆုံးသော ပုဂ္ဂိုလ်များဟာ မြို့နယ် အသီးသီးတွင် သန့်ရှင်းသာယာလှပဖို့ အလွှာစုံ ကဏ္ဍစုံမှာ စိတ်ရောကိုယ်ပါနှစ်ပြီး တာဝန် ထမ်းဆောင်နေကြတဲ့ စည်ပင်သာယာရေးဝန်ထမ်းများဖြစ်ကြပါတယ်။

မြို့ပေါ်လမ်းမ၊ လမ်းကြိုလမ်းကြား၊ ဈေး၊ ကျောင်း၊ ဌာနများအပြင် မြို့ပြင်အထိ စဉ်ဆက် မပြတ် မရွက်မကြောက် အမှိုက်ကောက်၊ အမှိုက်လှည်း၊ အမှိုက်ဆွဲ၊ အမှိုက်သိမ်း၊ အမှိုက် မီးရှို့ခြင်းများအပြင် စွန့်ပစ်ပစ္စည်းအညစ်အကြေးများအားလုံးကို မရွံမရှာ အနံ့တာခံပြီး ဝမ်းရေး တစ်ထွာအတွက် စဉ်ဆက်မပြတ် လုပ်ဆောင်ပေးနေကြတာ စည်ပင်သာယာရေးဌာနက နေ့စား၊ လစားဝန်ထမ်းများပဲဖြစ်ပါတယ်။ အခြေခံကျတဲ့ ဒီဝန်ထမ်းတွေဟာ သာမန်အခြေခံ ကျတဲ့ ပြည်သူလူထုများဖြစ်ပြီး နိစ္စဓူဝ မိမိနေထိုင်ရာမြို့ရဲ့ မနက်ခင်း မိုးမလင်းခင်ကတည်းက မြို့ရဲ့ရေရရှိရေး၊ မြို့သန့်ရှင်းရေး၊ မြို့ပြလမ်းတံတား၊ လျှပ်စစ်မီးဖွံ့ဖြိုးရေးလုပ်ငန်းများနဲ့ မြို့ပြသာယာလှပရေးလုပ်ငန်းများမှာ ပြည်သူတွေရဲ့အကြားမှာပဲ နေဝင်မိုးချုပ်ထိ အလုပ်လုပ် နေကြတာကို မြို့နယ်အလိုက် အားလုံးတွေ့မြင်ကြရမှာ ဖြစ်ပါတယ်။

မြို့ပြများဟာ ခေတ်အလိုက်၊ နှစ်အလိုက် နယ်ပယ် ကျယ်ဝန်းဖွံ့ဖြိုးတိုးတက်လာသည် နှင့်အညီ မြို့ပြလမ်းများတိုးပွားလာမှု၊ မြို့ပြအိမ်ခြေတိုးတက်လာမှု၊ မြို့ပြလူဦးရေ တိုးတက်လာ မှုအခြေအနေအရ လက်ရှိမြို့နယ်အသီးသီးမှာရှိတဲ့ စည်ပင်သာယာရေးဌာနရဲ့ ဝန်ထမ်းများ အတွက်ကတော့ ကြီးမားတဲ့စိန်ခေါ်မှုတွေဖြစ်လာပါတယ်။ ဘယ်လိုပဲ ကျယ်ပြန့် များပြားလာတဲ့ မြို့ပြအခြေအနေဖြစ်ပါစေ သူတို့အနေနဲ့ အမျိုးမျိုးသော စိန်ခေါ်မှုတွေဖြစ်တဲ့ ဝေဖန်မှု၊ တွန်းတိုက်မှု၊ ထောက်ရှုမှုတွေ ရှိသည့်တိုင်အောင် လက်ရှိမြို့နယ် အလိုက်ကောက်ခံရရှိတဲ့ စည်ပင်အခွန်အခက ငွေကြေးနဲ့ ဝန်ထမ်းအလိုက် လစာ၊ နေ့စားခ ပေးချေနေရတဲ့ ဝန်ထုပ် ဝန်ပိုးများကို ထမ်းနေကြရတာပဲ ဖြစ်ပါတယ်။

ဖွံ့ဖြိုးတိုးတက်တဲ့ အခွန်အထမ်းကောက်ခံမှု များပြားစွာရရှိတဲ့ မြို့ပြတွေအနေနဲ့ ဝန်ထမ်းရှိမှု၊ ခန့်အပ်မှု၊ ထောက်ပံ့မှုတွေဟာ မပြောပလောက်ပေမယ့် အခွန်အထမ်းကောက်ခံ ရရှိမှု နည်းပါးတဲ့ မြို့ပြတွေမှာတော့ ကြီးမားတဲ့စိန်ခေါ်မှုတွေရှိလို့ မြို့ပြဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍတွေမှာလည်း တွင်ကျယ်စွာ မဆောင်ရွက်နိုင်သလို ဝန်ထမ်းခန့်အပ်ဖို့ လစာနဲ့ နေ့စားခ ပေးဖို့ကလည်း အထိုက်အလျောက် အခက်အခဲတွေ တွေ့ကြုံနေကြတာ အားလုံးအသိပဲ ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်ရဲ့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈)တွင် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များ၊ ပုဒ်မ ၃၄၉ မှာ“နိုင်ငံသားများသည်

အောက်ပါလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် တူညီသော အခွင့်အလမ်းများ ရရှိစေရမည်၊ (က) ပြည်သူ့ဝန်ထမ်းတာဝန်ထမ်းဆောင်မှု” လို့ပါရှိပြီး ဒီပြဋ္ဌာန်းချက်အရ နိုင်ငံသားများဖြစ်တဲ့ စည်ပင်သာယာရေးဝန်ထမ်းဟာလည်း အခြားသော နိုင်ငံ့ဝန်ထမ်းများနည်းတူ လက်ရှိရှမ်းပြည်နယ်အတွင်းရှိ မြို့ပြများမှ စည်ပင်ဝန်ထမ်းများဟာ ရှမ်းပြည်နယ်အစိုးရရဲ့ တိုက်ရိုက်ကွပ်ကဲခြင်းခံရတဲ့ဌာနဖြစ်သဖြင့် ပြည်နယ်ဘတ်ဂျက်မှ ပင်စင်၊ လစာ၊ စရိတ်ချီးမြှင့်ငွေများကို နှစ်စဉ်ထည့်သွင်းကျခံ သုံးစွဲပေးနိုင်ရေး အဆိုပြုရေးဆွဲပေးဖို့ လိုအပ်လာပြီဖြစ်ပါတယ်။

သို့မှသာ ဦးစိုင်းလှဝင်း တင်သွင်းတဲ့ အဆိုပါအတိုင်း ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ နှစ်စဉ်ထည့်သွင်းရေးဆွဲကျခံသုံးစွဲပေးပါက ဝန်ထမ်းများကို စီမံခန့်ခွဲမှု၊ အုပ်ချုပ်မှုကိစ္စရပ်များမှာ ပိုမိုထိရောက်စွာ ဆောင်ရွက်လာနိုင်မည့်အပြင် ဝန်ထမ်းများအတွက် အခြားနိုင်ငံ့ဝန်ထမ်းများနည်းတူ လစာနှင့် နေ့စားခ ခံစားခွင့်တူညီမှုရရှိလာနိုင်သကဲ့သို့ မြို့ပြဖွံ့ဖြိုးတိုးတက်မှုဆောင်ရွက်ရာမှာလည်း မြို့များအလိုက် အားနည်းတဲ့ မြို့ပြတွေကို ဖွံ့ဖြိုးတိုးတက်ရေး ပိုမိုဆောင်ရွက်လာနိုင်မှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ဦးစိုင်းလှဝင်း၊ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ တင်သွင်းတဲ့ ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာနမှ ဌာနဝန်ထမ်းများ၏ ပင်စင်၊ လစာ၊ စရိတ်ချီးမြှင့်ငွေများကိုပြည်နယ်ဘတ်ဂျက်မှ နှစ်စဉ်ထည့်သွင်းရေးဆွဲ ကျခံသုံးစွဲပေးရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်း အဆိုကို အလေးအနက်ထောက်ခံအပ်ပါကြောင်း ရိုသေလေးစားစွာဖြင့် ဆွေးနွေးတင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခွန်ဒီဂေါလ်က အဆိုကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးခွန်ဒီဂေါလ်၊ လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားရပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကိုယ်စားလှယ်တော်ကြီးများအားလုံး၊ လေ့လာရေးရောက်ရှိနေကြတဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်ဒီဂေါလ်ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလှဝင်း အဆိုတင်သွင်း

သည့် **"ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန ဝန်ထမ်းများ၏ ပင်စင်၊ လစာ၊ စရိတ်ချီးမြှင့်ငွေများကို ပြည်နယ်ဘတ်ဂျက်မှ နှစ်စဉ်ထည့်သွင်းရေးဆွဲ ကျခံသုံးစွဲပေးရန်အတွက် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော်တို့ ရှမ်းပြည်နယ်သည် မြို့နယ်ပေါင်း (၅၅)မြို့နယ်ရှိပြီး လူဦးရေ (၅.၈)သန်းကျော် နေထိုင်တဲ့ ပြည်နယ်တစ်ခုဖြစ်ပါတယ်။ လူဦးရေ (၁.၄)သန်းခန့်ဟာ မြို့ပြဒေသမှာ နေထိုင်ကြတာ ဖြစ်ပါတယ်။ မြို့ပြဒေသများတွင် အေးချမ်းသာယာမှုကြောင့်လည်းကောင်း၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်း ကောင်းမွန်စွာတည်ရှိတဲ့ အတွက်ကြောင့် ကျေးလက်ဒေသမှ ပြည်သူလူထုများဟာ မြို့ပြသို့ နှစ်စဉ်အလိုက် အဆက်မပြတ် ပြောင်းရွှေ့နေထိုင်လာကြတာ တွေ့ရမှာဖြစ်ပါတယ်။ ယခုကဲ့သို့ ပြောင်းရွှေ့နေထိုင်လာမှု အတွက်ကြောင့် မြို့ပြဒေသတွေမှာ လူဦးရေများ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာတာ တွေ့ရှမှာ ဖြစ်ပါတယ်။ ဒီလိုဖွံ့ဖြိုးတိုးတက်လာတဲ့ လူဦးရေတွေကို ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို လည်းပဲ လိုက်လျောညီထွေစွာ ကျွန်တော်တို့က အဆင့်မြှင့်တင် ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။

မြို့ပြဒေသသာယာလှပရေးနှင့် မြို့ပြနေပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်နိုင်ရေး အတွက် စည်ပင်သာယာရေးဌာနမှ ဝန်ဆောင်မှု ပေးလျက်ရှိပါတယ်။ စည်ပင်သာယာရေးဌာန၏ သဘောသဘာဝအရ မိမိမြို့နယ်အတွင်းမှာ ရရှိတဲ့ အခွန်အကောက်များထဲမှ မိမိဝန်ထမ်း လစာ၊ စရိတ်နှင့် ချီးမြှင့်ငွေများ၊ ပင်စင်များအပြင် မြို့ပြသာယာလှပရေးဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အစဉ်ဆောင်ရွက်ရတဲ့ ဌာနတစ်ခု ဖြစ်ပါတယ်။

ဝင်ငွေများ များပြားသော မြို့နယ်များတွင် ဝန်ထမ်းဦးရေခန့်ထားရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကောင်းမွန်စွာ စီမံဆောင်ရွက်နိုင်သော်လည်းပဲ အချို့မြို့နယ်များတွင် ဝင်ငွေနည်းပါးသောကြောင့် လိုအပ်သော ဝန်ထမ်းများ ခန့်ထားခြင်းနှင့် လိုအပ်သော ယာဉ်ယန္တရားများ ဝယ်ယူနိုင်ရန် အလွန်မှခက်ခဲပါတယ်။ ဥပမာအားဖြင့် ကျွန်တော်တို့မြို့နယ် မိုင်းပွန်မြို့နယ်ဟာဆိုရင် စည်ပင်သာယာနယ်နိမိတ် ဖြစ်ပါတယ်။ သို့သော် စည်ပင်ဝန်ထမ်းခန့်ထားနိုင်ခြင်းမရှိပါဘူး။ ထို့ကြောင့် မြို့ပြဒေသတွေမှာ တစ်မြို့နဲ့တစ်မြို့ ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်မှုက တဖြည်းဖြည်း ပိုမိုများပြားလာတာ တွေ့ရှိရပါတယ်။ ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်များအားလုံး တစ်ပြေးညီ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရအဖွဲ့မှ အထူးအလေးထားဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ စည်ပင်သာယာရေးဌာနရှိ ဝန်ထမ်းများဟာ ပြည်နယ်အစိုးရ၏ တိုက်ရိုက်စီမံအုပ်ချုပ်မှုအောက်တွင် တည်ရှိသည့်အလျောက် ဝန်ထမ်း

များ၏ ပင်စင်၊ လစာ၊ ချီးမြှင့်ငွေအသုံးစရိတ်များကို ပြည်နယ်ဘတ်ဂျက်မှ ကျခံသုံးစွဲသင့်ကြောင်း အကြံပြုရင်း ဦးစိုင်းလှဝင်း၊ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ အဆိုကို လေးနက်စွာ ထောက်ခံဆွေးနွေးအပ်ပါတယ်။ အထူး ကျေးဇူးတင်ရှိပါတယ်။

## အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** ဦးစိုင်းလှဝင်းတင်သွင်းသောအဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စားလှယ် (၃)ဦးက ထောက်ခံဆွေးနွေးသွားပါတယ်။ အစီအစဉ်အရ သက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုးညွန့်လွင်(ခ)ဦးစိုးကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်း၊ နှလုံး၏ သာယာခြင်းနှင့် ပြည့်ဝကြပါစေလို့ ဆုမွန်ကောင်းတောင်းပါတယ်။ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဝင်းမှ **"ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန၊ ဝန်ထမ်းများ၏ ပင်စင်လစာ၊ စရိတ်ချီးမြှင့်ငွေများကို ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ် စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၆၅ တွင် ဝန်ထမ်းအတွက် ကုန်ကျစရိတ်သည် ပြည်သူများမှ ထမ်းဆောင်သော အခွန်အခများ ဖြစ်သဖြင့် ပြည်သူများ၏အကျိုး၊ မြို့ပြစနစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပိုမိုဆောင်ရွက်နိုင်ရန်အတွက် အဆိုပါဝန်ထမ်းများ၏ ပင်စင်၊ လစာ၊ စရိတ်ချီးမြှင့်ငွေများကို ပြည်နယ်အစိုးရအဖွဲ့၏ တိုက်ရိုက်ကွပ်ကဲမှု ဝန်ထမ်းအဖွဲ့အစည်းဖြစ်ပြီး စီမံခန့်ခွဲအုပ်ချုပ်မှု တာဝန်ယူထားသည့် ဌာနဖြစ်သည့်အတွက် ပြည်နယ်ဘတ်ဂျက်မှ နှစ်စဉ်ထည့်သွင်းရေးဆွဲ ကျခံသုံးစွဲပေးရန်အတွက် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းခြင်း"**အဆိုနှင့် ပတ်သက်ပြီး ပြန်လည်ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

စည်ပင်သာယာရေးဌာနသည် ယခင်က ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဌာန/ အဖွဲ့အစည်း တစ်ခုဖြစ်ပါတယ်။ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေတွင် ပါဝင်စဉ်ကတည်းက ဌာန၏ လုပ်ငန်းသဘောသဘာဝအရ မိမိဌာနမှ ကောက်ခံရရှိသော ဝင်ငွေအပေါ်မူတည်၍ ၎င်းတို့၏ သာမန်အသုံးစရိတ်လို့ခေါ်တဲ့ လစာ၊ ပင်စင်တို့ အပါအဝင် အစရှိသည်တို့နှင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် ငွေလုံးငွေရင်း အသုံးစရိတ်ကို ကျခံသုံးစွဲရတာဖြစ်ပါတယ်။ ၂၀၁၁ – ၂၀၁၂ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၆)လမှ စတင်၍ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ ပြည်နယ်ဘဏ္ဍာရန်ပုံငွေဟူ၍ ခွဲခြားဆောင်ရွက်ခဲ့ပြီးနောက် ပြည်နယ်

ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်လာသော်လည်း စည်ပင်သာယာရေးအဖွဲ့အနေဖြင့် အထက်ပါ လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်ခဲ့ပြီး လိုငွေပေါ်ပေါက်လာပါက ချေးငွေအဖြစ် ရယူဆောင်ရွက်ရန် ညွှန်ကြားထားရှိပါတယ်။ ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်မှ စတင်ပြီး တော့ ဦးစီးဌာနအဖြစ်သတ်မှတ်ခဲ့ပြီး အခြားဌာန/ အဖွဲ့အစည်းများနည်းတူ လိုငွေပေါ်ပေါက် ပါက ထောက်ပံ့ငွေအဖြစ်ပေးအပ်ရန် ပြည်ထောင်စုအစိုးရအဖွဲ့မှ ညွှန်ကြားထားရှိခဲ့ပြီး ဖြစ်ပါတယ်။ သို့ရာတွင် ရှမ်းပြည်နယ်အစိုးရအနေဖြင့် ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်မှ လက်ရှိရေးဆွဲနေသော ၂၀၁၉ - ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အထိ စည်ပင်သာယာရေးဌာန၏ ရငွေများမှရရှိသော အသုံးစရိတ်များ လစာ၊ ပင်စင်များအပါအဝင် ပြည်သူလူထုကို အကျိုးပြု စေမည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် ထောက်ပံ့ငွေလျာထားပြီး လိုငွေပြ ဘတ်ဂျက်အဖြစ် ရေးဆွဲခဲ့ပါတယ်။

လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ စည်ပင်သာယာရေး ဝန်ထမ်းတွေရဲ့ ပင်စင်၊ လစာ၊ စရိတ်ချီးမြှင့်ငွေများကို ပြည်နယ်အစိုးရ၏ ဘတ်ဂျက်ခွဲဝေ လျာထားမှုမှာ နှစ်စဉ်ထည့်သွင်းရေးဆွဲပေးရန် တောင်းဆိုခြင်းမှာ ပြည်ထောင်စုဘတ်ဂျက် ဥပဒေ၊ ပြည်နယ်ဘတ်ဂျက်ဥပဒေနှင့် ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေနှင့် ကိုက်ညီမှု မရှိပါဘူးခင်ဗျား။ ကျွန်တော်တို့ ဒီအဆိုနဲ့ ပတ်သက်ပြီးတော့ တင်သွင်းတဲ့ လွှတ်တော် ကိုယ်စားလှယ်ကော ထောက်ခံဆွေးနွေးတဲ့ လွှတ်တော်ကိုယ်စားလှယ်များတွေရဲ့ စိတ်ခံစား ချက်၊ သူတို့ဒေသတွေရဲ့ မြို့ပြတွေမှာ လက်တွေ့ခံစားရတာ အမှန်တကယ် ဖြစ်ပါတယ်။ ရှမ်း ပြည်နယ်ဟာ အင်မတန်ကျယ်ဝန်းပြီးတော့ မြို့နယ်ပေါင်း (၅၅)မြို့နယ်၊ မြို့ပေါင်း(၈၄)မြို့ရှိပြီး မြို့နယ်ခွဲပေါင်း (၂၉)မြို့နယ်ရှိပါတယ်။ အဲ့ဒီတော့ ဒီဒေသမှာ ကျွန်တော်တို့ ပြည်နယ်အစိုးရ အနေနဲ့ ဘတ်ဂျက်ခွဲဝေတဲ့အခါမှာ ပြည်နယ်မှာရရှိတဲ့ ဘတ်ဂျက်သည် ကျွန်တော်တို့ တစ်နှစ်ကို ဘီလီယံ(၂၀၀)ကျော်လောက်ရပါတယ်။ ယခုဆို (၁၆၄) ဘီလီယံက သာမန်အသုံး စရိတ် ခွဲထုတ်လိုက်တဲ့အခါမှ ငွေလုံးငွေရင်းအဖြစ် ဘီလီယံ(၁၀၀)ကျော်ပဲ သုံးစွဲရတာ ဖြစ်ပါတယ်။ ဒီလိုသုံးစွဲရတဲ့အခါမှာ ကျွန်တော်တို့အနေနဲ့ ရှိတာလေးနဲ့လှအောင်ဝတ်ဆိုတဲ့ စကားအတိုင်းပဲ ကျွန်တော်တို့ မျှမျှတတဖြစ်အောင်ဆိုပြီး ရှမ်းပြည်နယ်အစိုးရအနေနဲ့ မျှတမှုကို မြို့ပြတွေရဲ့ဖွံ့ဖြိုးမှုကို ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၈-၂၀၁၉ Regular ဘတ်ဂျက်ကနေစပြီး ရှမ်း(တောင်)၊ ရှမ်း(မြောက်)၊ ရှမ်း(ရှေ့)မြို့ကြီး (၁၂)မြို့ကို ကျွန်တော်တို့ အဆင့်မြှင့်တင်ဖို့ကြိုးစားပါတယ်။ ၂၀၁၉-၂၀၂၀ ဘတ်ဂျက်မှာလည်း ထည့်သွင်းလျာထားပြီး ဖြစ်ပါတယ်။ အလားတူဘဲ ဒီမြို့နယ်ပေါက်စတွေရဲ့ ပြဿနာကရငွေနဲ့ သုံးငွေက သာမန် အသုံးစရိတ်ကို နုတ်လိုက်ရင်ငွေလုံးငွေရင်းအသုံးစရိတ်က အနည်းငယ်သာ ကျန်ရှိတဲ့အတွက် အဲ့ဒီမြို့တွေရဲ့ဖွံ့ဖြိုးမှုဟာ အင်မတန်နောက်ကျတာကို ကျွန်တော်တို့ လေ့လာတွေ့ရှိရပါတယ်။

ဒါကိုလည်း ကျွန်တော်တို့အစိုးရအနေနဲ့ သိရှိရပါတယ်။ အဲ့အတွက် ကတ္တရာကို အဲ့ဒီမြို့နယ်တွေအတွက် ကိုယ်ထူကိုယ်ထနဲ့ အစိုးရရဲ့ ပံ့ပိုးမှုနဲ့ ပူးပေါင်းဆောင်ရွက်မှသာလျှင် ဒီဒေသတွေလည်း အတူတကွဖွံ့ဖြိုးတိုးတက်လာနိုင်တယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကျွန်တော်တို့နှစ်စဉ်ကတ္တရာအပိုတန်ချိန်ကို များစွာဝယ်ယူပြီး ဖြန့်ဖြူးလျက်ရှိပါတယ်။ ကျွန်တော်တို့ ဒီကိစ္စနဲ့ပတ်သက်ပြီး ဒါဟာတိုင်းနဲ့ ပြည်နယ်အစိုးရ လုပ်ပိုင်ခွင့်၊ ပြည်နယ်အစိုးရရဲ့ အုပ်ချုပ်မှုမှာရှိနေသေးသော်လည်း ပြည်ထောင်စုအစိုးရရဲ့ သဘောထား၊ လုပ်ထုံးလုပ်နည်းဥပဒေ၊ ဘတ်ဂျက်ဥပဒေ၊ စည်ပင်သာယာရေးဥပဒေအားလုံးကို ချိန်ညှိပြီးတော့မှ ပြည်ထောင်စုအစိုးရကိုတင်ပြပြီး ကျွန်တော်တို့အနေနဲ့ ဆက်လက်အဖြေရှာသွားမှာ ဖြစ်ပါတယ်။ ဥပမာ–စည်ပင်သာယာရေးဌာနကမလုပ်နိုင်တာကို မြို့တွေကို ကိုယ်ထူကိုယ်ထနဲ့ သွားမလားအစိုးရအနေနဲ့ ဘယ်လိုဆောင်ရွက်မလဲဆိုတာကို ကျွန်တော်တို့ ပြည်ထောင်စုအစိုးရကိုတင်ပြပြီးတော့ စီမံဆောင်ရွက်ရမှာဖြစ်တယ်ဆိုတဲ့အကြောင်း ထည့်သွင်းပြောကြားလိုပါတယ်။ သို့ဖြစ်ပါ၍ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးစိုင်းလှဝင်း၏ အဆိုအား မှတ်တမ်းအဖြစ်သာထားရှိပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်က ဤအဆိုကို မှတ်တမ်းအဖြစ်သာထားရှိဖို့ ပြန်လည်ရှင်းလင်းဆွေးနွေးသွားပါတယ်။ ဒါကြောင့် ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၂၅၊ နည်းဥပဒေခွဲ(စ)(ဆ)အရ အဆိုတင်သွင်းသော လွှတ်တော်ကိုယ်စားလှယ်က နောက်တစ်ကြိမ်ပြန်လည်ဆွေးနွေးနိုင်ပါတယ်။

**ဦးစိုင်းလှဝင်း၊ မိုင်းပျဉ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အခုလို ကျွန်တော်တင်သွင်းတဲ့ အဆိုကို သက်ဆိုင်ရာ အစိုးရအဖွဲ့ဝင် ဝန်ကြီးကနေပြီးတော့ ရှင်းလင်းတင်ပြတဲ့အတွက် အထူးကျေးဇူးတင်ပါတယ်။ ထိုနည်းတူစွာပါပဲ ကျွန်တော့်အဆိုကို ထောက်ခံဆွေးနွေးပေးသွားတဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံး အထူးကျေးဇူးတင်ပါကြောင်း ပြောကြားလိုပါတယ်။ ကျွန်တော့်အနေဖြင့် ဘာကြောင့် တင်လည်းဆိုတော့ ကျွန်တော် တင်ပြချက်အရလည်းကောင်း၊ သက်ဆိုင်ရာလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများရဲ့ ကိုယ့်မြို့နယ်ရဲ့ အခက်အခဲတွေ အသေးစိတ်တင်ပြချက်များအရလည်းကောင်း၊ ဝန်ကြီးများမှာလည်းပါပါတယ်။ သက်ဆိုင်ရာ စည်ပင်သာယာရေးဌာနရဲ့ အခက်အခဲတွေ၊ ဒါပေမဲ့ မှတ်တမ်းတင်ပါအနေအထားထက် အတည်ပြုပေးဖို့လိုအပ်ပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ နောင်ဒီကိစ္စနဲ့ပတ်သက်လာရင် အပြောင်းအလဲဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ အစိုးရအဖွဲ့အနေနဲ့လည်းဖြစ်နိုင်တဲ့ လုပ်ဆောင်နိုင်တဲ့

စီမံခန့်ခွဲနိုင်တဲ့ နည်းလမ်းတွေ ရှိကောင်းရှိနိုင်ပါတယ်။ ဆိုတော့ကာ အဲ့ဒီနည်းလမ်းကောင်းများဖြင့် စီမံခန့်ခွဲပြီး သက်ဆိုင်ရာ အခြေခံဥပဒေများ ပြောင်းလဲလာလို့ရှိရင်လည်း ကျွန်တော်မြင်တာက အတည်ပြုနိုင်မယ့် စည်ပင်ကို သက်ဆိုင်ရာအစိုးရအဖွဲ့ရဲ့ ရန်ပုံငွေဘတ်ဂျက်ထဲ ထည့်သွင်းဆောင်ရွက်နိုင်မယ့် အနေအထားလေးရှိကောင်းရှိလာမယ်လို့ ကျွန်တော်ယုံကြည်တာနဲ့အညီ ဤအဆိုကို မှတ်တမ်းထားမည့်အစား လွှတ်တော်၏ အဆုံးအဖြတ်ခံယူပါမည်ဖြစ်ကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** အစိုးရအဖွဲ့ရဲ့ ပြန်လည်ရှင်းလင်းချက်နဲ့ သက်ဆိုင်ရာ အဆိုတင်တဲ့ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ ဆွေးနွေးချက်ကို ကျွန်တော့်အနေနဲ့ ကြည့်တဲ့အခါမှာ ဤအဆိုသည် လောလောဆယ်မှာ အတည်ဖြစ်သော်လည်းပဲ ရုတ်တရက်ဆောင်ရွက်၍ မရတဲ့ ကိစ္စဖြစ်တယ်လို့ ကျွန်တော့်အနေနဲ့ သဘောပေါက်ပါတယ်။ သို့သော်လည်းပဲ အဆိုရှင်က လွှတ်တော်ရဲ့ဆန္ဒကို ခံယူမယ်ဆိုတော့လည်း လွှတ်တော်ဆန္ဒကို ခံယူပါမယ်။ ပြီးတော့မှ လက်တွေ့အကောင်အထည်ဖော်တဲ့ အချိန်ကာလကျတော့ လောလောဆယ် ဖြစ်ချင်မှဖြစ်မှာပေါ့နော်။ ဒါကြောင့်မလို့ အဆိုနှင့် စပ်လျဉ်းပြီးတော့မှ လွှတ်တော်ဆန္ဒခံယူဖို့ ဖြစ်ပါတယ်။ အဆိုတင်သွင်းသော လွှတ်တော်ကိုယ်စားလှယ်အနေနဲ့ ၎င်း၏အဆိုကို အတည်ပြုပေးဖို့အတွက် လွှတ်တော်၏ ဆန္ဒခံယူလိုကြောင်းတင်ပြလာတဲ့အတွက် အခု လွှတ်တော်ရဲ့ ဆန္ဒကို မဲနဲ့ ရွေးချယ်မှာ ဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၇ အရ အစည်းအဝေးသို့ တက်ရောက်၍ ဆန္ဒမဲပေးသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ရမှာ ဖြစ်ပါတယ်။ ဆန္ဒမဲပေးတဲ့နေရာမှာ လျှို့ဝှက်မဲပေး စက်ခလုတ်ကို ကျင့်သုံးသွားမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော့်အနေနဲ့ ဆန္ဒမဲပေးနိုင်ကြပါပြီလို့ ကြေညာမှသာ စက်ခလုတ်ကို စတင်အသုံးပြုဖို့ သတိပြုစေလိုပါတယ်။ ဦးစိုင်းလှဝင်း တင်သွင်းသောအဆိုကို အတည်ပြုရန် သဘောတူပါက ထောက်ခံဆန္ဒမဲပေး၍ အဆိုကို အတည်ပြုရန် သဘောမတူပါက ကန့်ကွက်ဆန္ဒမဲပေးရန် ဖြစ်ပါတယ်။ ထောက်ခံမဲများပါက အဆိုသည် အတည်ဖြစ်ပြီး ကန့်ကွက်မဲများပါက အဆိုသည် ပြည်နယ်အဆင့် အဖွဲ့အစည်းဝင် မှတ်ချက်ပြုသည့်အတိုင်း မှတ်တမ်းတင်မှာ ဖြစ်ပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။ ထောက်ခံဆန္ဒမဲ (၄၀)မဲ၊ ကြားနေမဲ(၁၉)မဲ၊ ကန့်ကွက်မဲ (၇၀)မဲ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကန့်ကွက်ဆန္ဒမဲများသည့်အတွက် အဆိုအား မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

# ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပြည်နယ်လွှတ်တော်ရေးရာကော်မတီ(၁၀)ခု သက်တမ်းတိုးမြှင့်ခြင်းကို လွှတ်တော်၏ အတည်ပြုချက် ရယူခြင်း

**ဥက္ကဋ္ဌ။** အစီအစဉ် (၁၀) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်တွင် ရေးရာကော်မတီ(၁၀)ခုကိုဖွဲ့စည်းထား ရှိခဲ့ပြီး ဖြစ်ပါတယ်။ ၂၀၀၈ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၆၇ (ဂ)၊ ၂၀၁၃ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၂၅၊ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၂ (ဂ)တွင် လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီနှင့်အဖွဲ့များကို ဖွဲ့စည်းသည့်အခါ ယင်းကော်မတီ သို့မဟုတ် အဖွဲ့များ၏ အဖွဲ့ဝင်ဦးရေ၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းကိုပါ သတ်မှတ်ပေးရမည်ဟု ဖော်ပြပါရှိပါတယ်။ ဒါကြောင့် ရေးရာ ကော်မတီများ၏ သက်တမ်းသည် (၁)နှစ်ပြည့်ပြီဖြစ်သဖြင့် ကော်မတီများ၏ သက်တမ်း တိုးမြှင့် သတ်မှတ်ခြင်းကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူမှာ ဖြစ်ပါတယ်။ အဲ့ဒီကော်မတီ များကတော့-

၁။ ဥပဒေပြုရေးဆိုင်ရာကော်မတီ၊

၂။ တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ၊

၃။ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ၊

၄။ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေးကော်မတီ၊

၅။ တိုင်ကြားစာများစိစစ်ရေးကော်မတီ၊

၆။ ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၊

၇။ ပညာရေး၊ ကျန်းမာရေးနှင့် အမျိုးသမီး၊ ကလေးဆိုင်ရာမြှင့်တင်မှုကော်မတီ၊

၈။ တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်းချမ်းရေးကော်မတီ၊

၉။ တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီ၊

၁၀။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးနှင့် လျှပ်စစ်ရေးရာ ကော်မတီတို့ ဖြစ်ပါတယ်။

ဒါကြောင့်မလို့ယင်းကော်မတီများ၏ သက်တမ်းတိုးမြှင့်ခြင်းကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**( သုံးကြိမ်တိုင်တိုင်မေးပါသည်။**
**လွှတ်တော်က သဘောတူပါသည်)**

လွှတ်တော်က သဘောတူတဲ့အတွက် ဖော်ပြပါ ကော်မတီ(၁၀)ခု၏ သက်တမ်းတိုးမြှင့်ကြောင်း ကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက အရေးတကြီးအဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/ မသင့် အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ် (၁၁) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဝင်းက ယခုကျင်းပနေတဲ့ (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေးသို့ အရေးတကြီး အဆိုတစ်ရပ် တင်သွင်းခွင့်ပြုရန် တင်ပြလာပါတယ်။ ၂၀၁၃ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၁၆ ပါပြဋ္ဌာန်းချက်အရလည်းကောင်း၊ နည်းဥပဒေ ၁၁၈ ပါ ကန့်သတ်ချက်များနှင့် နည်းဥပဒေ ၁၁၉ ပါ စည်းကမ်းချက်များနှင့်ညီပါက ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌသည် အဆိုတင်သွင်းရန်ခွင့်ပြုနိုင်သည်ဟု ဖော်ပြထားသလို အရေးတကြီးကိစ္စရပ်ကို အဆိုတင်သွင်းခြင်းနှင့် ဆွေးနွေးခြင်းဆိုင်ရာနည်းဥပဒေ ၁၂၂(က) အရ အများပြည်သူနှင့် သက်ဆိုင်သော လောလောဆယ် အရေးတကြီးကိစ္စရပ်ကို ဆွေးနွေးရန် အဆိုတင်သွင်းခွင့် ပြုနိုင်သည်ဟု ပြဋ္ဌာန်းထားတာတွေ့ရှိရပါတယ်။ ယခုအချိန်မှာ တိုင်းဒေသကြီးနှင့် ပြည်နယ် တွေမှာ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး လှုပ်ရှား ဆောင်ရွက်မှုများကို ကျယ်ကျယ် ပြန့်ပြန့်တွေ့ရှိရသလို ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးမှာ လည်းပဲ လွှတ်တော်ကိုယ်စားလှယ်များက လွှတ်တော်အစည်းအဝေး ရပ်နားသည့် အချိန် ကာလအထိ ဒီကိစ္စနှင့်စပ်လျဉ်းပြီး ဆွေးနွေးဆဲဖြစ်ပြီး ပြည်ထောင်စုလွှတ်တော်ကို ပြန်လည် ကျင်းပတဲ့အခါမှာ ထပ်မံဆွေးနွေး၍ လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူနိုင်ကြောင်း တွေ့ရှိရပါ တယ်။ ဒီဖြစ်စဉ်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၆၁ ပြင်ဆင်ရေးပါဝင်လာတဲ့အခါမှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များနဲ့ တိုက်ရိုက်သက်ဆိုင်တာ ဖြစ်တဲ့အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အသီးသီးရှိ ပြည်သူလူထုများရဲ့ ကိုယ်စားလှယ်များ ဖြစ်ကြတဲ့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များဟာ ရပ်တည်ချက်တစ်ခုကို မဏ္ဍိုင် ပြုပြီးတော့ ဖော်ပြသင့်တယ်လို့ ယူဆပါတယ်။ ဒါကြောင့် အခြေနေအချိန်ခါရဲ့ ပေးထားချက်

အရ အဆိုရှင်က ယခုကျင်းပနေတဲ့ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးမှာ အရေးတကြီး အဆိုတစ်ရပ် တင်သွင်းလာခြင်းကို ခွင့်ပြုကြောင်း ကျွန်တော့်အနေနဲ့ လွှတ်တော်ကို အသိပေးပြောကြားလိုပါတယ်။ မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးသန်းဝင်းတင်သွင်းသည့်အဆိုမှာ **"ဥပဒေနှင့်အညီ တင်သွင်းထားသော ဒုတိယအကြိမ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်သည့် ဥပဒေမူကြမ်းအား ဂုဏ်ယူဝမ်းမြောက် ကြိုဆိုကြောင်း"** အဆိုဖြစ်ပါတယ်။ ယခု အဆိုရှင်က အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း၊ မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** အားလုံး မင်္ဂလာပါခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (တတိယနေ့) ကို တက်ရောက်လာကြတဲ့ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး၊ ဒုတိယလွှတ်တော်ဥက္ကဋ္ဌ၊ ရှမ်း ပြည်နယ်ဝန်ကြီးချုပ်နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ တပ်မတော်သားပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူများ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ပထမဦးစွာ ဂါရဝပြုနှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဝင်း ဖြစ်ပါတယ်။ ကျွန်တော် တင်သွင်းတဲ့ အဆိုကတော့ **"ဥပဒေနှင့်အညီ တင်သွင်းထားသော ဒုတိယအကြိမ် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)အား ဂုဏ်ယူဝမ်းမြောက်ကြိုဆိုကြောင်း"** အရေးတကြီးအဆိုဖြစ်ပါတယ်။

ပြည်ခိုင်ဖြိုးပါတီကိုယ်စားပြု ကျောင်းကုန်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းထွန်းအပါအဝင် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ် (၁၄၃)ဦးက ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၃၃၊ ပုဒ်မ ၄၃၅နှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၃၃တို့အရ (၈-၂-၂၀၁၉)ရက်နေ့မှာ လက်မှတ်ရေးထိုးတင်သွင်းခဲ့သော ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်းပြီး ပြည်ထောင်စု လွှတ်တော်နာယက (၁၉-၂-၂၀၁၉)ရက်တွင် ကျင်းပသည့် ဒုတိယအကြိမ် ပြည်ထောင်စု လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးအဋ္ဌမနေ့မှာ ပြည်ထောင်စုလွှတ်တော်ကို အသိပေးတင်ပြခဲ့ပါတယ်။

အဆိုပါ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်းမှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၆၁၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲ(ခ)၏ ပုဒ်မခွဲငယ် (၁)နဲ့ (၂)၊ ပုဒ်မခွဲ(ဂ)(ဃ)(င)တို့အား အစားထိုးပြင်ဆင်ရန် တင်သွင်း ထားကြောင်း လေ့လာတွေ့ရှိရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုလွှတ်တော်

ကိုယ်စားလှယ်ကြီးကျောင်းကုန်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်း တင်သွင်းခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်းကို လေ့လာရာမှာ ဖက်ဒရယ်၏ အနှစ်သာရတွေ ပေးစွမ်းနိုင်ကြောင်းကို တွေ့ရှိရပါတယ်။

ဒ့ါအပြင် ကျွန်တော်တို့ တိုင်းရင်းသားဒေသ ပြည်သူများလိုလားတောင့်တနေတဲ့ ဒီမိုကရေစီနှင့် ဖက်ဒရယ်ကို အခြေခံသည့် ပြည်ထောင်စုစနစ်ကို ထိရောက်စွာ လက်တွေ့ ကျကျဖော်ဆောင်နိုင်ဖို့ သက်ဆိုင်ရာဒေသအလိုက် အနိုင်ရလွှတ်တော်ကိုယ်စားလှယ်များက တင်မြှောက်သူသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် ဖြစ်လာမည်ကို တွေ့ရှိ ရပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၆၁ အား ယခုတင်သွင်းသော ပြင်ဆင်ချက်အတိုင်း ပြင်ဆင်လိုက်မယ်ဆိုပါက တိုင်းဒေသကြီးများ၊ ပြည်နယ်များအတွက် လုပ်ပိုင်ခွင့်များ ပိုမိုရရှိမှာဖြစ်ပြီး ဗဟိုချုပ်ကိုင်မှုကို များစွာလျှော့ချနိုင်မည် ဖြစ်ပါတယ်။ တည်ဆဲဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၁၁ (က)မှာ “နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်းအပြန်အလှန်ထိန်းကျောင်းခြင်းတို့ ပြုသည်ဟုလည်းကောင်း၊ ပုဒ်မ ၁၁ (ခ)မှာ ထိုသို့ပိုင်းခြားထားသည့် နိုင်ငံတော်အာဏာ(၃)ရပ်ကို ပြည်ထောင်စု၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများအား ခွဲဝေအပ်နှင်းသည်ဟု လည်းကောင်း” သတ်မှတ်ပြဋ္ဌာန်းထားရာ ယခုပြင်ဆင်သည့် ပုဒ်မ ၂၆၁ နှင့်လည်း ကိုက်ညီ ကြောင်း တွေ့ရှိရပါတယ်။

လက်ရှိအခြေခံဥပဒေ ပုဒ်မ ၂၆၁ အရ ပြည်နယ်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်များကို နိုင်ငံတော်သမ္မတက တိုက်ရိုက်ခန့်အပ်ပိုင်ခွင့် ရရှိနေခြင်းဖြစ်ရာ ပြည်ထောင်စုအစိုးရ ဖွဲ့စည်းခွင့်ရသည့် အနိုင်ရပါတီက ဝန်ကြီးချုပ်ခန့်အပ်နိုင်သည့် အခွင့်အရေးအပြည့်အဝ ရနေတာကိုလည်း တွေ့ရှိရတာ ဖြစ်ပါတယ်။ ထိုအချက်သည် ဖက်ဒရယ်ပြည်ထောင်စု ပီပြင်စွာပေါ်ပေါက်ရေးအတွက် ကြီးမားသော အဟန့်အတားဖြစ်နေပါတယ်။ ပုဒ်မ၂၆၁ကို ပြင်ဆင်လိုက်မယ်ဆိုရင် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် အနိုင်ရဒေသခံ ပြည်သူ့ကိုယ်စားလှယ်များက ဝန်ကြီးချုပ်ခန့်အပ်ပိုင်ခွင့်ရရှိမည်ဖြစ်တဲ့အတွက် တိုင်းရင်းသား အခွင့်အရေး ပိုမိုရရှိရေးကို ထိရောက်အောင်မြင်စွာ ဖော်ဆောင်နိုင်မည်ကိုလည်း တွေ့ရှိရမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောင်းကုန်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်း တင်သွင်းထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၁ ပြင်ဆင်ချက်(မူကြမ်း)ကို ဥပဒေနှင့်အညီ အချိန်မီ အတည်ပြုဆောင်ရွက်နိုင်မှသာလျှင် တိုင်းရင်းသားအခွင့်အရေးများ အလျင်အမြန်ရရှိ ခံစားကြရမှာဖြစ်ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၆၁ ပြင်ဆင်ချက်မူကြမ်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဆိုပါက လွှတ်တော်ကိုယ်စားလှယ် (၇၅%)ကျော်က ထောက်ခံဆန္ဒပြုပြီး တိုင်းရင်းသားများလိုလားတောင့်တနေတဲ့ ဖက်ဒရယ်အနှစ်သာရ အခွင့်အရေးများ ထိရောက်စွာ ရရှိမည်ဖြစ်တဲ့အတွက်ကြောင့် **"ဥပဒေနှင့်အညီ တင်သွင်းထားသော ဒုတိယအကြိမ် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်သည့် ဥပဒေမူကြမ်းအား ရှမ်းပြည်နယ်လွှတ်တော်က ဂုဏ်ယူဝမ်းမြောက်ကြိုဆိုပါကြောင်း"** အရေးတကြီးအဆိုကို တင်သွင်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** အဆိုကို ထောက်ခံမည့် ကိုယ်စားလှယ် တင်ပြဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းကျော်၊ မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဝင်းရဲ့အရေးတကြီးအဆိုဟာ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြင်ဆင်ရာမှာ အစီအစဉ်အတိုင်း စနစ်တကျဖြစ်တဲ့အပြင် ခေတ်ကာလနဲ့လည်း လိုက်လျောညီထွေပါတယ်လို့ ယူဆတဲ့အတွက် ကျွန်တော် ဦးစိုင်းကျော်၊ မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ထောက်ခံအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အရေးတကြီးအဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအရေးတကြီးအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း (သို့မဟုတ်) အရေးတကြီးအဆိုကို လက်ခံဆွေးနွေးရန်ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။**

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဝင်း တင်သွင်းသော အဆိုကို လွှတ်တော်ကိုယ်စားလှယ်(၁)ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ **"ဥပဒေနှင့်အညီ တင်သွင်းသော ဒုတိယအကြိမ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်သည့် ဥပဒေမူကြမ်းအား ဂုဏ်ယူဝမ်းမြောက်ကြိုဆိုကြောင်း"** အဆိုဖြစ်ပါတယ်။ ယခု အဆိုကို လက်ခံဆွေးနွေးရန် သင့်/ မသင့် လွှတ်တော်၏ ဆန္ဒရယူပါမယ်။ ၎င်းအဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**( သုံးကြိမ်တိုင်တိုင်မေးပါသည်။**
**လွှတ်တော်က သဘောတူပါသည်)**

အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူသည့် ကိုယ်စားလှယ်ရှိပါသလားခင်ဗျား။ အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူသည့် ကိုယ်စားလှယ်မရှိသည့်အတွက် ဦးသန်းဝင်း ရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။

မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဝင်းက တင်သွင်းသည့် အဆိုကို ၂၀၁၉ ခုနှစ်၊ ဧပြီလ ၅ ရက် (သောကြာနေ့)မှာ ဆွေးနွေးပါမယ်။ ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ အစည်းအဝေး ရပ်နားတဲ့အခါ ဒီကနေ့ ညနေ(၅)နာရီ နောက်ဆုံးထားပြီး ပြည်နယ်လွှတ်တော်ရုံး၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးသွင်းဖို့ ဖြစ်ပါတယ်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(တတိယနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး (စတုတ္ထနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (တတိယနေ့)ကို ရပ်နား ပါမယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (စတုတ္ထနေ့)ကို ၂၀၁၉ ခုနှစ်၊ ဧပြီလ ၅ ရက်(သောကြာနေ့) နံနက်(၁၀)နာရီ အချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီရှင်။ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များရှင်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည် ထွက်ခွာနိုင်ပါပြီရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

# ရှမ်းပြည်နယ်

# ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်

# (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

# (စတုတ္ထနေ့)မှတ်တမ်း

## ၁၃၈၀ ပြည့်နှစ်၊ တန်ခူးလဆန်း ၁ ရက်

## ၂၀၁၉ ခုနှစ်၊ ဧပြီ လ ၅ ရက်

## [ သောကြာနေ့ ]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (စတုတ္ထနေ့) အစီအစဉ်ကို နံနက်(၁၀) နာရီအချိန်၌ စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ဒေါ်နန်းမိုခမ်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရှမ်းပြည်နယ်လွှတ်တော်ရုံးက လည်းကောင်း၊ တွဲဖက် အခမ်းအနားမှူးအဖြစ် ဒေါ်ဟန်သီဦး၊ ဒုတိယညွှန်ကြားရေးမှူးက လည်းကောင်း ဆောင်ရွက် ပါသည်။

## ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတင်ကျင်းပခြင်း။

**အခမ်းအနားမှူး။** အားလုံးမင်္ဂလာပါရှင်။ လေးစားအပ်ပါသော ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များရှင်။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (စတုတ္ထနေ့)အား ကျင်းပပြုလုပ်မည် ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသောနေရာများတွင် နေရာယူပေးကြ ပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ရှင်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီရှင်။

**(ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။)**

အားလုံးထိုင်နိုင်ပါပြီရှင်။

## ပြည်နယ်လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် လေ့လာသူဧည့်သည်တော်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (စတုတ္ထနေ့)မှာ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်စုစုပေါင်း( ၁၄၀ )ဦး ရှိသည့်အနက် ဒီကနေ့ အစည်းအဝေးကို (၁၃၁)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ (၉၃.၅၇) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၀(က)နှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၄(ခ) တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်အစည်းအဝေး (စတုတ္ထနေ့)အစီအစဉ်ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ခ)အရ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (စတုတ္ထနေ့) အစီအစဉ်များကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်အတိုင်း ဆက်လက်ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။

## အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄ (က)အရ ယနေ့အစည်းအဝေး မတက်ရောက်နိုင်တဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီက ခွင့်ပန်ကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား ပြည်နယ်လွှတ်တော်

ကိုယ်စားလှယ်များနှင့် လေ့လာသူဧည့်သည်တော်များအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပဏာမ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၅-၄-၂၀၁၉ ရက် (စတုတ္ထနေ့)မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ ဥက္ကဋ္ဌဖြစ်သူ ကျွန်တော် ဦးလင်းအောင်ဆွေက ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များမှာ-

(၁) ဗိုလ်မှူးကြီးလှဦး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၂) ဒေါက်တာညီညီအောင်၊ သယံဇာနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၃) ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၄) ဦးခွန်းအေးမောင်၊ ကယန်း တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ (၅)ဦးရှိပြီး ယနေ့ ခွင့်ပန်ကြားသူ(၄)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ခွင့်ပန်ကြားသူ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၉)ဦးအား ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်လွှတ်တော်သို့ ရိုသေလေးစားစွာဖြင့် တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ခွင့်ပန်ကြားချက်များအားလုံးကို ခွင့်ပြုပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ဒီကနေ့ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (စတုတ္ထနေ့)ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်

ဦးရေမှာ (၁၄၀)ဦး၊ ယခင်ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၅)ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၄)ဦး ဖြစ်ပါတယ်။ စုစုပေါင်း ခွင့်ပြုထားသူ(၉)ဦးရှိပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (စတုတ္ထနေ့)သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်က သဘောတူပါသည်)**

ပြည်နယ်လွှတ်တော်က သဘောတူတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာ ပါတယ်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၅)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်နယ်လွှတ်တော်သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်းအစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါ တယ်။ ယခု ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၈)ဦးက မေးမြန်းထားတဲ့ မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားသွားဖို့ ဖြစ်ပါတယ်။

ပထမဦးစွာ ကျောက်မဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းထွန်းဝင်း(ခ) စိုင်းနော်ခမ်းက မေးခွန်း(၁၂)ကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းထွန်းဝင်း(ခ) စိုင်းနော်ခမ်း၊ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** ဒီကနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (စတုတ္ထနေ့)သို့ ကြွရောက်လာသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်

များ၊ လေ့လာသူဧည့်သည်တော်များ ကိုယ်၏ ကျန်းမာခြင်းနှင့် စိတ်၏ ချမ်းသာခြင်း ပြည့်စုံကြပါစေလို့ ဦးစွာပဏာမပြု နူတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းဝင်း(ခ)စိုင်းနော်ခမ်း ဖြစ်ပါတယ်။

ကျွန်တော့်ရဲ့ မေးခွန်း(၁)အနေနဲ့ ရှမ်းပြည်နယ်အတွင်းရှိ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ လိုအပ်နေသော မြေတိုင်းစက်ကိရိယာ ဖြည့်ဆည်းပေးနိုင်ရန်နှင့် ချို့ယွင်းနေသော စက်ပစ္စည်းများ လျင်မြန်စွာ ပြုပြင်ပေးနိုင်ပါရန် အစီအစဉ် ရှိ/ မရှိ ကြယ်ပွင့်ပြ မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်အတွင်း လယ်ယာမြေများ ပုံစံ(၇) လျှောက်ထားခြင်းနှင့် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ လျှောက်ထားလာမှု များပြားလာသည်နှင့်အညီ ခေတ်မီမြေတိုင်းစက်ကိရိယာများ လိုအပ်မှု ရှိနေပါတယ်။ ထိုသို့ ဆောင်ရွက်ရာမှာ မြေကြီးနှင့် မြေပုံ မှန်ကန်စွာ တိုင်းတာပေးနိုင်ရန်အတွက် ခေတ်မီမြေတိုင်း စက်ကိရိယာများ လိုအပ်နေပြီး အောက်ခြေမြို့နယ်များ၌ လက်ရှိအသုံးပြုနေသော မြေတိုင်း စက်ပစ္စည်းများသည်လည်း ချို့ယွင်းမှုများ ရှိနေသည်ကို လေ့လာတွေ့ရှိရပါတယ်။

ရှမ်းပြည်နယ်အတွင်း ဂရန်ထုတ်ပေးရန် လယ်ယာမြေ မှတ်ပုံတင်ခြင်း ပုံစံ(၇) မြေလွတ်၊ မြေလပ်၊ မြေရိုင်းနှင့် ပတ်သက်ပြီး ဆောင်ရွက်ပေးနိုင်ရန် လွှတ်တော်ကိုယ်စားလှယ်များထံသို့ တောင်းဆိုမှုများ ရှိနေပါတယ်။ ဥပမာ– လက်ရှိကျောက်မဲမြို့အတွင်းမှာ မြေတိုင်းစက်ဆိုရင် (၃)လုံးသာရှိပြီးတော့ အဲ့ဒီ(၃)လုံးအနက်မှ (၂)လုံးသည် ပျက်စီးနေသည်ကို တွေ့ရှိရပါတယ်။ ထိုသို့ စက်ပစ္စည်းများ ချွတ်ယွင်းမှုကြောင့် ကိုယ်သွားတိုင်း စိတ်မပါသလို ဖြစ်နေတာကို တွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ ရှမ်းပြည်နယ် မြို့နယ်များအတွင်းရှိ အောက်ခြေ မြို့နယ်များ၌ လိုအပ်နေသော ခေတ်မီမြေတိုင်းစက်ကိရိယာများ ဖြည့်ဆည်းပေးနိုင်ရန်နှင့် ချွတ်ယွင်းနေသော စက်ပစ္စည်းများကိုလည်း လျင်မြန်စွာ ပြုပြင်ပေးနိုင်ပါရန် အစီအစဉ် ရှိ/ မရှိ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ အစိုးရဌာနရုံးသို့ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။

ဒုတိယမေးခွန်းအနေနဲ့ကတော့ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံးဝန်ထမ်းများ တိုးချဲ့ဖြည့်ဆည်းပေးနိုင်ပါရန် အစီအစဉ် ရှိ/ မရှိ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရှိ ရုံးဝန်ထမ်းများသည် လုပ်ငန်းနှင့် ဝန်မမျှနေခြင်းကို တွေ့ရှိနေရပါတယ်။ ထိုဌာနအတွင်းရှိ ဝန်ထမ်းများသည် တစ်ဦးလျှင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု နှစ်ခု၊ သုံးခု တွဲကိုင်နေရသည်မှာ လုပ်ငန်းနှောင့်နှေး ကြန့်ကြာမှုများ ရှိနေပါတယ်။ ၎င်းဌာနသည်လဲ မိခင်လုပ်ငန်းအပြင် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီမှာလည်း အဓိကနေရာမှာ ပါဝင်လုပ်ကိုင်နေသည်ကို တွေ့ရှိရပါတယ်။ ပြည်သူများမှ လယ်ယာမြေမှတ်ပုံတင်ခြင်း ပုံစံ(၇)နှင့် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ လျှောက်ထားရာမှာ နှစ်နဲ့ချီ ကြန့်ကြာမှုများ ရှိနေသည်ကို တွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီး ဌာနတွင် လိုအပ်လျက်ရှိနေသော ရုံးဝန်ထမ်းများကို တိုးချဲ့ဖြည့်ဆည်းပေးနိုင်ပါရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း**ဝန်ကြီးက မေးခွန်း(၁၂)ကို တစ်ဆက်တည်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။** အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် နှင့်တကွ ဒီနေ့လွှတ်တော်ကို တက်ရောက်လာကြတဲ့ ကိုယ်စားလှယ်များအားလုံးနဲ့ လေ့လာ သူများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းထွန်းဝင်း(ခ) စိုင်းနော်ခမ်း မေးမြန်းတဲ့ ပထမမေးခွန်းဖြစ်တဲ့ ရှမ်းပြည်နယ်အတွင်းမှာ အောက်ခြေမြို့နယ်များမှာရှိတဲ့ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ လိုအပ်လျက်ရှိနေတဲ့ ခေတ်မီမြေတိုင်း စက်ကိရိယာများ ဖြည့်ဆည်းပေးနိုင်ပါရန်နှင့် ချို့ယွင်းနေတဲ့ စက်ပစ္စည်းများကို လျင်မြန်စွာ ပြုပြင်ပေးနိုင်ပါရန် အစီအစဉ် ရှိ/ မရှိဆိုတဲ့ မေးခွန်းနဲ့ ပတ်သက်ပြီး ဦးစွာရှင်းလင်းဖြေကြား ပေးသွားမှာ ဖြစ်ပါတယ်။

လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှာ တိုင်းတာတဲ့ စက်များဖြစ်တဲ့ ခေတ်မီမြေတိုင်းစက်ကိရိယာများဖြစ်တဲ့ R.T.K(G.P.S)စက်ပစ္စည်းများဖြစ်တဲ့ C.H.C(R.T.K) စက်အမျိုးအစား အလုံး(၄၀) ရှိပါတယ်။ Horizontal (R.T.K) (၄၂)လုံး ရှိပါတယ်။ Spectra (R.T.K) (၂၈)လုံး ရှိပါတယ်။ စုစုပေါင်း (R.T.K)နဲ့ ပတ်သက်တဲ့ စက်ပစ္စည်းပေါင်း (၁၁၀)လုံးနှင့် Total Station စက်ပစ္စည်းများဖြစ်သည့် Hi-Target Total Station (၁၄)လုံး၊ Horizontal Total Station (၁၁)လုံးနဲ့ Pentax Total Station (၁၄)လုံး၊ Topcon Total Station (၂) လုံး၊

စုစုပေါင်း (၄၁)လုံးကို ရှမ်းပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနမှာရှိတဲ့ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များ ခွဲဝေရရှိထားတာ ဖြစ်ပါတယ်။ ဒီစက်ကိရိယာ များဟာလည်း လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ပြည်ထောင်စု (ရုံးချုပ်) ကနေပြီးတော့ နှစ်အလိုက် မြေတိုင်းတာရေးစီမံချက်များအရ ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်ပြီးတော့ ခေတ်မီမြေတိုင်း စက်ကိရိယာများကို ခွဲဝေဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကျွန်တော်တို့ရဲ့ ရရှိတဲ့စက်အနေထားနဲ့ ဆောင်ရွက်တဲ့လုပ်ငန်းများဟာ များပြားတဲ့အတွက် မျှတမှုမရှိတာကိုလည်း လေ့လာတွေ့ရှိရပါတယ်။ ဒါ့အပြင် ပြည်နယ်/ ခရိုင်/ မြို့နယ်များမှာ နှစ်အလိုက် ခွဲဝေပေးထားသော ခေတ်မီမြေတိုင်းစက်ပစ္စည်းများနှင့် ပတ်သက်ပြီး ချို့ယွင်း ပျက်စီးမှုဖြစ်လာပါက လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန(ရုံးချုပ်)သို့ အချိန်နှင့် တပြေးညီတင်ပြရမှာ ဖြစ်ပါတယ်။ တင်ပြတဲ့အခါမှာလည်း သတ်မှတ်ကာလ (Warranty) အတွင်းဖြစ်ပါက တင်ဒါအောင်မြင်သည့် ကုမ္ပဏီများကိုလည်းကောင်း (Warranty) ကာလကျော် လွန်ပါက ဌာနကကျွမ်းကျင်တဲ့ ပညာရှင်များမှ စစ်ဆေးပြုပြင်ခြင်းနှင့် ပစ္စည်းများလဲလှယ်၍ လိုအပ်ပါက ဌာနရန်ပုံငွေဖြင့် (ရုံးချုပ်)အနေနဲ့ လျင်မြန်စွာ ဖြည့်ဆည်းဆောင်ရွက်ပေးလျက် ရှိပါကြောင်း ပထမမေးခွန်းကို ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး ဒုတိမေးခွန်းဖြစ်တဲ့ ရှမ်းပြည်နယ်အတွင်း လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှာ လိုအပ်လျက်ရှိနေတဲ့ ရုံးဝန်ထမ်းတွေ တိုးချဲ့ပေးရန် အစီအစဉ် ရှိ/ မရှိ ဆိုတဲ့ မေးခွန်းနှင့် ပတ်သက်ပြီး ရှမ်းပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာန၏ ဖွဲ့စည်းပုံမှာ အရာထမ်းခွင့်ပြု (၃၅)ဦးရှိပြီးတော့ ခန့်အပ်ထားတာ (၃၀)ဦးပဲ ရှိပါတယ်။ လစ်လပ် (၅)ဦး၊ အမှုထမ်းခွင့်ပြု (၁၇၀၈)ဦး ရှိပါတယ်။ ခန့်ထားတာ(၁၁၇၇) ဦးရှိပါတယ်။ လစ်လပ်နေတဲ့ ဝန်ထမ်း(၅၃၁)ဦး ရှိပါတယ်။ အုပ်စုမြေတိုင်းစာရေးတွေဖြစ်တဲ့ (မြေတိုင်း-၄၊ မြေတိုင်း-၅)၊ ခွင့်ပြုထားတာက (၉၃၅)ဦး ဖြစ်ပြီးတော့ အမှန်တကယ်ခန့်ထား နိုင်တာက (၆၆၂)ဦးဖြစ်ပြီး လစ်လပ်နေတာ (၂၇၃)ဦး ရှိပါတယ်။

ရှမ်းပြည်နယ်မှာ ရပ်ကွက်/ ကျေးရွာအုပ်စုပေါင်း (၂၀၄၈)ခန့် ရှိပြီးတော့ အုပ်စု မြေတိုင်းစာရေးတိုင်းဟာ (မြေတိုင်း-၄၊ မြေတိုင်း-၅)တွေဟာ ခန့်ထားနိုင်မှု (၆၆၂)ဦးပဲ ရှိပါတယ်။ ဒါကြောင့် အုပ်စုမြေတိုင်းစာရေး တစ်ဦးဟာ ကျေးရွာအုပ်စု (၃/ ၄) အုပ်စုကို တစ်ဦး တာဝန်ယူ ဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့် ဝန်ထမ်းအနေနဲ့လည်း မိမိဌာနရဲ့ အဓိကလုပ်ငန်းတာဝန်တွေဖြစ်တဲ့ မြေကြီး၊ မြေပုံနှင့် မြေစာရင်းမှန်ကန်ရေး၊ နှစ်စဉ်စီမံချက် ရေးဆွဲပြီးတော့ မြေတိုင်းတာခြင်း လုပ်ငန်းကို ဆောင်ရွက်ခြင်း၊ သီးနှံစိုက်ပျိုးထုတ်လုပ်မှု စာရင်းများ မှန်ကန်စွာပြုစုရေးနဲ့ မြေယာအသုံးချမှုစာရင်းများ မှန်ကန်စွာ ပြုစုထုတ်ပြန်ရေး၊

လယ်ယာမြေ ဥပဒေ၊ မြေလွတ်၊ မြေရိုင်းနှင့် စီမံခန့်ခွဲရေးဥပဒေများနှင့်အညီ လယ်ယာမြေနှင့် မြေလွတ်၊ မြေရိုင်းများ စီမံခန့်ခွဲမှုလုပ်ငန်းများကိုလည်း ဆောင်ရွက်ရတာ ဖြစ်ပါတယ်။ လယ်ယာစစ်တမ်းကောက်ယူရေးလုပ်ငန်းတွေ၊ စာချုပ်စာတမ်း မှတ်ပုံတင် ဥပဒေနှင့်အညီ စာချုပ်စာတမ်းများ မှတ်ပုံတင်ပေးနိုင်ရေးတို့ကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့အပြင် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေး ကော်မတီအဆင့်ဆင့်တွင်လည်းကောင်း၊ လယ်ယာမြေစီမံခန့်ခွဲရေးအဆင့်ဆင့်တွင်လည်းကောင်း သက်ဆိုင်ရာ အာဏာပိုင်များမှ တာဝန်ပေးအပ်တဲ့ အခြားလုပ်ငန်းတာဝန်များတွင်လည်းကောင်း ဌာနဝန်ထမ်းများဟာ ပေါင်းစပ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလုပ်ငန်းပမာဏနှင့် ဝန်ထမ်း ဌာနမမျှတသဖြင့် ဖွဲ့စည်းပုံ အမှန်တကယ်တိုးချဲ့ဖွဲ့စည်းရန် လိုအပ်လျက်ရှိပါတယ်။ ရှမ်းပြည်နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနအနေနဲ့ ဖွဲ့စည်းပုံတိုးချဲ့ဖွဲ့စည်းနိုင်ဖို့အတွက် ပြည်နယ်အစိုးရအဖွဲ့၏ သဘောထားမှတ်ချက်နှင့်အတူ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်း အင်းဦးစီးဌာန(ရုံးချုပ်)သို့ တင်ပြထားပြီး ဖြစ်ပါတယ်။

ဒါ့အပြင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်းမြောင်းဝန်ကြီးဌာနအနေနဲ့လည်း လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှာ အမှန်တကယ် လိုအပ်လျက်ရှိတဲ့ ရုံးဝန်ထမ်းများကို တိုးချဲ့ဖွဲ့စည်းပေးနိုင်ရန်အတွက် အဆင့်တိုးမြှင့် ပြင်ဆင်ဖွဲ့စည်းမည့် ဖွဲ့စည်းပုံကိုလည်း ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနနှင့် အမျိုးသားရေးစီမံခန့်ခွဲရေးဦးစီးဌာန (စိစစ်တိုး) မှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြနိုင်ရေးအတွက် စီမံဆောင်ရွက် လျက်ရှိပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ပြန်လည်ဖြေကြားအပ်ပါ တယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှဦးဆန်းဝင်းအောင် (ခ)ဦးအောင်အောင်က မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဆန်းဝင်းအောင် (ခ)ဦးအောင်အောင်၊ မိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** အားလုံး မင်္ဂလာပါ။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်ဧည့်ပရိတ်သတ်များခင်ဗျား။ (၁၃)ရက်နေ့မှာ ကျရောက်မဲ့ အတာသင်္ကြန် နှစ်သစ်ကူးကို အေးချမ်းစွာ ဖြတ်သန်းနိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်ခရိုင်၊ မိုင်းတုံမြို့နယ် မဲဆန္ဒနယ်

အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဆန်းဝင်းအောင်(ခ)ဦးအောင်အောင် ဖြစ်ပါတယ်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့ရှိ ထိုင်း- မြန်မာအမှတ်(၁) ချစ်ကြည်ရေး တံတားနှင့် တာချီလိတ်မြို့ အဝင်/ အထွက် မယ်ယန်းစစ်ဆေးရေးဂိတ်တို့၌ အခွန် လစ်ဟာမှုရှိခြင်းနှင့် ဒေသတွင်း ပြည်သူများ အခွန်နှစ်ကြိမ် ပေးဆောင်ရခြင်းအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်သို့စီမံဆောင်ရွက်သွားမည်ကို သိရှိလိုပါသောကြောင့် ကြယ်ပွင့် ပြမေးခွန်းဖြင့် မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့မှ ထိုင်းနိုင်ငံ မယ်ဆိုင်မြို့သို့ ဆက်သွယ် ထားသော တံတားအမှတ်(၁)နှင့် တံတားအမှတ်(၂)ဟူ၍ တံတား(၂)စင်းရှိပါတယ်။ ရှေး ယခင်က တံတားအမှတ် (၁)ဟူ၍ လူအများကူးသန်းသွားလာရန်အတွက် အသုံးပြုခဲ့ပြီး တံတားအမှတ်(၂)အား ပို့ကုန်/ သွင်းကုန်ပစ္စည်းများ ကုန်သွယ်မှုပြုလုပ်ရန် အသုံးပြုခဲ့ကြ ပါတယ်။

၂၀၁၀ ခုနှစ် ယခင်သမ္မတဟောင်း ဦးသိန်းစိန် အစိုးရလက်ထက်မှ စတင်၍ တာချီလိတ်မြို့သည် ပြည်မနှင့် အလှမ်းဝေးကွာသည့်အတွက် ဒေသအတွင်း နေထိုင်ကြသည့် ပြည်သူများသည် ထိုင်းနိုင်ငံထွက်ကုန်ပစ္စည်းများကိုသာ အားထားသုံးစွဲနေရခြင်းကြောင့် ဒေသတွင်းအသုံးပြုရန်အတွက် တစ်နိုင်တစ်ပိုင် ကုန်ပစ္စည်း သယ်ယူမှုများကို ရှမ်းပြည်နယ် အစိုးအဖွဲ့ ရန်ပုံငွေ(၃%)ကောက်ခံ၍ သယ်ယူခွင့်ပြုခဲ့ပါတယ်။ ထိုသို့ ရှမ်းပြည်နယ်အစိုးရရန်ပုံငွေ (၃%)ကောက်ခံ၍ ခွင့်ပြုမှုအတွက် အမှတ်(၁)တံတားမှ သယ်ယူခွင့်ရှိသည့် ကုန်ပစ္စည်းနှင့် သယ်ယူခွင့်မပြုသည့် ကုန်ပစ္စည်းဟူ၍ ခွဲခြားသတ်မှတ်ခဲ့သည်ကိုလည်း သိရှိရ ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒေသအတွင်း တင်သွင်းထားသော ကုန်ပစ္စည်းများကို အမှတ်(၁) တံတားထိပ်အဝင်၌ အကောက်အခွန်ဌာနမှ ဝန်ထမ်းများက စစ်ဆေးအတည်ပြုပြီး တံတား အထွက်နေရာ၌ တာချီလိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး အချို့သော ဌာနများနှင့် ဝန်ထမ်းများပါဝင်သည့်အဖွဲ့များ ရှမ်းပြည်နယ်အစိုးရရန်ပုံငွေ တံတားဖြတ်သန်းခ (၃%)ကို ကောက်ခံခဲ့ပါတယ်။ အဆိုပါ(၃%)ကို ကောက်ခံရာတွင် ကုန်ပစ္စည်းသယ်ယူလာသူ များထံမှ ကုန်ဝယ်ဘောက်ချာအား စိစစ်၍ တာဝန်ရှိသူများမှ စစ်ဆေးထွက်ချက် ကောက်ခံခဲ့ ကြပါတယ်။

ယခုအခါအမှတ်(၁)တံတားမှ အချို့သောကုန်သည်ကြီးများသည် ဒေသတွင်းတစ်နိုင်တစ်ပိုင် တင်သွင်းခွင့်ပြုထားမှုများကို များစွာကျော်လွန်အခွင့်အရေးယူ၍ တာဝန်ရှိဝန်ထမ်းများနှင့်

ပူးပေါင်းပြီး တရားမဝင်နိုင်ငံခြားအရက်၊ ဘီယာမျိုးစုံ တံတားအမှတ်(၂)မှ သွင်းကုန်လိုင်စင်ဖြင့် တင်သွင်းရမည့်ကုန်ပစ္စည်းများကိုပါ သုံးဘီးဆိုင်ကယ်ကြီးများ၊ အလုံပိတ်ထိုင်းနိုင်ငံလိုင်စင်နံပါတ်ပါ ပေါင်မုန့်ပုံသဏ္ဍာန်မော်တော်ယာဉ်များနှင့် တစ်နေ့တာ အချိန်အတွင်း အခေါက်ခေါက်အခါခါ ကူးချည်သန်းချည်သယ်နေတာကို တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အမှတ်(၁)တံတားပေါ်ရှိ စစ်ဆေးရာ၌လည်း ခေတ်မီစစ်ဆေးရေး ကိရိယာများမရှိခြင်း ယာဉ်ရပ်တန့်စစ်ဆေးရန်အတွက် နေရာအခက်အခဲရှိခြင်း၊ တာဝန်ရှိဝန်ထမ်းများ ပေါ့လျော့မှုများနှင့် မသမာမှုများရှိနေခြင်းတို့ကြောင့် ယခုရှိနေသော ရှမ်းပြည်နယ်အစိုးရရန်ပုံငွေ တံတားဖြတ်သန်းခ(၃%)သည် အမှန်တကယ်ရထိုက်သည့် ငွေပမာဏထက်များစွာ နည်းပါးနေခြင်းတို့ကို တိုင်းပြည်အခွန်ဆုံးရှုံးမှုများ ရှိနေသည်ကိုလည်း တွေ့ရှိရပါတယ်။ တာချီလိတ်မြို့ရှိ နေရာအနှံ့၌လည်း တရားမဝင်နိုင်ငံခြားအရက်၊ ဘီယာ၊ ဆေးလိပ်မျိုးစုံတို့ကို ဆိုင်ကြီး၊ ဂိုဒေါင်ကြီးများနှင့် ပေါ်ပေါ်ထင်ထင် သိုလှောင်၍ ဖြန့်ဖြူးရောင်းချနေသည်ကို မျက်ဝါးထင်ထင်တွေ့မြင်ရပါတယ်။

ထို့အတူ မယ်ယန်းဂိတ်၊ ပုန်းထွန်ဂိတ်တို့များမှလည်း တာချီလိတ်မြို့ရှိ ဆိုင်ကြီးများမှ အမှတ်(၂)တံတားမှ သွင်းကုန်လိုင်စင်ပြုလုပ်၍ အခွန်ထမ်းဆောင်ပြီး တင်သွင်းခဲ့သော အချို့ကုန်ပစ္စည်းများကို ဒေသခံပြည်သူများမှ ဝယ်ယူ၍ မယ်ယန်းစစ်ဆေးရေးဂိတ်အား ကျော်လွန်ပြီးသယ်ယူသည့်အခါ အဆိုပါဆိုင်ကြီးများမှ ကုန်ဝယ်ဘောက်ချာကိုသာ ပေးနိုင်ပြီး အခွန်ပြေစာကို ပေးနိုင်ခြင်း မရှိပါဘူး။ မယ်ယန်းစစ်ဆေးရေးဂိတ်သို့ ဖြတ်သန်းသယ်ယူသည့် အချိန်၌ ဒေသခံပြည်သူများ နောက်ထပ်တစ်ကြိမ် အခွန်ထပ်မံ၍ အခွန်ပေးသွင်းရခြင်းတို့ကြောင့် ဒေသခံပြည်သူများ နစ်နာမှုများ ရှိနေပါတယ်။

သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေ တံတားဖြတ်သန်းခ(၃%)ကောက်ခံမှု စနစ်တကျဖြစ်ရေးနှင့် မှန်မှန်ကန်ကန် အပြည့်အဝရရှိရေး၊ တရားမဝင်ကုန်ပစ္စည်းများ မဝင်ရောက်နိုင်ရေး၊ နိုင်ငံတော် အခွန်ဆုံးရှုံးမှုများမရှိစေရေးနှင့် ဒေသခံပြည်သူများ အခွန်(၂)ဆ ပြန်မဆောင်ရရေးတို့အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေနှင့် မည်သို့စီမံဆောင်ရွက်မည်ကို သိရှိလို၍ ကြယ်ပွင့်မေးခွန်း မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုးညွန့်လွင်(ခ) ဦးစိုးကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ။ မိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ရှမ်းပြည်နယ်

လွှတ်တော်ကိုယ်စားလှယ် ဦးဆန်းဝင်းအောင်ရဲ့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့ရှိ ထိုင်း– မြန်မာ အမှတ်(၁)၊ ချစ်ကြည်ရေးတံတားနှင့် တာချီလိတ်မြို့ အဝင်/ အထွက် မယ်ယန်းစစ်ဆေးရေးဂိတ်တို့၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေ တံတားဖြတ်သန်းခ(၃%) ကောက်ခံမှု စနစ်တကျဖြစ်စေရေးနှင့် မှန်မှန်ကန်ကန် အပြည့်အဝရရှိရေး၊ တရားမဝင် ကုန်ပစ္စည်းများ မဝင်ရောက်နိုင်ရေး၊ နိုင်ငံတော်အခွန်ဆုံးရှုံးမှု မရှိစေရေးနှင့် ဒေသခံပြည်သူ များ အခွန်(၂)ဆပြန်မဆောင်ရရေးတို့အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် မည်သို့စီမံ ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါသည် မေးခွန်းနဲ့ ပတ်သက်ပြီးတော့ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးညွန့်လွင်(ခ)ဦးစိုးကြီးမှ ပြန်လည် ဖြေကြားသွားမှာ ဖြစ်ပါတယ်။

၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၅)ရက်နေ့တွင် စီးပွားရေးနှင့် ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်/ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးများ ညှိနှိုင်းဆွေးနွေးသည့် အစည်းအဝေး ဆုံးဖြတ်ချက်အရ တာချီလိတ်မြို့ အမှတ်(၁) ချစ်ကြည်ရေးတံတားမှ လူတစ်ဦးလျှင် ကျပ် (၁၀)သိန်းထက်မကျော်လွန်သည့် လူသုံးကုန်ပစ္စည်းများ (ဆေးဝါးပစ္စည်းမပါ) အိမ်သုံးကုန် ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ (၁၄၅)မျိုးကို တာချီလိတ်မြို့တွင်းနေ ပြည်သူများ တာချီလိတ် ကုန်သွယ်ရေးစခန်း(မယ်ယန်း) မရောက်ခင်အထိ ကိုယ်ပိုင်တစ်နိုင်တစ်ပိုင် ဝယ်ယူသယ်ဆောင်ခြင်းအတွက် ၃% အခွန်ကောက်ခံခြင်းအား ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ညွှန်ကြားချက်နှင့်အညီ (၁.၄.၂၀၁၂)ရက်နေ့မှ စတင်ပြီးတော့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးဌာနတို့မှ ဝန်ထမ်းများဖြင့် လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ပါတယ်။

အဆိုပါ ဝန်ဆောင်ခ ၃% ကောက်ခံခြင်းလုပ်ငန်း စနစ်တကျ ဖြစ်စေရေး၊ တရားမဝင် ကုန်ပစ္စည်းများ မဝင်ရောက်စေရေးနှင့် မလိုလားအပ်သည့် ပြဿနာများ မဖြစ်ပေါ်စေရေး၊ တာဝန်ကျဝန်ထမ်းများအား ကြီးကြပ်ဆောင်ရွက်နိုင်ရေးတို့အတွက် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးဌာနတို့မှ ခရိုင်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများအား အလှည့်ကျနေ့ရက်အလိုက် ကြီးကြပ်ကွပ်ကဲရန် တာဝန်ပေးအပ်ထားရှိ ပါတယ်။

ဝန်ဆောင်ခ ၃% နေ့စဉ်ကောက်ခံရရှိမှုအား ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ပြည်နယ်ဘဏ္ဍာရန်ပုံငွေစာရင်းသို့ ပေးသွင်းဆောင်ရွက်လျက်ရှိပါတယ်။ အမှတ်(၁) ချစ်ကြည်ရေးတံတားမှ နေ့စဉ်တစ်နိုင်တစ်ပိုင် တင်သွင်းမှုများအပေါ် တံတားဖြတ်သန်းခဝန်ဆောင်မှု ၃% စတင်ကောက်ခံဆောင်ရွက်သည့်နေ့မှ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလကုန်အထိ(ကျပ်သိန်းတစ်သောင်းခုနစ်ထောင်တစ်ရာလေးသောင်းခုနစ်ထောင်နှစ်ရာငါးဆယ်တိတိ) ၁,၇၁၀,၀၄၇,၂၅၀/- ကို ငွေလွှဲခရုန္နိမ်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ပေးသွင်းထားရှိပြီးဖြစ်ပါတယ်။ တရားမဝင်ကုန်ပစ္စည်းများ ဝင်ရောက်မှုမရှိစေရေးအတွက် တစ်ဖက်ထိုင်းနိုင်ငံမှ ဝင်ရောက်လာသည့် လူစီးယာဉ်၊ ကုန်ပစ္စည်းတင်ယာဉ်၊ သုံးဘီးယာဉ်များကို အကောက်ခွန်ဦးစီးဌာနမှ လည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ လုံခြုံရေးတာဝန်ကျ တပ်ဖွဲ့ဝင်များမှ လည်းကောင်း၊ ခရိုင်စီမံခန့်ခွဲမှုကော်မတီမှ ဖွဲ့စည်းတာဝန်ပေးအပ်ထားရှိသည့် သက်ဆိုင်ရာဌာနများပါဝင်သော အမှတ်(၁) ချစ်ကြည်ရေးတံတား စည်းကမ်းထိန်းသိမ်းရေးအဖွဲ့များမှလည်းကောင်း ၃% တာဝန်ကျဝန်ထမ်းများမှ လည်းကောင်း၊ စနစ်တကျစစ်ဆေးကြပ်မတ်ဆောင်ရွက်လျက်ရှိပါတယ်။

တံတားဖြတ်သန်းခ ဝန်ဆောင်မှု ၃%ကောက်ခံသည့် ဝန်ထမ်းများအနေဖြင့် ဝန်ဆောင်ခ ၃% ကောက်ခံခြင်းအပြင် တရားမဝင်ကုန်သွယ်မှုမရှိစေရေး တာဆီးစစ်ဆေးမှုလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ အောက်ပါအတိုင်း ဖမ်းဆီးအရေးယူဆောင်ရွက်နိုင်ခဲ့ပါတယ်-

(က) ၃၀-၁၀-၂၀၁၆ ရက်နေ့တွင် တစ်ဖက်ထိုင်းနိုင်ငံ၊ မယ်ဆိုင်မြို့မှ တရားမဝင်တင်သွင်းလာသည့် လိုင်စင်မဲ့မော်တော်ယာဉ်အမှတ်၊ 9G/7844 နံပါတ်ပါ Toyota Wish အမျိုးအစား၊ အဖြူရောင် မော်တော်ယာဉ်အား ဖမ်းဆီးရမိခဲ့ပြီး သွင်းကုန်/ ထုတ်ကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ခဲ့ခြင်း။

(ခ) ၈-၁၂-၂၀၁၆ ရက်နေ့တွင် တစ်ဖက်ထိုင်းနိုင်ငံ၊ မယ်ဆိုင်မြို့မှ ဝင်ရောက်လာသည့် Hiace အမျိုးအစား၊ အဖြူရောင်၊ ထိုင်း အက္ခရာ 1570 အား တားဆီးစစ်ဆေးခဲ့ရာ ကန့်သတ်ကုန်ပစ္စည်း Leo တံဆိပ်ပါ ဘီယာသယ်ဆောင်လာသည်ကို တွေ့ရှိရသဖြင့် ပို့ကုန်/ သွင်းကုန် ဥပဒေပုဒ်မ (၈)အရ အရေးယူဆောင်ရွက်နိုင်ခဲ့ခြင်း။

ပို့ကုန်/ သွင်းကုန်လုပ်ငန်းဆောင်ရွက်နေသည့် ကုမ္ပဏီများ တစ်ဦးချင်း ကုန်သွယ်မှုပြုလုပ်နေသော လုပ်ငန်းရှင် မှတ်ပုံတင်ထားသူများအနေဖြင့် နှစ်နိုင်ငံကုန်သွယ်မှု အရောင်းအဝယ်

ပြုလုပ်၍ မြန်မာ– ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှ တစ်ဆင့် တင်ပို့/ တင်သွင်းမှုများ ဆောင်ရွက်နိုင်ပြီး၊ ပို့ကုန်/ သွင်းကုန်လိုင်စင်ရယူရန် လိုအပ်သော ကုန်ပစ္စည်းများအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ တာချီလိတ်နယ်စပ် ကုန်သွယ်ရေး စခန်းတွင် လိုင်စင်လျှောက်ထားရယူ၍လည်းကောင်း၊ ပို့ကုန်/ သွင်းကုန် လိုင်စင်လျှောက် ထားရယူရန် မလိုအပ်သော ကုန်ပစ္စည်းများအတွက် တာချီလိတ်မြို့နယ် အကောက်ခွန်ဦးစီး ဌာနမှူးရုံးတွင် ပို့ကုန်/ သွင်းကုန် ကြေညာလွှာများဖွင့်လှစ်ပြီး ကျသင့်အခွန်အခများပေး ဆောင်၍ လုပ်ငန်းများဆောင်ရွက်နိုင်ပါတယ်။

တစ်ဖက်ထိုင်းနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သဖြင့် ASEAN Trade in Goods Agreement (ATIGA)အရ တင်သွင်းလာသော ကုန်ပစ္စည်းများပေါ်တွင် သက်ဆိုင်ရာ နိုင်ငံ၏ ပင်ရင်းနိုင်ငံလက်မှတ် (Country of Origin Certificate–CO Form–D)တင်ပြနိုင်ပါက ကန့်သတ် ကုန်ပစ္စည်းများမှအပ ကျန်ကုန်ပစ္စည်းများပေါ်တွင် အကောက်ခွန် (Customs Duty) သည် ၀% သာဖြစ်ပါတယ်။ ကျန်အခွန်ခများအနေဖြင့် အထူးကုန်စည်ခွန် ကျသင့်သော ကုန်ပစ္စည်းများဖြစ်ပါက ၂၀၁၈ ခုနှစ် အကောက်ခွန်ဥပဒေပါ အထူးကုန်စည်ခွန် နှုန်းထားများဖြင့် လည်းကောင်း၊ ကုန်သွယ်လုပ်ငန်းခွန် မကျသင့်သော ကုန်ပစ္စည်းများမှအပ အခြားကုန်ပစ္စည်းများဖြစ်ပါက ကုန်သွယ်လုပ်ငန်းခွန် (Commercial Tax) ၅%ကျသင့်မည် ဖြစ်ပါတယ်။

ချစ်ကြည်ရေးတံတား(၁)မှ ဝင်ရောက်လာသည့် ကိုယ်ပိုင်သုံး တစ်နိုင်တစ်ပိုင်ပစ္စည်း များ ၃% အခွန်ဆောင်၍ သယ်ဆောင်ခွင့်အား နယ်မြေသတ်မှတ်ချက်အဖြစ် တာချီလိတ် မြို့တွင်း၊ မိုင်းဆတ်ခရိုင်၊ မိုင်းဆတ်မြို့နယ်၊ မိုင်းတုံမြို့နယ်များအထိ သယ်ဆောင်ခွင့်ပြု ထားပါတယ်။ မယ်ယန်းကုန်သွယ်ရေးစခန်းအား ကျော်လွန်၍ ပြည်တွင်းသို့ ကုန်သွယ်ပြုလို သည့် ကုန်ပစ္စည်းများအတွက် သွင်းကုန်လိုင်စင် လျှောက်ထားရယူခြင်း၊ အကောက်ခွန် ဌာနတွင် သွင်းကုန်ကြေညာလွှာ (ID)ဖွင့်၍ ချစ်ကြည်ရေးတံတား(၂)မှ ကုန်ပစ္စည်းများ ဝင်ရောက်စစ်ဆေးခံခြင်း၊ အခွန်ဆောင်ခြင်းများပြုလုပ်၍ ပြည်တွင်းသို့ သယ်ဆောင်သည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပါက ဒေသခံပြည်သူများ အခွန်(၂)ဆပေးဆောင် ရခြင်းမရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ ဒီနေရာမှာ တစ်ဆက်တည်း ဖြည့်စွက်ဖြေကြား ချင်တာကတော့ ယခု မိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ဦးဆန်းဝင်းအောင် တင်ပြတဲ့ အချက်တွေမှာ တကယ်တမ်းကြရင် လေလွင့်မှုတွေရှိနိုင်တယ်ဆိုတာလည်း ကျွန်တော်တို့ အစိုးရအနေနဲ့လည်း သိပါတယ်။ ဒီကိစ္စနှင့် ပတ်သက်ပြီး ဒီတံတားရယ်၊ မူဆယ်ကနေ ၃ % ကောက်ခံတဲ့ ကိစ္စတွေမှာ ပြန်လည်သုံးသပ်နေပါတယ်။ ပြန်လည်သုံးသပ်ပြီးတဲ့အခါ

ဝန်ကြီးချုပ်ကြီးထံ တင်ပြပြီးတော့ ပြည်ထောင်စုအစိုးရအဖွဲ့နဲ့ ညှိနှိုင်းပြီးတော့ ပုဂ္ဂလိက အခန်းကဏ္ဍအဖြစ် လေလံစနစ်နှင့်ပေးရင် ဒီထက်ပိုပြီးတော့ရရှိလာနိုင်မလားဆိုတဲ့ ဥစ္စာ တစ်ချက်ရယ်၊ နောက်ပြီးတော့ ဒီလိုပုဂ္ဂလိကပေးလိုက်ရင် တရားမဝင်လက်နက် မူးယစ် ဆေးဝါးများဟာ သယ်ဆောင်လာနိုင်တဲ့ အနေအထားတွေရှိတဲ့အတွက် လုပ်ရကိုင်ရတဲ့ အခက်အခဲတွေ ရှိပါတယ်။ ဒီမေးခွန်းနဲ့ ပတ်သက်ပြီးတော့ ဒါကအောက်ခြေကဖြေပေးတဲ့ မေးခွန်းဖြစ်ပါတယ်။ ဒီဟာကိုလည်း ရှမ်းပြည်နယ်အစိုးရအနေနဲ့ ပြန်လည်သုံးသပ်လျက် ရှိပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးစဝ်အောင်မြတ်၊ ရွာငံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** လွှတ်တော်ကိုယ်စားလှယ် မေးတဲ့ မေးခွန်းလေး ရှင်းလင်းတင်ပြ ချင်ပါတယ်။ ကျွန်တော်တို့ ဒီကိစ္စနှင့်ပတ်သက်လို့ ကတော့ ဒါ**အခ** ဖြစ်ပါတယ်။ Royalty Fee ဖြစ်ပါတယ်။ Fee **ဖြစ်တဲ့အတွက် အခ**သည် ဥပဒေထုတ်ပြန်ရန် မလိုပါဘူး။ **အခွန်**ဆိုရင် ဥပဒေထုတ်ပြန်ရတာ ဖြစ်ပါတယ်။ အဲ့ဒီတော့ **အခ**နဲ့ **အခွန်** မကွဲသေးတာ ဖြစ်ပါတယ်။ ဒါကို တံတားကို ဖြတ်သန်းတဲ့ **အခ** ဖြစ်ပါတယ်။ ဖြတ်သန်းတဲ့ **အခ** ဖြစ်တဲ့အတွက် အခွန်(၂)ဆ မဟုတ်ပါဘူး။ ဒါ**အခ**ကို ပေးဆောင်ရခြင်း ဖြစ်ပါတယ်။ ဒါကိုလည်း အစိုးရရန်ပုံငွေကိုလည်း စနစ်တကျပေးသွင်းခြင်းဖြစ်ပါတယ်။ နောက်ပုဂ္ဂလိကဏ္ဍ မဟုတ်ပါဘူး။ စီမံခန့်ခွဲမှု ကဏ္ဍဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ ကတော့ လွှတ်တော်မှတ်တမ်းမှာ အခွန်(၂)ဆကို **အခ**လို့ပဲ မှတ်တမ်းတင်ခွင့်ပြုဖို့ တင်ပြအပ် ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ဖယ်ခုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်မေရီချို့က မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်မေရီချို့ ၊ ဖယ်ခုံမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)။** လေးစားအပ်ပါသော ရှမ်း ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် လေ့လာသူ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ရှင်။ ကျွန်မ ကတော့ ဖယ်ခုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်မေရီချို့ ဖြစ်ပါတယ်ရှင်။ ကျွန်မအနေဖြင့် မော်တော်ဆိုင်ကယ်/ မော်တော်ယာဉ်များနှင့် သက်ဆိုင်သော မှတ်ပုံတင်စာအုပ်၊ သက်သေခံလက်မှတ်၊ လုပ်ငန်းလိုင်စင်စာအုပ်၊ အာမခံစာ အုပ်များ ပျောက်ဆုံးပျက်စီးလျှင် မိတ္တူထုတ်ပေးခြင်းနှင့် စပ်လျဉ်း၍ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ ယခုအချိန်ကာလတွင် ရှမ်းပြည်နယ်အပါအဝင် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူများသည် မော်တော်ဆိုင်ကယ်/ မော်တော်ယာဉ်များကို မိမိတို့ စီးပွားဖွံ့ဖြိုးမှုအပေါ်မူတည်ပြီး ဝယ်ယူသုံးစွဲမှုများပြားလာသည်ကို တွေ့ရှိရပါတယ်ရှင်။ အဆိုပါ မော်တော်ဆိုင်ကယ်/ မော်တော်ယာဉ်များနှင့် မှတ်ပုံတင်စာအုပ်၊ သက်သေခံလက်မှတ်၊ လုပ်ငန်းလိုင်စင်စာအုပ်၊ အာမခံစာအုပ်များ မပျောက်မပျက်အောင် သိမ်းဆည်းရမည်မှာလည်း ယာဉ်ပိုင်ရှင်များ၏ တာဝန်များဖြစ်ပါတယ်ရှင်။ သို့ရာတွင် ရန်သူမျိုးငါးပါးကြောင့်သော် လည်းကောင်း၊ အခြားအကြောင်းအမျိုးမျိုးကြောင့် သော်လည်းကောင်း၊ ယာဉ်နှင့် သက်ဆိုင်သော စာအုပ်များ၊ လက်မှတ်များ ပျောက်ဆုံး ပျက်စီးခဲ့ပါလျှင် မိတ္တူလျှောက်ထားရပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ မိတ္တူလျှောက်ထားခြင်းကို သိရှိသူများရှိသလို မသိရှိနားမလည်သူများလည်း ရှိပါတယ်ရှင်။ ယခုအချိန်တွင် လိုင်စင်မဲ့ယာဉ်များကိုလည်း နိုင်ငံတစ်ဝန်းတွင် ဥပဒေကို ဖျက်ကွယ်ပြုပြီး သုံးစွဲနေသည်ကို တွေ့ရှိရပါတယ်။ ထိုပျောက်ဆုံးသွားသော ယာဉ်နှင့်သက်ဆိုင်သော သက်သေခံလက်မှတ်နှင့် စာအုပ်များသည် လိုင်စင်မဲ့ယာဉ်များထံသို့ ရောက်သွားပါက မူလယာဉ်ပိုင်ရှင်များအတွက် များစွာနစ်နာဆုံးရှုံးမှု ဖြစ်ပေါ်စေနိုင်ပါတယ်။ ထို့ကြောင့် မူလယာဉ်ပိုင်ရှင်များ နစ်နာမှုမရှိစေရန်အတွက် မိတ္တူလျှောက်ထားရာတွင် လုပ်ငန်းစဉ်များ သိရှိနားလည်ပြီး မိမိယာဉ်နှင့်သက်ဆိုင်သော စာရွက်စာတမ်းများ အမြန်ဆုံး ပြန်လည်ရရှိစေရန်အတွက် ရည်ရွယ်ချက်ဖြင့် မော်တော်ဆိုင်ကယ်/ မော်တော်ယာဉ်များနှင့် သက်ဆိုင်သော မှတ်ပုံတင်စာအုပ်၊ သက်သေခံလက်မှတ်၊ လုပ်ငန်းလိုင်စင်စာအုပ်၊ အာမခံစာအုပ်များ ပျောက်ဆုံး ပျက်စီးမှုဖြစ်ပါက မိတ္တူလျှောက်ထား တောင်းခံခြင်းနှင့် စပ်လျဉ်း၍ ပြည်သူများ၏ကိုယ်စား အောက်ပါမေးခွန်းများ မေးမြန်းအပ်ပါတယ်ရှင်-

(၁) မိတ္တူထုတ်ပေးရန် အချိန်မည်မျှကြာသည်ကို သိရှိလိုပါသည်။

(၂) မိတ္တူထုတ်ပေးရန် ငွေကြေးမည်မျှပေးသွင်းရသည်ကို သိရှိလိုပါသည်။

(၃) မော်တော်ယာဉ်အမျိုးအစား၊ ထုတ်လုပ်သည့်နှစ် ကွာခြားမှုအပေါ် မူတည်၍ ငွေကြေးတောင်းခံမှု၊ ကွဲပြားမှု ရှိ/ မရှိ သိရှိလိုပါသဖြင့် ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ လေးစားစွာ မေးမြန်းအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ တက်ရောက်လာသော

ညွှန်ကြားချက်များ ... ညွှန်ကြားသည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဦးစွာ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ဖယ်ခုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်မေရီနျို့မှ မေးမြန်းထားတဲ့ မော်တော်ဆိုင်ကယ်/ မော်တော်ယာဉ်များနှင့် သက်ဆိုင်သော မှတ်ပုံတင်စာအုပ်၊ သက်သေခံလက်မှတ်၊ လုပ်ငန်းလိုင်စင်စာအုပ်၊ အာမခံစာအုပ်များ ပျောက်ဆုံး ပျက်စီးမှုဖြစ်ပါက မိတ္တူလျှောက်ထား တောင်းခံခြင်းနှင့် စပ်လျဉ်း၍ အချိန်မည်မျှကြာမည်၊ မည်မျှကျသင့်သည်၊ ယာဉ်အမျိုးအစားနှင့် ထုတ်လုပ်သည့်နှစ် ကွာခြားမှုအရ နှုန်းထားကွဲပြားမှု ရှိ/ မရှိ သိရှိလိုပါကြောင်း ကြယ်ပွင့်ပြမေးခွန်းနဲ့ စပ်လျဉ်းပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခွန်ရဲထွေးမှ ဖြေကြားရှင်းလင်း တင်ပြသွားမှာ ဖြစ်ပါတယ်။ ကျေးဇူးပြု၍ ပါဝါပွိုင့်အသုံးပြုခွင့်ပြုပါရန် ခွင့်တောင်းခံအပ်ပါတယ် ခင်ဗျား။

မော်တော်ဆိုင်ကယ်၊ မော်တော်ယာဉ်များနှင့် သက်ဆိုင်တဲ့ မှတ်ပုံတင်စာအုပ်၊ သက်သေခံလက်မှတ်၊ လုပ်ငန်းလိုင်စင်စာအုပ်နှင့် အာမခံစာအုပ်များ ပျောက်ဆုံး / ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ပါက မိတ္တူလျှောက်ထား တောင်းခံနိုင်ရေးအတွက် တာဝန်ယူဆောင်ရွက် ပေးနေတဲ့ ဌာန ၃ ခု ရှိပါတယ်။ တင်ပြပါအတိုင်းပဲ ဖြစ်ပါတယ်-

(က) ယာဉ်မှတ်ပုံတင်စာအုပ် Vehicle Registration Book (အရပ်ခေါ် Owner Book)လို့ ခေါ်ပါတယ်။ ယာဉ်သက်သေခံလက်မှတ်Certificate of Vehicle Registration (အရပ်အခေါ် WheelTax ခေါ် အဝိုင်းခေါ်တဲ့ လိုင်စင်)တွေ ဖြစ်ပါတယ်။ ဒီနှစ်မျိုးအတွက်ကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်း ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသို့လည်းကောင်း၊

( ခ) တတိယအမျိုးအစားဖြစ်တဲ့ ပြည်တွင်းကုန်းလမ်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်(Domestic Operator Licence)အတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေးကြီးကြပ်ညှိနှိုင်းမှုဌာနကိုလည်းကောင်း၊

( ဂ) သူတပါးထိခိုက်မှု အာမခံပရီမီယံအတွက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်းသို့လည်းကောင်း တင်ပြပါအတိုင်း တင်ပြပါဌာနများကို ဆက်သွယ်ဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း ဦးစွာတင်ပြလိုပါတယ်။

ဆက်လက်၍ ယာဉ်မှတ်ပုံတင်စာအုပ်နှင့် သက်သေခံလက်မှတ်များအတွက်ကို ဆောင်ရွက်ရမှာများကို ဆက်လက်တင်ပြသွားမှာ ဖြစ်ပါတယ်။

ယာဉ်မှတ်ပုံတင်စာအုပ်နှင့် သက်သေခံလက်မှတ်တွေကို "ပျောက်ဆုံး"မှုကို ဦးစွာတင်ပြပါမယ်။ ပျောက်ဆုံးမှုအတွက် မိတ္တူထုတ်ပေးနိုင်ရေးနှင့် ပတ်သက်ပြီးတော့ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဆောင်ရွက်ရတဲ့ လုပ်ငန်းစဉ်များကို လိုလားချက်အလိုက် ကွဲပြားစွာ သိရှိနိုင်စေနိုင်ရေးအတွက် ဖော်ပြလိုပါတယ်။ ယာဉ်မှတ်ပုံတင်စာအုပ်အတွက်ဆိုရင်တော့ နောက်ဆုံးထုတ်ပေးသည့်ရက်မှ ၃ လပြည့်ပြီးမှသာ ထုတ်ပေးပါတယ်။ သက်သေခံလက်မှတ်ကိုလည်း ထိုနည်းဖြစ်ပါတယ်။ နောက်ဆုံးထုတ်ပေးသည့်ရက်မှ ၃ လပြည့်ပြီးမှသာ ထုတ်ပေးရပါတယ်။ ယာဉ်မှတ်ပုံတင်စာအုပ်နှင့် ပတ်သက်ရင် ယာဉ်ပါရှိလာရပါမယ်။ သက်သေခံလက်မှတ်နဲ့ ပတ်သက်ရင်တော့ ယာဉ်ထိန်းမှုပြစ်ချက်နဲ့ သိမ်းယူတဲ့ ပထမသတင်းပေးတိုင်ကြားချက် FIR မရှိကြောင်း ထောက်ခံချက် ပါရှိ ရပါမယ်။ ယာဉ်မှတ်ပုံတင်စာအုပ်နှင့် ပတ်သက်ရင် သက်ဆိုင်ရာ ရဲစခန်းမှာ ပျောက်ဆုံးမှု ပထမသတင်းပေးတိုင်ကြားချက် FIR ပါရှိရပါမယ်။ ယာဉ်ပိုင်ရှင်ကိုယ်တိုင်စိစစ်ရေးကတ်မူရင်းဖြင့် ဆောင်ရွက်ရပါမယ်။ တကယ်လို့ ကိုယ်စား ဆောင်ရွက်မယ်ဆိုရင်တော့ ပိုင်ရှင်ရဲ့ စိစစ်ရေးကတ်မူရင်းဖြင့် ဆောင်ရွက်ရမှာဖြစ်ပါတယ်။

ယာဉ်မှတ်ပုံတင်စာအုပ်မှာဆိုရင်တော့ ရရှိရေးနှင့်ပတ်သက်ရင် ယာဉ်ကိုစစ်ဆေးပြီးတဲ့နောက်မှာ ကန့်ကွက်သူ ရှိ/ မရှိကို မြန်မာ့အလင်းသတင်းစာမှာ ထည့်သွင်းကြော်ငြာရမှာဖြစ်ပါတယ်။ ထိုသို့ကြော်ငြာပြီး နောက်ပိုင်းမှာ ကြော်ငြာပြီး ရက် ၃၀ ကျော် ကန့်ကွက်သူ မရှိပါက မိတ္တူထုတ်ပေးခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ယာဉ်မှတ်ပုံတင်စာအုပ်နှင့် သက်သေခံလက်မှတ်များ ပျက်စီးမှုအတွက် ဆက်လက်တင်ပြလိုပါတယ်။ စောစောက ကျွန်တော်တင်ပြခဲ့တာက ပျောက်ဆုံးမှုအတွက် ဖြစ်ပါတယ်။ ယခုတော့ ပျက်စီးမှုအတွက် ဆက်လက်တင်ပြမှာ ဖြစ်ပါတယ်။

ယာဉ်မှတ်ပုံတင်စာအုပ်နှင့် သက်သေခံလက်မှတ်များနဲ့ ပတ်သက်ရင် ပျက်စီးသည့် ယာဉ်၊ ပျက်စီးတဲ့ သက်သေခံလက်မှတ်ကို တင်ပြရမှာ ဖြစ်ပါတယ်။ အဲ့ဒါအပြင်ကို ဆောင်ရွက်သူရဲ့ စိစစ်ရေးကတ်မူရင်းနှင့်အတူ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ အဲ့ဒီလို ယာဉ်မှတ်ပုံတင်စာအုပ်နှင့် သက်သေခံလက်မှတ် မိတ္တူများဆောင်ရွက်ရန် ကြာမြင့်တဲ့ အချိန်များကို ဆက်လက်တင်ပြပါမယ်။ ယာဉ်မှတ်ပုံတင်စာအုပ်ပြုလုပ်ဖို့အတွက် ပျောက်ဆုံးမှုအတွက်ဆိုရင် သတင်းစာမှာ ကြော်ငြာပါရှိပြီး ရက် ၃၀ အတွင်း ကန့်ကွက်သူမရှိပါက လာရောက်ဆောင်ရွက်သူကို နေ့ချင်းပြီးဆောင်ရွက်ပေးပါတယ်။ ပျက်စီးမှုအတွက်နဲ့ ပတ်သက်ရင်တော့ သတ်မှတ်ချက်ပြည့်စုံပါက ယာဉ်စစ်ဆေးပြီးမှတ်တမ်းနှင့်တူညီလျှင် နေ့ချင်းပြီးဆောင်ရွက်ပေးပါတယ်။ သက်သေခံလက်မှတ်လိုင်စင်နဲ့ ပတ်သက်ပြီးတော့ ပျောက်ဆုံးတာကော ပျက်စီး

တာကော နှစ်ခုစလုံးအတွက် သတ်မှတ်ချက်များနှင့်အညီလာရောက်လျှောက်ထားပါက ဦးစွာ မော်တော်ယာဉ်ကို စစ်ဆေးပါတယ်။ အဲ့ဒီလို စစ်ဆေးပြီးတော့ မှတ်တမ်းစိစစ်၍ တူညီလို့ရှိရင်တော့ နေ့ချင်းပြီးဆောင်ရွက်သွားကြောင်း တင်ပြလိုပါတယ်။

ဆက်လက်ပြီး မေးခွန်းရဲ့ လိုလားချက်အတိုင်း ကျသင့်ငွေများကို ဖော်ပြလိုပါတယ်။ ယာဉ်မှတ်ပုံတင်စာအုပ်၊ သက်သေခံလက်မှတ်တွေကို မိတ္တူထုတ်ပေးဖို့ ပေးသွင်းရမည့်နှုန်းထားတွေကို နှုန်းထားခွဲခြားထားပါတယ်။ မော်တော်ဆိုင်ကယ်၊ (၃တန်အထိတင်ဆောင်နိုင်သည့်) ယာဉ်ငယ်နှင့် ( ၃တန်အထက်တင်ဆောင်နိုင်သည့်) ယာဉ်ကြီးဆိုပြီးတော့ အုပ်စု ၃ မျိုးခွဲခြားထားပြီးတော့ **"မှတ်ပုံတင်စာအုပ်"** ပျောက်ဆုံး/ ပျက်စီး မိတ္တူထုတ်ပေးခြင်းအတွက်ကို မိတ္တူခအနေနဲ့ ဆိုင်ကယ် ကျပ် **၅၀၀၀**၊ ယာဉ်ငယ် ကျပ် **၅၀၀၀**၊ ယာဉ်ကြီး ကျပ် **၅၀၀၀** ဖြစ်ပါတယ်။ ယာဉ်မှတ်ပုံတင်စာအုပ်အတွက်ကို ဆိုင်ကယ် ကျပ် **၅၀၀**၊ ယာဉ်ငယ် ကျပ် **၅၀၀**၊ ယာဉ်ကြီး ကျပ် **၅၀၀** ဖြစ်ပါတယ်။ ယာဉ်စစ်ဆေးခအနေနဲ့ ဆိုင်ကယ် ကျပ် **၁၀၀၀**၊ ယာဉ်ငယ် ကျပ်**၅၀၀၀**၊ ယာဉ်ကြီး ကျပ် **၁၀၀၀၀** ဖြစ်ပါတယ်။ Hologram အတွက်ကို ဆိုင်ကယ် ကျပ် **၄၀၀**၊ ယာဉ်ငယ်ကျပ် **၄၀၀**၊ ယာဉ်ကြီး ကျပ် **၄၀၀** ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မှတ်ပုံတင်စာအုပ် ပျောက်ဆုံး/ ပျက်စီး မိတ္တူထုတ်ပေးနိုင်ခြင်းအတွက် စုစုပေါင်းကုန်ကျမှာတော့ မော်တော်ဆိုင်ကယ်ဆိုရင် ကျပ်**၆၉၀၀**၊ ယာဉ်ငယ် ဆိုရင် ကျပ် **၁၀၉၀၀**၊ ယာဉ်ကြီးဆိုရင် ကျပ် **၁၅၉၀၀** ကုန်ကျမှာ ဖြစ်ပါတယ်။

သက်သေခံလက်မှတ် ပျောက်ဆုံး/ ပျက်စီးမှုအတွက်ဆိုရင်တော့ တင်ပြပါဇယားအတိုင်း မော်တော်ဆိုင်ကယ်ဆိုရင် ကျပ် **၅၄၀၀**၊ ယာဉ်ငယ်ဆိုရင် ကျပ် **၁၁၂၀၀**၊ ယာဉ်ကြီးအတွက်ဆိုရင် ကျပ် **၁၆၂၀၀** ကျသင့်မှာ ဖြစ်ပါတယ်။ သက်သေခံလက်မှတ် ဒုတိယအကြိမ် ပျောက်ဆုံးခဲ့ရင်တော့ မိတ္တူခ **၁၀၀၀၀** ကျပ်ကောက်ခံပြီးတော့ တစ်ကြိမ်တိုးတိုင်းတိုးတိုင်း **၅၀၀၀** ကျပ် တိုးမြှင့်ကောက်ခံသွားမှာ ဖြစ်ပါတယ်။ ယာဉ်မှတ်ပုံတင်စာအုပ်နှင့် သက်သေခံလက်မှတ်များ ပျောက်ဆုံး/ ပျက်စီး မိတ္တူများထုတ်ပေးရာမှာ ထုတ်လုပ်သည့်နှစ်ကွာခြားမှုပေါ် မူတည်ပြီးတော့ ခွဲခြားကောက်ခံမှုမရှိပါဘူး။ မော်တော်ယာဉ်စစ်ဆေးခြင်းတွင်သာ ယာဉ် အမျိုးအစားအလိုက် စစ်ဆေးခကောက်ခံနှုန်းထားကွဲပြားကြောင်း တင်ပြအပ်ပါတယ်။

ဆက်လက်ပြီးတော့ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် (Domestic Operator Licence)နဲ့ ပတ်သက်ပြီးတော့ ဆက်လက်ပြီး တင်ပြပါမယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၅ ရက်နေ့မှာ ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းထားတဲ့ "ကုန်းလမ်းသယ်ယူရေးလုပ်ငန်းများဥပဒေ" အရ လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေးကြီးကြပ်ညှိနှိုင်းမှုဌာနက ပြည်တွင်းကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ကို ၂- ၁- ၂၀၁၉ မှစတင်ပြီးတော့ စိစစ်ထုတ်ပေး လျက်ရှိပါတယ်။ လုပ်ငန်းလိုင်စင်အမျိုးအစား **၅** မျိုးမှာ

တင်ပြထားတဲ့အတိုင်း ၅ မျိုး ခွဲခြားပြီးတော့ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ပျောက်ဆုံးခြင်း၊ ပျက်စီးခြင်း၊ မထင်ရှားခြင်းတို့အတွက်ကို လိုင်စင်မိတ္တူလျှောက်ထားရာမှာ အောက်ပါအထောက်အထားများ လိုအပ်ပြီး ပြည့်စုံပါက မိတ္တူထုတ်ပေးခြင်းကို နေ့ချင်းပြီး ဆောင်ရွက်ပေးလျက်ရှိပါတယ်။ တင်ပြပါအတိုင်းဖြစ်ပါတယ်–

(က) ကာယကံရှင်၏လျှောက်လွှာ၊
( ခ) ဆိုင်ရာရဲစခန်း၏ထောက်ခံချက်၊
( ဂ) ပျက်စီး/မထင်ရှားခြင်းဖြစ်ပါက ၎င်းအထောက်အထားများ၊
(ဃ) လုပ်ငန်းလိုင်စင်ရရှိသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း၊
( င) ကိုယ်စားလှယ်ဖြင့်ဆောင်ရွက်မည်ဆိုပါက လူပုဂ္ဂိုလ်၊ ကုမ္ပဏီ၊အသင်းအဖွဲ့၏ ကိုယ်စားလှယ်လွှဲအပ်စာ နှင့် ၎င်းစိစစ်ရေး ကတ်ပြားမူရင်းတို့ကို လိုအပ်မှာ ဖြစ်ပါတယ်။

ကျသင့်ငွေများနဲ့ ဆက်လက်ပြီးတော့ ဆက်လက်တင်ပြသွားမှာ ဖြစ်ပါတယ်။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (ရုံးချုပ်)၏ ၂၉-၈-၂၀၁၈ ရက်စွဲပါ ညွှန်ကြားချက်အရ မိတ္တူထုတ်ပေးခြင်းအတွက် တင်ပြပါအတိုင်း ကောက်ခံတာ ဖြစ်ပါတယ်။ မှတ်ပုံတင်ကြေးတွေလိုအပ်မှာ ဖြစ်ပါတယ်။ လုပ်ငန်းလုပ်ကိုင်ခွင့် အသိအမှတ်ပြုလက်မှတ် ဖြစ်ပါမယ်။ ဖြည့်စွက်ရတဲ့ အပိုင်း(၁)ပုံစံ၊ အပိုင်း(၂)ပုံစံ၊ တြိဂံကတ်ပြားနှင့် မိတ္တူထုတ်ခြင်းအတွက် လိုအပ်မှာ ဖြစ်ပါတယ်။ ပျက်စီးခြင်းနှင့် မထင်ရှားခြင်းတို့အတွက်ဆိုရင် စုစုပေါင်း ကျပ် **၁၂၀၀၀** ကုန်ကျမည်ဖြစ်ပြီးတော့ လုပ်ငန်းလိုင်စင် ပျောက်ဆုံးခြင်းအတွက် ကျပ် **၁၇၀၀၀** ကုန်ကျမှာ ဖြစ်ပါတယ်ခင်ဗျား။

ဆက်လက်ပြီးတော့ ယာဉ်အာမခံစာအုပ်နဲ့ပတ်သက်ပြီးတော့ ဆက်လက်တင်ပြပါမယ်။ ဒါကိုတော့ မြန်မာ့အာမခံလုပ်ငန်းက ဆောင်ရွက်ပေးနေခြင်း ဖြစ်ပါတယ်။ မော်တော်ဆိုင်ကယ်/ မော်တော်ယာဉ် မှတ်ပုံတင်အလိုက် အာမခံစာအုပ်များ ပျောက်ဆုံးပျက်စီးမှုများ ဖြစ်ပေါ်ပါက မိတ္တူလျှောက်ထားခြင်းနှင့်စပ်လျဉ်းပြီးတော့ မြန်မာ့အာမခံလုပ်ငန်းက လယ်ဂျာစာရင်းရေးသွင်းပြီးတော့ အတည်ပြုချက်ရယူပြီး ချက်ချင်းဆောင်ရွက်ထုတ်ပေးပါတယ်။

ကျသင့်ငွေအနေနဲ့တော့ စာအုပ်တန်ဖိုး **၁၅၀**ကျပ်၊ ဒဏ်ကြေး **၁၅၀** ကျပ်၊ စုစုပေါင်း ကျပ် **၃၀၀** ပေးသွင်းရမှာ ဖြစ်ပါတယ်။

အာမခံစာအုပ်အတွက် မော်တော်ယာဉ်အမျိုးအစား၊ ထုတ်လုပ်သည့်ခုနှစ် ကွာခြားမှု အပေါ် မူတည်ပြီးတော့ ကျသင့်နှုန်းထားတော့ ကွဲပြားမှုမရှိပါဘူး။

သို့ဖြစ်ပါ၍ အနှစ်ချုပ်ပြန်လည်တင်ပြရမယ်ဆိုရင်တော့ မော်တော်ယာဉ်မှတ်ပုံတင် စာအုပ်မိတ္တူ (Owner Book)အတွက် ကြာမြင့်သည့် အချိန်ကတော့ ပျောက်ဆုံးတဲ့အတွက်ကို သတင်းစာမှာ ကြော်ငြာပါပြီးတော့ ရက် ၃၀ အတွင်း ကန့်ကွက်သူမရှိပါက နေ့ချင်းပြီး ဆောင်ရွက်ပေးပါတယ်။ ပျက်စီးမှုနဲ့ပတ်သက်ရင်တော့ ယာဉ်စစ်ဆေးပြီးတော့ မှတ်တမ်းနှင့် တူညီပါကနေ့ချင်းပြီး ဆောင်ရွက်ပေးပါတယ်။ ကျသင့်ငွေနဲ့ပတ်သက်ရင် မော်တော်ဆိုင်ကယ် **၆၉၀၀** ကျပ်၊ ယာဉ်ငယ် **၁၀၉၀၀** ကျပ်၊ ယာဉ်ကြီး **၁၅၉၀၀** ကျပ် ကုန်ကျမှာ ဖြစ်ပါတယ်။ ထုတ်လုပ်တဲ့ နှစ်အရ ခွဲခြားကောက်ခံမှုမရှိပါဘူး။ ယာဉ်စစ်ဆေးခြင်းတွင်သာ ယာဉ်အမျိုးအစား အလိုက် နှုန်းထားကွာခြားပါတယ်။ ယာဉ်သက်သေခံလက်မှတ်နဲ့ ပတ်သက်လို့ရှိရင် ကြာမြင့် မယ့် အချိန်ကတော့ ပျောက်ဆုံးသည်ဖြစ်စေ၊ ပျက်စီးသည်ဖြစ်စေ မော်တော်ယာဉ်စစ်ဆေး ပြီး မှတ်တမ်းစိစစ်၍ တူညီလျှင် နေ့ချင်းပြီး ဆောင်ရွက်ပေးပါတယ်။ ကျသင့်ငွေအနေနဲ့ ကတော့ မော်တော်ဆိုင်ကယ် ၅၄၀၀ ကျပ်၊ ယာဉ်ငယ် ၁၁၂၀၀ ကျပ်နှင့် ယာဉ်ကြီး ၁၆၂၀၀ ကျပ် ဖြစ်ပါတယ်။ ယာဉ်စစ်ဆေးခြင်းမှာပဲ ယာဉ်အမျိုးအစားအလိုက် နှုန်းထားကွာခြားမှုရှိ ကြောင်း တင်ပြလိုပါတယ်။

လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ဖြစ်ပါတယ်။ မိတ္တူဆောင်ရွက်ရန် ကြာမြင့်တဲ့အချိန် ကတော့ အထောက်အထားပြည့်စုံပါက နေ့ချင်းပြီး ဆောင်ရွက်ပေးပါတယ်။ ကျသင့်တဲ့ ငွေကတော့ ပျက်စီးခြင်း၊ မထင်ရှားခြင်းအတွက် **၁၂၀၀၀** ကျပ်နဲ့ ပျောက်ဆုံးခြင်း အတွက် ကျပ် **၁၇၀၀၀** ဖြစ်ပါတယ်။ ထုတ်လုပ်ခုနှစ်၊ ယာဉ်အမျိုးအစားတို့အရ နှုန်းထားကွဲပြားခြင်း မရှိပါကြောင်း တင်ပြအပ်ပါတယ်။ အာမခံစာအုပ်နဲ့ပတ်သက်ရင် လုပ်ငန်းလုပ်ဆောင်ရန် ကြာချိန်ကတော့ လယ်ဂျာရေးသွင်းပြီး ချက်ချင်းထုတ်ပေးပါတယ်။ ကျသင့်ငွေအနေနဲ့ **၃၀၀** ကျပ် ဖြစ်ပါမယ်။ ထုတ်လုပ်တဲ့ ယာဉ်အမျိုးအစားတို့အရ နှုန်းထားကွဲပြားခြင်းမရှိပါကြောင်း ပြန်လည်ဖြေကြားရှင်းလင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နန်းကောင်ခမ်းက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းကောင်ခမ်း၊ မိုင်းရှူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** အားလုံးပဲ မင်္ဂလာပါရှင်။ ဒီကနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန် အစည်းအဝေးသို့ တက်ရောက်လာကြသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ

ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင်များအားလုံး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် လေ့လာသူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းချမ်းမြေ့ပါစေကြောင်း ဦးစွာပထမ နှုတ်ခွန်းဆက်သလိုက်ပါတယ်ရှင်။ ကျွန်မကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ မိုင်းရှူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းကောင်ခမ်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ပြည်သူလူထုများ၏ ကိုယ်စား မေးမြန်းသွားမဲ့ မေးခွန်းကတော့ မိုင်းရှူးမြို့အတွင်းရှိ ရပ်ကွက်(၃)ခုနှင့် ကျေးရွာ(၂)ရွာရှိ ပြည်သူများ လျှပ်စစ်မီးရရှိရေးနှင့် စပ်လျဉ်းပြီးတော့ မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ပေးသွားမည်ကို သိရှိလိုပါသဖြင့် ကြယ်ပွင့်ပြ မေးခွန်း မေးမြန်းရခြင်း ဖြစ်ပါတယ်။ မိုင်းရှူးမြို့နယ်အတွင်းရှိ ရပ်ကွက်ကျေးရွာနေ ပြည်သူလူထုများ လျှပ်စစ်ဓာတ်အား ရယူသုံးစွဲနိုင်ရေးအတွက် အမှန်တကယ် လိုအပ်တဲ့ နေရာများမှာ အောက်ပါအတိုင်း ဖြစ်ပါတယ်-

(၁) အမှတ် (၄)ရပ်ကွက်တွင် တံတားဧရိယာနှင့် မလွတ်ကင်းသော ၁၁ ကေဗွီနှင့် ၄၀၀ ဗို့ နှစ်ထပ်လိုင်း ၀.၂၃ မိုင်အား Insulator Cable SAC ဖြင့် တည်ဆောက်ခြင်းလုပ်ငန်း၊

(၂) အမှတ်(၃) ဖရဲခင်းရွာတွင် ၄၀၀ ဗို့လိုင်း ၁၅၀၀ပေအား Insulator Cable Wire 3ø 4W၊ ကွန်ကရစ်တိုင်၊ သံလက်တန်းဖြင့် တည်ဆောက်ခြင်းလုပ်ငန်း၊

(၃) အမှတ်(၂)ရပ်ကွက် ၁၁/ ၀.၄ ကေဗွီ ထရန်စဖော်မာအဝင် ၁၁ ကေဗွီလိုင်းသည် နှစ်ထပ်အိမ်အမြင့်ကြားမှ သွယ်တန်းရသဖြင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရန် အတွက် Insulator Cable SAC ဖြင့် ဖ၁၅ ပေ တည်ဆောက်လိုသည့် လုပ်ငန်း၊

(၄) မော်မေ့ကျေးရွာတွင် ၂၀၀ ကေဗွီထရန်စဖော်မာ၊ ၁၁ ကေဗွီ ၂.၅ မိုင်နှင့် ၄၀၀ ဗို့ဓာတ်အားလိုင်း ၁.၈ မိုင် တည်ဆောက်ခြင်းလုပ်ငန်း၊

(၅) နမ့်ပါလန်ကျေးရွာတွင် ၁၁/ ၀.၄ ကေဗွီ ၁၆၀ ကေဗွီအေထရန်စဖော်မာ ၁ လုံး၊ ၁၁ ကေဗွီ ၂.၅ မိုင်နှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်း ၁.၈ မိုင် တည်ဆောက်ခြင်းလုပ်ငန်းတို့အား မည်သည့်ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေထည့်သွင်းလျာထား၍ ဆောင်ရွက်ပေးသွားမည်ကို သိရှိလိုပါသဖြင့် ပြည်သူလူထု ကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းရွဲန်တစ်လုံ၊ လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး။** အားလုံးပဲ မင်္ဂလာပါ။ ဒီကနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေးသို့ တက်ရောက်လာကြတဲ့ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ အစိုးရအဖွဲ့ဝင် ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများအားလုံး၊ အနယ်နယ်အရပ်ရပ်မှ လွှတ်တော်ကိုယ်စားလှယ်များအားလုံးနဲ့ လေ့လာသူများအားလုံး ဦးစွာ အားလုံးပဲ မင်္ဂလာပါလို့ နှုတ်ဆက်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး တာဝန်ယူထားတဲ့ ဦးစိုင်းရွဲန်တစ်လုံမှ ဆက်လက်ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းကောင်ခမ်းရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ပတ်သက်ပြီးတော့ ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

မိုင်းရှူးမြို့နယ်အတွင်းမှာရှိတဲ့ ရပ်ကွက်/ ကျေးရွာနေ ပြည်သူလူထုများအတွက် လျှပ်စစ်ဓာတ်အား ရယူသုံးစွဲနိုင်ဖို့ မိုင်းရှူးမြို့၊ အမှတ်(၄)ရပ်ကွက်မှာရှိတဲ့ တံတားဧရိယာနှင့် မလွတ်ကင်းတဲ့ **၁၁** ကေဗွီနှင့် **၄၀၀** ဗို့ နှစ်ထပ်လိုင်း ၀.၂၃ မိုင်ကို Insulated Cable SAC, AAC တို့ဖြင့် ပြောင်းရွှေ့တည်ဆောက်ခြင်းလုပ်ငန်းအတွက် ကျပ်သန်းပေါင်း **၂၅.၇၁၈** သန်းဖြင့် လည်းကောင်း၊ မိုင်းရှူးမြို့၊ အမှတ် (၃)ရပ်ကွက်၊ ဖရဲခင်းကျေးရွာမှာ **၄၀၀** ဗို့ဓာတ်အားလိုင်း **၁၅၀၀** ပေကို ကွန်ကရစ်တိုင်၊ သံလက်တန်း Insulated Cable Wire ဖြင့် တည်ဆောက်ခြင်းလုပ်ငန်းအတွက် ကျပ်သန်းပေါင်း **၁၃.၀၈၀** သန်းဖြင့် လည်းကောင်း၊ မိုင်းရှူးမြို့၊ မော်မေ့ကျေးရွာမှာ **၁၁** ကေဗွီ ဓာတ်အားလိုင်း **၂.၅** မိုင်၊ **၁၁/၀.၄** ကေဗွီ၊ **၂၀၀** ကေဗွီအေ ထရန်စဖော်မာ (၁)လုံးနှင့် **၄၀၀** ဗို့ ဓာတ်အားလိုင်း **၁.၈** မိုင် တည်ဆောက်ဖို့အတွက်ဆိုရင် ကျပ်သန်းပေါင်း **၁၆၄.၁၅၁** သန်းဖြင့်လည်းကောင်း၊ မိုင်းရှူးမြို့၊ နားစံကျေးရွာအုပ်စု၊ နမ့်ပါလန်ကျေးရွာမှာ **၁၁** ကေဗွီဓာတ်အားလိုင်း **၂.၅** မိုင်၊ **၁၁/ ၀.၄** ကေဗွီ **၁၆၀** ကေဗွီအေ၊ ထရန်စဖော်မာ (၁)လုံးနှင့် **၄၀၀** ဗို့ဓာတ်အားလိုင်း **၀.၅** မိုင် တည်ဆောက်ခြင်းအတွက် ကုန်ကျစရိတ်က ကျပ်သန်း **၁၁၄.၀၀၀** သန်းဖြင့်လည်းကောင်း ၂၀၁၉– ၂၀၂၀ ခုနှစ်မှာ ရှမ်းပြည်နယ်အစိုးရရန်ပုံငွေမှာ ထည့်သွင်းလျာထား တင်ပြထားပြီး ဖြစ်ပါကြောင်းနှင့် ရန်ပုံငွေ ခွဲဝေရရှိမှုပေါ်မူတည်ပြီးတော့မှ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားလိုပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မိုင်းရှူးမြို့နယ်၊ အမှတ်(၂)ရပ်ကွက် **၁၁/ ၀.၄** ကေဗွီ၊ **၁၆၀** ကေဗွီအေ ထရန်စဖော်မာအဝင် **၁၁** ကေဗွီလိုင်း နှစ်ထပ်အိမ်အမြင့်ကြားမှ သွယ်တန်းရသဖြင့် လျှပ်စစ်အန္တရာယ် ကင်းရှင်း စေရန်အတွက် Insulated Cable SAC ဖြင့် **၆၁၅**ပေ တည်ဆောက်ရခြင်းလုပ်ငန်းအတွက် မြို့နယ်စီမံကိန်းရေးဆွဲ အကောင်အထည် ဖော်ရေးကော်မတီမှ လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဌာနတို့နှင့် ညှိနှိုင်းပြီးတော့

ရေးဆွဲတင်ပြလာပါက ဦးစားပေးအစီအစဉ်အလိုက် လျာထား ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း တင်ပြလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအားကိုက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအားကို၊ မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်အတူ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံး၊ လေ့လာသူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)က ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအားကို ဖြစ်ပါတယ်။

ကျွန်တော်မေးမြန်းလိုတဲ့ အကြောင်းကတော့ မိုင်းဖြတ်မြို့နယ်အတွင်းရှိ မိုးရာသီမှာ သွားလာရေးခက်ခဲသော လမ်းမကြီး(၂)ခုနဲ့ပတ်သက်ပြီး မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ဒီမေးခွန်းကို (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးမှာ မေးမြန်းဖို့ တင်ပြထားရှိခဲ့ပါတယ်။ အခုလို (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေးမှာ မေးမြန်းခွင့်ရတဲ့အတွက်လည်း ကျေးဇူးအများကြီး တင်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်မေးမြန်းတင်ပြလိုတဲ့ လမ်းမကြီး(၂)ခုကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနပိုင် လမ်းဖြစ်ပြီး ရှမ်းပြည်နယ်အစိုးရက စီမံခန့်ခွဲသော လမ်းဖြစ်ပါတယ်။ ပထမ လမ်းကတော့ ပန်လီ- ဘိုရှီး- တာချီလိတ်လမ်းဖြစ်ပြီး ဒုတိယ လမ်းကတော့ မိုင်းဆတ်- မိုင်းခုတ်- မိုင်းဖြတ်လမ်း ဖြစ်ပါတယ်။ အဆိုပါ လမ်း(၂)ခုဟာ မိုင်းဖြတ်မြို့နယ်၊ မိုင်းဟဲကျေးရွာအုပ်စု ဘိုရှီးကျေးရွာအနီးမှာ ကြက်ခြေခတ်သဖွယ် လေးဘက်လေးတန်ဆုံတွေ့သည့် အနေအထားဖြစ်ပါတယ်။

ပထမလမ်းဖြစ်တဲ့ ပန်လီ- ဘိုရှီး- တာချီလိတ်လမ်းဟာ ကျိုင်းတုံမြို့နယ်- မိုင်းဖြတ်မြို့နယ်နှင့် တာချီလိတ်မြို့နယ်တို့ကို ဆက်သွယ်ပေးသော လမ်းဖြစ်ပြီး လမ်းဦးစီးဌာနမှ နှစ်စဉ်တိုးတက်ပြုပြင်မှု ဆောင်ရွက်လျက်ရှိပါသော်လည်း ဘိုရှီးရွာမှ တာချီလိတ်ဆက်သွယ်သောလမ်းအား တစ်စုံတစ်ရာ ပြုပြင်ထိန်းသိမ်းခြင်း မရှိပါသဖြင့် နှစ်စဉ်မိုးရာသီတွင် သွားလာမှုအခက်အခဲများရှိကြောင်း ဒေသခံပြည်သူများမှ တင်ပြလာပါတယ်။

ဒုတိယလမ်းဖြစ်တဲ့ မိုင်းဆတ်- မိုင်းခုတ်- မိုင်းဖြတ်လမ်းဟာ မိုင်းဆတ်မြို့နယ်နှင့် မိုင်းဖြတ်မြို့နယ်တို့ကို ဆက်သွယ်ပေးသော အနောက်မှ အရှေ့သို့ ဖောက်လုပ်ထားသော

လမ်းဖြစ်ပါတယ်။ အဆိုပါလမ်း၏ မိုင်းဖြတ်မြို့နယ်၊ ဘိုရှီးရွာမှ မိုင်းဖြတ်မြို့အထိ လမ်းအပိုင်းအား ကတ္တရာလမ်းအဖြစ် အဆင့်တိုးမြှင့် ပြုပြင်နေသော်လည်း မိုင်းခုတ်မှ ဘိုရှီးရွာအထိ လမ်းအပိုင်းအား ထိန်းသိမ်းမှုမရှိသဖြင့် မိုးရာသီတွင် သွားလာမှုခက်ခဲလျက်ရှိပါတယ်။ အဆိုပါလမ်းကို တောင်တက်မတ်စောက်သော တောင်ကုန်း၊ တောင်တန်းများပေါ်မှ ဖောက်လုပ်ထားခြင်းဖြစ်ရာ မိုးရာသီ၌ လမ်းရေစီးကြောင်းများ ဖြစ်ပေါ်နေခြင်း၊ ဗွက်တော၊ ဗွက်တန်းများ ဖြစ်ပေါ်နေခြင်း၊ တောင်ပေါ်ပိုင်းများတွင် လမ်းသားများ ပွဲကျခြင်း၊ တောင်ပြိုကျပြီး လမ်းများ ပိတ်ဆို့ခြင်းတို့ကြောင့် ဒေသခံပြည်သူများ၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးလုပ်ငန်းများ ဆောင်ရွက်ရာမှာ အခက်အခဲ အဟန့်အတားများ ဖြစ်ပေါ်လျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနအနေဖြင့် ပန်လီ– ဘိုရှီး– တာချီလိတ်လမ်း၏ ဘိုရှီး– တာချီလိတ်လမ်းအပိုင်းနှင့် မိုင်းဆတ်– မိုင်းခုတ်– မိုင်းဖြတ်လမ်း၏ မိုင်းခုတ်– ဘိုရှီးလမ်းအပိုင်းအား လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့စေရေးအတွက် လမ်းအဆင့်မြှင့်တင် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/ မရှိ (သို့မဟုတ်) လမ်းပြုပြင်ထိန်းသိမ်းပေးနိုင်ခြင်း ရှိ/ မရှိ သိရှိလိုပါသဖြင့် ဒေသခံပြည်သူများ ကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအားကို မေးမြန်းထားတဲ့ ကျိုင်းတုံမြို့နယ်၊ မိုင်းဖြတ်မြို့နယ်နှင့် တာချီလိတ်မြို့နယ်တို့ကို ဆက်သွယ်ပေးထားတဲ့ ပန်လီ– ဘိုရှီး– တာချီလိတ်လမ်း၏ ဘိုရှီး–တာချီလိတ် လမ်းအပိုင်းနှင့် မိုင်းဆတ် မြို့နယ်နှင့် မိုင်းဖြတ်မြို့နယ်တို့ကို ဆက်သွယ်ပေးထားတဲ့ မိုင်းဆတ်– မိုင်းခုတ်– မိုင်းဖြတ်လမ်း၏ မိုင်းခုတ်– ဘိုရှီးလမ်းအပိုင်းကို လမ်းပန်ဆက်သွယ်ရေး လုံခြုံချောမွေ့စေရေးအတွက် လမ်းအဆင့်မြှင့်တင် ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ/ မရှိနှင့် လမ်းပြုပြင်ထိန်းသိမ်း ပေးနိုင်ခြင်း အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်း၍ ဆက်လက် ဖြေကြား တင်ပြသွားမှာ ဖြစ်ပါတယ်။ ကျေးဇူးပြု၍ ပါဝါပွိုင့်အသုံးပြုခွင့်ပေးပါရန် ခွင့် တောင်းခံအပ်ပါတယ်။

ကျွန်တော်တို့ တင်ပြထားတာတော့ လက်ရှိ မေးခွန်းမှာ ပါရှိတဲ့ မိုင်းခုတ်– ဘိုရှီး လမ်းနှင့် ဘိုရှီး– တာချီလိတ်လမ်းရဲ့ တည်နေရာပြတဲ့ မြေပုံဖြစ်ပါတယ်။ မြေပုံမှာ

ပါရှိတဲ့အတိုင်းပဲ ဖြစ်ပါတယ်။ ပန်လီ– ဘိုရှီး– တာချီလိတ်လမ်းနှင့် မိုင်းဆတ်– မိုင်းခုတ်– မိုင်းဖြတ်လမ်းဟာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှာ တည်ရှိပြီးတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနပိုင်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ စီမံခန့်ခွဲတဲ့ လမ်းတွေဖြစ်ပါတယ်။ ပန်လီ– ဘိုရှီး– တာချီလိတ်လမ်းသည် ကျိုင်းတုံခရိုင်၊ ကျိုင်းတုံမြို့နယ်နှင့် တာချီလိတ်ခရိုင်၊ မိုင်းဖြတ်မြို့နယ်၊ တာချီလိတ်မြို့နယ်တို့ကို ဆက်သွယ်ထားတဲ့ လမ်းဖြစ်ပါတယ်။ ထို့အတူ မိုင်းဆတ်– မိုင်းခုတ်– မိုင်းဖြတ်လမ်းဟာလည်း မိုင်းဆတ်ခရိုင်၊ မိုင်းဆတ်မြို့နယ်၊ မိုင်းခုတ်မြို့နယ်နှင့် တာချီလိတ်ခရိုင်၊ မိုင်းဖြတ်မြို့နယ်တို့ကို ဆက်သွယ်ထားတဲ့ လမ်းဖြစ်ပါတယ်။

လမ်းကွန်ရက်အရ ကြည့်မယ်ဆိုရှိရင် ဒါအသင့်တင့် အရေးပါတဲ့ လမ်းများဖြစ်ပါတယ်။ မေးခွန်းပါလိုလားချက်မှာကတော့ အပြာလိုင်းများနဲ့ ဖော်ပြထားတဲ့ လမ်းများဖြစ်ပါတယ်။ မိုင်းခုတ်– ဘိုရှီးနှင့် တောင်ဘက်ကို ဆင်းသွားလို့ရှိရင် ဘိုရှီးနှင့် တာချီလိတ်လမ်းဖြစ်ပါတယ်။ ပန်လီ– ဘိုရှီး– တာချီလိတ်လမ်းဟာ ၁၀၀.၉၈၆ km ရှည်လျားပြီးတော့ (ကျိုင်းတုံ– ဘိုရှီး) အပိုင်း (၀ km– ၅၉.၂၅ km)အထိကို လမ်းဦးစီးဌာန၊ ကျိုင်းတုံခရိုင်နှင့် တာချီလိတ်ခရိုင်မှ တာဝန်ယူ ဆောင်ရွက်လျက်ရှိပြီးတော့ (ဘိုရှီး– တာချီလိတ်)အပိုင်း ( ၅၉.၂၅ km ကနေ ၁၀၀.၉၈၆ km)အထိကိုတော့ အမှတ်(၉၁၃)၊ စစ်မြေပြင်အင်ဂျင်နီယာတပ်ရင်းမှ တာဝန်ယူ ဆောင်ရွက်လျက် ရှိပါတယ်။

မြေပုံမှာ အလျားလိုက် အပြာလိုင်း မြင်တွေ့ရမယ့် မိုင်းဆတ်– မိုင်းခုတ်– မိုင်းဖြတ် လမ်းဟာ ၁၅၁.၂၇၈ km ရှည်လျားပါတယ်။ မိုင်းဆတ်– မိုင်းခုတ်အပိုင်း (၀ km– ၅၉.၅ km)ကို လမ်းဦးစီးဌာန၊ မိုင်းဆတ်ခရိုင်၊ မိုင်းဆတ်မြို့နယ်နှင့် မိုင်းခုတ်မြို့တို့မှ လည်းကောင်း၊ ဘိုရှီး– မိုင်းဖြတ်အပိုင်းကို (၁၃၂ km ကနေ ၁၅၁.၂၇၈ km)အထိကို လမ်းဦးစီးဌာန၊ တာချီလိတ်ခရိုင်၊ မိုင်းဖြတ်မြို့နယ်မှလည်းကောင်း တာဝန်ယူဆောင်ရွက်လျက်ရှိပြီးတော့ မြေပုံပါ အလျားလိုက် မြင်နေရမဲ့ အပြာလိုင်းဖြတ်တဲ့ မိုင်းခုတ်– ဘူးရှီးအပိုင်း (၅၉.၂၅ km ကနေ ၁၃၂ km)အထိကိုတော့ အမှတ်(၉၁၃)၊ စစ်မြေပြင်အင်ဂျင်နီယာတပ်ရင်းမှ တာဝန်ယူ ဆောင်ရွက်လျက်ရှိပါတယ်။

မြေပုံမှာ အပြာလိုင်းကော အလျားလိုက်ကော၊ ဒေါင်လိုက်ကော မြင်ရမယ့် ဘိုရှီး– တာချီလိတ်လမ်းအပိုင်းနှင့် မိုင်းခုတ်– ဘိုရှီးလမ်းအပိုင်းတို့ကို အမှတ်(၉၁၃)၊ စစ်မြေပြင် အင်ဂျင်နီယာတပ်ရင်းမှ တာဝန်ယူဆောင်ရွက်လျက်ရှိပြီး စုစုပေါင်း ၁၁၄.၂၃၆km မိုင်အားဖြင့် (၇၁/၀)မိုင် ရှည်လျားပါတယ်။ လက်ရှိလမ်းအမျိုးအစားကတော့ ၃၄ ပေ အကျယ်မြေသား လမ်းဖြစ်ပြီး သံကူကွန်ကရစ်တံတား ၇၂စင်းနှင့် ၃' အချင်းရေထုတ်ပြွန် ၆၂ စင်း တည်ဆောက် ထားပြီး ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ မိုင်းခုတ်မြို့အနီးမှာရှိတဲ့ ကျောက်မီးသွေးသတ္တုတွင်းနှင့် ဓာတ်အားပေး စက်ရုံစီမံကိန်းအား ဆက်လက်ဆောင်ရွက်နိုင်မှု အခြေအနေအရ အမှတ်(၉၁၃)၊ စစ်မြေပြင် အင်ဂျင်နီယာတပ်ရင်းက အဆိုပါ လမ်းအပိုင်းများကို ဆက်လက်တာဝန်ယူဆောင်ရွက်ခြင်း မပြုတော့ပါကြောင်း အတည်ပြု အကြောင်းကြားလာပါက လမ်းဦးစီးဌာနအနေဖြင့် သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်များအလိုက် ဘဏ္ဍာငွေများ တောင်းခံလျာထားပြီးတော့ စီမံဆောင်ရွက်သွား မည်ဖြစ်ပါကြောင်း ဖြေကြားရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညီညီ(ခ) ဦးညီလေးချမ်းက မေးခွန်း(၁၂)ကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးညီညီ(ခ) ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ် ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာ သူဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော် ကတော့ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ)ဦးညီလေးချမ်း ဖြစ်ပါတယ်။ ပထမမေးခွန်းကို တိုက်ရိုက်မေးမြန်းသွားမှာ ဖြစ်ပါ တယ်။ ယခင်နှင့် ယခုရှမ်းပြည်နယ်အစိုးရအဖွဲ့များသည် ပထမနှစ်မှ တတိယနှစ်အထိ ပြည်နယ်တစ်ခုလုံး၏ လုပ်ငန်းစီမံကိန်းများအတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ၊ ပြည်နယ် ဘဏ္ဍာရန်ပုံငွေဖြင့် သုံးစွဲခဲ့သော ငွေစုစုပေါင်း မည်မျှရှိကြောင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့တွင် ယခင်နှင့် ယခု ရှမ်းပြည်နယ်အစိုးရလက်ထက် များတွင် လုပ်ငန်းစီမံကိန်းများအတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ၊ ပြည်နယ်ဘဏ္ဍာ ရန်ပုံငွေများဖြင့် သုံးစွဲခဲ့သော ငွေစုစုပေါင်းနှင့် ထိုနည်းတူ ပင်းတယမြို့နယ်အတွက်လည်း ငွေစုစုပေါင်း မည်မျှသုံးစွဲခဲ့ကြောင်းကို ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ရှမ်း ပြည်နယ်အစိုးရအား ကြယ်ပွင့်ပြမေးခွန်းမေးမြန်းအပ်ပါတယ်။

ဒုတိယမေးခွန်း ဆက်လက်တင်ပြရမယ်ဆိုရင် တင်ဒါလုပ်ငန်းနှင့် ပတ်သက်ပြီးတော့ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် ၁/ ၂၀၁၇ ကို ထုတ်ပြန်ကြေညာထားတာ ရှိပါတယ်။ အဲ့ဒီကြေညာချက်ရဲ့ အပိုဒ် ၁၀(က)မှာဆိုရင် ကျပ် သိန်း(၁၀၀)အထက်ကို တင်ဒါ ခေါ်ယူရန် ပါရှိပါတယ်။ ကျပ် သိန်း(၁၀၀)အထက် တင်ဒါမခေါ်ယူဘဲနဲ့ ပင်းတယမြို့နယ် ဘောလုံးကွင်း မြက်ခင်းကပ်လုပ်ငန်းမှာ ပြဿနာပေါ်ပေါက်ခဲ့ပါတယ်။ အဲ့ဒီတော့ သက်ဆိုင်ရာ ကိုတိုင်ထားသော်လည်း သက်ဆိုင်ရာက ဌာနဆိုင်ရာ အရေးယူမှုသာ ဖြစ်ပေါ်ခဲ့ပါတယ်။ အဲ့ဒီ အရေးယူမှုအပြင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့် ငြိစွန်းခြင်း ရှိ/ မရှိနဲ့ပတ်သက်ပြီး တော့လည်း မေးမြန်းဖို့ လိုလာပါတယ်။ ဒါ့အပြင် တစ်ခြားမြို့နယ်မှာလည်း ဒီလိုအများကိစ္စ

ဖြစ်ပွားခြင်း ရှိ/ မရှိကိုလည်းပဲ သိဖို့လိုလာပါတယ်။ အဲဒီတော့ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေ ပုဒ်မ ၃(က)မှာဆိုရင် အဂတိလိုက်စားမှု ဆိုသည်မှာ အောက်ပါတို့ဆိုသည်“မည်သူမဆို ရာထူးတာဝန်ကို အလွဲသုံးစား ပြု၍ ဖြစ်စေ၊ အခြားနည်းဖြင့် ဖြစ်စေ၊ တစ်စုံတစ်ရာကို ပြုလုပ်ရန် သို့မဟုတ် ဥပဒေနှင့်အညီ ပြုလုပ်ခြင်းမှ ရှောင်ကြဉ်စေရန် သို့မဟုတ် တစ်ဦး တစ်ယောက်အား ဥပဒေနှင့်အညီ ရထိုက်သော အခွင့်အရေးကိုပေးရန် သို့မဟုတ် ဥပဒေနှင့် အညီ ရထိုက်ခွင့်မရှိသော အခွင့်အရေးကိုပေးရန် သို့မဟုတ် ဥပဒေနှင့်အညီ ရထိုက်သော အခွင့်အရေးကို မမှန်မကန် ပိတ်ပင်ရန်အတွက် တံစိုးလက်ဆောင်ကို တစ်ဦးတစ်ယောက် အားပေးခြင်း၊ ပေးရန်အားထုတ်ခြင်း သို့မဟုတ် တစ်ဦးတစ်ယောက်ထံမှ လက်ခံခြင်း၊ ရယူခြင်းနှင့် ရယူရန်အားထုတ်ခြင်းတို့ကို တိုက်ရိုက် ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ၊ တစ်နည်း နည်းဖြင့် ပြုလုပ်ခြင်း” ပုဒ်မခွဲ(၂) “မည်သူမဆို သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အများပြည်သူဆိုင်ရာ အဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်း ပြည်သူ့ဘဏ္ဍာကို ကိုင်တွယ်စီမံဆောင်ရွက်သည့် လုပ်ငန်းစဉ်တွင် ဖြစ်စေ၊ ယင်းတို့၏ ပိုင်ဆိုင်မှုကို တောင်းခံ ခြင်း၊ ရယူခြင်း၊ စီမံခန့်ခွဲခြင်း၊ ရှင်းလင်းဖျက်သိမ်းခြင်းပြုရာတွင် ဖြစ်စေ၊ ယင်းတို့နှင့် သက်ဆိုင်မှုရှိသော သဘောတူစာချုပ်တစ်ခုတွင် ပါဝင်ခြင်း၊ စီမံဆောင်ရွက်ခြင်း ပြုရာတွင် ဖြစ်စေ၊ တည်ဆဲဥပဒေ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်း တစ်ရပ်ရပ်ကို ဖောက်ဖျက်လျက် နိုင်ငံတော်၏ ငွေကြေးပစ္စည်းနှင့် ပိုင်ဆိုင်မှုကို ထိခိုက်နစ်နာပျက်စီးဆုံးရှုံးစေခြင်း” ဆိုပြီး ပြဋ္ဌာန်းထားပါတယ်။ အဲ့ဒီပြဋ္ဌာန်းချက်အရ အောက်ပါအတိုင်း ကြယ်ပွင့်ပြမေးခွန်း မေးမြန်း အပ်ပါတယ်။

ရှမ်းပြည်နယ်တစ်ခုလုံးတွင် လုပ်ငန်းစီမံကိန်းများအတွက် ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေနှင့် ပြည်နယ်ဘဏ္ဍာရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများကို ခွဲဝေပေးခဲ့သော လုပ်ငန်းစီမံကိန်းများကို နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် ၁/ ၂၀၁၇ ကို လိုက်နာ ရမည့် တင်ဒါလုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်ခဲ့ခြင်း ရှိ/ မရှိ၊ မရှိပါက မည်သည့် မြို့နယ် မည်သည့်စီမံကိန်းလုပ်ငန်းများဖြစ်ကြောင်းနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေတို့ဖြင့် ငြိစွန်းခြင်း ရှိ/ မရှိကို အများပြည်သူများ သိရှိနိုင်ရန်အတွက် ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအား ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါ တယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးက မေးခွန်း(၁၊ ၂)ကို တစ်ဆက်တည်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုးညွန့်လွင်(ခ)ဦးစိုးကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ။ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညီညီ(ခ) ဦးညီလေးချမ်းရဲ့ ယခင်နှင့် ယခုရှမ်းပြည်နယ်အစိုးရအဖွဲ့များသည် ပထမနှစ်မှ တတိယနှစ်အထိ ပြည်နယ်တစ်ခုလုံး၏ လုပ်ငန်းစီမံကိန်းများအတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ၊ ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် သုံးစွဲခဲ့သော ငွေစုစုပေါင်းမည်မျှရှိကြောင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ ဒေသတို့တွင် ယခင်နှင့် ယခုရှမ်းပြည်နယ်အစိုးရလက်ထက်များက လုပ်ငန်းစီမံကိန်းများအတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ၊ ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် သုံးစွဲခဲ့သော စုစုပေါင်းနှင့် ပင်းတယမြို့နယ်အတွက်လည်း စုစုပေါင်း မည်မျှသုံးစွဲခဲ့ကြောင်း သိရှိလိုခြင်းနှင့် ပတ်သက်ပြီးတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးညွန့်လွင် (ခ)ဦးစိုးကြီးမှ ဖတ်ကြားသွားမှာ ဖြစ်ပါတယ်။

၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေစာရင်းအရ ငွေလုံးငွေရင်းအသုံးစရိတ် (ပြည်နယ်ဘဏ္ဍာရန်ပုံငွေ) **ကျပ် ၆,၈၀၉.၆၅၁ သန်း** လျာထားပြီး ပင်းတယမြို့နယ်အတွက် **ကျပ် ၄၁.၈၈၀ သန်း** လျာထားဆောင်ရွက်ခဲ့ပါတယ်။ **၂၀၁၁-၂၀၁၂** ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေစာရင်းအရ ငွေလုံးငွေရင်း အသုံးစရိတ် (ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ)မှ **ကျပ် ၂၇,၄၁၁.၉၆၅ သန်း** လျာထားပြီး ပင်းတယမြို့နယ်အတွက် **ကျပ် ၂၉၈.၀၇၂ သန်း** လျာထားဆောင်ရွက်ခဲ့ပါတယ်။ **၂၀၁၂-၂၀၁၃** ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေစာရင်းအရ ငွေလုံးငွေရင်းအသုံးစရိတ် (ပြည်နယ်ဘဏ္ဍာရန်ပုံငွေ) **ကျပ် ၉,၅၁၉.၉၄၆ သန်း** လျာထားပြီး ပင်းတယမြို့နယ်အတွက် **ကျပ် ၇၀.၉၀၀ သန်း** လျာထားဆောင်ရွက်ခဲ့ပါတယ်။ **၂၀၁၂-၂၀၁၃** ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေစာရင်းအရ ငွေလုံးငွေရင်းအသုံးစရိတ် (ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ) **ကျပ် ၆၇,၉၁၂.၂၂၀ သန်း** လျာထားပြီး ပင်းတယမြို့နယ်အတွက် **ကျပ် ၁,၇၀၀.၁၉၁ သန်း**လျာထားဆောင်ရွက်ခဲ့ပါတယ်။ **၂၀၁၃-၂၀၁၄** ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေစာရင်းအရ ငွေလုံးငွေရင်းအသုံးစရိတ် (ပြည်နယ်ဘဏ္ဍာရန်ပုံငွေ) **ကျပ် ၅၁,၇၇၀.၃၄၇ သန်း** လျာထားပြီး ပင်းတယမြို့နယ်အတွက် **ကျပ် ၂၆၅.၂၆၇ သန်း** လျာထားဆောင်ရွက်ခဲ့ပါတယ်။ **၂၀၁၃- ၂၀၁၄** ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေစာရင်းအရ ငွေလုံးငွေရင်းအသုံးစရိတ် (ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ)**ကျပ် ၉၆,၂၈၀.၂၄၄ သန်း**လျာထားပြီး ပင်းတယမြို့နယ်အတွက် **ကျပ် ၄,၈၈၇.၆၆၂ သန်း** လျာထားဆောင်ရွက်ခဲ့ပါတယ်။ **၂၀၁၄-၂၀၁၅** ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေစာရင်းအရ ငွေလုံးငွေရင်းအသုံးစရိတ် (ပြည်နယ်ဘဏ္ဍာရန်ပုံငွေ) **ကျပ် ၁၆၇,၇၀၆.၀၃၈သန်း** လျာထားပြီး ပင်းတယမြို့နယ်အတွက် **ကျပ် ၃,၅၂၄.၆၃၇ သန်း** လျာထားဆောင်ရွက်ခဲ့ပါတယ်။ **၂၀၁၄-**

**၂၀၁၅** ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေစာရင်းအရ ငွေလုံးငွေရင်းအသုံးစရိတ် (ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေ) **ကျပ် ၁၃၉,၃၃၉.၆၇၅ သန်း** လျာထားပြီး ပင်းတယမြို့နယ်အတွက် **ကျပ် ၃,၅၂၀.၃၇၅ သန်း** လျာထားဆောင်ရွက်ခဲ့ပါတယ်။

**၂၀၁၅–၂၀၁၆** ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေစာရင်းအရ ငွေလုံးငွေရင်း အသုံးစရိတ် (ပြည်နယ်ဘဏ္ဍာရန်ပုံငွေ) **ကျပ် ၁၆၆,၇၄၅.၃၆၆ သန်း** လျာထားပြီး ပင်းတယမြို့နယ်အတွက် **ကျပ် ၃,၀၉၉.၅၀၂ သန်း** လျာထားဆောင်ရွက်ခဲ့ပါတယ်။ **၂၀၁၅–၂၀၁၆** ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေစာရင်းအရ ငွေလုံးငွေရင်းအသုံးစရိတ် (ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ) **ကျပ် ၃၀၂,၂၁၀.၄၇၈သန်း** လျာထားပြီး ပင်းတယမြို့နယ်အတွက် **ကျပ် ၅,၁၆၄.၇၅၅သန်း** လျာထားဆောင်ရွက်ခဲ့ပါတယ်။ **၂၀၁၆–၂၀၁၇** ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေစာရင်းအရ ငွေလုံးငွေရင်းအသုံးစရိတ် (ပြည်နယ်ဘဏ္ဍာရန်ပုံငွေ) **ကျပ် ၁၅၄,၆၁၁.၉၂၇ သန်း** လျာထားပြီး ပင်းတယမြို့နယ်အတွက် **ကျပ် ၁,၆၅၇.၆၂၉ သန်း** လျာထားဆောင်ရွက်ခဲ့ပါတယ်။ **၂၀၁၆–၂၀၁၇** ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေစာရင်းအရ ငွေလုံးငွေရင်းအသုံးစရိတ် (ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ) **ကျပ် ၂၆၈,၈၈၇.၇၂၈သန်း** လျာထားပြီး ပင်းတယမြို့နယ်အတွက် **ကျပ် ၄,၉၄၉.၇၃၇ သန်း** လျာထားဆောင်ရွက်ခဲ့ပါတယ်။ **၂၀၁၇–၂၀၁၈** ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေစာရင်းအရ ငွေလုံးငွေရင်းအသုံးစရိတ် (ပြည်နယ်ဘဏ္ဍာရန်ပုံငွေ) **ကျပ် ၁၆၄,၈၉၉.၉၀၉ သန်း**လျာထားပြီး ပင်းတယမြို့နယ်အတွက် **ကျပ် ၁,၂၆၉.၇၅၃ သန်း** လျာထားဆောင်ရွက်ခဲ့ပါတယ်။ **၂၀၁၇–၂၀၁၈** ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေစာရင်းအရ ငွေလုံးငွေရင်း အသုံးစရိတ်(ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေ) **ကျပ် ၁၈၃,၆၉၃.၂၂၉ သန်း** လျာထားပြီး ပင်းတယမြို့နယ်အတွက် **ကျပ် ၂,၉၆၂.၄၄၃ သန်း** လျာထားဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၈ (၆)လအတွက် မူလခန့်မှန်းခြေစာရင်းအရ ငွေလုံးငွေရင်းအသုံးစရိတ် (ပြည်နယ်ဘဏ္ဍာရန်ပုံငွေ) **ကျပ် ၇၁,၁၁၄.၆၀၃ သန်း** လျာထားပြီး ပင်းတယမြို့နယ်အတွက် **ကျပ် ၁,၁၉၅.၉၆၀ သန်း** လျာထားဆောင်ရွက်ခဲ့ပါတယ်။

၂၀၁၈ (၆)လအတွက် မူလခန့်မှန်းခြေစာရင်းအရ ငွေလုံးငွေရင်းအသုံးစရိတ် (ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ) **ကျပ် ၇၈,၇၄၂.၈၆၅ သန်း** လျာထားပြီး ပင်းတယမြို့နယ်အတွက် **ကျပ် ၁,၁၈၉.၅၀၈ သန်း** လျာထားဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၈–၂၀၁၉ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေစာရင်းအရ ငွေလုံးငွေရင်းအသုံးစရိတ် (ပြည်နယ်ဘဏ္ဍာရန်ပုံငွေ) **ကျပ် ၁၆၅,၇၇၄.၈၁၃ သန်း** လျာထားပြီး ပင်းတယမြို့နယ်အတွက် **ကျပ် ၁,၉၇၂.၃၈၁ သန်း** လျာထားဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၈–၂၀၁၉ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေစာရင်းအရ ငွေလုံးငွေရင်းအသုံးစရိတ် (ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ)**ကျပ် ၃၅၈,၂၇၈.၁၂၂ သန်း**လျာထားပြီး

ပင်းတယမြို့နယ်အတွက် **ကျပ် ၃,၁၀၅.၆၈၈ သန်း** လျာထားဆောင်ရွက်ခဲ့ပါတယ်။ **၂၀၁၁–၂၀၁၂** ဘဏ္ဍာနှစ်မှ **၂၀၁၈–၂၀၁၉** ဘဏ္ဍာနှစ်အထိ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ/ ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ ဒေသများသို့ခွဲဝေရရှိမှုအခြေအနေများနှင့် ပတ်သက်ပြီးတော့ ပင်းတယမြို့နယ်သို့ ခွဲဝေချထားပေးမှုကို ပူးတွဲပါဇယားတွင် ဖော်ပြထားရှိပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်မှာ မေးခွန်းတစ်ရပ်ကို မေးရာ၌ လွှတ်တော်၏ နည်းဥပဒေ စည်းမျဉ်း၊ စည်းကမ်းများနဲ့ သတ်မှတ်ထားတာကို တွေ့ရှိရပါတယ်။ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေအရ စာမျက်နှာ ၈၆ ပုဒ်မ ၁၀၂ စည်းကမ်းချက်များ၊ မေးခွန်းတစ်ရပ်သည် အောက်ပါစည်းကမ်းချက်များနှင့် ကိုက်ညီစေရစေမည်ဟု ဖော်ပြထားပါတယ်–

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထိခိုက်စေသော မေးခွန်းမဖြစ်စေရ။

(ခ) အကြောင်းကိစ္စ တစ်စုံတစ်ခုကို သိလို၍ စုံစမ်းမေးမြန်းသော အချက်သာပါရှိရမည်ဖြစ်ပြီး၊ ရှင်းလင်းလွယ်ကူစွာ နားလည်စေရန်မှတစ်ပါး အမည်နာမ သို့မဟုတ် ဖော်ပြချက်များ မပါရှိစေရ။

(ဂ) မိမိ၏ဖော်ပြချက်မှန်ကန်ကြောင်းမေးခွန်းမေးမြန်းသော လွှတ်တော်ကိုယ်စားလှယ်က လွှတ်တော်ကို တာဝန်ခံရမည်။

(ဃ) မဆီလျော်သော အကြောင်းပြချက်များ၊ ခိုင်လုံသော အထောက်အထား မပါရှိသည့်ယူဆချက်များ၊ မသင့်လျော်သော အသုံးအနှုန်းများ၊ ဂုဏ်သရေကို ထိခိုက်စေသော ဖော်ပြချက်များ မပါရှိစေရ။

(င) လိုအပ်ချက်မရှိပဲ ရှည်လျားသော မေးခွန်းမဖြစ်စေရ။

(စ) အသေးဖွဲကိစ္စရပ်များနှင့် စပ်လျဉ်းသော မေးခွန်းမဖြစ်စေရ။

(ဆ) လိုအပ်ခြင်းမရှိဘဲ အတိတ်ကာလဖြစ်ရပ်များကို စုံစမ်းမေးမြန်းသည့် မေးခွန်း မဖြစ်စေရ။

(ဇ) လွယ်ကူစွာရရှိနိုင်သော မှတ်တမ်းများ သို့မဟုတ် စာအုပ်များတွင် ပါရှိသော အကြောင်းများကို သိရှိရန် မေးမြန်းခြင်း မပြုရ။

(ဈ) နိုင်ငံရေးကိစ္စအလို့ငှာ မေးခွန်းမေးမြန်းရာတွင် ဘာသာ၊ သာသနာကို အလွဲသုံးစားပြုသော မေးခွန်းမဖြစ်စေရ။

(ည) မိမိကိုယ်မိမိ အမွန်းတင်သော အခြားပုဂ္ဂိုလ်များအား သိက္ခာချသော မေးခွန်းမဖြစ်စေရလို့ ပြဋ္ဌာန်းပါရှိပါတယ်။

ယခုလွှတ်တော်ကိုယ်စားလှယ်မေးမြန်းတဲ့ မေးခွန်းဟာ ကျွန်တော်တို့ နှစ်စဉ်နှစ်တိုင်း ထုတ်ဝေထားတဲ့ ဒီလွှတ်တော်မှာ အတည်ပြုပြီးသား ဘတ်ဂျက်များဖြစ်တဲ့အတွက် ဒါတစ်ကြောင်း၊ ယခင်အစိုးရရဲ့ မေးခွန်းများ ဥက္ကဋ္ဌကို ပြန်လည်မေးထားခြင်း ဖြစ်တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်ကို လေးစားစွာ Request လုပ်ပါတယ်။ ပင်းတယမြို့နယ်၏ ပြည်နယ်ဘဏ္ဍာရန်ပုံငွေ/ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်ပြီး/ ဆောင်ရွက်မည့် လုပ်ငန်းအသေးစိတ်စာရင်းအား ပင်းတယမြို့နယ် စီမံကိန်းဦးစီးရုံးတွင် ကြည့်ရှုလေ့လာနိုင်ပါကြောင်း လေးစားစွာဖြင့် ဖြေကြားအပ်ပါတယ်ခင်ဗျား။

ဒုတိယမေးခွန်းအနေဖြင့် ရှမ်းပြည်နယ်တစ်ခုလုံးတွင် လုပ်ငန်းစီမံကိန်းများအတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေနှင့် ပြည်နယ်ဘဏ္ဍာရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများကို ခွဲဝေပေးခဲ့သော လုပ်ငန်းစီမံကိန်းများကို နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် (၁/၂၀၁၇)ကို လိုက်နာရမည့် တင်ဒါလုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်ခဲ့ခြင်း ရှိ/ မရှိ၊ မရှိပါက မည်သည့်မြို့နယ်၊ မည်သည့်စီမံကိန်းလုပ်ငန်းများဖြစ်ကြောင်းနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေတို့ဖြင့် ငြိစွန်းခြင်း ရှိ/ မရှိကို သိရှိလိုပါသည်နှင့် မေးခွန်းနှင့်ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးညွန့်လွင်(ခ)ဦးစိုးကြီးမှ ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အတွင်း ပြည်ထောင်စုနှင့် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် (၁/၂၀၁၇)ကို လိုက်နာရမည့် တင်ဒါလုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေနှင့် ငြိစွန်းခြင်း မရှိပါကြောင်း လေးစားစွာဖြင့် ဖြေကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းစံထွန်းက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းစံထွန်း၊ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)။** အားလုံးပဲ မင်္ဂလာပါ။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်(၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ တက်ရောက်လာကြသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစံထွန်း ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမယ့် မေးခွန်းကတော့ ကွန်ဟိန်းမြို့နယ်၊ ဝမ်လောကျေးရွာအုပ်စု၊ ဝမ်လောလမ်းပိုင်းမှ လွိုင်ကျိုင်းအုပ်စုတို့ ဆက်သွယ်ထားသော လမ်း(၈)မိုင်အား ကျောက်ချောလမ်းအဖြစ် ခင်းပေးနိုင်ရန် အစီအစဉ် မေးခွန်းပဲ ဖြစ်ပါတယ်။

ကွန်ဟိန်းမြို့နယ်၊ ဝမ်လောကျေးရွာအုပ်စုသည် မြို့နယ်ကျေးလက်လမ်းဦးစီးပိုင်းတွင် ပါရှိပြီး ဝမ်လောကျေးရွာအုပ်စုနှင့် လွိုင်ကျိုင်းအုပ်စု၊ ကွန်ပုကျေးရွာအုပ်စု၊ ငါးတိုင်ကျေးရွာအုပ်စု၊ ကျိုင်းခမ်းကျေးရွာအုပ်စု စသည့်အုပ်စု ၅ အုပ်စုကို ဆက်သွယ်ထားတဲ့ လမ်းပိုင်း (၈)မိုင် ရှိပါတယ်။ ဝမ်လောအုပ်စုသည် ဟိုနားရွာ၊ ဟိုရန်ရွာ၊ လွိုင်ကျိုင်းအုပ်စုတွင် ကွန်ကျောင်း၊ ကွန်ကဲ၊ နားလ၊ နားကွန်၊ နားဘောင်း၊ နားကြူ၊ ကွန်ပုကျေးရွာအုပ်စုတွင် ဟိုဟကျေးရွာ၊ လွိုင်ရန်းကျေးရွာ၊ နမ့်ပန်ကျေးရွာ၊ နမ့်ကုန်၊ ကြူကျိန်၊ ငါးတိုင်အုပ်စုတွင် နားဖလုံ၊ နားဖအွန်၊ ဝိုးလုံ၊ စွန်ဆမ်း၊ နားတွန်၊ ကျိုင်းခမ်းကျေးရွာအုပ်စုတွင် ပေါက်ကန်ဝေး၊ ဟိုတ၊ ဝမ်ကျောင်း၊ ပေ့ါဟာနား အစရှိတဲ့ ကျေးရွာများ အသုံးပြုနေတဲ့ လမ်းပိုင်းဖြစ်ပါတယ်။

အဆိုပါလမ်းပိုင်းသည် မိုးတွင်းအခါတွင် သွားလာရန်ခက်ခဲပြီး ဆိုင်ကယ်ပင် သွားလာရန် ခက်ခဲတဲ့ လမ်းပိုင်းဖြစ်ပါတယ်။ အဆိုပါလမ်းပိုင်းအား ကျောက်ချောလမ်းအဖြစ် ခင်းပေးနိုင်ပါက ကျေးရွာအုပ်စု(၅)အုပ်စု၏ အဓိကဝင်ထွက်သွားလာတဲ့ လမ်းပိုင်းဖြစ်ပြီး ဒေသထွက် ဆန်စပါး၊ ပဲ၊ ပြောင်း၊ နှမ်း အစရှိသည့် သီးနှံများထွက်ရှိတဲ့ ဒေသဖြစ်သဖြင့် လူနေမှုဘဝဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။

အကျိုးပြုမှုမှာ ကျေးရွာ(၂၈)ရွာ၊ အိမ်ခြေပေါင်း (၃၈၀)အိမ်၊ လူဦးရေပေါင်း (၁၆၀၀)ဦး ခန့်ကို အကျိုးပြုနိုင်မယ့် လမ်းဖြစ်ပြီး အဆိုပါလမ်းကို တင်ပြရခြင်းအတွက် ကျွန်တော် မေးမြန်းလိုတာကတော့ ၎င်းလမ်းပိုင်းအား လာမည့်ဘတ်ဂျက်နှစ်တွင် ထည့်သွင်းပေးနိုင်ရန် အစီအစဉ် ရှိ/ မရှိနှင့် ရှိမည်ဆိုပါက မည်သည့်ဘတ်ဂျက်တွင် ထည့်သွင်းပေးမည်နည်း၊ မရှိပါက အဘယ်ကြောင့် မရှိသည်ဆိုတာကို လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** **လမ်းပန်းဆက်သွယ်**ရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကွန်ဟိန်း မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစံထွန်း မေးမြန်း ထားတဲ့ ကွန်ဟိန်းမြို့နယ်၊ ဝမ်လော၊ လွိုင်ကျိုင်း၊ ကွန်ပု၊ ငါးတိုင်နှင့် ကျိုင်းခမ်းကျေးရွာ အုပ်စုတွေမှာရှိတဲ့ မြေသားလမ်း(၈)မိုင်ဟာ မိုးတွင်းအခါမှာ သွားလာရန်ခက်ခဲလျက်ရှိတဲ့ အတွက်ကြောင့်မို့လို့ အဆိုပါလမ်းကို ကျောက်ချောလမ်းအဖြစ် ခင်းပေးနိုင်ပါရန်ကိစ္စနှင့် စပ်လျဉ်းပြီးတော့ ထိုလမ်းအပိုင်းအား လာမည့်ဘတ်ဂျက်နှစ်တွင် ထည့်သွင်းပေးရန် အစီအစဉ် ရှိ/ မရှိ၊ ရှိမည်ဆိုပါကမည်သည့်ဘတ်ဂျက်တွင် ထည့်သွင်းပေးမည်နှင့် မရှိပါက အဘယ်ကြောင့် မရှိသည်ကို သိရှိလိုပါကြောင်း ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်း၍ ဆက်လက် ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

ကွန်ဟိန်းမြို့နယ်၊ ဝမ်လောကျေးရွာအုပ်စု၊ ကွန်ပုကျေးရွာအုပ်စု၊ လွိုင်ကျိုင်းကျေးရွာ အုပ်စုမှာရှိတဲ့ ကျေးရွာချင်းဆက်လမ်းများသည် စုစုပေါင်း လမ်းအရှည် **၈** မိုင်ရှိပြီးတော့ လက်ရှိမြေသားလမ်းအကျယ် **၁၀** ပေခန့်သာရှိတဲ့ မြေသားလမ်း တစ်လမ်းဖြစ်ပါတယ်။ ဒေသမှ ကျေးရွာ **၃၀** ရွာ၊ အိမ်ခြေ **၅၁၈** အိမ်နှင့် လူဦးရေ **၁၄၆၈** ဦး တို့အား အကျိုးပြုတဲ့ လမ်းတစ်လမ်း ဖြစ်ပါတယ်။ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက် သည့်ဧရိယာအတွင်းမှာပါရှိတဲ့ ဝမ်လောကျေးရွာအုပ်စု၊ ဟိုနားကျေးရွာ၊ ဟိုရန်ကျေးရွာ သွားလမ်း **၅** မိုင်ဟာ ကျေးလက်လမ်းစာရင်းမှာ ပါဝင်ခြင်းမရှိသေးပါဘူး။ ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနပိုင်လမ်းအဖြစ် သိမ်းသွင်းပြီးတော့ မှတ်ပုံတင်ခြင်း ဦးစွာဆောင်ရွက် သွားမှာ ဖြစ်ပါတယ်။ မှတ်ပုံတင်ဆောင်ရွက်ပြီးပါက သင့်လျော်တဲ့ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေ တင်ပြတောင်းခံပြီးတော့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ကျန်ရှိတဲ့ **၃** မိုင်ဖြစ်တဲ့ ကွန်ပုကျေးရွာအုပ်စု၊ ဟိုဟာကျေးရွာ၊ လွိုင်ရန်းကျေးရွာ၊ နမ့်ပန်ကျေးရွာ၊ နမ့်ကုန်ကျေးရွာ၊ ကြူကျိန်ကျေးရွာ၊ လွိုင်ကျိုင်း ကျေးရွာအုပ်စုမှာရှိတဲ့ ကွန်ကျောင်းကျေးရွာ၊ ကွန်ကျဲ၊ နားလ၊ နားကွန်၊ နားဘောင်း၊ နားကြူနှင့် ငါးတိုင်ကျေးရွာ အုပ်စုနှင့် ကျိုင်းခမ်းကျေးရွာအုပ်စုသို့ ဆက်သွယ်ပေးထားတဲ့ ကျေးရွာချင်းဆက်လမ်း စုစုပေါင်း **၃** မိုင်ကိုတော့ လမ်းကတော့ ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ တာဝန်ယူ ဆောင်ရွက်သည့်ဧရိယာအတွင်းမှာပါဝင်တဲ့ လမ်းဖြစ်ပါတယ်။ နယ်မြေလုံခြုံရေးအခြေအနေ ကန့်သတ်ချက်အရ မြေပြင်ကွင်းဆင်းစိစစ်နိုင်ခြင်း မရှိသေးပါကြောင်းနှင့် နယ်မြေလုံခြုံရေး အခြေအနေအပေါ်မူတည်၍ ကွင်းဆင်းဆောင်ရွက်ပြီးမှသာ လုပ်ငန်းလိုအပ်ချက်အပေါ်

ဆက်လက်တင်ပြ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းဖြေကြား တင်ပြအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလှဝင်းက မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းလှဝင်း၊ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ခညောင်းပါစေလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဝင်း ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမယ့် မေးခွန်းကတော့ မိုင်းပျဉ်းမြို့နယ်၊ ယမ်းမိုင်၊ ယမ်းခမ်း၊ ဖာဝေါကျေးရွာအုပ်စုတွင်းမှာရှိတဲ့ကျေးရွာများ၊ ရေလိုအပ်တဲ့ကျေးရွာများအတွက် စိမ့်စမ်းရေသွယ်လုပ်ငန်း ဆောင်ရွက်ပေးနိုင်မယ့် အစီအစဉ် ရှိ/ မရှိနှင့်စပ်လျဉ်းပြီး မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မိုင်းပျဉ်းမြို့နယ်ဟာဆိုလို့ရှိရင် လူဦးရေ **၅၀၀၀၀** ကျော်ရှိပါတယ်။ မြို့ **၂** မြို့နှင့် ကျေးရွာအုပ်စု **၂၄** အုပ်စုရှိပြီးတော့ ရွာပေါင်း **၃၀၀** ကျော်ရှိပါတယ်။ မိုင်းပျဉ်းမြို့နယ်ဟာဆိုလို့ရှိရင် မြေပြန့်နည်းပါးပြီးတော့ တောင်ကုန်းတောင်တန်းများတဲ့အတွက် ယခင်အခါမှာဆိုလို့ရှိရင် သစ်တောဖုံးလွှမ်းတဲ့ နေရာဒေသကြီးဖြစ်တာကို လေ့လာတွေ့ရှိရပါတယ်။ ဒါပေမဲ့ ယခုအခါမှာ ကမ္ဘာ့ရာသီဥတုဖောက်ပြန်မှုကြောင့်လည်းကောင်း၊ တောသူ/ တောင်သားများရဲ့ တောင်ယာခုတ်ထွင်စိုက်ပျိုးမှုကြောင့်လည်းကောင်း၊ ထင်းစိုက်ခင်းအဖြစ် ခုတ်ထွင်မှုကြောင့် လည်းကောင်း၊ အထူးသဖြင့် ဥပဒေမဲ့သစ်တော ခုတ်ထွင်မှုကြောင့် ကျွန်တော်တို့ မိုင်းပျဉ်းမြို့နယ်ဟာဆိုလို့ရှိရင် သစ်တောကနေပြီးတော့ ချုံတောဘဝသို့ ရောက်ရှိခဲ့ပြီးဖြစ်တဲ့အတွက်ကြောင့် မိုးခေါင်ရေရှားနဲ့တွေ့ကြုံနေရတဲ့ မြို့နယ်တစ်ခုဖြစ်တာနဲ့ အညီမြစ်ချောင်းအင်းအိုင်ဆိုလည်းတိမ်ကောလာသလို စိမ့်စမ်းရေထွက်လည်း အချို့နေရာမှာလည်းမရှိသလောက် ဖြစ်နေပါတယ်။ သက်ဆိုင်ရာ ရေတွင်းရေကန်လည်း ခမ်းခြောက်နိုင်တဲ့ ဒဏ်တွေ ခံစားနေရသဖြင့် အဲ့ဒီလိုများပြားနေတဲ့အတွက်ကြောင့် မြို့နယ်အတွင်းမှာရှိတဲ့ ကျေးရွာခပ်များများဆိုလို့ရှိရင် သူတို့အသုံးပြုတဲ့ ရေတွင်းရေကန်စိမ့်စမ်းရေဟာဆိုလို့ရှိရင် တစ်ဖြည်းဖြည်း ခမ်းခြောက်လာသည်ဖြစ်သောကြောင့် ရေလိုအပ်လာခြင်း ဖြစ်ပါတယ်။ သို့အတွက်ကြောင့် မိုင်းပျဉ်းနယ်မှာ အထူးရေလိုလားနေတဲ့ ယမ်းမိုင်ကျေးရွာအုပ်စုမှာဆိုလို့ရှိရင် ယမ်းမိုင်အိမ်ခြေက **၁၀၂၊** လူဦးရေ **၄၉၂** ရှိပါတယ်။ ယမ်းမိုင်အုပ်စုတစ်ခုဖြစ်တဲ့ ပိန်းမုံအိမ်ခြေ **၄၂၊** လူဦးရေ **၁၅၀၊** ယမ်းခမ်းကျေးရွာအုပ်စု ကွန်စိုင်းရွာ အိမ်ခြေ **၃၀၊** လူဦးရေ

**၁၄၃၊** ဖာဝေါကျေးရွာအုပ်စု တောင်သုံးလုံး အိမ်ခြေ **၄၀၊** လူဦးရေ **၁၈၉** စသည့် ရွာ **၄** ရွာအတွက် ရေအခက်အခဲရှိတဲ့အတွက်ကြောင့် စိမ့်စမ်းရေသွယ်လုပ်ငန်း ဆောင်ရွက်ဖို့ တင်ပြခြင်း ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီသက်ဆိုင်ရာ ရွာများလိုအပ်တဲ့ စိမ့်စမ်းရေသွယ် လုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်မယ့် အစီအစဉ် ရှိ/ မရှိ စပ်လျဉ်းပြီးတော့ လွှတ်တော် ဥက္ကဋ္ဌမှတစ်ဆင့် တင်သွင်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း**ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်နှင့်တကွ တက်ရောက်လာကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူများအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဝင်း မေးမြန်းတဲ့ မိုင်းပျဉ်းမြို့နယ်၊ ယမ်းမိုင်ကျေးရွာအုပ်စု၊ ယမ်းမိုင်ကျေးရွာ၊ ပိန်းမုံကျေးရွာ၊ ယမ်းခမ်းကျေးရွာအုပ်စု၊ ကွန်စိုင်းကျေးရွာနှင့် ဖာဝေါကျေးရွာအုပ်စု၊ တောင်သုံးလုံးကျေးရွာတို့ဟာ ရေအခက်အခဲတွေ ကြုံတွေ့နေရပါသဖြင့် အဆိုပါကျေးရွာများကို စိမ့်စမ်းရေသွယ်ခြင်း လုပ်ငန်းဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်းနဲ့ ပတ်သက်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး တာဝန်ယူထားတဲ့ ဦးစိုင်းလုံကျော်ကနေ ပြန်လည်ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

မိုင်းပျဉ်းမြို့နယ်၊ ယမ်းမိုင်ကျေးရွာအုပ်စု၊ ယမ်းမိုင်ကျေးရွာမှာ အိမ်ခြေ **၁၀၂** အိမ်ရှိပြီး လူဦးရေ **၄၉၂** ဦးရှိပါတယ်။ အဆိုပါကျေးရွာ ရေရရှိရေးအတွက် စိမ့်စမ်းရေသွယ်ယူခြင်း လုပ်ငန်း (၃/၀) မိုင်ကို ခန့်မှန်းကုန်ကျငွေ ကျပ် **၂၈.၈၁** သန်း ကုန်ကျမှာ ဖြစ်ပါတယ်။ ဒီလုပ်ငန်းနဲ့ ပတ်သက်ပြီး **၂၀၁၉- ၂၀၂၀** ခုနှစ်၊ ဘဏ္ဍာရေးနှစ်မှာ ပြည်ထောင်စုခွင့်ပြု ရန်ပုံငွေဖြင့် ဆောင်ရွက်နိုင်ဖို့အတွက် စီမံကိန်းစာရင်းမှာ လျာထားတင်ပြထားပြီး ဖြစ်ပါကြောင်းနှင့် ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်ပြီးလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

ဆက်လက်ပြီး မိုင်းပျဉ်းမြို့နယ်၊ ယမ်းခမ်းကျေးရွာအုပ်စု၊ ကွန်စိုင်းကျေးရွာမှာ အိမ်ခြေ **၃၀** အိမ်၊ လူဦးရေ **၁၄၃** ဦးရှိပြီး ကျေးရွာနှင့် (၃/၀) မိုင်ကွာဝေးသည့် ရေထွက်ကနေ ရေရယူသွယ်ယူမယ်ဆိုရင် စိမ့်စမ်းရေသွယ်ယူခြင်း လုပ်ငန်း (၃/၀)မိုင်ကို ခန့်မှန်းကုန်ကျငွေ

ကျပ် **၂၈.၈၁** သန်း ကုန်ကျမှာ ဖြစ်ပါတယ်။ ဒါကိုလည်း **၂၀၁၉- ၂၀၂၀** ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေမှာ ဆောင်ရွက်ပေးနိုင်ဖို့အတွက် စီမံကိန်းစာရင်းမှာ လျာထား တင်ပြထားပြီးဖြစ်ပါတယ်။ ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်ပြီးတော့ လုပ်ငန်းများအကောင် အထည်ဖော်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။

ဆက်လက်ပြီး မိုင်းပျဉ်းမြို့နယ်၊ ယမ်းမိုင်ကျေးရွာအုပ်စု၊ ပိန်းမုံကျေးရွာမှာ အိမ်ခြေ(၄၂) အိမ်၊ လူဦးရေ(၁၅၀)ဦးရှိပြီးတော့ ရေရရှိရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက **၂၀၁၆ -၂၀၁၇** ခု ဘဏ္ဍာရေးနှစ်မှာ ၂"ØPVC ပိုက် (၂/၀)မိုင်ထောက်ပံ့ပေးပြီး ဖြစ်သော်လည်း ယခုအချိန်မှာ လူဦးရေတိုးပွားသောကြောင့် ရွာအတွင်းတည်ဆောက်ထားတဲ့ ဂါလန်(၆၀၀၀)ဆံ့ အုတ်ရေကန်(၁)ကန်ဟာ ရေလုံလောက်စွာစုဆောင်းနိုင်ခြင်းမရှိတော့သဖြင့် အုတ်ရေကန်(၁)လုံး ဆောက်လုပ်ပေးရန်လုပ်ငန်းနှင့် ဖာဝေါကျေးရွာအုပ်စု၊ တောင်သုံးလုံး ကျေးရွာမှာ အိမ်ခြေ(၄၀)အိမ်၊ လူဦးရေ(၁၈၉) ဦး ရှိပြီးတော့ ရေရရှိရေးအတွက် ကျေးရွာနှင့် (၃/၀)မိုင်ကွာဝေးတဲ့ ရေထွက်ကနေ ရေသွယ်ယူခြင်းလုပ်ငန်း စုစုပေါင်း ဒီလုပ်ငန်း(၂)ခုကို ရေသွယ်ခြင်းလုပ်ငန်း(၂)ခုကို မိုင်းပျဉ်းမြို့နယ်၏ စီမံကိန်းမှာ လွှတ်တော်ကိုယ်စားလှယ် သက်ဆိုင်ရာဌာနများညှိနှိုင်းပြီး စီမံကိန်းရေးဆွဲတင်ပြလာပါက ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်ပြီးတော့ ပြည်နယ်အတွင်း ပြည်ထောင်စုအတွင်း ဦးစားပေးအစီအစဉ်များ လျာထား ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လေးစားစွာ ပြန်လည်ဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ယနေ့အတွက် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြား ခြင်းအစီအစဉ် ပြီးပါပြီ။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်လွှတ်တော် ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာအား လွှတ်တော်သို့ ဖတ်ကြားတင်ပြခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ် (၆)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပထမနေ့)မှာ (၂-၄-၂၀၁၉)ရက်နေ့တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ ၂၀၁၉ - ၂၀၂၀ ခု၊

ဘဏ္ဍာရေးနှစ်အတွက် အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ် လွှတ်တော်ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေးကော်မတီက အစီရင်ခံစာကို ဖတ်ကြားတင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်တင့်၊ ဥက္ကဋ္ဌ၊ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်ရေး ကော်မတီ။** ယနေ့ ရှမ်းပြည်နယ် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေးသို့ တက်ရောက်လာတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရ ဝန်ကြီးချုပ်၊ တရားသူကြီးချုပ်၊ ဥပဒေချုပ်နှင့် စာရင်းစစ်ချုပ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို ဦးစွာပထမ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်တင့် ဖြစ်ပါတယ်။ ဒီနေ့ကျွန်တော် တို့တင်သွင်းမယ့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပထမနေ့) (၂.၄.၂၀၁၉)ရက်နေ့၌ ရှမ်းပြည်နယ်အစိုးရ အဖွဲ့မှ တင်သွင်းခဲ့သည့် ၂၀၁၉- ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေ စာရင်းများအပေါ် နည်းဥပဒေ ၆၅ နှင့်အညီ ကော်မတီအစည်းအဝေးကို (၂.၄.၂၀၁၉)ရက်နေ့၊ (၃.၄.၂၀၁၉)ရက်နေ့နှင့် (၄.၄.၂၀၁၉)ရက်နေ့တို့တွင် ဌာန/ အဖွဲ့အစည်း (၂၆)ခုတို့နှင့် တွေ့ဆုံဆွေးနွေးကာ နည်းဥပဒေ **၆၆** နှင့်အညီ အစီရင်ခံစာ တင်ပြပြုစုတာ ဖြစ်ပါတယ်။

ကျွန်တော်တို့ အစီရင်ခံစာမှာ လေ့လာတွေ့ရှိချက်အနေနဲ့ ၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေငွေစာရင်းတွင် သာမန်ရငွေ ဗဟိုအဖွဲ့အစည်း (၅)ခုအတွက် ကျပ် **၂၀,၉၇၀. ၁၂၉** သန်း၊ ဝန်ကြီးဌာန၊ ဦးစီးဌာနများနှင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းအောက်ရှိ ဌာန(၂၀) အတွက် သာမန်ရငွေကျပ် **၂,၇၉၅.၂၃၆** သန်း၊ စည်ပင်သာယာရေးအဖွဲ့အတွက်ကျပ် **၂၀,၅၄၀. ၃၂၄** သန်း၊ စုစုပေါင်း ကျပ် **၄၄,၃၀၅.၆၈၉** သန်း၊ ပြည်ထောင်စုထောက်ပံ့ငွေမှ ရငွေ ကျပ် **၂၂၅,၂၈၀.၇၈၂** သန်း၊ စုစုပေါင်း ကျပ်သန်းပေါင်း **၂၆၉,၅၈၆.၄၇၁** သန်းရရှိရန် လျာထားသည်ကို တွေ့ရှိရတာ ဖြစ်ပါတယ်။

၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေငွေစာရင်း သာမန်သုံးငွေ ဗဟိုအဖွဲ့ အစည်း(၅)ခုအတွက် ကျပ် **၁၇,၀၂၃.၂၀၁** သန်း၊ ဝန်ကြီးဌာန၊ ဦးစီးဌာနများနှင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းအောက်ရှိ ဌာန(၂၀)ခုအတွက် ကျပ် **၇၉,၄၃၇.၁၁၃** သန်း၊ ကုန်တင်ကုန်ချကော်မတီရုံးအတွက် ကျပ် **၁၉.၉၄၆** သန်း၊ စည်ပင်သာယာရေးအဖွဲ့အတွက် ကျပ် **၈,၇၀၃.၆၈၉** သန်း သုံးစွဲရန်၊ စုစုပေါင်း ကျပ်သန်းပေါင်း **၁၀၅,၁၈၃. ၉၄၉** သန်း သုံးစွဲရန် လျာထားချက်ကို တွေ့ရှိရတာ ဖြစ်ပါတယ်။

၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေငွေစာရင်းတွင် ငွေလုံးငွေရင်းရငွေမှ စည်ပင်သာယာရေးအဖွဲ့အတွက် ကျပ် **၀.၀၂** သန်း ရရှိရန်လျာထားသည်ကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေငွေစာရင်းတွင် ငွေလုံးငွေရင်းသုံးငွေမှာ ဗဟိုအဖွဲ့အစည်း(၅)ခုအတွက် ကျပ် **၃၈,၅၈၉.၈၇၆** သန်း၊ ဝန်ကြီးဌာန၊ ဦးစီးဌာနများနှင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းအောက်ရှိ ဌာန(၂၀)ခုအတွက် ကျပ် **၁၁၀,၃၇၆.၀၁၁** သန်း၊ စည်ပင်သာယာရေးအဖွဲ့အတွက် ကျပ် ၁၅,၄၃၆.၆၅၅ သန်း၊ စုစုပေါင်း ကျပ်သန်းပေါင်း **၁၆၄,၄၀၂.၅၄၂** သန်း သုံးစွဲရန်လျာထားချက်ကို တွေ့ရှိရမှာပဲ ဖြစ်ပါတယ်။ ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ အရအသုံး ခန့်မှန်းခြေငွေစာရင်းကို ၂၀၁၈–၂၀၁၉ ဘဏ္ဍာရေးနှစ်နှင့် နှိုင်းယှဉ်ပါက အောက်ပါအတိုင်း တွေ့ရှိရမှာ ဖြစ်ပါတယ်–

ရငွေများမှာဆိုရင် ၂၀၁၈ – ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်မှာ ကျပ်သန်းပေါင်း **၄၅,၄၂၀.၉၁၄** သန်းနဲ့ ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်မှာဆိုလို့ရှိရင် ကျပ်သန်းပေါင်း **၄၄,၃၀၅.၆၈၉** သန်း ရရှိတာတွေ့ရမှာဖြစ်ပါတယ်။ ဒါကြောင့် ဒီဘဏ္ဍာရေးနှစ်မှာ လျော့နည်းနေတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ ငွေလုံးငွေရင်းဆိုလို့ရှိရင်လည်း ၂၀၁၉–၂၀၂၀ဘဏ္ဍာရေးနှစ်မှာကျပ် ၀.၀၂၀ သန်း ရရှိခဲ့ပြီး၊ ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ စုစုပေါင်း ကျပ် ၄၄,၃၀၅.၇၀၉ သန်း ရရှိတာ တွေ့ရှိရမှာ ဖြစ်ပါတယ်။ သုံးငွေများမှာဆိုလို့ရှိရင် သာမန်မှာ ကျပ် ၁၀၃,၇၃၆.၈၈၃ သန်းကို ၂၀၁၈–၂၀၁၉ မှာ သုံးစွဲခဲ့ပြီးတော့ ၂၀၁၉–၂၀၂၀ မှာ ကျပ် ၁၀၅,၁၈၃.၉၄၉ သန်းကို ပိုမိုသုံးစွဲတာကိုလည်းတွေ့ရမှာ ဖြစ်ပါတယ်။ ငွေလုံးငွေရင်းမှာဆိုလို့ရှိရင်လည်း ကျပ် ၁၆၅,၇၇၄.၈၁၃ သန်းကို ၂၀၁၈–၂၀၁၉ ဘတ်ဂျက်နှစ်မှာ သုံးစွဲခဲ့ပြီးတော့ ၂၀၁၉–၂၀၂၀ မှာကျပ် ၁၆၄,၄၀၂.၅၄၂ သန်းကို သုံးစွဲတာတွေ့ရမှာ ဖြစ်ပါတယ်။

ရငွေတွင် ကျပ် ၁,၁၁၅.၂၀၅ သန်း လျော့နည်းလာပြီး အသုံးစရိတ်တွင် ကျပ် ၇၄.၇၉၅ သန်း တိုးလာကြောင်း တွေ့ရှိရမှာ ဖြစ်ပါတယ်။ ထို့ကြောင့် ဘတ်ဂျက်လိုငွေတွင် ယခင်နှစ်ကထက် ကျပ် **၁၁၉၀** သန်း တိုးလာကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။ ပြည်ထောင်စုမှ ထောက်ပံ့ငွေမှ ရငွေ ကျပ် **၂၂၅,၂၈၀.၇၈၂** သန်း ဖြစ်သည်ကိုလည်း တွေ့ရှိရမှာပဲ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ အရအသုံး ခန့်မှန်းခြေငွေစာရင်း လျာထားတောင်းခံမှုအပေါ် အောက်ပါအတိုင်း စိစစ်တွေ့ရှိရပါတယ်–

လူထုအကျိုးပြုဦးစီးဌာနများအတွက် ဘတ်ဂျက်ခွဲဝေမှုမှာ နည်းနေသည့်အတွက် အကျိုးပြုလုပ်ငန်းများနှင့် လွှတ်တော်၏ ကတိကဝတ်များ အနည်းငယ်မျှသာ ပါဝင်နိုင်ခြင်းကိုလည်း တွေ့ရမှာ ဖြစ်ပါတယ်။ မဟာဓာတ်အားလိုင်း မရောက်သေးသည့်

မြို့နယ်များအတွက် လျာထားခြင်းမရှိသဖြင့် လျော့နည်းနေတာကိုလည်း တွေ့ရှိရမှာ ဖြစ်ပါတယ်။ ဌာနအတွင်း အလှူအတန်းကိစ္စရပ်များတွင်လည်း ဘတ်ဂျတ်လျာထားတောင်းခံထားခြင်းကိုလည်း တွေ့ရှိရမှာ ဖြစ်ပါတယ်။ စက်ပစ္စည်းကိရိယာမှာ ပြင်ဆင်ခြင်း၊ ဝန်ထမ်းခန့်အပ်ခြင်း၊ ခွဲဝေချထားမှုများတွင် အသေးစိတ်စာရင်းမပါရှိခြင်းကိုလည်း တွေ့ရှိရတာလည်း ဖြစ်ပါတယ်။ မော်တော်ဆိုင်ကယ်၊ ရုံးသုံးပရိဘောဂများနှင့် စက်ပစ္စည်းများ အစိုးရ၏အစီအစဉ်ဖြင့် မူဘောင်ရေးဆွဲ၍ သတ်မှတ်ဈေးနှုန်း တစ်ပြေးညီမဖြစ်နေခြင်းကိုလည်း တွေ့ရှိရမှာလည်း ဖြစ်ပါတယ်။ ဌာနတွင်း ဆောက်လုပ်ရေးအပိုင်းများကိုသာ ဦးစားပေးတောင်းခံထားတာကိုလည်း တွေ့ရှိရမှာ ဖြစ်ပါတယ်။ ဘတ်ဂျက်ခွဲဝေရာတွင် မြို့နယ်စီမံကိန်းများ၏ အဆိုပြုချက်များကို အလေးထားထည့်သွင်းမှု မရှိတာကိုလည်းတွေ့ရှိရမှာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များ၏ ကြယ်ပွင့်ပြ/ မပြမေးခွန်းများကို ထည့်သွင်းထားခြင်းမရှိဘဲ ခရီးစဉ်များ၏ စီမံကိန်းများသာ ပိုမိုလျာထားတာကိုလည်း တွေ့ရှိရမှာဖြစ်ပါတယ်။ ခန့်အပ်ထားမှုမရှိသေးသောဝန်ထမ်းများ၊ နေ့စားများ၏ လစာများကို တင်ပြတောင်းခံထားခြင်းကိုလည်း တွေ့ရှိရတာ ဖြစ်ပါတယ်။ ထင်းရှူးမြိုင်အိမ်ရာအား ဝန်ထမ်းအိမ်ရာအဖြစ် လျာထားတောင်းခံထားပြီး မြို့ကြီးများကိုသာ စီမံကိန်းများစွာ ဦးစားပေးလျာထားတာကို တွေ့ရှိရပြီးတော့ ဖွံ့ဖြိုးတိုးတက်လာနိုင်သော မြို့ ကျေးရွာများကိုလည်း ဦးစားပေးလျာထားချက် မရှိတာကိုလည်း တွေ့ရှိရမှာ ဖြစ်ပါတယ်။ ဝန်ထမ်းအိမ်ရာအဖြစ် အိမ်ရာများဝယ်ယူမယ့်အစား ဌာနပိုင် ရုံးအဆောက်အဦများသာ တောင်းခံသင့်ကြောင်းကိုလည်း တွေ့ရှိထားပါတယ်။

စိစစ်ချက်အရ တွေ့ရှိချက်လုပ်ငန်းများမှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ လုပ်ငန်း(၉)ခုမှ လျော့ချငွေ ကျပ် **၃၃၁၃.၄၅၁** သန်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ လုပ်ငန်း(၂၄)ခုမှ လျော့ချငွေ ကျပ် **၈၀၆.၀၈၇** သန်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ လုပ်ငန်း(၂)ခုမှ လျော့ချငွေ ကျပ် **၄၈.၃၅၅** သန်း၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၏ လုပ်ငန်း (၁)ခုမှ လျော့ချငွေ ကျပ် **၅.၀၀၀** သန်း၊ စုစုပေါင်း ကျပ် **၄၁၇၂.၈၉၃** သန်း စိစစ်လျော့ချခဲ့ပါတယ်။

စိစစ်လျော့ချငွေများကို မြန်မာ့လျှပ်စစ်ဓာတ်အားပေးလုပ်ငန်းမှ ရှမ်းပြည်နယ် (တောင်ပိုင်း) အတွက် ကျပ်သန်း **၅၄၀** သန်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွက် ကျပ်သန်း **၄၆၀** သန်း၊ ပေါင်းကျပ်သန်း ၁၀၀၀သန်း၊ ကျေးလက်လမ်းဦးစီးဌာနမှ ရှမ်းပြည်နယ် (တောင်ပိုင်း)အတွက် ကျပ်သန်း **၄၁၀** သန်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)အတွက် ကျပ်သန်း **၃၄၀** သန်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)အတွက် ကျပ်သန်း **၂၅၀** သန်း၊ စုစုပေါင်း ကျပ်သန်း **၁၀၀၀** သန်း၊ လမ်းဦးစီးဌာနမှ ရှမ်းပြည်နယ်(တောင်ပိုင်း)အတွက် ကျပ် **၆၁၅** သန်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အတွက် ကျပ်သန်း **၅၀၀** သန်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွက်

ကျပ်သန်း **၅၀၀** သန်း၊ စုစုပေါင်း ကျပ် **၁၆၁၅** သန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရှမ်းပြည်နယ်(တောင်ပိုင်း)အတွက် ကျပ် သန်း **၂၂၅** သန်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွက် ကျပ်သန်း **၂၂၅** သန်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွက် ကျပ် သန်း **၁၀၇.၈၉၃** သန်း၊ ကျပ်သန်းပေါင်း **၅၅၇.၈၉၃** သန်း စသည့်လူထုအား တိုက်ရိုက်အကျိုးပြုသည့် လုပ်ငန်းများအတွက် စုစုပေါင်း ကျပ်သန်း **၄၁၇၂.၈၉၃** သန်း ထပ်တိုးလျာထားဆောင်ရွက်သွားရန် ဖြစ်ပါတယ်။ လုပ်ငန်းပမာဏပြောင်းလဲမှုအနေဖြင့် လမ်းဦးစီးဌာနမှ ရှမ်းပြည်နယ်(တောင်ပိုင်း) လမ်း(၁)လမ်း၊ မူလ ကျပ်သန်း **၃၀၈.၀၀၀** သန်း လျာထားမှုကို ကျပ် **၅၆.၀၀၀** သန်းသာ လျှော့ချလျာထားပြီး အခြားလမ်း(၁)ခုကို မူလ ကျပ် **၆၅.၀၀၀** သန်း လျာထားရာမှ ကျပ် **၃၁၇.၀၀၀** သန်း အဖြစ် တိုးမြှင့်လျာထားခဲ့ပါတယ်။ မြန်မာ့လျှပ်စစ်ဓာတ်ဖြန့်ဖြူးရေးလုပ်ငန်းများ၏ လုပ်ငန်းပြောင်းလဲမှုကို နောက်ဆက်တွဲဇယားဖြင့် ဖော်ပြထားပါတယ်။

အကြံပြုချက်အနေဖြင့်တော့ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေးကော်မတီအနေဖြင့် အောက်ပါအတိုင်း အကြံပြုတင်ပြအပ်ပါတယ်–

(က) ဌာနဆိုင်ရာအားလုံး မြေပြင်တွင် အသုံးပြုခြင်းမရှိသည့် ဌာနဆိုင်ရာ ယာဉ်များကို ကွင်းဆင်းစိစစ်၍ သုံးစွဲရန်မသင့်လျော်သည့် ယာဉ်များကို ကောင်း၊ သင့်၊ ညံ့အဆင့် သတ်မှတ်ပြီးမှ ပြင်ဆင်စရိတ်များ၊ စက်သုံးဆီများ တင်ပြတောင်းခံသွားရန်၊

( ခ) ဌာနဆိုင်ရာအားလုံး ဆောက်လုပ်ရေးစီမံကိန်းများကို လျှော့ချပြီး ပြည်သူလူထုကို အကျိုးပြုသည့် လုပ်ငန်းများကို ဦးစားပေးထည့်သွင်းလျာထား ဆောင်ရွက်ပေးရန်၊

( ဂ) ဌာနဆိုင်ရာအားလုံး ဆောက်လုပ်ရေးလုပ်ငန်းများကို လျှော့ချပြီး ဝန်ထမ်းအင်အား လိုအပ်ပါက တိုးချဲ့ခန့်ထားနိုင်ရေး စီမံဆောင်ရွက်ပေးရန်၊

(ဃ) စက်ပစ္စည်းပြင်ဆင်စရိတ်များ ဥပမာ– မော်တော်ယာဉ်၊ ကွန်ပျူတာ စသည်များကို အမှန်တကယ်လိုအပ်ချက်များကို တွက်ချက်တောင်းခံရန်၊

( င) မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ထင်းရှူးမြိုင်အိမ်ရာ ဝယ်ယူခြင်းကို ပယ်ဖျက်ပြီး ဌာနမှ မိမိအစီအစဉ်ဖြင့် ဆောက်လုပ်နိုင်ရေး ဆောင်ရွက်ပေးရန်၊

(စ) သစ်တောဦးစီးဌာနအနေဖြင့် ကြိုးဝိုင်းနယ်နိမိတ်ကို ခြံစည်းရိုးကာရံခြင်း မပြုဘဲ ကုန်ကျစရိတ်သက်သာစေရေး ဘုတ်တိုင်သာ စိုက်ထူရန်၊

(ဆ) သတ္တုတွင်းဦးစီးဌာန၊ ဆားလုပ်ငန်းဌာနခွဲ၏ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာ၊ သုတေသနလုပ်ငန်းများ ရှမ်းပြည်နယ်အစိုးရ အဖွဲ့မှ ပံ့ပိုးဆောင်ရွက်ပေးရန်၊

(ဇ) အရအသုံးခန့်မှန်းခြေငွေစာရင်းကို ကော်မတီမှ အသေးစိတ်စိစစ်နိုင်ရန် အတွက် လွှတ်တော်အစည်းအဝေးများ မစတင်မီ (၁၅)ရက် ကြိုတင်ပေးပို့ ဆောင်ရွက်သွားရန်၊

(ဈ) ကော်မတီအစည်းအဝေးသို့ ဌာနဆိုင်ရာများမှ အဆုံးအဖြတ်ပေးနိုင်မည့် ဌာနအကြီးအကဲများသာ တက်ရောက်ဆွေးနွေးနိုင်ရေးဆောင်ရွက်ရန်၊

(ည) ကော်မတီအစည်းအဝေး၏ ဆုံးဖြတ်ချက်များအတိုင်း ဌာနဆိုင်ရာများမှ စာရင်းဇယားများကို တိကျမှန်ကန်စွာ လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး တွန်းအားပေးရန်၊

(ဋ) ပြည်သူ့ဘဏ္ဍာငွေဖြစ်သည်နှင့်အညီ အလျှုအတန်းကိစ္စရပ်များကို မိမိတို့ ဌာန၏ အစီအစဉ် ဖြင့် ဆောင်ရွက်ပေးရန်၊

(ဌ) ဆောက်လုပ်ရေး လုပ်ငန်းလုပ်ဆောင်နေသည့် ဌာနများအနေဖြင့် အသေးစိတ် တွက်ချက်မှု ပုံစံများကို ပွင့်လင်းမြင်သာစွာ ချပြရန်၊ (ဥပမာ – မြေသား၊ ကျောက်ချောလမ်း၊ ကတ္တရာ၊ ဖာလုံ၊ မိုင်၊ ကျသင့်ငွေ)ကို တိတိကျကျ ဖော်ပြ ပေးရန်၊

(ဍ) မဟာဓာတ်အားလိုင်း မရောက်သေးသည့် ဒေသအတွက် မဟာဓာတ် အားလိုင်း ရောက်ရှိရေး အစိုးရမှ ရည်မှန်းချက်တစ်ရပ်အဖြစ် အားသွန် ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ပေးရန်၊

(ဎ) ဌာနအလိုက် သင်တန်းအသုံးစရိတ်များ ဘဏ္ဍာငွေတင်ပြတောင်းခံရာတွင် အသေးစိတ် ခန့်မှန်းတွက်ချက်မှုများ ပူးတွဲတင်ပြတောင်းခံရန်၊

(ဏ) ဌာနအလိုက်ဘတ်ဂျက်ခွဲဝေချထားမှုတွင်ပြည်သူ့အကျိုးတိုက်ရိုက် ဆောင်ရွက် ပေးမှုမရှိသော ဌာန၏အသုံးစရိတ်များလျှော့ချပြီး လူထုအား တိုက်ရိုက်အကျိုး ပြုသည့် လိုအပ်ချက်များစွာရှိသည့် ဌာနများကိုပိုမိုခွဲဝေချထားပေးသင့်ပါကြောင်း၊

(တ) သက်ဆိုင်ရာ ပြည်နယ်၊ ခရိုင်၊ မြို့နယ်စာရင်းစစ်ရုံးတို့မှလည်း မိမိတို့ သက်ဆိုင်ရာ ကဏ္ဍအလိုက် ဘတ်ဂျက်ရရှိ အသုံးပြုမှုများကို စိစစ်၍ တွေ့ရှိချက်များကို အမှန်အတိုင်း တင်ပြပေးရန်။

ကော်မတီအနေနဲ့ သုံးသပ်ချက်များကို အောက်ပါအတိုင်း သုံးသပ်တင်ပြအပ်ပါသည်-

(က) ကျေးလက်လမ်းဦးစီးဌာနအနေဖြင့် တစ်မြို့နယ်လျှင် လမ်းတစ်လမ်းစီ ညီတူညီမျှ ခွဲဝေချထား ပေးထားသည်ကို တွေ့ရှိရပြီး ခွဲဝေရာတွင်လည်း နီးစပ်သည့် ပမာဏဖြစ်စေရန် ခွဲဝေထားကြောင်း၊ ဘတ်ဂျက်စိစစ်ရေးတွင် လွယ်ကူအောင် ဌာနဆိုင်ရာအားလုံး၏ အနှစ်ချုပ်စာအုပ်ကို တင်ပြပေးသည့်အတွက် စိစစ်ရေးတွင် လွယ်ကူချောမွေ့စေသည်ဟု သုံးသပ်မိပါတယ်။

(ခ) ရှမ်းပြည်နယ်အစိုးရရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ငွေလုံးငွေရင်းလုပ်ငန်းများတွင် လုပ်ငန်းတစ်ခုချင်းအလိုက် ခန့်မှန်းကုန်ကျငွေတွက်ချက်မှုအား ဒေသန္တရပေါက်ဈေးများဖြင့် တွက်ချက်တင်ပြရန် လိုအပ်ကြောင်းသုံးသပ် တွေ့ရှိရပါတယ်။

(ဂ) ဌာနအလိုက် တင်ပြလာသည့် စီမံကိန်းလုပ်ငန်းများအတွက် ဘဏ္ဍာငွေတောင်းခံရာတွင် စီမံကိန်းလုပ်ငန်းတစ်ခုလုံး၏ လုပ်ငန်းပမာဏ၊ ခန့်မှန်းကုန်ကျငွေ၊ အကျိုးဖြစ်ထွန်းနိုင်မှု၊ အာမခံသက်တမ်းတို့အား ရှင်းလင်းစွာဖော်ပြ၍ ပြည့်စုံစွာတောင်းခံသင့်ပါကြောင်း အကြံပြုအပ်ပါတယ်။

ရှမ်းပြည်နယ်လွှတ်တော် ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်ရေးကော်မတီမှ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းလာသည့် ၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းအား စိစစ်ခြင်း၊ ဖြတ်တောက်ခြင်း၊ လျှော့ချခြင်းများ ပြုပြင်ပြီးဖြစ်ပါသဖြင့် အဆိုပြုငွေ ကျပ် **၂၆၉,၅၈၆.၄၉၁** သန်းအား ကော်မတီမှ စိစစ်တွေ့ရှိချက်များအတိုင်း ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။ ကျွန်တော်တို့ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်ရေးကော်မတီကို ဝိုင်းဝန်းကူညီပေးတဲ့ လွှတ်တော်ကဝန်ထမ်းတွေရော ဘတ်ဂျက်ကို စိတ်ဝင်တစားလာရောက်ပြီးတော့ လေ့လာကြည့်ရှုပေးတဲ့ လွှတ်တော်ကိုယ်စားလှယ်အားလုံးကိုလည်း ဒီနေရာကနေ အထူးပဲ ကျေးဇူးတင်ကြောင်းနဲ့ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်ရေးကော်မတီကနေပြီးမှ မှတ်တမ်းတင်ထားရှိမှာဖြစ်တဲ့အကြောင်း ဒီနေရာကနေ ပြောကြားလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း။**

**ဥက္ကဋ္ဌ။** အစီအစဉ်အရ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် အတွက် အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးက ပြန်လည်ရှင်းလင်းဖို့ ဖြစ်ပါတယ်။

**ဦးစိုးညွန့်လွင်(ခ)ဦးစိုးကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဝင်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်း ပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာ ရေးနှစ်အတွက် အရအသုံးခန့်မှန်းခြေငွေစာရင်းနဲ့ပတ်သက်ပြီးတော့ ကျွန်တော် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးမှ ဆွေးနွေးရှင်းလင်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ပြည်နယ်ဒေသန္တရ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းရေးဆွဲရာမှာ ရှမ်းပြည်နယ်အစိုးရဝန်ကြီးချုပ်ရဲ့ လမ်းညွှန်မှုနဲ့အတူ ကျွန်တော်တို့ (MSDP Myanmar Sustainable Development Plan) ရည်မှန်းချက်များနဲ့ ကိုက်ညီရန်၊ စီမံကိန်းညွှန်းကိန်း(၆)ချက်နဲ့ ကိုက်ညီရန်၊ သမ္မတကြီးရဲ့ လမ်းညွှန်ချက်များအဓိက ပါဝင်ရန်၊ လွှတ်တော်ကတိကဝတ်များ ထည့်သွင်းရေးဆွဲရန်၊ ပြည်သူတို့၏ အရေးပေါ် လိုအပ်ချက်များ ထည့်သွင်းရေးဆွဲရန်၊ ဘတ်ဂျက်အလေအလွင့်မရှိစေရန်နှင့် ပြည်သူကို တိုက်ရိုက်အကျိုးပြုမည့် ဘတ်ဂျက်များကို အဓိကထားသုံးစွဲရန်၊ မြို့နယ်၊ ခရိုင်စီမံကိန်း ရေးဆွဲအကောင်အထည် ဖော်ဆောင်ရေးကော်မတီများသည် သက်ဆိုင်ရာ လွှတ်တော် ကိုယ်စားလှယ်များကို ပါဝင်ရေးဆွဲရန်၊ သာမန်အသုံးစရိတ်များကို စနစ်တကျ စိစစ်ဖြတ် တောက်ရန်၊ အစိုးရအဖွဲ့နှင့် ခရီးစဉ်များမှ တင်ပြတောင်းဆိုချက်များကို ထည့်သွင်းရေးဆွဲရန်၊ အောက်ခြေမှရေးဆွဲလာသော ဦးစားပေးသင့်သည်များကိုထည့်သွင်း ရေးဆွဲရန်၊ ဌာန၏စီမံကိန်း ရည်မှန်းချက်များ မပျောက်ပျက်စေရန်ဆိုပြီး ရည်မှန်းချက် (၁၁)ချက်နဲ့ ဒါတွေကို ရေးဆွဲခဲ့ပါ

တယ်။ သို့သော်လည်းပဲ လက်တွေ့အကောင် အထည်ဖော်ဆောင်ရွက်ရာမှာ ပွင့်ပွင့်လင်းလင်း တင်ပြရရင်တော့ အားနည်းချက်၊ လိုအပ်ချက် အခက်အခဲများရှိတာကို တွေ့ရှိရပါတယ်။ ယခုနှစ် ၂၀၁၉–၂၀၂၀ခု၊ဘဏ္ဍာရေးနှစ်ရေးဆွဲတဲ့အခါမှာအခွန်အကောက်ရငွေက ၃.၄ ဘီလီယံ၊ အခွန်ဝေစုရငွေက **၁၂.၂၅** ဘီလီယံ၊ ငွေလုံး ငွေရင်းရငွေက **၀.၀၂** ဘီလီယံ၊ အခြားသာမန် ရငွေက **၂၈.၆၁** ဘီလီယံ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံး ဆိုင်ရာစိစစ်ရေးကော်မတီ၊ ဥက္ကဋ္ဌက တွေ့ရှိချက်ကို ရှင်းလင်းသွားတဲ့အခါမှာပဲ ကျွန်တော် ဒီနေရာလေးမှာ အနည်းငယ်ထပ်ပြောချင်ပါတယ်။ သာမန်အသုံးစရိတ်က ၂၀၁၈–၂၀၁၉ မှာ **၁၀၃.၇၃၆** ဘီလီယံ ဖြစ်ပြီးတော့ အခုနှစ်မှာတော့ **၁၀၅.၁၈၃** ဘီလီယံဖြစ်တဲ့အတွက် သာမန် အသုံးစရိတ်တွေ တိုးလာတာကို တွေ့ရှိရပါတယ်။ ဒီလိုသာမန် အသုံးစရိတ်တွေသုံး တာကလည်း ပြည်ထောင်စုဘတ်ဂျက်ကနေပြီးတော့ ပြည်နယ်ဘတ်ဂျက်အတွင်းကို ထည့်သွင်းရေးဆွဲတဲ့ ဌာနတွေ ရှိပါတယ်။ ဥပမာ– ရင်းနှီးမြှုပ်နှံမှုဦးစီးဌာန၊ ဗဟိုစာရင်းစစ်၊ အသေးစား၊ စက်မှုလက်မှု အစရှိတဲ့ ဌာနတွေတိုးလာတဲ့အတွက် သာမန်အသုံးစရိတ် ဝန်ထမ်းလစာတွေနဲ့ သာမန်အသုံးစရိတ်တွေ စုစုပေါင်းတိုးလာတာ ဖြစ်ပါတယ်။ ဒါကတော့ အလျှဉ်းသင့်လို့ဖော်ပြခြင်းဖြစ်ပါတယ်။ ရှမ်းပြည်နယ်ရငွေက လျော့ကျသွားတာ သေချာပါ တယ်။ ဒါကြောင့် ပြည်ထောင်စုက ထောက်ပံ့ငွေ **၂၂၅.၂၈** ဘီလီယံ ထောက်ပံ့ရတဲ့ အတွက် ဘတ်ဂျက်လိုငွေပြမှုက **(– ၂၂၅.၂၈)** ဘီလီယံ ဖြစ်ပါတယ်။ ပြည်နယ်စုစုပေါင်းရရှိငွေက **၂၆၉.၅၈** ဘီလီယံ ဖြစ်ပြီး၊ အဲ့ဒီရရှိတဲ့ **၂၆၉.၅၈** ဘီလီယံထဲမှ သာမန်အသုံးစရိတ် **၁၀၅.၁၈၃** ဘီလီယံကို နှုတ်လိုက်တဲ့အခါမှာ ငွေလုံးငွေရင်း တစ်ပြည်နယ်လုံးကိုသုံးရမယ့် ဘီလီယံ **၁၆၄** ဘီလီယံသာကျန်ရှိမှာ ဖြစ်ပါတယ်။ ဒီကျန်ရှိတဲ့ ဘီလီယံ **၁၆၄** ဘီလီယံ ကျန်ရှိတာကို ဘတ်ဂျက်ညှိနှိုင်းအစည်းအဝေးပွဲကို ဝန်ကြီးများအားလုံးထိုင်ပြီး အစည်းအဝေး ပြုလုပ်ပါ တယ်။ နောက်တစ်ကြိမ်ကျတော့ ဘတ်ဂျက်တောင်းခံတဲ့ ဌာနပြည်နယ်မှူးများအားလုံးနဲ့ ဒုတိယအကြိမ် အစည်းအဝေးထိုင်ပါတယ်။ ဒီလိုထိုင်ပြီး ညှိနှိုင်းဆောင်ရွက်တဲ့အခါမှာ သက်ဆိုင်ရာ ပြည်နယ်ဘတ်ဂျက်နဲ့ သက်ဆိုင်ရာဝန်ကြီးဌာနတွေရဲ့ တောင်းခံထားတဲ့ ဘတ်ဂျက်က စုစုပေါင်း **၅၆၀** ဘီလီယံဖြစ်နေပါတယ်။ ကျွန်တော်တို့အခုသုံးစွဲရမှာ **၁၆၄** ဘီလီယံသာဖြစ်ပြီး **၅၆၀** ဘီလီယံဖြစ်နေတဲ့အတွက် စိစစ်ဖြတ်တောက်ရမှာ ဖြစ်ပါတယ်။ ဒီလိုစိစစ်ဖြတ်တောက်တဲ့အခါမှာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအနေနဲ့ လမ်းညွှန်ချက်

(၁၁)ချက်ကို သက်ဆိုင်ရာဝန်ကြီးများနှင့် သက်ဆိုင်ရာပြည်နယ်မှူးများကို အထက်မှာ ဖော်ပြထားတဲ့အတိုင်း ညွှန်ကြားထားပြီး ဖြစ်ပါတယ်။ သို့သော်လည်းပဲ ဥပမာပြောရရင် လျှပ်စစ်ဝန်ကြီးဌာနက တင်ပြတောင်းခံထားတာသည် **၁၃၇** ဘီလီယံ ဖြစ်ပါတယ်။ တကယ်လက်တွေ့ရရှိတဲ့အခါမှာ ဘီလီယံ **၃၀** ပဲရရှိတဲ့အတွက် **၁၃၇** ဘီလီယံထဲက ဖြတ်တောက်ရတဲ့အခါမှာ လျှပ်စစ်ကဏ္ဍနဲ့ပတ်သက်ပြီးတော့ အားနည်းချက်တွေ ဖြစ်ပေါ်လာတာဖြစ်ပါတယ်။ ဒီလိုဖြတ်တောက်တဲ့အခါမှာ (၁) အချက်အနေနဲ့ ပါဝင်သင့်၊ ပါဝင်ထိုက်တာတွေမပါတာ။ လွှတ်တော်ကတိကဝတ်တွေကျန်နေခဲ့တာ၊ တစ်နေရာထဲမှာ (၂)ခု၊ (၃)ခု ထပ်နေတာ၊ အစရှိတဲ့ အားနည်းချက်တွေကို တွေ့ရှိရပါတယ်။ ဒါကလည်း သက်ဆိုင်ရာဝန်ကြီးဌာနရဲ့ ပြည်နယ်မှူးများနဲ့ သက်ဆိုင်ရာဝန်ကြီးတွေရဲ့ အားနည်းချက်ဆိုတာလည်း ကျွန်တော်တို့ ရိုးသားစွာ ဝန်ခံပါတယ်။ ဒီလိုအားနည်းချက်တွေ ဖြစ်တဲ့အခါမှာ (၁) ဒုတိယအားနည်းချက် ဖြစ်ပေါ်စေတဲ့ အချက်ကတော့ အချိန်ဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရဘဏ္ဍာရေးကော်မရှင်ကို အချိန်မှီပေးပို့ရမယ့်အချိန်က (၁)အချက် နည်းပါတယ်။ ဒီလိုနည်းတဲ့အတွက် စိစစ်ဖြတ်တောက်ရမယ့် အချိန်ကလည်း အရမ်းနည်းပါတယ်။ ဒ့ါအပြင် လွှတ်တော်ရဲ့ဘဏ္ဍာရေးကော်မတီ စိစစ်ဖြတ်တောက်ရတဲ့အချိန်ကလည်း အင်မတန်နည်းပါးခြင်းတို့ကြောင့် ဒီလိုတွေဖြစ်ရတာ ဖြစ်ပါတယ်။ ကျွန်တော်တို့အစိုးရအနေနဲ့ အတတ်နိုင်ဆုံး ပြည်နယ်ရှမ်း(တောင်)၊ ရှမ်း (မြောက်)၊ ရှမ်း(ရှေ့)အပေါ်မှာ ညီညွတ်မှုရှိအောင် နှစ်စဉ်ဆောင်ရွက်လျက် ရှိပါတယ်။ ဒီဘတ်ဂျက်နဲ့ပတ်သက်ပြီးတော့ စိစစ်သုံးသပ် အကြံပြုဝေဖန်သွားတဲ့ လွှတ်တော်ကိုယ်စားလှယ်များကိုလည်း ဒီနေရာကနေပြီးတော့ လေးလေးစားစားအသိအမှတ်ပြုပါတယ်။ သို့သော်လည်းပဲ ညီညွတ်မျှတမှုမရှိခဲ့တာကိုလည်း အခုကျွန်တော်တို့ ပြန်လည်ပြီးတော့ စိစစ်ဖြတ်တောက်ပြီးပြန်လည်ပြုပြင်တဲ့အခါမှာ အတတ်နိုင်ဆုံးကြိုးစားပြီး ဆောင်ရွက်ပေးထားပြီးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီနေရာမှာ လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်ဖြစ်သလို၊ ဝန်ကြီးတစ်ယောက်လည်း ဖြစ်ပါတယ်။ ဝန်ကြီးတွေရှိတဲ့နေရာမှာ ဘတ်ဂျက်တွေပိုသုံးထားတယ်ဆိုတဲ့ ကျောက်မဲလွှတ်တော်ကိုယ်စားလှယ်ရဲ့ ဝေဖန်အကြံပြုချက်ကို ကျွန်တော့်အနေနဲ့ လေးစားပြီးတော့ ပြန်လည်ရှင်းလင်း တင်ပြချင်ပါတယ်။ ကျေးဇူးပြုပြီးတော့ Power Point သုံးခွင့်ပြုပါခင်ဗျား။ ရှမ်းပြည်နယ်အတွင်းမှာရှိတဲ့ ကလော၊ ရပ်စောက်၊ ကျောက်မဲ၊ နောင်ချိုမြို့နယ်တို့ရဲ့ နှစ်အလိုက်ပြည်နယ်ဘဏ္ဍာရန်ပုံငွေရရှိတဲ့

အခြေအနေ ဖြစ်ပါတယ်ခင်ဗျား။ ၂၀၁၆ – ၂၀၁၇ ခုနှစ်မှာ ကလောမြို့နယ် **၃,၃၅၅.၅၃၆** သန်း ဖြစ်ပြီး၊ ရပ်စောက်မြို့နယ်ကတော့ **၆,၆၁၅.၇၃၉** သန်းဖြစ်ပါတယ်။ ကျောက်မဲမြို့နယ်ကတော့ **၄,၃၄၆.၁၇၈** သန်းဖြစ်ပြီး၊ နောင်ချိုမြို့နယ်ကတော့ **၇၀၇.၀၃၁** သန်းသာ ရရှိပါတယ်ခင်ဗျား။

၂၀၁၇ – ၂၀၁၈ ခုနှစ်မှာ ကလောမြို့နယ် **၂,၅၁၉.၁၉၃** သန်းဖြစ်ပြီး၊ ရပ်စောက်မြို့နယ် ကတော့ **၂,၆၈၅.၉၉၆** သန်းဖြစ်ပါတယ်။ ကျောက်မဲမြို့နယ်ကတော့ **၄,၃၄၄.၅၇၆** သန်းဖြစ်ပြီး၊ နောင်ချိုမြို့နယ်ကတော့ **၃,၃၇၄.၀၃၂** သန်း အနည်းငယ် တော်တော်များများတက်လာတာကို တွေ့ရှိရပါတယ်။ ၂၀၁၈ – ၂၀၁၉ ဘတ်ဂျက်မှာတော့ ကလောမြို့နယ် **၃,၉၈၄.၇၇၉** သန်း ဖြစ်ပြီး၊ ရပ်စောက်မြို့နယ်ကတော့ **၃,၆၄၄.၃၂၂** သန်း ဖြစ်ပါတယ်။ ကျောက်မဲမြို့နယ်ကတော့ **၃,၅၃၇.၅၆၆** သန်း အနည်းငယ် ပြန်လည်ကျသွားပါတယ်။ နောင်ချိုမြို့နယ်ကတော့ **၂,၇၉၀.၂၅၃**သန်း ကျသွားတာကို တွေ့ရှိရပါတယ်။ ၂၀၁၈ – ၂၀၁၉ ခုနှစ်မှာ ကလောမြို့နယ်က ပြန်တက်လာပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ အားလုံးကိုညီတူညီမျှဖြစ်အောင် ဆောင်ရွက်နေဆဲဖြစ်ပါတယ်။ ဒါကိုလည်း လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးစိုင်းထွန်းဉာဏ် ကိုလည်း ကျွန်တော်လေးလေးစားစားနဲ့ ပြန်လည်ရှင်းလင်း ဖြေကြားခြင်း ဖြစ်ပါတယ်။ ကလောမြို့နယ်က ဝန်ကြီးထွက်တဲ့နေရာဆိုပြီး ပိုသုံးထားတာမရှိပါဘူး။ အားလုံးက အတက် အကျ၊ အမြဲတမ်းအတက်ဆိုတာတော့ မဖြစ်နိုင်ပါဘူး။ အတက်အကျညီမျှအောင် (၃)နှစ်စာ ဂရပ်နဲ့ ကျွန်တော်လေးလေးစားစား ဖော်ပြခြင်းဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေနဲ့ လည်း အားနည်းချက်တွေကို နောင်လာမည့်နှစ်တွေမှာ ပြုပြင်ပြောင်းလဲသွားပြီးတော့ သက်ဆိုင်ရာ ကော်မတီတွေနဲ့ အချိန်ယူပြီးတော့ ပြည်ထောင်စုဘဏ္ဍာရေးကော်မရှင်ကိုလည်း ပြည်နယ်/ တိုင်းဒေသကြီးကို ဘတ်ဂျက်စိစစ်ဖို့အချိန်ကို ပိုပေးဖို့ကျွန်တော်တို့အနေနဲ့ တင်ပြ တောင်းဆိုသွားမှာ ဖြစ်ပါတယ်။ အခုလည်း ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ဆွေးနွေးတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများကိုလည်း များစွာကျေးဇူးတင်ရှိပါတယ်။ ကော်မတီရဲ့ အကြံပြုချက်များကိုလည်း နောင်လာမည့် ဘဏ္ဍာရေးနှစ်များမှာ ခန့်မှန်းခြေငွေစာရင်းများ ရေးဆွဲတဲ့အခါမှာ လေးစားစွာ လိုက်နာဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်ရေးကော်မတီမှ စိစစ်ပြီးဖြစ်တဲ့ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ ၂၀၁၉–

၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေစာရင်းများအား ဘဏ္ဍာရေးကော်မရှင်သို့ အချိန်မီ ပေးပို့တင်ပြနိုင်ရန်အတွက် ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပထမနေ့)၌ ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ တင်သွင်းခဲ့သည့် ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဌာန/ အဖွဲ့ အစည်းများ၏ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်က သဘောတူပါသည်)**

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူတဲ့အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/ အဖွဲ့ အစည်းများ၏ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့်စပ်လျဉ်း၍ လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ။** ယခုအစည်းအဝေးကို (၁)နာရီ(၁၅)မိနစ် ရပ်နားမှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီရှင်။ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များရှင်။ နေ့လည်ပိုင်းအစည်းအဝေးကို နေ့လည်(၁၃:၀၀)နာရီ အချိန်မှာ ပြန်လည်စတင်မှာဖြစ်ပါတယ်ရှင်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီရှင်။

**ရှမ်းပြည်နယ်**

**ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်**

**(၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

**(စတုတ္ထနေ့)မှတ်တမ်း**

**၁၃၈၀ပြည့်နှစ်၊ တန်ခူးလဆန်း ၁ ရက်**

**၂၀၁၉ခုနှစ်၊ ဧပြီလ ၅ ရက်**

**[ သောကြာနေ့ ]**

**နေ့လယ်ပိုင်း**

**အခမ်းအနားမှူး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ရှင်။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(စတုတ္ထနေ့) နေ့လယ်ပိုင်းအစီအစဉ်အား ဆက်လက်ကျင်းပပြုလုပ်မည် ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသော နေရာများတွင် နေရာယူပေးကြပါ ရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ရှင်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီရှင်။

**(ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။)**

အားလုံးထိုင်နိုင်ပါပြီရှင်။

**ဦးသန်းဝင်း၊ မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ "ဥပဒေနှင့်အညီ တင်သွင်း ထားသော ဒုတိယအကြိမ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်သည့် ဥပဒေမူကြမ်းအား ဂုဏ်ယူဝမ်းမြောက်ကြိုဆိုကြောင်း" အရေးတကြီးအဆိုကို လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။**

**ဥက္ကဋ္ဌ။** အစီအစဉ် (၈)ဖြစ်ပါတယ်။ ဦးသန်းဝင်း၊ မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)၏ **"ဥပဒေနှင့်အညီ တင်သွင်းထားသော ဒုတိယအကြိမ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်သည့်ဥပဒေမူကြမ်းအား ဂုဏ်ယူဝမ်းမြောက်ကြိုဆိုကြောင်း"** အရေးတကြီးအဆိုနှင့်

စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်(၈)ဦးက ဆွေးနွေးဖို့ အမည်စာရင်းပေးထားပါတယ်။ ဒီနေရာမှ ဆွေးနွေးမည့် ပုဂ္ဂိုလ်များအနေနဲ့ တစ်ဦးကို အများဆုံး (၆)မိနစ်အထိ ဆွေးနွေးဖို့ (၆)မိနစ်အတွင်းမှာ မိမိတင်ပြလိုတဲ့ အချက်များကို ပါဝင်သွားအောင် (၆)မိနစ်အတွင်း ဆွေးနွေးကြစေလိုပါတယ်။ ပထမဦးစွာ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ထွဏ်းက အဆိုကို ဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၄) ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ (၄.၄.၂၀၁၉) ရက်နေ့တွင် မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးသန်းဝင်း၏ **“ဥပဒေနှင့်အညီ တင်သွင်းထားသော ဒုတိယအကြိမ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်သည့်ဥပဒေမူကြမ်းအား ဂုဏ်ယူဝမ်းမြောက်ကြိုဆိုကြောင်း”** အဆိုနှင့်ပတ်သက်၍ ကျွန်တော် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)က ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်းမှ အပြုသဘော ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံသည် ဒီမိုကရေစီနိုင်ငံမှ ဒီမိုကရေစီကို အခြေခံသော ဖက်ဒရယ်နိုင်ငံ ဖြစ်ပေါ်လာရေး အတွက် ကြိုးပမ်းလျက်ရှိသည်ကို အများသိရှိပြီး ဖြစ်ပါတယ်။ ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံ ဖြစ်ပေါ်လာရေးအတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစုပင်လုံ အစည်းအဝေးကို (ဒုတိယ)အကြိမ် လွှတ်တော်သက်တမ်းမှာ(၂)ကြိမ်ကျင်းပပြီးလည်း ဖြစ်ပါတယ်။ အစည်းအဝေး နှစ်ကြိမ်စလုံးမှာ ဘုံသဘောတူညီချက်(၅၁)ချက်ကို အခြေခံမူအဖြစ် သဘောတူရရှိထားပြီး ဖြစ်ပါတယ်။ အဲ့ဒီဘုံသဘောတူညီချက်(၅၁)ချက်ကို လာမည့်ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်တဲ့နေရာမှာ ပြဋ္ဌာန်းမည့်နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်းစာအုပ်မှာ ထည့်သွင်းရေးဆွဲမယ့် အခြေခံကို (Principle)ပဲ ဖြစ်ပါတယ်။

ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံဖြစ်ပေါ်လာပါက ဖွဲ့စည်းပုံအခြေခံဥပဒေသည် ဒီမိုကရေစီ စံချိန်စံညွှန်းနှင့် ပြည့်ဝသော ဖွဲ့စည်းပုံဥပဒေဖြစ်ရန် လိုအပ်လျက်ရှိပါတယ်။ ဒါကြောင့် ပြည်ထောင်စုလွှတ်တော်က ဖွဲ့စည်းပုံအခြေခံ ဥပဒေပြင်ဆင်ရန် စိုင်းပြင်းလျက်ရှိတာကို အများသိရှိပြီး ဖြစ်ပါတယ်။ ဒါမှလည်း ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံမှာ ဒီမိုကရေစီ စံချိန်စံညွှန်းနှင့်ပြည့်ဝတဲ့ ကျစ်လစ်ခိုင်မာတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် တည်ဆောက်နိုင်မှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင် ဦးသန်းဝင်းက ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၆၁ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၁)နှင့် ပုဒ်မခွဲငယ်(၂)ပါ ပြဋ္ဌာန်းချက်အား ပြည်ထောင်စုလွှတ်တော်က ပြင်ဆင်ရန်ဆွေးနွေးနေကြသည်ကို ကြိုဆိုကြောင်း အရေးတကြီး အဆိုတစ်ရပ် တင်သွင်းလာတာကို တွေ့ရပါတယ်။

၎င်းပုဒ်မအားလေ့လာရာတွင် ပုဒ်မ ၂၆၁ (ခ)တွင် နိုင်ငံတော်သမ္မတဟာ ဝန်ကြီးချုပ်ကို ခန့်အပ်နိုင်တယ်။ သက်ဆိုင်ရာ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်ဝန်ကြီးချုပ် ကိုယ်စားလှယ်ထဲက သင့်လျော်တဲ့ အရည်အချင်းပြည့်ဝတဲ့ ပုဂ္ဂိုလ်ကို ရွေးချယ်ရမယ့် ကိုယ်စားလှယ်ကို သက်ဆိုင်ရာ လွှတ်တော်က ပေးပို့ပြီးတော့ သဘောတူညီချက် ရယူရမယ်လို့ ပြဋ္ဌာန်းပါရှိပါတယ်။ ဆိုလိုတာက သက်ဆိုင်ရာ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ် ဝန်ကြီးချုပ်ကို သမ္မတက နှစ်သက်တဲ့ ပုဂ္ဂိုလ်ကိုပဲ ရွေးရမှာ ဖြစ်ပါတယ်။

သက်ဆိုင်ရာတိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အများစုရဲ့ ဆန္ဒဖြင့်ရွေးချယ်လို့မရဘူးဆိုတာ ဆိုလိုပါတယ်။ ဒီအချက်ကို ကြည့်ခြင်းအားဖြင့် ဒီမိုကရေစီနိုင်ငံမှာ ဖွဲ့စည်းပုံဥပဒေဟာ ဒီမိုကရေစီ စံချိန်စံညွှန်းနဲ့ ကွဲလွဲနေတယ်ဆိုတာ မီးမောင်းထိုးပြနေသလို ဖြစ်နေပါတယ်။ဒီမိုကရေစီနည်းလမ်းအရ ပြည်သူအများစုကရွေးချယ်ပေးလိုက်တဲ့ ပြည်သူ့ကိုယ်စားလှယ်များရဲ့ အများဆန္ဒကိုလည်း မျက်ကွယ်ပြုရာ ရောက်တယ်လို့လဲ ယူဆပါတယ်။ သက်ဆိုင်ရာ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်များရဲ့ ပကတိအခြေအနေကို သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များက အသိဆုံးဖြစ်တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်အများစုက ရွေးချယ်ပေးတဲ့ လွှတ်တော်ကိုယ်စားလှယ်ကသာ သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဝန်ကြီးချုပ်သာ ဖြစ်သင့်သည်ဟု ယူဆပါတယ်။

သက်ဆိုင်ရာ တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်များရဲ့ဝန်ကြီးချုပ်ကို သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ် အများစုရွေးချယ်ခြင်းအားဖြင့် ဗဟိုချုပ်ကိုင်မှုစနစ်ကို ဖြေလျော့ရာရောက်တဲ့အပြင် လူထုနဲ့ ပိုမိုနီးစပ်တဲ့လူ ဖြစ်တဲ့အတွက် လူထုလိုအပ်ချက်ကို အထိရောက်ဆုံးဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ ၎င်းအပြင် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာဆိုတဲ့ အာဏာခက်မသုံးဖြာလည်း အပြန်အလှန်ထိန်းကျောင်းရာ ရောက်ပါတယ်။ နောက်ပုဒ်မတစ်ခုဖြစ်တဲ့ ပုဒ်မ ၂၆၁ (ဃ)နဲ့(င)ကို လေ့လာရာလည်းပဲ အလားတူပါပဲ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်ဝန်ကြီးချုပ်ကို အရည်အချင်းနှင့် မပြည့်စုံကြောင်း အထင်အရှားမပြနိုင်ဘူးဆိုလို့ရှိရင် ဝန်ကြီးချုပ်အနေနဲ့ ငြင်းပယ်ပိုင်ခွင့်မရှိပါဘူး။ တကယ်လို့ အထင်အရှားပြမယ်ဆိုလို့ရှိရင် နိုင်ငံတော်သမ္မတက နောက်ထပ် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို ထပ်မံအဆိုတင်သွင်းနိုင်တယ်လို့ ပါရှိပါတယ်။ ဆိုလို

တာက လွှတ်တော်ကိုယ်စားလှယ်က ရွေးချယ်ပိုင်ခွင့် မရှိပါဘူး။ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များက အမည်စာရင်းတင်သွင်းဖို့ ဒါဟာမဖြစ်နိုင်တဲ့ အနေအထားလို့ ယူဆပါတယ်။ အခုဖြစ်နေတဲ့ အနေအထားက ပထမပုံမှန်အစည်းအဝေးမှာ သမ္မတက ရွေးပေးတဲ့ အမည်စာရင်းကို မနက်ပိုင်း ကြေညာတယ်။ ကန့်ကွက်လိုသူက အထောက်အထား ခိုင်ခိုင်လုံလုံနဲ့ အဲဒီနေ့ ညနေမှာ တင်သွင်းရမယ်လို့ ပြောထားပါတယ်။ ဒါကြောင့်မို့ ပေးထားတဲ့ အချိန် အင်မတန်နည်းပါးတဲ့အတွက် ၎င်းပုဂ္ဂိုလ်နှင့် ပတ်သက်တဲ့ အရည်အချင်း ပြည့်စုံမှု ရှိ/ မရှိဆိုတာကို အချိန်ယူပြီး ရှာဖွေမတင်ပြနိုင်ပါဘူး။ ဒါကြောင့်မို့ အဲ့ဒါတွေလည်း ပြည်ထောင်စုလွှတ်တော်မှာ ပြင်ဆင်ဖို့ ဆွေးနွေးကြခြင်းပဲ ဖြစ်ပါတယ်။ ဒါကြောင့် ဒီမိုကရေစီ ဖက်ဒရယ် နိုင်ငံတော်ကို တည်ဆောက်ဖို့အတွက် ဒီမိုကရေစီ စံချိန်စံညွှန်းနဲ့ ပြည့်မီတဲ့ ဖွဲ့စည်းပုံဥပဒေတစ်ရပ် မဖြစ်မနေပြဋ္ဌာန်းရန် လိုအပ်တဲ့အတွက် ပြည်ထောင်စုလွှတ်တော်က ကြိုတင်ဆောင်ရွက်နေခြင်းပဲ ဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ပြည်ထောင်စုလွှတ်တော်က ဖွဲ့စည်းပုံပြင်ဆင်ရေး၊ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နေခြင်းသည် ပြည်သူအများစုရဲ့ ဆန္ဒကိုဖော်ထုတ်ခြင်း ဖြစ်တဲ့အတွက် ဖွဲ့စည်းပုံပြင်ဆင်ရေးဆွေးနွေးခြင်းကို ကြိုဆိုပါကြောင်း မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဝင်းရဲ့ အရေးတကြီးအဆိုကို ထပ်မံကြိုဆိုပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းနောင့်က အဆိုကို ဆွေးနွေးပေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းနောင့်၊ မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** အားလုံးပဲ မင်္ဂလာပါ။ ဒီကနေ့ ကျွန်တော့်အနေဖြင့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(တတိယနေ့)၌ မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဝင်းမှ တင်သွင်းသော **"ဒုတိယအကြိမ် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်သည့် ဥပဒေမူကြမ်းအား ဂုဏ်ယူဝမ်းမြောက်ကြိုဆိုကြောင်း"** အဆိုကို ထောက်ခံဆွေးနွေးသွားမည် ဖြစ်ပါတယ်။ ဒီအဆိုကို ဆွေးနွေးရခြင်းမှာ မည်သည့်အဖွဲ့အစည်း၊ မည်သည့်ပါတီဘက်မှ ရပ်တည်ဆွေးနွေးခြင်းမျိုးမဟုတ်ဘဲနဲ့ မိမိတို့ ကျားဖြူပါတီ၏ မူဝါဒလမ်းစဉ်နှင့် ကိုက်ညီမှုရှိပါသဖြင့် ကျွန်တော်တို့ လျှောက်လှမ်းနေသည့် စစ်မှန်သော ဖက်ဒရယ်ဒီမိုကရေစီ လမ်းစဉ်နှင့်အညီ တိုင်းနှင့်ပြည်နယ်အသီးသီးမှ အုပ်ချုပ်မည့် ဝန်ကြီးချုပ်သည် သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းများမှ ပြည်သူ့ကိုယ်စားလှယ်များ ရွေးချယ်ရန်လိုသလို၊ ကျွန်တော်တို့ ရှမ်းပြည်နယ်မှာလည်း ပြည်သူလူထု၏ အကျိုးစီးပွား၊ တိုင်းရင်းသားများရဲ့

လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ရှမ်းပြည်နယ်တွင်း ရွေးကောက်ခံပြည်သူ့ကိုယ်စားလှယ်များမှ ရွေးချယ်တင်မြှောက်သော စနစ်ရှိရန် လိုအပ်နေသောကြောင့် ဆွေးနွေးရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နယ်ချဲ့အင်္ဂလိပ်တို့လက်အောက်မှာ လွတ်လပ်ရေးမရမီ ကျွန်တော်တို့တိုင်းရင်းသားခေါင်းဆောင်များဟာ လွတ်လပ်ရေးရယူရန်အတွက် တောင်တန်းဒေသမှ ခေါင်းဆောင်များနှင့် ပြည်မမှ ခေါင်းဆောင်များသွေးရင်းခံပြီး အတူတကွ ကြိုးစားလုပ်ဆောင်လာခဲ့သည်ကို ပင်လုံမြို့တွင် တောင်တန်းပြည်မ လွတ်လပ်ရေး ကျောက်တိုင်စိုက်ထူထားတာဟာ သမိုင်းမှာ ထင်ရှားပြီး ယခုတိုင် မြင်တွေ့နေရပါတယ်။ လွတ်လပ်ရေးရပြီးနောက် တွဲလျက်ပါလာသော ကမ္ဘာ့အရှည်ကြာဆုံး ပြည်တွင်းစစ်မီးဟာ ယခုကာလမှာ ပိုမိုကျယ်ပြန့်လာသည်ကို မြင်တွေ့နေရပါတယ်။ ဘက်ပေါင်းစုံအမြင်နဲ့ အမျိုးမျိုးကြည့်လိုက်မယ်ဆိုရင် ငြိမ်းချမ်းရေးအသီးအပွင့်ကို ဘာကြောင့်ပြည်သူလူထုများ မခံစားရသေးသလဲဆိုတာကို ပြန်ပြီးမှ ရှာကြည့်လိုက်မယ်ဆိုရင် အခြေခံအကြောင်းရင်းကတော့ ယခင်ရောယခုပါခေတ်အဆက်ဆက် အစိုးရများဟာ ယခင်ခေါင်းဆောင်ကြီးများ ဆွေးနွေးထားခဲ့သော သဘောတူညီချက်အတိုင်း မဖော်ဆောင်နိုင်ခြင်းနှင့် တိုင်းရင်းသားများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် တန်းတူညီမျှမှု မရရှိတဲ့ ပြဿနာလို့ဘဲ ရှုမြင်သုံးသပ်မိပါတယ်။ ယခု ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် လျှောက်လှမ်းနေသော ဖက်ဒရယ်ဒီမိုကရေစီ လမ်းစဉ်နှင့်အညီ တိုင်းရင်းသားများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိဖို့ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မများကို ပြင်ဆင်ဖြည့်စွက်ပြီးဗဟိုချုပ်ကိုင်မှုစနစ် လျှော့ချရေးနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများ၏ လုပ်ပိုင်ခွင့်အာဏာများ တိုးမြှင့်ပေးဖို့ရန် လိုအပ်ပါတယ်။ ကျွန်တော်တို့ ရှမ်းပြည်နယ်မှာ ပြည်ထောင်စုငယ်သဏ္ဍာန် တိုင်းရင်းသားပေါင်းစုံ ကချင်၊ ကိုးကန့်၊ ကယန်း၊ တောင်ရိုး၊ ဓနု၊ ဓနော့၊ ပအိုဝ်း၊ ပလောင်၊ ဗမာ၊ ယင်းနက်၊ ယင်းကြား၊ လီဆူ၊ လားဟူ၊ ဝ၊ အခါ၊ အင်းသားနှင့် ကျွန်တော်တို့ ရှမ်းတင်သာမက များစွာသော တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ဒီရှမ်းပြည်နယ်တွင်းမှာ မွေးဖွားကြီးပြင်းလာခဲ့သော ညီအစ်ကိုမောင်နှမများ ဖြစ်ကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူလူထုများ၏ လိုအပ်ချက်၊ ပြည်သူလူထုများ၏ အကျိုးစီးပွား၊ ပြည်သူလူထုများ၏ ခံစားနေရသော “သောက”နှင့် ပြည်သူလူထု၏ စိုးရိမ်မှု၊ ဒေသ၏ ရိုးရာ ဓလေ့ထုံးတမ်းများကို ပိုမိုသိမြင်နိုင်သည့် ဒေသခံပြည်သူလူထုမှ ရွေးကောက်တင်မြှောက်လာသော ကိုယ်စားလှယ်များထဲမှ ပြည်နယ်ဝန်ကြီးချုပ်ကို ရွေးချယ်ခန့်အပ်ခွင့်ပေးပြီး သမ္မတမှ အသိအမှတ်ပြုပေးပါက ပိုမိုသင့်လျော်ကြောင်း ယူဆမိပါတယ်။

တိုင်းဒေသကြီး/ ပြည်နယ်ဝန်ကြီးချုပ်ကို တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်များမှ ရွေးကောက်တင်မြှောက်ခန့်အပ်ခွင့်ရှိပါက တိုင်းရင်းသားများ၏ လိုလားသောကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကိုလည်း ဖြည့်ဆည်းပေးရာရောက်ပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးအတွက် ပြည့်စုံကာ ဖက်ဒရယ်ပြည်ထောင်စု ထူထောင်ရာမှာ များစွာချောမွေ့စေနိုင်ကြောင်း တင်ပြလိုပါတယ်။ ဤဖွဲ့စည်းပုံအခြေခံ ဥပဒေပြင်ဆင်သည့် ဥပဒေကို နောင်ရောက်ရှိလာမည့် ၂၀၂၀ ရွေးကောက်ပွဲမတိုင်မီ ရေးဆွဲအတည်ပြုနိုင်ပါက လက်ရှိတစ်ဆို့နေသော ငြိမ်းချမ်းရေးဆွေးနွေးပွဲကို တဖန်ပြန်လည်ကျင်းပနိုင်ဖို့ရန်အတွက် အကောင်းဆုံးအချိန်ဖြစ်ပြီး ပြည်ထောင်စုအစိုးရမှ ဗဟိုချုပ်ကိုင်မှု စနစ်လျှော့ချပြီး တိုင်းရင်းသားများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ဖြည့်ဆည်းပေးသည်သာ အကောင်းဆုံး၊ အသင့်လျော်ဆုံးအချိန်သာ ဖြစ်ပါတယ်။

ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်နှင့် ပြည်ထောင်စုလွှတ်တော်မှာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရန် ဆွေးနွေးပြီး ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်း တင်သွင်းထားသော အခြေခံဥပဒေ ပုဒ်မ ၂၆၁ ပြင်ဆင်ရေးဟာ နိုင်ငံတော်အတွက် ငြိမ်းချမ်းရေး၊ နိုင်ငံတော်ရဲ့အကျိုးစီးပွား၊ ဌာနေတိုင်းရင်းသားများ၏ တန်းတူညီမျှမှု အခွင့်အရေးအတွက် ရေရှည်မျှော်ကိုးပြီး တင်သွင်းရသည်ဟု သုံးသပ်ယူဆမိပါတယ်။ ဒါကြောင့် ကျွန်တော့်အနေဖြင့် ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ဦးသန်းဝင်းတင်သွင်းသော **“ဒုတိယအကြိမ် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်သည့် ဥပဒေမူကြမ်းအား ဂုဏ်ယူဝမ်းမြောက်စွာ ကြိုဆိုကြောင်း”** အဆိုအားမူအားဖြင့် ထောက်ခံဆွေးနွေးတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါ တယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ဗိုလ်ကြီးတေဇာအောင်၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က အဆိုကို ဆွေးနွေးပေးဖို့ဖြစ်ပါတယ်။

**ဗိုလ်ကြီးတေဇာအောင်၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်။** ယနေ့ကျင်းပပြုလုပ်သော ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေးသို့ တက်ရောက်လာကြသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် တက်ရောက်လေ့လာသူများအားလုံးကို ကိုယ်စိတ်နှစ်ဖြာရွှင်လန်းပါစေကြောင်း ဦးစွာဂါရဝပြု နှုတ်ခွန်းဆက်သလိုက်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်ကြီးတေဇာအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးသန်းဝင်း၏ **“ဥပဒေနှင့်အညီ တင်သွင်းသော ဒုတိယအကြိမ် ဖွဲ့စည်းပုံအခြေခံဥပဒေ**

**ပြင်ဆင်သည့် ဥပဒေမူကြမ်းအား ဂုဏ်ယူဝမ်းမြောက်ကြိုဆိုကြောင်း**” အရေးတကြီး အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေသည် အချုပ်အခြာအာဏာပိုင်သည့် နိုင်ငံတိုင်းမှာရှိရပြီး သက်ဆိုင်ရာ နိုင်ငံအလိုက် လိုအပ်ပါက ပိုမိုကောင်းမွန်ပြည့်စုံသော အခြေခံဥပဒေဖြစ်အောင် အချိန်နှင့်အမျှ ပြင်ဆင်ပြောင်းလဲမှုတွေ ပြုလုပ်ရတာကို လေ့လာတွေ့ရှိရပါတယ်။ နိုင်ငံသားတိုင်းရဲ့ ရရှိမည့်အခွင့်အရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ကာကွယ်စောင့်ရှောက်ပေးတာဖြစ်လို့ နိုင်ငံ၏အဓိက အသက်သွေးကြောပဲဖြစ်ပါတယ်။ ဒါကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ **၄၄၉** မှာ **၂၀၀၈** ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတော်အတွင်းရှိ ဥပဒေအားလုံး၏ အခြေခံဥပဒေဖြစ်သည်ဟု ပြဋ္ဌာန်းထားကြောင်း တွေ့ရှိရပါတယ်။ ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် မဲဆန္ဒပြုနိုင်သူအားလုံး၏ (၉၂.၄၈)ရာခိုင်နှုန်းက အတည်ပြုပြဋ္ဌာန်းထားတဲ့ ယခုအတည်ဖြစ်နေသော ဥပဒေ (Existing Law) ဖြစ်ပါတယ်။ တည်ဆဲဥပဒေများကို လိုက်နာရန် နိုင်ငံသားတိုင်းမှာ တာဝန်ရှိပါတယ်။

နိုင်ငံသားတိုင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ **၃၈၃** အရ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်ရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို စောင့်ထိန်းရန်တာဝန်ရှိပါတယ်။ ပုဒ်မ **၃၈၄** အရလည်း နိုင်ငံသားတိုင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာစောင့်ထိန်းရန် တာဝန်ရှိသည်ဟု အတိအကျဖော်ပြထားကြောင်း တွေ့ရှိရပါတယ်။ သို့ဖြစ်၍ နိုင်ငံသားတိုင်းဟာ ဘာပဲလုပ်လုပ် ဒီအချက်တွေကို မဖြစ်မနေထည့်သွင်းစဉ်းစားလိုက်နာ လုပ်ဆောင်ရန်လိုအပ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ **၁၉၈၈** ခုနှစ်က တပ်မတော်သည် နိုင်ငံတော်တာဝန်အရပ်ရပ်ကို ယူခဲ့ရသည့်အချိန်၌ ပြည်သူများလိုလားသည့် အနာဂတ်နိုင်ငံတော်တည်ဆောက်ရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံအုတ်မြစ်များကို ချမှတ်ပေးခဲ့သလို ဒီမိုကရေစီ အုပ်ချုပ်ရေးစနစ်နှင့် ဈေးကွက်စီးပွားရေးဖော်ဆောင်နိုင်ရန်အတွက် မရှိမဖြစ်လိုအပ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပပြီး ပြဋ္ဌာန်းနိုင်ခဲ့တာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ ပါတီစုံဒီမိုကရေစီအုပ်ချုပ်ရေးစနစ် ကျင့်သုံးနိုင်ရေး ကမကထပြုဆောင်ရွက်ပေးခဲ့ပြီး ဒီမိုကရေစီအသွင်ကူးပြောင်းမှု ညင်သာချောမွေ့စေရေး အာမခံပေးနိုင်ခဲ့ပါတယ်။ **၂၀၀၈** ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံးနှင့် အကျုံးဝင်သည့် နိုင်ငံသားတစ်ဦးချင်းအတွက် နိုင်ငံတော်အဖွဲ့အစည်း အဆင့်ဆင့်အတွက် ရရှိမည့်အခွင့်အရေး၊ ထမ်းဆောင်ရမည့် တာဝန်ဖွဲ့စည်းမှုအသီးသီးကို သတ်မှတ်ပြဋ္ဌာန်းပေးထားခြင်း ဖြစ်သဖြင့်

နိုင်ငံတော်နှင့် နိုင်ငံသားများကို အာမခံချက်ပေးထားသည့် ဥပဒေဖြစ်သလို **၂၀၀၈** ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် နိုင်ငံအတွင်းက နိုင်ငံရေး၊ လုံခြုံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ဥပဒေပြုရေးစသည့် ရှုထောင့်အမျိုးမျိုးမှ အတွေ့အကြုံကြွယ်ဝသည့် ပုဂ္ဂိုလ်များနှင့် တိုင်းရင်းသားကိုယ်စားလှယ်များပါဝင်ခဲ့ပြီး မည်သည့်ခြိမ်းခြောက်မှု၊ ဖိအားပေးမှုများမပါရှိဘဲ တစ်နိုင်ငံလုံး၏ အကျိုးစီးပွားအတွက် ပကတိအခြေအနေနှင့် ကိုက်ညီအောင် အချိန်ယူဆွေးနွေးညှိနှိုင်း ရေးဆွဲခဲ့ကြတာ ဖြစ်ပါတယ်။ စတင်ကျင့်သုံးသည်မှာ (၈)နှစ်သာရှိသေးသော်လည်း(၈)နှစ်တာကာလအတွင်း အုပ်ချုပ်သူအစိုးရ၊ ဥပဒေပြု လွှတ်တော်အပါအဝင်တို့သည် သက်ဆိုင်ရာ ကဏ္ဍအသီးသီးတွင် ဒီမိုကရေစီပြုပြင်ပြောင်းလဲမှု၊ စီးပွားရေးပြုပြင်ပြောင်းလဲမှု၊ နိုင်ငံတကာဆက်ဆံရေးပြုပြင်ပြောင်းလဲမှုများ မြှင့်တင်ဆောင်ရွက်ပေးနိုင်သည်ကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ ဥပဒေဆိုသည်မှာ ခိုင်မာမှုရှိလျှင် အကောင်းဆုံးဆိုသော်လည်း ပြီးပြည့်စုံသည့် ဥပဒေဆိုသည်မှာ မရှိခြင်းတို့ကြောင့် လိုအပ်မှု၊ ပြင်ဆင်မှုများရှိလာလျှင်လည်း ပြင်ဆင်ဖြည့်စွက်သွားရမှာ ဖြစ်ပါတယ်။ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ အစည်းအဝေးအသီးသီးတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် သဘောတူပြီးဖြစ်သည့်အချက်များကို ပြည်ထောင်စုသဘောတူစာချုပ် (UNION ACCORD) အစိတ်အပိုင်းအဖြစ် လွှတ်တော်သို့တင်ပြပြီးဖြစ်၍ အဆိုပါသဘောတူညီချက်များကို အခြေခံဥပဒေပြင်ဆင်ရေးတွင် ထည့်သွင်းစဉ်းစားဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ အစည်းအဝေးသည် ပြီးဆုံးခြင်းမရှိသေးသည့်အတွက် ထပ်မံပေါ်ပေါက်လာမည့်အချက်များကို ခြုံငုံဆောင်ရွက်မှသာ အခြေခံဥပဒေပြင်ဆင်ရေးသည် ပိုမိုလေးနက်စေမှာဖြစ်ပြီး ထိုသို့ပြင်ဆင်သည့်နေရာတွင် မလိုလားအပ်သည့် နိုင်ငံရေးအကျပ်အတည်းနှင့် ဘေးထွက်ဆိုးကျိုးများ မဖြစ်စေရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အခန်း(၁၂)ပါ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်း နည်းလမ်းများအတိုင်း ဥပဒေနှင့်အညီ အဆင့်ဆင့်လုပ်ဆောင်သွားကြရမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းတင်သွင်းခဲ့သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်းသည် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ ရွေးချယ်ခြင်း၊ ခန့်အပ်တာဝန်ပေးအပ်ခြင်းနှင့်ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အနှစ်သာရကို မထိခိုက်စေဘဲ တိုင်းပြည်အတွက် ပြင်ဆင်သင့်သည်များကို ပြင်ဆင်ရန် ဆောင်ရွက်ခြင်းသာ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။

နိဂုံးချုပ်အနေဖြင့် တင်ပြလိုတာကတော့ ယနေ့ပြည်သူများ လိုလားတောင့်တနေသော ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းအား လက်တွေ့ပြင်ဆင်ရာ ရောက်ခြင်း၊ ယနေ့ဒီမိုကရေစီအစိုးရလက်ထက်တွင်အားလုံး တန်းတူညီမျှရေးဆောင်ရွက်နေသည့်ပုံရိပ်ကို တိုင်းရင်းသားများအား လက်တွေ့သက်သေပြနိုင်မည်ဖြစ်ခြင်းတို့အတွက် ပုဒ်မ ၂၆၁ ကို ပြင်ဆင်ကာ ဒီမိုကရေစီ၏တန်ဖိုးများနှင့် ဖက်ဒရယ်ပြည်ထောင်စု၏ အနှစ်သာရများကို ပိုမိုတိုးမြှင့်ရယူနိုင်မည်ဖြစ်သောကြောင့် **“ဥပဒေနှင့်အညီ တင်သွင်းသော ဒုတိယအကြိမ် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်သည့် ဥပဒေမူကြမ်းအား ဂုဏ်ယူဝမ်းမြောက်ကြိုဆိုကြောင်း”** အဆိုကို လေးလေးနက်နက် ထောက်ခံတင်ပြ အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသန်းထိုက်က အဆိုကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းထိုက် ကလောမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်ပဲ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဦးသန်းဝင်း၊ မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တင်သွင်းလာသည့် **“ဥပဒေနှင့်အညီ တင်သွင်းသော ဒုတိယအကြိမ် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်သည့် ဥပဒေမူကြမ်းအား ဂုဏ်ယူဝမ်းမြောက်ကြိုဆိုကြောင်း”** အရေးတကြီး အဆိုကို ဥပဒေနှင့်အညီ ထောက်ပြဆွေးနွေးသွားမှာလည်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၂၂ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၁)အဆိုတင်သွင်းသည့် နေ့၏အစည်းအဝေးအစီအစဉ်မစတင်မီဖြစ်စေ၊ အစည်းအဝေးအစီအစဉ်များ ကျင်းပနေစဉ်ဖြစ်စေ စာဖြင့်ရေးသားလက်မှတ်ထိုးပြီး ဥက္ကဋ္ဌထံသို့ တင်သွင်းသောအဆိုဖြစ်ရမည်ဟု ပြဋ္ဌာန်းပါရှိသော်လည်း အဆိုတင်သွင်းမည့်နေ့မှာ မဟုတ်ဘဲ ( ၃.၄.၂၀၁၉ ) ရက်နေ့၊ ညနေ (၁၈:၀၀)နာရီအချိန်ကပင် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (တတိယနေ့) အစီအစဉ်တွင် ထည့်သွင်းလျာထားတာကို တွေ့ရှိရပါကြောင့် ဥပဒေနှင့်ညီညွတ်မှု မရှိတာကိုလည်းတွေ့ရှိရပါတယ်။

ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၂၂ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၂) မှာ ယင်းအဆိုသည် လောလောဆယ် ပေါ်ပေါက်လာသောကိစ္စများဖြစ်၍ အများပြည်သူနှင့်

အရေးတကြီး သက်ဆိုင်သော ကိစ္စလည်းဖြစ်ပြီးလျှင် လွှတ်တော်၏ ဆုံးဖြတ်ချက်ကို ရယူရန် လိုအပ်သောကိစ္စလည်း ဖြစ်ရမည်လို့ ပါရှိပါတယ်။

လောလောဆယ်ပေါ်ပေါက်လာသောကိစ္စ၊ အများပြည်သူနှင့် အရေးတကြီး သက်ဆိုင်သောကိစ္စများဆိုသည်မှာ မမျှော်လင့်ဘဲဖြစ်ပွားတတ်သော သဘာဝဘေးအန္တရာယ်များနှင့် ရင်ဆိုင်ကြုံတွေ့ရမှုကြောင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးမှုများကြောင့် ရေဘေး၊ လေဘေး၊ စစ်ဘေး၊ မီးဘေးစသည့် အခြေအနေများနှင့် ရင်ဆိုင်နေရပြီး အများပြည်သူရဲ့ စားဝတ်နေရေး၊ အခက်အခဲများ ဖြစ်ပေါ်နေချိန် လတ်တလောအရေးတကြီး ဆောင်ရွက်ရမည့် အခြေအနေများကို ဆိုလိုတာလို့ပဲ သိရှိနားလည် ထားပါတယ်။

(၃.၄.၂၀၁၉) ရက်နေ့မှာ ကျင်းပတဲ့ ပုံမှန်အစည်းအဝေး၊ တတိယနေ့မှာ တင်သွင်းလာတဲ့ အရေးတကြီးအဆိုဖြစ်တဲ့ **၂၀၀၈** ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တင်သွင်းသည့် ဒုတိယအကြိမ် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်သည့် ဥပဒေမူကြမ်းဟာလည်း (၁၉.၂.၂၀၁၉) ရက်နေ့ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းထားတာ ဖြစ်ပါသောကြောင့် လောလောဆယ်ပေါ်ပေါက်နေတဲ့ ကိစ္စလည်းမဟုတ်ပါဘူး။ ထို့အပြင် ယခင်အစိုးရလက်ထက် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၉.၁.၂၀၁၅)ရက်နေ့ (၁၂)ကြိမ်မြောက် ပုံမှန် အစည်းအဝေး ပထမနေ့မှာ၂၀၁၈ ခုနှစ် ဥပဒေပြင်ဆင်ရေး ဥပဒေမူကြမ်းကိုလည်း အတည်ပြုနိုင်ရန်အတွက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲများပြုလုပ်ပြီး ဥပဒေကြမ်းကို အတည်ပြုပြီး ဆောင်ရွက်ခဲ့သော လုပ်ငန်းစဉ်ပဲ ဖြစ်ပါတယ်။

ဒုတိယအကြိမ်ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၈.၂.၂၀၁၉)ရက်နေ့ တတိယနေ့မှာ လက်ရှိမြန်မာနိုင်ငံရဲ့အခြေအနေမှာ မြန်မာနိုင်ငံသား ပြည်သူများနှင့် အရေးကြီးသက်ဆိုင်သည့် ကိစ္စလည်းဖြစ်ပြီး (၂၁)ပင်လုံညီလာခံမှ ပြည်ထောင်စု သဘောတူစာချုပ်အရ အစိတ်အပိုင်း(၁)မှာ အရေးကြီးဆုံးဖြစ်သည့် နိုင်ငံတော်ကို ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုဖွဲ့စည်းရမည်ဟု သဘောတူချက်နှင့်အညီ လုပ်ငန်းများကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုသမ္မတနိုင်ငံတော်ကို ဖွဲ့စည်းပုံအခြေခံ(၂၀၀၈ ခုနှစ်)ပြင်ဆင်ရေးလုပ်ငန်းများကို ဆောလျင်စွာ ဆောင်ရွက်နိုင်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး ပူးပေါင်းကော်မတီတစ်ခုကို ဖွဲ့စည်းရန် တိုက်တွန်းကြောင်း အရေးတကြီးအဆိုကို ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းပြီး လွှတ်တော်၏ အတည်ပြုချက်ရယူကာ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်)ပြင်ဆင်ရေး ပူးပေါင်းကော်မတီကို နိုင်ငံရေးပါတီအသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်

သား လွှတ်တော်ကိုယ်စားလှယ်များ စသည့်(၄၂)ဦးပါဝင်သော ပူးပေါင်းရေးကော်မတီများကို ဖွဲ့စည်းပြီး ကော်မတီရဲ့ လုပ်ငန်းတာဝန်များကိုလည်း ထမ်းဆောင်နေပြီလည်း ဖြစ်ပါတယ်။

အရေးတကြီးအဆိုဖြစ်သည့် "ဥပဒေနှင့်အညီ တင်သွင်းထားသော ဒုတိယအကြိမ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်သည့်ဥပဒေမူကြမ်း"ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ် ပြင်ဆင်ရေး ပူးပေါင်းကော်မတီအနေဖြင့် သုံးသပ်/ စိစစ်/ ဆွေးနွေးဆဲကာလ ဖြစ်သည့်အပြင် ပြင်ဆင်သည့် ဥပဒေမူကြမ်းသာ ရှိသေးတာကိုလည်း တွေ့ရှိရပါတယ်။ ပြည်ထောင်စု လွှတ်တော်ကသာ တင်သွင်းခွင့်ရှိသည့် ပြင်ဆင်ခွင့်ရှိသည့် **၂၀၀၈** ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်မှာ ဖွဲ့စည်းထားသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေ **၂၀၀၈** ခုနှစ် ပြင်ဆင်ရေးပူးပေါင်းကော်မတီမှ အရေးကြီးအဆို အဖြစ် "ဥပဒေနှင့်အညီ တင်သွင်းထားသော ဒုတိယအကြိမ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်သည့် ဥပဒေမူကြမ်း" သုံးသပ်စိစစ်ကာလအဖြစ်ပြင်ဆင်သည့် ဥပဒေမူကြမ်းအပေါ်မှာ ရှမ်းပြည်နယ်လွှတ်တော် အနေဖြင့် အတည်ပြုလို့ ရရဲ့လားဆိုတာလည်း လွှတ်တော်ကိုယ်စားလှယ်များ အားလုံးလည်း စဉ်းစားကြဖို့လည်းလိုအပ်ပါတယ်။ **"ဥပဒေနှင့်အညီ တင်သွင်းထားသော ဒုတိယအကြိမ်မြောက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်သည့် ဥပဒေမူကြမ်းအား ဂုဏ်ယူဝမ်းမြောက်ကြိုဆိုကြောင်း"** အရေးတကြီးအဆိုဟာ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၁၂ ပါ နောက်ဆက်တွဲ ပြဋ္ဌာန်းချက်များနှင့်လည်း မကိုက်ညီသလို အရေးတကြီးအဆိုအဖြစ်လည်း အထမမြောက် ကြောင်းလည်းတွေ့ရှိရမှာ ဖြစ်ပါတယ်။ သို့ပါသောကြောင့် ဦးသန်းဝင်း၊ မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တင်သွင်းလာသည့် **"ဥပဒေနှင့်အညီ တင်သွင်းသော ဒုတိယအကြိမ် ဖွဲ့စည်းပုံအခြေခံ ဥပဒေပြင်ဆင်သည့် ဥပဒေမူကြမ်းအား ဂုဏ်ယူဝမ်းမြောက်ကြိုဆိုကြောင်း"** အရေးတကြီးအဆိုအား မှတ်တမ်းအဖြစ်သာ ထားရှိသင့်ပါကြောင်း ပြောကြားရင်း နိဂုံးချုပ် အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ပင်လောင်းမြို့နယ် မဲဆနန္ဒနယ်အမှတ်(၁)မှ ဦးခွန်လှဆန်းက အဆိုကို ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးခွန်လှဆန်း ပင်လောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူဧည့်သည်တော် များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သဂါရဝပြု အပ်ပါတယ်။ ကျွန်တော်ကတော့ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်လောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်လှဆန်းဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်

ဦးသန်းဝင်း တင်သွင်းသည့် **“ဒုတိယအကြိမ်ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်သည့်ဥပဒေမူကြမ်းအား ဂုဏ်ယူဝမ်းမြောက်စွာကြိုဆိုကြောင်း”** အဆိုကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၁ ပုဒ်မခွဲ (ခ)(ဂ)(ဃ)နှင့် (င)တို့ကို ပြည်ထောင်စုလွှတ်တော်မှာ လက်ခံဆွေးနွေးရမည့်လုပ်ငန်းစဉ်အပိုင်းသို့ ရောက်ရှိနေပြီ ဖြစ်ပါတယ်။ လုပ်ငန်းစဉ်အတိုင်း ဆောလျင်စွာ လက်ခံဆွေးနွေးမှသာ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်တိုင်းဟာ ဆွေးနွေးဖို့ အခွင့်အရေးရရှိမှာ ဖြစ်ပါတယ်။ ဖက်ဒရယ်ဒီမိုကရေစီစနစ် ပီပီပြင်ပြင်ဖြစ်လာဖို့ဆိုရင် ဗဟိုချုပ်ကိုင်မှုကို တတ်နိုင်သမျှလျှော့ချပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် လုပ်ပိုင်ခွင့်ကို ပိုမိုပြီးပေးနိုင်ဖို့ လိုအပ်မှာ ဖြစ်ပါတယ်။ ယခုလို ပုဒ်မ ၂၆၁ ကို ပြင်ဆင်လိုက်မယ်ဆိုရင် တိုင်းရင်းသားအားလုံးရဲ့ အခွင့်အရေးနှင့် အကျိုးစီးပွားကို အရှိန်အဟုန်နှင့် ဖော်ဆောင်နိုင်မှာ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၁၇(က)မှာ နိုင်ငံတော်အုပ်ချုပ်ရေးအာဏာကို ပြည်ထောင်စု တိုင်းဒေသကြီးနှင့် ပြည်နယ်များအား ခွဲဝေအပ်နှင်းသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများအား ကိုယ်ပိုင်အုပ်ချုပ်ရေးအာဏာကို ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ သတ်မှတ်ပေးထားသည့်အတိုင်း ခွဲဝေအပ်နှင်းသည်ဟု ဖော်ပြထားပါတယ်။

ဒါပေမဲ့ ပုဒ်မ ၂၆၁ အရ နိုင်ငံတော်သမ္မတကသာ သက်ဆိုင်ရာ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်များအား ခန့်အပ်ပေးရမှာဖြစ်တာကြောင့် ဗဟိုချုပ်ကိုင်မှုများပြားနေပြီး အုပ်ချုပ်ရေးယန္တရားမှာ သက်ရောက်မှုကြီးမားနေတာကိုလည်း ခံစားတွေ့ရှိကြရမှာ ဖြစ်ပါတယ်။ ဒီအချက်တွေကို သေချာလေ့လာကြည့်မည်ဆိုရင် ပုဒ်မ၁၇(က)နှင့် ပုဒ်မ ၂၆၁ တို့ဟာ တစ်ခုနှင့်တစ်ခု ဆန့်ကျင်ကွဲလွဲနေသည်ကို တွေ့ရှိရမှာဖြစ်ပါတယ်။ ဒီအကျိုးဆက်အနေဖြင့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်များသည် အုပ်ချုပ်မှုအာဏာကို ကျင့်သုံးရတဲ့နေရာမှာပြည်ထောင်စု၏ စီမံခန့်ခွဲပိုင်ခွင့်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရများ၏ စီမံခန့်ခွဲမှုတွေဟာ ရှုပ်ထွေးမှုများစွာ ပေါ်ပေါက်နေတာကိုလည်း တွေ့ရှိရမှာဖြစ်ပါတယ်။ ဒါကြောင့် ပုဒ်မ၁၇(က)နှင့် ၂၆၁ တို့ဟာ ရှေ့နောက်ညီညွတ်မှုရှိစေရန်၊ ဆီလျော်မှုရှိစေဖို့ ဗဟိုချုပ်ကိုင်မှုလျော့ကျစေရေးအတွက် ယခုကဲ့သို့ ပြင်ဆင်ရန် တင်သွင်းသည့်အဆိုကို ကြိုဆိုကြရမှာပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၆၁ ကို ပြင်ဆင်လိုက်မယ်ဆိုရင်ဖြင့် ဖက်ဒရယ်စနစ်နှင့်အညီ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်များကနေ ဝန်ကြီးချုပ်ကို ခန့်အပ်နိုင်မှာဖြစ်ပါတယ်။ ဒါဟာအုပ်ချုပ်ရေးအာဏာကို ကျယ်ပြန့်စွာခွဲဝေပေးအပ်ခြင်းဖြစ်လို့ ဖက်ဒရယ်စနစ်အတွက် အခြေခံကျတဲ့

လိုအပ်ချက်ကို ဖြည့်ဆည်းပေးလိုက်တာလို့လဲဆိုရမှာဖြစ်ပါတယ်။ ဒါကြောင့် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံမှာ တိုင်းရင်းသားတွေက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို အခြေခံသော ဖက်ဒရယ်စနစ်ကို တည်ဆောက်လိုကြကြောင်းဆိုတဲ့ ဆွေးနွေးမှုကိုလည်း အမြန်ဆုံး ဖြည့်ဆည်းပေးရာရောက်မှာ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၆၁ ကို ဥပဒေနှင့် အညီ ပြင်ဆင်ပြီးပါက ဖက်ဒရယ်၏ အနှစ်သာရကိုလည်း ပိုမိုပေါ်လွင်စေမှာဖြစ်သည့်အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအနေဖြင့်လည်း ပြည်သူများမှ ရွေးချယ် တင်မြှောက်ထားသော ကိုယ်စားလှယ်များထဲမှ မိမိကြိုက်နှစ်သက်ရာ လွှတ်တော်ကိုယ်စားလှယ် ကို ဝန်ကြီးချုပ်အဖြစ် ရွေးချယ်ပေးနိုင်မည်ဖြစ်သဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရဲ့ အကျိုးစီးပွား၊ ခံစားခွင့်များကို စိတ်အားထက်သန်စွာ စောင့်ဆိုင်းနေကြသော တိုင်းရင်းသား တစ်ရပ်လုံးအတွက် ပွင့်လင်းမြင်သာစွာ ဆွေးနွေးပေါင်းစပ်ဆောင်ရွက်သွားနိုင်မှာ ဖြစ်တယ် ဆိုတဲ့အချက်ကို သတိချပ်ရမှာ ဖြစ်ပါတယ်။ ခေတ်နှင့်အညီ ပြုပြင်သင့်တာတွေကို/ ပြဋ္ဌာန်း ချက်များနှင့်အညီ ပြုပြင်သွားမှသာ ဖက်ဒရယ်စနစ်ကို တည်ဆောက်နိုင်မှာဖြစ်ကြောင်း၊ မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဝင်း တင်သွင်းသည့် **“ဒုတိယအကြိမ် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်သည့် ဥပဒေမူကြမ်းအား ဂုဏ်ယူဝမ်းမြောက်စွာကြိုဆိုကြောင်း”**အဆိုကို ထောက်ခံဆွေးနွေးလိုက်ရပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မဘိမ်းမြို့နယ် မဲဆန္ဒအမှတ်(၂)မှ ဦးမင်းမင်းသိန်းက အဆိုကို ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမင်းမင်းသိန်း မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားရပါသော ရှမ်း ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီး များ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် လေ့လာသူများအားလုံး မင်္ဂလာ အပေါင်းနဲ့ ပြည့်စုံကြပါစေ။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း) မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမင်းမင်းသိန်း ဖြစ်ပါတယ်။ (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (တတိယနေ့)တွင် ဦးသန်းဝင်း၊ မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တင်သွင်းသည့် **“ဒုတိယအကြိမ်ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်သည့် ဥပဒေမူကြမ်းအား ဂုဏ်ယူဝမ်းမြောက်စွာကြိုဆိုကြောင်း”** အရေးတကြီး အဆိုအား အကြံပြု ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားရသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အဆိုအား အကြံပြုဆွေးနွေးရလျှင်ဖြင့် ပုဒ်မ ၂၆၁ ကို ပြင်ဆင်ရေးဆိုတာထက် ဖွဲ့စည်းပုံ

အခြေခံဥပဒေ ပြင်ဆင်ရေး ဥပဒေမူကြမ်းကို လက်ခံပါတယ်။ ဒါပေမဲ့လည်း ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ပုဒ်မတစ်ခုနှင့်တစ်ခု ဆက်စပ်နေတာကို လေ့လာတွေ့ရှိရမှာ ဖြစ်ပါတယ်။ ပြင်ဆင်မယ်ဆိုရင် အခန်း(၁)ကနေ စပြီး အခန်းတိုင်းအခန်းတိုင်းပုဒ်မများတိုင်း အလိုက်ကို သေချာရွေးချယ် စိစစ်ပြီးတော့မှ ပြင်ဆင်ရမှာ ဖြစ်ပါတယ်။ ဘယ်အပိုင်းကတော့ လက်ရှိအခြေအနေနှင့် အကိုက်ညီဆုံးလဲ၊ ဘယ်အပိုင်းကတော့ ဘယ်ပုဒ်မဟာဆိုရင် တိုင်းရင်းသားအားလုံးအတွက် အမှန်တကယ် အကျိုးရှိမယ့် ပုဒ်မ ဖြစ်သလဲ၊ ဒါတွေကိုလည်း သေသေချာချာ လေ့လာသုံးသပ်ဆန်းစစ်ပြီးတော့မှ ပြင်ဆင်ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ အားနည်းချက်၊ အားသာချက်များကြောင့် တိုင်းပြည်မှာကမ္ဘာ့အလယ်မှာ ယနေ့အချိန်ထိ မျက်နှာငယ်စွာ ရပ်တည်နေရတာကိုလည်း လွှတ်တော်ကိုယ်စားလှယ်များအားလုံး သိရှိပြီးဖြစ်ပါလိမ့်မယ်။ အဲ့ဒီလိုဆောင်ရွက်ရမယ့် အခြေအနေမျိုးတွေကို အဓိကဆောင်ရွက်ရမှာကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးအခန်း(၁၂)မှာ ပုဒ်မများနှင့်အညီ ပြည်ထောင်စုလွှတ်တော်တွေဟာ စီမံဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ အဲ့ဒီလို စီမံဆောင်ရွက်ရမှာ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ပြည်ထောင်စုလွှတ်တော်တွင် ဥပဒေပြင်ဆင်ရေး ပူးပေါင်းကော်မတီကို ဥပဒေနှင့်အညီ(၄၅)ဦး ကော်မတီကို ဖွဲ့စည်းထားပြီး လုပ်ဆောင်နေတာကိုလည်း အားလုံးသိရှိပြီး ဖြစ်ပါတယ်။ ကော်မတီ၏ လုပ်ငန်းစဉ်များထဲမှာ တစ်ပါတည်း ပုဒ်မ ၂၆၁ကို ထည့်သွင်းသင့်ပါကြောင်းလည်း အကြံပြုဆွေးနွေးအပ်ပါတယ်။ ပုဒ်မ ၂၆၁ သည် ဆက်စပ်နေသော ပုဒ်မများကို ပြင်ဆင်ရန် လိုအပ်နေကြောင်း၊ ပုဒ်မ ၂၆၁ ပြင်ဆင်ရန်အတွက် သီးခြားအဖွဲ့ အခြားပုဒ်မတွေကို ပြင်ဆင်ဖို့ ကော်မတီတွေ ထပ်မံဖွဲ့ရလိမ့်မည်ဆိုလျှင် တန်ဖိုးရှိသည့် ပြည်ထောင်စုလွှတ်တော်ရဲ့ အချိန်တွေ၊ ငွေတွေ ဖြုန်းတီးရာရောက်မှာကိုလည်း စိုးရိမ်မိပါတယ်။ အခြေခံဥပဒေ ပုဒ်မ ၁ ကနေ ၄၅၇ အထိ ဇယား(၁)ကနေ(၅)အထိ ပြင်ဆင်ဆောင်ရွက်နေတဲ့ ပါတီပေါင်းစုံ ကိုယ်စားလှယ်များ၊ တပ်မတော်သားကိုယ်စားလှယ်များပါဝင်သည့်(၄၅)ဦးကော်မတီ၏လုပ်ငန်းစဉ်များမှာ တစ်ပါတည်းထည့်သွင်းပြင်ဆင်ခြင်းကလည်း သင့်လျော်ကြောင်းဖြင့် အကြံပြုဆွေးနွေးလိုပါတယ်။ ဥပဒေတစ်ခုနှင့်တစ်ခုဟာ ချိတ်နေတာကို အနည်းငယ်တင်ပြပါရစေ။ အရှေ့မှာ ကျွန်တော့်ထက်အရင်ဆွေးနွေးသွားတဲ့ ကိုယ်စားလှယ်ကြီးများလည်း ထောက်ပြသွားပါတယ်။ ပုဒ်မ ၂၆၁ တစ်ခုထဲကို ပြင်ဆင်တာ မဟုတ်ဘဲ ၎င်းနဲ့ဆက်စပ်နေတဲ့ ပုဒ်မ၂၆၄(ခ)အခန်းတွင် တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များကို ပုဒ်မ ၂၆၁ ကို ပြင်လိုက်မယ်ဆိုရင် အလွယ်ပြောရရင် ပြည်နယ်/တိုင်းဒေသကြီးတွေကနေ ပြည်နယ်ဝန်ကြီးချုပ်ကို ခန့်အပ်ရမှာ ဖြစ်ပြီး၊ ဒါပေမဲ့ ပုဒ်မ ၂၆၄ အရဆိုရင် ပြည်နယ်ဝန်ကြီးချုပ်တွေရဲ့ တာဝန်တွေကို ရပ်စဲဖို့က သမ္မတရဲ့ တာဝန်တွေဖြစ်နေတဲ့အတွက် အဲ့ဒီပုဒ်မတွေဟာ တစ်ဆက်တစ်စပ်တည်း ပြင်နိုင်မှသာလျှင် အားလုံး

မျှော်လင့်နေတဲ့ ဖက်ဒရယ်ဒီမိုကရေစီစနစ် ဖက်ဒရယ်တိုင်းပြည်ကို လျှောက်လှမ်းမယ့် လမ်းကြောင်းများပွင့်မှာ ဖြစ်ပါတယ်။

နိဂုံးချုပ်အနေဖြင့် ဆွေးနွေးလိုတာကတော့ အဆိုရှင် တင်သွင်းသော **"ဥပဒေနှင့်အညီ တင်သွင်းသော ဒုတိယအကြိမ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်သည့် ဥပဒေမူကြမ်းအား ဂုဏ်ယူဝမ်းမြောက်ကြိုဆိုကြောင်း"**ဆိုတဲ့ စကားရပ်ကပဲ ၂၀၁၃ ခု၊ ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာနည်းဥပဒေပုဒ်မ (၁၂၁) အရ ဝမ်းသာကြောင်း၊ ဝမ်းနည်းကြောင်းအဆိုတင်နိုင်သလို ၎င်းအဆိုတွင်ပါဝင်သော ဂုဏ်ယူဝမ်းမြောက်ကြောင်း စကားရပ်သည် ဝမ်းသာကြောင်း စကားရပ်နှင့် အဓိပ္ပါယ်ထပ်တူရှိနေသည့်အတွက် ဝမ်းနည်းကြောင်း၊ ဝမ်းသာကြောင်း အဆိုများကို မှတ်တမ်းအဖြစ်သာ ထားရှိခဲ့တာတွေကိုလည်း တွေ့ရှိခဲ့ရပါတယ်။ သို့ပါသောကြောင့် ဦးသန်းဝင်း၊ မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"ဥပဒေနှင့်အညီ တင်သွင်းသော ဒုတိယအကြိမ် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်သည့် ဥပဒေမူကြမ်းအား ဂုဏ်ယူဝမ်းမြောက်ကြိုဆိုကြောင်း"** အရေးတကြီးအဆိုအား မှတ်တမ်းအဖြစ် ထားရှိပေးနိုင်ပါရန် တင်ပြဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်မှ ဗိုလ်မှူးကျော်ကျော်နိုင်က အဆိုကို ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးကျော်ကျော်နိုင်၊ တပ်မတော်သားပြည်နယ်လွှတ်တော်ကိုယ်စားလှယ်။** ယနေ့ ကျင်းပပြုလုပ်သော ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်(၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ တက်ရောက်လာကြသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် တက်ရောက်လေ့လာသူများအားလုံးကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သားပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကျော်ကျော်နိုင် ဖြစ်ပါတယ်။ မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးသန်းဝင်း၏ **"ဥပဒေနှင့်အညီတင်သွင်းသော ဒုတိယအကြိမ် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်သည့် ဥပဒေမူကြမ်းအား ဂုဏ်ယူဝမ်းမြောက် ကြိုဆိုကြောင်း"** အရေးတကြီးအဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုလွှတ်တော်တွင် ဦးသိန်းထွန်း အပါအဝင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် (၁၄၃)ဦးက ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းခဲ့သည့် ဒုတိယအကြိမ် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်သည့် ဥပဒေမူကြမ်းသည် အခန်း(၁၂)၊

ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်း ခေါင်းစဉ်အောက်ရှိပုဒ်မ **၄၃၃၊** ပုဒ်မ **၄၃၄၊** ပုဒ်မ **၄၃၅**နှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၃ တို့အရ လက်မှတ်ရေးထိုး တင်ပြခဲ့ကြောင်းကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး သိရှိကြပြီးဖြစ်ပါတယ်။ ဥပဒေနှင့်အညီ လက်မှတ်ရေးထိုးတင်သွင်းခဲ့သည့် ဥပဒေမူကြမ်းကို လေ့လာကြည့်လျှင် ရည်ရွယ်ချက်၊ အကျိုးအကြောင်းဖော်ပြချက်နှင့် အစားထိုးပြင်ဆင်လိုသည့် ပုဒ်မပါ ပြဋ္ဌာန်းချက်များသည် လက်ရှိအခြေအနေနှင့် ကိုက်ညီမှုရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။ ဥပဒေမူကြမ်းပါ အစားထိုးပြင်ဆင်လိုသည့် ဥပဒေပုဒ်မသည် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၅)အုပ်ချုပ်ရေး ခေါင်းစဉ်အောက်ရှိ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်ဝန်ကြီးချုပ် ခန့်အပ်တာဝန်ပေးအပ်ခြင်း ပုဒ်မ ၂၆၁၊ ပုဒ်မခွဲ(ခ)၊(ဂ)၊ (ဃ)၊ (င)တို့ကို အစားထိုးပြင်ဆင်ရန် ဖြစ်ကြောင်းတွေ့ရှိရမှာပဲဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပေးပါရန် တင်ပြအပ်ပါတယ်။

တင်ပြပါ ပုဒ်မခွဲများကို ပြင်ဆင်ခြင်းသည် အခြေခံဥပဒေပုဒ်မ ၁၁ ပုဒ်မခွဲ(ခ)တွင် ဖော်ပြထားသည့် နိုင်ငံတော်အာဏာ(၃)ရပ်ကို ပြည်ထောင်စု၊ တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများအား ခွဲဝေအပ်နှင်းသည်ဆိုသည့် Power Sharing ကို တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ပိုမိုခွဲဝေပေးရာရောက်မှာပဲ ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးများ အများစုက မျှော်လင့်တောင့်တနေသော မိမိပြည်နယ်ဝန်ကြီးချုပ်ကို မိမိတို့ဆန္ဒမဲဖြင့် ရွေးချယ်တင်မြှောက် တာဝန်ပေးအပ်နိုင်ခွင့်ကိုလည်း ရရှိနိုင်မှာဖြစ်လို့ ဝမ်းမြောက်ဝမ်းသာ ကြိုဆိုထောက်ခံကြလိမ့်မယ်လို့လည်း ယုံကြည်မိပါတယ်။ ပုဒ်မခွဲ(ဂ)ကို ပြင်ဆင်ခြင်းဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ် လွှတ်တော်က ရွေးချယ်သည့်ကိုယ်စားလှယ်ကို နိုင်ငံတော်၏ အုပ်ချုပ်ရေးအကြီးအကဲဖြစ်သည့် နိုင်ငံတော်သမ္မတက အတည်ပြုခန့်အပ်ရမည်ဖြစ်၍ အပြန်အလှန်ထိန်းညှိသည့် သဘော၊ တာဝန်ယူမှု၊ တာဝန်ခံမှုပြုသည့်သဘောလည်း ဖြစ်ပါတယ်။ ပုဒ်မခွဲ(ဃ)ကို ပြင်ဆင်ခြင်းသည် ပြည်ထောင်စုအစိုးရနှင့်သက်ဆိုင်ရာ တိုင်းဒေသကြီး(သို့မဟုတ်)ပြည်နယ်လွှတ်တော်တို့ အပြန်အလှန်ထိန်းကျောင်းသည့် Check and Balance အား ပိုမိုပီပြင်စွာ ဆောင်ရွက်သွားနိုင်မှာပဲ ဖြစ်ပါတယ်။ တင်ပြပါ ပြင်ဆင်ခြင်းမှာ ပိုမိုသင့်လျော်ပြီးတော့ ပုဒ်မခွဲ(ဃ)၏ ပြင်ဆင်ချက်နှင့်လည်း ချိတ်ဆက်လိုက်ဖက်နေတာကို တွေ့ရမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်း တင်သွင်းထားသောပုဒ်မ ၂၆၁ နှင့် ပုဒ်မခွဲများအား တင်ပြထားသည့် ပြင်ဆင်ချက်များပါအတိုင်း ပြင်ဆင်နိုင်မည်ဆိုပါက ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁ ပုဒ်မခွဲ(က)တွင်ပါရှိသော နိုင်ငံတော် အချုပ်

အခြါအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်းအပြန်အလှန် ထိန်းကျောင်းခြင်းတို့ကို ပြုသည်ဆိုသည့်အချက်ကို ပိုမိုကျင့်သုံးနိုင်မှာ ဖြစ်တယ်လို့ ယုံကြည်မိပါတယ်။

နိဂုံးချုပ်အနေဖြင့် တင်ပြလိုတာကတော့ ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်းသည် တိုင်းရင်းသားအများစု လိုလားတောင့်တနေသော ကိုယ့်ဒေသ၊ ကိုယ့်တိုင်း/ ကိုယ့်ပြည်နယ်တိုးတက်ရေးကို ကိုယ်တိုင်ဖန်တီးခွင့်နှင့် ဖက်ဒရယ်ဒီမိုကရေစီစနစ်ကို ကျင့်သုံးခွင့်ရရှိရန်တို့အတွက် ပထမခြေလှမ်းအဖြစ်စတင်ခြင်းဖြစ်သလို ငြိမ်းချမ်းရေးလမ်းစဉ်တွင်လည်း အထောက်အကူဖြစ်မည်ဟု များစွာယုံကြည်မိပါသောကြောင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဝင်း၏ **"ဥပဒေနှင့်အညီတင်သွင်းသော ဒုတိယအကြိမ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်သည့် ဥပဒေမူကြမ်းအား ဂုဏ်ယူဝမ်းမြောက်ကြိုဆိုကြောင်း"** အဆိုကို လေးလေးနက်နက် ထောက်ခံဆွေးနွေး တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခွန်ဒီဂေါလ်က အဆိုကို ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးခွန်ဒီဂေါလ်၊ လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကိုယ်စားလှယ်ကြီးများအားလုံးနှင့် လေ့လာရောက်ရှိလာကြသော တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး မင်္ဂလာပါ နေ့လယ်ခင်းပါလို့ လေးစားစွာ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်ဒီဂေါလ် ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဝင်း တင်သွင်းသော **"ဒုတိယအကြိမ် ဖွဲ့စည်းပုံအခြေခံ ဥပဒေပြင်ဆင်သည့် ဥပဒေမူကြမ်းအား ဂုဏ်ယူဝမ်းမြောက် ကြိုဆိုကြောင်း"**အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီအနေဖြင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ရေရှည်အကျိုးစီးပွားအတွက် ပြဋ္ဌာန်းချက်များအတိုင်း ဥပဒေနှင့်အညီ အခြေခံဥပဒေကို ပြင်ဆင်လိုတဲ့စိတ်ဆန္ဒရှိတယ်ဆိုတာ အားလုံးအသိပဲ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ကြမယ်ဆိုရင် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁၂)၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်း ပုဒ်မ **၄၃၃၊ ၄၃၄၊ ၄၃၅၊ ၄၃၆** တို့နှင့်အညီ ပြင်ဆင်ဆောင်ရွက်ဖို့ သတ်မှတ်ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ သတ်မှတ်ပြဋ္ဌာန်းထားသည့် ဥပဒေကို ကျော်လွန်ဆောင်ရွက်ပါက အချိန်ကုန်

လူပန်းဖြစ်ခြင်း၊ မလိုလားအပ်သောကိစ္စရပ်များ ဖြစ်ပေါ် နိုင်ခြင်းတို့ကြောင့် အခြေခံဥပဒေကို ပြင်ဆင်မည်ဆိုပါက တည်ဆဲဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီသာ ဆောင်ရွက်သင့်ကြောင်း တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တရားဥပဒေစိုးမိုးရေးဆိုတာ တည်ဆဲဥပဒေများနှင့်အညီ ကျရာ အခန်းကဏ္ဍက ပုဂ္ဂိုလ်တိုင်းလေးစားလိုက်နာမှသာ တရားဥပဒေစိုးမိုးမှာ ဖြစ်ပါတယ်။ အဆိုရှင် တင်သွင်းသော အချက်များပါဝင်သည့် ကျောင်းကုန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းထွန်းက ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၆၁ကို ပြင်ဆင်သည့် ဥပဒေ မူကြမ်းအား တည်ဆဲဖွဲ့စည်းပုံအခြေခံဥပဒေပါ သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ တင်သွင်း ထားကြောင်းသိရှိရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်စွာ ကြိုဆိုရမှာဖြစ်ပါတယ်။ ဥပဒေ နှင့်အညီ တင်သွင်းသည့် ပြင်ဆင်ချက်မူကြမ်းများကိုလည်း တည်ဆဲဥပဒေများနှင့်အညီ အမြန်ဆုံးအတည်ပြု ဆောင်ရွက်နိုင်ရေးကိုလည်း ကျွန်တော်တို့များစွာ မျှော်လင့်မိပါကြောင်း တင်ပြအပ်ပါတယ်။ ဒါကလည်း လက်ရှိရှမ်းပြည်နယ်မှာ ကြည့်မယ်ဆိုလို့ရှိရင် ပြီးခဲ့တဲ့ ရွေးကောက်ပွဲမှာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက အများစု အနိုင်ရရှိပြီး ဒုတိယ အများဆုံးက ရှမ်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီနှင့် တတိယအမျိုးသားဒီမိုကရေစီအဖွဲ့ ချုပ်ပါတီဖြစ်ပြီး ဝန်ကြီးချုပ်ကတော့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ရရှိတာဖြစ်ပါတယ်။ ယခုအဆိုရှင်တင်ပြတဲ့ ပုဒ်မ ၂၆၁ ကို ပြင်ဆင်ခဲ့မယ်ဆိုရင် ပြည်နယ်နှင့် တိုင်းဒေသကြီး တွေမှာ သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးလွှတ်တော်က မဲဆန္ဒနဲ့ ရွေးချယ်လိုက်တဲ့ လူပုဂ္ဂိုလ်ကပဲ ဝန်ကြီးချုပ်အဖြစ် ရွေးချယ်ခံရမှာ ဖြစ်တဲ့အတွက် စစ်မှန်တဲ့ဖက်ဒရယ် ဒီမိုကရေစီစနစ်ကို ဖော်ဆောင်နိုင်မှာ ဖြစ်ပါတယ်။

ဒါကြောင့် တည်ဆဲအခြေခံဥပဒေကို အကြောင်းကြောင်းကြောင့် ပြင်ဆင်မယ်ဆိုရင် ပြဋ္ဌာန်းချက်များနှင့် အညီသာ ပြင်ဆင်ရမှာဖြစ်ပါတယ်။ တည်ဆဲဥပဒေကို လိုက်နာခြင်းဟာ ဒီမိုကရေစီရဲ့ အနှစ်အရသာဖြစ်ပါတယ်။ ဒါကြောင့် တိုင်းရင်းသားညီအကိုမောင်နှမများ လက်ငင်းအကျိုးရှိစေရုံသာမက ဒီမိုကရေစီကို ခိုင်ခိုင်မာမာကျင့်သုံးနိုင်ဖို့၊ နိုင်ငံတော်ကြီး တည်ငြိမ်စွာ ဖွံ့ဖြိုးနိုင်ဖို့အတွက် ကျွန်တော့်အနေဖြင့် မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဝင်းတင်သွင်းသော “ဒုတိယအကြိမ် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်သည့် ဥပဒေ မူကြမ်းအား ဂုဏ်ယူဝမ်းမြောက် ကြိုဆိုကြောင်း”အဆိုကို အလေးအနက် ထောက်ခံဆွေးနွေးအပ်ပါတယ်။ အထူးကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အရေးတကြီးအဆို ဆိုသည်မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဒါမှမဟုတ် အဖွဲ့အစည်းတစ်ခုခုမှ တိုက်တွန်းသည့်

အဆို မဟုတ်သည့်အတွက် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၂၅(က) အရ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးပြီးနောက် ရှမ်းပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ဆွေးနွေးနိုင်သည်ဆိုသည့် ပြဋ္ဌာန်းချက်နှင့် နည်းဥပဒေ ၁၂၅(ဆ)ပါ အဆိုတင်သွင်းသော ကိုယ်စားလှယ်ကလည်း ဖြေရှင်းသည့်သဘောဖြင့် နောက်တစ်ကြိမ်ဆွေးနွေးခွင့်ရှိသည့်ဆိုတဲ့ ပြဋ္ဌာန်းချက်များကို မဆောင်ရွက်တော့ဘဲ လွှတ်တော်၏ အဆုံးအဖြတ်ကိုရယူမှာ ဖြစ်ပါတယ်။ ဒါကြောင့် ၂၀၁၃ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၇(က) အရ အစည်းအဝေးသို့ တက်ရောက်၍ ဆန္ဒမဲပေးသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ရမှာဖြစ်ပြီး ဆန္ဒမဲပေးရန်အတွက် စက်ခလုတ်ကို လျှို့ဝှက်မဲပေးစနစ်ဖြင့် ကျင့်သုံးသွားမှာ ဖြစ်ပါတယ်။ မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးသန်းဝင်း တင်သွင်းသည့်အဆိုကို အတည်ပြုရန် သဘောတူပါက ထောက်ခံဆန္ဒမဲပေး၍ အဆိုကို အတည်ပြုရန် သဘောမတူပါက ကန့်ကွက်ဆန္ဒမဲပေးရန်ဖြစ်ပါသည်။ ထောက်ခံဆန္ဒမဲများပါက အဆိုသည် အတည်ဖြစ်ပြီး ကန့်ကွက်ဆန္ဒမဲများပါက အဆိုကို မှတ်တမ်းတင်မှာ ဖြစ်ပါတယ်။

ယခု ဆန္ဒမဲပေးနိုင်ကြပါပြီ။ ထောက်ခံမဲ (၇၆)မဲ၊ ကြားနေ (၂၈)မဲ၊ ကန့်ကွက်မဲ (၂၆)၊ မဲမပေးသူမရှိပါ။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ထောက်ခံဆန္ဒမဲများသည့်အတွက် မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးသန်းဝင်း တင်သွင်းသည့် **“ဥပဒေနှင့်အညီ တင်သွင်းသော ဒုတိယအကြိမ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်သည့် ဥပဒေမူကြမ်းအား ဂုဏ်ယူဝမ်းမြောက် ကြိုဆိုကြောင်း”** အဆိုကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များ အပါအဝင် လွှတ်တော်လုပ်ငန်းဆိုင်ရာများ ရှင်းလင်းတင်ပြခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၉)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနဲ့ လေ့လာသူဧည့်သည်များခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၄) ကြိမ်မြောက် ပုံမှန် အစည်းအဝေးကို ဧပြီလ (၂) ရက်နေ့မှ (၅) ရက်နေ့အထိ(၄)ရက် ကျင်းပခဲ့ပါတယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်သက်တမ်းဟာ (၃)နှစ်ကျော်လာပြီ ဖြစ်တဲ့အတွက် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးတွင် ခိုင်မာတဲ့ ဥပဒေပြုမဏ္ဍိုင်တစ်ရပ်ဖြစ်လာဖို့ လိုအပ်ချက်၊ အားနည်းချက်တွေကို ပြုပြင်ပြီး ယခုထက်ပိုမို ကြိုးစားကြရမှာ ဖြစ်ပါတယ်။

ဥပဒေပြုလွှတ်တော်များဟာ ဒီမိုကရေစီရဲ့ အခြေခံအုတ်မြစ်ဖြစ်သလို လွှတ်တော်များ ခိုင်မာအားကောင်းလာတာနဲ့အမျှ ပြည်သူကိုဗဟိုပြုမှုနဲ့အတူ အခြားသောမဏ္ဍိုင်များနဲ့ အပြန်အလှန် ထိန်းကျောင်းနိုင်မှာပဲ ဖြစ်ပါတယ်။ ယခုအခါ မေးခွန်းများ မေးမြန်းခြင်း၊ အဆိုများတင်သွင်းခြင်းကဏ္ဍမှာ အရေအတွက်အားဖြင့် များပြားလာပါတယ်။ သို့သော် လည်းပဲ အချို့မေးခွန်းနှင့် အဆိုများဟာ ကန့်သတ်ထားတဲ့ စည်းကမ်းချက်များနဲ့ ညီညွတ်ဖို့ လိုသေးကြောင်းလည်း တွေ့ရှိရမှာ ဖြစ်ပါတယ်။

ယခု (၁၄) ကြိမ်မြောက် ပုံမှန်အစည်းအဝေးမှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့က တင်သွင်း ခဲ့တဲ့ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သည့် ဌာန/ အဖွဲ့အစည်းများ၏ **၂၀၁၉-၂၀၂၀** ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းကို ရှမ်းပြည်နယ်လွှတ်တော်က အတည်ပြု ပေးနိုင်ခဲ့ပါတယ်။ ဒီအစည်းအဝေးမှာ လွှတ်တော်ကိုယ်စားလှယ် (၂၀)ဦးရဲ့ ကြယ်ပွင့်ပြ မေးခွန်းပေါင်း (၄၈) ခု မေးမြန်းခြင်း၊ ဖြေကြားခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပြီး၊ အဆိုအနေနဲ့ အဆို(၂)ခု အတည်ပြုခြင်း၊ အဆို(၁)ခုအား မှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူတို့၏ တင်ပြစာနှင့် တိုင် ကြားစာများအရ ရေးရာကော်မတီများက ကွင်းဆင်းဆောင်ရွက်လျက်ရှိရာမှာ မှတ်တမ်းများ အရမှာဆိုလို့ရှိရင် ၂၀၁၈ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်နေ့မှ ယခုဧပြီလ ၁ ရက်နေ့အထိ ရေးရာ ကော်မတီ(၂)ခုမှ ပူးပေါင်းပြီး (၁)ကြိမ်ကွင်းဆင်းဆောင်ရွက်ခဲ့ပါကြောင်း တွေ့ရှိရပါတယ်။ ရှမ်းပြည်နယ်လွှတ်တော်အနေနဲ့ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနဲ့ ပူးပေါင်းပြီး လွှတ်တော် ကိုယ်စားလှယ်များနဲ့ ရုံးဝန်ထမ်းများအတွက် စွမ်းရည်မြှင့်တင်ခြင်း၊ အပြန်အလှန် ပူးပေါင်း ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိတဲ့နေရာမှာ (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေးနဲ့ အခု (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ကြားကာလမှာ အလုပ်ရုံဆွေးနွေးပွဲများကို (EMReF, Asia Foundation, UNDP, NDI)တို့နဲ့ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ယခု အစည်းအဝေး ကျင်းပပြီးနောက် မနက်ဖြန် နံနက်မှာလည်းပဲ ရှမ်းပြည်နယ် စီမံကိန်းဦးစီးဌာနနှင့် UNICEF တို့ ပူးပေါင်းပြုလုပ်တဲ့ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအတွက် ပြည်သူ့ဘဏ္ဍာ ရေးရာစီမံခန့်ခွဲမှုနှင့် ဒေသန္တရစီမံကိန်းများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်နိုင်ဖို့လည်းပဲ စီစဉ်ထားပြီး ဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေးသို့ အောက်ဖော်ပြပါ ဌာန/ အဖွဲ့အစည်း၊ တစ်သီးပုဂ္ဂလ (၇)ခုမှ စုစုပေါင်း (၁၃၆)ဦး တက်ရောက်လေ့လာခဲ့ကြပါကြောင်းလည်း မှတ်တမ်းတင် ပြောကြားလိုပါတယ် -

( က ) ပြည်နယ်ဥပဒေချုပ်ရုံး (၁၅) ဦး

( ခ ) ပြည်နယ်စည်ပင်သာယာရေးဌာန (၄၆) ဦး

( ဂ ) တောင်ကြီးမြို့နယ်မှ လူငယ်မောင်မယ်များ (၆၀) ဦး

(ဃ) Gender Equality Network ( ၂ ) ဦး

( င ) Golden Future Organization ( ၆ ) ဦး

( စ ) Rule of Law ( ၆ ) ဦး

(ဆ) အထက်တန်းရှေ့နေ ( ၁ ) ဦးတို့ဖြစ်ပါတယ်။

နိဂုံးချုပ်အနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များဟာ ပါတီစွဲ၊ လူမျိုးစွဲ၊ ဒေသစွဲ၊ ပုဂ္ဂိုလ်စွဲမထားရှိပဲ လက်တွေ့ဘဝတွင် တိုင်းရင်းသား ပြည်သူများအား အေးချမ်းလုံခြုံစွာ နေထိုင်နိုင်ဖို့အတွက် ဥပဒေအကာအကွယ်ကို ရရှိစေနိုင်ဖို့အတွက် ခေတ်နဲ့ စနစ်နှင့်အညီ ကိုက်ညီတဲ့ ဥပဒေတွေကို ပြဋ္ဌာန်းနိုင်ဖို့အတွက် အားသွန်ခွန်စိုက် ဆက်လက်ကြိုးပမ်း ဆောင်ရွက်ခဲ့ကြတာ ဖြစ်ပါတယ်။ ဒ့ါအပြင် လွှတ်တော်သက်တမ်း (၃)နှစ်ကျော်ကာလ အတွင်း ရရှိခဲ့တဲ့ အတွေ့အကြုံကောင်းများကို ပြည်ထောင်စုစိတ်ဓာတ်အရင်းခံပြီးတော့မှ အေးချမ်းသာယာဖွံ့ဖြိုးတဲ့ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီးကို အတူတကွတည်ဆောက် နိုင်ကြပါစေကြောင်းနဲ့ လာမည့်မြန်မာ့ရိုးရာနှစ်ကူးအတာသင်္ကြန်မှာ ရေလိုအေးချမ်းပြီး မြန်မာသက္ကရာဇ် ၁၃၈၁ အခါသမယမှသည် တစ်နှစ်ပတ်လုံး အားလုံးရွှင်လန်းချမ်းမြေ့ကြပါ စေလို့ ပြောကြားရင်း နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (စတုတ္ထနေ့) အစီအစဉ်ပြီးစီးကြောင်းနှင့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပြီးမြောက်ကြောင်းကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (စတုတ္ထနေ့)အစီအစဉ် ပြီးဆုံးပြီ။ သို့ဖြစ်ပါ၍ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန် အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးမြောက်ကြောင်း ကြေညာအပ်ပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီရှင်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

# ရှမ်းပြည်နယ်လွှတ်တော်

## မြန်မာသက္ကရာဇ် ၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်မှ

## တန်ခူးလဆန်း ၁ ရက်ထိ

## (ခရစ်သက္ကရာဇ် ၂၀၁၉ ခုနှစ်၊ ဧပြီ လ ၂ ရက်နေ့မှ ဧပြီ လ ၅ ရက်နေ့ထိ)

## တောင်ကြီးမြို့ရှိ ပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည့်

## ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး

## ဆုံးဖြတ်ချက်များ

**ပထမနေ့ (၂-၄-၂၀၁၉) အင်္ဂါနေ့**

၁။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်(၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပထမနေ့) ၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် (၁၄၀)ဦး၊ တက်ရောက်သူ (၁၃၀)ဦး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၀)ဦး၊ ခွင့်မဲ့ပျက်ကွက်သူ မရှိကြောင်း အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်က အတည်ပြုမှတ်တမ်းတင်သည်။

၂။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပထမနေ့)၌ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက နှုတ်ခွန်းဆက် စကားပြောကြားခြင်းကို လွှတ်တော်က မှတ်တမ်းတင်သည်။

**ဒုတိယနေ့ (၃-၄-၂၀၁၉) ဗုဒ္ဓဟူးနေ့**

၃။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဒုတိယနေ့)၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် (၁၄၀)ဦး၊ တက်ရောက်သူ (၁၃၂)ဦး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၈)ဦး၊ ခွင့်မဲ့ပျက်ကွက်သူ မရှိကြောင်း အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်က အတည်ပြုမှတ်တမ်းတင်သည်။

၄။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဒုတိယနေ့)၌ ဦးအားမဲ၊ မိုင်းခတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"ရှမ်းပြည်နယ်အတွင်း "ဘိန်း" စိုက်ပျိုးထုတ်လုပ်မှု လျှော့နည်းပပျောက်ရေးအတွက် ထိရောက်သော စီမံကိန်းရေး**

**ဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်စေရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့အား တိုက်တွန်းကြောင်း”** အဆိုကို အတည်ပြုကြောင်းဆုံးဖြတ်သည်။

**တတိယနေ့(၄– ၄– ၂၀၁၉) ကြာသပတေးနေ့**

၅။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (တတိယနေ့)၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် (၁၄၀)ဦး၊ တက်ရောက်သူ (၁၃၁)ဦး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၉)ဦး၊ ခွင့်မဲ့ပျက်ကွက်သူ မရှိကြောင်း အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်က အတည်ပြုမှတ်တမ်းတင်သည်။

၆။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (တတိယနေ့)၌ ဦးစိုင်းလှဝင်း၊ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **“ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန ဝန်ထမ်းများ၏ ပင်စင်လစာ၊ စရိတ်ချီးမြှင့်ငွေများကို ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၆၅ တွင် ဝန်ထမ်းအတွက် ကုန်ကျစရိတ်သည် ပြည်သူများမှ ထမ်းဆောင်သော အခွန်အခများဖြစ်သဖြင့် ပြည်သူများ၏ အကျိုး၊ မြို့ပြစနစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပိုမိုဆောင်ရွက်နိုင်ရန်အတွက် အဆိုပါဝန်ထမ်းများ၏ ပင်စင်၊ လစာ၊ စရိတ်ချီးမြှင့်ငွေများကို ပြည်နယ်အစိုးရအဖွဲ့၏ တိုက်ရိုက်ကွပ်ကဲသည့် ဝန်ထမ်းအဖွဲ့အစည်းဖြစ်ပြီး၊ စီမံခန့်ခွဲမှု၊ အုပ်ချုပ်မှုတာဝန်ယူထားသည့် ဌာနဖြစ်သည့်အတွက် ပြည်နယ်ဘတ်ဂျက်မှ နှစ်စဉ်ထည့်သွင်းရေးဆွဲ ကျခံသုံးစွဲပေးရန်အတွက် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း”** အဆိုကို မှတ်တမ်းတင်ကြောင်း ဆုံးဖြတ်သည်။

၇။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (တတိယနေ့)၌ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပြည်နယ်လွှတ်တော်ရေးရာကော်မတီ ၁၀ ခု သက်တမ်းတိုးမြှင့်ခြင်းကို လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်သည်။

**စတုတ္ထနေ့ (၅– ၄– ၂၀၁၉) သောကြာနေ့**

၈။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (စတုတ္ထနေ့)၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် (၁၄၀)ဦး၊ တက်ရောက်သူ (၁၃၁)ဦး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၉)ဦး၊ ခွင့်မဲ့ပျက်ကွက်သူ မရှိကြောင်း အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်က အတည်ပြုမှတ်တမ်းတင်သည်။

၉။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (စတုတ္ထနေ့)၌ "ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ ၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ်အတွက် အရအသုံး ခန့်မှန်းခြေငွေစာရင်း"ကို အတည်ပြုကြောင်း ဆုံးဖြတ်သည်။

၁၀။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (စတုတ္ထနေ့)၌ မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဝင်း၏ **"ဥပဒေနှင့်အညီ တင်သွင်းထားသော ဒုတိယအကြိမ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်သည့် ဥပဒေမူကြမ်းအား ဂုဏ်ယူဝမ်းမြောက် ကြိုဆိုကြောင်း"** အရေးတကြီးအဆိုကို အတည်ပြုကြောင်း ဆုံးဖြတ်သည်။

၁၁။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (စတုတ္ထနေ့)၌ **"ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များအပါအဝင် လွှတ်တော်လုပ်ငန်း ဆိုင်ရာများ"**အား ရှင်းလင်းတင်ပြသည်။